အမရပူရမြို့

ကျေးဇူးတော်ရှင်

မဟာဂန္ဓာရုံ ဆရာတော်

အရှင်ဇနကာဘိဝံသ

၏

# သာသနာပြုဩဝါဒ တရားတော်များ

စာကြည့်ခန်း
၁၂၇၁

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန

သာသနာ ၂၅၂၇ ကောဇာ ၁၃၄၅ ခရစ် ၁၉၈၃

၁၉၆၆၈

အမ်ရိုပူရမြို
ကျေးဇူးတော်ရှင်
မဟာဂန္ဓာရုံဆရာတော်

# အရှင်ဇနကာဘိဝံသ

၏

# သာသနာ့ပြုပြဿဝါဒ
# ကဏ္ဍးတော်များ


ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန

သာသနာ—၂၅၂၇ ကောဇာ—၁၃၄၅ ခရစ်-၁၉၈၃
က တော်သလင်းလ

၂၉၄.၃
[illegible]
၁၉၆၈

၁၉၇၃-ခုနှစ်၊ အောက်တိုဘာလ

ပထမအကြိမ်

အုပ်ရေ—၇၀၀၀

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဦးစီးဌာန အတွက် စာပေပေါင်းကူးပုံနှိပ်တိုက် (၀၂၅၆) တွင် ဦးတင်မောင်က ပုံနှိပ်၍ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်မောင် မှတ်ပုံတင်အမှတ် (၀၂၅၂၇) က ထုတ်ဝေသည်။

# နိဒါန်း

သစ်ဆွဲသောဆင်များအား ဆင်ဦးစီးသည်ဒူးဖြင့် ဆင်၏နားရင်းကို တဆတ်ဆတ်တိုက်၍ တို့၍ သတိပေးနေရသည်၊ ထိုသို့ မပြတ်မလပ် သတိပေးနေမှ ဆင်သည်သစ်ဆွဲမှု သစ်တုံးလိမ့်မှုစသော မိမိလုပ်ထိုက်သောအလုပ်များကို ပြုလုပ်လေသည်။

ထို့အတူ ပုထုဇဉ်လူသားတို့၏ စိတ်ကိုလည်း ဘုရားအဆုံးအမဩဝါဒဟူသော ဒူးဖြင့် တဆတ်ဆတ် တိုက်ပေးဖို့ မပြတ်မလပ်သတိပေးနေဖို့လိုအပ်သည်၊ ထိုသို့သတိပေးနေနိုင်မှ မိမိလုပ်သင့်သော ကုသိုလ်လုပ်ငန်းများကို ပြုမိတတ်ကြသည်။

ဤသဘောကို နှစ်နှောစွာသဘောပေါက် သိရှိသော မဟာဂန္ဓာရုံဆရာတော်သည် မိမိကျောင်းတိုက်သို့ ရောက်ရှိလာသော တပည့်များအား နံနက်ပိုင်းအချိန်(အရုဏ်ဆွမ်းစားအပြီး ဆွမ်းခံမထွက်မီအချိန်)၌ နေ့စဉ်ဩဝါဒခံယူချိန်ဟု သတ်မှတ်၍ဩဝါဒပေးခဲ့လေသည်။

ဘုရားရှင်သည်လည်း သက်တော်ထင်ရှား ရှိတော်မူစဉ်က နံနက်ပိုင်း ဆွမ်းခံပြန်လျှင် ခြေဆေးအင်းပျဉ်၌ ခြေဆေးတော်မူအပြီး ရဟန်းများစွာအား.... "အပ္ပမာဒေန ဘိက္ခဝေ သမ္ပာဒေထ....မမေ့မလျော့, မပေါ့မစား, ကောင်းမြတ်သော သတိတရားဖြင့် သီလ,သမာဓိ ပညာ သုံးပါးသောသိက္ခာကို အထွတ်အထိပ်ရောက် ပြီးမြောက်ပြည့်စုံအောင် ကြိုးစားကြ"

ဗုဒ္ဓုပ္ပါဒေါ ဒုလ္လဘော လောကသ္မိံ....

၁။ ဘုရားရှင်တို့ ပွင့်ပေါ်လာမှုကို လောက၌ ရခဲကြုံခဲ၏။

မနုဿတ္တဘာဝေါ ဒုလ္လဘော....

၂။ လူ့ဘုံလူ့ဘဝကိုလဲ ရခဲကြုံခဲ၏။

ဒုလ္လဘာသဒ္ဓါသမ္ပတ္တိ ...

၃။ လူဖြစ်ပြန်သော်လဲ သင့်လျော်လျောက်ပတ်သော ဌာန မျက်စိ,နား,နှာခေါင်းစသော ဣန္ဒြေ မချို့မယွင်းမှု ယုံကြည်မှုသဒ္ဓါတရားစသည်နှင့် ပြည့်စုံမှုကိုရခဲကြုံခဲ၏။

ပဗ္ဗဇိတဘာဝေါဒုလ္လဘော....

၄။ သာသနာ့ဝန်ထမ်း ရှင်ရဟန်းဘဝကိုလဲ ရခဲကြုံခဲ၏။

ဒုလ္လဘံ သဒ္ဓမ္မသဝနံ....

၅။ သူတော်ကောင်းတရား နာကြားရမှုကိုလဲ ရခဲကြုံခဲ၏ ဟူ၍ နေ့စဉ်နေ့စဉ် ဆုံးမဩဝါဒ ပေးတော်မူကြောင်း ထိုထို ကျမ်းဂန်များစွာ၌လာ၏၊ ထို့ကြောင့် မဟာဂန္ဓာရုံ ဆရာတော် သည် ဘုရားရှင်၏မူကိုယူ၍ ဤနေ့စဉ်ဩဝါဒပေးမှုကို ပြုတော် မူလေသည်။

## ဩဝါဒခန်းမသည် တရားရုံးလည်းဖြစ်၏

မဟာဂန္ဓာရုံဆရာတော်၏ နံနက်ခင်းဩဝါဒ ပေးရာ ခန်းမ ဆောင်ကြီးသည် အမှုကြီးငယ်ကို စစ်ဆေး၍အပြစ်ပေး ဒဏ်ပေး ရာ တရားရုံးခန်းမဆောင်ကြီးလည်းဖြစ်၏။

မှန်၏၊ ဆရာတော်သည် ကျောင်းတိုက်နှင့်စပ်သော ပြစ်မှုကြီးငယ်ကျူးလွန်မိထားသော စာသင် စာချ ရဟန်းသာမဏေများကို ထိုသြဝါဒချိန်ဝယ် ပရိသတ်အလယ်၌ မတ်တတ်ရပ်စေ၍ ဆုံးမလေ့ရှိ၏။

အပြစ်ရှိသူ ရဟန်းသာမဏေသည် ထိုသြဝါဒအချိန်၌ ပရိသတ်စုံသောအခါ မတ်တတ်ရပ်၍ပြရ၏၊ ထိုအခါ ဆရာတော်က ထိုမတ်တတ်ရပ်သူကို ဘာ့ကြောင့် မတ်တတ်ရပ်ရကြောင်း မေး၏၊ မည်သည့်အပြစ်ကျူးလွန်မိ၍ ရပ်ရပါကြောင်း ဖြေရ၏။

ထိုအခါ ထိုအပြစ်ရှိသူ၏ ဆိုင်ရာအာမခံဆရာကို ခေါ်၏၊ ထိုအာမခံဆရာလည်း ပရိသတ်အလယ် မတ်တတ်ရပ်ရ၏၊ ထို့နောက်ဆိုင်ရာအမှုများ ပြစ်ချက်များကို မေးမြန်းစစ်ဆေး၏။

ပြီးဆုံးသောအခါ အပြစ်အလိုက် သဲဒဏ် ရေဒဏ်မှစ၍ ဆိုင်ရာအပြစ်ဒဏ်များကို သက်ဆိုင်ရာ အာမခံဆရာသမားက တဆင့်ပေးရ၏။

ထိုသို့ပြုလုပ်သဖြင့် အုပ်ချုပ်ရေးစည်းကမ်းလိုက်နာရေး ငြိမ်ဝပ်ပိပြားရေး၌ များစွာအထောက်အကူပြုလေသည်၊ "ဤပြစ်မှုမျိုးကျူးလွန်လျှင် ဤအပြစ်ဒဏ်မျိုး ခံရတတ်ပါတကား" ဟူသောအသိသည် အခြားစာသင်သား သံဃာများ ခေါင်းထဲနှလုံးသားထဲသို့ဝင်ရောက်ငြိတွယ်ပြီးဖြစ်လေ၏။

ထို့ပြင် သက်ဆိုင်ရာ အာမခံ ဆရာ ဘုန်းကြီးများမှာလည်း မိမိတို့ဆိုင်ရာ တပည့်များအပေါ် ဆုံးမမှု စည်းကမ်း လိုက်နာ

အောင်ပြုမှုများ မပေါ်မဆရအောင် ပြုပြီးသားလည်း ဖြစ်၏၊ ၎င်းတို့အနေဖြင့် ဆိုင်ရာ တပည့်များအပေါ် ပြောဆိုဆုံးမရမှု၌လည်း အပေါ်မှဖိအားပေးပြီးသားဖြစ်၏။

## စာသင်တိုက်ကြီးများ၌ ရှိထိုက်

ဤဩဝါဒချိန်သည် စာသင်တိုက်ကြီးများ၌ မုချရှိထိုက်လှပေ၏၊ ယနေ့မြန်မာနိုင်ငံရှိ စာသင်တိုက်ကြီးများရှိ သံဃာများကို ဆိုင်ရာစာချဝန်ဆောင် နာယက စသည်တို့က စနစ် တကျ မထိန်းနိုင်ခြင်းသည် ဤဩဝါဒချိန် လွတ်နေမှုလည်း တခုအပါအဝင်ဖြစ်သည်ဟု ဂန္ဓာရုံဆရာတော်ဘုရားကြီးကလည်း ယူဆ၏၊ ယခုလက်ရှိနာယကဆရာတော်များကလည်း ဤအတိုင်းပင် ယူဆယုံကြည်ကြပါသည်။

ထို့ကြောင့် မြန်မာနိုင်ငံရှိ စာသင်တိုက်ကြီးများစွာ၌ ဤဩဝါဒချိန်မျိုးရှိသင့်၏၊ ရှိခဲ့ပါလျှင် ယခုထက်ပိုမို၍ သာသနာတော်သန့်ရှင်းမှုပြုနိုင်ပေလိမ့်မည်။

ဤသို့လျှင် အစစအရာရာ သာသနာနှင့် သာသနာ့ဝန်ထမ်းရှင်ရဟန်းကောင်းများ ဖြစ်ပေါ်လာစေနိုင်သော ဤဩဝါဒပေးမှုကို မဟာဂန္ဓာရုံဆရာတော်သည် တန်ဖိုးရှိစွာ အသုံးပြုတော်မူခဲ့၏။

ထို့ပြင် ဤဩဝါဒပေးချိန်၌ ဩဝါဒ မပေးမီဝယ်....ဗုဒ္ဓဂုဏ်တော်(၉)ပါး၊ ဓမ္မဂုဏ်တော်(၆)ပါး၊ သံဃာ့ဂုဏ်တော်

(၉)ပါးတို့ကို အလှည့်ကျရွတ်ဆိုရှိခိုးစေခြင်းဖြင့် ဗုဒ္ဓါနုဿတိ, ဓမ္မာနုဿတိ, သံဃာနုဿတိ ဘာဝနာများကို တပည့်သံဃာ ငါးရာခြောက်ရာတို့ တပြိုင်နက်ပွားစေပြီးဖြစ်စေ၏။

ထို့ပြင် သံဝေဂဝတ္ထု(၈)ပါး,မရဏာဿတိဘာဝနာစသည် များကိုလည်း ရွတ်ဆိုပွားများစေ၏။

ဩဝါဒပေးပြီး၍ ဆိုင်ရာမိမိကျောင်းသို့ ပြန်ခါနီး၌မူ အရပ် ၁၀-မျက်နှာ မေတ္တာပို့မှုကိုပြုစေ၍ မေတ္တာကမ္မဋ္ဌာန်းကို ပွား စေ၏။

ထို့နောက် သဗ္ဗညုတဉာဏ်တော်၏ အစွမ်းသုံးပါးကို ရွတ်ဆို ရှိခိုးစေ၍ ဗုဒ္ဓါနုဿတိဘာဝနာဖြစ်စေပြီးလျှင် နောက်ပိတ်ဆုံး၌ ယနေ့ပြုသမျှကုသိုလ်အဖို့ကို မိဘဆရာသမားအစထား၍သုံးဆယ့် တစ်ဘုံသားတို့အား အမျှပေးဝေမှု၊ ပတ္တိဒါနကုသိုလ်နှင့် ကမ္ဘာ လောကရှိ သူတော်ကောင်းများပြုသမျှ ယခုမိမိတို့အချင်းချင်း ပြုသမျှ ကုသိုလ်ကောင်းမှုတို့ကို ဝမ်းမြောက်စွာ သာဓုသုံးကြိမ် ခေါ်မှု၊ ပတ္တာနုမောဒနကုသိုလ်ကို ပွားစေပြီးလျှင် မိမိတို့ဆိုင်ရာ ကျောင်းသို့ပြန်၍ တံမြက်စည်းလှည်းခြင်း၊ သောက်ရေခပ်ခြင်း စသောသေနာသနဝတ်ကိုပြုပြီးမှ ဆွမ်းခံထွက်ကြရလေသည်။

ဤသို့လျှင် သာသနာတော် တည်တံ့ကြောင်း တိုးပွား ကြောင်း စည်ပင်ကြောင်းဖြစ်သော ဤဩဝါဒပေးမှု လုပ်ငန်း ချိန်တွင် ဆရာတော်ဟောပြောဆုံးမခဲ့သမျှသော ဩဝါဒတော် များကို အနုနာယကများဖြစ်ကြသော—

၁။ ဘုန်းကြီး ဦးပညာဇောတ၊
၂။ ဘုန်းကြီး ဦးဇနိန္ဒ၊
၃။ ဘုန်းကြီး ဦးကဝိန္ဒ၊

စသောပုဂ္ဂိုလ်များက မိုနိုင်သမျှလက်ရေးမှုဖြင့် မှတ်တမ်းတင်သောအားဖြင့် နေ့စဉ်လိုက်၍ ရေးကူးထားကြပေသည်။

၎င်းတို့ ရေးကူးထားသော ဩဝါဒတော်များကို နာယကအဖွဲ့မှ အနုနာယကဖြစ်သူ အရှင်ပဏ္ဍိတာဘိဝံသအားတည်းဖြတ်စစ်ဆေးစေပြီးလျှင် ယခုကဲ့သို့ စာအုပ်အဖြစ် ရောက်အောင်ပို့ဆောင်ပုံနှိပ် ဖြန့်ဝေလိုက်ရပါကြောင်း။

## မှတ်တမ်းတင်ပါသည်

ဤကဲ့သို့ မဟာဂန္ဓာရုံဆရာတော်ကြီး နေ့စဉ် လပေါင်းများစွာ နှစ်ပေါင်းများစွာ ဩဝါဒပေးတော်မူစဉ် အပင်ပန်းခံ၍ ကြိုးကြိုးစားစား မရမကလက်ရေးတိုပင် မတတ်ပါပဲ ရိုးရိုးလက်ရေးဖြင့် လိုက်၍ကူးယူသိမ်းဆည်းပေးကြသော—

၁။ ဦးပညာဇောတ (တိုက်ဆစ်ကျောင်း ဘုန်းကြီး) မဟာဂန္ဓာရုံတိုက်။

၂။ ဦးဇနိန္ဒ (ဆွမ်းစားကျောင်းဘုန်းကြီး) မဟာဂန္ဓာရုံတိုက်။

၃။ ဦးကဝိန္ဒ (ဦးဘသိန်းကျောင်းဘုန်းကြီး) မဟာဂန္ဓာရုံတိုက်။

တို့အားလည်းကောင်း၊ တည်းဖြတ်သူ အရှင်ပဏ္ဍိတာဘိဝံသ အားလည်းကောင်း၊ နာယကအဖွဲ့က ကျေးဇူးတင်စွာဂုဏ်ပြုကာ မှတ်တမ်းတင်အပ်ပါသည်။

နာယကဆရာတော်များ
မဟာဂန္ဓာရုံ ကျောင်းတိုက်၊
အမရပူရမြို့။

၁၃၄၅-ခု၊ နယုန်လဆန်း (၁၃) ရက်။

# အတုမရှိသောဩဝါဒ

## နမတ္ထု အတုလောဝါဒဿ

အတုလောဝါဒဿ—သုံးဆယ့်တစ်ဘုံ အလုံးစုံတွင် ဘက်မပြင်သော ဩဝါဒရှိတော်မူထသော, တူသော ဩဝါဒရှိသော ပစ္စေကဗုဒ္ဓါ သာဝကလည်း မဟုတ်ထသော၊ တူသောဩဝါဒရှိသော ပစ္စေကဗုဒ္ဓါသာဝကတို့ထက် ကြီးကဲလွန်မြတ်တော်မူထသော ကာမသုခလ္လိကာနုယောဂဩဝါဒ, အတ္တကိလမထာနုယောဂဩဝါဒကဲ့သို့ ယုတ်လွန်းလွန်လွန်းသော ဩဝါဒကို မပြုဟိုဖက်သည်ဖက်မသာ အလယ်တည့်မတ်စွာသောစင်းချိန်ခွင်ညွှာနှင့်အတူ အလှူပေးခြင်း ဒါန, ငါးပါးသီလ, ရှစ်ပါးသီလ, ဆယ်ပါးသီလ, ၂၂၇-ပါးသော သီလဘာဝနာ ကုသိုလ်တရားတို့ဖြင့် ပြီးသော မဂ္ဂင်ရှစ်ပါးဟူသော မဇ္ဈိမပဋိပဒါဩဝါဒရှိတော်မူထသော၊

ချိန်နှင့်မတူ ယုတ်လွန်းလွန်လွန်းသော ဩဝါဒရှိသူ မိစ္ဆာဒိဋ္ဌိလူတို့နှင့် အယူဝါဒအားဖြင့် ဆန့်ကျင်ဘက်ဖြစ်ထသော၊

ချိန်လိုမဟုတ် ယုတ်လွန်း လွန်လွန်းသော ဩဝါဒနှစ်မျိုးကို ကောင်းကောင်းကြီး ချိုးဖဲ့ကဲ့ရဲ့တော်မူလေ့ရှိတော်မူထသော ကိုယ်တော်မြတ်နှင့် ဘက်ပြိုင်အံတု သုံးမခြင်းကို ပြုနိုင်သူတို့မှ ကင်းဆိတ်တော်မူထသော၊

အတုမရှိသော ဩဝါဒရှိတော်မူသော ရှေးဘုရားရှင်တို့နှင့် သာ တူတော်မူထသော၊

တူသော ဩဝါဒရှိသော ပုဂ္ဂိုလ်တို့မှ ဂုဏ်အားဖြင့် တပါး တခြားချည်းလည်း ဖြစ်တော်မူထသော၊

တူသောဩဝါဒ ရှိသူတို့မှ လွန်စွာကွာဝေးတော်မူထသော၊

သေးသေးသိမ်သိမ် နှိုင်းချိန်လောက်သော ဩဝါဒရှိသည် မဟုတ်၊ ကြီးကြီးကျယ်ကျယ် ပိဋကတ်သုံးသွယ် အံ့ဩဘွယ်သော ဩဝါဒနှင့် ပြည့်စုံတော်မူ၍ အတုမရှိသော အဆုံးအမ သာသနာတော်နှင့် ပြည့်စုံတော်မူထသော၊

တသာ-ထိုမြတ်စွာဘုရားသခင် သုံးဦးလူတို့၏ ကျေးဇူးရှင် အား၊ မေ-ဘုရားတပည့်တော်၏၊ နမော-ရိုသေညွတ်နူး အထူး ရှိခိုးခြင်းသည်၊ အတ္ထု-ဖြစ်ပါစေသတည်း။

သာသနာပြုဩဝါဒ တရားတော်များ

# မာတိကာ

| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁။ | ကိုယ့်ကိုယ်ချစ်ယင်ကိုယ်ပြုပြင် | .... | ၃ မှ ၄၉ |
| ၂။ | မလွဲတဲ့လမ်းလိုက်ကြ | .... | ၅၀-၁၁၅ |
| ၃။ | ဗုဒ္ဓအလိုတော်ကျသိမ်ကျောင်းရေစက်ချ | | ၁၁၇-၁၇၁ |
| ၄။ | စက်လေးပါးတရားတော် | .... | ၁၇၃-၂၀၁ |
| ၅။ | ဆွမ်းအကျိုးငါးပါး | .... | ၂၀၃-၂၁၇ |
| ၆။ | ဗောဇ္ဈင်ခုနစ်ပါး တရားတော် | .... | ၂၁၉-၂၄၈ |
| ၇။ | ဆွမ်းအနုမောဒနာတရားတော် | .... | ၂၄၉-၂၇၀ |
| ၈။ | သံဃာ့ဂုဏ်ရည်တရားတော် | .... | ၂၇၁-၂၉၇ |
| ၉။ | တရားအားထုတ်ကြ | .... | ၂၉၉-၃၀၇ |

အမရပူရမြို့

ကျေးဇူးတော်ရှင်


မဟာဂန္ဓာရုံဆရာတော်

**အရှင်ဇနကာဘိဝံသ၏**

# သာသနာပြုသြဝါဒ

**တရားတော်များ**





# ကိုယ့်ကိုယ်ချစ်ယင် ကိုယ်ပြုပြင်တရားတော်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

အတ္တာနံ စေ ပိယံ ဇညာ၊ ရက္ခေယျ နံ သုရက္ခိတံ။
တိဏ္ဏံ မညတရံ ယာမံ၊ ပဋိဇဂ္ဂေယျ ပဏ္ဍိတော။[၁]

အတ္တာနံ၊ ဘဝဖန်ခါ သံသရာက ငါဟုစွဲဆို၍ မိမိကိုယ်ကို။ ပိယံ၊အရင်းစစ်လျှင် ပြစ်မတင်ဖို့ နှစ်စဉ်မမုန်း အချစ်ခင်ဆုံးဟူ၍။ စေဇညာ၊ အခါအခါအရာရာဝယ် စာနာထောက်ထား အကယ် ၍ နားလည်ငြားအံ့။ ဇဝံ သတိ၊ ကိုယ့်ကိုသာလျှင် အခင်မင်ဆုံး အချစ်ဆုံးဟု လုံးလုံးခွဲခြား နားလည် ထားသည်ရှိသော်။ နံ အတ္တာနံ၊ ခုလည်းကိုယ့်ကိုနောင်ကိုယ့်ကိုယ်ဟု သိုကလိုသိရှိ ထိုမိမိ ကို။ သုရက္ခိတံ၊ တရားအကြောင်းအရာ မစောင်းပါပဲ ကောင်း စွာမပြတ် စောင့်ရှောက်အပ်သည်မည်လောက်အောင်။ ရက္ခေယျ၊ သတိတရားလက်ကိုင်ထား၍ မခြားပုံသေ စောင့်ရှောက်လေရာ ၏။ ပဏ္ဍိတော၊ ပြုသမျှအသစ် ဖြစ်သမျှအဟောင်း မကောင်း လည်းငါ ကောင်းလည်းငါဟု ကောင်းစွာမြင်သိ ပညာရှိသည်။

---

၁။ ဓမ္မပဒပါဠိ ကုမာရဝဂ္ဂ၊ အတ္တဝဂ်၊ ဗောဓိရာဇကုမာရဝတ္ထု -၃၇

တိဏ္ဏံ၊နှစ်ဆယ့်ငါးနှစ် သင့်အောင်ဆစ်၍ သုံးရစ်ပိုင်းခြား အရွယ် သုံးပါးတို့တွင်။ အညတရံယာမံ၊ ယုတ်စွအဆုံး နောက်ပိတ်ဆုံး ဟု ခေါ်ထုံးအရ ပစ္ဆိမအရွယ်ကို။ ပတိဇဂ္ဂေယျ၊ အပြစ်မနှော စင်းလုံးချောအောင် ဆေးကြောသုတ်သင်ရာသတည်း။

သာဓု....သာဓု....သာဓု....

ဘုန်းကြီးအခုဟောမည့်တရားက "ကိုယ့်ကိုယ်ကို ချစ်ခင်ကြ ပါ" "ကိုယ့်ကိုယ်ကို အားကိုးကြပါ" "ကိုယ့်ကိုယ်ကို ပြုပြင်ကြ ပါ"လို့ ဆိုတဲ့တရားကိုဟောမယ်၊ ဒီတရားရဲ့ဂါထာရင်းက ဓမ္မ ပဒပါဠိတော်မှာ မြတ်စွာဘုရား ဟောတော်မူတဲ့ ဂါထာဖြစ် တယ်။

**ဘဝများစွာကြာလာပေမယ့်ငါပဲ။** ။အတ္တာနံ၊ ဘဝဖန်ခါ သံ သရာက ငါဟုစွဲဆို မိမိ

ကိုယ်ကို-ဘဝပေါင်းများစွာက ဘုန်းကြီးတို့ ယခု အလှူ့ဒါ ယကာ အလှူ့အမတို့ ချစ်လာခဲ့ကြတယ်၊ အဝိဇ္ဇာနှင့်တဏှာ အရင်းခံပြီးတော့ ပုဂ္ဂိုလ်သတ္တဝါတယောက်အနေနဲ့ ဘဝပေါင်း များစွာက ချစ်လာခဲ့ကြတယ်၊ အဲဒီဘဝပေါင်းများစွာတုန်းက လည်း ဒကာသူတော်ဟာ ဖြစ်တဲ့ဘဝမှာ ငါပဲလို့ စွဲလမ်းနေ တယ်၊ အဲဒီလို ဆက်ကာဆက်ကာ ဘဝပေါင်းများစွာရောက် လာလို့ ဒီဘဝကျတော့လဲငါပဲ၊အမှန်ကတော့ ရုပ်နဲ့နာမ်ပေါင်းစပ် ပြီးတော့ ဒကာသူတော်လို့ခေါ်နေကြတာ၊ ဒကာသူတော်ကလဲ ငါပဲလို့ စွဲလမ်းပြီးတော့ နေတာပဲ။

**အကျိုးရှိအောင်စွဲလမ်းပါ။** ။ဒီတော့လောကအလိုက် နာမည်အလိုက် ငါပဲလို့စွဲလမ်းအုံးတော့ အဲဒီ ငါကို စွဲလမ်းမှု ကျကျနန အသုံးချလိုက်လို့ရှိယင် အကျိုးရှိမယ်၊ စွဲလမ်းမှု အသုံးမချပဲနဲ့ ပေါ့ပေါ့ဆဆ "ငါ့ကိုယ် ငါ့ကိုယ်" လို့ဆိုယင်တော့ အကျိုးမဲ့သွားမယ် အကျိုးမရှိပဲ ဖြစ်သွားမယ်၊ ဒီတော့ဘုန်းကြီး ကိုယ်ချင်းစာတယ်။

**ပရိနိဗ္ဗာန်မစံမချင်းငါပဲ။** ။ဘုန်းကြီးက ဟိုဘဝကလဲ ငါပဲ၊ ဟိုလွန်ခဲ့တဲ့ ဘဝကလဲငါပဲ၊ ဘဝပေါင်းများစွာကလဲ ငါပဲ၊ ဘုန်းကြီးကတော့ မပြောင်းပါဖူး၊ တဘဝပြီးတော့တဘဝ ရုပ်တမျိုးပြောင်းသွားပေမယ့် စိတ်တွေအကြောင်းအားလျော်စွာ တမျိုးပြောင်းသွားပေမယ့် ဘုန်းကြီးကတော့ဘုန်းကြီးပဲ၊ ဒကာသူတော်လဲ ရုပ်တမျိုး ပြောင်းသွားပေမယ့် စိတ်နေ စိတ်ထား အပေါင်းအသင်း လိုက်ပြီးတော့ ပြောင်းသွားပေမယ့် ဟိုဖက်ဘဝ ဒကာသူတော်ကလဲ ငါပဲ၊ ဒီဖက်ဘဝလဲ ငါပဲ၊ ပရိနိဗ္ဗာန်မစံမချင်း နောက်ရောက်ရမယ့် ဘဝတွေလဲ ငါပဲ။

အတ္တာနံ၊ ဘဝဖန်ခါ သံသရာက ငါဟုစွဲဆို မိမိကိုယ်ကို။ ဒီတော့ဒီလောက် အစွဲသန်လာတဲ့ မိမိကိုယ်ကလေးဟာ တန်ဖိုးရှိအောင် အသုံးချတတ်ဖို့လိုတယ်၊ ဘယ်လိုတန်ဖိုးရှိအောင် အသုံးချတတ်သလဲ အသုံးချရမလဲ၊ ဒါစဉ်းစားရမယ်။ အတ္တာနံ၊ ဘဝဖန်ခါ သံသရာက ငါဟုစွဲဆို မိမိကိုယ်ကို။ ပိယံ၊ အရင်းစစ်လျှင် ပြစ်မတင်ဖို့ နှစ်စဉ်မမုန်း အချစ်ခင်ဆုံးဟူ၍—

**ကိုယ့်ကိုယ်ကိုအချစ်ဆုံး။** ။ဒီတော့ ဒကာသူတော်က ဒီလော ကကြီးထဲမှာ ငါ့ကိုယ်ငါအချစ်ဆုံး ပဲ၊ ဟိုဖက်ဘဝတုန်းကလဲ ငါ့ကိုယ်ငါချစ်ခဲ့တယ်၊ လာမဲ့ဘဝလဲ ငါ့ကိုယ်ငါချစ်မှာပဲ၊ ငါ့ကိုယ်ငါတော့ တယ်အထိမခံချင်ဘူး၊ ကိုယ့်ကိုယ်ကိုဟာ မြတ်နိုးတယ်၊ တယ်ချစ်ခင်တယ်၊ အရာရာ ထောက်ထားပြီးတော့ ကြည့်စမ်း၊ ဘယ်သူလောက် ဘယ်သူ့ ထက် ဘယ်သူ့လို နိုင်းလို့မရဘူး၊ ကိုယ့်ကိုယ်ကိုဟာ အချစ်ဆုံး ပဲ၊ အမေအဖေချစ်ပါတယ် ဆိုပေမယ့် အမေအဖေထက် ကိုယ့် ကိုယ်ကိုချစ်တယ်၊ သားသမီးတွေ အိမ်သူအိမ်သားတွေထက် ကိုယ့်ကိုယ်ကိုပိုချစ်တယ်၊ဒါလူတိုင်းလူတိုင်းသတ္တဝါတိုင်းသတ္တဝါ တိုင်း ဒီစိတ်ရှိတယ်။

အဲဒီဟာကို အမှတ်တမဲ့ကလေးများလို့ ဆိုပြီးတော့ ငါက ငါ့သားသမီးလေးတွေ ငါ့ထက်တောင်ချစ်သေးတယ်၊ ငါ့ထက် တောင် ငါ့သားသမီးချစ်သေးတယ်၊ ကိုယ့်ကိုယ်ကိုထက်တောင် ကိုယ့်အိမ်သူကိုယ့်အိမ်သားကို အပြန်အလှန် မြတ်နိုးသေးတယ်၊ ကိုယ်ဆင်းရဲခံပြီးတော့ သူချမ်းသာတာဖြစ်စေချင်တာနဲ့ ပြောကြ တယ်၊ ဒါအမှတ်တမဲ့ပြောတာပါ၊ ဒါအပေါ်ရံ အပေါ်ရံ၊ အ ပေါ်ရံဟုတ်တယ်၊ သေသေချာချာ နှစ်နှစ်ကာကာ ဆိုတော့ အဲဒီအဓိပ္ပါယ်မဟုတ်ဘူး၊ ဘုန်းကြီးတို့က အထောက်အထားကို ပြရလိမ့်မယ်လေ။

## ဈေးသည်မ လေးယောက်ဝတ္ထု

ရှေးတုန်းက ရာဇဂြိုဟ်ပြည်မှာ ဈေးသည် ဒကာမ လေး ယောက် ဈေးရောင်းပြီးတော့ အသက်မွေးကြတယ်၊ဈေးရောင်း

ပြီးအသက်မွေးတုန်းမှာပဲ သားသမီးတွေနဲ့ မိမိခင်ပွန်းသည်များကို ချမ်းသာအောင်ပြုစုကြတယ်၊ ယုယကြတယ်၊ နောက်တော့ အချိန်အရွယ်ကောင်းတုန်းမှာ မိန်းမသားလေးယောက်ဟာ ဆုံးသွားကြတယ်၊ ဆုံးသွားတော့ သူတို့ရဲ့စွဲလမ်းမှု သူတို့ရဲ့ရောင်းဝယ်တဲ့ အချိန်အခါတုန်းက မတရားမှုလေးတွေက မကောင်းကျိုးပေးတာဖြစ်တော့ အဲဒီရာဇဂြိုဟ်ပြည်ရဲ့အနီးအပါးမှာ ပြိတ္တာတွေသွားဖြစ်ကြတယ်။

**ဘယ်သူကယ်နိုင်သလဲ။** ။စောစောတုန်းက သူတို့ လူဘဝတုန်းကတော့ "ငါ့ကိုယ်ငါလဲချစ်ပါတယ်၊ ငါ့ရဲ့အိမ်သားကိုလဲချစ်ပါတယ်နဲ့" ဒီလိုအနေမျိုးနဲ့ မိမိအိမ်သားချမ်းသာယင် ပီးရောပေါ့ဆိုတဲ့ အနေမျိုးနဲ့ တရားသည်ဖြစ်စေ မတရားသည်ဖြစ်စေ စီးပွားရှာကြတယ်၊ တော်တော်ကြာတော့ ပြိတ္တာဖြစ်သွားကြတယ်၊ ပြိတ္တာဖြစ်သွားတော ဘယ်သူလိုက်ကယ်နိုင်သလဲ၊ မိမိအိမ်သားက လိုက်ပြီးတော့ ကယ်နိုင်သလား၊ မိမိဆွေမျိုးသားချင်းတွေကလိုက်ပြီးတော့ကယ်နိုင်သလား မကယ်နိုင်ဘူး၊ အကုသိုလ်ကံကြောင့် ပြိတ္တာဖြစ်ရိုးဖြစ်စဉ် ဖြစ်ရတာကထားအုံး၊ကျန်ရစ်တဲ့ယောကျ်ားတွေက နောက်အိမ်ထောင်ပြုပြီးတော့ သူတို့ စုဆောင်းထားခဲ့တဲ့ ပစ္စည်းတွေကို စားကြသောက်ကြ သုံးကြဖြုန်းကြတာတွေကိုမြင်ပော့ ပြိတ္တာမတွေက သိပ်မခံချင်တာပဲတဲ့၊ ဒီတော့သူတို့က—

## မြို့ရိုးပေါ်တက်ပြီးအော်ကြ

မယံ ဘောဂေ သံဟရိမှ၊ သမေန ဝိသမေန စ၊
တေ အညေ ပရိဘုဉ္ဇန္တိ၊ မယံ ဒုက္ခဿ ဘာဂိနီ။[၁]

မယံ၊ ပြိတ္တာဖြစ်၍နေကြရသောငါတို့မှာတော့။ ဘောဂေ၊ လူ့ဘဝတုန်းက စည်းစိမ်ဥစ္စာတို့ကို။ သမေနစ၊ တရားနှင့်ညီသဖြင့်လည်းကောင်း။ ဝိသမေနစ၊ တရားနှင့် မညီသဖြင့် လည်းကောင်း။ သံဟရိမှ၊ စုဆောင်းခဲ့ကြကုန်ပြီ။ တေ၊ ထိုငါတို့စုဆောင်း၍ ထားခဲ့သော ငါတို့စည်းစိမ်တို့ကို။ အညေ၊ ငါတို့နောက်မှပေါ်လာကြတဲ့ နောက်သားနောက်မယားတို့က။ ပရိဘုဉ္ဇန္တိ၊ အပင်းတယ်၍နေကြလေကုန်၏။ မယံပန၊ ငါတို့သည်ကား။ ဒုက္ခဿ၊ ပြိတ္တာဒုက္ခ၏။ ဘာဂိနီ၊ အဖို့ကိုသာ ရရှိခံစားနေကြရကုန်သည်။ အမှ၊ ဖြစ်ကြရပါကုန်တော့သည် တကား။ လို့ ပြိတ္တာဘဝကနေပြီးတော့ မြို့ရိုးပေါ်တက်ပြီးအော်ကြတယ်။ "ဒို့တော့ဟယ် စီးပွားတွေရှာပြီးတော့ ပြိတ္တာဖြစ်ကြရတယ်ဟဲ့၊ ဒို့ပြိတ္တာဖြစ်တော့ ဒို့ကိုချစ်ပါတယ်ဆိုတဲ့ယောကျ်ားတွေကနောက်မယားတွေယူပြီးတော့ကာ သူတို့ရဲ့ နောက်မယားတွေကို ကျွေးမွေးပြီးတော့ နောက်မယားတွေက ဒို့စည်းစိမ်တွေကို ခံစားရစ်ကြတယ်"လို့ဆိုပြီးတော့ ဝမ်းပန်းနဲ့စွာနဲ့အော်ကြရတယ်တဲ့။

---

၁။ ဘောဂသံဟရပေတဝတ္ထု၊ မဟာဝဂ်၊ ခုဒ္ဒကနိကာယ ပေတဝတ္ထု၊ ပါဠိ-၂၁၆။

**မိန်းမတွေမှတ်ချက်ယူထားဖို့ကောင်း။** ။ဒီတော့ ဘုန်းကြီးက ကောက် ချက် ချ ရ တယ်၊ မိန်းမတွေက ဝတ္တရားအတိုင်းတော့ပြုစုမယ်၊ ဝတ္တရား အတိုင်းတော့ ရောင်းဝယ်ပြီးတော့ ကျွေးမယ်၊ ရောင်းဝယ်ပြီး တော့ကျွေးတဲ့အထဲက မတရားပြုလိုက်လို့ရှိယင်တော့ ဒို့ဟာ ခုန က ပြိတ္တာမတွေရဲ့ သွားလမ်းသွားရလိမ့်မယ်၊ဒို့ယောကျ်ားတွေက လဲ ကောင်းတာမဟုတ်ဘူး၊ ဒို့မျက်နှာလွဲသွားတယ် ဆိုလို့ရှိယင် သူတို့လဲ သူတို့ဘာသာခံစားပြီးတော့ နေရစ်မှာပဲ၊ ဒီတော့ "ငါ့လစီးပွားရှာယင် အနှားမခံဖူးဟဲ့"လို့ ဟောဒါလေးဟာ လေကောက်ချက်ယူထားဖို့ တယ်ကောင်းတယ်။

**အဿကမင်းနှင့်ဥပရိမိဖုရား။** ။မိန်းမသားတွေ ဖက်ကသာ ကောက်ချက်ယူဖို့ ကောင်းသ လားဆိုတော့ မဟုတ်သေးဘူး၊ ယောကျ်ားတွေ ဖက်ကလဲ ကောက်ချက်ယူထားရအုန်းမယ်၊ ဘုန်းကြီးတို့ရဲ့ဘုရားအလောင်း ရသေ့ဖြစ်စဉ်အခါကာလတုန်းက တိုင်းပြည် တစ်ခုမှာ အဿက ရှင်ဘုရင်နဲ့ ဥပရိမိဖုရားတို့ တိုင်းပြည်အုပ်ချုပ်ပြီးတော့ နေကြ တယ်၊ ဥပရိမိဖုရားဆိုတာ တကယ် လှလှပပနဲ့ အင်မတန်မှ သ-လို့၊ ကိုယ့်ကိုယ်ကို အင်မတန်မှ ပြုပြင်လို့၊ ရှင်ဘုရင်ကလဲ အင်မ တန်မြတ်နိုးလို့ အဲဒီလိုနေလာရာက လှချိန်ပချိန်မှာ မိဖုရားစုတေ သွားရော၊စုတေသွားတော့ ရှင်ဘုရင်ကလေ ထုံးစံအတိုင်း မြတ် နိုးလွန်းလို့ သူ့မိဖုရားကိုမပစ်နိုင်တာနဲ့ အလောင်းကိုလေ ဆေး စိမ်ပြီးတော့ အကြာကြီးနန်းတော်ထဲမှာ ထားတယ်၊ မကြာခဏ

အလောင်းကိုကြည့်ပြီးတော့ငိုတယ်၊ မင်းမှုကိစ္စတွေကို ပစ်ထားတယ်၊ အဲသလိုအချိန် ဘုန်းကြီးတို့ မြတ်စွာဘုရားအလောင်းတော်က ရသေ့ဘဝနဲ့ ဟိမဝန္တာမှာနေပြီးတော့ လောကကြီးကို ကြည့်တဲ့အခါ ဒီအကြောင်းအရာကိုမြင်တယ်ကိုး။

**တန်ခိုးကြီးတဲ့ရသေ့။** ။မြင်တော့ ရှင်ဘုရင်ရဲ့ ဥယျာဉ်ထဲမှာ ကြွလာပြီး သိတင်းသုံးနေခိုက် ဥယျာဉ်စောင့်ကမြင်တာနဲ့ "အရှင်ဘုရား အရှင်ဘုရားတို့လို သူတော်ကောင်း ဈာန်အဘိညာဉ်ရတဲ့ ပုဂ္ဂိုလ်တွေရှိရက်သားနဲ့ တပည့်တော်တို့ရဲ့ရှင်ဘုရင်မှာ ဒီလိုသောကရောက်နေတာများ မကယ်ဖူးလားဘုရား" လို့လျှောက်တော့ "သင်တို့ရှင်ဘုရင်နဲ့ ငါကသိတာမဟုတ်ဘူး၊ သင်တို့ရှင်ဘုရင်က ငါ့ဆီလာလို့ရှိယင်တော့ ငါကပြောရတာပေါ့၊ ယခုတော့ငါဘယ်နှယ်လုပ်ပြီး ဟောမလဲ" လို့ အမိန့်ရှိတော့ "ဒါဖြင့်ဘုရား သိတင်းသုံးပါအုံး၊ ဘယ်မှမကြွပါနဲ့" ဆိုပြီး ရှင်ဘုရင်ဆီသွားသံတော်ဦးတင်တယ်၊ "အရှင်မင်းမြတ် ဥယျာဉ်ထဲမှာ တန်ခိုးကြီးတဲ့ ရသေ့တပါး ရောက်နေပါတယ်၊ အဲဒီရသေ့က မိဖုရားရဲ့ရောက်တဲ့ဘဝကိုတောင်မှ သိတယ်လို့ပြောပါတယ်"၊ သူကလဲဆွယ်တရားနဲ့ ရှင်ဘုရင်ကိုဖြားယောင်းခေါ်လာတယ်၊ မိဖုရားရဲ့ရောက်တဲ့ဘဝတောင်မှ သိပါလိမ့်မယ်၊ သိတယ်လို့ဆိုပါတယ်၊ ဒီတော့ "အရှင်မင်းမြတ် ရသေ့ဆီကိုသွားပြီးတော့ ဖူးတွေ့ပါအုံး" လို့ သံတော်ဦးတင်တော့ ရှင်ဘုရင်က နောက်လိုက် နောက်ပါနဲ့ ရသေ့ဆီထွက်လာခဲ့တယ်။

**ဥပရိမိဖုရားနွားချေးပိုးမကြီးဖြစ်။**　　။ထွက်လာလို့ ဥယျာဉ်ထဲ ရောက်ယင်ပဲ"အရှင်ဘုရား မိဖုရားရဲ့ရောက်တဲ့ဘဝကို အရှင်ဘုရားသိပါရဲ့လား" "သိပါရဲ့" "ဘယ်မှာရောက်နေပါတုန်းဘုရား" "ဟာ-ဒီဥယျာဉ်ထဲမှာဖြစ် နေတယ်" "ဘာဖြစ်နေတာတုန်းဘုရား" "နွားချေးပိုးမကြီး ဖြစ် နေတယ်" ဒီတော့ရှင်ဘုရင်က တယ်လဲမခံချင်ဘူး၊ ယုံလဲမယုံ ချင်ဘူး၊ မိဖုရားဘယောက်စုတေသွားတာဟာ နတ်ပြည်ရောက် မှကျေနပ်မှာ၊ ယခုတော့နွားချေးပိုးမကြီးဖြစ်နေတယ်လို့ဆိုတော့ မကျေနပ်ဘူး။

**ဘယ်သူ့ကိုပိုချစ်သလဲ။**　　။"အရှင်ဘုရား လက်တွေ့ပြနိုင်ပါရဲ့ လား" "ပြနိုင်ပါရဲ့" "ဒါဖြင့်ပြ စမ်းပါဘုရား"လို့ဆိုတော့ ဘုရာ လောင်းရှင်ရသေ့က တန်ခိုးနဲ့ ခေါ်တော့ နွားချေးပိုးမနဲ့ နွားချေးပိုးထီးတို့ထွက်လာတယ်၊ ထွက် လ တော့ "သင်ဘယ်သူတုန်း" ပိုးမကိုမေးတယ်၊ "တပည့်တော် ဥပရိမိဖုရားပဲ" "ကောင်းပြီ သင်ဥပရိ မိဖုရားဆိုယင် ဒီ ဥယျာဉ်ထဲမှာ ရှေးတုန်းက ရှင်ဘုရင်ရဲ့ စည်းစိမ်တွေ ခံစားပြီး တော့ ပျော်ပျော်ပါးပါးနဲ့နေတာ မှတ်မိသေးရဲ့လား" "မှတ် မိပါရဲ့" "မှတ်မိလို့ရှိယင် အဲဒီရှင်ဘုရင်နဲ့ ယခုသင်တွေ့နေရတဲ့ နွား ချေးပိုးထီးနဲ့ ဘယ်သူ့ကိုပိုပြီးချစ်သလဲ"လို့ မေးတော့ ပိုးမကြီးက ပြောတယ်၊ သူပြောတဲ့စကားဟာ အတော်သဘာဝကျတယ်။

**အသစ်တွေတော့အဟောင်းမေ့။** ။"အရှင်ဘုရား အသစ်ဖြစ်တဲ့ ချမ်းသာဆင်းရဲနဲ့ အဟောင်းဖြစ်တဲ့ ချမ်းသာဆင်းရဲကို အကုန်လုံးဖုံးထားတယ်"တဲ့"ရှင်ဘုရင်နဲ့ တပည့်တော် ဒီဥယျာဉ်ထဲမှာ ပျော်ပျော်ပါးပါး နေခဲ့ရတယ်ဆိုတဲ့ ချမ်းသာကတော့ အဟောင်းဖြစ်နေလို့ တပည့်တော် ယခုလက်တွေ့ ပိုးထီးနဲ့ ပျော်ပျော်ပါးပါးနေရတဲ့ချမ်းသာက အသစ်ဖြစ်နေတော့ ဒီချမ်းသာက ဟိုချမ်းသာကို ဖုံးထားတယ်ဘုရား၊ တပည့်တော် ဟိုချမ်းသာကို မမက်ပါဘူး၊ ယခု လက်ရှိဖြစ်တဲ့ ပိုးထီးကိုပဲ၊ ပိုပြီးသကာလ မြတ်နိုးပါတယ်"လို့—

နဝေန သုခဒုက္ခေန၊ ပေါရာဏံ အပိဓိယတိ။
တသ္မာ အဿကရညာ ဝ၊ ကီဠော ပိယတရော မမ။[၁]

"တပည့်တော်ယခု ပိုးထီးကိုပဲ မြတ်မြတ်နိုးနိုးရှိတယ်၊ဟိုဘဝတုန်းက အဿကရှင်ဘုရင်ကို မမြတ်နိုးပါဘူး၊ အဟောင်းဟာတပည့်တော်ရဲ့ ချမ်းသာဆင်းရဲကို မပေးနိုင်ပါဘူး"လို့ နွားချီးပိုးမကပြောတယ်။

**ပိုးမရဲ့ပြောစကား သဘာဝကျ။** ။ဒီသူပြောတာကို ဘုန်းကြီးက သဘောကျတယ်၊မနေ့တုန်းက စားရတဲ့ ဝက်သားကြက်သား ဘယ်လောက်ကောင်းပေမယ့် ယခုလောလောဆယ်ချဉ်ပေါင်ဟင်းနဲ့ ငါးပိချက် စားရတာ

---

၁။ အဿကဇာတ် နဘာဒ္ဒဝဂ် ဒုကနိပါတ်-၅၅။

လောက်ဘယ်သူမြိန်မှာလဲ၊ မနေ့တုန်းက စားရတဲ့ဥစ္စာ မနေ့တုန်းကပြီးသွားပြီမဟုတ်လား၊ အဲဒါကြောင့်လေ ပိုးမရဲ့ ပြောတဲ့စကားဟာ သဘာဝကျလွန်းလို့၊ “တပည့်တော်ချမ်းသာဆင်းရဲတွေကိုအသစ်ဖြစ်တဲ့ ချမ်းသာဆင်းရဲက လွှမ်းသွားလို့ ဖုံးသွားလို့ တပည့်တော်အဃကရှင်ဘုရင်ထက်ယခုပိုးထီးကိုပဲ ပိုပြီးသကာလခင်မင်ပါတယ် ချစ်ပါတယ်”လို့ အဲသလို လျှောက်လိုက်တော့ အဃကရှင်ဘုရင်ရဲ့စိတ်ထဲမှာလေ စွဲလမ်းနေတဲ့စိတ်တွေဟာတခါတည်းပျောက်ပြီးတော့ မျက်ကြီးမတ်ကြီးတွေဖက်လှည့်ပြီး “မောင်မင်းတို့ နန်းတော်ထဲမှာ ဆေးစိမ်ထားတဲ့ အလောင်းကိုချက်ချင်းထုတ်ပြီးတော့ သင်္ဂြိုဟ်ပစ်လိုက်ကြ”လို့ အဲသလိုအမိန့်ပေးတယ်၊ တခါတည်း သောကတွေဘာတွေပျောက်ပြီး ဘာမှလွှမ်းတဲ့စိတ်တွေမရှိတော့ဘူး၊ အဲဒီလွှမ်းတဲ့စိတ်တွေ ပျောက်ပြီး သကာလမင်းထုံးစံအတိုင်း မင်းမှုတွေကိုလိုက်ပြီး သကာလ စိမ်ပြီးတော့ကောင်းကောင်း မင်းလုပ်ပြီး အုပ်ချုပ်သွားတယ်တဲ့။

**အဃကမင်းဖက်ကနေကြည့်။** ။ဒီတော့ စဉ်းစား ကြည့်လေ ဓာပန်းလေးတွေ တွေ့ကြတာ ဓာပန်းလေးတွေလို့ ခင်တယ်မင်တယ်နဲ့ ပြောကြတာ၊ တကယ်တော့ အဃကရှင်ဘုရင်ဖက်ကနေ ကြည့်လို့ရှိယင် “အော်....ဟိုတုန်းကလဲ ငါ့ကိုငါအချစ်ဆုံး၊ ယခုလဲပဲ ပိုးမကြီးပြောတဲ့စကားကိုထောက်လို့ရှိယင် သူ့ကိုငါက ဘယ်လောက် မြတ်နိုးတယ်လို့ဆိုပြီးတော့ ဆေးစိမ်ထားပေမယ့် အမှန်ကတော့သူက ငါ့ကိုချစ်တာမဟုတ်တော့ဘူး၊ ငါ့ကိုယ်ငါ အချစ်ဆုံးပဲ ဒါကြောင့်–

“အတ္တာနံ၊ ဘဝဖန်ခါသံသရာက ငါဟုစွဲဆို မိမိကိုယ်ကို။ ပိယံ၊ အရင်းစစ်လျှင် ပြစ်မတင်ဖို့ နှစ်စဉ်မမုန်း အချစ်ခင်ဆုံး ဟူ၍”လို့ ကိုယ့်ကိုယ်ကို အချစ်ခင်ဆုံးပါ။

**အချစ်ဆုံးကို မုန်းနိုင်ကြ။** ။ဒါကြောင့် သားချစ်တယ်၊ သား အတွက် ငါစီးပွားတွေကို မတရား သည်ဖြစ်စေ တရားသည်ဖြစ်စေ ရှာလိုက်မယ်လို့ ဒီလိုမလုပ် ပါနဲ့၊ အဲဒီချစ်ပါတယ်ဆိုတဲ့ သမီးကလေး တစ်ခါတစ်ခါအဖေ့ စကားကို နားမထောင်ဖူး ဆိုလို့ရှိယင် လူတွေကလည်း “အချစ် ဆုံးသမီးပေမယ့် အမွေပြတ်ပြော့”လို့ ရက်ရက်စက်စက် မုန်းနိုင် ကြတယ်၊ ဒီတော့ ဘုန်းကြီးက စဉ်းစားကြည့်တယ်၊ ဟုတ်တယ် ဘယ်သူဖြစ်ဖြစ် အင်မတန်အရေးစိုက်ပါတယ်ဆိုပေမယ့် ထင်ကနဲ ဆိုလို့ရှိယင် “အား....ဘာ့ကြောင့် ညာကြောင့်”လို့ဆိုပြီးတော့ သူ့အပေါ်မှာ အပစ်ရှာလို့ရတယ်။

**ကိုယ့်ကိုယ်ကိုမမုန်း။** ။ဘုန်းကြီးကို ဘုန်းကြီးလေ “ငါ့ကိုယ် ငါများ မုန်းတဲ့အလှည့်များ ရှိခဲ့ သလား”လို့ တခါတခါ ပြန်ပြီးတော့ စစ်ကြည့်တယ်၊ ဥပမာ အသက်ဆယ်နှစ်လောက်က မုန်းကြည့်လဲ ကိုယ့်ကိုယ်ကို အင် မတန် ယုယုယယ၊ အသက်နှစ်ဆယ်လောက် မုန်းကြည့်လဲ ကိုယ့်ကိုယ်ကို အင်မတန်ယုယုယယ၊ ယခုကြီးလာတဲ့အခါကျတော့ လဲ “အို.... ဘုန်းကြီးကျန်းမာရေးကို ဂရုစိုက်ရသေးတယ်၊ မလိုက် ပါရစေနဲ့ ဟိုက ဘာတွေလှူဖို့ပါဘုရားဆိုလဲ မလိုက်ပါရစေနဲ့” လို့ ပြောရတယ်။

**စေတနာပျက်မှာစိုး။** ။အခုမှ''ကျမ်းစာအုပ်တွေကို ကျောင်းတိုက်မှာလှူဖို့ရန်စီစဉ်ထားပါတယ်''ဆိုတော့ စေတနာနဲ့ပေမယ့်လို့ ဘုန်းကြီးကျန်းမာရေး အရေးကြီးတယ်၊ဘုန်းကြီးကျောင်းမှာ အလုပ်တွေများတယ်၊ ''ကဲခုထက်ထိ ကိုယ့်ကိုယ်ကို ဘယ်လောက်ယုယနေတုန်း''သည့်ပြင် ဒကာဒကာမတွေ ဘုန်းကြီးကို အရေးမစိုက်ပါဘူး၊ စိုက်ပါရဲ့၊ စိုက်ပေမယ့် ကိုယ့်ကိုယ်ကိုလောက်ကို ဂရုမစိုက်နိုင်ဘူး၊ အဲဒီတော့ ဘုန်းကြီးက ဒီတရားကိုပေါ့လေ ဒကာသူတော်လဲ ဟောတယ် ဘုန်းကြီးကို ဘုန်းကြီးလဲပဲ တရားကျပြီးသား တရားဖြစ်တယ်၊ ဒီတော့ ''အရှင်ဘုရားက တပည့်တော်တို့လို အိုးနဲ့၊အိမ်နဲ့၊သားနဲ့မယားနဲ့၊ မနေရလို့ ကိုယ့်ကိုယ်ကို အချစ်ဆုံးဆိုတာ ဆုံးဖြတ်လို့ရပါလိမ့်မယ်၊ တပည့်တော်တို့လို ဆိုတော့ ဆုံးဖြတ်လို့ရချင်မှရမှာပါ'' ဆိုတော့ ဘုန်းကြီးက ကောက်ချက် အမျိုးမျိုးကို ရှောက်ကြည့်တယ်၊ ဒီလောကကြီးထဲမှာ ပါရမီဖြည့်ဖက်ဆိုလို့ရှိယင် ဦးစားပေးကြတာကိုး။

**ကုသမင်းနဲ့ ပဘာဝတီ။** ။အဲဒီလို ပါရမီဖြည့်ဖက်ဖြစ်လို့ ဦးစားပေးကြတဲ့အထဲမှာ ဘုရားအလောင်းနဲ့ ယသော်ဓရာတို့ အလောင်းထက် ပိုပြီးတော့ ပါရမီဖြည့်ဖက် ဘယ်သူမှမရှိကြဘူး၊ လေးသင်္ချေနဲ့ ကမ္ဘာတသိန်းက စပြီးတော့ ပါရမီဖြည့်လာခဲ့တယ်၊ အတူတူမကြာခဏ ဖြစ်လာခဲ့တယ်၊ အဲဒါ လောက် နှစ်နှစ်ကာကာ ရင်းရင်းနှီးနှီးဖြစ်လာခဲ့တဲ့ အလောင်းနှစ်ပါးဟာလေ ဘုန်းကြီးကဘနေရာသွားတွေ့တယ်ကို၊ ကုသဇာတ်

မှာ ဘုရားအလောင်းက ကုသမင်းတဲ့၊ ယသော်ဓရာအလောင်းက ပဘာဝတီမိဖုရားတဲ့၊ တကယ်ဆိုတော့ ပါရမီဖြည့်ဖက် မဟုတ်လားနော်၊ ဘုရားအလောင်းကြီး ဘယ်လောက်အရုပ်ဆိုးတယ် ဖြစ်ဖြစ် ပါရမီဖြည့်ဖက်ပဲ ကြေကြေနပ်နပ်နဲ့ နှစ်နှစ်သက်သက် မေတ္တာရှိရမယ်၊ အခုမဟုတ်ဘူး၊ ပါရမီဖြည့်ဖက်ဆိုတဲ့ ပဘာဝတီကလေ အရုပ်ဆိုးလို့တဲ့ ဘုန်းကြီးရဲ့ အလောင်းတော်ကြီးကို မချစ်မနှစ်သက်နိုင်ပါဘူး ဆိုပြီးတော့ ပစ်သွားလိုက်တာလေ၊ ဘုန်းကြီးက "အလကားပါ၊ ပါရမီဖြည့်ဖက်လဲ ဟုတ်တာမဟုတ် မဟုတ်ပါဘူး"၊ အကယ်၍များ ဘုရားအလောင်း ကုသမင်းက အဲဒီအချိန်မှာ ရုပ်ရေက လှလှပပ ဆိုလို့ရှိယင်တော့ ပဘာဝတီက ပါရမီဖြည့်ဖက်ဆိုတဲ့ အနေမျိုးနဲ့ နေရာကျမှာပေါ့၊ ယခုတော့ အရုပ်ဆိုးလိုက်တာနဲ့ပဲ ပဘာဝတီက မုန်းတယ်တဲ့။

**ပါရမီဖြည့်ဖက်လဲမယုံရ။** ။ဒါ့ကြောင့် ပါရမီ ဖြည့်ဖက်ကလဲ မယုံရဘူး၊ လေးသခေျနဲ့ ကမ္ဘာ တသိန်းပါရမီဖြည့်ဖက်ဖြစ်တဲ့ အလောင်းတော် နှစ်ပါးတောင်မှ အကြောင်းအားလျော်စွာ မယုံရသေးတာဖြစ်တော့၊ အိုဝတ္တရား အတိုင်းသာ ဆက်ဆံကြ၊ ဝတ္တရားအတိုင်းသာ စောင့်ရှောက်ကြ၊ "ဟိုဘယ်သူဟာ ငါ့အပေါ်မှာ တကတည်း သူ့ကိုယ်ထက်တောင် ချစ်သေးတယ်"ဆိုတဲ့ ဥစ္စာအရေးရှိယင် မဟုတ်ဘူး၊ ဘုန်းကြီးက ဒီဟာကို ကောက်ချက်ချထားတော့ "ဘယ်သူကတော့ ကျောင်းဒကာပဲ၊ ဘယ်သူကတော့ ကျောင်းအမပဲ၊ ငါ့ကို အင်မတန်အရေးစိုက်တာပဲ"လို့ ဆိုပေမဲ့ ဟုတ်ပါလိမ့်မယ်၊

သူတို့ကိုသူတို့ အရေးစိုက်တာလောက် မရောက်ပေမဲ့ နဲနဲတော့ အရေးစိုက်ပါလိမ့်မယ်၊ ဒါပေမယ့်သူတို့ကိုယ်သူတို့ အရေးအစိုက်ဆုံးနေမှာပါ။

**ကိုယ့်ကိုယ်ကိုတော့ ညှာ။** ။ဒါ့ကြောင့် "ကိုယ့်ကိုယ်ကို လေဘယ်တော့မှ လွန်လွန် မင်းမင်း အနစ်နာမခံလေနဲ့၊ ကိုယ့်ကိုယ်ကို တရားက ဘယ်တော့မှ လွတ်မသွားလေနဲ့"လို့ ဘုန်းကြီးက အမြဲသတိထားတယ်ကိုး။အတ္တာနံ၊ ဘာဝဖန်ခါ သံသရာက ငါဟုစွဲဆို မိမိကိုယ်ကို။ ပိယံ၊ အရင်းစစ်လျှင် ပြစ်မတင်ဖို့ နှစ်စဉ်မမှုန်း အချစ်ခင်ဆုံးဟူ၍-ဘယ်တော့မှ ကိုယ့်ကိုယ်ကို အပြစ်မတင်ဘူး။ ဒါဖြင့် အရှင်ဘုရား တခါတလေများအလွဲတွေမပါဘူးလား၊ "အို....ငါလွဲကော ငါ့ဘာသာလွဲတဲ့ ဥစ္စာဘာဆိုင်တုန်း"ဆိုပြီးတော့ ကိုယ့်ကိုယ်ကိုတော့ ကျေနပ်တယ်လေ၊ညှာလိုက်တယ်လေ၊ကိုယ့်ကိုယ်ကိုတော့ "အဲဒီ နေရာများမှာ ကိုယ်တော်လေ သံဃာတွေကို တကတဲစိတ်ဆိုးမာန်ဆိုးနဲ့ မငေါက်သင့်ဘူး၊ "အရှင်ဘုရား အဲဒါလွဲတာပဲ"လို့ ဆိုယင် "အို....ငါဘာလွဲရမှာလဲ၊ သူတို့ကိုယ်က မတော်လွန်းလို့ ငေါက်ရတာ၊ မငေါက်လို့ရှိယင် သူတို့က ကမ်းတက်လာမှာပေါ့" ဆိုပြီးတော့လေ ကိုယ့်ကိုယ်ကို အမြင်မတော်အောင် စိတ်တွေ ဘာတွေ ဆိုးလဲပဲ ကိုယ့်ကိုယ်ကိုတော့ ညှာတယ် သိလား။

**ကိုယ့်သားမုန်းနိုင်။** ။ပိယံ၊ အရင်းစစ်လျှင် ပြစ်မတင်ဖို့ နှစ်စဉ်မမုန်း အချစ်ခင်ဆုံး ဟူ၍။ စေဇညာ၊ အခါခါ အရာရာဝယ် စာနာထောက်ထား အကယ်၍နားလည်

ပြောအုံ၊.... ထောက်ကြည့်ပါ ဘယ်နေရာမျိုးမဆို ထောက်ကြည့် ပါတဲ့၊ သားကလေးချစ်တယ် ကိုယ့်စကား နားထောင်နေလို့ သားကလေးက ကိုယ့်ကို ဂုဏ်ရှိအောင် လုပ်နေလို့ "အာ.... ကျွန်တော့သားပဲ ကျွန်တော့်သားပဲ သားကလေးက ဂုဏ်ရှိ တော့လေ ကျွန်တော့သားပဲ ကျွန်တော့သားပဲ" နဲ့ အဲဒီသား လေးက မတော်မတရားလုပ်လိုက်လို့ နာမည်ပျက်သွားပြီဆိုယင် "ဟာ....ဘာမသား ညာမသားနဲ့ အမျိုးကိုက ဘယ့်နှယ်အမျိုး လား၊ ကျုပ်ကလေ ဒီကောင့်လား နဂိုက ကိုယ့်သားမို့ လို့သာ နဲ့နဲ့လေးအရေးစိုက်ရတာ၊ မထင်ပါဘူး၊ ဒင်းတို့အမေဖက်ကကိုက မဟာန်ပါဘူး၊ ဘာညာနဲ့ ဒီသားကို မုန်းပြစ်လိုက်တာ သိလား"။

**သ**မီးမုန်းနိုင်။ ။တခါသမီးကော "အာ-အင်မတန် လိမ္မာတဲ့ သမီး၊ ကျုပ်သမီး ဒါကကျုပ်သမီး၊ အင်မတန် လိမ္မာ အင်မတန်လိမ္မာ၊ ဟိုအိမ်ရေးကိစ္စတွေ ဘာတွေဆိုတဲ့ ဥစ္စာ သမီးအကုန်လုံး လွှဲရတာပါပဲ" စသည်အားဖြင့် ပြောလို့သူ့ ဂုဏ် ရှိအောင် လုပ်ပေးနေတုန်းမှာ သူအင်မတန်ချစ်တယ်၊ အမှန်လဲ ချစ်ပါတယ်၊ ပရိယာယ် ပြောတာမဟုတ်ဖူး၊ သူ့ ဂုဏ်ရှိအောင် လုပ်ပေးနေတဲ့အချိန်မှာ ဒီသမီးကို အင်မတန်ချစ်တယ်။

တော်သော်ကြာတော့ သမီးကလေး သူသဘောမတူတဲ့သူနဲ့ လိုက်ပြေးပါရောတဲ့၊ "အမွေပြတ် ဒီကောင်မ၊ ဒီကောင်မအမွေ ပြတ်၊ ငါ့သမီးတပြားမှ မပေးဘူး၊ အကုန်လုံး ငါသုံးပစ်မယ် သိလား၊ လှူပစ်မယ်သိလား၊ တပြားမှမပေးဘူး၊ ကဲမုန်းလိုက် တာ၊ ကိုယ့်များပေါ့လေ တစုံတခု မတော်မတရားလေး ဖြစ်မိ

တယ်ဆိုယင်ဖြင့် "အောင်မယ် ငါစုထားတဲ့ပစ္စည်း ငါသုံးမှာပေါ့၊ ငါမသုံး ဘယ်သူသုံးမှာလဲ၊ ငါ့ပစ္စည်း ငါသုံးချင်တာ သုံးမယ်" သူ့ကိုယ်သူတော့ ဘယ်တော့မှ အပြစ် မတင်ဘူး။

ဟော အချစ်ဆုံးဖြစ်တဲ့သား အပြစ်တင်နိုင်တယ်၊ အချစ်ဆုံး ဖြစ်တဲ့သမီး သူ့ကိုနာမည် ပျက်အောင်လုပ်တယ် ဆိုလို့ရှိယင် သူစိတ်ညစ်အောင် လုပ်တယ်ဆိုလို့ရှိယင် မုန်းနိုင်တယ်၊ ဒါ့ကြောင့် အရာရာကို ထောက်ကြည့်ပါ၊ ကိုယ့်ကိုယ်ကိုဟာ အချစ်ဆုံးပဲ။

**ကိုယ့်ကိုချစ်ယင်စောင့်ရှောက်**။　　။အတ္တာနံ၊ဘဝဖန်ခါသံသရာ က ငါဟုစွဲဆို မိမိကိုယ်ကို။

ပိယံ၊ အရင်းစစ်လျှင် ပြစ်မတင်ဖို့ နှစ်စဉ်မမုန်း အချစ်ခင်ဆုံး ဟူ၍။ စေဇညာ၊ အခါခါ အရာရာဝယ် စာနာထောက်ထား အကယ်၍ နားလည်ငြားအံ့။ ဧဝံသတိ၊ ကိုယ့်ကိုသာလျှင် အခင် မင်ဆုံး အချစ်ဆုံးဟု လုံးလုံးခွဲခြား နားလည်ထားသည်ရှိသော်။ နံအတ္တာနံ၊ခုလည်း ကိုယ့်ကို နှောင်ကိုယ့်ကိုဟု သို့ကလိုသိရှိ ထိုမိမိ ကို။ သုရက္ခိတံ၊ တရားကြောင်းအရာ မစောင်းပါပဲ၊ ကောင်းစွာ မပြတ် စောင့်ရှောက်အပ်သည် မည်လောက်အောင်။ ရက္ခေယျ၊ သတိတရား လက်ကိုင်ထား၍ မခြားပုံသေ စောင့်ရှောက် လေရာ၏....တဲ့။

ကိုယ့်ကိုယ်ကို ချစ်ပြီးတော့ အရမ်းမဲ့ ချစ်နေရုံနဲ့ မပြီးဘူး၊ ကိုယ့်ကိုယ်ကို ချစ်လို့ရှိယင်.... "နံအတ္တာနံ၊ ခုလဲကိုယ့်ကိုယ် နှောင် ကိုယ့်ကိုယ်ဟု သို့ကလိုသိရှိ ထိုမိမိကို။ သုရက္ခိတံ၊ တရားကြောင်း

အရာ မစောင်းပါပဲ ကောင်းစွာမပြတ် စောင့်ရှောက်အပ်သည် မည်လောက်အောင်။

**ကျန်းမာ ပညာ စီးပွား ကြိုးစား။** ။ကိုယ့်ကိုယ်ကို အချစ်ဆုံးဆိုယင် စောင့်ရှောက်နေ၊ ကိုယ့်ကိုယ်ကို မပျက်စီးစေနဲ့၊ ကလေးလေး ကျောင်းသားအရွယ် ဒီတရားနားလည်လို့ရှိယင် ကြိုးစားပြီးတော့ ပညာသင်၊ တော်တော်ကြာတော့ မင်းပညာ မတတ်လို့ရှိယင် အောက်တန်းကျသွားလိမ့်မယ်၊ ဟော ကိုယ့်ကိုယ်ကိုချစ်ယင် ကြိုးစားပြီးတော့ သင်ပါ၊ အရွယ်လေးတော်တော်ရောက်လာလို့ စီးပွားရှာရမဲ့ အချိန်ကျလို့ရှိယင် ကိုယ့်ကိုယ်ကို အချစ်ဆုံး၊ စီးပွားကို ကြိုးစားရှာမှ၊ စီးပွားမရှိလို့ရှိယင် လူရာမဝင်ပေဘူး၊ တော်တော်လေး ကြာတော့ အိမ်ထောင်ရက်သားကျလို့ အိမ်နဲ့ယာနဲ့ နေလို့ရှိယင်လဲ အောက်ကျမယ်၊ မင်းချစ်တဲ့ အိမ်သူကလဲ အောက်ကျမယ်၊ မင်းတို့ရဲ့ အဆက်အပွားဖြစ်တဲ့ သားသမီးတွေလဲ အောက်ကျနောက်ကျဖြစ်ကုန်မယ်၊ ဒီတော့ မင်းလေးမတော်မတရားမနေလိုက်ပါနဲ့၊ မင်းကိုယ်မင်း ကျန်းမာရေးဂရုစိုက်ပါ၊ မင်းကိုယ်မင်းစီးပွားရေးဂရုစိုက်လိုက်ပါ၊ ပေါင်းသင်းဆက်ဆံရေး မိတ်ဆွေကောင်းတွေ တွေ့အောင်ရှာလိုက်ပါ။

**စီးပွားမတရားမရှာနဲ့။** ။ဟော ကိုယ့်ကိုယ်ကို အချစ်ဆုံးဆိုလို့ရှိယင် စီးပွားရေးဖက်က တယ်ကောင်းတယ်၊ သုရက္ခိတံ၊ တရားကြောင်းအရာ မစောင်းပါပဲ ကောင်းစွာမပြတ် စောင့်ရှောက်အပ်သည် မည်လောက်အောင်

ဟော့...စီးပွားရှာတော့ မတရားမရှာလိုက်နဲ့ ဘာဖြစ်လို့လဲကြည့်လေ တအိမ်လုံးစားနေတဲ့ အစာတွေကို မင်းက မတရားရှာပြီးတော့ကျွေးယင် နောက်တဘဝမကောင်းကျိုး ခံစားရတဲ့ အခါကျတော့ ဒီထဲက တစ်ယောက်မှ ပါမှာမဟုတ်ဘူး၊ မင်းခံရလိမ့်မယ်၊ ကြည့်စမ်း ဘုန်းကြီးဟောသွားတဲ့ တရားထဲမှာ ဈေးသည်မတွေခံရပုံတွေကြည့်စမ်း၊ ဘုန်းကြီးဟောသွားတဲ့ တရားထဲမှာ ဥပရိမိဖုရား ပစ်ပစ်ခါခါပြောပုံတွေ နားထောင်စမ်း၊ ဘုန်းကြီးဟောသွားတဲ့ တရားထဲမှာ ရေစက်ဖက်ကြီးလို့ဆိုတဲ့ ဘုရားအလောင်းနဲ့ ယသော်ဓရာအလောင်းတို့ရဲ့ ကုသမင်းဘဝ ပဘာဝတီဘဝကို လှမ်းပြီးစဉ်းစားစမ်း၊ မင်းမတရား စီးပွား မရှာလိုက်နဲ့နော်။

**အိမ်သူကလဲသတိထား။** ။အိမ်သူဖြစ်တဲ့သူကလဲ "အင်းကိုယ့်ကိုယ်ကို ညည်းနော် ကိုယ့်ကိုယ်ကို သတိထားနော် စီးပွားမတရား မရှာလိုက်နဲ့၊ ညည်းကိုညည်း ကျန်းမာရေးကိုဂရုစိုက် ညည်းကတပင်တပန်းနဲ့ တကထဲ ဖတ်ဖတ်မောအောင် စီးပွားတွေရှာပြီးတော့ ညည်းဟာ ပိန်ခြောက်ပြီးတော့ ညည်းဟာလူရာမဝင်ဖူးဆိုလို့ရှိယင် ညည်းလူက ညည်းကိုအထင်သေးမှာ၊ ဒီတော့ ညည်းကိုညည်းလေ သတိထားလိုက်စမ်း၊ ကျန်းမာရေးကို သတိထားလိုက်စမ်းပါ၊ ဒီဘဝအတွက် စီးပွားရေးကို မကုန်တန်မကုန်ရအောင် သတိထားလိုက်စမ်းပါ၊ ဒီဘဝအတွက်ရှာဖွေတဲ့အခါမှာ အကုသိုလ်ပါပြီးတော့ မရှာလိုက်စမ်းပါနဲ့။

၁၉ ၆ ၆ ၈

**ဈေးသည်မများ ဝတ္ထုစဉ်းစား။** ။ဘုန်းကြီး ဟောသွားတဲ့ တရား ထဲမှာ ကြည့်စမ်း၊ ဈေးသည်မတွေလေ မတရားစီးပွားရှာပြီးတော့ ပြိတ္တာဖြစ်ကြတယ်တဲ့၊ ဈေးသည်မတွေ ပြိတ္တာဖြစ်တော့ ယောကျ်ားတွေက များလိုက်ပြီးသကာလ ဈေးသည်မတွေ ပြိတ္တာဆီကို အကူအညီပေးသလားလို့ဆိုတော့ ဘယ်ဟုတ်မလဲ၊ သူတို့က နောက်အိမ်ထောင်တွေနဲ့ ချမ်းချမ်းသာသာ နေလိုက်ကြတာပေါ့၊ ဒီတော့ ဒီတရားတွေကိုလေ ကိုယ့်စိတ်ထဲမှာ စဉ်းစဉ်းစားစားစဉ်းစားပြီးတော့ မတရားမရှာလိုက်စမ်းပါနဲ့။

ကိုယ့်ကိုယ်ကို ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ ဖြစ်အောင်နေပြီးတော့ တရားသဖြင့် စီးပွားရှာစမ်းပါ၊ ကိုယ့်ကိုယ်ကို မတရားစီးပွားရှာလို့ရှိယင် ကိုယ်နစ်နာလိမ့်မယ်၊ အဲဒီလိုစိတ်ထဲမှာစွဲပြီးတော့ ငါ့ကိုယ်ငါကောင်းအောင်နေမယ်၊ ငါ့ကိုယ်ငါသူတော်ကောင်း ဖြစ်အောင်နေမယ်၊ ငါ့ကိုယ်ငါ ကျန်းမာအောင်နေမယ်၊ ငါ့အိမ်သူ အိမ်သားတွေရဲ့ ဝတ္တရား ငါစောင့်ရှောက်ပေးမယ်၊ ဝတ်ကျေအောင် ငါကောင်းကောင်း စောင့်ရှောက်ပေးမယ်၊ ထင်ရှားတဲ့အမျိုးသမီးကောင်းတယောက်ဖြစ်အောင် ငါကြိုးစားမယ်၊ ထင်ရှားတဲ့အိမ်ထောင်သည်တယောက်ဖြစ်အောင်ကြိုးစားမယ်၊ ဟောသလိုဘက်ကကြိုးစားပါ၊မတရားစီးပွားရှာပြီးတော့ မတရား လုပ်ကိုင်ကျွေးမယ်ဆိုတဲ့ စိတ်မျိုးကိုတော့ နည်းနည်းကလေးမှ မထားလိုက်ကြနဲ့။

**ပြုသမျှအသစ် ဖြစ်သမျှအဟောင်း**။ ။ဝေဝံသတိ၊ ကိုယ့်ကိုယ်ကိုသာလျှင် အခင်မင်ဆုံး အချစ်ဆုံးဟု လုံးလုံးခွဲခြား နားလည်ထားသည်ရှိသော်။ နံအတ္တာနံ၊ ခုလည်းကိုယ့်ကိုယ် နောင်ကိုယ့်ကိုယ်ဟု သိုကလိုသိရှိ ထိုမိမိကို။ သုရက္ခိတံ၊ တရားကြောင်းအရာ မစောင်းပါပဲ ကောင်းစွာမပြတ် စောင့်ရှောက်အပ်သည် မည်လောက်အောင်။ ရက္ခေယျ၊ သတိတရား သက်ကိုင်ထား၍ မခြားပုံသေ စောင့်ရှောက်လေရာ၏။ ပဏ္ဍိတော၊ ပြုသမျှအသစ် ဖြစ်သမျှအဟောင်း မကောင်းလဲငါ ကောင်းလဲငါဟု ကောင်းစွာမြင်သိ ပညာရှိသည်။

စဉ်းစားလိုက်စမ်းနော်၊ ယခုဖြစ်နေတဲ့ ဥစ္စာတွေ အဟောင်းချည်းပဲ၊ ဒီဘဝမှာ အမျိုးကောင်းထဲမှာ ဖြစ်လာပြီဆိုလျှင် ရှေးတုန်းကမာန်မာနတွေမရှိပဲနဲ့ ကောင်းခဲ့လို့ ငါအမျိုးကောင်းထဲလာဖြစ်တယ်၊ ရှေးကအဟောင်းတွေ လာဖြစ်တယ်၊ ဒီဘဝမှာ ရုပ်အဆင်းလှလှပပလေး လာဖြစ်တယ်ဆိုလို့ရှိယင် ရှေးတုန်းက ငါဒေါသမကြီးပဲနဲ့ မေတ္တာထားပြီး အေးအေးဆေး နေခဲ့လို့ ရုပ်အဆင်းလှလှပပလာဖြစ်တယ်၊ ဒီဘဝမှာ အရုပ်ဆိုးဆိုးကြီး လာဖြစ်လို့ရှိယင် ရှေးတုန်းကငါလေ ဒေါသကြီးခဲ့လို့၊ ဒေါသကြီးတယ်ဆိုတဲ့ဥစ္စာဟာ လှနေတဲ့သူတောင်မှ မျက်နှာတွေ ဘာတွေပျက်သွားသေးတယ်၊ ဒီတော့ ဒီဒေါသ အကျိုးပေးလို့ရှိယင်ဖြင့် ရောက်လေရာရာဘဝမှာ မလှတဲ့အကျိုးပေးမှာပဲ။

**ဒီဘဝမှာပြုပြင်ပါ။** ။ဒီဘော့လေ ငါ ဒီဝဘမှာ ဒေါသ မကြီးစေရဘူးဟဲ့၊ ငါဘယ်လောက် အမျိုးတွေမြတ်ပြီး ဘယ်လောက်ပင်စည်းစိမ်ဥစ္စာတွေ ကြီးပေမယ်လို့ ငါမာန်မာနကြီးမကြီးစေဘူးဟဲ့၊ မာန်မာနကြီးလို့မို့ အမျိုးအောက်တန်းကျတယ်၊ မာန်မာနမကြီးတဲ့ သူတွေဟာ အမျိုးအထက်တန်းကျတယ်၊ ဒေါသကြီးလို့မို့ အရုပ်ဆိုးတယ်၊ ဒေါသမကြီးတဲ့သူတွေဟာ ရုပ်အဆင်းလှပတယ်၊ ဣဿာတရားတွေအားကြီးလို့ ကိုယ့်ထက်သာယင် မနာလိုတဲ့သူတွေဟာအခြွေအရံနဲတယ်၊ ကိုယ့်ထက်သာယင် မနာလိုစိတ်မရှိပဲနဲ့ မေတ္တာထားပြီးတော့ "တော်ကြပါပေတယ်"လို့ ဝမ်းမြောက်ဖော်ရတဲ့သူတွေဟာ ဒီဘဝမှာ အခြွေအရံတွေများတယ်။

ကိုယ်ကလေ တတ်သိတဲ့ဥစ္စာတွေကို သူများတတ်သိစေချင်လို့ တတ်သိအောင်လဲ ဟောပြောပြီးနေလို့ ကိုယ့်အိမ်မှာရှိနေတဲ့ အတူတူနေကြတဲ့သူတွေပဲ သူတို့နားလည်အောင်ဆိုပြီးတော့ ကိုယ်တတ်သမျှတွေပြောပေးလို့၊ အဲသလိုပုဂ္ဂိုလ်တွေဟာ ဖြစ်လေရာဘဝမှာ ပညာတတ်တယ်၊ ကိုယ့်ပညာကိုလေ သူများတတ်သိမှာစိုးပြီးသကာလ လျှို့ဝှက်ထားတဲ့သူတွေဟာ ဖြစ်လေရာဘဝမှာ အောက်ကျနောက်ကျ အဖျင်းအအ ဖြစ်နေတတ်တယ်၊ အဲသလိုတွေးပြီးတော့—

**ဘာမျှမကောက်နဲ့စိတ်ကောင်းထား။** ။ပဏ္ဍိတော၊ ပြုသမျှအသစ် ဖြစ်သမျှ အဟောင်း မကောင်းလဲငါ ကောင်းလဲငါဟု ကောင်းစွာ မြင်သိ

ပညာရှိသည်။ အခုဖြစ်နေတဲ့ဥစ္စာ အဟောင်းတွေပဲ၊ ဘာမျှ မကြာဘူး ပြောင်းသွားမယ်၊ ဘာမှမကြောက်နဲ့၊ အရုပ်ဆိုးလဲ မကြောက်နဲ့၊ အမျိုးညံ့လဲ မကြောက်နဲ့၊ ပစ္စည်းဥစ္စာ မရှိလဲ မကြောက်နဲ့၊ ဉာဏ်ပညာထိုင်းမှိုင်းနေလဲမကြောက်နဲ့၊ ဒီဘဝမှာ စိတ်ကောင်းလေးသာထားပါ၊ စိတ်ကောင်းလေး ထားလိုက်တဲ့ အသစ်တွေကလေ လာမဲ့ဘဝပေါင်းများစွာမှာ အကျိုးလာပြီး တော့ ပေးမယ်။

ပဏ္ဍိတော၊ ပြုသမျှအသစ် ဖြစ်သမျှအဟောင်း မကောင်း လဲငါ ကောင်းလဲငါဟု ကောင်းစွာမြင်သိပညာရှိသည်။ တိဏ္ဏံ၊ နှစ်ဆယ့်ငါးနှစ် သင့်အောင်ဆင်၍ သုံးရစ်ပိုင်းခြား အရွယ်သုံး ပါးတို့တွင်။ အညတရံယာမံ၊ ယုတ်စွအဆုံး နောက်ပိတ်တုံးဟု ခေါ်ထုံးအရ ပစ္ဆိမအရွယ်ကို။ ပဋိဇဂ္ဂေယျ၊ အပြစ်မနှော စင်းလုံးချောအောင် ဆေးကြောသုတ်သင်ရာသတည်း။

သာဓု......သာဓု......သာဓု....

**အသက်ကြီးလာယင် စဉ်းစား။** ။ဒီတော့ ဒီလိုစောင့်ရှောက် ပြီးတော့ ကိုယ့်ကိုယ်ကိုလေ အသက်လေး နည်းနည်းရင့်လာပြီဆိုပါတော့ အသက်ရင့်လာတဲ့ အခါကျတော့ အတွေးအခေါ်က တမျိုးကြီးဖြစ်နေတယ်၊ ငါ အသက်ကြီးပြီ၊ သေရတော့မယ်၊ ငါအသက်ကြီးပြီ ဘဝကူးရ

တော့မယ်၊ ဘဝကူးတဲ့အခါကျတော့ ဘယ်သူတွေဟာ ဘာများ တွန့်ဆုတ်တွန့်ဆုတ် ဖြစ်တတ်သလဲ၊ ဘာကြောက်ရွံ့ ကြောက်ရွံ့ ဖြစ်တတ်သလဲ၊ အဲဒါလေးလေ မစဉ်းစားလို့မဖြစ်ဘူး၊ ဥပမာ-ဒကာသူတော်ပဲဆိုပါတော့ တသက်လုံး တကတဲ ပစ္စည်းဥစ္စာနဲ့ ဘာနဲ့ လူကြီးလုပ်ပြီးသကာလ လူထဲမှာထင်ရှားတဲ့သူတယောက် ဖြစ်တယ်ဆိုပါတော့။

**ရဲရဲသေဖို့အရေးကြီး။** ။အဲသလို ထင်ရှားတဲ့သူတယောက်က သေကာနီး ကျတော့ ကြောက်ရွံ့ ကြောက်ရွံ့နဲ့ တသက်လုံး သူများအထက်မှာ မျက်နှာထား တင်းတင်းနဲ့ နေလာပြီးနောက် သေခါနီးကျမှ မျက်နှာလေး ငယ်ငယ်နဲ့ တကတဲ ယမမင်းရဲ့အောက်မှာ ကြို့ပြီးသကာလ ပြားပြားဝပ်ရမဲ့ အခြေအနေမျိုးဟာ သိပ်ကြောက်စရာကောင်း တာပဲ၊ ဒီတော့ ဘုန်းကြီးက သေလဲရဲရဲသေဖို့ အရေးကြီးတယ်၊ ကိုယ့်ကိုယ်ကိုအချစ်ဆုံးလို့ သတ္တိကောင်းကောင်းနဲ့ လာတဲ့သူ ဟာလေ သေယင်ရဲရဲသေကြရမယ်၊ ဘာပြုလို့မရဲကြသလဲဆိုတဲ့ ဥစ္စာလဲ ဘုန်းကြီးတို့စဉ်းစားရမယ်၊ ဒကာသူတော်ရဲ့ လက်တွေ့ စဉ်းစားကြည့်ပါ၊ မိမိယခုနေတဲ့ အိမ်ယာ တိုက်တာတွေဟာ ဒီထက် အဆပေါင်းများစွာထိုက်တန်တဲ့ အသစ်တခု တည်ပေး ပါရစေလို့မျှား လာပြောလို့ရှိယင် မူလအဟောင်းဖြစ်တဲ့ တိုက် တာကို ဖျက်ရမှာ စိုးသေးသလား၊ ဒါလေး စဉ်းစားရမယ်၊ မဆိုးပါဘူး ဘာပြုလို့လဲ၊ ဒီထက်ကောင်းတဲ့ တိုက်တာ ဒီမှာ လာပြီးတော့ တည်ပေးမယ်လို့ ပြောတယ်။

**အကောင်းရယင် အဟောင်းစွန့်ရဲ။** ။ကဲ ဘုန်းကြီးမှာပေါ့ ဘုန်းကြီးနေတဲ့ နေရာကလေး အရှင်ဘုရားနဲ့ သပ္ပာယဖြစ်တဲ့ ကျောင်းတကျောင်း တပည့်တော်ပြင်ဆောက်ချင်လို့ ဒီနေရာလေး နှစ်သက်သလား ငါ့အဟောင်းကလေး နှစ်တော့နှစ်သက်သကွဲ့၊ ဒါဖြင့် ဒီထက်ကောင်းကောင်းကလေးဘုရား အရှင်ဘုရားသပ္ပာယဖြစ်အောင် ဆောက်ပေးမယ်ဆိုယင် ဒီအဟောင်းကလေးကို ဖျက်ရက်သလား မဖျက်ရက်ဘူးလား၊ အာ-ဒီထက်ကောင်းမှာဆိုတော့ ဖျက်ပြစ်လိုက်တာပေါ့ ရဲရဲကလေး၊ ဒါထုံးစံ၊ အဲဒီလိုပဲ ဘုန်းကြီး ဒီကအလှူ့ဒကာ အလှူ့အမတွေ ဒီထက်ကောင်းတဲ့ ခန္ဓာကိုယ်နဲ့ ဒီထက်ကောင်းတဲ့ ဘဝမျိုးကိုရမယ်၊ ဒီဘဝကလေး ဒီခန္ဓာကိုယ်ကလေးကို နှမြောသေးသလားဆိုတော့ နဲနဲတော့ နှမြောတယ်၊ ဒါပေမယ့် အိုနေပြီလေ၊ ဟောင်းနေပြီလေ၊ ရင့်ရော်နေပြီလေ၊ ဒီထက်ကောင်းတဲ့ခန္ဓာကိုယ်ရမှာပဲလို့ သေချာသလား၊ သေချာတယ်၊ သေချာယင် ဒီခန္ဓာကိုယ်ဘယ်နှလုပ်မလဲ၊ "အာ-ဒါတော့ပျောက်သွားပါစေပေါ့ ဘာကိစ္စရှိလဲ၊ ဒီထက်ကောင်းတဲ့ခန္ဓာကိုယ်ရမှာပဲ စွန့်ရဲပါတယ်"။

**ဇရပ်ဟောင်းကြီး ဖျက်သလို။** ။ဥပမာ-နဂိုက ဒီနေရာမှာ ဇရပ်ဟောင်းကြီး တခုရှိတယ်ဆိုပါတော့ အဲဒီဇရပ်ဟောင်းနေရာမှာ ဒီလိုကောင်းတဲ့ ဓမ္မာရုံကြီး တခုဆောက်ပါမယ်လို့ဆိုယင် ဘုန်းကြီး ကန့်ကွက်မလား၊ ဒီက ဘုန်းကြီးက "ဟဲ့-မဆောက်ရဘူး၊ ငါ့ဓမ္မာရုံနေရာမှာ မဆောက်

ရဘူး၊ ငါ့အဟောင်းမဖျက်နဲ့လို့” ကန့်ကွက်မလား မကန့်ကွက်ဘူးလား ဘာပြုလို့လဲ၊ “ဟ-မြန်မြန်ဖျက်ပါ ဘယ်တော့ဖျက်မှာတုန်းဒကာရ၊ မင်းကွာ ဒီနွားတကတဲ အုတ်ဓမ္မာရုံကြီး တည်မယ်လို့ဆိုတဲ့ဥစ္စာ ဖျက်၊ မဖျက်သေးဘူးလား” “ဟော- သူကကြာကြာနေအောင် ထားဘောင်မထားချင်ဘူး၊ ဖျက်စေချင်တယ်” “ဒီလိုမဆောက်ပါဘူး၊ ရိုးရိုးသားသား နဂိုအတိုင်းပါပဲ၊ လှင်ပြင်ကြီးပါပဲ”လို့ ဆိုလို့ရှိယင်“မဖျက်ပါနဲ့မောင်ရငါ့ဓမ္မာရုံလို ဘုန်းကြီးကန့်ကွက်မယ်”။

အဲဒီလိုပါပဲ ခန္ဓာကိုယ်အသစ်က ဒီထက်သာယာတဲ့ ဘဝမျိုးကိုရမယ်ဆိုလို့ရှိယင် လက်ရှိဘဝ ခန္ဓာကိုယ်ကို စွန့်ရမှာမကြောက်ပါဘူး၊ ဒီတော့ ဘုန်းကြီးတို့ မကြောက်တဲ့တရားကိုစဉ်းစားရမယ်၊ လက်ရှိဖြစ်တဲ့အခြေအနေကို နာနာကြီးစဉ်းစားကြည့်ရမယ်။

**အိုခြင်းကသေခြင်းပို့။** ။ဇရာယ မရဏံ လောကော ဥပနိယတိ အဒ္ဓုဝေါ၊[၁]

အယံလောကော၊သူရောကိုယ်ပါ များပြားစွာတောင်း ဤသတ္တဝါအပေါင်းကို။ဇရာယ၊ တရွေ့ရွေ့တငွေ့ငွေ့နှင့် တနေ့နေ့မှာ အိုရခြင်းတည်းဟူသောဇရာတရားက။ မရဏံ၊ ဥစ္စာစည်းစိမ်ဂုဏ်သိန်ကိုဖျက် အသက်ပါခွဲ မျက်နှာလွှဲ၍ တကာတဲ ကွေကွင်း

(၁) ရဋ္ဌပါလသုတ် ရာဇဝဂ် မဇ္ဈိမပဏ်-၂၅၆ (စုဏ္ဏိယကို-ဂါထာပါဒပြုထားသည်)

သေရခြင်းဟူသောမရဏာသို့။ ဥပနိယတိ၊ မကွင်းမရှင်း အတင်းဆောင်လျက် တသွင်းထဲ သွင်းနှောင်၍ ထားအပ်လေ၏။ အဒ္ဓုဝေါ၊ မြဲမြံခိုင်ခံ့ အရှည်ခန့်၍ တည်တံ့နိုင်သူဘလူတယောက်မျှ မပေါ်ပေါက်ခဲ့ကြချေ။

ဟောဒီတရားကလေးဟာလေ မြတ်စွာဘုရား ဟောထားတဲ့ ရဋ္ဌပါလဆိုတဲ့ သဒ္ဒေးသားကို မြတ်စွာဘုရားဟောထားတယ်၊ ဒီဝမ်းထဲမှာ အမြဲပါနေတဲ့ ဇရာဆိုတဲ့ တရားရှိတယ်၊ကလေး ကလေး ငယ်ငယ်ကလေးလဲပါနေတယ်၊အဲဒီဇရာတရားကလေ နေ့စဉ် နေ့စဉ် တငွေ့ငွေ့အိုအိုပေးနေတယ်၊ ဘုန်းကြီး ဒကာသူတော်ဝမ်းထဲမှာ ဇရာဘရားပါနေတယ်၊မပါနဲ့ဆိုလို့ကို မဖြစ်ဘူး၊ပါနေဘယ်။

**အိုခြင်းသဘော**။ ။အဲဒီဇရာတရားက ဖြစ်ပြီးတော့ ပျက်လိုက် နောက်တခါထပ်ဖြစ်လိုက် နဲနဲကလေး ညှို့သွားလိုက် ဖြစ်ပြီးတော့ပျက်လိုက် နောက်တခါ ထပ်ဖြစ်လိုက် နဲနဲကလေးညှို့သွားလိုက် ဘယ်သူညှို့၊ ကံအရှိန်ညှို့၊ ကံအရှိန်ညှို့တော့ ဇရာက တဖြေးဖြေးကလေး နှိပ်စက် နှိပ်စက်ပြီးတော့ ဒီခန္ဓာကိုယ်ပေးလိုက်တာ မအိုနိုင်တဲ့သူ တယောက်မှ မပါဘူး၊ ဘယ်သူမှ မြဲပြီးတော့ ပျိုပျိုရွယ်ရွယ်ဘဝတဲ့ ခနိုင်သူ တယောက်မှမပါဘူး။

အယံလောကော၊ သူရောကိုယ်ပါ များပြားစွာသော ဤသတ္တဝါအပေါင်းကို။ ဇရာယ၊ တရွေ့ရွေ့တငွေ့ငွေ့နှင့် တနေ့နေ့မှာ အိုရခြင်းတည်းဟူသော ဇရာဘရားက-သူကဘယ်ထိအောင်

များပို့နေတုန်း။ မရဏ၊ ဥစ္စာစည်းစိမ် ဂုဏ်သိန်ကိုဖျက် အသက်ပါခဲ့ မျက်နှာလွှဲ၍ တကတဲကွေကွင်း သေရခြင်းတည်းဟူသော မရဏသို့။ ဥပနိယတိ၊ မကွင်းမရှောင် မတင်းနှောင်လျက် တသွင်းထဲသွင်းဆောင်၍ နေအပ်လေတော့သတည်း။

နေ့စဉ် ခု-ဘုန်းကြီးတရားဟောစတုန်းကအသက်နဲ့ တရားဟောစတုန်းကရုပ်နဲ့ တဖြေးဖြေး သေဖက်ပို့နေတယ်၊ ဘယ်သူကပို့နေတုန်း၊အတွင်းကဇရာတရားကပို့နေတယ်၊ဟိုကနတ်တွေကပို့တာမဟုတ်ဘူး၊ ရန်သူကပို့တာမဟုတ်ဘူး၊ အတွင်းမှာ ရှိတဲ့ဇရာတရားက ဘုန်းကြီးကို သေဖက် နီးနီး-နီးနီး-နီးနီး လာအောင်ပို့နေတယ်၊ ခုတရားဟောတဲ့ဥစ္စာဟာ နာရီဝက်လောက်ကြာသွားပြီ၊ ဘုန်းကြီးကိုအတွင်းက ဇရာတရားက သေဖက်ကို နာရီဝက် ဆက်ဆက် ဆက်ဆက်ပြီးတော့ပို့ နေတယ်။

**နွားသတ်ရုံ အပို့ခံရတဲ့ နွားလို။** ။**တလှမ်းချင်း တလှမ်းချင်း** ဟို—သတ်မဲ့ နွားသတ်ရုံကို

ယူသွားတဲ့နွား၊ ဒီကနေပြီးတော့ မန္တလေးနွားသတ်ရုံကို ယူသွားတဲ့နွားဟာ လှမ်းတိုင်း လှမ်းတိုင်း-လှမ်းတိုင်း လှမ်းတိုင်း သေဖက် နီးလာတယ်၊ သူကတော့မသိဘူး၊ နွားကမသိဘူး၊ ဒီကြားထဲ မြက်စိုလေးတွေ ဘာလေးတွေ တွေ့ယင် သူဝမ်းမြောက်ဝမ်းသာ စားအုံးမယ်၊ သို့ပေမယ့် တလှမ်းချင်းတလှမ်းချင်း သေဖက်နီးလာတယ်၊ သူကတော့ မသိဘူး၊ ရေကလေးကောင်းကောင်းကလေးတွေတော့ သူဝမ်းမြောက် ဝမ်းသာသောက်ဦးမယ်၊ တလှမ်းချင်းတလှမ်းချင်း ဟိုမှာတော့ နီးပြီ၊

ပျော်ပျော်ပါးပါး ခံစားစရာရှိလို့ရှိယင် သူခံစားလိုက်ဦးမယ်၊ သူကတော့မသိဘူး၊ သို့ပေမယ့် တလှမ်းချင်း ဟိုသားသတ်ရုံကို ပို့နေတယ်၊ အဲသလိုပဲ။

ဘုန်းကြီးက အမှတ်တမဲ့နဲ့၊ ဒကာသူတော်က အမှတ်တမဲ့၊ ဝမ်းထဲရှိတဲ့ဇရာတရားက တရွေ့ တရွေ့ တရွေ့၊ ခုဘုန်းကြီးက ပြောယင်း ပြောယင်း သူက တရွေ့ တရွေ့ သေဖက်ပို့နေတယ်၊ ဒါလေးကို နားလည်ရမယ်၊ ကောင်းပြီ ဒီလိုပို့တော့ကို အားကိုးစရာများရှိသလား၊ ဒီလိုတရွေ့တရွေ့နဲ့ သေဖက်ပို့နေတဲ့ဥစ္စာ အားကိုးစရာများ ရှိသလားဆိုတော့။

ဘုရားက—

အတာဏောယံ သဗ္ဗောလောကော ကေန္တုအနဘိဿရော။[၁]

**အားကိုးစရာ ဘာမှမရှိ။** ။အယံ သဗ္ဗောလောကော၊ ဤသူ ရောကိုယ်ပါ များပြားစွာတောင်း သတ္တဝါအပေါင်းသည်။ အတာဏော၊ တကယ့်အရေး တကယ့် ဘေး၌ တကယ့်သွေး တကယ့်သားဟု အားထားလောက်စရာ တစုံတယောက်မျှမရှိချေ။ ကေန္တုအနဘိဿရော၊ စင်စစ်ကေန် ဘေးကိုပြန်၍တွန်းလှန်ရုန်းတယ် ပုန်းကွယ်စရာလည်း မရှိချေလို့ ဟောတော်မူတယ်။

---

၁။ ရဋ္ဌပါလသုတ်၊ ရာဇဝင်၊ မဇ္ဈိမပဏ္ဏာ၊ ၂၅၆၊ (စုဏ္ဏိယကို ဂါထာပါဒပြုသည်။)

မရှိပါဘူး၊ ဘုန်းကြီးကို ဇရာကပို့နေတဲ့ဥစ္စာ၊ ဘုန်းကြီးက "ဟေ့-ဇရာရပ်ဟေ့၊ ပြောလိုက်စမ်းပါကွ ဇရာရပ်လို့"၊ ဆွေတွေမျိုးတွေ အကုန်လုံးလာပါတော့လား၊ ဇရာက ငါ့ကိုသေအောင်ပို့နေတဲ့ဥစ္စာ၊ ရပ်လို့ပြောပါလား မရဘူး၊ အို....ဒါဖြင့် ဇရာ ပြောစမ်းပါ၊ လက်ဆောင်ပေးမယ် လက်ဆောင်ပေးမယ်၊ ရာပေါင်း ထောင်ပေါင်းများစွာ လက်ဆောင်ပေးမယ်၊ ဇရာ ရပ်ပါ၊ ရမလား၊ ဟာဒါလဲမရဘူး၊ သိန်းသန်းကုဋေချီပြီးတော့ ပေးမယ်ရပ်ပါ၊ အာ-မရပ်ဘူး။

**ဇရာကိုမတားနိုင်**။ ။အတာဏော၊ တကယ့်အရေး တကယ့်ဘေး၌ တကယ့်သွေး တကယ့်သားဟု အားထားလောက်စရာ တစုံတယောက်မျှမရှိချေ။ ဒကာသူတော် တစုံတယောက်က နှောင့်ယှက်မယ်ဆိုလို့ရှိယင် ဘေးက မိမိဆွေတွေမျိုးတွေ လုပ်သူကိုင်သားတွေက "အို-လာခဲ့သတ္တိရှိလာခဲ့၊ အောင်မာ လူချင်းယှဉ်မလား ငွေချင်းယှဉ်မလား ပစ္စည်းချင်း ယှဉ်မလား အမျိုးချင်းယှဉ်မလား၊ လာခဲ့"။

ဒီလောက်တော့ သူတို့ အားကိုးရသားပဲ၊ ဒီလောက်တော့ အားကိုးရသားပဲ၊ ဒီဒကာသူတော်ရဲ့ဝမ်းတွင်းပါ ဇရာတရားကို "မင်းလူမောင်ဟိုက မင်းတို့ဆရာကြီးကိုလေ သေအောင် ခုဘဲ ဖြေးဖြေး ပို့နေတယ်ကွ၊ မင်းတို့ဘယ့်နှယ်လုပ်ကြမလဲ" "တတ်နိုင်ဘူးဗျာ- ကျုပ်တို့မတတ်နိုင်ဘူး" ပစ္စည်းတွေကိုကွာ ပုံပြီး ပေးလိုက်ယင် ဟာဇရာက ဖြုန်တောင်မဖြုန်ဘူး၊ ဒါကြောင့်—

**ပုန်းစရာလည်းမရှိ။** ။အတာဏော၊ တကာယ့်အရေး တကာယ့် ဘေး၌ တကာယ့်သွေး တကာယ့်သားဟု အားထားလောက်စရာ တစုံတယောက်မျှမရှိချေ၊ ကေန္တအနုဘိ သဃရော၊စင်စစ်ကေန် ဘေးကိုပြန်၍ တွန်းလှန်ရုန်းဖယ် ပုန်းကွယ် စရာလည်းမရှိချေ။ ပုန်းကြည့်ပါတိုက်ကြီးထဲဝင်ပုန်းပါ၊တောင် ကြီးထဲဝင်ပုန်းပါ၊ တောင်ကြီးထဲမှာ လိုဏ်တူးပြီး သကာလ ဝင်ပုန်း၊ လွတ်မလား၊ ကောင်းကင်တက်ပြီး သကာလ နေပါ၊ လွတ်မလား နောက်ဆုံး ငြှပ်မှာဖြစ်နေဦး လွတ်မလား။

**ကေန္တအနုဘိသဃရော၊** စင်စစ်ကေန် ဘေးကိုပြန်၍ တွန်း လှန်ရုန်းဖယ် ပုန်းကွယ်စရာလည်းမရှိချေ။ ဟော၊ တရားနှစ်ပုဒ် နော် ပထမက ဇရာကမသေမချင်း သေအောင်ကို ပို့နေတယ်၊ တလှမ်းချင်းတလှမ်းချင်း သားသတ်ရုံကိုပို့နေတဲ့နွားလိုပဲ အချိန် ရှိသ၍ မိနစ်ရှိသ၍ ပို့ပြီး ပြီးနေတယ်၊ မအိုအိုအောင် မသေသေ အောင် ဇရာကပို့နေတယ်၊ အဲသလိုပို့နေတဲ့နေရာမှာ "တန့်ဟေ့ ရပ်တော့"လို့ အာဏာပေးနိုင်တဲ့သူ ဆွေထဲမျိုးထဲက တယောက် မျှမရှိ၊ "ရော့လက်ဆောင်ယူပါ"လို့ လက်ဆောင်ထိုးလို့လဲမရ၊ ဘယ်စည်းစိမ်ဥစ္စာတွေပေးလို့လဲမရ၊ အဲသလိုနေရာကလေ ဘုန်း ကြီးတို့ ဝမ်းတွင်းပါ ကြောက်စရာကောင်းတာက-

**ကိုယ်ပိုင်ဥစ္စာမရှိ။** ။အဿကောယံ သဗ္ဗောလောကော ဇဟံ- သဗ္ဗံ ဂမိဿတော။[၁] အယံ သဗ္ဗောလော ကော၊ သူရော ကိုယ်ပါ များပြားစွာတောင်း ဤသတ္တဝါ

[၁]။ ရဋ္ဌပါလသုတ်၊ ရာဇဝဂ်၊ မဇ္ဈိမပဏ်၊ ၂၅၆ (စုဏ္ဏိယကို ဂါထာ ပါဒ ပြုထားသည်။)

အပေါင်းသည်၊ အဿကော၊ ကိုယ်ပိုင်ဥစ္စာဟု ပြုစရာတခုကမျှ မရှိငချေ။ သဗ္ဗံ၊ ကြွင်းမဲ့ဉဿုံ အလုံးစုံကို။ ဇဟံ (ဇဟန္တော) ပယ်ခွာပစ်စွန့်၍၊ ဇဟံ(ဇဟန္တော)ပယ်ခွာရှောင်ရှား စွန့်ပစ်ထား လျက်။ ဂမိဿတော၊ ကံ၏ညွှန်ရာ မလွန်သာအောင် ဝန်တာ ကိုထမ်း ပရမ်းပတာ သွားရာရှာလိမ့်လတံ့-

ဘယ်သူမှ ကိုယ်ပိုင်ဥစ္စာမရှိဘူး၊ ပြောမယ် ဒကာသူတော်က "တပည့်တော်ရဲ့ အသက် တပည့်တော်ရဲ့တိုက် တပည့်တော်ရဲ့ အတွင်းအပြင် ပစ္စည်းတွေကို ပိုင်တယ်မဟုတ်ပါလား၊ "ဟုတ်ပ ခဏပ-ဒါက ညာနေတာ ခဏလေးတော့ဟုတ်ပ၊ ပိုင်သလိုပါပဲ။

**အကုန်လုံးကျန်ရစ်ခဲ့။** ။ကိုင်း စိတ်ကူးနဲ့ စိတ်ကူးနဲ့ ဘုန်းကြီး ရောပေါ့လေ တယောက်ထဲ ဆိုတော့ အားငယ်နေရော့မယ်၊ဘုန်းကြီးရောဒကာသူတော်ရော ဒီဘဝက စွန့်ပြီးတော့ဟိုဖက်ဘဝမှာပဋိသန္ဓေနေလိုက်ကြသည်နှင့်တပြိုင်နဲ့ ဘုန်းကြီးကလဲ ဘုန်းကြီးကျောင်းတိုက်တွေကို ဘုန်းကြီး မပိုင်၊ ဘုန်းကြီးရဲ့ ပညာတွေတောင်မှ ဘုန်းကြီးမပိုင်၊ ဒကာ သူတော်ကလဲ ဒကာသူတော်ရဲ့စက်မပိုင်၊ ပဋိသန္ဓေလို့ ဆိုသည် နှင့်တပြိုင်နဲ့ အကုန်လုံးကျန်ရစ်ခဲ့တယ်၊ အကုန်လုံး မပိုင်ဘူး၊ အဲဒီတော့ "အဲဒီမပိုင်တဲ့ ပစ္စည်းတွေကို ဘုရားတရားတော်အရ ဘယ်လိုပိုင်အောင် လုပ်မလဲ" လို့ မေးစရာရှိတယ်။

**ကိုယ်ပိုင်ပစ္စည်းဖြစ်အောင်လုပ်။** ။မြတ်စွာဘုရားက "အိမ်မှာ မီးလောင်တဲ့အခါကျတော့ ရနိုင်သမျှ ထုတ်ယူလိုက်တဲ့ပစ္စည်းဟာ ကိုယ်ပိုင်ပစ္စည်း ဖြစ်တာ

လိုပဲတဲ့၊ ဇရာမီးက လောင်နေတယ်၊ မရဏမီးက လောင်နေတယ်၊ ဇရာမီး မရဏမီးလောင်နေတဲ့အခါမှ စွန့်ကြဲပေးကမ်း လှူဒါန်းသောအားဖြင့် ထုတ်ယူလိုက်ပါ”တဲ့၊ ဟာ-ဟိုဖက်ဘ၀ပါလာပြီ၊ ဒကာသူတော် ယနေ့အင်မတန်လှပတင့်တယ် ခမ်းနားတဲ့ ဇရပ်ကြီးကို ဓမ္မာရုံကြီးကို ယနေ့ပရိသတ်တွေနဲ့ တရားနာပြီးတော့ လှူဒါန်း ရေစက်ချပူဇော်တယ်၊ ဘုရားသာသနာ ပူဇော်တယ်၊ မြတ်စွာဘုရားကို ပူဇော်တယ်၊ ဒါ့ကြောင့် အဲဒါငွေတွေက ဘယ်လောက်ကုန်သွားတယ်လို့ ဆိုပေမယ့် အဲဒီကံ ကုသိုလ်စေတနာကတော့ ဒကာသူတော်လဲပါလာပြီ၊ “အား....ဒီဟာ ပိုင်တယ် ဒီဟာပိုင်တယ်”၊ ဘုန်းကြီးက “ဘုန်းကြီးကိုဘုန်းကြီး မပိုင်ဘူး” ဆိုပေမယ့်လို့ ယနေ့ “ပရိသတ်ကြီးတွေကို ဘုန်းကြီးက မေတ္တာကရုဏာရှေ့ထားပြီးတော့ နားလည်ပါစေလို့ဆိုပြီး တရားဟောနေတဲ့ စေတနာတွေကတော့ ပိုင်သွားပြီ၊ ဘုန်းကြီးပိုင်သွားပြီ”။

နာရီဝက် နာရီသုံးမတ်လောက် အချိန်မှာ ဇရာကတော့ မရှော့ဘူး၊ သေအောင်ကြိုးစားပြီးတော့ ပို့နေတယ်။

**ကျမ်းစာတွေပူဇော်**။ ။အဲ ဘုန်းကြီးကလဲ ဇရာမီးလောင်တဲ့ အချိန်မှာ ဘုန်းကြီး စေတနာတွေ ဘုန်းကြီး ယူလာလိုက်တဲ့ဉစ္စာ ဘုန်းကြီး အတော်ပိုင်သွားပြီ၊ ဒကာသူတော်က စာအုပ်တွေကိုကြည့်ပြီးတော့ “ကျမ်းစာတွေ အင်း ဒီကျမ်းစာတွေကို ကျောင်းတိုက်က ရှိတဲ့ ကိုယ်တော်တွေ သံဃာတွေထဲက ချတဲ့ ဘုန်းကြီးကချမယ်၊ သင်တဲ့ ဘုန်းကြီးက သင်မယ်၊ ချလို့ သင်လို့ သူတို့နားလည်တော့ ဒီဘုန်းကြီး ဟော

သလို ဒိုတတွေကို ဟောကြလိမ့်မယ်၊ နောက် လူငယ်တွေကို ဟောရစ်လိမ့်မယ်၊ အဲဒီစေတနာတွေကို စာအုပ်တွေ ဓမ္မစေတီ ဆိုတဲ့ မြတ်စွာဘုရားရဲ့ ရွှေနှုတ်တော်ထွက် စကားတော်တွေကို ရေးထားတဲ့ တရားတော်တွေကို ရေးထားတဲ့ စာအုပ်တွေကို ပူဇော်လိုက်တယ်။

**ကိုယ့်နောက်မပါလာပြီ။** ။သာသနာတော်ကြီးပြုစုလိုက်တယ်၊ မြတ်စွာ ဘုရားကို ရည်မှန်းပြီး သကာလ ဓမ္မာရုံကြီးဆောက်လုပ်လိုက်တာက ဗုဒ္ဓပူဇာဖြစ်တယ်၊ မြတ်စွာဘုရားရဲ့ ရွှေနှုတ်တော်ထွက်ဖြစ်တဲ့ တရားတော်တွေကို ပူဇော်လိုက်တာက ဓမ္မပူဇာဖြစ်တယ်၊အဲဒါကတော့ ပါလာတယ်၊ ဒကာသူတော်တို့ ဘုန်းကြီးတို့ ပဋ္ဌိသန္ဓေ နေတယ်ဆိုယင်ပဲ ပါလာပြီ၊ ဘာပါလာသလဲ ဓမ္မပူဇာဖြစ်တဲ့ တရားတော်တွေကြောင့် မိမိရောက်လေရာရာဘဝမှာ အသိဉာဏ် အလိမ္မာတွေ ပါလာပြီ၊ ဗုဒ္ဓပူဇာဖြစ်တဲ့ ဒီလိုခမ်းခမ်းနားနား ဓမ္မာရုံကြီးတွေ လှူဒါန်း ပူဇော်လိုက်တဲ့အတွက်ကြောင့် ဒီကတိုက်တွေ တာတွေ ဘာတွေ ထားခဲ့ရပေမဲ့ ဒီလောကမကဖြစ်တဲ့ နေရာတွေ ဟိုမှာ အဆင်သင့်ရမယ်၊ တယ်ကောင်းကို။

**စတုဒိသာကျွေး။** ။ယခုလို ဇရာမီးကလောင်နေ မရဏမီးက လောင်နေတဲ့ အချိန်မှာ မနေ့တုန်းက ပရိသတ်တွေ တကထဲထောင်ပေါင်းများစွာကို စတုဒိသာကျွေး လို့၊ ဝမ်းသာစရာကောင်းလိုက်တာ ဘုရား၊ သူကိုယ်တိုင်မပြောနဲ့ ဘေးလူတွေကပါ "ဝမ်းသာစရာ ကောင်းလိုက်တာ ဘုရား၊

တကတဲ စားကြသောက်ကြ တရားတော်တွေနာကြနဲ့”လို့ပြောပြီး ဝမ်းသာနေကြတယ်၊ ဦးစွာရှင်ကိုယ်တိုင်ကတော့ မပြောနဲ့တော့၊ တကတဲ ပီတိစိမ့်ပြီးတော့ ဝမ်းထဲမှာ တစိမ့်စိမ့်နဲ့နေတယ်။

ဒီတော့ ယခုလို တနေ့ကုန်ခန်းအောင် ကျွေးလိုက်တဲ့အလှူတွေ မနေ့က ထောင်ပေါင်း များစွာဖြစ်တဲ့ ပရိသတ်တွေကို ကျွေးလိုက်တဲ့ ဒါနစေတနာတွေ၊ ဟို...တမြန်မနေ့က များစွာသော ပရိသတ်တွေကို ကျွေးလိုက်တဲ့ ဒါနစေတနာတွေ၊ အဲဒီ စေတနာတွေကတော့ ဘယ်မှာမှလဲ မသိမ်းရဘူး၊ ကျည်ထဲလဲ မထားရဘူး၊ မီးခံသေတ္တာထဲလဲ မထားရဘူး၊ သိပ်လုံတာပဲ၊ သိပ်လုံတာပဲ။

ကုသိုလ်လုမယူနိုင်။ ။“ရဲယင် ခိုးစမ်းဟေ့” ရဲယင် ငါသုံးရက် စေတနာတွေ ကျွေးထားတဲ့ လူပေါင်းများစွာ စေတနာကျွေးထားတဲ့ စေတနာတွေကို “ဟောခင်ဗျား... ဘယ်ထား” “ငါတော့ လွတ်လွတ်ကလေးထားလိုက်တယ်မောင်” ယူလေ မနာလိုတဲ့ သူကယူစမ်း၊ စိတ်ကိုစမ်းချင်ကြသူကယူစမ်း၊ စိတ်စမ်းချင်တဲ့သူလာခဲ့၊ ခင်ဗျား တနေ့တုန်းက ကုသိုလ်တွေ အများကြီး ရလိုက်တယ်လို့ဆိုတယ်၊ ဘာတုန်း စေတနာကလဲ သုံးရက်လောက် ကျွေးတယ်၊ ဂန္ဓကုဋီ ဘုရားမှာရုံကြီးကလဲပဲ ခမ်းခမ်းနားနား ဆောက်လုပ် လှူဒါန်းလိုက်တယ်၊ ပိဋကတ်ကျမ်းစာတွေလဲပဲ ကျောင်းတိုက်မှာ ပူဇော်လိုက်တယ်၊ အဲဒီ စေတနာတွေများ ကျုပ်ကိုပေးစမ်းပါ”လို့ ဆိုယင် “ပေးပါတယ် ပေးပါတယ်” ဘယ်နှယ်လုပ်ပေးမလဲ “ကျွန်ုပ်

ပြုတဲ့ကုသိုလ်အဖို့ကို ကျွန်ုပ်ကဲ့သို့ ဝမ်းမြောက် ဝမ်းသာ သာဓု အနုမောဒနာ ခေါ်ပါစေသတည်း” လို့ ပေးတဲ့အခါ ဟိုက “သာဓု-သာဓု”လို့ ခေါ်လိုက်သည်နှင့် တပြိုင်နက် သူ့မှာလဲပဲ ကုသိုလ်တွေရလာတယ်၊ တယ်ကောင်းတယ်။

**သာဓုခေါ်ယူတော့ ရ ။** ။ခိုးယူလို့တော့ မရဘူး၊ ပျော်ပျော် ပါးပါး ပြုံးပြုံးရွှင်ရွှင်နဲ့

သာဓုခေါ်ယူတော့ ရ တယ်ကိုး၊ အံမယ် စတုဒီသာ ထမင်းတွေ ကျွေးလိုက်ကြ၊ ဝမ်းသာတယ်ဗျာ ကျွေးချင်စမ်းပါဘိ၊ သာဓု သာဓုဗျာ ကျုပ်ဝမ်းသာပါတယ်၊ “မိတ်ဆွေအမျှဝေပါနော်” “အမျှဝေပါတယ် အမျှဝေပါတယ် အားလုံးပရိသတ်တွေ မိတ်ဆွေတွေကို အမျှဝေပါတယ်” “သာဓုဗျာ-သာဓု” ဒီနည်းတော့ ယူလို့ရတယ်၊ အတင်းယူမယ်ဆိုတဲ့ နည်းနဲ့တော့မရဘူး။

ဒါ့ကြောင့် ဘုန်းကြီးတို့ တရားနည်းအရ ဆိုလို့ရှိယင် စည်းစိမ် ဉစ္စာတွေပစ်ခဲ့ရတယ်ဆိုပေမယ့် ဉစ္စာကမနည်းကြီးရှိတယ်၊ ဒီခန္ဓာကိုယ်ကြီး ပစ်ခဲ့ရမယ်ဆိုပေမယ့်လို့ ပြန်ရမယ့် အစားခန္ဓာကိုယ်က ဒီထက်ကောင်းတယ်၊ ဒီတော့ ဘာကြောက်စရာရှိတုန်း။

**တဏှာကလျော့မသွား။** ။ဉုန ကော ယံ သဗ္ဗော လောကော အတိတ္တော ဝါနဒါသကော။ [၁]

အယံသဗ္ဗောလောကော၊ သူရောကိုယ်ပါ များပြားစွာကောင်း

---

၁။ ရဋ္ဌပါလသုတ်ရာဇဝင် ဋ္ဌီမပဏ်(၂၅၆)စုဏ္ဏိကိုယကို ဝါထာပါအ ပြုထားသည်။

ဤသတ္တဝါအပေါင်းသည်။ ဦနကော၊ စည်းစိမ်ဥစ္စာ ဂုဏ်သိန် မောက်မိုး မည်မျှတိုးလည်း မဖြိုးမလျှံ အမှန်ပင် ယုတ်လျော့ခဲ့ သေး၏။ အတိတ္တော၊ တော်လောက်ပြီ အောင့်အဲ၍ ရောင့်ရဲ တင်းတိမ်ခြင်းမရှိခဲ့ချေ။ ဝါနဒါသကော၊ တဏှာစေရာ မနေ သာပဲ ဖွေရှာဆက်သရသည့် တဏှာ၏ ကျေးတော်မျိုး ကျွန် တော်မျိုးချည်းတည်း။

ဒကာသူတော်ပဲ ငယ်ငယ်ကစပြီးတော့ ပစ္စည်းဥစ္စာရှာဖွေတဲ့ နေရာမှာ ပြန်စဉ်းစားကြည့်ပါ၊ ငါဒီနှစ် ဒီလောက် ရယင်တော့ တော်ပြီ၊ နောက်တော့ စီးပွားတော့ မရှာတော့ပါဘူး၊ အေး အေးလေး နေပါတော့မယ်လို့ တခါတခါ အောက်မေ့လိုက်၊ တော်တော်ကြာတော့ နောက်နှစ် ကျပြန်တော့ စပါးဝယ်ချိန်ကျ ဝယ်ချင်လာပြန်ဘယ်။

မနှစ်က ဘယ်လောက် မြတ်တာ တော်ရော့ မဟုတ်လား၊ ဆိုတော့ ''ဒီနှစ် မနှစ်ကထက် ပိုများမြတ်ဦးမလား''လို့ ဟောဒါ ဟာ တဏှာကလိုချင်ရက်ချည်ပဲ ဖြစ်တယ်၊ ''ဟာ ခင်ဗျားဗျာ ဘယ်နှစ်နှစ်လောက်တောင်မှ မြတ်နေနှပဲ တော်ပါ'' ''အိုကွယ် နဲနဲကလေးရတဲ့ အခါလေးတော့ လုပ်လိုက်အုံးမှ''လို့ ဆိုပြီးတော့ ဝယ်ချင်ပြန်လာတယ်၊ ရောင်းချင်ပြန်လာတယ်၊ဒီတော့ တဏှာက ဘယ်တော့မှ ရော့မသွားဘူး၊ စီးပွားရှာရေး သာလားဆိုတော့ ဝတ်ရေး စားရေးလဲ ဘယ်တော့မှ ရော့မသွားဘူး။

ဟိုအမျိုးသမီးတွေများလေ အထည်လဲ ဝတ်လိုက်ကြတာ သိလား၊ ဒီတထည်ပြီး ဟိုတထည်၊ အမေ့ ပုဆာတုန်းကတော့

"ဒီတထည်ရတော်ပါပြီ" လို့ဆိုတယ်၊ ဒီတထည် ရပြီးတော့ နောက်တထည်ရယင် တော်ပါပြီ၊ သူတို့တော်ပါပြီနဲ့ကို ဘယ်တော့မှတော်မှာ မဟုတ်ဘူး။

ငါးပုပ်ပြားလေးမှမပါဘူး။ ။ဦးနကော၊ ဥစ္စာစည်းစိမ် ဂုဏ်သိန် မောက်မိုး မည်မျှ တိုးလည်း မဖြိုးမလျှံ အမှန်ပင် ယုတ်လျော့ခဲ့သေး၏။ ရော့နေသေးတယ်၊ လိုနေသေးတာပဲ၊ "ဟို-တာများ တော်လောက်ပလား" လို့ ဆိုတော့ နဲနဲလေး လိုနေသေး၊ တနေ့ရောမှာ ပေါ့ဇလ ဆရာတော်တပါး ဆွမ်းဘုဉ်းပေးနေတယ်၊ သူ့ဒကာ ဒကာမ တွေကလဲ တကတဲကြည်ညို လိုက်ကြတာ၊ ဘုန်းကလဲ ကြီးလိုက်တာ။ ဆွမ်းဟင်းတပွဲလုံး သူက ကြည့်လိုက်တယ်၊ "ကွာ-တကတဲ ငါးပုပ်ပြားလေးမှ မပါဘူးလို့ ငြီးလိုက်သေးတယ်တဲ့၊ ဒါ ဆရာတော်၊ ကမ္ဘောဇဘုန်းကြီး ဆရာတော်၊ ကမ္ဘောဇဘုန်းကြီး ဆရာတော်တောင်မှ ဒီ ဆွမ်းဟင်းပွဲတပွဲကြီးမှာ ဟိုက ထည့် ဒီက ထည့်ပြီးတော့ကို ဆွမ်းဟင်းပွဲ ပြည့်နေတဲ့ အချိန်ကျတောင်မှ သေသေချာချာ လှည့်ကြည့်ပြီးတော့ "ငါးပုတ်ပြားလေးမှ မပါဘူးကွာ" လို့ လိုနေသေးတယ်၊ ဒီတော့ ဒကာတို့အိမ်လို ဒါတော့မပြောနဲ့တော့ ပထမဆုံး အိမ်ဆောက်လိုက်၊ တော်တော်ကြာ ဘာကလေးလိုလိုက်၊ တော်တော်ကြာ ညာကလေးလိုလိုက်နဲ့၊ လိုလို လိုလို လိုလို ပြီးတော့ နေတဲ့ဥစ္စာ ဘယ်လောက်ကြာမလဲ၊ သေသည့်တိုင်အောင် လိုနေမှာပဲ။

**ဒကာမကြီးတစ်ယောက်။** ။ဥူနကော၊ ဥစ္စာစည်းစိမ်ဂုဏ်သိန် မောက်မိုး မည်မျှတိုးလည်း မဖြိုး မလျှံ အမှန်ပင်ယုတ်လျော့ခဲ့သေး၏။ အတိတ္တော၊ တော်လောက် ပြီ အောင့်အဲ၍ ရောင့်ရဲတင်းတိမ်ခြင်းမရှိချေ။ ဘုန်းကြီးတို့နဲ့ ရင်းတဲ့ ဒကာတစ်ယောက်မှာ ဒကာမကြီးက ဟိုတချိန် စစ်မဖြစ် ခင်တော်တော်ဝေးတဲ့ တချိန်တုန်းကပြောတယ် "ကျုပ်တို့တော် ငွေလေး သုံးထောင်လောက်များ အပိုအလျှံရှိလို့ရှိယင် စစ်ကိုင်း မှာ ဥပုသ်စောင့်ပြီးတော့ အေးအေး နေစ်ယောက်သား နေတော့ မှာပဲလို့" ပြောတယ်။

နောက်တော့ ကံအားလျော်စွာ ရှာလိုက်တာ သုံးထောင်လဲ မကဘူး၊ သုံးသောင်းလဲမကဘူး၊ သုံးသိန်းလဲမကဘူး၊ စစ်ဖြစ် တော့ကို ဘဏ်မှာ ခြောက်သိန်းပါသွားသေးတယ်တဲ့၊ အဲဒါလဲ အခု ရှော့သလားလို့ဆိုတော့ မရှော့ဘူး၊ အခုလဲရှာရက်ပဲ၊ ဘုန်း ကြီးကတွေ့လို့ "ဒကာမကြီး.... ဒီလောက် ကြီးနေမှတော့ မကောင်းဘူးနော် ဘာညာနဲ့" ပြောတယ်။

"မရှာပါဘူး၊ မရှာပါဘူး"ပြောတာပဲ ရှာရက်ပဲ၊ ဒီတော့ ဘယ်သူကခိုင်းနေသလဲ၊ လက်ကခိုင်းတာမဟုတ်ဘူး ပါးစပ်က ခိုင်းတာ မဟုတ်ဘူး၊ ဝမ်းထဲက တဏှာက ခိုင်းနေတာ၊ ဒါ့ကြောင့်—

**တရားလေးပုဒ်။** ။ဝါန ဒါသကော၊ တဏှာစေရာ မနေသာပဲ ဖွေရှာ ဆက်သရသည့်တဏှာ၏ကျေးတော် မျိုး ကျွန်တော်မျိုးချည်းသာတည်း၊ ဒါလေး နားလည်ရမယ်၊ တရားလေးပုဒ်ကို မြတ်စွာဘုရားက ဟောတယ်။

၁။ ပထမက- အိုခြင်းဆိုတဲ့တရားက မသေသေအောင် နှိပ်စက်နေတယ်။
၂။ ဒုတိယက- တကယ့်အရေးမှာ ကာကွယ်စရာ အားကိုးစရာတယောက်မှ မရှိဘူး။
၃။ တတိယတရားက- အကုန်လုံးမှာ ကိုယ်ပိုင်ပစ္စည်း တခုမှ မရှိဘူး အကုန်လုံးစွန့်သွားရမယ်။
၄။ စတုတ္ထတရားက- တဏှာရဲ့ ကျွန်ချည်းပဲ၊ ဘယ်တော့မှ မတင်းတိမ်ဘူး အမြဲလိုနေတာပဲ။

အဲဒီ တရားလေးပုဒ်ကို ဘုန်းကြီး ဒကာသူတော် ပရိသတ်တွေ စဉ်းစားရမယ်၊ မစဉ်းစားလို့မဖြစ်ဘူး၊သေမှာကြောက်တာဒါကြောင့် ကြောက်တာ၊ သေခါနီးကျတော့ "ငါ့ပစ္စည်းလေးတွေ ငါ့တသက်လုံးရှာထားတဲ့ ဥစ္စာတွေ ထားပစ်ခဲ့ရတော့မယ်၊ ငါ့ရဲ့ ဆွေတွေမျိုးတွေ၊ သားတွေသမီးတွေ၊ မယားတွေ ခွဲသွားရတော့မယ်"လို့ တွေးပြီးကြောက်တာ၊ ဒီဟာအင်မတန် အရေးကြီးတယ်။

**ပြုံးပြုံးကလေး သေနိုင်အောင်။** ။"ငါ ဘယ်နားဆီ ကြိုးစားသွားရမလဲဘယ်ဘဝရောက်မှာလဲအလိုလေး—ဘုရားရေ—အပယ်လေးပါးများကျယင်ဒုက္ခ" ဒီအချက် တွေးပြီးလန့်တာ၊ ဒီအချက်တွေကို တခုစီတခုစီ ရှင်းထားလို့ရှိယင် လန့်ကိုမလန့်ဘူး၊ ဘုန်းကြီးကထင်တယ်၊ တခုစီတခုစီ ရှင်းထားတဲ့ပုဂ္ဂိုလ်အတွက်မှာ သေခါနီးကို ပြုံးနိုင်လိမ့်မယ်လို့ထင်တယ်၊ ဘုန်းကြီးက "ငါသေခါနီးလို့ ရဇဝင်ကောင်း

ကောင်းနဲ့ ပြုံးပြုံးကလေး ငါသေနိုင်အောင် ဘယ်နဲ့လုပ်ပြီး ကြိုးစားမလဲ”လို့ စဉ်းစားတယ်ကို၊ ဒကာသူတော်ကလဲ ဘုန်းကြီးအသွားအတိုင်း စဉ်းစားဖို့ကောင်းတယ်၊ ဒီတော့ကို လက်ရှိပစ္စည်းတွေကို စွန့်သွားရမယ်။

ဒါလေးကို စဉ်းစားလိုက်တော့ “ဟာ... ငါ့မှာ ကုသိုလ်တွေ အများကြီးရှိသားပဲ ဒီတိုက်လောက် ဒီစက်လောက်မကတဲ့ စည်းစိမ်ဉစ္စာဆိုတဲ့ဉစ္စာ ငါ့လိုသဒ္ဒါတရားသမားတွေချည်းပဲ နေကြတာ၊ ယခုလောကကြီးထဲမှာ စည်းစိမ်နဲ့ ပြောင်ပြောင်လက်လက် နေ့သမျှ ငါတို့လို သဒ္ဒါတရားသမားတွေချည်း နေကြတာ၊ ဒီတော့ လက်ရှိစည်းစိမ်လေးကို စွန့်ဖို့ရန် နှမြောလိမ့်ဦးမလား၊ ရွှေအိုးကလေးရမဲ့နေရာမှာ မြေအိုးကလေး ကွဲသွားမှာ နှမြောသေးသလား၊ အင်မတန်ခမ်းနားရတဲ့ ဘုံဗိမာန်ကြီး နေရာမှာ ဒီလက်ရှိဖြစ်တဲ့ ကျောင်းကလေး အိမ်လေး ယာလေးတွေ နှမြောလိမ့်ဦးမယ်လား။

**ဒါန သီလ ကယ်မယ်။** ။ဒီတော့ လက်ရှိပစ္စည်းကို မနှမြောတဲ့ နည်းဟာ ဒီဒါနမှတပါး အားကိုးစရာမရှိဘူး၊ လက်ရှိပစ္စည်းရဲ့အစားမက ပြန်ပြီးတော့ ရဖို့ရန်ဟာ ဒီဒါနမှတပါး အားကိုးစရာမရှိဘူး၊ အဲဒီတော့ ယခုဒါနပြုနေပြီ၊ ဝမ်းမြောက်ဝမ်းသာလဲ ပြုနေပြီ၊ ပြုလို့လဲ အားမရပဲနဲ့ ထပ်ပြီးတော့လဲပြုနေတယ်၊ အလိုက်သိစွာလေ ဟိုတနေ့တုန်းက ဘုန်းကြီးကျောင်းမှာ တံမြက်စီးတွေ လိုနေတာ မြင်တာနဲ့မို့လို့ တံမြက်စီးတွေ လှမ်းပို့လိုက်သေးတယ်၊ “အလိုက်သိစွာ

ငါပြုနေတဲ့ ဒါနတွေဟာ ငါ့ကိုမကယ်ယင် ဘယ်သူ့ကယ်မလဲ၊ လက်ရှိ ဆွေတွေ မျိုးတွေ သားတွေသမီးတွေက မကယ်ပေမယ့် ငါ့ဒါနက ငါ့ကိုကယ်မယ်၊ ငါ့သီလက ငါ့ကိုကယ်မယ်၊”ဒီတော့ ဒီလိုဟာတွေကို အားကိုးထားလို့ရှိယင် ဘုန်းကြီးက“အို.... သေရမှာ ဘာကြောက်စရာ ရှိတုန်း သေရမှာ ဘာကြောက်စရာရှိတုန်း” ဒါကိုယ်ရေးကိုယ်တာနော်။

**သိပ်သူတော်ကောင်းအောင်နေ။** ။တခါ ငါ့သား ငါ့သမီး ငါ့ဆွေ ငါ့မျိုး ငါ့သမီး ခင်ပွန်း စသူတို့ကို ခွဲပြီးတော့ သွားရမှာ၊ ငါက သနားတယ် ဆိုပါတော့၊ လွမ်းတယ်ဆိုပါတော့၊ ဒါကမဆန်းဘူး၊ဘဝတိုင်းခွဲရတာ၊ ဘဝတိုင်း ဘဝတိုင်း ခွဲခွဲ ခွဲခွဲ ခွဲခွဲ ပြီးတော့ လာရတယ်၊ ဒီတော့ ဘာလုပ်ရမလဲလို့ ဆိုတော့ ဘုန်းကြီးရဲ့ တွက်ကိန်းက “ကိုယ် သူတော်ကောင်းအောင်နေ ကိုယ့်ရဲ့အင်မတန် ချစ်တဲ့သူတွေကို သိပ်သူတော်ကောင်းအောင်နေ” ယခု ဘုန်းကြီး တရားဟောနေတဲ့ ဥစ္စာတွေ ဒီပရိသတ်တွေကို ဘုန်းကြီးက ရင်းရင်းနှီးနှီးနဲ့ဟောနေတာ သိပ်သူတော်ကောင်းအောင်နေကြ၊ ဘာဖြစ်လို့လဲ၊ကွဲမယ် ကွဲမယ် ကွဲသွားမယ်၊ တယောက်နဲ့ တယောက် ကွဲသွားမယ်။

**ကိုယ်သွတ်ရာ လွတ်ရာ ပြေးရသလို။** ။လှေကြီးနစ်တဲ့ အခါ သင်္ဘောကြီး နစ် တဲ့ အခါမှာ မြစ်ထဲ ကိုယ်လက်လှမ်းမှီရာမှာ ကူးပြီးတော့ လက်လှမ်းမှီရာ ပြေးကြရသလို ဘေးကြီးစစ်ဘေးကြီး ဘာကြီး ရောက်တဲ့

အခါမှာ ဖုံးတွေ ဘာတွေ ချတယ်လို့ဆိုတဲ့ အခါမှာ မီးတွေ ဘာတွေ ဝိုင်းနေတဲ့အခါမှာ ကိုယ်လွတ်ရာ လွတ်ရာကို ပြေးကြရသလို။

တဘဝ ပြောင်းပြောင်း ပြောင်းပြောင်းပြီးတော့ ပြေးကြရတယ်ဆိုတဲ့ ဥစ္စာအကုန်လုံးခွဲကြရမယ်၊ ဘဝတိုင်း ခွဲလာရပြီး သို့သော် ခွဲလာရပေမယ်လို့ သူ့မှာလဲပဲ သူ့ အားကိုးလေးနဲ့၊ ဥပမာ....သင်္ဘောနစ်တယ်လို့ ဆိုပေမယ့်လို့ သင်္ဘောကြီး နစ်ပေမယ့်"ဟာ-ငါ့မှာလဲ ဘောတခုရသွား၊ လှမ်းကြည့် လိုက်တယ်၊ အား....ငါ့ရဲ့ ဇနီးသယ်မှာလဲပဲ သူ့ဘောလေးတခုနဲ့ ပါလား၊ ကိစ္စမရှိဘူးဟေ့" စိတ်အင်မတန်အေးသွားတယ်။

သူ့မှာလဲ အားကိုးစရာလေးနဲ့၊ ဘယ်သူ့မှာလဲ "အား.... တုံးကြီးတခု ရနေပါတယ်၊ ဟန်ကြလိုက်တာဟေ၊" ကိုယ့်ဟာကိုတော့ ကူးကြတာပဲ၊ သို့ပေမယ့်လို့ သူ့မှာလဲပဲ အားကိုးစရာလေးနဲ့။

သူတော်ကောင်းမိသားစု။　။အဲဒါလိုပဲ ကိုယ့်ဒကာ ဒကာမတွေ ကိုယ့်ရဲ့သမီး ခင်ပွန်း သားသမီးတွေ သူ့လဲသူ့အားကိုးနဲ့ သူတော်ကောင်းလေး ဘုရားရှိခိုးလို့ပါလား၊ တော်တယ် တော်တယ်၊ ငါ့သမီး တော်တယ်၊ ဘုရားရှိခိုးလို့၊ ဒါလေးအားကိုး ရမယ်၊ အံမယ် သူက ဆွမ်းလေးလောင်းလို့ပါလား တော်တယ် တော်တယ်၊ သူ့အားကိုးလေးတွေသူယူလို့၊ အံမယ်သူက ဥပုသ်စောင့်လို့ ပါလား၊

အားရစရာကြီး ဝမ်းသာစရာကြီး၊ တကတဲ ဇနီးသယ်ကြည့်လိုက်လဲပဲ သူက သဒ္ဒါတရား လေးနဲ့ သူတော်ကောင်း၊ အိမ်သားကြည့်လိုက်လဲပဲ သူကသဒ္ဒါတရားလေးနဲ့ သူတော်ကောင်း၊ သားတွေ သမီးတွေ ကြည့်လိုက်လဲပဲ သဒ္ဒါတရားလေးတွေနဲ့ ဥပုသ်စောင့်တဲ့သူက စောင့်လို၊ ဘုရားရှိခိုးတဲ့ သူက ရှိခိုးလို၊ အလှူဒါန ဆွမ်းလောင်းတဲ့ သူကလောင်းလို့၊ အတောင်း အရမ်းလာတဲ့ သူတွေကို ပေးသူကပေးလို့၊ အား- အားကိုးစရာ လေးတွေ ကောင်းလိုက်တာ၊ ကောင်းလိုက်တာ၊ ဟော-ဒီလိုခွဲတော့ ခွဲကြရမယ်၊ ခွဲရပါမယ်လို့ အားကိုး အားထားကလေးတွေ ရအောင်ဆွဲယင် ဘယ်လောက် ကောင်းမလဲ။

**ကိုယ့်ကံနဲ့ကိုယ်။** ။ဒါကြောင့် ခုပရိသတ်ကြီးတွေလေ တခါ တရံ ကံတော်ကံကြားတွေ့ကြရ၊ အော်-ဒီက ဘုန်းကြီးတို့ရဲ့လာခဲ့တဲ့ ပလိပ်မြို့ကပရိသတ်ကြီးတွေကအစောကြီးထဲက ဘုန်းကြီး ကလေးဘဝထဲက တွေ့နေကြရတယ်၊ ဘုန်းကြီးကလေးတုန်းက ဒိုပလိပ်မြို့မှာ နေသွားပေမယ်လို ခုခွဲပြီးတော့ သူလဲ သူ့ဘုန်းသူ့ကံနဲ့ နေလိုက်တာ၊ ဒို့လဲဒို့ကံနဲ့ နေကြရတာ၊ အဲဒီတော့ ဘဝသံသရာမှာ ခွဲသွားတော့လဲ ဒို့လဲ ဒို့အားကိုးနဲ့ ဒို့ဒါနနဲ့ ဒို့သီလနဲ့ ဒို့စေတနာနဲ့၊ သတ္တဝါတွေအပေါ်မှာ မေတ္တာကရုဏာနဲ့ ဒို့ဒီလိုနေသွားမယ်၊ ဟော- သလိုဆိုလို့ရှိယင်ဖြင့် ခွဲရမှာ သိပ်မဆန်းပါဘူး ခွဲရတာသိပ်မဆန်းဘူး၊ ဒါပေမယ့် တခါ တခါ ပါရမီ ဖြည့်ဘက်သမားတွေဆိုတော့ ပြန်ပြန်တွေ့တယ်၊ ပါရမီဖြည့်ဘက်သမားတွေ ပြန်ပြန်တွေ့ပေမယ့်လဲ လွှတ်မုန်းပြီး

တော့ အားမကိုးလိုက်နဲ့၊ ခုနက ကုသမင်းကို ပဘာဝတီက မုန်း သွားတာသာ ကြည့်ပေတော့လေ။

**ကိုယ်ကဟုတ်မှ။** ။ပါရမီ ဖြည့်ဘက်သမားတွေ ဆိုပေမယ့် ကိုယ်ကဟုတ်မှ၊ ဥပမာ ဘုန်းကြီးက ရောက် လေရာရာဘဝမှာ ပညာကလဲ ခပ်ထက်ထက် အရည်အချင်းကလဲ ခပ်ရှိရှိဆိုလို့ရှိယင် ဆွေတွေမျိုးတွေက ဘုန်းကြီးကို ဆွေမျိုး တော်ချင်လိုက်ကြမှာ၊ ဘုန်းကြီးကသာ နုံနုံချာချာနဲ့ ရုပ်အဆင်း ကလဲ လူရာမဝင် အူလယ်လယ်ထိုင်းထိုင်းဆိုလို့ရှိယင် "ဒီကောင် လေးဒို့အမျိုးထဲဘယ်နှယ်ကြောင့်များဖြစ်လာပါလိမ့်မတုန်း" လို့ ဒီလိုအောက်မေ့ကြမယ်၊ ဒီတော့ ကိုယ့်ကိုယ်လေ နင်လားငါလား ကြိုးစားလိုက်ကြစမ်းပါ၊ ဒါ့ကြောင့် "ခွဲရမယ် သေရမယ် လက်ရှိ ပစ္စည်းတွေ စွန့်ရမယ်၊ ဘဝသစ်တခုကိုယူရမယ်၊ အဲဒီ ယူရမယ့် ဘဝမှာလဲပဲ ကိုယ့်ကိုယ်ကို အောက်ကျနောက်ကျ မဖြစ်ရအောင် ဟာ ယခုထဲက အသစ် အသစ်ဖြစ်တဲ့ ကံတွေကို အကောင်းဆုံး ဖြစ်အောင် ကြိုးစားလိုက်ကြစမ်းပါ" လို့။

**နောက်ဆုံးအရွယ်မှာကြိုးစား။** ။ပဏ္ဍိတော၊ ပြုသမျှအသစ် ဖြစ်သမျှအဟောင်းမကောင်း လဲငါ ကောင်းလဲငါဟု ကောင်းစွာမြင်သိ ပညာရှိသည်။ တိဏ္ဏံ၊ နှစ်ဆယ့်ငါးနှစ် သင့်အောင်စစ်၍ သုံးရစ်ပိုင်းခြားအရွယ် သုံးပါးတို့တွင်။ အညတရံယာမံ၊ ယုတ်စွာ့အဆုံး နောက်ပိတ် တန်းဟုခေါ်ထုံးအရ ပစ္ဆိမအရွယ်ကို။ နောက်ဆုံးကျတော့ နဲနဲ ကြီးလာပြီ၊ ကြီးလာတော့ကိုလေ တရားအားထုတ်ဖို့ သိပ်ပြီး

ဘုန်းကြီးက ပြောချင်တယ်၊ နောက်ဆုံးကျတော့ကို တခါထဲ တရားနှလုံးသွင်းလို့၊ ဥပုသ်သီတင်းရက်ရှည်တွေ စောင့်လို့၊ သစ်ပင်ရိပ်သာအောက်မှာ အေးအေးဆေးဆေး ကမ္မဋ္ဌာန်းလေးများ အားထုတ်လို့၊ အဲဒီလိုနေသွားတော့ သေချာပေါက်ပဲ ဘုန်းကြီးတို့ ရောက်ရမဲ့ ဘဝမှာလေ၊ ဒါ့ကြောင့် နောက်ဘဝကို ကြောက်မနေနဲ့။

ဒီဘဝကသာ အကြောင်းတွေကို ကောင်းအောင် ကြိုးစားလိုက်ပါ၊ နောက်ဆုံး တော်တော်ကြီးတဲ့ အဖိုးကြီးတွေ အဖွားကြီးတွေ ဆိုလို့ရှိယင်ဖြင့် အိမ်မှာသိပ်နေဖို့ မကောင်းဘူး၊ ကျောင်းနားမှာ ကမ္မဋ္ဌာန်းကျောင်းတွေမှာ ဟန်ဆောင်မဟုတ်နဲ့ ကိုယ့်ကိုယ်ကိုလေ ငါသေသေချာချာဟုတ်မှ သေရမှာ သေရမှာ၊ သေလို့ရှိယင် ဘယ်နည်းနဲ့မှ မကြောက်ရအောင်ဟာ ဒီ-ဒါန,ဒီသီလ,ဒီဘာဝနာသာရှိတယ်လို့ တွေးပြီး။ တိတ္ထုံ၊ နှစ်ဆယ့်ငါးနှစ် သင့်အောင်စစ်၍ သုံးရစ်ပိုင်းခြား အရွယ်သုံးပါးတို့တွင်။ အညတရံယာမံ၊ ယုတ်စွအဆုံး နောက်ပိတ်တုံးဟု ခေါ်ထုံးအရ ပစ္ဆိမအရွယ်ကို။ ပဋိဇဂ္ဂေယျ၊ အပြစ်မနှော စင်းလုံးချောအောင် ဆေးကြောသုတ်သင်ရာသတည်း။

သာဓု....သာဓု....သာဓု....

**နောက်ဘဝ ရဲရဲကြီးသွားနိုင်အောင်။** ။နဲ့နဲ့ အချိန်ကြာသွားပြီ၊ အဲဒီတော့ အားလုံးပေါ့လေ တခါတရံတွေ့ရတဲ့သူတွေရော ဘုန်းကြီးဟောတဲ့

(ကိုယ့်ကိုယ်ကိုအချစ်ဆုံး)ဆိုတဲ့တရားကို ပထမဆုံး နားလည်ပါ၊ ကိုယ့်ကိုယ်ကို အချစ်ဆုံးဆိုလို့ရှိယင် နောက်ဘဝရောက်တဲ့အခါမှာ မကြောက်ရအောင် ဘယ့်နှယ်လုပ်မလဲလို့ ဆိုလို့ရှိယင် ယခုလက်လှမ်းမီတဲ့ကုသိုလ်တွေကို ကြိုးစားရုံတင်အားမရပဲနဲ့ အသက်တော်တော်ကြီးပြီး သကာလ နေကြတဲ့ ငါးဆယ်ကျော်တို့ ခြောက်ဆယ်ကျော်တို့ဆိုတဲ့ လူကြီးတွေကတော့ ဘာမှ အပြစ်မရှိအောင် ဥပုသ်ရက်ရှည့်စောင့်လို့ မေတ္တာဘာဝနာများပွားများလို့ အနိစ္စ, ဒုက္ခ, အနတ္တ, ကမ္မဋ္ဌာန်းတွေစီးဖြန်းလို့ အဲဒီလိုအပြစ်လုံးလုံးမရှိအောင် စင်းလုံးချောဖြစ်တဲ့စိတ်ကို ပြုပြင်စီမံပြီး သကာလ ကိုယ့်ကိုယ်ကို နောက်ဘဝရောက်ရမယ့်ဥစ္စာ မကြောက်တဲ့အပြင် ပြုံးပြုံးကလေးနဲ့ နောက်ဘဝ ရဲရဲကြီးသွားနိုင်အောင် ကိုယ်စီကိုယ်ငှ ကြိုးစားနိုင်ကြစေကုန်သတည်း။

သာဓု....သာဓု....သာဓု....

ကိုယ့်ကိုယ်ကိုချစ်ယင် ကိုယ်ပြုပြင်တရားတော်ပြီးပြီ။

# အသိဉာဏ်တိုးပွားရေးတရားတော်

## မလွဲတဲ့လမ်း လိုက်ကြ

**နောက်ဘဝရှိ မရှိ။** ။ယခု သံဃာတော်များ ရွတ်သွားတဲ့ လင်္ကာကတော့ တရားသံဝေဂရဖို့ ဂါထာ ဖြစ်တယ်၊ ဒီလင်္ကာနဲ့ဆိုင်တဲ့ အဓိပ္ပာယ်ကို ကျယ်ကျယ်ပြန့်ပြန့် ပြောမှ ကောင်းကောင်းနားလည်မယ်၊ ဒါကြောင့် ဒီအဓိပ္ပာယ် ကို မပြောသေးပဲ အသိဉာဏ် တိုးပွားတဲ့ တရားစကားကို ဘုန်းကြီးပြောပါမယ်။

စောစောက ဗုဒ္ဓမြတ်စွာကို ပုရိသဒမ္မသာရထိ၊ သတ္တဝါ တွေကိုယဉ်ကျေးအောင်ဆုံးမတော်မူတဲ့နေရာမှာ မြင်းကိုဆုံးမတဲ့ မြင်းဆရာကောင်းလိုပဲ၊ အင်မတန်ပိုင်နိုင်တော်မူပါတယ်၊ အမျိုး မျိုး ဗုဒ္ဓမြတ်စွာရဲ့ တရားထဲမှာ ဟောတော်မူတာတွေရှိပါတယ်၊ ယခုခေတ် ဒီပရလောက သေပြီးတဲ့နောက်တဘဝ၊ တနည်း အခု လူ့ဘဝနဲ့အပြိုင်အဆိုင်ဖြစ်တဲ့ ဒီပြင်ဘဝ မရှိတော့ဘူးလို့ ဆိုတဲ့ ဝါဒကလဲ တော်တော်လေး နယ်ပြန့်ပြီးတော့ လာခဲ့ပါ တယ်၊ ဒီပရလောက- သေပြီးတဲ့နောက်ဘဝ၊ သို့မဟုတ် ယခု ဘဝနဲ့အပြိုင် တခြားဘဝရှိတယ်လို့ဆိုတဲ့ အယူဝါဒက အနည်း ငယ်မျှ နယ်ကလေးကျဉ်းကျဉ်းပြီးတော့လာပါတယ်။

တခြားနိုင်ငံမပြောနဲ့ ဘုန်းကြီးတို့နိုင်ငံမှာပဲ ဒီပရလောက မရှိသူဆိုတဲ့အပိုင်းက တော်တော်ကျယ်ပြန့်လာတယ်။

**ပြောဖို့တာဝန်ကိုယ့်တာဝန်။** ။ဒီတော့ လောကကြီးကို အတိုက်အခံပြောနေဖို့ အတိုက်အခံလုပ်နေဖို့တော့မလိုပါဘူး၊ ကိုယ်ပိုင်ဉာဏ်နဲ့ ကိုယ့်ဖာသာကိုယ်သုံးပြီးတော့ ကိုယ့်စကားကိုယ် နားထောင်တဲ့ ပုဂ္ဂိုလ်များ သားသမီးများကို ဒီအကျိုးနဲ့ အကြောင်းနဲ့ မိမိကိုယ်တိုင်ကပြောပေးဖို့တာဝန်ရှိပါတယ်၊ ပြောပေးရဲ့သားနဲ့ သူတို့မလိုက်နာတာကတော့ တာဝန်ဘာမှမကြီးဘူး၊ စိတ်ဘာမှ ဆိုးစရာမရှိဘူး၊ ကိုယ့်ဝန်ကိုယ်ထမ်းပြီးတော့ ကိုယ့်လမ်းကိုယ် သွားကြရမှာ၊ ယခုအချိန်တွေ့နေတဲ့အခါ ကိုယ့်တာဝန်ကျေသွားယင်ပြီးတာပဲ၊ ဒီတော့ ဒီနေ့အသိဉာဏ်တိုးပွားအောင် တရားစကားဘုန်းကြီးပြောပေးပါမယ်၊ ဘုန်းကြီးတို့ ကျမ်းစာထဲမှာ အရာဝတ္ထုတခုပြီးစီးဖို့ရန် ပစ္စက္ခသိဒ္ဓ၊ အနုမာနသိဒ္ဓ၊ အာဂမသိဒ္ဓ လို့ရှိတဲ့အပြင် သဒ္ဒေယျသိဒ္ဓလို့ တပါးပါနေသေးတယ်။

ဒီဟာက အနုမာနသိဒ္ဓနဲ့ပဲ စဉ်းစားယင် အင်မတန်ကောင်းတယ်။

**မှန်းသိနိုင်။** ။ဟိုဥပမာဆိုကြပါစို့၊ ဒီအထက်မှာ မိုးရွာနေပြီ၊ ဒီကနေသွားမကြည့်နိုင်ဘူးဆိုပါတော့၊ သတင်းလဲမကြားမသိဘူး၊ ဒါပေမယ့် ဒီနဲ့တဲ့တဲ့ရောဝတီမြစ်မှာ ရေတိုးနေပြီ၊ ရေတိုးတာကိုကြည့်ယင် ရေတိုးတဲ့အကျိုးကို ကြည့်ယင် ဟိုအထက်မှာ မိုးရွာနေတယ်ဆိုတဲ့အကြောင်းကို မှန်းဆပြီးတော့

သိနိုင်တယ်၊ သွားကြည့်နေဖို့မလိုဘူး၊ သတင်းမေးနေဖို့မလိုဘူး၊ မှန်းဆပြီးတော့ သိနိုင်တယ်၊ ဒါကို အကျိုးကို လိုက်ပြီးတော့ အကြောင်းကိုသိတဲ့ အနုမာနသိဒ္ဓလို့ဆိုတယ်။

သိဒ္ဓဆိုတာပြီးစီးသွားပြီ၊ ပြီးပြီ၊ ဒီကိစ္စဟာ ဟိုမှာမိုးရွာတဲ့ အကြောင်းကို သိဖို့ကိစ္စဟာ ပြီးသွားပြီ၊ ဒါအနုမာနသိဒ္ဓပဲ။

တခါ ဒီမှာ ရေတိုးနေတာကို ထောက်လို့ရှိယင် ရေ့ရဲ့အတိုးကို ကြမ်းယင်ကြမ်းသလို ဟိုအောက်ပိုင်းက မြို့ရွာလယ်ယာတွေမှာ ရေရကြတော့မယ်၊ ရေလွှမ်းတော့မယ်၊ အဲဒီဟာလဲ မှန်းပြီး သိနိုင်တယ်၊ ဒါက ဒီမှာ ရေတိုးတဲ့အကြောင်းကို ကြည့်ပြီးတော့ ဟိုအောက်အကျေမှာ လယ်ယာတွေ မြို့ရွာတွေ ရေရကြမယ်၊ သို့မဟုတ် ရေလွှမ်းမယ်ဆိုတဲ့ အကျိုးကို မှန်းဆပြီးတော့ သိနိုင်ပြန်တယ်၊ ဒါက အကြောင်းကြည့်ပြီးတော့ကို အကျိုးသိနိုင်တဲ့ အနုမာနသိဒ္ဓတမျိုးပဲလို့ စာကဆိုတယ်။

**ကြိုးစားနေကြ။** ။အဲဒီတော့ ဒီနေရာမှာ ဥပမာသဘောမျိုးနဲ့ ပြောထားပြီး ဥပမာစကားနဲ့ပြောထားပြီး တော့ကာ လောကကြီးကို တခါစဉ်းစားရဦးမယ်၊ ဒီကမ္ဘာစစ်ကြီးဖြစ်ပြီးတဲ့ နောက်ဆိုပါတော့ ဒုတိယ ကမ္ဘာစစ်ကြီး ဖြစ်ပြီးတဲ့နောက် တိုင်းပြည်တွေ အသီးသီးထူထောင်ကြတယ်၊ လွတ်လပ်ရေးရအောင် ကြိုးစားကြတယ်၊ လွတ်လပ်ရေးရအောင် ကြိုးစားတဲ့အပိုင်း ပြီးတဲ့နောက်ကို မိမိတို့ရဲ့ဆိုင်ရာ တိုင်းပြည် တွေ ကြီးပွားအောင်လို့ ဆိုပြီးတော့ တိုင်းကြီး ပြည်ကြီးရော တိုင်းငယ်ပြည်ငယ်တွေရော ဆိုင်ရာခေါင်းဆောင်တွေက ကြိုးစား

ကြတယ်၊ ဒုတိယကမ္ဘာစစ် ဖြစ်ပြီးသည်ကစပြီးတော့ ကြိုးစား တာ ယခုလဲကြိုးစားတုန်းပဲ၊ ကြိုးစားကြတယ်။

**ကမ္ဘာကြီးတိုးတက်။** ။ဒီတော့ ဒီနေရာမှာ တချိန်က ရုရှား ပါရဂူတို့ ရောက်လာတော့ ဘုန်းကြီးနဲ့ စကားလက်ဆုံကျလို့ အားမနာပါးမနာ မေးတန်း ပြောတန်း မေးနိုင်ပြောနိုင် အခြေအနေမှာ နောက်နားကျတော့ သူတို့ဘာ မေးတုန်းလို့ဆိုတော့ ယခုကမ္ဘာကြီးဟာ အင်မတန်မှ တိုးတက် လာပါတယ်၊ အသိဉာဏ်တွေပေါ့လေ၊ ကမ္ဘာ့ အသိဉာဏ်တွေ အင်မတန် တိုးတက်နေပါတယ်၊ ဒီတော့ကာ ဒီတိုးတက်တာမှ အနုမြူတွေ ဆိုတာလဲ အကောင်းဆုံး နေရာဖက်မှာ သုံးဖို့ အင်မတန်စွမ်းနေတာကို သိနေပါပြီ၊ ကိုင်နိုင်ပါပြီ၊ လုပ်နိုင်ပါပြီ၊ ပြီးတော့ အထက်လကမ္ဘာကိုတောင်မှ လူတွေရောက်နိုင်အောင် ရောက်နေအောင် ကြိုးစား နေကြပါပြီ၊ ရောက်နေပါပြီ၊ အင်မတန် တိုးတက်နေပါတယ်၊ အဲဒီတိုးတက် နေတာကို ဆရာတော်က ဘယ်လိုများထင်မြင်ချက် ရပါတုန်း”လို့ ဘုန်းကြီးကို မေးတယ်။

**ဆရာတော်အမြင်။** ။ဘုန်းကြီးက ဒီအဖြေတခုကို လောကမှာ အရေးပါ အရာရောက်တဲ့သူတွေနဲ့ ဖြေတဲ့ နေရာမှာ ကိုယ်လိုချင်တာ ဆွဲဖြေလို့မရဘူး၊ သဘာဝအတိုင်း ဖြေမှရတယ်၊ ဘုန်းကြီးရဲ့ လိုချင်တာကလဲ အထူး မရှိဘူး၊ သဘာဝပဲ သဘောကျတယ်၊ ဒီတော့ကာ ယခုတိုးတက်နေတဲ့

တိုးတက်ပုံမျိုးထဲမှာ ဘုန်းကြီးလဲမြင်ပြီးနေပြီ၊ ဒီတော့ အနုမြူတွေပိုင်နိုင်ကြလို့ တိုးတက်တာလဲမှန်တယ်၊ လကမ္ဘာကို သွားနိုင်ကြလို့ တိုးတက်တာလဲ မှန်တယ်၊ ဒီတိုးတက်မှုမှာ တိုးတက်မှုကို အကြောင်းပြုပြီးတော့ လူသားတွေ ကောင်းကောင်းစားကြရပါမယ်၊ ကောင်းကောင်းဝတ်ကြရပါမယ်၊ ကောင်းကောင်းနေကြရပါမယ်၊ ဒါသူတို့လဲ ဒီလမ်းမှန်းပြီးတော့လုပ်နေကြတာ၊ ဖြစ်နိုင်သလောက်လဲ ဖြစ်နေပြီလေ၊ နောက်လဲ ဒီလိုဖြစ်မှာပါပဲ၊ တစုံတခု အပျက်မရှိယင်တော့ ဒါပေမယ့် ယခုတိုးတက်ဖို့ရန်ကြိုးစားနေတဲ့ လမ်းထဲမှာ အကျင့် စာရိတ္တ တိုးတက်ဖို့ဆိုတဲ့လမ်းမပါဘူး။

အဲဒါကြောင့် စိတ်ချမ်းသာမှုကို ပေးနိုင်တဲ့ အကျင့်စာရိတ္တပြင်မှုမပါတဲ့ အတွက်ကြောင့် ကောင်းကောင်းစား ကောင်းကောင်းဝတ် ကောင်းကောင်းနေရပါလျက်ကယ်နဲ့ သတ္တဝါတွေ စိတ်ချမ်းသာကြမှာမဟုတ်ပါဘူးလို့ ဘုန်းကြီးက ဖြေလိုက်ပါတယ်။

**စိတ်ချမ်းသာရဲ့လား။** ။ဒါဆွဲ ဖြေတာ မဟုတ်ဘူး၊ တကယ့်စိတ်ရင်းအတိုင်းဖြေတာ၊ ဒီတော့ တခါ ဘုန်းကြီးဖြေတဲ့ဥစ္စာဟာ ဟိုနောင် အရှည်ကြီးကို မှန်းပြီးဖြေပေမယ့် ယခုလက်တွေ့ အထိုက်အလျောက် တိုးတက်ပြီးတော့ အစားကောင်းတွေ စားနေနိုင်တယ်၊ အဝတ်ကောင်းတွေဝတ်နေနိုင်တယ်၊အိပ်ရာနေရာအိမ်တွေ အကောင်းတွေနဲ့ နေနိုင်တယ်၊ အဲဒီနေနိုင်တဲ့ အိမ်မှာ သားတွေ သမီးတွေ တပြုံကြီးနဲ့ မြေးတွေ

မြစ်တွေနဲ့နေကြတယ်၊ စိတ်ချမ်းသာပါရဲ့လား၊ ပတ်ဝန်းကျင်နဲ့ ဆက်ဆံပြီးတော့ မော်တော်ကားတွေနဲ့ ကူးလူးဆက်ဆံ သွားလာပြီးတော့ အင်မတန် ချမ်းချမ်းသာသာနဲ့ ကိုယ့်ရဲ့အနေအထားကို မြင်ကြပါရဲ့လား၊ စိတ်ချမ်းသာကြပါရဲ့လား။

**ရှေးခေတ်မြန်မာ။** ။ဒါကို ဘုန်းကြီးတို့ထက် အိမ်မှာနေတဲ့ သူတွေက သိပါတယ်၊ ဘုန်းကြီးကတော့ ယခုလောက်မတိုးတက်တဲ့ အချိန်တုန်းက ဟို အထက်နိုင်ငံကို အင်္ဂလိပ်က မသိမ်းခင်အချိန်တုန်းက မွေးထားတဲ့ အဖိုးအဖွား တွေနဲ့ ဘုန်းကြီးက အထိုက်အလျောက် မှီလိုက်ပါတယ်၊ မှီလိုက်တော့ အဖိုးအဖွားတွေရဲ့ အစားအစာတွေမှာ ဘာမှကြီးကြီး ကျယ်ကျယ်မရှိပါဘူး၊ မိမိတို့ကျေးတော ရပ်ရွာမှာရှိတဲ့ အစား အသောက်များပဲ မတောင့်မတစားကြရတယ်၊ အဝတ်များလဲ သင့်တော်ရုံကလေး၊ ဒါပေမယ့် အဖိုးတွေ မနက်မနက် စကား ပြောနေလိုက်ကြတာ၊ ဟိုအိမ်က ဒီအိမ်က ဒီလိုဝတ်ဖြူစင်ကြယ်နဲ့ အဖိုးတွေ အဖိုးအရွယ်တွေ နဲ့နဲ့ငယ်တဲ့သူတွေ ဘုန်းကြီးက လက်ဖက်ရေငှဲ့ပြီးတော့ ပေးတယ်။

**စကားယဉ်ကျေး။** ။သူတို့ စကားပြောတဲ့ အထဲ ဘုန်းကြီး ဟိုတုန်းက နားမလည်ခဲ့ဘူး၊ စကား ပြောတဲ့အထဲမှာ ယဉ်ကျေးလိုက်တာ၊ ကြီးတဲ့သူက ပြောယင် ''အမိန့်တော်အတိုင်းပါ၊အမိန့်တော်အတိုင်းပါဗျား၊အမိန့်တော် အတိုင်းပါခင်ဗျား'' ဟိုတုန်းက ဘုန်းကြီးက နားမလည်ပါဘူး၊

သူတို့ကလဲ မြန်မြန်ကလေး စကားပြောကြတယ်၊ "အမိန့်တော်အတိုင်းပါခင်ဗျား" ဘာအဓိပ္ပာယ်မှန်း ဘုန်းကြီးမသိဘူး။

တခါ ဟိုတယောက်ပြောတဲ့ စကားကျတော့လဲ ဒီတယောက်က " ဦးထိပ်ရွက်ပါ ဦးထိပ်ရွက်ပါ " ဘုန်းကြီးက နားမလည်ပါဘူး၊ ဘာအဓိပ္ပာယ်မှန်း၊ သူတို့ကလဲ မြန်မြန်မို့လို့ "ဦးထိပ်ရွက်ပါ ဦးထိပ်ရွက်ပါ" ဒီလိုထင်နေတယ်၊ ဒါပေမယ့် မျက်နှာတွေ ကြည်ကြည်လင်လင်ရှိလိုက်တာ၊ လူတွေက တကႀတဲ ကျန်းကျန်းမာမာရှိလိုက်တာ၊ ဒီအဖိုးတွေအဖွားတွေက ဒီအချိန်မှာ ဆွမ်းလောင်းဖို့လို့ ဆွမ်းကလေးများ ခူးလို့ ဆွမ်းခံကြွတဲ့ ကိုယ်တော်များရဲ့ လမ်းထွက်ပြီးတော့ ငြိမ်ငြိမ်သက်သက် မျက်နှာ ကြည်ကြည် လင်လင်နဲ့ ဆွမ်းလောင်း ထွက်နေကြတယ်၊ ဘုန်းကြီးက တော်တော်လေးကြီးတော့မှ အဲဒီအဖိုးအဖွားတို့ရဲ့ လက်ထက်ကို ပြန်ပြီးတော့ စဉ်းစားတယ်။

**စာရိတ္တာသွင်ပြင်။** ။"ဦးထိပ်ရွက်ပါခင်ဗျား၊ အခု ပြောတဲ့ စကားကို ကျွန်တော် မပယ်ပါဘူး၊ ဦးထိပ်ရွက်ထားပါ့မယ်၊ ယခုခိုင်းတဲ့စကားကိုအမိန့်တော်အတိုင်း လိုက်နာပါ့မယ်" ဒီအဓိပ္ပာယ်ပေါ်လဲလာရော"အံမယ်တယ်ယဉ်ကျေးပါလား၊ဒို့ဖိုးတွေ ဒို့ဖွားတွေလက်ထက်တုန်းက တယ်ချမ်းသာကြပါလားလို့ လှမ်းပြီးတော့မြင်လိုက်တယ်၊ လှမ်းလိုက်တာလေ အဲဒီခေတ်ကို၊ အဲဒီခေတ်ကစာရိတ္တကို စောစောကလေးပဲ ဆုံးမကြတယ်၊ အဖိုးတွေအဖွားတွေက မြေးကလေးတွေ သားတွေ သမီးတွေကို "အဲဒီလိုမပြောနဲ့၊ ဒီလိုမဆိုနဲ့၊ ဒီလိုမထိုင်နဲ့၊ ဒီလို

မနေနဲ့၊ လူကြီးတွေနားမှာ ခပ်ကုန်းကုန်းကလေးသွား၊ စကား ပြောယင် "ကျွန်တော်"လို့ ရိုရို သေသေပြော၊ "ဟုတ်ကဲ့ ခင်ဗျား"လို့ ရိုရိုသေသေပြောဖို့ သင်ပြတယ်၊ ဟိုတုန်းက အရ သာမသိပါဘူး၊ ယခုတော့ အဲဒီအသင်အပြခံခဲ့ရလို့ အရသာ ကိုယ်တိုင်လဲတွေ့တယ်၊ အများအတွက်လဲ သိနေပါတယ်။

**ဆိတ်သုဉ်းသွားပြီ။** ။ဒီတော့ကာ ဘုန်းကြီးက ဟိုရှရား ပါရဂူတွေ မေးတဲ့အခါမှာ အဲဒီလို စာရိတ္တပြုပြင်မှုဟာယခုဆိတ်သုဉ်းသွားပြီ၊အခြားနိုင်ငံကို မပြောနဲ့တော့ ဘုန်းကြီးတို့နိုင်ငံမှာတောင် ဆိတ်သုဉ်း သွားပြီ၊ ဆိတ်သုဉ်းသွားတော့ သားတွေ သမီးတွေက မြေးတွေက မိဘဖိုးဖွားရဲ့စကားကိုနားမထောင်တဲ့အပြင် "ဒီအဖိုးကြီးတွေ ဘာနားလည်လို့လဲ" ဒီလိုဖြစ်လာပြီ၊ "ခေတ်မမီပါဘူး"လို့ဖြင့်လာပြီ၊ ကောင်းပြီ ခေတ်မီတဲ့ သူငယ်များက မိဘစကားနား မထောင်ပဲနဲ့ ဖိုးဖွားရဲ့ စကား နားမထောင်ပဲနဲ့ ကိုယ်လုပ်ချင်တာ လုပ်လိုက် ကြလို့ ချမ်းသာယင် ဒါကပစ္စက္ခသိဒ္ဓ၊ ပစ္စက္ခဆိုတာမျက် မှောက်လက်တွေ့၊ အဲဒီသိဒ္ဓနဲ့ လိုက်ကြည့်ရပါမယ်၊ လက် တွေ့ချမ်းသာနေကြလို့ရှိယင် မိဘစကားကိုခေတ်မမီဘူး၊ ဒို့ကပညာတတ်နေပြီ၊ လက်တွေ့ချမ်းသာနေကြလို့ ရှိယင် မိဘစကားကိုခေတ်မမီဘူး၊ ဒို့ကပညာတတ်နေပြီ၊ မိဘ တွေက ဒို့လောက်ပညာတတ်တာ မဟုတ်လို့ သူတို့ ခေတ် မမီဘူး၊ ဟုတ်ပါ့ ဒါသူတို့ကပိုတတ်တယ်။

**စဉ်းစားစရာ။** ။ပိုတတ်လို့ သူတို့ထင်မြင်တဲ့အတိုင်း လုပ်လိုက်ကြတဲ့ဥစ္စာဟာ ဆိုပါတော့ ကမ္ဘာနဲ့ဘက္က အစားကောင်း ကလေးတွေ စားပြီးတော့၊ အဝတ်ကောင်း ကလေးတွေ ဝတ်ပြီးတော့၊ အနေအထိုင် အိပ်ရာကောင်းလေး တွေနေပြီးတော့ သူတို့ကိုယ်တိုင်စိတ်ချမ်းသာကြရဲ့လား၊လက်တွေ့ လက်တွေ့၊ ဟိုသူတို့စကားကို နားမထောင်တဲ့မိဘတွေ စိတ်မချမ်း သာတာကတော့ ဒါကလဲလက်တွေ့၊ အဲဒီမိဘတွေစိတ်မချမ်းသာ တာရှိပါစေ၊ မိမိတို့ကိုယ်တိုင် စိတ်ချမ်းသာရဲ့လား၊တယောက်ကို တယောက် ယုံယုံကြည်ကြည်နဲ့ ဆက်ဆံလို့ လွယ်ရဲ့လား၊ မဖြစ် ဘူးလို့ မပြောလိုဘူး၊ လွယ်ရဲ့လား။

**ရှေးခေတ်အိမ်ထောင်ရေး။** ။ဟိုရှေးခေတ်တုန်းက ဘုန်းကြီး က ရှေးခေတ်က အရာဝတ္ထုတွေ အကုန်လုံး အကောင်းချည်း ပြောနေတာ မဟုတ်ဘူးနော်၊ ရှေးခေတ်က စာရိတ္တပါနေလို့ စာရိတ္တပုံပြင်မှု ပါတယ်လို့ ပြောနေတာ၊ အဲဒီရှေးခေတ်က စာရိတ္တပုံပြင်မှုပါနေတဲ့ အချိန် တုန်းက အိမ်ရာထောင်ကြတော့မယ်လို့ ဆိုတော့ တယောက် အကြောင်းကို တယောက်သိအောင်ဆိုပါတော့ အတော်ကြာ ကြာ ဆွေမျိုးချင်းလဲ စုံစမ်းတယ်၊ သူတို့ နှစ်ယောက်ချင်းလဲ စုံစမ်းတယ်။

စုံစမ်းပြီးလို့ တယောက်တယောက် အင်မတန် ခင်နေပြီလို့ ဆိုယင် တယောက်ကလဲ သူ့စိတ်မပါပေမယ်လို့ "သူစိတ်ချမ်း သာအောင် နေမယ်ထိုင်မယ်လို့" ဆုံးဖြတ်တယ်၊ သူ့ဝါသနာ

မပါပေမယ့် ဒီတယောက်ကဆိုပါတော့ ဒေါသနဲ့နဲ့ ကြီးတယ်၊ သူ့အိမ်ရှင်မချမ်းသာအောင် ငါဒေါသချုပ်မယ်၊ဟိုကလဲ"ကိုယ် ကဒေါသကြီးတာ အဲဒါကျုပ်က ကြောက်တယ်" "အို ဒေါသ မကြီးဘူး" ဒီလိုကိုး တယောက်နဲ့တယောက်၊ စာရိတ္တအတိုင်း အပြောအဆို အနေအထိုင်ကစပြီး တယောက်နဲ့တယောက်ကို သည်းခံနိုင်အောင်လို့ နေတယ်။

**မရခင်အပြော။** ။ဒီအထဲ ရယ်စရာတခု ကြားဘူးသေးတယ် ကိုး၊ ဒေါသကြီးတဲ့ အမျိုးသား အမျိုးသမီးနဲ့ စောစောကလက်မထပ်ခင်က ဒါတွေကို စကားပြောထားကြတယ်၊ ဟိုက ဒေါသကြီးတဲ့ အမျိုးသားက "အို-ဒို့နှစ်ယောက်အတူတူနေတဲ့အခါလေ သံနဲ့စပ်ပြီးတော့ မင်းကိုအပ်နဲ့တောင်ငါမရွယ်ဘူး" ဟား-ဟား သူကလဲ အဲဒီလောက် ပြောထားတယ်၊ ဒေါသက သူကအဟုတ်ကြီးနေတာ၊ ဝါသနာ၊ ဒါနဲ့နောက်တော့ လက်ထပ်ပြီးလို့ အတော်ကလေး ကြာကျတော့ ယောကျ်ားကဒေါသဖြစ်တယ်၊ ဒေါသဖြစ်ပြီးတော့ ဘာနဲ့ညာနဲ့ကြိမ်းတာကို၊ကြိမ်းတော့မိန်းမက"ကို- ဟိုတုန်းက ပြောတုန်းက သံနဲ့စပ်ပြီးအပ်နဲ့တောင် မရွယ်ဘူးလို့ပြောတယ်၊ အခုဘာပြုလို့ ဘာနဲ့ရွယ်ရတုန်း" ဘာညာနဲ့ပြောတယ်၊ချစ်နေတာကိုး၊ ပိုင်ပိုင်နိုင်နိုင်ရှိနေတာဆိုတော့ ပြောတာပဲ။

**ကျေနပ်။** ။ယောကျ်ားက ပြန်ပြောတယ် "ဟာ- အဲဒီတုန်းက မရခင်မို့ပြောတာဟ"လို့ ဆိုဘယ်တဲ့၊(ဟီး-ဟီး) အဲဒီလိုဖြစ်ကြတယ်၊ ဒါပေမယ့် ကျေနပ်သွားကြတာပဲ၊ တခါ

သမီးခင်ပွန်းနှစ်ယောက်တော်တော်လေးကြီးပြီ၊ဟိုကယောကျ်ားက ခါးကြီးနဲ့ပြေးပြီးလာတော့"အံမယ်ကိုတင်မောင်ရယ်အဟုတ်ခုတ်တော့မှာလား"လို့ ဒီက (မိန်းမက) ပြောလိုက်တယ်၊ ယောကျ်ားက(ဟဲဟဲ ဟဲဟဲ)ဆိုပြီးတော့ ကျေနပ်သွားကြတာပဲ။

**တိုးတက်မှုနှင့်စာရိတ္တ။** ။ဈေးခေတ်အကြောင်းကို ဘုန်းကြီးက အခုတိုးတက်မှုနဲ့ ဈေးခေတ်က စာရိတ္တပြုပြင်မှုနဲ့ ပေါင်းလိုက်ရယင် အင်မတန် ချမ်းသာမယ်လို့ ဆိုတာမျှော်နေတယ်၊ အခု အသိဉာဏ်တွေပေါ့လေ၊ အလိမ္မာတော့မပြောနိုင်ဘူး၊ အသိပညာတွေ တိုးတက်ပုံနဲ့ ကျန်းမာရေးတွေလိုက်စားပြီးတော့ တိုးတက်လာပုံနဲ့ ဆေးကောင်း ဝါးကောင်းတွေတိုးတက်လာပုံနဲ့ ဟိုတုန်းကစာရိတ္တနဲ့များ ပေါင်းပြီးတော့ပေးလိုက်ရယင် အင်မတန် ချမ်းသာမယ်၊ ယခုပစ္စက္ခသိဒ္ဓိလက်တွေ့ ကြည့်လိုက်တော့ တိုးတက်တာက တိုးတက်ပါရဲ့၊ စာရိတ္တကမပါကြတော့ မချမ်းသာဘူး၊ မယုံကြည်ဘူး၊ မကျေနပ်ဘူး၊ ဒီတော့ သမီးခင်ပွန်းနှစ်ယောက်လဲ နှစ်နှစ် ကာကာကြီးရှိသင့်သလောက်မရှိ၊ သားသမီးတွေ လက်ထက်ကျတော့လဲ သူတို့က (မိဘတွေ) အလုပ်တဖားဖားနဲ့ နေရတော့ အထိန်းအကျောင်း ဖိုးဖွားတွေရှိယင် တော်ရဲ့ မရှိယင် ဒီကလေးတွေ လိမ္မာဖို့ရန်အတော်ခက်သွားပြီ၊ ခက်သလောက်လဲ နိုင်ငံမှာ ယခု ဒီအခြေအနေရှိနေပြီ။

နှစ်ခေတ်ပေါင်းယင် ဟို ဘုန်းကြီးတို့ ရှေးက ဒီနှားအိမ်က အင်မတန်ကောင်းမယ် ဖိုးဖွားအိမ်၊ ဟိုနွားအိမ်က ဦးကြီး
အိမ်၊ဟိုဖက်နှားအိမ်က ဒေါ်လေးအိမ်၊

ဒီလိုစသည်အားဖြင့် ဆွေမျိုးအိမ်တွေ ပတ်ပတ်လည်ပြီးတော့ နေကြတယ်၊ သွားစရာရှိလို့ရှိယင် "အကိုကြီး ကလေးတွေကို ကြည့်လိုက်စမ်းပါ၊ အမ ကလေးတွေကြည့်လိုက်စမ်းပါ" လို့ မှာတော့ "အေးဟေ့ အေးအေး" ဟိုက သူ့ကလေး အတိုင်း ကြည့်တယ်၊ ကျန်းမာရေးရော နေရေးထိုင်ရေးရော စိတ်ချမ်းသာရေးရော အင်မတန် သူ့ခေတ်နဲ့သူ့အခါ ကောင်းတာကိုး၊ ဒီ တိုးတက်မှုနဲ့များပေါင်းလိုက်ယင်တော့ အင်မတန်ကောင်းမှာပဲ။

မှန်းလို့ရ။ ။ဒီတော့ကာ အနုမာနသိဒ္ဓ၊ ယခုစာရိတ္တပြုပြင်မှု
ဟာ နိုင်ငံတကာမှာလဲ မပါပါဖူး၊ ဘုန်းကြီးတို့

နိုင်ငံမှာလဲ ရှိသင့်သလောက်မရှိတော့ပါဘူး၊ ရဟန်းသံဃာတော်တွေကလဲ စာရိတ္တတာဝန်ခံရမယ့်ဥစ္စာကို ယခုတာဝန်မခံနိုင်ကြပါဘူး၊ မခံနိုင်ကြတော့ ဒီနိုင်ငံက စားဝတ်နေရေး တိုးတက်အောင်ကြိုးစားချိန်မှာ စားဝတ်နေရေး ပြည့်စုံပါလိမ့်မယ်၊ ဒါပေမယ့် ဒီစာရိတ္တပြုပြင်မှုကို လစ်လျူရှုပြီးတော့ လိုက်လာခဲ့ကြလို့ စားဝတ်နေရေးအတွက်ဟာ ပြည့်စုံနေပေမယ့်လို့ "စာရိတ္တမပါတော့ကာ စိတ်ချမ်းသာကြမှာ မဟုတ်ပါဘူး" လို့ ဆိုတာကို ဘုန်းကြီးက အနုမာနသိဒ္ဓနဲ့မှန်းလို့ရတယ်၊မှန်းလို့ရလို့ ရှုရှားများကိုပြောတုန်းက ပီပီသသပြောလိုက်တယ်လေ၊ စမ်းတဝါးဝါး ပြောတာမဟုတ်ဘူး၊ ပီပီသသပြောလိုက်တာ။

**မြင်နေတယ်။** ။ဒါအနုမာနသိဒ္ဓနဲ့ စာကရှိလို့ အကြောင်းဒီလို နေလို့ရှိယင် အကျိုးဒီလိုဖြစ်တော့မှာပဲဆိုတာ ဘယ်သူ့မှမေးနေဖို့မလိုဘူး၊ ဘုန်းကြီး သိနေတယ်၊ မြင်နေတယ်၊ ဒီစာရိတ္တမကောင်းလို့ ရှိယင် သမီးခင်ပွန်းချင်းက စပြီးတော့ ချစ်သင့်သလောက်မချစ်ကြဘူးဆိုတာဘုန်းကြီးသိတယ်၊ချစ်သင့်သလောက်မချစ်ကြဘူးဆိုလို့ရှိယင် ယုံသင့်သလောက်မယုံကြဘူး၊ ယုံသင့်သလောက်မယုံကြလို့ရှိယင် စိတ်ချမ်းသာသင့်သလောက် မချမ်းသာကြဘူး ဆိုတာကို အဲဒီကစပြီးတော့ သားသမီးအဆက် ဆက်တိုင်အောင် ဘုန်းကြီးမြင်တယ်၊ ဒါ့ကြောင့် မို့လို့ ဘုန်းကြီးတို့စာက အနုမာနသိဒ္ဓဆိုတာတယ်ကောင်းတယ်၊ အဲဒီ အနုမာနသိဒ္ဓက ဒီလိုဆိုထားတဲ့အတိုင်း ယခု ကြည့်လိုက်တော့ ပစ္စက္ခသိဒ္ဓကလဲ ကြောက်စရာကိုကောင်းနေပြီ၊ စာရိတ္တ မပါတဲ့ အတွက်ကြောင့်–

**အရက်ဖိုးငွေ။** ။မနေ့ကတင် ရန်ကုန်က နေရာတိုင်း သူတို့ဆိုင် ရာမှာ ထိပ်တန်း ရောက်နေတဲ့ ပုဂ္ဂိုလ် တယောက် ဘုန်းကြီးပြောတယ်၊ “သတင်းစာထဲ တွေ့လိုက် တယ်၊ ဒကာတို့ရန်ကုန်မှာ သကြ်န်တွင်းတုန်းက အရက်ရောင်း ရတဲ့ငွေဟာ (၇)သိန်းနီးနီးရတယ်လို့ဆိုတယ်”လို့ပြောတော့“ဒါ ဟုတ်မှာပေါ့တဲ့” ဘုန်းကြီးကလဲ သတင်းစာထဲမှာ “အော်.... ရန်ကုန်ပတ်ဝန်းကျင် အရက်ရောင်းရတဲ့ငွေ (၇) သိန်း နီးနီးရ တယ်တဲ့” သူကလဲ “ဒါဟုတ်မှာပေါ့တဲ့”တဲ့။

**အရက်နဲ့လောင်း။** ။ဘာပြုလို့ သူက ဟုတ်မှာပေါ့လို့ ပြောနိုင်သလဲ လို့ဆိုတော့ "လူငယ်တယောက် သူတို့ဝိုင်း (အရက်ဝိုင်း)မှာ လူငယ်တယောက်ဆိုပေမယ့် အရာရှိပိုင်းကလူငယ်တယောက်၊ သကြန်တွင်း သူတို့ဝိုင်းသွားပြီးတော့ သောက်နေလိုက်ကြတာ ထိပ်တန်းကြီးတွေ "သောက်ဗျာ"လို့ သူ့ကိုဆိုပြီးပေးတယ်၊ "ဟာကျုပ်အမေက ဥပုသ်မစောင့် မနေရဘူးဆိုလို့ ကျုပ်ကဥပုသ်စောင့်လာတယ်"၊အရက်ဝိုင်းထဲ ဥပုသ်သည်ကရောက်လာပြီ၊ "ကျုပ်က ဥပုသ်စောင့်လာတယ်၊ အမေက ဥပုသ်မစောင့်မနေရဘူး ဆိုလို့ ပြောတယ်၊ သူကအညာခတ်ဆန်ဆန်ကိုး၊ အမေကလဲအညာသူကိုး၊ ဒါနဲ့ ဥပုသ် မစောင့် မနေရဘူးဆိုလို့ အမေ့စိတ်ချမ်းသာအောင်လို့ ကျုပ်က ဥပုသ်စောင့်လာတယ်"၊ "ကဲကွာ အရက်မသောက်လို့ရှိယင် ဒီအကောင်ဝိုင်းပြီးတော့ အရက်နဲ့လောင်းရအောင်ဟေ့"လို့ ဆိုပြီးတော့ တခါထဲ အရက်ပုလင်းတွေနဲ့ ဝိုင်းပြီး လောင်းချ လိုက်ကြတာ တကိုယ်လုံး သကြန်ရေဖြစ်သွားတာပဲ၊ ဒါနဲ့အိမ်ပြန်လာပြီးတော့ "အမေ ကျွန်တော် အရက်သောက်လာတယ်လို့များ မထင်နဲ့ အမေရာ၊ ကျုပ်ကိုအရက်နဲ့လောင်းချလိုက်ကြလို့မို့ တကိုယ်လုံး စိုလာတယ်"လို့ ဆိုတော့ အမေလုပ်သူကလဲ ပြုံးရတော့မှာပေါ့လေ။

**ဘယ့်နှယ်နေကြ။** ။ကဲ— ဘယ့်နှယ် နေကြတုန်း၊ ကဲ—စာရိတ္တဘယ့်နှယ်နေကြတုန်း၊ အဲဒီ စာရိတ္တတွေနဲ့ ဒီလိုသွားယင် တိုးတက်ပါ့မယ်လေ၊ စားဝတ်နေရေးတွေ တိုး

တက်ပါ့မယ်၊ ကောင်းလာပါမယ်၊ ဘယ်နှယ်လုပ်ပြီးတော့စိတ် စိတ်ချမ်းသာမှာတုန်း၊ ဒီတော့ဘုန်းကြီးတို့က စာက မှန်းကြည့် တယ်၊ ယခုဒီလိုဖြစ်လို့ရှိယင် နောင်ကို ဘယ်လိုဖြစ်လိမ့်မယ်ဆို တာ ယခုအကြောင်းကို ကြည့်လို့ရှိယင် နောင်အကျိုးဘယ်လို ဖြစ်လိမ့်မယ်ဆိုတာ မှန်းကြည့်လို့ရတယ်၊ ဒါ အနုမာနသိဒ္ဓပဲ အဲဒီအနုမာနသိဒ္ဓအတိုင်း မှန်းကြည့်လို့ရတဲ့ အဓိပ္ပာယ်ကို ရတဲ့ အကျိုးကို ယခုပစ္စက္ခသိဒ္ဓ လက်တွေ့တွေ့နေပြီမဟုတ်လား၊အရက် တော့နဲ့သုံကြန်ရေလောင်းချလိုက်တာ လက်တွေ့ပဲမဟုတ်လား။

**ကြောက်စရာဖြစ်နေ။** ။ဟို သမိုး ခင်ပွန်းချင်း ကွာရှင်းတဲ့ အကွာ အရှင်း တွေဟာ ရှေးတုန်းက ထက်များလာတာဟာ လက်တွေ့မဟုတ်လား မနေ့တုန်းကတင် အမျိုးသမီး တယောက် "ကြောက်စရာ ဖြစ်နေပါပြီ ကိုယ်ဝန် လျှောတဲ့ကိစ္စတွေဟာ အင်မတန်ကြောက်စရာ ဖြစ်နေပါပြီ"လို့ ဆိုပြီးတော့ကို သူတို့ အမျိုးသမီးလောကကို ဖွင့်ချလိုက်တယ်၊ ဒီဟာ(ရန်ကုန်) ပတ်ဝန်းကျင်မှာ ဖြစ်နေတဲ့ ကိုယ်ဝန်လျှောတဲ့ ကိစ္စဟာ တလဘယ်လောက်လျှောနေတယ်လို့ဆိုတဲ့ဥစ္စာ ဒါပစ္စက္ခ သိဒ္ဓ၊ပစ္စက္ခ-မျက်မှောက်လက်တွေ့+သိဒ္ဓ-ပြီးစီးနေတာ၊ ဒီအကျင့် စာရိတ္တပျက်လို့ရှိယင် ဒီမကောင်းကျိုးတွေတွေတော့မှာပဲ လို့ဆိုတဲ့ ဥစ္စာမျော်ပြီးတော့ နောင်ရေးအတွက် မျှော်ပြောတာ၊ ယခု ပစ္စက္ခသိဒ္ဓ-လက်တွေ့တွေ့နေပြီ၊ ချမ်းသာကြရဲ့လားလို့။

**ဘုန်းကြီးလောက။** ။ဘုန်းကြီးက လူ့လောကထဲကို တစိ တစောင်းလှမ်းကြည့်ပြီးတော့ကာ ဘုန်းကြီးတို့ သာသနာလောကကို ကြည့်ပါတယ်၊ ဘုန်းကြီးတို့ သာသနာလောက ကလဲ ရှေးနဲ့မတူအောင် ဒီစာရိတ္တတွေပြောင်းလဲလာပါပြီ၊ အလွန်ပြောင်းလဲလာပါပြီ၊ ဒီတော့ကာ ဒီစာရိတ္တတွေ ပြောင်းလဲပြီးတော့ ဒီဝိနည်းကို မလေးစားလေသရွေ့၊ ဝိနည်းမလေးစားတာကလဲ ဘယ်လောက်အထိ မလေးစားနေကြပြီဆိုတာလဲ ဘုန်းကြီးမှာ နှားနဲ့အင်မတန် ကြားနေရပါပြီ။

**ပွဲပြီးနေမယ် ဘုန်းကြီးနေနိုင်ပါတယ်** ကောင်းပြီ ဘုန်းကြီးတွေကလဲ စာရိတ္တဝိနည်းကို မကျင့်တော့ဘူး၊ မလေးစားတော့ဘူး၊ သူတို့ကလဲ ခေတ်တိုးတက်ရေးအတိုင်း တိုးတက်အောင် ကြိုးစားနေကြပြီလို့ဆိုအံ့၊ ကိစ္စမရှိဘူး၊ ဒီအခြေအနေအတိုင်း ဘုန်းကြီးကကြည့်နိုင်တယ်၊ သာသနာတော်ကြီးဟာ ပိုပြီးတော့ ဂုဏ်ရှိလာပါသလား၊ ဒီဝိနည်းမလေးစားလို့ သာသနာတော်ကြီးပိုပြီးတော့ တိုင်းသူပြည်သားတွေက လေးစားလာပါသလား၊ အကယ်၍များ သာသနာတော်ကြီး တိုးတက်နေတယ်၊ ဝိနည်းတော့မပါပါဘူး၊ ဒါပေမယ့်လို့ ခေတ်အားလျော်စွာ ပညာတွေသင်ကြလို့ စာမေးပွဲတွေဝင်ကြလို့ စာမေးပွဲတွေအောင်ကြလို့ ခေတ်ပညာတွေတတ်ကြလို့ တကတဲ ကိုယ်တော်တွေကို လူတွေက အင်မတန်လေးစားကြတယ်ဆိုယင် ဘုန်းကြီးက ဝိနည်းမလေးစားတာကို အသာကလေး အုပ်ထားလိုက်မယ်၊ ပြုံးပြီးတော့ ဝမ်းသာ

အားရရနဲ့ ကြည့်နေမယ်၊ ကိုယ်တော့ ဝိနည်းမလေးစားပဲ မနေနိုင်ဘူးလေ၊ သူများဝိနည်း မလေးစားတာကို ဘာမှမပြောလိုဘူး၊ ဘာပြုလို့တုန်း၊ တိုးတက်နေတာကိုး၊ လူတွေက ပိုပြီးတော့ လေးစားလာကြတာကိုး၊ ဒီလိုဆိုယင် ဘုန်းကြီးက နေနိုင်ပါတယ်။

**သာသနာကျဆင်း။**　။ယခုတော့ ဝိနည်းမလေးစားတဲ့အတွက်ကြောင့် ရဟန်းတော် အချင်းချင်းလဲ မရိုသေကြဘူး၊ လူတွေကလဲ မိတ်ဆွေဆက်ဆံသလို ဆက်ဆံလာကြတယ်၊ ရဟန်းသံဃာမို့လို့ ရိုသေစရာအနေနဲ့ မဆက်ဆံတော့ဘူး၊ ခြုံကြည့်လိုက်တဲ့ အခါ သာသနာ့ အသရေတော်ကျ နေပါတယ်၊ ဒီဟာ ဘာပြုလို့တုန်း ဆိုတော့ ဝိနည်းစာရိတ္တပါပဲ၊ ဝိနည်းစာရိတ္တမရှိတဲ့အတွက်ကြောင့် ဒီလို ဖြစ်ရတာပဲ၊ စာမတတ်လို့မဟုတ်ပါဘူး၊ စာမေးပွဲ အောင်ကြတယ်၊ စာတတ်လျက်သားနဲ့ ဒီလိုဖြစ်ရတဲ့ဥစ္စာဟာ လျော့ယင်းနစ်နေတာပဲ၊ တိုင်းသူပြည်သားတွေ စားဝတ်နေရေး တိုးတက်အောင် လုပ်ယင်း စာရိတ္တပျက်ပြီးတော့ စိတ်ဆင်းရဲနေကြသလို ဘုန်းကြီးတို့ သာသနာမှာလဲပဲ ကိုယ်တော်တိုကိုယ်တိုင်ကိုက စိတ်ချမ်းချမ်းသာသာ မရှိပါဘူး၊ သူတို့မျက်နှာကျက်သရေမရှိပါဘူး၊ သူတို့မှာလဲ ဆင်းရဲပါတယ်၊ ပတ်ဝန်းကျင်ကလဲ မလေးစားပါဘူး။

**ဝိနည်းမူထား လေးစားကြပါ။**　။ဒါကြောင့် ဒီကျောင်းမှာတော့ "ကိုင်း စာမေးပွဲ မအောင်ချင်လဲနေပါစေ၊ ဖြေးဖြေးအောင်လိမ့်မပေါ့၊ ဝိနည်းကို

တော့မူထားကြပါ၊ ဝိနည်းလေးစားကြပါ၊ ဘုန်းကြီးက ရှေးကို ကောင်းတဲ့အပိုင်းကို လက်မလွှတ်ဝံ့တဲ့ဘုန်းကြီးကိုး၊ ရှေးဆရာ သမားကြီးတွေရဲ့ နည်းအတိုင်းဝတ်ကြပါ၊ သွားကြ လာကြ စားကြသောက်ကြပါ၊ ဝိနည်းကိုလေးစားကြပါ၊ ဝိနည်းကို ဦးထိပ်ရွက်ကြပါ၊ ဒါ ဒီလို မနေနိုင်ဘူးဆိုယင် ဘုန်းကြီးက ကျမယ်ဆိုတဲ့ဥစ္စာ သူ့အတွက်လဲကျမယ်၊ သူ့အတွက်က ဘယ် လောက်ကျမလဲ ဒီဘဝမှာ လူရှိသေရှင်ရိုသေ မခံရဘူးကျမယ်။

**အပင်းစားရသလို။** ။ဒီဘဝမှာ စားရသောက်ရအောင် သူက မတရားနည်းလုပ်လို့ စားရသောက်ရပေ မယ်လို့ ဒါတွေဟာ အပင်းစားရတာထက် ဆိုးသေးတယ်၊ ဘာပြု လို့တုန်း ဗုဒ္ဓက—

ပိဏ္ဍော ပိယာ အယောဂုဠော အယောပတ္တောဝ စီဝရံ။

အသာ၊ ထိုသီလမစင်ကြယ်တဲ့ ပုထုဇဉ်ရဟန်း၏။ ပိဏ္ဍောပိ၊ ဒကာဒကာမ သဒ္ဓါကြည်၍ ထာဝရလှူဒါန်း စားဖွယ်ဆွမ်းသည် လည်း။ အယောဂုဠောဝ၊ အလျှံရဲရဲ မီးလျှံစွဲသည့် သံခဲသံလုံး သံတုံးတွေနှင့်တူလှချေ၏လို့ အဲဒီလို ဗုဒ္ဓမြတ်စွာ ဟောတော် မူတယ်၊ သင်္ကန်းကတော့ မီးတွေလောင်နေတဲ့ သံပြားကြီးပတ် ထားရသလိုပဲ၊ နေတဲ့ကျောင်းကလဲ မီးရဲရဲကြီးနဲ့နေတဲ့ သံအိုး ကြီးထဲနေရသလိုပါပဲတဲ့ ဘယ်လောက်မှ တွက်ပုံမရပါဘူးလို့ ဗုဒ္ဓမြတ်စွာက မိန့်တော်မူတဲ့အပြင် သေလို့ရှိယင်လဲပဲ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ ဒီလိုလမ်းကို သွားရမှာဖြစ်တော့ ဒီပုဂ္ဂိုလ် အတွက်လဲ မသက်သာဘူး၊ သာသနာတော်အတွက်လဲ ဂုဏ်

အသရေမရှိဘူး၊ နိုင်ငံအတွက်လဲကြက်သရေမရှိဘူး၊ ဒါကြောင့် ဝိနည်းလေးစားကြပါ၊ ဒီကျောင်းက ဝိနည်း မလေးစားလို့ မဖြစ်ပါဘူး၊ ဝိနည်းမလေးစားယင် နေကိုမနေပါနဲ့၊ ဒီကျောင်းမှာလဲ မနေပါနဲ့၊ သာသနာတော်မှာလဲ မနေပါနဲ့လို့ ပြောနေရပါတယ်။

**ရဲရဲပြော။**　။ဒီဟာကို ဘုန်းကြီးဘယ့်နှယ်ကြောင့် သိနိုင်တုန်း၊ ခုနက အနုမာနသိဒ္ဓ- မှန်းကြည့်လဲ သိနိုင်တယ်။ ပစ္စက္ခသိဒ္ဓ- လက်တွေ့ ဖြစ်နေတာကိုလဲ သိနိုင်တယ်၊ အဲဒါကြောင့် ဘုန်းကြီးကရဲရဲပြောတာ၊ မေးလာလို့ရှိယင်လဲ ရဲရဲဖြေတယ်၊ ကျောင်းတိုက်ကြီးကို ရဲရဲကြီးပြောပြီးတော့ အုပ်ချုပ်နေတယ်၊ ဘာပြုလို့တုန်း၊တွေ့မယ့်အပြစ်ကိုမြင်နေပြီ၊ တွေ့နေတဲ့အပြစ်ကိုလဲမြင်နေပြီ၊ အကယ်၍များ ဝိနည်းလေးစားလိုက်မယ်ဆိုယင် စာကလဲဆိုတယ်။

"သီလံ၊ ဝိနည်းသိက္ခာပုဒ်ဆိုတဲ့သီလသည်။ အဝိပ္ပဋိသာရာယ၊ နှလုံးမသာမယာမဖြစ်ဖို့ အကျိုးငှာ။ ဟောတိ၊ ဖြစ်၏" လို့ ဝိနည်းဖျက်ပြီးတော့ ပေါက်လွတ်ပဲစား လုပ်ချင်ရာ လုပ်နေတဲ့ ပုဂ္ဂိုလ် သေခါနီးဆိုယင် နှလုံးမသာမယာဖြစ်တယ်၊ "ငါတော့ မှားကုန်ပြီ၊ ကောင်းမှုချ ငရဲသွားရတော့မယ်" လို့ နှလုံးမသာမယာဖြင်လို့။

**ဝိနည်းအကျိုး။**　။ဝိနည်းလေးစားတဲ့ ပုဂ္ဂိုလ်က သေခါနီးမှာ ဖြစ်ဖြစ် မသေခင်ဖြစ်ဖြစ် နှလုံးရွှင်တော့ ပီတိပါမောဇ္ဇဖြစ်ပြီး စိတ်တယ်ချမ်းသာကိုး၊ ပဲပြုတ်ကလေး

စားပြီးတော့ စိတ်မချမ်းသာလို့၊ အပ်အပ် စပ်စပ် ဝိနည်းနဲ့ လျော်တဲ့ပဲပြုတ်စားရတာ စိတ်ချမ်းသာလို့၊ အဲဒီမှာ ပါမောဇ္ဇ ဖြစ်တယ်၊ အဲဒီလို စိတ်ချမ်းချမ်းသာသာဖြစ်တဲ့အခါမှာ ပီတိ၊ တကတဲစိမ့်လို့ စိတ်ချမ်းသာလိုက်တာ အကြည်ကိုဖြစ်လာတယ်။ ပီတိဖြစ်လာတဲ့အခါကျတော့ ကိုယ်တွေပါ ငြိမ်းချမ်းလို့ စားရတာက မကြီးကျယ်ပဲနဲ့ နေရထိုင်ရတဲ့ ကျောင်းကလေးက မကြီးကျယ်ပဲနဲ့ တကတဲ ကိုယ်တွေများငြိမ်းချမ်းလို့ သွားရ လာရ နေရထိုင်ရတာပေါ့ပါးလို့၊ တရားကျင့်ရတာ ကောင်းလို့ တယ် ကောင်းကို ဝိနည်းထိန်းရတဲ့ဥစ္စာ။

**သီလအကျိုး။** ။အိမ်မှာလဲပဲ ငါးပါးသီလကို ထိန်းလို့၊ သမီး ခင်ပွန်းချင်း ချစ်ချစ် ခင်ခင် နေလို့၊ နောင်သံသရာရေးတွေပါတွေးလို့၊ ဒီလိုများ ကိုယ့်သီလနဲ့ကိုယ် နဲ့ ကိုယ့်အလုပ်ကလေးနဲ့ကိုယ်နဲ့ ချစ်ချစ်ခင်ခင် နေကြမယ်ဆိုယင် စာရိတ္တကောင်းလို့၊ တကတဲ ဝမ်းမြောက်ဝမ်းသာဖြစ်ပြီးတော့ သေတောင်မှမခွဲစတမ်းလို့ အဲဒီအထိ စိတ်ချမ်းသာပြီးတော့ ချစ်ခင်ကြမယ်၊ ဒါ-ဘုန်းကြီးဘာမှ တွေးနေစရာမရှိဘူး၊ ကျမ်းစာတွေကဝတ္ထုတွေရှိတယ်၊ လက်တွေ့ စိတ်ချမ်းသာမှု မချမ်းသာမှုတွေက ပစ္စက္ခသိဒ္ဓရှိတယ်၊ အဲဒါကြောင့် ဘုန်းကြီး ရဲရဲ ပြောနေတာ၊ လူတော့အတွက်လဲပဲ ကိုယ်ကျင့်သီလ ကောင်းကြပါ၊ အိမ်သူအိမ်သားတွေက သားသမီးတွေကိုလဲ ကိုယ်ကျင့်သီလစောစောထဲ ကသင်ပေးကြပါ၊ဆုံးမကြပါ၊ခေတ်မမီဆိုတာ မပြောပါနဲ့၊ခေတ်မီတယ်ဆိုတဲ့ နိုင်ငံကြီးတွေကိုပဲ စိတ်မချမ်းသာ

ပါဘူး၊ ဘုန်းကြီးရောက်ဖူးလို့လား ဆိုတော့ ဒီတောသား အလကားရောက်ဖူးပါ့မလားဆိုနေ၊ ဒါပေမယ့်လို့ ဒီအနုမာန သိဒ္ဓနဲ့မှန်းကြည့်တော့ ဟုတ်ကို ဟုတ်နေတာ၊ ဟိုမှာလဲပဲ စိတ် မချမ်းသာကြဘူး။

**သဒ္ဒေးတယောက်။** ။တလော တုန်း က ဒေါ် လာ ဈေး အပြောင်းအလဲ တော်တော် ဖြစ်သွား ပါတယ်၊ အဲဒီဒေါ်လာကိုင်တဲ့ နိုင်ငံမှာ သဒ္ဒေးတယောက်ဟာ ဆယ်သန်းလောက် ချမ်းသာတယ်၊ ဒေါ်လာ အပြောင်းအလဲ လုပ်လိုက်တဲ့ဥစ္စာ သူ့ဘယ်လောက် ထိခိုက်သွားသလဲ ဆိုတော့ တသန်းလောက်ထိခိုက်သွားတယ်၊ ဘုန်းကြီးတို့ တရားအတွေး တော့ ကိုးသန်းရှိသေးတာပဲ ဘာမှစိတ်ဆင်းရဲစရာမရှိဘူး၊ အဲဒီ ဒေါ်လာတသန်းရှော့သွားတာနဲ့ကို စိတ်ဆင်းရဲပြီးတော့ တိုက်အ ထပ်ထပ်ပေါ်က ခုန်ချပြီးသေတယ်တဲ့၊ စာရိတ္တဘယ့်နှယ်နေကြ တုန်း၊ အကျင့်ဘယ့်နှယ် နေကြတုန်း၊ အဲဒီ အကျင့် မပါလို့ စာရိတ္တမပါလို့ နိုင်ငံကြီးတွေမှာ ထိပ်တန်းနိုင်ငံတွေမှာလဲ မချမ်း သာဘူးဆိုတာဘုန်းကြီးသွားကြည့်ဖို့မလိုပါဘူး၊ ဒီတရားကအင် မတန် မှန်ပါတယ်၊ဒီအနုမာနသိဒ္ဓနဲ့ကြည့်လဲမှန်တယ်၊ ယခုလက် တွေ့ ကြားရတော့ ပစ္စက္ခသိဒ္ဓနဲ့လဲမှန်တယ်။

**သာသနာကျဆင်း။** ။သာသနာကြီး ကျဆင်းလာတဲ့ ဥစ္စာ ပစ္စက္ခသိဒ္ဓ မျက်မှောက်နဲ့လဲ တွေ့နေရပြီး၊ နောက်ကိုဒီထက်ကျမယ်၊ ဒီထက် ကျမယ်ဆိုတဲ့ဥစ္စာ ဘာပြုလို့

သိနိုင်တုန်း၊ သိတယ်လေ သိတယ်၊ ဟို-ဒီကကြာလေအရှိအသေ မရှိလေ၊ ကိုယ်တော်တွေကလဲ လူတွေနဲ့ ဆက်ဆံတဲ့နေရာမှာ လူတွေလိုသူတို့ကဆက်ဆံတယ်၊ မိတ်ဆွေလိုဆက်ဆံတယ်၊ ဆရာ သမားလို ကြည်ညိုစရာ ကောင်းဖို့လို့ မဆက်ဆံဘူး၊ ဒီတော့ ဒါဒီလို ဆက်ဆံလို့ သာသနာ တိုးတက်နေယင် ဘုန်းကြီးက နေသာပါရဲ့၊ ယခုတော့ ကျကျ ကျကျ ကျကျပြီးတော့ လူတွေ ကလဲအထင်သေးတယ်၊ ပတ်ဝန်းကျင်ကလဲ အထင်သေးတယ်၊ တနိုင်ငံလုံးကလဲအထင်သေးတယ်၊ သွားမယ် ဒီသာသနာသွား မယ်၊ မကြာဘူးသွားမယ်၊ ဘုန်းကြီးမြင်နေပါတယ်။

အသွင်အပြင်။ ။ဒီတော့အပြစ်မြင်လို့ရှိယင် အကျိုးလဲမြင်မှာ ပေါ့၊ ဒီလိုနေလိုက်လို့ရှိယင် သာသနာတော် ဘယ်လောက် တိုးတက်ပြီးတော့ နိုင်ငံမှာ သာသနာက ဘယ် လောက် ကျေးဇူးပြုမယ် ဆိုတာကိုလဲ မြင်တာပဲ၊ ဒါတွေဟာ အနုမာနသိဒ္ဓ, အာကပ္ပသိဒ္ဓဆိုတဲ့ ဥစ္စာနဲ့ကြည့်နေတာ၊ ပြီးတခါ အာကပ္ပသိဒ္ဓ- အားလုံး အသွင်အပြင်ကို ကြည့်ယင်ဘာဆိုတာ သိတယ်၊ ယခုသာသနာရေးနဲ့ စပ်ပြီးတော့ စကားပြောရလို့ ရှိယင် အာကပ္ပ-ကိုယ်တော်တွေက ခေတ်မီအောင် ဆိုပြီးတော့ တကတဲ သူတို့မျက်နှာလေးတွေက သမာဓိမသုံးဘူး၊ ဒါအာကပ္ပ ပဲ၊သမာဓိမသုံးယင် လူတွေမကြည်ညိုဘူး ဆိုတာတော့ သေချာ နေပြီ၊အခုလဲမကြည်ညိုဘူး၊ ဒါလဲဒီအသွင်အပြင်ကို မြင်လို့ရှိယင် ဟိုလိုအကျိုးဖြစ်တော့မှာပဲ၊ ကြည်ညိုမှာ မဟုတ်တော့ပါဘူးလို့ မြင်တယ်။

**ဘာလူမျိုးတွေတုန်း။** ။တခါတုန်းက နိုင်ငံခြားက လူတွေနဲ့ တကွ ရန်ကုန်မှာ ပွဲလမ်းသဘင် အကြီးအကျယ် ကျင်းပတယ်၊ ကျင်းပတော့ ဘုန်းတော်ကြီးတွေကို ဦးပဉ္ဇင်းတွေကို ဒီသင်္ကန်းအဝတ်ဝါနဲ့ တော်တော်များများ ကြီး ဟိုနားတွေ့ ဒီနားတွေ့နဲ့တွေ့တယ်၊ တွေ့တော့ စင်မြင့်ပေါ်ကနေပြီးတော့ နိုင်ငံခြားသားတွေက ဒီပြည်တွင်းကလူကို "ဟို အဝတ်ဝါတွေဝတ်နေတဲ့လူတွေက ဘာလူမျိုးတုန်း" လို့ မေးတယ်တဲ့၊ သူ့ခမျာလဲ အဖြေရ တော်တော် ခက်နေတယ်၊ ဒီတော့ "ဒါတွေဘုန်းကြီးလို့ ခေါ်တယ်" စသည် အားဖြင့် သူတတ်သမျှမှတ်သမျှ ဖြန်းသန်းပြီးတော့ မှန်တာရော မှားတာရော သူပြောမှာပေါ့လေ၊ ဒီတော့ တခါ ဒီအဝတ်နဲ့ဝတ်နေတဲ့ လူတွေက ဟိုနားလဲတွေ့ ဒီနားလဲတွေ့ ရန်ကုန်မြို့လျှောက်လည်တဲ့ အခါ "သူတို့ဘယ်နှယ်လုပ်စားသောက်နေကြတုန်း" တဲ့၊ဟင်း— ဒီတော့ ဒီလူကြီးလူကောင်းတွေက လောင်းနေကြ လှူနေကြ ပေးနေကြ ကမ်းနေကြကြောင်းကိုဖြေတယ်။

**စည်းကမ်းမရှိ။** ။"ဒီဘုရားတွေက ဒီလောက် အချွန်တွေများအောင် တည်ထားတဲ့ဘုရားတွေ ဘာလုပ်ရအောင်တုန်း" မေးတယ်ကိုး၊ မြင်ယင်မသိ၊ မသိယင်သူတို့က မေးတယ်၊ ဒီက ဒီလိုပဲ ဖြေရတော့တာပဲ၊ ဒီတော့ကာ "ဘုန်းကြီးတို့နိုင်ငံက စည်းကမ်းမရှိတာဟာ ဘယ်တော့ကစပြီးတော့ မရှိတုန်း" လို့ဆိုတော့ ကမ္ဘာ့သခင် လွန်လေတုန်းကတဲကစပြီးတော့ စည်းကမ်းမရှိတဲ့ နိုင်ငံနဲ့တူတယ်၊ ဒါ့ကြောင့်မို့လို့ စည်းကမ်းလုပ်လို့ အလွန်ခက်နေတယ်။

**ဗုဒ္ဓစည်းကမ်း။** ။ဘုန်းကြီးကတော့ ခက်ချင် ခက်ပါစေ၊ ဒါဗုဒ္ဓရဲ့စည်းကမ်း၊ ဒီလိုဝတ်ရမယ်၊ ဒီလိုစားရမယ်၊ ဒါဗုဒ္ဓစည်းကမ်း၊ ဗုဒ္ဓစည်းကမ်းမလိုက်လို့ သာသနာကျလာတာ၊ ဗုဒ္ဓစည်းကမ်းလိုက်လို့ရှိယင် ယခုအထိသာသနာဟာ ဦးထိပ်ကနေရမှာ၊ ဒါဗုဒ္ဓစည်းကမ်း၊ ဒီလိုသွားရမယ်၊ ဒီလိုနေရမယ်၊ ဒီလိုတရားကျင့်ရမယ်၊ ဒီလိုဘာဝနာပွားရမယ်၊ မပွားလို့ဖြစ်ကိုမဖြစ်ဘူး ဒါဗုဒ္ဓစည်းကမ်း၊ ဒီဗုဒ္ဓစည်းကမ်း ကောင်းကြောင်းကို ကမ္ဘာကကို သိစေရမယ်၊ နိုင်ငံက ဗုဒ္ဓဘာသာကို အထင်သေးတဲ့သူတွေကိုသိစေရမယ် ဗုဒ္ဓစည်းကမ်း၊ ဒါ့ကြောင့်ကောင်းကောင်းနေကြပါ။

အနုမာနအပြင် အာကပ္ပ အသွင်အပြင်ကို ကြည့်ပြီးတော့ စကားပြောပုံ အသွင်အပြင်ကြည့်တာပါပဲ၊ မျက်နှာကလေးက မချိုမချဉ်နဲ့ စကားပြောယင် ငါ့တော့ ညာတော့မှာပဲ၊ ဘယ်စကားကို ဘယ်လိုပြောလိုက်ပေမယ်လို့ အသံကဘယ်လို အသံနဲ့ဆိုယင် ဒါအမှန်ပြောတဲ့အသံပဲ၊ ဒါအမှားပြောတဲ့ အသံပဲ၊ အာကပ္ပ၊ အသွင်အပြင်က ကိုယ်အမူအရာကိုလဲ ကြည့်ရပါတယ်၊ နှုတ်အမူအရာကိုလဲ ကြည့်ရပါတယ်။

**စာကအလိမ်မာပြ။** ။ကိုယ်အမူအရာက ဘုန်းကြီးတို့ စာကလဲ အလိမ်မာတွေကိုပြလွန်းလို့ ပြလွန်းလို့—

ဂတေနေဘာ ပလောဘေန္တိ၊ ပေက္ခိတေ နမှိတေနစ။
အထောပိ ဒုန္နိဝတ္ထေန၊ မဉ္ဇုနာ ဘဏိတေနစ။

လူတစ်ယောက်က လူတစ်ယောက်ကို ဖြားယောင်းတယ်ဆိုတာ၊ ဆိုပါတော့ အမျိုးသမီးက အမျိုးသားကို ဖြားယောင်းတယ်ဆိုတာ သွားပုံလာပုံကို ကြည့်ပြီးတော့လဲ သိရတယ်တဲ့၊ မျက်စိကြည့်ပုံကိုမြင်ယင်လဲ ဒါသူ့စိတ်ဟာ ဘယ်လိုရှိနေတာဆိုတာ မှန်းလို့ရတယ်တဲ့၊ မျက်လုံးကလေး မှိတ်တုတ်မှိတ်တုတ်နဲ့ နေလိုက်ယင်လဲပဲ ဒါသူ့စိတ် ဘယ်လိုရှိတယ်ဆိုတာ မှန်းလို့ရတယ်တဲ့၊ ဝတ်တဲ့အဝတ်ကိုက မြဲသလိုလိုမမြဲသလိုလို ဒီလိုဝတ်နေပြန်လို့ရှိယင်လဲ သူ့စိတ် ဘာဖြစ်နေတယ်ဆိုတာ သိတယ်တဲ့၊ စကားပြောတဲ့အသံက သူ့နကိုအသံအပြင်ကို တကယ့်သာယာအောင် တကတဲပြုပြင်ပြီးတော့ ပြောနေတဲ့အသံကိုထောက်ယင် သူ့စိတ်ဘယ်လိုရှိဘယ်ဆိုတာ သိရတယ်တဲ့ စာက စာက။

**သာဝတ္ထိရာဇဂြိုဟ် နေ့တိုင်းရောက်**

ဘုန်းကြီး ကျေးတောသား ဘာနားလည်မှာလဲ၊ ကျေးတောသား ဘာမှနားမလည်ပေမယ်လို့ စာကလေ အသွင်အပြင်၊ အိမ်တွင်းအိမ်ပြင်၊ ကျောင်းတွင်းကျောင်းပြင်၊ ရွာတွင်းရွာပြင်၊ မြို့တွင်းမြို့ပြင်ပါမကျန် အကုန်လုံးပါနေတာပဲ၊ ဒါ့ကြောင့် တချို့ကပြောတယ်၊ "ဒီဘုန်းကြီးက ရွာထဲမြို့ထဲလဲ မသည်ပဲနဲ့ စာရေးလိုက်ပြီလားဆိုယင် ရွာထဲမြို့ထဲသူသိနေသလိုပဲ၊ ဘယ့်နှယ်ဟာတုန်း" လို့ တချို့ကပြောကြတယ်တဲ့၊ ဘုန်းကြီးက ခပ်ရွှန်းရွှန်းပဲ "ဘုန်းကြီးက ဗမာနိုင်ငံက ရွာတွေမြို့တွေ မလည်ပေမယ်လို့ ဟို သာဝတ္ထိ၊ ရာဇဂြိုဟ်က ရွာတွေမြို့တွေတော့ နေ့တိုင်းရောက်နေတာ" လို့၊ ရှင်ဘုရင် နန်းတော်လဲ ရောက်နေတယ်၊

ဝိသာခါ၊ အနာထပိဏ်တို့အိမ်လဲ ရောက်နေတယ် "ဘုန်းကြီးက အဲဒီသာဝတ္ထိ ရာဇဂြိုဟ်က ရွာတွေ မြို့တွေတော့ ရောက်နေတာ ဖြစ်လို့မို့ လူလဲအဲဒီလူပဲလို၊ လူက အဲဒီလောဘဒေါသမောဟနဲ့ လူပဲလို၊ အဲဒီ ဣဿာ,မစ္ဆရိယ,မာနနဲ့လူပဲလို့၊ အဲဒီသဒ္ဓါပညာနဲ့ လူတွေပဲလို၊ ဒီတော့ ဘုန်းကြီးက သိတာပေါ့လို့၊သာဝတ္ထိက လူ့တွေက ဘယ်လို၊ ရာဇဂြိုဟ်က မိန်းမတွေကဘယ်လို၊ ဒီတော့ ရန်ကုန်ကလူတွေ ဘယ်လို၊ မန္တလေးက မိန်းမတွေဘယ်လို ဘာထူးသေးလဲလို့။

**သာဝတ္ထိနဲ့ရန်ကုန်။** ။ဒီလောဘ၊ ဒီဒေါသ၊ဒီမောဟ၊ ဒီမာန၊ ဒီဣဿာ၊ ဒီမစ္ဆရိယ၊ ဒီသဒ္ဓါ၊ ဒီပညာ၊ ဒီမေတ္တာ၊ဒီကရုဏာ၊ ဒီမုဒိတာ၊ ဒီတရားတွေပဲ၊ အကောင်းကလဲ ဒီတရား၊ ရာဇဂြိုဟ်ကတရား မကောင်းကလဲ ရာဇဂြိုဟ်ကတရား၊ အကောင်းကလဲ သာဝတ္ထိကတရား၊ မကောင်းကလဲ သာဝတ္ထိက တရား၊ ရန်ကုန်ကောင်းတဲ့ဥစ္စာလဲ သာဝတ္ထိနဲ့ ဘာထူးတုန်း၊ ရန်ကုန်မကောင်းတာလဲ သာဝတ္ထိနဲ့ဘာထူးတုန်း၊ အဲဒီတော့ ဘုန်းကြီးကရေးနိုင်ပါတယ်၊သိနိုင်ပါတယ်၊ အကုန်လုံးစာဘွေက ကောင်းလွန်းလို့ မှတ်မှတ်ပြီးတော့ ကြည့်လို့ရှိယင် တရားထူး မရ သေးတာတမယ်ပဲ၊ အကုန်လုံးစာတွေပါနေတယ်၊အဲဒါဘာတုန်း အနုမာနသိဒ္ဓ- မှန်းကြည့်လို့လဲသိတယ်၊ ပစ္စက္ခသိဒ္ဓ- လက်တွေ့ အားဖြင့်လဲ သိတယ်။ အာကပ္ပသိဒ္ဓ- သူတို့ရဲ့ ကိုယ်အမူရာကို ကြည့်သောအားဖြင့်လဲ သိနိုင်ပါတယ်။

**လိမ်လေအပြစ်ကြီးလေ။** ။ဒါ့ကြောင့် ကျောင်းသံဃာတွေ ငါ့မလိမ်နဲ့၊ တစုံတခုမေးယင်မလိမ်နဲ့ မှန်ဟာပြော၊ အပြစ်ကြီးကြီးမပေးဘူး နောက်မလုပ်နဲ့၊ သူတို့က မှန်တာမပြောချင်ဘူး၊ လိမ်လေ အပြစ်ကြီးလေ၊ မင်းတို့တော့ လိမ်လေအပြစ်ကြီးလေပဲ၊ လိမ်ပြစ်ကကြီးတာ နဂိုလုပ်တဲ့အပြစ်က ဒီလောက်မကြီးဘူး၊မကြီးတောင်မလုပ်နဲ့၊ နဲနဲပါးပါး ဒဏ်ပေး ယင်ဖြစ်တယ်၊ လိမ်တဲ့ဥစ္စာက နောက်ကို တသက်လုံး ယုံစရာမရှိ ဖြစ်လိမ့်မယ်၊ မှန်မှန်ပြောကြ၊ ဒါဘာဖြစ်သလဲ ဘုန်းကြီးတို့မှာ ခုနက သိဒ္ဓတွေက အကုန်လုံးပါနေတယ်။

**သိဒ္ဓသုံးမျိုး။** ။ဒါကြောင့်မို့လို့ ဘုန်းကြီးရော အားလုံး ပညာရှိတွေရော ခေတ်ပညာရှိတွေရော၊ ကိစ္စ တခုကိုသိဖို့ရန် အနုမာနသိဒ္ဓနဲ့မှန်းကြည့်ပါ၊ ပစ္စက္ခသိဒ္ဓနဲ့ လက်တွေ့ဖြစ်ပုံကိုလဲ ကြည့်ပါ၊ အာကပ္ပသိဒ္ဓ- သူတို့ရဲ့ အမူအရာ ကိုယ်အမူအရာ နှုတ်အမူအရာနဲ့လဲ ဘာကိုပြောလိုတယ် ဆိုလိုဘယ် ဆိုတာကို သိပါ၊ ပါးစပ်ကဘယ်လောက်ပဲပြောပြော၊ သတင်း စာကဘယ်လောက်ပဲပါပါ၊ အတွင်းစိတ်ဟာ ဘယ်လိုနေတယ်ဆို တာကိုသိပါတယ်၊ဘယ်သူ့ကိုသိတုန်း၊ အချင်းချင်းစကား ပြော တော့လဲသိတယ်၊ မိတ်ဆွေချင်း စကားပြောတော့လဲ သိတယ်၊ ဆရာဒကာ စကားပြောတော့လဲသိတယ်၊ နိုင်ငံရေးသမားတွေက ပါးစပ်ပြောတော့လဲသိတယ်၊ နိုင်ငံရေးသမားတွေက သတင်းစာ ထဲရေးတော့လဲ သိတယ်၊ ဘာပြုလို့တုန်း ခုနက သိဒ္ဓသုံးမျိုးနဲ့ သိတယ်။

ဉာဏ်ရှိဖို့လို။ ။သိတာ လွဲသလား၊ မလွဲပါဘူး၊ လွဲကိုမလွဲနိုင်ဘူး၊ သို့သော် အဲဒီသိတဲ့ပုဂ္ဂိုလ်က ဉာဏ်ရှိဖို့တော့လိုတယ်၊ သူကမှတ်ဉာဏ်မရှိလို့ရှိယင် အလွဲချည်း ဖြစ်ကုန်မှာပဲ၊ ပစ္စက္ခသိဒ္ဓလဲအလွဲဖြစ်မှာပဲ၊ အာကပ္ပသိဒ္ဓလဲ အလွဲဖြစ်မှာပဲ၊ အနုမာနသိဒ္ဓလဲအလွဲဖြစ်မှာပဲ၊ သူကဉာဏ်ရှိဖို့တော့ လိုပါတယ်၊ ဉာဏ်ကတော့ ဘယ်ကရမှာလဲ၊ ပညာသင်ရမှာပေါ့၊ ယခု တက္ကသိုလ်တွေ ဘာတွေအထိ သင်ထားရမှာပေါ့၊ ပိဋကတ်တော်ကိုလဲဆုံးသည့်တိုင်အောင် နှံ့နှံ့စပ်စပ်သင်ထားရမှာပေါ့၊ မှတ်စုတွေနဲ့စာမေးပွဲသမားတွေက မစွမ်းဘူး၊ မှတ်သာထား၊ မှတ်စုလေးတွေနဲ့ အောင်ထားတဲ့ စာမေးပွဲသမားတွေ ဒီထိအောင် မစွမ်းဘူး၊ ခေတ်ပညာတတ်နေတဲ့ တက္ကသိုလ် သမားတွေလဲ မှတ်စုတွေကမစွမ်းဘူး၊ တကယ့်ကို အစအဆုံးသင်ထားတဲ့ ပုဂ္ဂိုလ်တွေမှစွမ်းတယ်၊ ဒီလိုမှတ်လိုက်ပါ။

ကဲ ဒီတော့ကာ ကနေ့နဲ့နဲ့ကြာသွားပြီ၊ ဒီသိဒ္ဓသုံးမျိုးအပြင် သဒ္ဒေယျသိဒ္ဓ-ဆိုတာက နဲနဲရှည်သွားမယ်၊ ရှည်ရှည်ပြောရမယ်၊ အဲဒါကို အကြောင်းသင့်ယင် နောက်တရက်မှာ ဆက်ပြီးတော့ ပြောကြစို့ရဲ့၊ဒီထိအောင် သေသေချာချာ မှတ်ထားကြပါ။

ဘုရားယုံကြည်လို့။ ။မနေ့က ပစ္စက္ခသိဒ္ဓ အနုမာနသိဒ္ဓနဲ့ဆိုင်ရာတွေ အကျယ်ပြောထားတယ်၊ အာကပ္ပသိဒ္ဓလဲ ပြောထားတယ်၊သဒ္ဒေယျသိဒ္ဓပြောယင်း အနုမာနသိဒ္ဓလဲ ထပ်ပြီးတော့ ပြောရဦးမယ်၊ အချိန်ရယင်တော့ သဒ္ဒေယျသိဒ္ဓဆိုတာ ပရလောက နိဗ္ဗာန်ရှိတယ်၊ ဒါက မိမိတို့ပစ္စက္ခနည်း

အားဖြင့် မသိနိုင်ဘူး၊ ဒါကအနုမာနက နဲနဲဉာဏ်ရှိလာယင်တော့ နဲနဲမှန်းလို့ရတယ်၊ ဒီလို မမှန်းနိုင်တဲ့ အခြေအနေ မှာတော့ သဒ္ဓေယျသိဒ္ဓ-ဘုရားဟောလို့ပဲ (ဒါက မမှန်းနိုင်သေးခင် မမှန်းနိုင်သေးခင်)ဘုရားဟောလို့ ပရလောက-နောက်ဘဝရှိကြောင်း သိရတာပဲ၊ ကိုယ်တိုင်တော့ မမြင်ဘူး၊ ဘုရားဟောတော်မူလို့ ဘုရားယုံကြည်လို့၊ ဒါပြီးသွားတာပဲ၊ ငရဲရှိတယ်မရှိဘူး၊ ရှိတယ်လို့ဆိုတာ ဘုရားယုံကြည့်လို့ကို လက်ခံထားတယ်၊ နိဗ္ဗာန်ရှိတယ် မရှိဘူး၊ နိဗ္ဗာန်ရှိတယ်ဆိုတာ ဘုရားယုံကြည်လို့လက်ခံထားတယ်၊ ကိုယ်ကမသိနိုင်ပါဘူး၊ မှန်းလို့မရသေးပါဘူး၊ ဉာဏ်နုတုန်းမှာ ဉာဏ်နုတုန်းမှာ ဒီတော့ တချက်လိုက်စရာရှိတယ်။

**အဘည်ပြုထား။** ။ပရလောကရှိတယ်၊ နောက်ဘဝ-နောက်ဘဝ၊ သေပြီး ရောက်ရမည့် **နောက်ဘဝ**၊ ယခုဒီလူ့ပြည်က ပြောလို့ရှိယင်လဲ နတ်ပြည်တို့ ဗြဟ္မာ့ပြည်တို့ ငရဲတို့ ပြိတ္တာတို့ ဒါတွေမမြင်နိုင်တာတွေပဲ၊ ဒါတွေကိုလဲ ဘုရားယုံကြည်လို့မို့ ရှိတယ်လို့ အတည်ပြုထားတယ်၊ ဘုန်းကြီးတို့ အတည်ပြုထားတယ်၊ ဘုရားယုံကြည်လို့ အတည်ပြုထားတော့ ကိစ္စပြီးသွားတာပဲ၊ ဒါသဒ္ဓေယျသိဒ္ဓပဲ၊ ကောင်းပြီ ဒီဟာက ဘုရားယုံကြည်လို့၊ ယုံတာကတော့ ထားပါတော့လေ၊ ကိုယ့်ကိုးကွယ်တဲ့ပုဂ္ဂိုလ်က ပြောယင်ယုံဘမ်းပဲကိုး၊ မရှိဘူးဆိုတာလဲ မရှိဘူးပြောတဲ့ ဘုရားက (ဘုရား အခေါ်ခံက) ပြောတာကို သူတို့လဲယုံတာပဲ။

**တဆင့်တက်စရာ။** ။မြတ်စွာဘုရား လက်ထက်တော် တုန်းက တိတ္ထိဆရာကြီးတွေ ဘုရားအရင်ဖြစ်နေကြတယ်၊ အဲဒီထဲမှာ တချို့ဆရာကြီးတွေက ဥစ္ဆေဒဝါဒ၊ ဒိဋ္ဌိဝ ပြီးယင်ပြီးတာပဲ၊ နောက်ပရလောကဆိုတာမရှိပါဘူး၊ ဒါသူ့အစိတ်အပိုင်းက ယုံနေတာပဲ၊ သဒ္ဓေယျသိဒ္ဓ၊ ဒါကိုရှေ့ဆက်မစဉ်းစားတော့ဘူး၊ မိမိတို့ကိုးကွယ်တဲ့ ပုဂ္ဂိုလ်ရဲ့စကားကိုယုံပြီးတော့ ဒါအတည်ပြုလိုက်တာပဲ၊ ဒီတော့ ဒါက ယုံတာ မယုံတာနဲ့ပဲ ကိစ္စပြီးတယ်လို့ဆိုတော့ သိပ်မစဉ်းစားသူ အတွက်ပြီးသွားပေမယ့် စဉ်းစားတဲ့ သူတွေအတွက်က တဆင့်တက်စရာရှိပြန်တယ်။

ယုံတာ မယုံတာတော့ ထားပေါ့လေ၊ တကယ်ရှိ မရှိဒါကအရေးကြီးပြန်တယ်ကိုး၊ ဒါဉာဏ်ရှိတဲ့သူကတော့ တဆင့်တက်ရတယ်၊ မတက်လို့ရှိယင် ဉာဏ်ကညွှန်းလို့မတက်တာ၊ ယုံပြီးတဲ့နောက် တဆင့်တက်ရတယ်၊ ဒီတော့ ဗုဒ္ဓမြတ်စွာက တဆင့်တက်ပေမယ့် ဉာဏ်ကသိမြင်နိုင်တဲ့ ဒိဗ္ဗစက္ခုဉာဏ်မျိုးကမရှိ၊ ရှေးဖြစ်ဟောင်းကိုအောက်မေ့နိုင်တဲ့ ဇာတိဿရဉာဏ်မျိုးကမရှိ၊မရှိတော့ကာ ပုံပြီးတော့ယုံလိုက်ရတာကလဲ တော်တော်ပဲ စိတ်မချစရာရှိတယ်။

**မလွဲလမ်းလိုက်။** ။ဒီတော့ ဗုဒ္ဓမြတ်စွာက "မလွဲတဲ့ လမ်းကိုလိုက်ပါ"တဲ့ သိပ်ကောင်းတာ၊သိပ်ကောင်းတာ၊ "ကိုယ်မပိုင်လို့ရှိယင် မလွဲတဲ့လမ်းကိုလိုက်ပါ"တဲ့၊ ဒီတော့ မလွဲတဲ့လမ်းကို ဘယ်လိုလိုက်မလဲ၊ နဲနဲလမ်းလွဲသွားယင် အယုံ

ကလဲ အယုံမှားကြီး ယုံထားတယ်၊ မိမိတို့ယုံသာ ယုံနေတယ်၊ မဟုတ်ဘူး၊ အလွဲကြီးလို့ ဆိုယင် သိပ်ပြီးတော့ကို ဒုက္ခများသွား လိမ့်မယ်၊ ဒါဟာ ကိုးကွယ်ထားတဲ့ ဘယ်ပုဂ္ဂိုလ်ရဲ့ စကားပဲ ဖြစ်ဖြစ် ကိုယ်ကလဲ ပိုင်အောင် မလိုက်နိုင်တဲ့ အနေမှာ အယုံနဲ့ အပြီးသတ် ရတယ်လို့ ဆိုတဲ့အခါ မလွဲနိုင်တဲ့ လမ်းကိုလိုက်ပါ၊ တယ်အားရစရာ ကျေနပ်စရာ ကောင်းတယ်။

## အပဏ္ဏကဇာတ်တော်

**ခေါင်းဆောင်နှစ်ယောက်။** ။ဒီဟာနဲ့ စပ်ပြီးတော့ဇာတ်တော်မှာ အပဏ္ဏက ဇာတ်လို့ပထမဆုံး ဇာတ်တော်ရှိပါတယ်၊ ဒါမလွဲနိုင်တဲ့ လမ်းကိုလိုက်ပါဆိုတဲ့ တရားတော်အရဖြစ်တယ်၊ အဲဒီဇာတ်တော်မှာ၊ ရှေးတုန်းက ရွာကြီး တရွာမှာ အိမ်ခြေတစ်ထောင်ရှိတယ်၊ အိမ်ရှင်တစ်ထောင်လဲ ရှိရမှာပေါ့၊ အဲဒီ အိမ်ရှင် တစ်ထောင်ကို ခေါင်းဆောင် နေတဲ့ ခေါင်းဆောင်ကလဲ နှစ်ယောက်ရှိတယ်၊ တစ်ယောက်က တဝက် ငါးရာကို ခေါင်းဆောင်တယ်၊ တစ်ယောက်က အခြားတဝက် ငါးရာကို ခေါင်းဆောင်တယ်၊ ဒီခေါင်းဆောင် နှစ်ယောက် ခေါင်းဆောင်တဲ့ ငါးရာ ဘာအလုပ် လုပ်ကြတုန်း ဆိုတော့ ရှေးခေတ် ကူးသန်းရောင်းဝယ်ရေး လုပ်ကြတယ်။

**ကူးသန်း ရောင်းဝယ်။** ။ကူးသန်း ရောင်းဝယ်ရေး ဆိုတဲ့ ဥစ္စာဟာ ဒီကနေ နီးနီးကလေး ရောင်းဝယ်လို့ ဘယ်လောက်မှ အကျိုးမရှိဘူး၊ ဟိုခေတ်တုန်းက ဆိုတော့ သဲကန္တာရကြီးတွေများဖြတ်ကျော်ပြီး အရောင်းအဝယ်

လုပ်နိုင်လို့ရှိယင် တခေါက်ဆိုတခေါက် ပြောရလောက်အောင် အမြတ်အစွန်းရကြတယ်၊ သဲကန္တာရကြီးကို ဖြတ်ကျော်ဖို့ရန် ကာလ ဘေးရန်အန္တရာယ်ကများလိုက်တာ၊အဲဒီဘေးရန်အန္တရာယ် များများကြီးကို ဖြတ်ကျော်ပြီးတော့ အလုပ်လုပ်နိုင်မှလဲ အမြတ် အစွန်းကောင်းကောင်းရတယ်၊ ဒီတော့ အဲဒီကုန်သည် တစ် ယောက် ငါးရာခေါင်းဆောင်ပြီးတော့ နေကြတဲ့ ခေါင်းဆောင် နှစ်ဦးက ခရီးထွက်ဖို့အချိန် ကုန်ရောင်းထွက်ဖို့ အချိန်တော်တဲ့ အခါ တိုင်ပင်တယ်။

**တိုင်ပင်**။ ။"ကျုပ်တို့သွားဖို့ အချိန်ကျနေပြီ၊ ခင်ဗျားတို့ အဖွဲ့က အရင်သွားမယ်လား၊ ကျုပ်တို့အဖွဲ့က အရင်သွားရမယ်လား၊ ဒီတစ်ထောင်လုံး စုသွားလို့တော့ အစာ ရေစာ လမ်းမှာ အခက်အခဲရှိလိမ့်မယ်၊ လမ်းမှာ အစာရေစာက ကျုပ်တို့ ငါးရာလောက်ကိုပဲ မနဲ့ထိန်းပြီးတော့ သွားရမှာ၊ လမ်းမှာ ရေတို့မြက်တို့ နွားစားဖို့မြက်တို့၊ လူသောက်ဖို့ နွား သောက်ဖို့ ရေတို့ အဲဒါတစ်ထောင်လုံးသွားယင် မလောက် ပါဘူး၊ ဒါ့ကြောင့်မို့လို့ ခွဲပြီးတော့ သွားကြရအောင်"လို့ တိုင်ပင်တယ်။

**တစ်ယောက်တွက်ကိန်း**။ ။ဒီတော့ခေါင်းဆောင်တစ်ယောက် က"ကျုပ်တို့အဖွဲ့က အရင် သွား မယ်"သူကလဲဉာဏ်နဲ့သူ့ အမြော်အမြင်နဲ့၊ "ဒို့အဖွဲ့ငါးရာက အရင် သွားလို့ရှိယင် လမ်းမှာ ယခုအနေပေါက်နေတဲ့ မြက်ကလေး တွေကို ဒို့နွားတွေစားသွားရမယ်၊ လမ်းမှာရှိနေတဲ့ ရေတွေကို

ဒို့နွားတွေတိုက် ဒို့သောက် လုံလုံလောက်လောက် သွားရလိမ့်မယ်၊ ပြီးတော့ ရောက်တဲ့နေရာကျတော့ ဒို့ကအရင်ဆုံးရောက်နေတာဖြစ်တော့ သူတို့မဝယ်မနေနိုင်ဘူး၊ ဒို့ကြိုက်ဈေးဖြတ်ပြီးတော့ ရောင်းရမှာဖြစ်တော့ ဒို့အင်မတန်အကျိုးရှိလိမ့်မယ်''လို့ တွက်တယ်၊ သူ့တွက်ကိန်းကိုပဲ ယခုပရိသတ် စဉ်းစားကြည့်ပါ၊ ''ဟာ- ဟုတ်သားပဲ- ဒါဒီကိစ္စမှန်တယ်'' ဒီလိုတွက်ရမှာပေါ့။

**နောက်ဘစ်ယောက်။ တွက်ကိန်း** ။ခေါင်းဆောင်တစ်ယောက်ကလဲတွက်တယ် ''ကောင်းပြီ ခင်ဗျားတို့ အရင်သွားနှင့် ကျုပ်လို့နောက်ကမှ လိုက်ခဲ့မယ်''၊ နောက်ဆိုတဲ့ဥစ္စာ အတော်ကြာမှ(၁၅)ရက်တို့ တလတို့ ဒီလိုကြာမှ နောက်တသုတ်ကလိုက်ရမှာကိုး၊ အဲဒီတော့ နောက်ခေါင်းဆောင်တစ်ယောက်ကလဲ တွက်တယ်၊ ''သူတို့အရင်သွားပါစေ၊ ယခုပေါက်နေလို့ တော်တော်တောင် ကြမ်းကောင်းကြမ်းနေရော့မယ်၊ အဲဒီမြက်တွေကိုသူတို့နွားတွေ စားပလေစေ၊ နောက်တော့ ထပ်ပြီးတော့ ပေါက်လာတဲ့ မြက်ညွန့်ကလေးတွေကို ဒို့နွားတွေစားရမှာပေါ့''

**ရေရှိ မရှိ။** ။ဒီတွက်ကိန်းချင်းက တွက်ကိန်းချင်းက ''ဒို့နွားတွေ မြက်နုကလေးတွေ စားရမှာပေါ့''၊ ရေဆိုတဲ့ဥစ္စာရှိချင်မှလဲရှိမယ်၊ မရှိယင် အရင်သွားတဲ့သူတွေ ခက်ခက်ခဲခဲရှာရမယ်၊ ရှာပြီးလို တောစခန်းထဲမှာ တွေ့ပြီဆိုယင် သစ်ပင်မြင့်မြင့်ပေါ်မှာတက်ပြီးတော့ ထန်းရွက်တို့ဘာတို့ချည် ထားရတယ်၊ ''ဒီပတ်ပတ်လည်မှာ ရေရှိတယ်၊ ရေတွင်းရှိတယ်၊ ရေကန်

ရှိတယ်''ဆိုတဲ့ အထိမ်းအမှတ်နဲ့ သစ်ပင်မြင့်မြင့်ပေါ်မှာ တက်ပြီး တော့ ထမ်းရွက်စသည် ချည်ထားရတယ်၊ ဒီတော့ကာ နောက် ခေါင်းဆောင်က ''အကယ်၍ ရေရှိယင်လဲ သူတို့သောက်သွား ပေါ့၊ ဒို့လဲ နောက်ဆက်သွယ်ပြီး တွေ့ရမှာပေါ့၊ အကယ်၍ ရေမရှိ ဘူးဆိုယင် သူတို့ရှာသွားတဲ့ နေရာကရေတွေကို ဒို့ကလိုက်ပြီး တော့ဆက်ပြီးတော့သုံးနိုင်တာပေါ့''၊ သူ့နည်းနဲ့သူနဲ့တွက်ကိန်း ချင်းက ကိုယ့်နည်းနဲ့ကိုယ်ကောင်းတယ်။

**ညာတာမျှတ။** ။ပြီးတော့ အရင်ရောက်ပြီးတော့ ကုန်တွေကို ဈေးဖြတ်ရတယ်ဆိုတဲ့ ဥစ္စာဟာ သူတပါးကို နှိပ်စက်ရာရောက်တယ်၊ အမြတ်တွေ သိပ်တင်လိုက်လို့ ရှိယင်၊ ဒီတော့ ဒို့ကနောက်မှလိုက်ရတာဖြစ်တော့ ပေါက်ဈေး ရှိပြီး သားဖြစ်လို့ သူတို့အရောင်းအဝယ် ပေါက်ဈေးရှိလိမ့်မယ်၊ အဲဒီ ပေါက်ဈေးရောင်းရတော့ ဒို့မှာ ဘာမှသူတပါးကို နှိပ်စက်ရာ မရောက်ဘူး၊ စိတ် အင်မတန် ရှင်းတယ်၊ တွက်ပုံချင်းကိုက၊ နောက်လူက တော်တော်ကလေး ညာညာတာတာ မျှမျှတတ ရှိတယ်၊ ပထမလူကတော့ အဲဒီမျှတမှုဟာ နဲနဲ နဲသွားတယ်၊ အဲဒီ ခေါင်းဆောင် နှစ်ယောက်ချင်း စိတ်ထား တယ်ကွာ ခြားတယ်။

**သဲကန္တာရ မရောက်ခင်။** ။ဒီလိုနဲ့ ဆုံးဖြတ်ပြီးကြတော့ ပထမ ခေါင်းဆောင်ရဲ့အဖွဲ့ လှည်းပေါင်း ငါးရာက ကုန်တွေတင်၊ ဟိုမှာရောင်းလို့ကောင်းမယ့်ကုန်များကို တင်ပြီးတော့ ဒီလိုနဲ့ လှည်းငါးရာနဲ့ထွက်ကြရော၊ သဲကန္တာရ

မရောက်ခင်တော့ ချောင်ချောင်လည်လည်ပါပဲ၊ လှည်းတွေသိပ်မလေးလှပါဘူး၊ ဒီနွားမှာရှေ့ရှိတယ်၊ ဒီကရှေ့သောက်၊ နွားတိုက်ဖို့ ဟိုဖက်ဆီကျတော့ ရေရှိတတ်တယ်၊ ဆန်တို့ဘာတို့လဲပဲ ထင်းတို့လဲပဲ ဟိုကျတော့ ဘယ်ရွာရောက်လိမ့်မယ်၊ ဘယ်ရွာကျတော့ ထင်းလဲရနိုင်တယ်၊ ဆန်လဲရနိုင်တယ်၊ ဟင်းချက်စရာတို့ဘာတို့ ရနိုင်တယ်ဆိုပြီးတော့လှည်းပေါ်မှာ ဘာမှအပိုမတင်ဘူး၊ နွားပင်ပန်းမှာစိုးလို့ လှည်းလေးမှာစိုးလို့ဆိုပြီး အပိုမတင်ဘူး။

**သဲကန္တာရဖြတ်။** ။ဒီလိုနဲ့သွားလိုက်တာ သဲကန္တာရဝင်ရတော့မယ်၊ သဲကန္တာရ ဖြတ်ရတော့မယ်ဆိုတော့ အရင်တုန်းကလို လှည်းပေါ်လို့မရဘူး၊ သဲကန္တာရဘယ်နှစ်ရက်ဖြတ်ရမှာ၊ လမ်းဘယ်နှစ်ညအိပ်ရမှာ၊ အဲဒီတော့ ရေဘယ်လောက်ပါမှဖြစ်မယ်၊ နွားသောက်ဖို့ရေ၊ လူသောက်ဖို့ရေ၊တခါထမင်းချက်ဖို့ရန် ဆန်၊ထင်း၊ ဘယ်လောက်ပါမှဖြစ်မယ်၊ ဒါကိုချိန်ပြီးတော့လှည်းပေါ်မှာမတင်ချင်ပေမယ်လို့နွားတွေကို လေးမှာစိုးပေမယ့် တင်ကြရတယ်၊သဲကန္တာရဝင်ကြရမယ်ဆိုတော့တင်ကြရတယ်၊ ဒါနဲ့ တင်ပြီးတော့သွားတယ်၊ တရွေ့ရွေ့သွားမယ်လို့ညမှ ခရီးထွက်နိုင်တယ်၊ဒါကြောင့် ခေါင်းဆောင်လိုတယ်ဆိုတာ ညခရီးထွက်တော့ လတွေကြယ်တွေရဲ့ အနေအထားကို ကြည့်ပြီးတော့ "ဒို့သွားမှာ ဘယ်အရပ်၊ ကြယ်တွေကြည့်ပြီးတော့ လကိုကြည့်ပြီးတော့ အဲသလိုအသိဉာဏ်နဲ့ သွားရတာ၊ ဒါလေးမှားလိုက်လို့ရှိယင် သေကုန်ကြမှာ ဒီတော့ ခေါင်းဆောင်ရဲ့ တာဝန်ကတော်တော်ကြီးတယ်၊ ဒါနဲ့ညခရီးထွက်ကြရော။

**တစခန်းရောက်။** ။နောက် တစခန်း ရောက်ပြီ ဆိုလို့ရှိယင် တစခန်းဆိုတာလဲ ကိုယ့်ဟာကိုယ် တစခန်း ကြတာပေါ့၊ နေလဲထွက်လာတော့မယ်ဆိုယင် အကုန်လုံးလှည်း တွေချတ်ပြီးတော့ လှည်းဝိုင်းကြီး လုပ်ကြတယ်၊အရိပ်ရအောင်၊ နွားတွေလဲပဲ ဒီအရိပ်အောက်မှာနေ၊ လူတွေလဲ ကပ်ကပ်သပ်သပ် ဒီအရိပ်အောက်မှာနေ၊ ချက်ပြုတ် စောစောကလေး ချက်ကြ ပြုတ်ကြတယ်၊ နေထွက်လာတယ်ဆိုယင် ဘယ့်နှယ်မှ မလုပ်နိုင် တော့ဘူး၊ အင်မတန် သဲကန္တာရက ပူတာဖြစ်တော့ နွားရော လူရော ဒုက္ခဖြစ်တယ်၊ ဒါ့ကြောင့် အရိပ်အဝိုင်းကလေးတွေ ရအောင် စောစောက လှည်းငါးရာနဲ့ လုပ်ထား ကြရတယ်၊ ချက်ပြုတ်စားရတယ် စောစောပြီးအောင်၊ အဲဒါတနေ့လုံး နွား တွေလဲအိပ်၊ ရေပါတိုက်၊ နွားစာကျွေး၊ လူတွေလဲပဲစားသောက် ပြီးတော့ အိပ်ကြတယ်၊ တနေ့လုံးဒီလှည်းဝိုင်းအောက်မှာ။

**လှည်းကလေးတစီး။** ။ဒီလိုနဲ့ တရက် နှစ်ရက် သုံးရက်ဟိုဖက် ဖြတ်ကျော်ဖို့ နီးလာပြီ၊ ဖြတ်ကျော်ဖို့ နီးလာတဲ့ စခန်းလောက်ရောက်တော့ ဒီက ညသွားတယ်ဆိုယင်ပဲ လှည်းကလေးတစီး ရှေ့ကလာတယ်၊ လလဲသာချင်သာမယ်ပေါ့၊ ဒါမှမဟုတ် စခန်းချတုန်းမှာ ဟိုလှည်းကလေး ရောက်လာတယ်၊ လှည်းဘီးတွေများ ရေစိုလို့၊ ရွှံ့တွေများလူးလို့၊ လှည်းပေါ် ပါလာတဲ့ လူတယောက်ကလည်း ဆံပင်တွေများစိုလို့၊အဲဒီတော့ ဒီက ဝမ်းမြောက်ဝမ်းသာနဲ့ "ဟာ-ဆရာဟိုမှာ ရေတွေ ဘာတွေ ပေါပါသလား" "ဟာရေသိပ်ပေါနေတယ်ဗျာ၊မိုးကြီးရွာထား

လိုက်တာ၊ ဒီစခန်းက ခင်ဗျားတို့ ဟိုတထောက်လောက်ရောက်ယင် ရေတွေပေါပါပြီ၊ မိုးရွာထားလို့” ဒါနဲ့ဝမ်းသာအားရနဲ့ နွားတွေက လေးတယ်ကိုး၊ လှည်းအတွက်ကြောင့် နွားတွေမှာ ပင်ပန်းတယ်၊ ဟိုကျတော့ ရေတွေရပြီ၊ လူတွေဘာတွေစားစရာတွေလည်း ဖြစ်နိုင်ပြီနဲ့ပြောတော့ ရေတွေကို သွန်လိုက်ကြရော၊ ခေါင်းဆောင်ရဲ့သဘောလဲပါတယ် ရေတွေသွန်လိုက်ကြရော။

**ရေမရှိ။** ။နောက်တော့ အချိန်ကျတော့ ဒီလိုပဲ ညခရီးထွက်ကြတယ်၊ ဟိုမိုးလင်းတဲ့ အချိန်ကျတော့ ဟိုမှာ စခန်းနားမယ့်နေရာမှာ ဘယ်မှရေမရှိဘူး၊ ဒီ သဲကန္တာရ အတိုင်းပဲရှိတယ်၊ ရေမရှိဘူး၊ ရှေ့လဲသူတို့မသွားနိုင်ကြတော့ဘူး၊ ရှေ့မှာတိုးသွားပြီး ပြန်လို့ရှိယင်လဲ နေပူမိပြီးတော့ လမ်းမှာနွားတွေမသွားနိုင်ပဲနဲ့ လူတွေလဲ အပူမိပြီးတော့ သေကြမှာ ရှေ့လဲတိုးမသွားနိုင်ဘူး၊ ဒီတင်ပဲလှည်းတွေချွတ်ပြီးတော့ လှည်းဝိုင်းလုပ်ပြီးတော့ နေကြတယ်၊ အရိပ်လုပ်ပေမယ်လို့ ထမင်းချက်စရာရေမရှိဘူး၊ တလမ်းလုံးမောင်းလာရတဲ့ နွားတွေမှာလဲပဲ သောက်စရာရေမရှိဘူး၊ ထမင်းချက်စရာ ရေမရှိဘူး၊ ဘာတတ်နိုင်ကြသေးတုန်း၊ ဘာမှမတတ်နိုင်ဘူး၊ တခါထဲ လှည်းအောက်မှာခွေလို့ နွားတွေလဲပဲ နွမ်းလို့ဖြစ်နေကြတယ်။

**ဘီလူးစားခံရ။** ။အဲဒီလိုအနေမှာပဲ ဘီလူးတွေ ထွက်လာတယ်၊ ဒီစောစောက လှည်းကလေးဆိုတဲ့ ဥစ္စာ ဒီဘီလူးရဲ့အဖွဲ့ထဲက ဒီလိုရဖို့ ရေတွေသွန်ကြဖို့ ဒီလိုလာတာ၊ အကယ်၍သာ ရေတွေလဲသောက်ရတယ်၊ နွားတွေလဲ ရေတိုက်ရ

တယ်၊ ထမင်းလဲစားရတယ်ဆိုယင် ဒီလူငါးရာပဲ တောင့်တောင့် တင်းတင်းလူငါးရာပဲ၊ ဘီလူးငါးရာ လာပါစေ မကြောက်ပါဘူး၊ ဘီလူးလာပါစေ၊ ဒါ့ကြောင့်လဲစုပြီးသွားကြတာ၊ ငါးရာလာပါစေ မကြောက်ဘူး၊ ဒီကလဲ အဆင်သင့် လက်နက်နဲ့၊ ယခုတော့အကုန်လုံးနုန်းပြီးတော့ တကထဲနုန်းနေကြတော့ ဟိုက ဘီလူးတွေကို ဘယ်နှယ်မှမခုခံနိုင်တော့ဘူး၊ အကုန်လုံး သူတို့ရဲ့ စားဖတ် ဝါးဖတ် ဖြစ်ပြီးတော့ တဖြည်းဖြည်း သူတို့စားတာနဲ့ လူတွေလဲကုန်တာပဲ၊ နွားတွေလဲကုန်တာပဲ၊ အရိုးပဲ ကျန်တော့တာပဲ၊ ပြီးကြရော ဒီပဌမအသုတ်က။

**နောက်တသုတ်။** ။နောက်ရက် ထုံးစံအတိုင်း ဆိုင်းပြီးတော့ နောက်တသုတ် ထွက်လာတယ်၊ ဒီလိုပဲ သဲကန္တာရနားရောက်တော့ ဆန်တွေတင်ရတယ်၊ ထင်းတွေတင်ရတယ်၊ ဒီသဲကန္တာရကိုဖြတ်ကျော်နိုင်လောက်တဲ့အထိ သူတို့သွားနေကျမို့လို့ ဒီလိုပဲလာခဲ့တယ်၊ တညႇ,တညႇ,တညနဲ့ ဒီလိုနဲ့လာခဲ့တယ်၊ ခုနကစခန်းရောက်တော့ ခုနကလို လှည်းကလေးတွေနဲ့ တွေ့ပြန်ရော တွေ့တော့ ဝမ်းသာအားရနဲ့ နောက်လိုက်တွေက မေးတယ်၊ မေးတော့ ဟိုမှာရေတွေပေါတယ်လို့ ခုနကအတိုင်း ပြောတယ်၊ အားတက်စရာကြီး။

ရေမသွန်။ ။ဒါနဲ့ ဆရာကြီး မျက်နှာကြည့်ပြီးတော့ ခေါင်းဆောင်ကြီးမျက်နှာကြည့်ပြီးတော့ "လှည်းလေးတယ်၊ ရေတွေ သွန်လိုက်ကြစို့လား" ကိုး၊ ဆရာကြီးကတော့ သမာဓိနဲ့ သိဟန်တူတယ်၊ စိတ်ထဲက ဝေဖန်နေဟန် တူတယ်၊

"သွန်ခဲ့ကြစို့လား" ဆိုတော့ ဆရာကြီးက "ဟော့ မသွန်ရဘူး"၊ ဒီတင် နောက်လိုက်တွေက တကယ်မကြိုက်ဖူး၊ ဆရာကြီးတကယ် ခေါင်းမာကိုး၊ ဟိုလူက တကတဲဆံပင်တွေစိုလို့၊ လည်းတွေမှာလဲ ရွှံတွေကပ်လို့၊ ဟိုကျရေတွေ့မယ့်ဥစ္စာ၊ တိတ်တိတ် တိတ်တိတ် နှုတ်ကမပြောဘူး။

**မင်းတို့ယုံသလား။** ။"ဟိုမှာ ရေရမယ်လို့ ဆိုတဲ့ဥစ္စာ မင်းတို့ယုံသလား"လို့ ဆရာကြီးက ပြောတယ်၊ ဒီလိုပြောတာတယ်မကြိုက်ကိုး၊ ဘုန်းကြီးက တယ်ကြိုက်တယ်၊ "မိုးရွာထားမယ်လို့သူတို့ပြောတာ မင်းတို့ယုံသလား၊ မိုးရွာလို့ရှိယင် မိုးချုန်းသံဘယ်နှစ်တိုင်ကြားရတယ်၊ ဒီလိုအထိန်းအမှတ်ရှိတယ်၊ လျှပ်လက်တာ ဘယ်နှစ်တိုင် လောက်က မြင်ရတယ်၊ မင်းတို့မြင်ကြသလား၊ လျှပ်လက်တာ မိုးခြိမ်းသံ ကြားရသလား၊ မင်းတို့ နဲနဲစဉ်းစားပြီ နောက်လူတွေက စဉ်းစား ပေမယ်လို့ အယူသည်းတဲ့သူတွေက "အို....ဗမာပြောတဲ့ စကားပုံအတိုင်း ဆင်ပြောင်ကြီးတွေမှတော့ ဆင်ခြေရာ ခံနေဖို့ မလိုပါဘူး" ဒီလို အမိပ္ပါယ်မျိုးနဲ့မကျေနပ်ဖူး တချို့က။

**အရိုးတွေတွေ့။** ။တချို့ကလဲ စဉ်းစားတယ် "ဟုတ်တယ်ဟော့ လျှပ်လက်တာတော့မမြင်ရဘူး၊ မိုးခြိမ်းသံလဲ မကြားရဘူး၊ ခုနကလူကတော့ ပြောတော့ ပြောသွားတာပဲ၊ ဒါဒီကတော့မမြင်ရဘူး"၊ "ဟော့....မင်းတို့ ရေမသွန် ရဘူး" ဆရာကြီးကအာဏာနဲ့ပြောတယ်၊ သိပ်တော့လဲ မကျေနပ်ဘူး၊ ခေတ်အားလျော်စွာ အာဏာကိုလွန်ဆန်တဲ့ခေတ်ကလဲ

မဟုတ်တော့ ဒီလိုနဲ့ပဲ မကျေမနပ်နဲ့ နောက်တကြိမ်ခရီးဆက်ပြီး တော့ခရီးထွက်ကြရော ခရီးထွက်လို့ တညလွန်တော့ စခန်းချမဲ့ နေရာရောက်တော့ ခုနက အရိုးတွေတွေ့ပြီ၊ လှည်းတွေတွေ့ပြီ၊ နွားရိုးတွေ လူရိုးတွေတွေ့ပြီ "ကဲ—ဟောကောင်တွေ ကြည့်ကြ စမ်း၊ ဟောဒါဒို့ရွာကလှည်းတွေပါလား၊ ပြီးပြီ ပြီးပြီ၊ဒို့ရွာသား တွေ ဒုက္ခဖြစ်ကြပြီ" သနားတယ်ကိုး၊ ခေါင်းဆောင်ကြီးက "မင်းတို့လမ်း တွေ့တဲ့အကောင်ဟာ ဘီလူးကွ၊ အဲဒီဘီလူးရဲ့အဖွဲ့ က စားလို့ ဒို့ရွာသားတွေကုန်ပေါ့"

**ကျေးဇူးတင်။** ။အဲဒီတော့မှ ခေါင်းဆောင်ကြီးကို ကျေးဇူး တင်လိုက်တာလေ "အံမယ်ကံကောင်းလို့၊ ဒို့ ရေတွေသာ သွန်ခဲ့လို့ရှိယင် ဒီနားမှာ ချက်မစားနိုင်ဘူး၊ ကံ ကောင်းလို့ ကံကောင်းလို့"နဲ့ အဲဒီကျတော့မှ ခေါင်းဆောင် ကြီးကို တကတဲ ရှိခိုးချင်လောက်အောင် ကျေးဇူးတင်လို့နေ ကြတယ်။

**ဒီမှာမှတ်ချက်။** ။ဒီဟာ ဗုဒ္ဓမြတ်စွာရဲ့တရားတော်က ဒီမှာ မှတ်ချက်ပဲ၊ ဟိုတုန်းက ရေတွေသွန်မယ် လုပ်တုန်းက၊ ပြီးတော့ ပဌမ အဖွဲ့ရေတွေသွန်ကြတုန်းက ထောက်ကြည့်လို့ရှိယင် မလွဲတမ်းလိုက်ရမယ်၊ ပဌမအဖွဲ့ မှားသွားတယ်၊ အကယ်၍ လာတဲ့သူပြောသလို ဟိုမှာ မိုးတွေရွာလို့ရေတွေများရိုးမှန်ယင် ဒီကတင်သွားတဲ့ ရေ တွေဘာဖြစ်သေးတုန်း၊ နွားနဲ့နဲ့ကလေး ပင်ပန်းတာပဲ

ရှိတယ်၊ တင်သွားတဲ့ ရေဟာ ဘာမှမဖြစ်ဘူး၊ အဲဒီ ကျတော့ သွန်ပေါ့၊ စောစောစီးစီးက သွန်လို့ရှိယင် သူပြောသလို ဟိုမှာရေရှိယင်တော်ရဲ့၊ ရေမရှိယင် အကြီး အကျယ်ဒုက္ခရောက်ရတော့မှာပဲ။

ဟိုရေတွေကို မလိုလဲလိုလဲ တင်သွားရတဲ့ အတွက် တော့ နဲနဲတော့ နွားပင်ပန်းတယ်လေ၊ နဲနဲနွားပင်ပန်း ပေမယ်လို့ အကယ်၍ ရေမရှိယင်လဲ သေသည့်အထိ နွားရောလူရော ဒုက္ခရောက်ကြမယ်၊ အကယ်၍ ရေရှိ နေလို့ရှိယင် ဒီရေကိုဖယ်ပြီးတော့ သွန်ပြီးတော့နောက် ရေကိုသုံးရုံပေါ့၊ ဒါမလဲ့တမ်း လိုက်တာ၊ ပဌမဆုံး ခေါင်းဆောင်ရဲ့အဖွဲ့က ရေတွေသွန်လိုက်တဲ့ ဥစ္စာ မလဲ့ တမ်းလိုက်တာမဟုတ်ဘူး၊ အလွဲလိုက်သွားလို့ ဟိုမှာ ရေမရှိတဲ့အချိန်မှာ ဒုက္ခအကြီးအကျယ်ခံကြရတယ်။

ယခုနောက်ခေါင်းဆောင်က ''မသွန်နဲ့''လို့ အတင်း မာမာကြီး တကတဲ အာဏာပေးတာဖြစ်တော့ မသွန် ပဲနဲ့စိတ်မပါတပါနဲ့ ရေတွေတင်ပြီးတော့ လာခဲ့ကြတဲ့ သူတွေဟာ ဒီမှာရေမရှိတဲ့ အခါကျတော့ ဘယ်လောက် ဝမ်းသာစရာဖြစ်သွားတုန်း၊ ဟိုမှာသေသွားတဲ့ သူတို့မိတ် ဆွေရှာသားတွေကို ကြည့်ပြီးတော့ ဘယ်လောက်များ ဆရာကြီးကို မိမိတို့ ခေါင်းဆောင်ကြီးကို ကျေးဇူး တင်ကြတုန်း။

**မလွဲလမ်းလိုက်။** ။ဒါ့ကြောင့် ဗုဒ္ဓမြတ်စွာက—

အပဏ္ဏကံ ဌာနမေကေ၊ ဒုတိယံ အာဟု တက္ကိကာ၊
ဧတဒညာယ မေဓာဝီ၊ တံ ဂဏှေ ယဒပဏ္ဏကံ။

"လမ်းနှစ်လမ်းတွေ့ယင် မလွဲလမ်းလိုက်ပါ၊ မလွဲလမ်းဟာ မလွဲနိုင်ပါဘူး၊ မသေချာတဲ့ လမ်းကို မလိုက်လိုက်ပါနဲ့"လို့ အဲဒီလို ဥပဒေထားတော်မူပါတယ်၊ ဒါ့ကြောင့် ဗုဒ္ဓမြတ်စွာက **"ဘုရားကိုယုံကြည်ပြီးတော့ပုံလိုက်" ဒီလိုမဟုတ်ဘူး၊ မလွဲလမ်း ဖက်ကနေလိုက်။**

**လုပ်ချင်ရာလုပ်ဝံ့။** ။ကဲ-ဒီတော့ ပရလောက **နောက်ဘဝရှိ** မရှိ ဒီလမ်းရောက်လာပြီ၊ **နောက်ဘဝ** မရှိဘူးဆိုတဲ့ဝါဒအတိုင်း **နောက်ဘဝမရှိဘူးထား၊ နောက်ဘဝ** မရှိဘူးဆိုတဲ့ ဝါဒအတိုင်းကလဲ နောက်ဘဝ မရှိဘူးလို့ပဲထား၊ ကဲ-မရှိဘူးဆိုတဲ့ဝါဒသမားတွေက "နောက်ဘဝမှ မရှိပဲကွာ ပါဏာတိပါတာ အမှုပြုချင်ပြုဟာ၊ ကာမေသု မိစ္ဆာစာရ အမှု သဘောတူလို့ ရှိယင် ဂျောင်ကျပြုသာပြုဟာ၊ ဘာမှအရေး မကြီးဘူး၊ မုသာဝါဒအမှု ညာရသမျှ ညာသာညာ၊ လိမ် ရသမျှ လိမ်သာလိမ် ဘာပြုလို့တုန်း၊ နောက်ဘဝမရှိဘူး၊ ဒီဘဝအကျိုးရှိယင်ပြီးတာပဲ။

နောက်ဘဝမရှိဘူးလို့ ပြောလိုက်သည်နှင့်တပြိုင်နက် အမေ အဖေ အရေးစိုက်စရာမလိုဘူး၊ နောက်ဘဝမရှိပဲနဲ့ အနို့ဒီအဖေ အမေတွေ ဒါသူတို့ကာမဂုဏ်ကြောင့် ဒို့ကိုသူတို့က မွေးတယ်

လို့ဆိုရတာ၊ဒို့နောက်ဘဝမှာမရှိပဲနဲ့တော့ ဒီအမေအဖေပေါ်မှာ ပြုဖို့ ဝတ္တရားဘာမှမလိုဘူး၊ အဖေပေါ်မှာပြုဖို့ဝတ္တရားဘာမှမလိုဘူး၊ ဆွေမျိုးဉာတိ ဆရာသမားဘာမှ ပြုဖို့မလိုဘူး၊ ကဲ--နောက်ဘဝ မရှိဘူးလို့ ယူလိုက်သည်နှင့် တပြိုင်နက် စိတ်တွေ လောကမှာ အဆင့်ဆင့်ဝတ္တရားတွေ ဖျက်ချင်ဖျက်နိုင်တာပဲ၊ နောက်ဘဝမှာ မရှိပဲ ဖျက်လဲဖျက်တာပဲ။

အမြစ်ပါတူးပစ်။ ။သူတို့က--

ယဿ ရုက္ခဿ ဆာယာယ၊ နိသီဒေယျ သယေျယဝါ။
န တဿ သာခံ ဘဥ္ဇေယျ၊ မိတ္တဒုဗ္ဘော ဟိ ပါပကော။

လို့ရှေးလူကြီးသူမတွေရဲ့ ဥပဒေကိုလဲ ရွတ်လိုက်သေးတယ်၊ အေး....“အကြင် သစ်ပင်တပင်ရဲ့ အရိပ်ကိုခိုတယ်၊ ထိုသစ်ပင်ရဲ့ အကိုင်းကိုမဖြတ်ကောင်းဘူးကွ၊ဒါက ထုံးစံအတိုင်းလဲ ရွတ်လိုက် သေးတယ်၊ အေးမိတ်ဆွေကို ပြစ်မှားတယ်ဆိုတာ မကောင်း ဘူးဟေ့” ပြီးတော့မှ---

အထော အတ္တေ သမုပ္ပန္နေ၊ သမူလမပိ မုဗ္ဗဟေ။

“အား....ဒီသစ်ပင် ဒီသစ်ကိုင်းနဲ့ ကိစ္စတစုံတခုပြုစရာ ရှိလို့ ရှိယင် အမြစ်ပါတူးပစ်ဘာဖြစ်သေးတုန်း”ကိုး၊ ဒီတော့ “အမေ အဖေကို လေးစားပါကွာ၊ ဂရုစိုက်ပါကွာ၊ ဒါပေမယ့်လို့ အလုပ်တခုလုပ်တဲ့နေရာမှာ အမေက ကန့်လန့်ကန့်လန့် ဆိုယင် တူးပစ်လိုက်၊ ကိစ္စတခုဆောင်ရွက်မဲ့နေရာ အဖေက ကိုးလိုးကန့်

လန့်လုပ်နေယင် အမြစ်ပါတူးပစ်လိုက်”၊ တယ်ဟုတ်ကိုး တယ်ဟုတ်တယ်ကိုး၊ ဘာဖြစ်လို့တုန်း ပရလောကမှမရှိပဲနဲ့၊ ဒီလောကအတွက်လုပ်နိုင်တာလုပ်ရမှာပေါ့၊ သူတို့လမ်းနဲ့သူတို့ပဲ။

**ကျေးဇူးတွေ။** ။ပရလောက ရှိတဲ့ ပုဂ္ဂိုလ်ကျတော့ ကိစ္စတွေများလာပြီ၊ ဟိုဖက်လွန်ခဲ့တဲ့ ဘဝလဲ သူကရှိနေပြီ၊ မိဘတို့ ဆွေမျိုးတို့လဲ အကြောင်းသင့်လို့ တွေ့ကြုံရတာ၊ ဒီမိဘတွေရဲ့ မေတ္တာ ကရုဏာ ဘယ့်လောက်ကြီးကျယ်သလဲ၊ တခါ ဆရာသမားတွေ ဘယ့်လောက်များ မေတ္တာကရုဏာနဲ့ သွန်သင် ဆုံးမကြသလဲ၊ ဦးကြီး,ဦးလေး, ဒေါ်ကြီး,ဒေါ်လေး, ဘကြီး, ဘဒွေးတွေဟာ ထိုက်တန်သလောက် အဖေအမေနဲ့ကူညီပြီးတော့ ပြောဆို ဆုံးမလာခဲ့ကြတယ်၊ ကျေးဇူးရှင်တွေပါပဲ။

**ဝတ္တရား။** ။သူ့မှာတော့ စိတ်တွေကိုက မနူးညံ့လို့မဖြစ်ဘူး၊ ပရလောက နောက်လောကရှိနေတယ်ကိုး၊ နောက်လောကရှိတော့ကို ဒီကရေမသွန်တဲ့လှည်းများလို ဝတ္တရားတွေလေးလေးပင်ပင်လုပ်ရတယ် ဆိုပါတော့ လူကြီးကို ရှိသေရတာနဲ့ မရှိသေရတာနဲ့ အဲဒီကိစ္စလေးတနုကြောင့် နဲနဲကလေးအလုပ်ပိုလာတယ်၊ မရှိသေရတာကတယ်လွယ်ကိုး၊ရှိသေရတာနဲ့၊ မရှိသေရတာက အလုပ်ပိုလာတယ်၊ မရှိသေရတာ တယ်လွယ်ကိုး၊ ဒီတော့ ပရလောကရှိတဲ့ ပုဂ္ဂိုလ်အတွက် ဒီတာဝန် ကလေးတွေတာ လူ့ဝတ္တရားကလေးတွေ မိဘဝတ္တရား၊ဆရာသမားဝတ္တရား၊ သားသမီးဝတ္တရားကလေးတွေ နဲနဲရေမသွန်ပဲနဲ့ လှည်းပေါ်မှာတင်မြဲတင်သွားသလို နဲနဲတော့တာဝန်ကလေးတွေ ရှိပါတယ်။

**စီးပွားရေးသီလ**။ ။စီးပွားရေးမှာ မိမိတို့က သီလ-ဝတ္တရားတို့ စောင့်ထိန်းပြီးတော့နေလို့မို့ စီးပွားရေးမှာလဲပဲ နဲနဲတော့ အနှောင့်အယှက်ဆိုတာလို အထမမြောက်ပဲနဲ့ ရှိတတ်ပါတယ်၊ ဆိုပါတော့ လိမ်ပြီးတော့ ညာပြီးတော့ရောင်းလိုက်မယ်ဆိုယင်တော့ အမြတ်တော်တော်ပိုရမယ်၊ ရောနှောပြီးတော့ရောင်းလိုက်မယ်ဆိုယင်တော့ အမြတ်တော်တော် ပိုရမယ်၊ ပရလောက ရှိသေးတယ်၊ ဒီကကောင်းယင် ကောင်းသလို မကောင်းယင် မကောင်းသလို အကျိုး ပေးမယ်လို့ နားလည်ထားတော့ ဒီက ကောင်းကောင်းကလေးနေရတဲ့အတွက်ကြောင့် မလိမ်ဘူး၊ မှန်တာပြောပြီးတော့ ရောင်းတယ်၊ ဒီတော့ အမြတ်တော့နဲနဲရော့သွားမယ်၊ ရော့ချင် ရော့သွားနိုင်တယ်။

**စိတ်ချမ်းသာ**။ ။ဒီတော့ ပရလောကရှိတဲ့ ပုဂ္ဂိုလ်မှာ ခုနကရေတွေမသွန်ပဲနဲ့ လှည်းပေါ်မှာတင်မြဲတင်သွားသလို လောကကျင့်ဝတ်တွေမဖျက်ပဲနဲ့ ကျင့်မြဲကျင့်သွား၊ ပေါင်းသင်းဆက်ဆံရေးမှာ စည်းကမ်းရှိမြဲရှိသွား၊ ရောင်းဝယ်ရေးမှာ တယောက်ယောက် ညှာတာမြဲ ညှာတာသွားလို့ ရှိယင်တော့ နဲနဲလေးတော့ လှည်းလေးတဲ့သူများလိုပေါ့လေ၊ တာဝန်တော့ နဲနဲရှိပါတယ်၊ တာဝန်ရှိပေမယ့်လို့ အဲဒီတာဝန် ရှိနေတာကိုက စိတ်ချမ်းသာလို့၊ အမေ့တာဝန်ကိုသားတွေက အဖေ့တာဝန်ကို သားများက သားသမီးများ တာဝန်ကို မိဘများကဆောင်ရွက်နေရတာကို စိတ်အေးလို့၊ ဘာပူလို့တုန်း၊ ဒို့သားဟာ နောင်လူကောင်းလေးဖြစ်မယ်၊ ဒို့သမီးဟာ နောင်ကို အမျိုး

သမိန်းကောင်းလေးဖြစ်မယ်၊ ပြောဆိုဆုံးမပြီးတော့ နေရတာကို တာဝန်တော့ရှိတယ်၊ စိတ်က တယ်အေးကိုး။

မပေါ့ပါးလှ။ ။ဒီတော့ကာ ပရလောကရှိတဲ့ ပုဂ္ဂိုလ်များမှာ ဂတ္တရားတွေကို လုပ်နေရတဲ့အတွက်ကြောင့် ရဟန်းသံဃာတော်တွေမှာလဲပဲ ကျင့်ပြီး နေရတဲ့အတွက်ကြောင့် ဝိနည်းသိက္ခာပုဒ်ကို ထိန်းနေရတဲ့အတွက်ကြောင့် ဝိနည်းသိက္ခာပုဒ်ကိုမထိန်းတဲ့ ပုဂ္ဂိုလ်များလိုတော့ မပေါ့ပါးလှဘူး ဆိုပါတော့၊ ပိုက်ဆံကိုင်ပြီးတော့ သွားလိုက်လို့ရှိယင် ဘယ်ကပ္ပိယမှ မလိုဘူး၊ စရိတ်အကုန် သက်သာသွားတယ်၊ ကပ္ပိယနဲ့သွားလိုက်တော့ကာ နှစ်ဆလော့ာက် နှစ်ဆခွဲလောက် တဝက်လောက် စရိတ်ပိုလာတယ်၊ "တာဝန်ဆိုတာ နဲနဲလေးလာတာ"

မထိန်းဘူး၊ ဗုဒ္ဓရဲ့တရားတော်တွေ ဥပဒေတွေကို မထိန်းဘူး၊ ကိုယ်တိုင် ပိုက်ဆံကိုင်ပြီးတော့ ကိုယ်နေချင်သလို ကိုယ်နေမယ်၊ ကာလအလိုက် ဒီလိုဆိုတော့ တာဝန်တော့ပေါ့သွားပဲ၊ ဗုဒ္ဓရဲ့ အလိုတော်ကျ ကပ္ပိယနဲ့သွားတယ်၊ ဝိနည်းသိက္ခာပုဒ်တွေ ထိန်းနေတယ်၊ နဲနဲတော့တာဝန်လေးသွားပဲ။

တွက်ပုံမရှုံး။ ။တာဝန်လေးပေမယ့်လို့ ပရလောကမရှိဘူးလို့ ရှိယင်တော့ သူလဲမရှိကိုယ်လဲမရှိပါ၊ သူတို့လဲ မရှိကိုယ်တို့လဲမရှိပေါ့၊ ခုတာဝန်က လေးတာပဲ တာဝန်ကြီးသွားတယ်၊ ဟိုမှာမရှိမရှိချင်းပါပဲ၊ အကယ်၍များ ပရလောကရှိရိုးမှန်ယင် ဗုဒ္ဓဟောတော်မူတဲ့အတိုင်း သီလပျက်တဲ့သူတွေဟာ ငရဲမှာ၊ ပြိတ္တာမှာ၊ တိရစ္ဆာန်မှာ ဖြစ်ရမယ်လို့ဆိုယင် ခုနက ပရ

လောက မရှိဘူးဆိုပြီးတော့ လုပ်ချင်တာ လုပ်သွားတဲ့သူတွေကတော့ အမေအဖေသတ်လို့ရှိယင်လဲ အဝီစိရောက်မှာပဲ၊ ပရလောကရှိယင် ပရလောက ရှိတယ်လို့ဆိုပြီးတော့ အမေအဖေကို လေးလေးစားစား ဆက်ဆံတဲ့လူကတော့ ဟိုဘက်ကျတော့ ပရလောကရှိလဲ အဝီစိမရောက်ပါဘူး၊ ပရလောက မရှိဘူးဆိုလဲ ဘာမှ မဖြစ်ချင်း အတူတူပါပဲ၊ တွက်ပုံမရှုံးပါဘူး၊ ဟိုဘက်ဘဝမှာ —

**လက်တွေ့**။ ။ဒီတုန်းက ဝတ္တုရားလေးများ နဲနဲဆောင်ရွက်လိုက်ရတယ်၊ အဲဒီဝတ္တုရားလေး ဆောင်ရွက်လိုက်ရတဲ့ အချိန်မှာတုန်းကတောင်မှ "အာဟိုလူက-ပရလောက မရှိဘူးဆိုလို့ အမေကိုတယ်ဂရုစိုက်တာ မဟုတ်ဘူး"အမေကလဲ ရင်ထဲနင့်လို့၊ အဖေကလဲ စိတ်ထဲမကောင်းဘူး၊ လက်တွေ့လက်တွေ့၊ ပရလောကရှိတယ်လို့ဆိုတဲ့လူကမိဘရှိသေလို့၊ မိဘစကားနားထောင်လို့၊ အမေစိတ်ချမ်းသာလို့၊အဖေစိတ်ချမ်းသာလို့။

**စိတ်မအေး**။ ။သူကိုယ်တိုင်လဲပဲ တခါတခါတွေးကြည့်၊ ပရလောက မရှိဘူးဆိုတဲ့သူက "ငါလုပ်ချင်ရာတွေရှောက်လုပ်နေတယ်၊ဘယ်သူ့တုန်းက ဘယ်လိုနေရာ ငါဘယ်လိုလုပ်လိုက်တာ" သူ့ဟာသူတော့ ဟုတ်တယ်လို့ဆိုပြီးတော့ နဲနဲကလေးဟိန်းတာ ဟောက်တာတွေ ရှိပေမယ့် စိတ်က တယ်ပြီးတော့ အေးတဲ့စိတ်မဟုတ်ဘူး၊ စိတ်ကပူနေတဲ့စိတ်၊ သူ့ငါက အရေးမစိုက်ပဲနဲ့ ဘယ်လိုစော်ကားလိုက်တာ၊ ငါ့များ ပြန်ပြီးတော့ချမလား၊ ဒီအချိန်မှာတုန်းက သူ့ဟာသူ စိတ်က နွေး

နေတယ်၊ ဘယ်သူ့ကို ငါကဘယ်လိုလုပ်လိုက်တာ၊ သူ့ဆိုင်ရာတွေက ငါ့မြားလိုက်နေမလား၊ စိတ်ဟာမရှင်းဘူး။

ပရလောကမရှိဘူးလို့ လုပ်ချင်တာ လုပ်လိုက်တဲ့ ဥစ္စာဟာ စိတ်များ ချမ်းသာနေလိမ့်မယ် မထင်နဲ့၊ စိတ်မချမ်းသာဘူး၊ ပြီးတော့တခါ သူတပါးကို စော်ကားလာတဲ့သူဟာ ကိုယ့်ကိုယ် စော်ကားလိုသူ ဒီဘဝမှာကို တွေ့တာပဲများတယ်၊ အဲဒီတော့ ပရလောက မရှိဘူးလို့ဆိုတဲ့သူတွေက လုပ်ချင်တာလုပ်ပြီး လွတ်လပ်တယ်လို့ ထင်ပေမယ့် ဒီဘဝမှာကို စိတ်မအေးရဘူး၊ စိတ်မချမ်းသာရဘူး၊ ကိုယ့်ဟာကိုယ် ကြီးကျယ်တဲ့ အဖြစ်မျိုးကို ရောက်နေလဲ စိတ်ချမ်းသာတာ မဟုတ်ဘူး။

**ဒီဘဝ နောက်ဘဝ ချမ်းသာ**

ပရလောက ရှိတယ်ဆိုတဲ့ သူတွေက ရှောင်ရှောင်တိမ်းတိမ်းနဲ့ အလုပ် လုပ်နေတာဖြစ်တော့ သူ့မှာ ခုနက ဘေးရန်တွေမရှိဘူး၊ စိတ်အေးချမ်းလို့၊ ဟုတ်တယ် အကျိုးတော့ ရချင်မှရမယ်၊ ဒီဘဝမှာ ထိပ်တန်း ရောက်ချင်မှ ရောက်မယ်၊ ဒါပေမယ့်လို့ စိတ်ချမ်းသာလို့၊ ဒါဟိုဘဝ မရောက်သေးဘူး၊ ဒီဘဝမှာ ပရလောကမရှိသူရဲ့ လုပ်ချင်ရာလုပ်တာနဲ့၊ ပရလောက ရှိလို့မို့ စည်းနဲ့ကမ်းနဲ့လုပ်တာနဲ့ ဒီမှာကို စိတ်ချင်းကွာသွားပြီ၊ စိတ်ချမ်းသာမှုချင်း ကွာသွားပြီ၊ နောက်ပရလောက ရောက်တော့ လုပ်ချင်တာလုပ်တဲ့သူက ပရလောက ရှိရိုးမှန်ယင်တော့ သွားပြီ၊ ငရဲကျစရာရှိကျမယ်၊ ပြိတ္တာဖြစ်စရာရှိဖြစ်မယ်၊ ပရလောကရှိဘယ်ဆိုပြီး စောင့်စောင့်စည်းစည်း နေလာခဲ့တဲ့သူက

ဟိုဘဝရောက်တော့ ရှင်လို့၊ ကောင်းတဲ့ဌာန ကောင်းတဲ့ဘဝတွေ မိမိတို့ထိုက်သင့်သလို ရောက်သွားကြမယ်။

**မလွဲတမ်းလိုက်။** ။ဒီတော့ ဗုဒ္ဓမြတ်စွာက မလွဲတမ်းကိုလိုက်၊ ကိုယ်မပိုင်ယင် မလွဲတမ်းကိုလိုက်၊ ပရလောကနဲ့ စပ်လာလို့ရှိယင် ကိုယ့်ရဲ့ယုံကြည်စရာ ဆရာသမားဘုရားရဲ့ အဟောအပြောအတိုင်း ယုံရတာပဲ၊ အဲဒီယုံရတာ ပေမယ်လို့ မသေချာတဲ့နေရာတွေကရှိနေတော့ မလွဲတမ်းကိုလိုက်ပါလို့ ဗုဒ္ဓမြတ်စွာက တဆင့်တက်ပြီးတော့ ဟောတော်မူတယ်၊ မလွဲတမ်းတဲ့နည်းကိုလိုက်ပါ၊ မရှိဘူးဆိုတဲ့နည်းဟာ မရှိရိုးမှန်ယင်တော့ ပြီးတယ်၊ ရှိယင်တော့ ဒုက္ခကို အကြီးအကျယ်ရောက်မယ်။

**ဘေးရန်မရှိ။** ။ပရလောက ရှိတယ်ဆိုတဲ့ ဝါဒကမရှိယင်လဲ သူတို့နဲ့ အတူတူပဲ၊ ရှိယင်လဲပဲ ကိုယ့်မှာ အင်မတန်ကောင်းသွားပြီ၊ အကျိုးရသွားပြီ၊ ပြီးတော့ ပရလောကမရှိဘူးဆိုတဲ့သူက ဒီဘဝလုပ်ချင်တာတွေလုပ်လို့ ဘေးအန္တရာယ်တွေများပြီးတော့ စိတ်တထင့်ထင့်နဲ့ သွားလာနေထိုင်ရတယ်၊ ပရလောကရှိတယ်လို့ဆိုတဲ့သူက စောင့်စောင့်စည်းစည်း ညှာညှာတာတာ ပေါင်းသင်း ဆက်ဆံတာဖြစ်တော့ ဘေးရန်အန္တရာယ်ဖြစ်ဖို့ရန် လွန်လွန်ကျူးကျူး မလုပ်တဲ့ အတွက်ကြောင့် စိတ်ကိုအေးချမ်းပြီးတော့ ဒီဘဝမှာလဲ နေရပါတယ်၊ ဒါကြောင့် ပရလောကနဲ့စပ်ပြီးတော့ကို မိမိတို့ကိုးကွယ်တဲ့ ပုဂ္ဂိုလ်ရဲ့စကားကိုယုံရမယ်လို့ဆိုပေမယ့် ကိုးကွယ်တဲ့ပုဂ္ဂိုလ်ကိုက မှန်ချင်မှ မှန်မှာ

ဖြစ်တော့ မလွဲဘမ်းကိုလိုက်ကြပါလို့ ဗုဒ္ဓမြတ်စွာက ဥပဒေပေး တော်မူတယ်၊ ဒီဇာတ်တော်မှာ—

**အမြွာမွေးညီအစ်ကို။** ။ဒီတော့ကာ ဘုန်းကြီးတို့ကထပ်ပြီးတော့ စဉ်းစားရမယ်၊ ခုခေတ်ဟာ စဉ်းစား ပြီးယင်း စဉ်းစားယင်း၊အသိဉာဏ်ကချိန်ပြီးယင်းချိန်ယင်း၊မိမိတို့ ကိုယ်တိုင်အနုမာနသိဒ္ဓနဲ့ ပြန်ပြီးတော့ စဉ်းစားကြစို့၊ အမြွာမွေး ညီအစ်ကိုနှစ်ယောက် ပရလောက မရှိဖူးဆိုယင် ဟိုဖက်ကလဲ လာဘာမဟုတ်ဘူး၊ ဒီမှာမှ သွေးသားအလိုက် အမြွာမွေးကလေး တွေဖြစ်ကြတာ၊ ပရလောကရှိတဲ့ ပုဂ္ဂိုလ်က ဟိုက ကံအား လျော်စွာ ဒီဘဝမှာ အမြွာမွေးဖြစ်ကြတာ၊ ဒီတော့ အမြွာမွေး ညီအစ်ကို နှစ်ယောက်ဖွားလာရော၊ သွေးသားကလဲတူ၊ အမိ ဝမ်းထဲမှာ နေတုန်းကလဲ အကုန်လုံးအမိရဲ့ အပြုအစုအတိုင်း နေကြရတာ၊ အမိရဲ့အထိန်းအသိမ်းအတိုင်း နေကြရတယ်။

**အမိဝမ်းထဲ။** ။အမိဝမ်းထဲနေတဲ့အခါ အမေက အစပ်တွေ အပူတွေ စားယင်၊ ကလေး ပင်ပန်းတယ်တဲ့၊ အမေက အသွားအလာ မဆင်ခြင်လို့ ကြမ်းကြမ်း တမ်းတမ်း သွားတယ် လာတယ် ထိုင်တယ် ထတယ်ဆိုယင် ဟိုက ကလေး နဲ့နဲ့ ကလေး အကောင်အထည် ပေါ်လာတယ်ဆိုယင် သူတို့မှာလဲ ဒုက္ခပေးတယ်တဲ့၊ အမေက ညင်ညင်သာသာ အိပ်တယ် ညင်ညင် သာသာ ထိုင်တယ်၊ ထတယ်၊ ဖြည်းဖြည်းသက်သာ သွားတယ် ဆိုယင် ဟိုကလေးမှာ နဲ့နဲ့သက်သာကတယ်။

ဒီတော့ အမေ တယောက်က ကိုယ်ဝန် ဆောင်ထားလို့ သားနှစ်ယောက် အမြွာမွေးဖြစ်တယ်၊ ဒီကအတွင်းမှာအကုန်လုံး တူခဲ့တာပဲ၊ အပြင်မှာရောက်လာတော့လဲပဲ အပြုအစုအတိုင်းဟာ အကုန်လုံးတူတာပဲ၊ တော်တော်လေး ကြီးတော့လဲပဲ ခုနက နို့ချိုတိုက်တို့ ဘာတို့ အကုန်လုံးတူတာပဲ၊ ဘာမှဒီမှာလက်တွေ့ အားဖြင့် အကြောင်းမထူးပါဘူး။

**စိတ်ချင်းမတူ။** ။ဒါပေမယ်လို့ ကလေးနှစ်ယောက် ရုပ်ချင်း သိပ်တူတယ်လို့ ဆိုပေမယ့်၊ မသိမသာလေး ကွဲပါသေးတယ်၊ ဒါလဲပဲ မကြည့်တတ်တော့ ထားပါတော့ပေါ့ လေ၊ အဲဒီကလေး နှစ်ယောက်ဟာ စိတ်ချင်း မတူပါဘူး၊ တယောက်က ဒေါသကြီးချင်ကြီးမယ်၊ တယောက်က လောဘ ကြီးချင်ကြီးမယ်၊ တယောက်က စိတ်ကောင်း နှလုံးကောင်း သဒ္ဓါတရားရှိချင်ရှိမယ်၊ စိတ်ချင်းမတူပါဘူး၊ ဒါအမေ့ရဲ့ သွေး သား အဖေ့ရဲ့သွေးသားသိပ်တူ၊ ပတ်ပန်းကျင်က သိပ်တူ၊ ဆွေ မျိုးတွေနဲ့ သိပ်တူ၊ အကုန်လုံးတူတယ်၊ ဒီစိတ်နှစ်ခု ဘာပြုလို့ ကွဲလာသလဲ၊ ဘာပြုလို့ စိတ်ကောင်း စိတ်ဆိုးကွဲလာသလဲ။

**ဉာဏ်အလိမ္မာ။** ။ဒါပညာသင်တဲ့ အခါကျတော့ တယောက် ကတယ်တတ်လွယ်တယ်၊ တယောက်က တယ် တတ်ခဲတယ်၊ မသိမသာကလေး ဉာဏ်ချင်း ကွဲသွားပြန်ရော၊ အလိမ္မာချင်းကျတော့လဲ တယောက်က လိမ္မာတယ်၊ ဟို ပညာ တဘ်လို့ဉာဏ်ထက်တဲ့သူက လိမ္မာချင်မှ လိမ္မာမယ်၊ ပညာဉာဏ် နဲနဲ ညံ့တဲ့သူက ဟော အလိမ္မာကျတော့ သူက သာချင် သာနေတယ်၊

ဘယ့်နှယ်လဲ ဒီဟာတွေက တယ်ကွဲတာပါလား၊ နောက်ကို ကျန်းမာရေးတွေ ဘာတွေ အတော်တူလို့ သွေးသားကတူလာလို့ ဆိုပေမယ့် တော်တော်ကြီးတော့ ကျန်းမာရေးချင်းမတူဘူး။

**မနန်းစိုးညီအစ်မ။** ။ဟို တနေ့တုန်းက အင်မတန် ထင်ရှားသွားတဲ့ မနန်းစိုးတို့ ညီအစ်မဟာအသွေးတူ တမအေထဲ ဖွားလိုက်တယ်၊ နောက်တော့ နှစ်ယောက်ပူးနေတဲ့ဥစ္စာကို ခွဲတဲ့အခါမှာ သူတို့ဆရာများရဲ့ အသိဉာဏ်အတိုင်းပေါ့၊ တဖက်ကို နဲနဲကလေး စိတ်ချရအောင် အားပေးမယ်၊ တဖက်ကိုတော့ ကမ္ဘာကာပေါ့လေ၊ ဗမာပြော၊ အဲဒီတော့ ဒီတယောက်က ကောင်းကောင်းကြီး ကျန်းမာ ချမ်းသာလို့ ဟိုတယောက်မှာ ဆုံးရှုံးလို့၊ ကြည့်စမ်း အမြွှာမွေး သွေးတူ သားတူ၊ စေတစေ ပိုင်းက ဆရာဝန်တွေ မခွဲခင်က အတူတူ၊ ခွဲပြီးတဲ့နောက်ကိုပဲ နဲနဲချင်း နဲနဲချင်းမတူလှဘူး။

ဘာဖြစ်လို့ တယောက်ကိုတော့ ခွဲကတဲက အားပေးတဲ့ဖက်မှာ ပါလာသလဲ၊ တယောက်မှာတော့ နဲနဲကလေး စိတ်မချရတဲ့ ဖက်မှာပါလာသလဲ၊ ဒါလိုက်ရမယ်လေ လိုက်ရမယ်။

**အိမ်ထောင်ရေးစီးပွားရေး။** ။တခါ နောက်ကြီးလာတဲ့ အခါကျတော့ ခုနက အခုလို အမြွှာမွေး ပူးလာတဲ့ အမြွှာမွေးတွေကြီးလာတဲ့ အခါကျတော့ ပညာတတ်ချင်းမတူ၊ တယောက်ကတတ်တယ်၊ တယောက်က မတတ်ဘူး၊ နောက်အိမ်ထောင် ပြုချိန်ကျလို့ အိမ်ထောင်ပြုချင်း ကျတော့

တယောက်အိမ်ထောင်ကကောင်းတယ်၊ တယောက် အိမ်ထောင်က မကောင်း၊ စီးပွားရှာချိန်ကျတော့ တယောက်က စီးပွားဖြစ်တယ်၊ တယောက်က စီးပွားမဖြစ်၊ အဲဒီလို အကုန်လုံး ရှောက်ပြီးတော့ကို တကယ့်နောက်မှ လုပ်ရမယ့် အလုပ်တွေကျတော့ ဒီအမြွာမွေးတာ သွေးသားက ပဓာနမဟုတ်ပါပဲလား၊ ဘာဖြစ် လာပြန်သလဲ-ကိုး၊ အဲဒီမှာ အနုမာနသိဒ္ဓ ဟိုကဘဝရှိပြီ။

ရှေးကံ။ ။ဟိုဘဝတုန်းက ဒီကလေးနှစ်ယောက်မှာ တယောက်က ဆိုပါတော့ တခြားနေရာမှာ သူ့ နည်းနဲ့ သူ့ဟန်နဲ့ သူ့ ကုသိုလ်တွေနဲ့၊ သူ့အကုသိုလ်တွေနဲ့၊တယောက်ကလဲ ဒိပြင်တခြားနေရာမှာ သူ့နည်း သူ့ဟန်နဲ့ သူ့ကုသိုလ်နဲ့ သူ့အကုသိုလ်နဲ့၊ဒိပြင်တခြားနေရာဘဝကလဲ လူ့ဘဝဟုတ်ချင်မှ ဟုတ်မှာ၊ အဲဒီလိုပဲ တဘဝထဲလဲ မကဘူး၊ ဘဝများစွာတုန်းက သူ့နည်းသူ့ဟန်နဲ့ ကံအမျိုးမျိုးနဲ့ လာခဲ့တယ်၊ အဲဒါကြောင့်မို့လို့ ဒီဘဝမှာ ဒီကလေးနှစ်ယောက်ဟာ အကြောင်းအားလျော်စွာ တမိထဲမှာ အမြွာမွေးဖြစ်ရပေမယ်သို့ ရှေးကံချင်းက ဒီအမေနဲ့ ဘာမှမဆိုင်၊ ဒီအဖေနဲ့ ဘာမှ မဆိုင်တာ ဖြစ်တော့ ရှေးကံက ပြုခဲ့တဲ့အတိုင်းပဲ ဒီမှာ ကောင်းကျိုး ဆိုးကျိုးကို ကလေးနှစ်ယောက် တွေ့ကြရတယ်၊ ဒီလို မှန်းလိုက်လို့ ရှိယင် ပရလောက ဟိုလွန်ခဲ့တဲ့ အတိတ်လောကဟာ ပရလောကပဲ၊ လွန်ခဲ့တဲ့ အတိတ်ဘဝရှိနေပြီ၊မရှိယင် ဒီကလေးနှစ်ယောက် ဒီလို မကွဲနိုင်ဘူး၊ ဒါအနုမာနသိဒ္ဓနဲ့ မှန်းကြည့်လို့ရပြန်ရော။

**သံသရာအတွက်။** ။ဒီတော့မှန်းကြည့်လို့ရတော့ကာ ဘုန်းကြီးတို့ဆရာတပည့်တွေအကုန်လုံး တစုတဝေးထဲ ဆုံမိတယ်၊ ဆုံမိတာကိုက ရေးကံက မသိမသာလေး ကူညီထောက်ပံ့လိုက်လို့ ဆုံမိကြရော၊ ဆုံမိတဲ့ပုဂ္ဂိုလ်တွေ ရုပ်ချင်းကလဲ မတူ၊ စိတ်ချင်းကလဲမတူ၊ ရေးကံမတူတော့ ဘုန်းကံချင်းကလဲ မတူ၊ အဲဒါတွေစုပြီးတော့ ဘုန်းကြီးကလာမယ့်သံသရာအတွက် ကောင်းအောင်လို့ဆိုပြီးတော့ ဘာဖြစ်ဖြစ် ဖြစ်ခဲ့တာ ဖြစ်ပါစေတော့ အတိတ်ကမှားခဲ့ယွင်းခဲ့တာတွေ ရှိပါစေတော့၊ ယခု မမှားမယွင်းကြနဲ့။

ယခုဗုဒ္ဓရဲ့တရားတော်အတိုင်း သီလကိုထိန်းကြ၊ ဘုန်းကြီးက နောင်သံသရာအတွက် မြင်လွန်းလို့ပြောနေတာ၊ ဒီဘဝကလေး ကောင်းရုံတင် ပြောနေတာမဟုတ်ဘူး၊ နောင်သံသရာအတွက် ဒီက ထိန်းသိမ်းပြီးတော့ ဘုန်းကြီးတို့ စာချဘုန်းကြီးတို့ ဥပနိဿယကိုရတဲ့အတွက်ကြောင့် မိမိတို့မှာ စိတ်နေစိတ်ထားတွေ ပြုပြင်ပြီးတော့ သီလ စင်စင်ကြယ်ကြယ်နဲ့ သာသနာတော်မှာ နေခဲ့ရတယ်လို့ဆိုယင် နောင်လာမယ့်သံသရာမှာ ဖြူးဖြောင့်လို့၊ မဂ်ဖိုလ်နိဗ္ဗာန်အထိ လမ်းဖြောင့်လို့၊ ဒီလမ်းတွေကို ဘုန်းကြီးကမြင်တယ်ကိုး။

**စိတ်ထားကောင်း။** ။ဘာ့ကြောင့်မြင်တုန်း၊ ဒီတရားတော်အရ အနုမာနသိဒ္ဓနဲ့ မြင်တယ်၊ ယခုဘဝက နေရာတိုင်းမှာ စိတ်နေစိတ်ထား ကောင်းတယ်၊ သူတပါးရဲ့ အကျိုးတွေရွက်ဆောင်တယ်၊ ကိုယ်ကျိုးကို တဖက်သတ်မကြည့်

ဘူး၊ အနေအထိုင်တွေ ကောင်းတယ်ဆိုယင် "အော်....ဒီကိုယ်တော်အတွက်တော့ နောက်ဘဝ သံသရာအတွက် နိဗ္ဗာန်အထိ ကောင်းသွားပြီ၊ ဒါ့ကြောင့် နိဗ္ဗာန်အထိ ကောင်းအောင်လို့ ကမ္မဋ္ဌာန်းထိုင်ကြပါ၊ ဘာဝနာပွားကြပါ၊ တော်တော်တန်တန် ကလေးနဲ့မနေကြပါနဲ့၊ သာမန်မနေကြပါနဲ့၊ ပေါ့ပေါ့ဆဆ နေမယ်ဆိုယင် ဒီလိုနေလို့ ကျေးဇူးမရှိပါဘူး။

တရား နှလုံးသွင်းလို့ တပါးတပါးညာတာလို့ အများအကျိုးရှက်ဆောင်လို့၊ ဒီလိုနေယင် နိဗ္ဗာန်အထိ မိမိတို့လမ်းဖြူးဖြောင့်နေမယ်ဆိုတဲ့ဥစ္စာ အနုမာနသိဒ္ဓနဲ့သိနိုင်ပါတယ်၊ ဒီမှာ ရေတိုးနေတယ်ဆိုယင် အောက်မှာရေသွားပြီးတော့ များတော့ မှာပဲဆိုတဲ့ဥစ္စာ သိရသလို အနုမာနသိဒ္ဓနဲ့သိနိုင်ပါတယ်၊ ဒီမှာ ရေတိုးနေတယ်ဆိုယင် အောက်မှာ ရေသွားပြီးတော့ များတော့ မှာပဲဆိုတဲ့ဥစ္စာသိရသလို အနုမာနသိဒ္ဓနဲ့ ဘုန်းကြီးက သိလာလို့ နောင်ရေးအတွက် ဘုန်းကြီးက ဒီကနေပြီးတော့ မိုးတွေ များများရွာပေးနေတာ၊ဟိုမှာ ရေကောင်းကောင်းရအောင်လို့။

**တင်ကြိုပြင်။**　။သြဝါဒတည်းဟူသော မိုးတွေများများ ရွာပေးနေတာ ဟိုမှာ ကောင်းကောင်းကြီး ရေတွေနဲ့ စိုစိုပြေပြေ ပြည့်ပြည့်စုံစုံဖြစ်ပါစေတော့လို့ လုပ်နေတာ၊ ပြီးတော့ လာခဲ့တဲ့ဘဝတွေကို ကြည့်ပြီးတော့ ဒီမှာ အတူတူ စာချပေမယ်လို့ အသိချင်းကမတူပါဘူး၊ အဲဒီတော့ လာခဲ့တဲ့ ဘဝတုန်းက အနိမ့်အမြင့်ရှိလာခဲ့ပြီ၊ အဲဒီဟာတော့ မိမိတို့ဟာ ဘာမှမတတ်နိုင်တော့ဘူး၊ လာမယ့်ဘဝ လာလတ့ံဘဝအတွက်

သာ မိမိတို့တင်ကြိုပြီးတော့ ပြင်ရတော့မယ်၊ မဂ်ဖိုလ် နိဗ္ဗာန် အထိ သွားရအောင် ပြင်ရတော့မယ်လို့ ကောင်းကောင်းကြီး မြင်နေလို့ အနုမာနသိဒ္ဓနဲ့ နောက်ဘဝမရှိမဟုတ် ကေန်ရှိတယ်။

**ကောင်းကောင်းလုပ်။** ။ဗုဒ္ဓမြတ်စွာ ဘဝပေါင်း များစွာ သံသရာမှာ ကျင်လည် ပြီးတော့ ပါရမီတွေဖြည့်ခဲ့လို့ နောက်ဆုံးသဗ္ဗညုတဉာဏ်တော်ကို ရတယ်၊ အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်စသည် ဒီလိုပဲ ရကြတယ်၊ မိဖွေးတော်ဂေါတမီ၊ ခေမာထေရီ၊ ဥပ္ပလဝဏ်ထေရီ၊ ယသော ဓရာထေရီ မိန်းမမြတ်တွေ ဒီလိုပဲဘဝပေါင်းများစွာက ကောင်း တဲ့အလုပ်တွေ လုပ်လာခဲ့လို့မို့ နောက်ဆုံးဘဝမှာ အဆင့်မြင့်မြင့် နဲ့ ပရိနိဗ္ဗာန်စံကြရတယ်လို့ဆိုတဲ့ ဝတ္ထုတွေ ထောက်ပြီးတော့ အနုမာနသိဒ္ဓနဲ့ ကောင်းကောင်းကြီး ယုံကြည်တဲ့အတွက်ကြောင့် ကောင်းကောင်းကြီး အလုပ်လုပ်ပြီးတော့ နေရပါတယ်။

အားလုံး ဒကာဒကာမတွေလဲပဲ ဒီတရားကို စဉ်းစားပြီးတော့ ဒို့တော့ တမျိုးပြီးတမျိုး ရိုးရိုးသီလကောင်းပြီးတော့ တမျိုးပြီး တမျိုး ကောင်းသည်ထက်ကောင်းအောင် ကြိုးစားမယ်၊ ပရ လောက ရှိရုံတင်မကဘူး၊ နောက်ဘဝ ရောက်ပြီးတော့ကို နောက်ဘဝ နောက်ဘဝ နောက်ဘဝနဲ့ နိဗ္ဗာန်အထိသွားရမှာ၊ ခြေချော်လက်ချော် အသိအလိမ်မာတွေညံ့တဲ့ ဘဝမျိုးနဲ့ကြုံယင် ဒုက္ခပဲလို့တွေးပြီးတော့ ယခုဘဝက အကောင်းဆုံး ကြိုးစား ရမယ်။

**လကမ္ဘာရောက်။**　။ဒါဖြင့်ဘုရား ဒီလိုဆိုယင် ပရလောက ရှိဘယ်လို့ ဗုဒ္ဓတရားတော်က ဗုဒ္ဓသာသနာက နတ်ပြည်တွေနတ်တွေရှိတယ်၊ ဗြဟ္မာတွေရှိတယ်၊ နိဗ္ဗာန်ရှိတယ်၊ အဲဒါကို သဒ္ဓေယျသိဒ္ဓနဲ့ ဘုရားယုံကြည်လို့ ဒီကိစ္စတွေကို စဉ်းစားဖွယ်မလိုဘူးလို့ဆိုတယ်၊ ဒါပေမယ့် ယခုအကျူမြူ ခေတ်မှာ၊ တပည့်တော်တို့ ခေတ်မှာ၊ အထက်ကို အကျူမြူအင်အားနဲ့ တက်သွားလိုက်တာ တကမ္ဘာလုံးက "ဖိုးလမင်း-ရွှေလမင်း" စသည်အားဖြင့် ချီးမွမ်း အံ့သြကြပြီးတော့ လေးလေးစားစားနဲ့ နေကြတဲ့လရောက်နေပါပြီ။

အဲဒီ လကမ္ဘာရောက်တော့ ဘယ်လနတ်သားမှလဲ မတွေ့ပါပဲလား၊ ဘယ်သဘိုဗိမာန်မှလဲ မတွေ့ပါပဲလား၊ ဒီတော့ ပရလောကရှိဘယ်၊ လနတ်သားရှိတယ်၊ နေနတ်သား ရှိတယ်လို့ပြောနေပေမယ်လို့ ဟို့စက္ခုသိဒ္ဓကျတော့ မတွေ့ပါပဲလားလို့ ဒီလိုလိုက်နေချင်တယ်၊ လိုက်စရာလဲရှိပြန်တယ်။

**စုံးပူး။**　။ဒီတော့ ဘုန်းကြီးက"ဒီဟာကို တကယ်သိချင်ယင် တကယ်စုံစမ်းမှကောင်းတယ်၊အပေါ်ရုံကလေးမစုံစမ်းပါနဲ့၊ဘယ်မှာစုံးပူးနေတယ်စုံစမ်းပါ၊အကဲခပ်ကြည့်ပါ၊စုံးဆိုတာကဘာတုန်း၊ စုံးပူးတယ်ဆိုတာမြင်သလား၊တွေ့သလား၊ မြင်ရသလား ဟိုကပြောနေတဲ့အသံဟာ ဒီလူ့သံမဟုတ်ဘူး၊ မြင်ရသလား၊ ဟာ-ဒီလိုဆိုယင် ဒါကဇဝေဇဝါဖြစ်သွားပြီ၊ ယုံတဲ့သူအတွက်တော့ စုံးပါပဲ၊ စုံးဆိုတဲ့ဘာမျိုးရှိတယ်၊ ပြီးနေတာပဲ၊ မယုံတဲ့သူအတွက်က ဒီမှာဘာလဲ။

**တစ္ဆေသရဲ။** ။မကြာမီက တနေ့ရာမှာ မိန်းမတစ္ဆေ ပူးတယ်၊ တစ္ဆေက ဘယ်လိုတစ္ဆေတုန်းလို့ဆိုတော့ ဒီအင်းထဲမှာ ငါးလုပ်ပြီးတော့ သေသွားပြီး ဟိုနားမှာ သစ်ပင်တပင်မှာ တစ္ဆေဖြစ်နေတယ်၊ အဲဒီတစ္ဆေက သူ့မိန်းမကိုလာပြီးတော့ ပူးတယ်၊ သူဒီအိမ်ဝင်ဖို့ရန်သုံးရက်လောက် စောင့်နေရပါတယ်၊ ဝင်ခွင့်မရလို့တဲ့၊ ဘာပြုလို့ဝင်ခွင့်မရတုန်း၊ လိုက်စရာ၊ ဝင်ခွင့်မရတာက ဒီမှာဒီအိမ်မှာ အစောင့်အရှောက်က ဝင်ခွင့်မပေးဘူး၊ နောက်တော့ သူ့နည်းသူ့ဟန်နဲ့ တောင်းပန်လို့လားပေါ့လေ၊ သုံးရက်လောက် စောင့်ပြီးတော့ ဝင်ခွင့်ပေးတော့ သူ့မိန်းမလာပြီးပူးတယ်။

**မိန်းမတောင်း။** ။ဘာပြောတုန်းဆိုတော့ မိန်းမက နောက်ယောကျ်ားရနေပြီ၊ နောက်ယောကျ်ားကိုသူက (တစ္ဆေက) ပြောနေတယ် "မင်းမိန်းမ မင်းလဲချစ်တယ်ကွာ၊ ငါလဲချစ်တယ်၊ အဲဒီတော့ ငါကငါ့မိန်းမ ခေါ်သွားပါရစေတော့"၊ "ဟာ-မထည့်နိုင်ဘူး"၊ "မဟုတ်ပါဘူးကွာ ထည့်ပါ၊ ငါ့မှာလဲပဲ တယောက်ထဲနေရတာပါ၊ ထည့်ပါ"၊ "ဟာ-မထည့်နိုင်ဘူး"၊ "မထည့်နိုင်သိရောပေါ့ကွာ၊ ငါ့သစ်ပင်လာလို့ရှိယင် မင်းတို့တော့ သိရောပေါ့ကွာ" လို့ ကြိမ်းပြီးတော့ ထွက်သွားတယ်တဲ့၊ အဲဒီလိုဟာမျိုး လေ့လာပါလေ၊ မမြင်ရဘူး၊ သူပြောနေတယ်၊ မမြင်ရဘူး၊ သူပြောနေတာ ဟုတ်နေတယ်၊ ဟုတ်နေတာဆိုတာ "ငါဘာဖြစ်လို့ ဘယ်လိုသေသွားတယ်၊ ယခုငါဘယ်လိုနေရတယ်၊ ဘယ်မှာနေရတယ်ဆိုတာလဲ မသိဘူး၊ မမြင်ဘူး၊

ဟိုမှာ ဒီလိုပေါ့လေ ပရလောက သတ္တဝါတွေနဲ့ စပ်ပြီးတော့ သံချိုင်းမယ်သွားပါ။

**တစ္ဆေခြောက်။** ။တလောက ထင်ရှားတဲ့ ဘုန်းကြီးကျောင်းမှာ သိပ်ပြီးတော့ တစ္ဆေခြောက်တာပဲတဲ့၊ သိပ်ပြီးတော့ တစ္ဆေခြောက်ဆို မှိုးမှိုးမှောင်မှောင် ဆိုလို့ရှိယင် နေမဖြစ်အောင်ကိုခြောက်တယ်၊ ထင်ရှားတဲ့ကျောင်းမှာ၊ ဒါနဲ့ ဘုန်းကြီးက "ခေတ်ကျောင်းသားတွေကို ပို့လိုက်စမ်းပါ၊အဲဒီကို ပို့လိုက်စမ်းပါ၊ ပရလောက သူတို့မယုံဘဂက် ယုံတဝက်နေတဲ့ သူတွေ ပို့လိုက်စမ်းပါ"လို့ ပြောနေတယ်၊ မြင်သလားလို့ အဲဒီ တစ္ဆေကို၊ ဟိုကခြောက်နေတယ်၊ အတိအလင်း ပြောနေတယ်၊ ဒီလိုဟာကိုလိုက်စမ်းပါ၊ ဘယ်မှာစုံးပူးထားလို့ ဘယ်လိုဖြစ်နေတယ်ဆိုယင် လိုက်စမ်းပါ၊ နတ်ပူစားနေတယ်ဆိုယင် လိုက်စမ်းပါ၊ ပရလောကကို မယုံတာနဲ့ပြောမနေပါနဲ့၊ အရေးအခင်မတန်ကြီးပါတယ်၊ ခုနက တစ္ဆေတွေ ဘာတွေဆိုယင် လိုက်စမ်းပါ၊ ဘယ်သစ်ပင်မှာ ဘယ်မှာ ဘာမှာ လိုက်ပါ။

**မြင်ရရဲ့လား။** ။ဒီတော့ကို အကယ်၍ အဲဒီ တစ္ဆေတို့ စုံးတို့ နတ်တို့ သူတို့ပြော စကားလဲ သိနေပြီ၊ သူတို့ရဲ့ အနှောင့်အယှက်လဲ တွေ့နေပြီ၊ အဲဒါတွေကို မလိုက်ပဲနဲ့ ယိုးတိုးယားတားနဲ့ ပရလောကမရှိဘူး ပြောမနေပါနဲ့၊ အဲဒါကိုလိုက်ပါ၊ လိုက်ပြီးတော့ကာ တစ္ဆေကိုမြင်ရရဲ့လား၊ ဒီလို အဲဒီစုံးကို မြင်ရရဲ့လား၊ အဲဒီနတ်ကိုမြင်ရရဲ့လား၊ မမြင်ဘူး၊ သူတို့ကသာ

တစ္ဆေတောင် မမြင်ဘူး၊ ဒီတော့ကာ ဆိုပါတော့ ဒီသစ်ပင်မှာ နတ်ရှိတယ်လို့ဆိုယင် ဒီနတ်ကိုမြင်သလား၊ နတ်တွေနေတာ သစ်ပင်ပေါ်မှာ ခုနေတာမဟုတ်ဘူး၊ သူ့နေရာနဲ့ သူနေတာကို မြင်သလား၊ မမြင်ဘူး။

**နတ်သမီးတယောက်**။ ။တခါ တုန်းက ရဟန်းတပါး သူ ကျောင်း ဆောက်ချင်လို့ သစ်ပင်ကို ဖယ်တယ်၊ သစ်ပင်ကိုခုတ်တယ်၊ ကိုင်းထွက်တာဖြတ်တယ်၊ ဒီတော့ နတ်မက "အရှင်ဘုရား....အရှင်ဘုရား၍ ဘုံဗိမာန်ကို လုပ်ချင်လို့ တပည့်တော် ဘုံဗိမာန်မဖျက်ပါနဲ့" လို့ ပြောတော့ ပြောပြော ဆိုဆို ရဟန်းက ခုတ်ရော၊ ခုတ်တော့ကလေးကိုမြင်လို့ရှိယင်ဖြင့် သက်သာကောင်းပါရဲ့လေလို့ ဆိုပြီးတော့ ကလေး လေးကို ထိုးပြလိုက်တာ၊ ရဟန်းက ကလေး လေးကို ဓားကမြှောက်ပြီး သားမို့ ဓားကိုမနိုင်တာနဲ့ ကလေးကိုပခုန်းလောက်ကစပြီးတော့ ခုတ်မိသွားရော၊ လက်ပြတ်သွားရော၊ အဲဒီတင် နတ်မက လက် စားချေမယ်လို့ဆိုပြီးတော့ အင်မတန် ဒေါသနဲ့ လက်စားချေ မယ်ကြံတုန်း ဘုရားကို ကွက်ကနဲမြင်လို့ ဘုရားလက်ထက်က "အား.... ဘုန်းတော်ကြီးဘုရား ရှိသေးတယ်၊ သွားပြီးတော့ လျှောက်မှပဲ"ဆိုပြီးတော့ ဗုဒ္ဓမြတ်စွာက-"ဒေါသကိုနှိမ်လိုက်တဲ့ တန်ဖိုးဟာ ဘယ်လောက် ကြီးကျယ်တယ်" ဆိုပြီးတော့ ဟော တော်မူလိုက်တာ နတ်မဟာ ဝမ်းမြောက် ဝမ်းသာဖြစ်ပြီးတော့ သောတာပန်ဖြစ်တယ်။

**ဗုဒ္ဓကနေရာပေး။** ။နောက်သူ့မှာ နေစရာမရှိတော့ ဗုဒ္ဓမြတ်စွာက "မကြာမီကမှ နတ်တယောက် ကွယ်လွန်သွားတဲ့ သစ်ပင်ရှိတယ်၊ အဲဒီသစ်ပင်မှာနေ"လို့ ဗုဒ္ဓမြတ်စွာပေးတဲ့ သစ်ပင်မှာ သူ့ဘုံဗိမာန် ဘယ်လိုလုပ်တယ်ဆိုတာတော့ မသိဘူး၊ အဲဒီမှာ သူနေရတယ်၊ ဒါဗုဒ္ဓမြတ်စွ ရဲ့ လက်ထက်တော်တုန်းက နတ်ကလေး သူမပြတော့ မမြင်ဘူး၊ သူပြလို့ မြင်တော့လဲ ခဏကအောက်ချရန် ချိန်ပြီးသွားဖြစ်တော့ အရှိန်မသတ်နိုင်ဘူး၊ ဘုန်းကြီးတို့မှာတော့ ဒီလိုတွေက ဗုဒ္ဓမြတ်စွာ ဖြေခဲ့တဲ့ဝတ္ထုစဉ်တွေသိလို့ အတိတ် ပရလောကလဲ နားလည်တယ်၊ ယုံတယ်၊ အနာဂတ် ပရလောကလဲ နိဗ္ဗာန်အထိယုံတယ်၊ မယုံတဲ့သူတွေက အဲဒါတွေကို လေ့လာရပါတယ်။

**တဆွေကလေး။** ။တခါတုန်းက ရဟန်းတစ်ပါးညနေလောက် ရွာထဲဝင်စရာရှိလို့ သွားတယ်၊ ရွာပြင်ဖက် ကလေး ကလေးက (ကလေးကလေး ဆိုတာ တဆွေကလေး) "အရှင်ဘုရား တပည့်တော် အမေကို ပြောလိုက်စမ်းပါ၊ ကြာလှပြီ၊ တပည့်တော်ဆာလှပြီဆိုတာ ပြောလိုက်စမ်းပါ"လို့ ပြောတော့ ရဟန်းက "ငါဘယ့်နှယ်လုပ်မြင်ရမှာ"လဲ "ဒီဆေးမြစ်ကလေးယူသွားပါ ကိုယ်တော်"ဆိုပြီးတော့ ဆေးမြစ်ကလေး ကိုင်ပြီးသွားတော့ ဟိုမှာပြည့်လို့ရွာထဲမှာ၊ညနေထမင်းလုံး ဟင်းဖတ်ကောက်နေလိုက်ကြတာ တဆွေကလေးတွေ၊ ဒါနဲ့ သူပြောလိုက်တဲ့အမေကို "ဟာ နင်က ဒီမှာကြာနေတယ်၊ နင့်ကလေးက ဟိုမှာ ရွာပေါက်က မြှော်လှပြီ"လို့ ပြောတော့ "ကိုယ်တော်ဘယ့်နှယ်လုပ်မြင်တုန်း" "သူဒီဆေးကလေး ပေးလိုက်လို့"လို့

ပြောတော့ ပြတ်ဆိုပုတ်ချပြီးတော့ ဆေးမြစ်ကလေး ကောက်ယူသွားပြီး ပြေးရော၊ ဒီဆေးမြစ်ကလေးနဲ့တုန်းက တော့မြင်တယ်၊ ဆေးမြစ်ကလေး မရှိတော့ မမြင်ဘူး။

**နတ်ဆင်းရဲမလေး**။ ။တခါတုန်းက (နတ်ဆိုပေမယ့်နတ်တိုင်းချမ်းသာတာမဟုတ်ဘူး) တချို့နတ်ဟာ တစ္ဆေလိုပဲ၊ တစ္ဆေဆိုတာ ပြိတ္တာခေါ်တာပဲ၊ အဲဒီလိုတစ္ဆေပြိတ္တာတွေလို ဆင်းရဲရှာတယ်၊ တခါတော့ ဇေတဝန်ကျောင်းတော်ထဲမှာလို့ထင်ပါတယ်၊ပရိသတ်ကြီးကလဲ ဒီလိုပဲ တရားနာပြီးတော့နေကြတော့ သူကလဲပဲ ကလေးနှစ်ယောက်နဲ့ သမီးကလေးလက်ဆွဲပြီးတော့ အစာရှာထွက်လာတယ်၊ "အော် ဟိုမှာတော့ လူတွေရှိတယ်၊ တစုံတခုဝေနေဟန်တူတယ်၊ ဝေနေလို့ဘေးမှာ ဖိတ်စင်ပြီးတော့ကျလို့ရှိယင် ကောက်စားရအောင်လေ" ဆိုပြီးတော့ ကလေးနှစ်ယောက် လက်ဆွဲပြီးတော့ နတ်သတို့သမီးသွားတယ်၊သူ့ကို ဘယ်သူမှ မမြင်ဘူး၊ ဘုရားမြင်မှာပေါ့၊ဘယ်သူကမှ မမြင်ဘူး၊ တန်ခိုးရှိတဲ့သူပဲမြင်မယ်၊ အဲဒီတင် အနားရောက်လာတော့ "ဟာ-စားစရာဝေနေတာ မဟုတ်ပါပဲလား၊ ဗုဒ္ဓမြတ်စွာ တရားဟော နေတာပါလား" ဆိုပြီးတော့ ဗုဒ္ဓအသံတော်ကို စိုက်ပြီးတော့ နာနေတယ်။

**သားသမီးချော့**။ ။သမီးကလေး သားကလေးတွေက"အမေ သွားကြစို့" ဆာပြီလေ သူတို့က၊ သူက ချော့တယ် ချော့တယ်၊ အသံကလဲမကြားဘူး၊ လူလဲမမြင်ဘူး၊ ပတ်ဝန်းကျင်ပရိသတ်က သူက ချော့နေတယ် တိတ်တိတ်နေပါ။

တုဏှီ ဥတ္တ ရိကေ ဟောတိ၊ တုဏှီ ဟောတိ ပုနဗ္ဗသု=

ဥတ္တရိကာ၊ တိတ်တိတ် နေစမ်းပါ။ ပုနဗ္ဗသု၊ သားလေး တိတ်တိတ်နေစမ်း။

ယာဝါဟံ ဗုဒ္ဓ သေဋ္ဌဿ၊ ဓမ္မံနိဗ္ဗာနပါပကံ=

ဗုဒ္ဓမြတ်စွာရဲ့ တရားတော်ကို အမေနာနေတယ်၊ တိတ်တိတ် နေစမ်း၊ တိတ်တိတ်နေစမ်း၊ တယ်လိမ္မာတဲ့ နတ်ဆင်းရဲမလေး၊ သားကလေးနဲ့ သမီးကလေးကို ချော့နေတယ်။

**တရားကိုပိုချစ်။**　။ပိယော လောကေ သကော ပုတ္တော
ပိယော လောကေ သကော ပတိ၊
တတော ပိယတရာ မယှံ
အဿဓမ္မဿ မဂ္ဂနာ။

လောကမှာ ကိုယ့်သား ကိုယ့်သမီး ချစ်တာချည်းပဲကွယ်၊ ကိုယ့်လင် ကိုယ်ချစ်တာချည်းပဲကွယ်၊ အမေကတော့လေ အဲဒီ သားသမီး လင်ထက် ပိုပြီးတော့ ဒီ တရားကိုချစ်ပါတယ်ကွယ်၊ တိတ်တိတ်နေကြပါ၊ ဘယ်လောက် လိမ်မာ တုန်း၊ ဒို့ဒီတရားကိုမသိလို့ အမေတို့မှာလေ ဒုက္ခတွေအများကြီး ရောက်နေတယ်၊ အခုလဲရောက်နေတယ်၊ ရောက်လဲ ရောက်ခဲ့ရ တယ်၊ တိတ်တိတ်နေစမ်း တိတ်တိတ်နေစမ်း၊ အမေ ဒီတရား စိုက်နာနေတယ်၊ လိမ်မာလိုက်တာ လိမ်မာလိုက်တာ။

အဖြစ်ကတော့ ပြိတ္တာတမျှပါပဲ၊ ပြိတ္တာပေမယ့် တရားနာလို့ တရားလဲ ဆုံးပါရော သောတာပန်ဖြစ်တော့ သောတာပန်က

သိပ်ပြီးတော့ ဆင်းတောင့်ဆင်းရဲ မဟုတ်တော့ဘူး၊ စားရေး နေရေး အကုန်လုံးပြည့်စုံသွားတယ်၊ အမေကပြည့်စုံတော့ သား သမီးတွေပါ ပြည့်စုံသလို ဖြစ်သွားတယ်။

**ရှင်းပါတယ်။** ။အဲဒီအချိန်တုန်းကပြောနေတဲ့အသံလူအဆင်း လူပမှိုသတ်မမြင်ဘူး၊ ဒီတော့ကာ ဘုန်းကြီး တို့ကတော့ရှင်းပါတယ်၊ နတ်တွေဆိုတဲ့ဥစ္စာဟာ သူတို့က မပြရင် မမြင်ဘူးဆိုတာလဲ မပြောနဲ့တော့ အင်မတန်ညံ့တဲ့ နတ်ကလေး တွေကိုတောင်မမြင်ဘူး၊ နတ်ကိုမပြောနဲ့ တစ္ဆေ ပြိတ္တာတောင် မမြင်ဘူး၊ ဒီတော့ ယခု လကမ္ဘာရောက်တယ်လို့ဆိုတယ်၊ ဘယ် မှာလဲလဗိမာန် "ဟာ- ဒါတစခန်းပဲ၊ မသိလို့" ဘယ်မှာလဲလနတ် သား နတ်သမီးတွေ၊ ဒါသူ့နည်းနဲ့သူပဲ တစခန်းပဲမမြင်နိုင်တာ၊ ဒါဘုန်းကြီးတို့ကတော့ ရှင်းပါတယ်၊ ယခုလို မရှင်းတဲ့ ဗုဒ္ဓ ဘာသာတွေမှာတော့ အင်မတန် အခက်အခဲဖြစ်ပြီးတော့ ဗုဒ္ဓ ဘာသာတွေတောင် မယုံချင်သလိုလို ဘာလိုလို ဒီအသံတွေ ဘုန်းကြီးတွေတချို့က ထွက်လာပါတယ်။

**လိုပါသေးတယ်။** ။တရားတော်ကို ပိပိ သသ လိုက်နာဖို့ ကြားနာဖို့ မှတ်သားဖို့က အင်မတန်လိုနေ ပါသေးတယ်၊ ဒါ့ကြောင့် အနုမာနသိဒ္ဓနဲ့ မှန်းပြီးတော့လဲပဲ တချို့ဟာကို ပိုင်ပိုင်နိုင်နိုင်သိပါလို့ ဆိုပေမယ့် မှန်းနိုင်လောက် အောင် ဉာဏ်အဓိခံဗဟုသုတမရှိယင် မှန်းလဲမမှန်းတတ်ပါဘူး၊ ဗုဒ္ဓကို ယုံကြည်ပါလို့ဆိုတဲ့ဥစ္စာလဲပဲ မိမိက ခပ်ကြမ်းကြမ်း ခပ် ထော်ထော်နေတာဖြစ်တော့ ဗုဒ္ဓရဲ့ပါရမီဖြည့်စဉ်တွေကိုလဲ မသိ

ပါဘူး၊ ဗုဒ္ဓဉာဏ်တော်ကိုလဲ မှန်းမြော်ပြီးတော့ မကြည်ညိုတတ်ပါဘူး၊ ဗုဒ္ဓရဲ့မေတ္တာကရုဏာကိုလဲ မသိတတ်ပါဘူး၊ အဲဒါကြောင့်မို့လို့ ဒီလိုလူတွေက ဒီလိုဖြစ်နေတဲ့ဥစ္စာမှာ ဘုန်းကြီးတို့က လိုက်ပြီးတော့ ဆန့်စင်ရာ ကျည်ပွေ့ မလိုက်နိုင်ပါဘူးဆိုတာလို သူတို့ကိုလိုက်ပြီးတော့ ပြောမနေနိုင်ဘူး။

**ပီပီသသ။** ။မိမိတို့ကျောင်းတိုက်ကသာ ဗုဒ္ဓဘာသာကိုယုံကြည်တယ်လို့ဆိုယင် ပီပီသသ နေလိုက်ကြစမ်းပါ၊ ပီပီသသ ဗုဒ္ဓသာသနာ့ရဲ့ ကျက်သရေကို ဆောင်လိုက်ကြစမ်းပါ၊ ဗုဒ္ဓအလိုတော်အတိုင်း ဝိနည်းကိုလေးစားလိုက်ကြစမ်းပါ၊ ဗုဒ္ဓကိုကြည်ညိုပါတယ်ဆိုတဲ့ ဥပါသကာအရင်းအခြာ ဒကာ-ဒကာမများကလဲပဲ "ဒို့ဗုဒ္ဓကိုကြည်ညိုတယ်၊ ဒီတော့ ဗုဒ္ဓရဲ့အလိုတော်အတိုင်း ဒို့သီလနဲ့ဒို့နေမယ်၊ ဒို့စကားပြောတာကို ဒို့သတိနဲ့ပြောမယ်၊ လောကကြီးကတော့ သူ့ဟာသူဖြစ်ချင်သလိုဖြစ်မှာပေါ့၊ ဒို့တော့ ဒို့လမ်းမမှားအောင်နေမယ်" လို့ အဲဒီလို နှလုံးသွင်းပြီး သကာလ ဗုဒ္ဓကိုကြည်ညိုပြီးတော့ ပရလောကကိုယုံကြည် နိဗ္ဗာန်ကိုယုံကြည်ပါ။

နိဗ္ဗာန်ကို ယုံကြည်တဲ့အတွက်ကြောင့် နိဗ္ဗာန်ရောက်ကြောင်းဖြစ်တဲ့ သီလကိုဖြည့်လို့၊ နိဗ္ဗာန်ရောက်ကြောင်းဖြစ်တဲ့ ပဋိပတ်များကိုကျင့်လို့ နိဗ္ဗာန်ရောက်ကြောင်းဖြစ်တဲ့ ဝိပဿနာဘာဝနာများကို အားထုတ်လို့ အဲဒီလို ကိုယ်စီကိုယ်ငှ ကြိုးစား နိုင်ကြစေကုန်သတည်း။

သာဓု... သာဓု.... သာဓု....

အသိဉာဏ်တိုးပွားရေးတရားတော် ပြီးပါပြီ။

# ဗုဒ္ဓရတနာ

၁။ ဗုဒ္ဓမြတ်စွာ လောင်းလျာတုန်းက၊ နောက်ဆုံးအထိ ပါရမီ။

လူနတ်များစွာ ချမ်းသာရေးကြောင့်၊ အသက်ပေး၍ ဖြည့်ခဲ့သည်။

ဗုဒ္ဓမြတ်စွာ သာသနာအတွက်တော့၊ ငါပါအသက် ဆုံးစေမည်။

နောက်မဆုတ်ပေါင် ခုလိုတွေးလို့၊ ကုသိုလ်ရေးမို့ ကြိုးစားမည်။

၂။ ဗုဒ္ဓမြတ်စွာ ပွင့်လာမှုကြောင့်၊ ဉာဏ်စက္ခုလည်း ရကြသည်။

ဉာဏ်စက္ခုတွေ သာ၍လင်းဖို့၊ သန့်ရှင်းတိတ်ဆိတ် ရှိသင့်သည်။

ပွက်လော်ဆူညံ လူသံပွဲတို့၊ ကျောင်းဘုရားထဲ လုပ်ကြသည်။

ဗုဒ္ဓအယူ အတွင်းလူဖျက်လို့၊ ဘာသာပျက်၍ ခက်လိမ့်မည်။

# မုဒ္ဒအလိုတော်ကျသိမ်ကျောင်း ရေစက်ချ တရားတော်

(၁၃၃၃-ခုနှစ် တပို့တွဲလဆန်း ၁၄-ရက်နေ့)

## လူဖြစ်ကျိုးနပ်

မနုဿတ္တံ သုလဒ္ဓံ မေ၊
ယွာဟံ စာဂေ သဒ္ဓါရတော၊
မစ္ဆေရပရိယုဋ္ဌာယ၊
ပဇာယဝိဂတော တတော။

ယွာဟံ (ယော+အဟံ)၊ သံသရာ နှောင်ရေး မြော်ခေါင်တွေး၍ လေးလေးပင်ပင် အစဉ်လေ့လာ အကြင်ငါသည်။ မစ္ဆေရပရိယုဋ္ဌာယ၊ မပေးရက်လို သဝန်တိုသဖြင့် ထိုထိုဒါန မစ္ဆေရရန် ပုန်ကန်သောင်းကြမ်းလျက်ရှိသော။ ပဇာယ၊ ဝတ်မှု စားမှု အကြွားမှု၌ အားပြိုင့်စောင်း သတ္တဝါအပေါင်းတွင်။ တတော၊ ထိုထိုဒါန မစ္ဆေရဟု ထကြွပုန်ကန် သူပုန်ရန်မှ။ ဝိဂတော၊ ရှေးဝါသနာ အထုံပါသဖြင့် ကောင်းစွာလွတ်ကင်း သန့်ရှင်းသည်ဖြစ်၍။ စာဂေ၊ စွန့်ကြဲဝေငှလှူဒါန်း၍ နေခြင်း၌။ သဒ္ဓါရတော၊ ကိုယ့်တွက်ခြိုးခြံ ပင်ပန်းခံလျက် အမှန်မသေ အပျော်ကြီးပျော်နိုင်လေပြီ။ တသာ မေ၊ ဒါနစာဂီ ပါရမီဖြင့်

သာကြည်မွေ့လျော် အပျော်ကြီး ပျော်နိုင်သော ထိုငါ့မှာ။ မနုဿတ္တံ၊ ပဋိရူပ ဤဒေသဉ် ဖြစ်ရစင်စစ် လူ့အဖြစ်ကို။ သုလဒ္ဓံဝတ၊ သံသရာနှောင်ရေး မြော်ခေါင်တွေးက အေးမြ ရှင်ပျော် အောင်—အရတော်လေစွတကား။

သာဓု.... သာဓု ... သာဓု....။

အတုယူလိုကောင်း။ ။ဘုန်းကြီးတို့ အင်မတန် ကံကောင်းတယ်၊ ဘုန်းကြီးတို့ ဗုဒ္ဓဘာသာ ဒကာဒကာမများမှာ အင်မတန်ကံကောင်းတယ်၊ ဘုန်းကြီးတို့ရဲ့ အတုယူစရာ ဘုန်းကြီးတို့ရှေ့က မားမားမတ်မတ် မြတ်စွာဘုရားလဲ ရှိတယ်၊ အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန်တို့ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တွေ အမျိုးအဆွေအားဖြင့်လဲ ထိပ်တန်းက၊ ရုပ်ရေ အားဖြင့်လဲထိပ်တန်းက၊ ပညာအားဖြင့်လဲထိပ်တန်းက၊ တန်ခိုး အားဖြင့်လဲထိပ်တန်းက၊ အမြော်အမြင်အားဖြင့်လဲ အတုမရှိကြဘူး၊ ဘုန်းကြီးတို့ရှေ့မှာ သွားပြီးတော့နေတယ်၊ အင်မတန် အတုယူလို့ကောင်းတယ်၊ ဘုန်းကြီးတို့ အတုယူလို့ သိပ်ကောင်းတယ်၊ အလှူ့ဒကာ အလှူ့အမများမှာလဲပဲ ဗုဒ္ဓဘာသာ ဖြစ်တော့ အတုယူလို့တယ်ကောင်းတယ်၊ ဘုရားလက်ထက်ကို မှန်းပြီးတော့ အတုယူမယ်ဆိုယင် အနာထပိဏ် သဌေးကြီးတို့၊ ဝိသာခါတို့၊ ဗိမ္ဗိသာရမင်းတို့၊ ဥပါလိသူကြွယ်တို့ တယ်အတုယူစရာကောင်းတယ်။

တခါ ဗုဒ္ဓမြတ်စွာရဲ့ အလောင်းအလျာဘဝတုန်းက, အရှင်သာရိပုတ္တရာတို့ အလောင်းအလျာဘဝတုန်းက, ခေမာမိဖုရားတို့

အလောင်းအလျာဘဝတုန်းက နေကြ ထိုင်ကြပုံတွေ ဘုန်းကြီးတို့မှာမြင်နေတယ်၊ ဒီတော့ ဘုန်းကြီးတို့ဗုဒ္ဓဘာသာဒကာဒကာမတွေအဖို့ အတုယူလို့ တယ်ကောင်းတယ်၊ ဘုရားအလောင်းတို့ ယသောဓရာအလောင်းတို့ ဘယ်လိုနေထိုင်သွားကြတယ်၊ အရှင်သာရိပုတ္တရာအလောင်းတို့ ခေမာမိဖုရားအလောင်းတို့ ဘယ်လိုနေထိုင် သွားကြတယ်၊ အရှင်အာနန္ဒာအလောင်းတို့ ဘယ်လိုနေထိုင်သွားကြတယ်၊ ဒါအတုယူလို့ တယ်ကောင်းတယ်။

**အားမရ။** ။ဒီတော့ကာ အခုလူတွေ အတုယူနေတာက အဲဒီကို မရောက်တတ်ဘူး၊ ဘယ်ကို ရောက်နေတုန်းလို့ ဆိုတော့ ဗုဒ္ဓဘာသာရှင်ဘုရင်တွေဆီကို ရောက်နေတယ်၊ ဘုရင်တွေကတော့ ဘုန်းကြီးနဲ့ နဲနဲကလေးမှ မတွဲဘူး၊ ဘုရင်တွေ လုပ်ပုံကိုင်ပုံက၊ ဘုန်းကြီးကတော့ ဗိမ္ဗိသာရမင်းတို့လို အနာထပိဏ်သဌေးတို့လို ဗုဒ္ဓမြတ်စွာ အလောင်းလျာ ဘဝတုန်းက အရှင်မဟာကဿပကြီးတို့ မယ်ဘဒ္ဒါအလောင်းအလျာဘဝတုန်းက နေကြထိုင်ကြတာတွေ မြင်နေတော့ ဗမာပြည်မှာ ရှင်ဘုရင်တွေရဲ့ လုပ်ပုံကိုင်ပုံတော့ ဘုန်းကြီးက အားမရဘူး၊ ကိုယ့်အမျိုးသားမို့လို့တော့ အမျိုးသားစိတ်နဲ့ ချစ်ပါတယ်၊ ဒါပေမယ်လို့ အမျိုးသားချင်းမို့လို့ပဲ အားမရတာ။

**ရန္တပိုစာချုပ်။** ။တခါတုန်းက ရာဇဝင်ကို ဘုန်းကြီးကြည့်တယ်၊ တနေရာမှာ မင်းကြီး ဗန္ဓုလ ကျတယ်၊ အင်္ဂလိပ်နဲ့စစ်ဖြစ်တော့၊ နောက်နဲနဲနဲနဲ ရာဇဝင်ရှောက်

ပြီးတော့ကြည့်လို့ ၄-၅-၆-ရွက်လောက်ကျတော့ ရန္တပိုစာချုပ် ချုပ်ရတော့တယ်၊ ဒီတော့ရန္တပိုစာချုပ် ချုပ်တဲ့အခါကျတော့ ဟိုက အပေါ်စီးတွေနဲ့ ချုပ်လိုက်တယ်၊ ဘာမှခံချင်စရာမရှိဘူး၊ ဒါနဲ့ ဘုန်းကြီးစိတ်ကို တော်တော်ထိခိုက်သွားတယ်၊ ထိခိုက်သွား ပြီးတဲ့နောက် ရာဇဝင်ကို မစုံလို့ပေါ့လေ ဆက်ပြီးတော့ ကြည့် သွားပါတယ်၊ တော်တော် စာရွက်လှန်လိုက်တဲ့ အခါကျတော့ ဘုန်းကြီးတို့စီးနေတဲ့ ရန္တပိုစာချုပ်တုန်းက အောက်ကျနောက် ကျခံပြီးတော့ ချုပ်လာခဲ့ရတဲ့ ရှင်ဘုရင်များက အထက်ပြည်က 'ဘုန်းတော် အလွန်တရာကြီးမြတ်တော်မူလှသော' ဆိုတဲ့ စာလုံး တွေတွေ့တယ်ကိုး၊ ဘာလဲ ဘုန်းတော်အလွန်တရာကြီးမြတ်လို့ ရှိယင် ဘာဖြစ်လို့ရန္တပိုစာချုပ်ကို အနာခံပြီးတော့ ချုပ်ရတုန်း၊ ကြီးလိုက်ပါလား ရှောက်ပြီးတော့ မဟုတ်ဘူးမေ့တယ်ကိုး၊ သိပ် မေ့တာပဲ၊ ဒီတော့ဘုန်းကြီးကမကြိုက်ဘူး ရှင်ဘုရင်တွေကို။

**ကြွားတယ်။** ။ရှင်ဘုရင်တွေက ကြွားတယ်၊ အပြင်ကနေပြီး တော့ကြွားတယ်၊ ဟိုမှာ အင်မတန်အနစ်နာခံ ခဲ့ရပြီးတော့ ကြွားတယ်၊ ကြွားတော့ကာ အလှူဒါနတွေပြုကြ တယ်၊ ကြွားကြွားဝါဝါပြုကြတယ်၊ ရှင်ဘုရင်တွေက ဒီတော့ အဲဒီ ရှင်ဘုရင်တွေရဲ့နည်းကို မှူးကြီးမတ်ကြီးတွေက လိုက်ပြီးတော့ ကြွားကြွားဝါဝါ အလှူဒါနပြုကြတယ်၊ မှူးကြီးမတ်ကြီးတွေကို အတုလိုက်ပြီးတော့ တိုင်းပြည်မှာ သဌေးသူကြွယ်တွေက ကြွား ကြွားဝါဝါ ပြုကြတယ်။

**ကြာလေဝေးလေ။** ။ဒီတော့ ဟိုဗုဒ္ဓမြတ်စွာရဲ့အလောင်းတော်များလမ်းစဉ်နဲ့က ကြာလေဝေးလေ၊ ကြာလေဝေးလေ၊ ကြာလေဝေးလေ ဝေးလာခဲ့ကြတယ်၊ ဘုန်းကြီးတို့ခုနိုင်ငံမှာကောင်းပြီ၊ ဝေးဝေး မဝေးဝေး ဒါအရေးမကြီးပါဘူး၊ ဒီလိုကြွားကြွားဝါဝါနဲ့ ပြုနေကြတဲ့ အတွက်ကြောင့် သာသနာကြီးကလဲ တိုးတက်လို့ တိုင်းသူပြည်သား တွေကလည်း တိုးတက်လို့ ဒီလိုဆိုယင် ဘုန်းကြီးက နေသာပါတယ်၊ နေသာပါတယ်၊ တကတဲကြွားကြွားဝါဝါနဲ့ လှူလိုက်ကြ တန်းလိုက်ကြ ပေးလိုက်ကြ ကမ်းလိုက်ကြ စွန့်လိုက်ကြ ကြဲလိုက်ကြ၊ အဲဒီလို လုပ်ယင်းကို တိုင်းပြည်ကလဲတက်လာတာပဲ၊ သာသနာတော်ကြီး ကလဲ ထူးပြီးတော့ တကတဲ အကျင့်စာရိတ္တတွေနဲ့ မြင့်လာတာပဲ၊ ဒီလိုဆိုယင်တော့ ဘုန်းကြီးလဲ အနေသာကြီးပါ၊ အဲဒီကျတော့ ဘုန်းကြီးက ကြိုက်ကိုကြိုက်ရမှာပဲ။

**စဉ်းစားစမ်းပါ။** ။ခုတော့ကာ အလှူဒကာ ယောကျ်ားရင့်မကြီးပဲ၊ အရွယ်ကောင်းနေတဲ့ယောကျ်ားရင့်မကြီးနဲ့ ဒီနားကဘုန်းကြီးပြောတဲ့စကားကို လိုက်ပြီးတော့ စဉ်းစားတတ်တဲ့ အမျိုးသမီး သီလရင်ဆရာတွေရော စဉ်းစားစမ်းပါ၊ သာသနာကြီးဘယ့်နှယ်ဖြစ်နေသလဲလို့၊ ဒါကို စဉ်းစားစမ်းပါ၊ အလှူဒကာလဲစဉ်းစားပါ၊ ကိုယ့်ပိုက်ဆံရှိလို့ ကိုယ်လုပ်ကြတာပဲလို့ ဆိုတဲ့ဥစ္စာဟာ ပြီးတန်းပဲလို့ ဆိုပေမယ့် ရှင်ဘုရင်က စပြီးတော့ မပြီးလို့ပါသွားပြီ၊ ဘုရင်ပါသွားလို့ လွတ်လပ်ရေးရအောင်တိုက်ပြီးတော့ ကြိုးစားကြရတယ်၊ ယခုအထိကြိုးစားနေကြရတယ် နိုင်ငံကို။

**ကြည့်ပါတယ်။** ။ဒီတော့ ဘုန်းကြီးက တဖက်မှာ ဘုရားလောင်းများရဲ့ လမ်းစဉ်ကို ကြည့်ပါတယ်၊ ဘုရားဖြစ်တဲ့ ဘဝ ကျတော့လဲ လမ်းစဉ်ကို ကြည့်ပါတယ်၊ ထိပ်ဘန်းဖြစ်တဲ့ရှင်မဟာကဿပတို့ အရှင်သာရိပုတ္တရာတို့ လမ်းစဉ်ကိုလဲ ဘုန်းကြီးကြည့်ပါတယ်၊ ဒီရှင်ဘုရင်များရဲ့ လမ်းစဉ်မဟုတ်ပါဘူး၊ အလောင်းတော်ကြီးတွေ ပါရမီ ဖြည့်သွားတဲ့ လမ်းစဉ်ဟာ ဒီလမ်းစဉ်မဟုတ်ဘူး၊ ဒါကြောင့်မို့လို့ ဘုန်းကြီးက သာသနာတော်ကြီးကို ပြန်ပြီးတော့ တိုးတက်အောင်ဘယ်လိုလုပ်မလဲ၊ ဗုဒ္ဓမြတ်စွာရဲ့ အသက်စည်းစိမ်များစွာကို စွန့်လွှတ်ပြီးတော့ ပါရမီဖြည့်လာတဲ့အခါကျမှ ရရှိတဲ့ဉာဏ်တော်နဲ့ တည်ထားတော်မူအပ်တဲ့ သာသာနာတော်ကြီးသည် နှစ်ထောင့်ငါးရာ ကျော်ရုံမျှနှင့် ဝေဝါးပစ်စလက်ခတ်မဖြစ်ထိုက်သေးပါဘူး။

**သာသနာနိမ့်မြင့်။** ။ပဏ္ဏံ ဉိယမာနံဝ ဉန္နတောနတအာဂတံ၊ ပဏ္ဏံ၊ ငှက်အပေါင်းတို့၏။ ဉိယမာနံဝ၊ နိမ့်တုံမြင့်တုံပျံသွားပုံကဲ့သို့၊ ငှက်ပျံသလိုပါ၊ သာသနာတော်ကြီးက ပြုပြင်ကဲ့သူတွေရှိလို့ ရှိယင် မြင့်ပြီးတော့ တက်လာလိုက်၊ ဒါကလဲဘုန်းကြီးတို့မှာ သာသနာက အရှိန်ရှိတယ်၊ ပဌမ သံဂါယနာတင်တုန်းက ဆိုးဆိုးဝါးဝါး အကြောင်းအရာ ကလေးတွေနဲ့ တွဲဖက်ပြီးတော့ အရှင်မဟာကဿပ အရှင်မြတ်ကြီးက သံဂါယနာမတင်ယင် မဖြစ်ပါဘူးလို့ သံဃာ့ အစည်းအဝေးမှာ အမိန့်ရှိလို့မို့ သံဂါယနာတင်ရတယ်။

အဲဒီ ဒုတိယ သံဂါယနာတင်တော့လဲပဲ ဝေသာလီပြည်က ရဟန်းတွေ ပရမ်းပတာဖြစ်လို့မို့ သံဂါယနာ တင်ရတယ်၊ ဒီတော့ သံဂါယနာတင်လိုက်ပြန်ယင် သာသနာက မြင့်လာပြန်ရော၊ ဖာသိဖာသာ အေးအေးနေလိုက်ပြန်ယင် နိမ့်သွားပြန်ရော၊ ဒီလိုနဲ့ပြုပြင်တဲ့သူရှိလို့ရှိယင် မြင့်တက်လာတယ်၊ဒီသာသနာတော်ဟာ၊ မြင့်တက်လာတယ်ဆိုတဲ့ဥစ္စာ အနေအထိုင်တွေ ကျစ်လျစ်သွားတယ်။

လူတွေက သဘာဝကျကျသိလာကြတယ်၊ ဒါကိုသာသနာ မြင့်တက်လာတယ်လို့ပြောတာ၊ အဲဒီလိုမဟုတ်ပဲနဲ့ တဖြေးဖြေး မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ နေသွားကြ၊ လူတွေကလဲ အကြောင်းရင်းအမှန်ကိုမသိ၊ ဒါသာသနာနိမ့်သွားတယ်လို့ ဒီသို့ ပြောတယ်။

**ငွေကုန်နည်းရှိ။** ။ဗုဒ္ဓမြတ်စွာရဲ့သာသနာတော်ဟာ နိမ့်ပေမယ့် လို့ပြန်တက်ဖို့ချန် အခွင့်ရှိရပါဦးမယ်၊ ရှိရပါဦးမယ်၊ ဒါကြောင့်မို့လို့ဘုန်းကြီးက အလှူဒကာများအလှူ အမများလာတုန်းက အကျိုးအကြောင်း နဲနဲပါးပါး ပြောပါတယ်၊ ဘုန်းကြီးရင်ထဲမှာ ရှိတာတွေကို နဲနဲကလေး ပြောပါတယ်၊ ဒါပေမယ့်အားလုံးက စီမံပြီးသားတွေ ဖြစ်နေပါပြီ၊ ဘုန်းကြီးကကုန်ရပါတယ်၊ ဟသောင်းကုန်လဲ ကုန်ရပါတယ်၊ ကုန်နည်းကားလဲရှိပါတယ်၊ ငါးသောင်းကုန်လဲ ကုန်ရပါတယ်၊ ကုန်နည်းကားရှိပါတယ်။

ဝေဿန္တရာမင်း ဒါနပြုတဲ့အခါတုန်းက သူတို့ငွေရဲ့ တန်ဖိုးတွေ မသိဖူးပေါ့၊ ဒါန အလှူရုံကြီးတွေ ဆောက်ပြီးတော့ ငါးဌာနလောက်ထားပါတယ်၊ မြို့မှာ အဲဒီတစ်ဌာန တစ်ဌာနမှာ တသိန်းတသိန်းတနေ့ကုန်ပါတယ်၊ ငွေတန်ဖိုး ဘုန်းကြီးတော့ မပြောတတ်ပါဘူး၊ ဟနေ့တနေ့မှာ အလှူရုံတရုံတရုံမှာ တသိန်းကုန်ပါတယ်၊ ဒါကုန်ပါလေ၊ကုန်နည်းကားတော့လိုပါလိမ့်မယ်၊ ကုန်တာကတော့ရှိယင်ကုန်ရပါတယ်၊ ကုန်နည်းကားလိုပါတယ်။

**ရော့ရော့လာ။** ။ဒီတော့ကာ ဘုန်းကြီးကသာသနာကို မြှင့်တင်ချင်တယ်၊ အလှူ့ဒကာ အလှူ့အမများ အရွယ်က အင်မတန်ကောင်းနေတယ်၊ သာသနာကို ရှင်ဘုရင်တွေရဲ့ နည်းနဲ့ကိုးကွယ်လာတဲ့နည်းတွေကြောင့် ယခုအထိတိုးပြီးတော့ခလာပဲနဲ့ ရော့ရော့ ရော့ရော့ပြီးတော့ လာတယ်၊ ရော့ရော့လာတာကို ဒကာတို့က နားထောင်ကြည့်ယင် ဆရာတော်တွေက "ပရိသတ်တွေကို သိပ်ပြီးတော့ မထားချင်တော့ဘူး၊ ဘာပြုလို့တုန်း၊ စကားနားမထောင်ဘူး" ကဲ-ဒါ ဟိုကျောင်းတိုက်ဒီကျောင်းတိုက်ကို သွားလို့ရှိယင် ဒီအသံကလေး ကြားရပါမယ်နော်။

**အထင်သေး။** ။ပြီးတော့ ကိုးကွယ်တဲ့ ဒကာ ဒကာမတွေရဲ့ သားသမီးတွေက ဘုန်းကြီးတွေကို ကြာလေ အထင်သေးလေ၊ ကြာလေ အထင်သေးလေ၊ ဒီလိုဖြစ်နေပြီ၊ ဒီတော့ဒါကိုဘုန်းကြီးက အဖက်ဖက်ကနေပြီးတော့ မခံချင်ဘူး၊

ဒါ့ကြောင့် သာသနာ ပြင်နည်းကား ရှိတယ်၊ ပြင်မယ်၊ ပြင်ပါ့မယ်။

ဒါအလှူ့ဒကာ အလှူ့အမများကို သတိကလေး နဲနဲပေးပြီးတော့ အားလုံးသော ဒကာ ဒကာမတွေကို သတိကလေးနဲနဲပေးပြီးတော့ ရှေးသူတော်ကောင်း အရှင်သာရိပုတ္တရာ အလောင်းရှင်ဘုရင်နဲ့ ခေမာမိဖုရားရဲ့အလောင်း မိဖုရားများရဲ့ အကြောင်းကို နဲနဲကလေးချုံးပြီးတော့ ပြောမယ်၊ ရှေးရှေးပြောယင် ကြာမှာစိုးလို့။

**သံယမမင်း။** ။တခါတုန်းက ဘုန်းကြီးတို့ အဂ္ဂသာဝက အလောင်း အရှင်သာရိပုတ္တရာက သံယမမင်း ဖြစ်ပါတယ်၊ ဘိက္ခုနီထဲက ပညာဘက်က ဧကဒဂ်ရ ခေမာမိဖုရား ခေမာထေရီ အလောင်းကလဲ ခေမာဆိုတဲ့ နာမည်နဲ့ပဲ မိဖုရားဖြစ်ပါတယ်၊ တချိန်တော့ကာ အလောင်းတော်မင်းမိဖုရားတွေဆိုတဲ့ဥစ္စာဟာ ငါးပါးသီလလောက်ကတော့ ဘာမှမပြောနဲ့၊ အလွယ်ကလေး၊ ဒီထက်တိုးပြီးတော့ မေတ္တာတို့ ကရုဏာတို့ ဒါနတို့ သီလတို့ကများယင်များမယ်၊ ဒီတော့အလှူ့အမပဲ စဉ်းစားကြည့်စမ်း၊ ခေမာမိဖုရားအလောင်း ခေမာထေရီအလောင်းဆိုတဲ့ ခေမာမိဖုရားဟာ တနေ့တော့ကာ မနက်အိပ်ရာထခါနီး လောက်အချိန်မှာ အိပ်မက်မက်တယ်။

**မိဖုရားအိပ်မက်။** ။အိပ်မက်က ရွှေဟင်္သာက သူ့ကို လာပြီးတော့ တရားဟောနေတယ်၊ နာလို့ကောင်းလိုက်တာ ရွှေဟင်္သာဟောတဲ့တရားကို၊ အဲဒီမှာ တရားဟောပြီး

တော့ ရှေ့ဟာသာကပြန်သွားတော့ "အို ...မပြန်ပါနဲ့ဦး"လို့ဆိုတဲ့ အသံဟာ နှုတ်ကထွက်သွားတယ်၊ တကယ်မပြန်စေချင်သေးတာ ကိုး၊ နှုတ်ထွက်သွားတော့ ဟိုပတ်ဝန်းကျင် အနီးအပါးက အခြွေအရံက "ဘာပါတုန်း ဘာပါတုန်း"လို့ပြောတော့မှ သူနိုး လာပြီးတော့ "အော်....ငါခုနက အိပ်မက်ပါလား၊ ဟာ....သိပ် ကောင်းတဲ့အိပ်မက်ပါလား" ဒါလေးကိုသတိထားပါ၊ အလွန့် အမသတိထားပါ။

သူတော်ကောင်းတွေ အိပ်မက်မက်တယ်၊ သူတော်ကောင်း တွေကို နတ်ကောင်းစောင်မတယ်၊ ကြည့်စမ်း၊ ဒီထိပ်တန်း ဇေ ဒဂ်ရဖြစ်မဲ့သူတော်ကောင်းအလောင်းက မိဖုရားဘဝမှာသူတော် ကောင်းအဖြစ်နဲ့ နေလို့မို့ အိပ်မက်ကောင်းတွေ မက်တယ်၊ ဒါ လေးကိုမှတ်တမ်းယူခဲ့ပါ။

**ပရိယာယ်။** ။ဒါနဲ့ သူ့အိပ်မက်ကို မက်ပြီးတော့ သူ့ဟာသူ တွေးလို့ ပျော်လို့၊ပျော်ပြီးတော့ကာ သူဒီဟာကို အဟုတ် တရားနာချင်နေတယ်၊ အဟုတ်တရားနာချင်နေတယ်၊ အဟုတ်ဘာရားနာချင်နေတော့ကာ အိပ်မက်မက်ပါတယ်လို့ ရှင် ဘုရင်ကို သံတော်ဦးတင်ယင်ရှင်ဘုရင်ကလေးစားမှာမဟုတ်ဘူး၊ အိပ်မက်ပဲလို့ဆိုပြီးတော့ ပေါ့ပေါ့ကလေးယူဆလိမ့်မယ်၊ ဒီတော့ ဒါက ပရိယာယ်ပေါ့လေ၊လိမ်တာတော့မဟုတ်ဘူး၊ပရိယာယ်ပဲ၊ နဲနဲစိတ်မကောင်းတာကိုအကြောင်းပြုပြီးတော့"နဲနဲနေမကောင်း ဘူးဆိုပြီး" အစားမလိုက်ဘူး၊အစားမလိုက်တော့ အများလာ တဲ့အခါမှာ မိဖုရားမပါလို့ "မိဖုရားကော" လို့ ဆိုတော့ "နဲနဲ

နေမကောင်းလို့ အဆောင်တော်မှာ နေရစ်ပါတယ်''လို့ ဆိုတော့ ဒီပြင် စည်းဝေးစရာရှိတာ ပြောစရာရှိတာ မြန်မြန်ပြောပြီးတော့ ရှင်ဘုရင်က မိဖုရားအဆောင်လာခဲ့တယ် ''ဘာဖြစ်တာတုန်း''။

**ချင်ခြင်းဖြစ်**။ ။ဒီတင် ''ချင်ခြင်း''ဆိုတဲ့ ဥစ္စာဟာ မိန်းမသား တွေမှာ တကယ်တခါပေါ်ရ ဖြစ်တယ်၊ အဲဒီ ချင်ခြင်းဖြစ်တာဟာ မရလို့ရှိယင် သေတောင် သေနိုင်တယ်၊ အဲ''ချင်ခြင်း''တခုဖြစ်နေတယ်၊ ''ဘာဖြစ်တုန်း''၊ ''ရွှေဟင်္သာ မင်းရဲ့တရားကို နာချင်တဲ့ဆန္ဒ အပြင်းအပြ ဖြစ်နေပါတယ်''၊ သူဖြစ်တဲ့ ချင်ခြင်းက မတရားချင်ခြင်းမဟုတ်တော့ ရှင်ဘုရင်က မပယ်နိုင်ဘူးလေ၊ အင်မတန် တရားတဲ့ ချင်ခြင်း၊ ဒီတော့ ရှင်ဘုရင်က''အို-လူ့လောက ရှိယင်ဖြစ်ရမှာပေါ့''လို့ပြောတယ်၊ ဘုန်းကြီးက သဘောကျတယ်။

**ကြင်ကြင်နာနာ**။ ။ဘုန်းကြီးက လောကကြီးမှာ ကြင်ကြင် နာနာနဲ့ နေကြတာကို သိပ်သဘောကျ တယ်၊ ကျောင်းတိုက်မှာ မကြာခဏပြောတယ်၊ ''ငါက ထာဝရ ဘုရားဆိုယင် ဖန်ဆင်း ပေးချင်တာလို့၊ ငါ ထာဝရဘုရား မဟုတ်လို့၊အိမ်ထောင်တွေဘာတွေဟာ အကုန်သင့်သင့်မြတ်မြတ် ဖြစ်အောင် ငါဖန်ဆင်းပေးချင်တယ်''လို့၊ အခုလဲ ဝမ်းသာ လိုက်တာလေ အရှင်သာရိပုတ္တရာအလောင်းက ''အို-လူ့လောက ကြီးထဲရှိယင် ရမှာပေါ့''တဲ့၊ ဘယ်မဖြစ်နိုင်တာတွေ ဘာတွေ မပြောဘူး၊ ''ရမှာပေါ့''ဆိုပြီးတော့ နှစ်သိမ့်အောင် ပြောပြီး တော့ ထလာခဲ့တယ်။

**မုဆိုးစည်းဝေး။** ။နောက်တော့ တနိုင်ငံလုံးမှာရှိတဲ့ မုဆိုးတွေကို အစည်းအဝေးခေါ်တယ်၊ လာကြတယ်၊ "မုဆိုးကြီးများ ရွှေဟင်္သာဆိုတာရှိသလား" ဒီတော့ တယောက်က "အား– ရှိပါတယ်၊ မိဖမျိုး၊ ဖိုးဖွားများ လက်ထက်က ရွှေဟင်္သာရှိတဲ့အကြောင်းကို ကြားဘူးပါတယ်" "ရွှေဟင်္သာက စကားပြောတတ်သလား" "တချို့ ပြောတတ်ပါတယ်၊ ကြားဘူးပါတယ်"၊ ဒီတော့ အဲဒီမုဆိုးကို ပြောတယ်၊ "ဒီရွှေဟင်္သာကို အသာင်ရအောင်ဖမ်းပေးနိုင်မလား"လို့ ဆိုတော့ "ဟို–အဝေးကြီးမှာနေပါတယ်၊ တိုက်ရိုက်သွားဖမ်းလို့ကတော့ မရနိုင်ပါဘူး၊ ဉာဏ်နဲ့ပရိယာယ်နဲ့ ဖမ်းယင်တော့ ရလောက်စရာရှိပါတယ်"လို့ ဆိုတော့။

**ဘေးမဲ့ရေကန်။** ။"ကောင်းပြီ၊ အမောင် ဒီရွှေဟင်္သာရအောင် ဆောင်ကြဉ်းပေးပါ"လို့ ဆိုတော့ သူက ပြောတယ် "ဟိုမြို့နဲ့ တော်တော် လှမ်းလှမ်းမှာ ဘေးမဲ့ရေကန်ကြီး မိုင်ပေါင်း အများကြီးကျယ်တဲ့ ဘေးမဲ့ရေကန်ကြီး တည်ရပါမယ်၊ ဒီအထဲမှာ ရေတွေအပြည့် သွင်းပြီးတော့ကာ သလေးစပါးတွေ ဘာတွေ စိုက်ရပါမယ်၊ ဒီပြင် ရေသစ်ပင်တွေ ဘာတွေ စိုက်ရပါမယ်၊အဲဒီအခါမှ သလေးစပါးတွေ ဘာတွေကို စားဖို့ရန် ငှက်တွေလာရာက တဖြေးဖြေး အတော်ကြာတော့၊ အတော်ဆိုတာ လပေါင်း အတော်ကြာတော့၊ ဒါမှမဟုတ် နှစ်နှစ်နဲ့ကြာတော့ ရွှေဟင်္သာတွေ ရောက်လာပါလိမ့်မယ်"လို့ ပြောတယ်။

ပြောတော့ တခါထဲ ရေကန်ကြီးတူးတာပဲ၊ မောင်မဲ့ ရေကန်ကြီး၊ ဘုန်းကြီးတို့ရှေးက သာသနာဝင်ပေါ့နော်၊ သူတော်ကောင်းတွေ၊ ရေကန်ကြီးတူးပြီးတော့ မုဆိုးက အမြဲစောင့်နေတယ်၊ ဒီပြင်သူဆိုယင် တယောက်မှ မလာရဘူး၊ မုဆိုးကလဲ ပုန်းရှိုးကွယ်ရှိုး မမြင်အောင်စောင့်နေတယ်၊ အဲဒီလို စောင့်ပြီးတော့နေရာက မုဆိုးက "ဘယ်ငှက် တွေရောက်လာပြီ၊ လူနဲ့ အင်မတန်ဝေးတဲ့ ဘယ်ငှက်တွေရောက်လာပြီ" ပြီးတော့ ရှင်ဘုရင်ဆီလဲ မကြာခဏ သံတော်ဦးတင်မှာပေါ့။

**အလောင်းတော်များ။** ။နောက်တော့ ဟင်္သာတွေ ရောက်လာတယ်၊ ရွှေဟင်္သာမျိုးတော့ မဟုတ်သေးဘူး၊ ဟင်္သာတွေရောက်လာရာက တဖြေးဖြေး မြော်လင့်လာပြီ၊ ရွှေဟင်္သာများတော့ ရောက်ဖို့နီးပြီ၊ ထိုရွှေဟင်္သာများရဲ့ အုပ်ချုပ်တဲ့အထဲမှာ ရွှေဟင်္သာက ဘုရားအလောင်း၊ ပြီးတော့ အဲဒီရွှေဟင်္သာမင်းရဲ့ စစ်သူကြီးက အရှင်အာနန္ဒာအလောင်း၊ ရှင်းပြီနော်ရှင်းပြီ၊ မုဆိုးက ဆန္နအမတ်အလောင်း၊ ဘုန်းကြီးက သိပ်သဘောကျတယ်၊ ဒီနေရာကို သူတော်ကောင်းတွေစုမိတာတို့ သိပ်သဘောကျတယ်။

**ခင့်တောင်း။** ။ဒါနဲ့ ဓတရဋ္ဌရွှေဟင်္သာများရဲ့အုပ်စုက ဟင်္သာတွေက ဒီကန်ရဲ့ အကြောင်းကို သူတို့ဟင်္သာချင်းကြားတော့ သွားချင်ကြတယ်၊ "သွားပါရစေ" လို့ ရွှေဟင်္သာမင်းကို သံတော်ဦးတင်ကြတော့ "ဟာမသွားနဲ့၊ လူတွေဆိုတဲ့ဥစ္စာစိတ်မချရဘူး၊ လူနဲ့နီးရင် ဒို့ဘေးရန်မကင်းပါဘူး၊ မသွားပါနဲ့" လို့

တားလို့နေကြပြန်ရော၊ နောက်ဒိပြင်ဟင်္သာတွေနဲ့ စကားစပ်မိကြပြန်တော့ "ဟာ လူတယောက်မှမလာဘူး" သူတို့ကပြောကြတယ်၊ "တယောက်မှလူမရှိဘူး၊ သိပ်ပြီးတော့ ပေါများတာပဲ စားစရာတွေက" ဒါနဲ့ ရွှေဟင်္သာမင်းကို ခွင့်တောင်းကြပြန်ရော။

**ရွှေဟင်္သာရောက်လာ။** ။ဒီလိုနဲ့ ခွင့်တောင်းဖန် များတော့ ရွှေဟင်္သာမင်းက "ကဲလေ သူတို့နဲ့ မဆန့်ကျင်ပါဘူး" ဆိုပြီးတော့ "ကဲသွားကြတာပေါ့၊ ဒါဖြင့် ငါလဲလိုက်မယ်"ကိုး! သူတို့ချည်းစိတ်မချလို့၊ဒီဟာလဲအလောင်းတော်ရဲ့ စိတ်ထားကို သဘောကျလိုက်တယ်၊ ဒါနဲ့ ငါလဲလိုက်မယ်ဆိုပြီးတော့ ရွှေဟင်္သာပါ လိုက်လာတယ်၊ လိုက်လာတော့ ရွှေဟင်္သာ ပါတယ်လို့ ဆိုယင်ပဲ မုဆိုးက "ဟာ-ရွှေဟင်္သာရောက်လာပြီ" အား သိပ်ဝမ်းသာအားရဖြစ်ပြီး ရှင်ဘုရင်ကိုလည်း သံတော်ဦးတင်တယ်၊ ရှင်ဘုရင်က "သတိနဲ့နော် သတိနဲ့နော်၊ ရပါစေနော်"နောက်တော့ သူက တခါတခါ အိုးကြီးထဲကပါ ကွယ်ပြီးတော့ကြည့်နေတယ်။

**သမာဓိကြီး။** ။ရွှေဟင်္သာက မနေ့တုန်းက ဒီနေရာကျတယ်ဆိုယင် နောက်တနေ့လဲဒီနေရာကျတယ်၊ တခါ ဒီနေ့ ဒီနေရာကျတယ်ဆိုယင် နောက်တနေ့လဲ ဒီနေရာကျတယ်၊ နဲနဲလေးမှ မပြောင်းဘူး၊ သိပ်သမာဓိကြီးတာပဲ၊ သဘာဝ-သဘာဝ၊ သိပ်သမာဓိကြီးတာပဲ သူတော်ကောင်းများ၊ ဘုရားအလောင်း သိပ်သမာဓိကြီးတာ၊ ဟိုနားဒီနား လှည့်ပြောင်းပြီးတော့ ဒီလိုမဟုတ်ဘူး၊ ဒီနေရာပဲ။

**ကျော့ကွင်းမိ။** ။ ဒါနဲ့ သေချာနေပြီ၊ မုဆိုးက နက်ဖန်ခါ ဒီနေရာကျမှာဘဲဆိုတာ သေချာပြီ၊ သေသေချာချာတော့ကို တခါထဲ ကျော့ကွင်းထောင်ပြီးတော့ ချထားလိုက်တယ်၊ နက်ဖြန်ခါ ရွှေဟင်္သာမင်းလဲ ရေထဲကို ကျရော ကျော့ကွင်းနဲ့မိတာပဲ၊ ရွှေဟင်္သာမင်းက ခြေထောက်ကို လှုပ်ကြည့်တယ်၊ ကြိုးတင်းသွားတယ်၊ ကျော့ကွင်းမိမိချင်း သတိ ဘယ်လောက်ကောင်းထားတုန်းလို့ဆိုတာ "ဟာ ငါ ကျော့ကွင်းမိပြီဟေ့" လို့များ အော်လိုက်လို့ရှိယင် ဆွေမျိုးဟင်္သာတွေဟာ အစေးကြီးကပုံလာပြီးတော့ဘာမှမစားရပဲနဲ့ပြန်ပြေးလာရမယ်၊ ပြေးလို့ရှိယင် သမုဒ္ဒရာထဲ ကျပြီးတော့ သေကြရတော့မှာပဲ၊ သမုဒ္ဒရာကို ဖြတ်ပြီးတော့ လာကြရတယ်။

**ကျိတ်ရုန်းကြည့်။** ။ဒါနဲ့ မအော်ဘူး တခါထဲ ကျိတ်ပြီးတော့ ရုန်းကြည့်တယ်၊ အပေါ်ကအရေလေးတွေ စုတ်သွားပါတယ်၊ ထပ်ပြီးတော့ရုန်းကြည့်တယ်၊ အတွင်းအရေတွေစုတ်သွားပါတယ်၊ထပ်ပြီးတော့ရုန်းကြည့်တယ်၊ အသားတွေ ပြတ်သွားပါတယ်၊နောက်တခါရုန်းယင်အရိုးကျိုးဖို့သာရှိတယ်၊ ဒီတော့ရွှေဟင်္သာမင်းက "ရှင်ဘုရင်ဆိုတာအင်္ဂါချို့ယွင်းလို့တော့ မတော်ဘူး၊ သေတာကောင်းတယ်၊ဒီတော့ နောက်တော့ငါအရိုးကျိုးအောင်မရုန်းတော့ဘူးလေ" လို့ဆိုပြီးတော့ ဒီလိုပဲနေတယ်။

**ပါသလားကြည့်။** ။ ဟိုကဆွေတွေမျိုးတွေ ဟင်္သာတွေက အစားအသောက် စားပြီးတော့ ရေထဲမှာ ပျော်ပြီးတော့ နေကြတုန်းမှာ အဲဒီကျမှ- "သူတို့စပြီလေ" လို့

ဆိုပြီးတော့ မိမိကိုကျော့ကွင်းမိနေပြီဆိုတဲ့အသံမျိုးကိုအော်လိုက်တော့ အားလုံးလန့်ပြီးတော့ ပြေးကြတယ်၊ လန့်ပြေးတဲ့အထဲမှာ ဘုန်းကြီးတို့ အရှင်အာနန္ဒာ အလောင်းစစ်သူကြီးက ပဌမအသုတ်ကို မှီအောင်လိုက်တယ်၊ ဒီအထဲမှာဟသ်ာမင်းပါသလားမပါဘူး၊

ဒုတိယအသုတ်ကို စောင့်ပြီးကြည့်တယ်- "ဟသ်ာမင်းပါသလား မပါဘူး" တတိယအသုတ် စောင့်ကြည့်တော့-"ဟသ်ာမင်းပါသလား မပါဘူး"။

ပြန်လာ။ ။ "ဟာ ခုနကမိတာဟာ ဒို့သခင်ပဲ" လို့ဆိုပြီးတော့ ပြန်လာတယ်၊ အချောင်သမား မဟုတ်ဘူးနော်၊ သူ့အနေသာသားပဲ ခုနေပုံပြေးလိုက်လဲပြီးတာပဲ၊ မဟုတ်ဘူး၊ ပြန်လာတယ်၊ ဘုန်းကြီးက ဒါတွေကို သဘောကျနေတယ်။

ပြန်လာပြီးတော့ ဒီနားမှာဆင်းတယ်၊ ဒီနားဆင်းပြီးတော့ ဒီကဟသ်ာမင်းက-"သွားတော့"ဗမာလိုပြောရင်"ငါက သေလူငါ့ကိုအဖေါ်လာမလုပ်နဲ့တော့ သွား"လို့ပြောတော့ စစ်သူကြီးက-"သေလဲအတူတူပေါ့" စွန့်ပြီးတော့မသွားနိုင်ဘူး၊ ဒါနဲ့ဒီလိုခုနတုန်းမှာ မုဆိုးက ပြေးလာတာပဲ၊ ဟသ်ာမင်းကိုရဖို့ကသူ့မှာအရေးကြီးတယ်ကိုး၊ ပြေးလာတော့ စစ်သူကြီးဟသ်ာကတခါထဲ မုဆိုးလာတယ်ဆိုရင်ပဲ ရှေ့ကခပ်ဝေးဝေးပျံပြီးတော့ကြိုပြီးစကားပြောတယ်၊ မဘော်များ ရိုက်လိုက်မှာစိုးလို့ ဟသ်ာမင်းကို ရိုက်လိုက်မှာစိုးလို့ ကြိုပြီးစကားပြောတယ်။

**ဟင်္သာမင်းလွှတ်ပါ။** ။ မုဆိုးကလဲ အံ့အားသင့်နေတယ်၊ မိတာက ဟင်္သာတစီးပဲ၊ ယခုတစီးကအနားကနေပြီးတော့ မခွာဘူး၊ အံ့နေတယ်၊ ဒီတော့ စစ်သူကြီးဟင်္သာသုမုခက ပြောတယ်၊ ''ဒီခုမိတဲ့ဟင်္သာက သာမန်တော့မဟုတ်ပါဘူး၊ ဟင်္သာကိုးသောင်းရဲ့မင်းပါ၊ ရွှေဟင်္သာပါ၊ ဒီတော့ အသင်ဘာကိုအကျိုးမျှော်ပြီးတော့ ဖမ်းပါတုန်း၊ အသားဖို့ဆိုရင် ကျုပ်ကိုဖမ်းပါ၊ ရွှေဟင်္သာမင်းတော့ လွှတ်ပါ၊ ကျုပ်ဒီအသက်နဲ့ လဲပါ့မယ်၊ ကျုပ်အသားနဲ့ ရွှေဟင်္သာမင်းအသားနဲ့ အလေးချိန်ဘာမှမကွာပါဘူး၊ လဲပါ၊ မုဆိုးက နားစိုက်နေတယ်၊ သူက ဆန္ဒအမတ်လောင်းကိုး၊ ''ဒါမှမဟုတ်က-ပြီးတော့ ဟိုဟိုဒီဒီမှာ အကခိုင်းပြီးတော့ ပိုက်ဆံရအောင်ရှာမယ် ဆိုလို့ရှိလဲ ကျုပ်က, ပါ့မယ်။ ဟင်္သာမင်းကိုလွှတ်ပါ။

**စိတ်နူးညံ့။** ။ တယ်ကြိုက်တယ်၊ ဘုန်းကြီးက သိပ်ကြိုက်တယ်၊ ဘုန်းကြီးတို့စိတ်တွေဟာ ဒီနည်းတွေနဲ့ နူးညံ့နေတာ၊ ဒီအကြောင်းအရာတွေနဲ့ နူးညံ့နေတာ၊ ဗမာပြည်က လုပ်နည်းကိုင်နည်းတွေနဲ့ နူးညံ့နေတာမဟုတ်ဘူး၊ ဒါနဲ့ မုဆိုးကပြောတယ်''အသင့်ကိုကြည်ညိုလို့ အသင်သုမုခကို ကြည်ညိုလို့ ကျုပ် ဟင်္သာမင်းကိုလွှတ်ပါ့မယ်''ဆိုပြီးတော့ တခါထဲ သာသာကလေးသွားပြီးတော့ ဖြေပြီးတော့ ကုန်းပေါ်မှာ ဟင်္သာနှစ်စီးစလုံးယူလာပြီးတော့ မြက်ကလေးတွေပေါ်မှာချပြီး ရေကလေးနဲ့လေ ဆန္ဒအမတ်လောင်း မုဆိုးက ရေကလေးနဲ့ ခြေထောက်ကိုခုနက သွေးတွေဘာတွေ ထွက်နေတဲ့ ခြေထောက်ကို ဆုပ်ဆုပ်

ဆုပ်ဆုပ် ပေးလိုက်တာ မကြာခင်အသားတွေ-အရေတွေပြန်ပြည့် ပြီးတော့လေ ဟသ်ာမင်း ဒီနားမှာလမ်းလျှောက်လို့ရသွားတယ်၊ အို ဝမ်းသာလိုက်တာ စစ်သူကြီးသုမုခက "ငါ့ကြောင့် ငါ့သခင် ခုချက်ချင်း ထောက်နိုင်နေပြီ၊ လမ်းလျှောက်နိုင်နေပြီ" ဝမ်း သာအားရဖြစ်နေတယ်။

**ကိုယ်လွတ်မရှုန်း။** ။ဒီတော့ သုမုခက ဒီအခါမှာ အရှင်အာ နန္ဒာရဲ့အလောင်းက သိပ်ပြီးတော့ကောင်း နေတာပဲ၊ "အသင်ဘာဖြစ်လို့ဒီကို ဟသ်ာမင်းကိုဖမ်းတုန်း" လို့ ဆိုတော့"ဟာ ခုနကလိုအသားစားဖို့တွေ ဘာတွေမဟုတ်ပါဘူး ရှင်ဘုရင်အဖမ်းခိုင်းလို့ပါ၊ ဒါ့ကြောင့် အသင်တို့နှစ်ပါးတော့ သွားကြပါတော့၊ ပြန်ကြပါတော့၊ "ဟာ....ရှင်ဘုရင်က ဒို့ကို အဖမ်းခိုင်းယင်တော့ သင့်မှာလွတ်ခွင့်မရဘူး၊ လွှတ်ယင် တော် ကြာတော့ သင့်မှာဒဏ်သင့်ကုန်လိမ့်မယ်၊ ဒို့ကိုမလွှတ်နဲ့"လို့ပြော တယ်၊ ကြည့်စမ်း၊ ကြည့်စမ်း၊ ကိုယ်လွတ်မရှုန်းဘူး၊ ဒီသူတော် ကောင်းတွေကလေ ကိုယ်လွတ်မရှုန်းဘူး၊ ဒို့လွတ်ပြီးရော ဆိုပြီး တော့ကာ ဘယ်သူဘာဖြစ်ဖြစ် ဖြစ်ချင်ရာဖြစ်လို့ ဒီလိုမလာဘူး၊ သူ့အကျိုးကိုသိပ်ငဲ့တာပဲ။

**ဘုရင့်ထံပို့။** ။ "ဟာမဟုတ်ဘူး ရှင်ဘုရင်ဆိုတဲ့လူမျိုးဟာ စိတ်ချရတာမဟုတ်ဘူး၊တော်တော်ကြာညနေ စဖို့အိမ်မှာ"ဟသ်ာတွေကို ချက်လိုက်"ဆိုရင်မခက်လား၊ ပြန်ကြ ပါတော့""ဟာ မဟုတ်ဘူးမုဆိုး၊သင့်တောင်မှသင့်စိတ်တောင်မှ နူးညံ့အောင် စကားပြောနိုင်သေးတဲ့ ဥစ္စာပဲ၊ ပညာရှိပညာမနဲ့တဲ့

ရှင်ဘုရင်ကို ငါပြောနိုင်ပါလိမ့်မယ်၊ ဒွိကို အဲဒီ သာပို့ပါ''လို့ ဆိုတယ်၊ အဲဒီလို ပို့ပါလို့ ဆိုတော့—

ဟာသ်ာနှစ်စီးကို ဘေးကကြာပန်းတွေရံလို့ ဆိုင်းနဲ့ထမ်းပြီး တော့ပို့ရရော၊ အဲဒီလိုပို့လို့ ဟိုရောက်တော့ ဝမ်းသာအားရနဲ့ ဘုရားအလောင်းဟာသ်ာမင်းကို ရှင်ဘုရင်က လက်ပေါ် ပွေ့ ပိုက်လို့ မိဖုရား က စစ်သူကြီးဟာသ်ာမင်းကိုပိုက်လို့၊ ရာဇပလ္လင် ပေါ်တင်ပြီးတော့ ပေါက်ပေါက်တွေဘာတွေနဲ့ အဲဒီလိုကျွေးပြီး တော့ မုဆိုးကြီးကိုလဲ ရွာစားဆုတွေဘာတွေပေးလို့ အဲဒီလို နေပြီးတော့မှ တရားစကား ပြောကြတယ်။

**အပြစ်တင်။** ။တရားစကား ပြောတော့ ဟိုအရှင်အာနန္ဒာ အလောင်းကတော့ ပထမတော့ အပြစ်တင် တာပဲ၊ ''ဘေးမဲ့-ဘေးမဲ့ဆိုပြီးတော့ သိပ်လိမ်တာပဲ၊ ဘေးမဲ့ လို့လဲဆိုသေးတယ်၊ ခုဒွိကိုဖမ်းလိုက်တာ ဘေးမဲ့ရေကန်ကြီးနဲ့'' သိပ်လိမ်တာပဲနဲ့ အပြစ်ဘင်တယ်၊ သူကလဲပြုံးပြုံးပေါ့၊ သတ်ဖို့ ဖမ်းတာမှမဟုတ်ပဲ၊ တရားနာချင်လို့ဖမ်းတာ၊ ဒါနဲ့ နောက် ဘုရားလောင်းက ''အားလုံးနန်းတော်သူ နန်းတော်သားတွေရော အားလုံး ကျန်းကျန်းမာမာရှိကြရဲ့နော်''လို့ နှုတ်ခွန်းဆက်ပြီး တော့ကာ ပြောတယ်။

## မကြောက်ဘူးလား

ကစ္စိမတ္တော မဒနီယေ၊ ပရလောကံ နဘာယသေ။

မဒနီယေ၊ မေ့လျော့ဖွယ်ရာ ငါးဖြာအာရုံ ကာမဂုဏ်ထဲ၌။ မတ္တော၊ မေ့လျော့၍နေသည့်အတွက်။ ပရလောကံ၊ သေခါနီး

ကျတော့ တမလွန်လောကအရေးကို။ နဘာယသော၊ မထိတ်လန့် မကြောက်ရွံ့ပဲရှိပါ၏လော-လို့ တရားပဲမေးတယ်။

"စည်းစိမ်တွေဟာ အင်မတန်ကြီးတာပဲ၊ မေ့စရာ ဟိုအာရုံနဲ့ နေလိုက် ဒီအာရုံနဲ့နေလိုက်၊ အဲဒီမေ့စရာတွေနဲ့ မေ့ပြီးတော့ တခါတခါ တမလွန်ဘဝအရေးများ ဇတွးတော့ မကြောက်ဘူး လား" တဲ့၊ ငရဲရှိတယ်၊ တိရစ္ဆာန်ရှိတယ်၊ပြိတ္တာရှိတယ်၊ တမလွန် ဘဝတွေနဲ့ မကြောက်ဘူးလားတဲ့၊ ဒီတော့ ဟိုက အရှင်သာရိ ပုတ္တရာအလောင်းမဟုတ်လား၊ သံယမမင်းက။

## မင်းကျင့်တရား

ဒါနံ သီလံ ပရိစ္စာဂံ၊ အဇ္ဇဝံ မဒ္ဒဝံ ထပံ၊
အက္ကောဓံ အဝိဟိံသဉ္စ၊ ခန္တိံ စ အဝိရောဓနံ၊
ဣစ္စေတေ ကုသလေဓမ္မေ၊ ဌိတေပဿာမိအတ္တနိ၊
တတောမေ ဇာယတေ ပီတိ၊ သောမနဿဉ္စ နပ္ပကံ။

ဒီမှာ မင်းကျင့်တရား ဆယ်ပါးပဲ၊ မင်းကျင့်တရား ဆယ်ပါးဟာ အမျိုးကောင်းသား အမျိုးကောင်းသမီးများလဲ ကျင့်နိုင်တဲ့ ဆယ်ပါးပဲ၊ ဘုန်းကြီးတို့ ရဟန်းသံဃာများဘက်ကလဲ ကျင့်နိုင်တဲ့ ဆယ်ပါး၊ အင်မတန်ကောင်းတယ်။

**ဘုရားအလောင်းအလှူ။** ၁။ ကဲ—ပဌမဆုံး ဒါနံ၊ စွန့်ကြဲ ပေးကမ်းလှူဒါန်း၍ နေဆိုတဲ့ ဒါန ကို။ အတ္တနိ၊ မိမိ၌။ သမ္မဿန္တော၊ ကောင်းစွာအသင့် မြင်ရ သည်ဖြစ်၍။ ပရလောကံ၊ တမလွန်အရေး နောင်ခါဘေးကို။ နဘာယသော၊ မျှော်တွေးထောက်ဆ၍ မကြောက်ရပါသတည်း။

ဒါနရှိတယ်၊ ကြည့်စမ်းဒါန၊ အဲဒီရှင်ဘုရင် ဘုရားအလောင်း အရှင်သာရိပုတ္တရာအလောင်းတို့ ပြုတဲ့ဒါနဟာလေ၊ အလှူတင်း ကုတ်ဆောက်ပြီး ဘယ်ပုဂ္ဂိုလ်တွေပေးနေတုန်းလို့ဆိုတော့ စီးပွား ဥစ္စာဘာမှမလုပ်တဲ့အပိုကိုမရှိတဲ့ သမဏ ရဟန်း သူတော်ကောင်း များ ရသေ့များ၊ ဒါလဲပဲ သူတို့ ပင့်နေတာမဟုတ်ဘူး၊ ပင့် တာမဟုတ်ဘူး၊ မရှိလို့လာစားယင်စားကြရတယ်၊ သမဏတွေ၊ ဗြာဟ္မဏတွေ၊ ပြီးတော့ခရီးသွားရင်း ရိက္ခာပြတ်လို့ ဝယ်စရာလဲ မရှိလို့ အဲဒီလိုခရီးသွားဧည့်သည်များလည်း ဒီအလှူ တင်းကုတ် မှာလာစားကြတယ်၊ ပင့်နေတာ မဟုတ်ပါဘူး၊ ဖိတ်နေတာ မဟုတ်ပါဘူး လာစားကြတယ်။

အမြဲဒီလိုလာစားရမှန်းလဲသိနေကြတယ်၊ ပြီးတော့ ဖုန်း တောင်းယာစကာတွေ၊ နဂိုတုန်းက တောင်းစားလေ့ရှိတဲ့သူတွေ အဲသူတို့လဲ ဒီမှာလာစားကြတယ်၊ ကပဏ အထီးကျန်မဲ့ ဆင်းရဲ ဆွေမရှိ၊ မျိုးမရှိ၊ စီးပွားဥစ္စာမရှိ၊ လုပ်စရာကိုင်စရာမရှိ၊ အဲဒီ ပုဂ္ဂိုလ်တွေကလဲ အချိန်ကျယင် ဒီအလှူရုံလာစားကြတယ်၊ ဖိတ် မနေပါဘူး၊ ပင့်မနေပါဘူး၊ လာစားကြတယ်၊ ပြီးတော့ အနာ ရောဂါတွေ ဖြစ်ပြီးတော့ မလုပ်နိုင် မကိုင်နိုင် ဒီလိုဆင်းရဲတဲ့ သူတွေကလဲ လာစားကြတယ်။

**ကြပ်ကြပ်စဉ်းစား။** ။အလှူ့ဒကာ ကြပ်ကြပ် စဉ်းစားနော်၊ ဟော...တုန်းကြီး ပြောနေတဲ့ အလှူခံ ပုဂ္ဂိုလ်တွေဟာ ဘယ်လိုပါလား၊ အလှူ့အမ စဉ်းစားနော်၊ သံယမမင်းကြီးတို့ ခေမာမိဖုရားတို့ လှူနေတဲ့ အလှူတင်းကုတ်

ဟာ ဘယ်လို ပုဂ္ဂိုလ်တွေလာလိမ့်မလဲလို့ ဆိုတဲ့ဥစ္စာ စဉ်းစား ကြည့်လို့ရှိယင် "ဟင်မော်တော်ကားလဲတစီးမှ မပါပါပဲလား" ဟုတ်ကဲ့လား၊ အင်း-မရှိလို့လာစားကြတယ်၊ ဟိုကလဲ ပျော်လို့ "အံမယ်လေးမင်းမိဖုရားများကျွေးပေ"လို့၊ မရှိတဲ့ သူတွေကလဲ မင်းမိဖုရားများ တခါတခါသွားကြည့်တယ်၊ စားကြ သောက် ကြတာတွေကြည့်ပြီးတော့ ပျော်လို့နေကြတယ်။

ဒီဘုန်းကြီးတို့လှေလာနေတာက ဘုန်းကြီးတို့ မြင်နေတာက ဒီတရားနော်၊ ဒီအလောင်းတော်တွေနော်၊ ဒီအလောင်းတော် သူတော်ကောင်းတွေရဲ့ လမ်းစဉ်ကို မြင်တယ်နော်၊ ခုနက ဗမာ ရှင်ဘုရင်တွေရဲ့ လမ်းစဉ်ကို ဘုန်းကြီးက ကောက်ချက်ချပြီးတော့ ပြောခဲ့တယ်နော်၊ နားလည်ပါနော်။

**သီလ။** ၂။ သီလ ငါးပါး၊ ရှစ်ပါး၊ ဆယ်ပါးကစ ဆိုင်ရာ သီလကို၊ ဒီရှင်ဘုရင် လုပ်နေပြီးတော့ သီလမပျက် ပါဘူး၊ ငါးပါးသီလ အမြဲရှိတယ်၊ ဥပုသ်သီတင်းနေ့ကျယင် ဥပုသ်စောင့်တယ်၊ အဲဒီလိုနေတာ၊ ဒီတော့ တမလွန်ဘဝ ဘာ ကြောက်စရာရှိတော့လဲ၊ ငါးပါးသီလမြဲနေတယ်၊ ဥပုသ်သီတင်း သီလဆောက်တည်တယ်၊ အလှူဒါနပေးတယ်၊ ဘာဘဝတခုကို ကြောက်စရာရှိတော့လဲ။

**စွန့်ကြဲ။** ၃။ ပရိစ္စာဂံ- ခုနကလို အလှူပေးပြီးတော့ ဆင်း ရဲတဲ့သူတွေကို စွန့်ကြဲတယ်၊ ခုနက အလှူတင်း ကုတ်မှာ စားစရာတင်မဟုတ်ဘူး၊ ဝတ်စရာလဲပါတယ်၊ ဒီလို။

**ဟန်မဆောင်။** ၄။ အဇ္ဇဝံ- ရိုးသားဖြောင့်မတ်တယ်၊ မရိုး မဖြောင့်မတ်တာ ဘာတုန်းလို့ဆိုတော့ ဒီမာယာနဲ့ သာဌေယျကို မရိုးမသား မဖြောင့်မတ်ဘူးလို့ တရားက ပြောတယ်၊ တရားကိုယ်က မာယာဆိုတာ ဘာတုန်းလို့ဆိုတော့ "ကိုယ့်ရှိတဲ့ အပြစ်တွေ ဖုံးတာပဲ" အပြစ်မရှိသယောင်၊ ပရိသတ်ထဲများ သွားတဲ့အခါ သူ့မှာအပြစ်မရှိလေအောင် ဟန်ဆောင် ပြီးတော့နေတယ်၊ ဘုန်းကြီးဖြစ်လဲပဲ သူ့မှာအပြစ်မရှိလေ အောင် ဒိပြင် ဘဏ္ဍာတွေနဲ့ဟန်ဆောင်တယ်၊ လူဖြစ်လဲပဲ သူ့မှာ အပြစ်မရှိလေအောင် ဒိပြင်သူတွေနဲ့ ဟန်ဆောင်တယ်၊ ဒါမျိုး သံသယမခင်းမှာမရှိဘူး၊ ဟန်ဆောင်စရာအဖြစ်ကို မရှိဘူး၊ ဒါမာ ယာပဲ။

**မကြွား။** ။သာဌေယျဆိုတာ ကိုယ့်မရှိတဲ့ဂုဏ်တွေကို သူများ က အရှိထင်အောင်လို့ ကြွားတာမရှိတော့ မရှိဘူး၊ မရှိပေမယ့် အရှိထင်အောင် ကြွားတယ်၊ အုတ်တိုက်ကြီး တည်နိုင် လောက်အောင်တော့ မရှိဘူး၊ ကြံဖန်ပြီးတော့ သူလုပ်ပြီး အုတ် တိုက်ကြီးတည်တယ်၊ စိန်တွေ ရွှေတွေ ဝယ်နိုင်လောက်အောင် တော့ မရှိဘူး၊ သူများအထင်ကြီးအောင် ကြံဖန်ပြီးတော့ သူလုပ် တယ် "ဒါမရှိတာကို ရှိဟန်ဆောင်တဲ့ဥစ္စာက သာဌေယျ" လို့ဆို တယ်၊ ဒါတွေ အကောက် အကျစ်ချည်းပါပဲတဲ့၊ အဲဒါမျိုး သံယမခင်းမှာ မရှိဘူး၊ ဒီအရှင်သာရိပုတ္တရာ အလောင်း သံယမ မင်းမှာမရှိပါဘူး၊ ဟိုခေမာထေရီအလောင်း ခေမာမိဖုရားမှာလဲ မရှိပါဘူး။

**နူးနူးညံ့ညံ့။** ၅။ မဒ္ဒဝံ- နူးနူးညံ့ညံ့ ပျော့ပျော့ ပျောင်းပျောင်း၊ "ဘာလဲ" ဆိုတဲ့အနေမျိုးနဲ့ "ဂေါက်ဂေါက် ငန်းငန်းမရှိဘူး၊ ပျော့ပျော့ ပျောင်းပျောင်း၊ မှူးကြီး မတ်ကြီးတွေနဲ့ စကားပြောလဲ ပျော့ပျော့ ပျောင်းပျောင်း၊ မိဖုရားကလဲပဲ အခြွေအရံတွေနဲ့ စကားပြောလဲပဲ- "ရှင်မတို့ တူမကြီးတို့ ညီမတို့" လို့ ပျော့ပျော့ ပျောင်းပျောင်းစကားပြောတယ်၊ တယ်ကြည်ညိုစရာ ကောင်းတယ်၊ တယ်ချစ်စရာကောင်းတယ်၊ အဲဒီလိုနူးနူးညံ့ညံ့ပြောတယ်၊ နေတော့လဲ နူးနူးညံ့ညံ့ နေတယ်၊ ဆောင့်ဆောင့် ကြွားကြွား ထန်ထန်မာမာ ဒီလိုမဟုတ်ပါဘူး၊ စကားပြောလဲ နူးနူးညံ့ညံ့၊ နေတော့ ထိုင်တော့ သွားတော့လာတော့လဲ နူးနူးညံ့ညံ့၊ တယ်ကောင်းတယ်၊ ခုတွေးကြည့်စမ်း၊ ဒီအလောင်းတော်တွေ အလောင်းတော်တွေမဖြစ်ထိုက်ဘူးလားဆိုတာ အတုမယူထိုက်ဘူးလားဆိုတာ စစ်ဆေးကြည့်စမ်း။

**ခြိုးခြံမှုစသည်။** ၆။ တပံ- ခြိုးခြိုး ခြံခြံကျင့်တယ်၊ ဒီတော့ သိပ်ပြီးတော့ ကြွားကြွား မဝတ်ပါဘူး၊ မစားပါဘူး၊ မနေပါဘူး၊ ခြိုးခြိုးခြံခြံ သင့်တော်ရုံလေးပဲ၊ တယ်ကောင်းတယ် တယ်ကောင်းတယ် အလောင်းတော်ကြီးတွေ။

၇။ အက္ကောဓံ- ဒီသူ့သဘာဝကိုယ်က ကောင်းနေတာဖြစ်တော့ ဒေါသသိပ်မထွက်ဘူး ဒေါသတကြီးနဲ့ ဘယ်မှာမှ ပြောတယ်ဆိုတယ်မရှိဘူး၊ ဒေါသတကြီးနဲ့ ဆောင့်ကြီး အောင့်ကြီးနဲ့သွားတယ် လာတယ်လို့မရှိဘူး။

၈။ အဝိပဟိံသိစ-ဘယ်သူ့မှလက်နဲ့တုတ်နဲ့အမိန့်အာဏာသြဇာနဲ့ မညှဉ်းဆဲဘူး၊ တိုင်းသူပြည်သားတွေက ချစ်ကြောက်ကြည်ညိုနေတာဖြစ်တော့ ညှဉ်းဆဲစရာလဲမရှိဘူး တယ်ကောင်းတယ်။

**ခန္တီစသည်။** ၉။ ခန္တိံစ- သည်းခံတယ်၊ အားလုံးတိုင်းသူပြည်သားတွေကို နဲ့နဲ့ ပါးပါး မှားလို့ရှိယင် "နောက်မမှားကြနဲ့၊ နောက်ဒီလိုမလုပ်ကြနဲ့" မှုးကြီးမတ်ကြီးနဲ့နဲ့ပါးပါးမှားယင် "နောက် ဒီလိုမလုပ်ကြနဲ့" သည်းညည်းခံတယ်။

၁၀။ အဝိရောဓနံ-ဘယ်သူနဲ့မှ မဆန့်ကျင်ဘူး၊ ရှင်ဘုရင်ကလဲ တိုင်းသူပြည်သားနဲ့ မဆန့်ကျင်ဘူး၊ မိဖုရားကလဲ တိုင်းသူပြည်သားနဲ့ မဆန့်ကျင်ဘူး၊ အင်မတန်ကောင်းတယ်။

ဣစ္စေ ေတ ကုသလေ ဓမ္မေ၊ ဌိတေ ပဿာမိ အတ္တနိ။
တတော မေ ဇာယတေ ပီတိ၊ သောမနဿဉ္စ နပ္ပကံ။

ဒီကုသိုလ်တွေ မြင်နေတော့ တမလွန်ဘဝ မကြောက်ဘူးတဲ့၊ သိပ်ဝမ်းမြောက်နေဘယ်တဲ့၊ အင်မတန်မှ ဝမ်းမြောက်ဝမ်းသာနဲ့ နေပါတယ်လို့ သံယမမင်းက ဘုရားအလောင်းကို ပြန်ပြီးတော့ပြောတယ်။

**ဒို့သွားလမ်း။** ။ဒီတော့ဘုန်းကြီးက ဒို့သွားလမ်းက ဒီလမ်း၊ ဒို့အလှူဒကာ အလှူ့အမများရဲ့ သွားလမ်းက ဒီလမ်း၊ ဒီဗမာနိုင်ငံမှာဖြစ်နေတဲ့ သွားလမ်းမျိုးမဟုတ်ဘူး၊ ဒါကိုလွန်ပြီးသားတွေ လွန်ပါစေလေ၊ နောက်ကိုတော့ ဒီတရားကို

စဉ်းစားပြီးတော့ စိတ်နေစိတ်ထားတွေ ပြောင်းပစ်လိုက်ကြစမ်း၊ ဘုန်းကြီးတို့က ပြောင်းထားတယ်။ ပြောင်းပြီးပြီ၊ ပြောင်းလို့ ကိုယ်လုပ်ချင်တဲ့လမ်းတွေ ကိုလုပ်တော့အခုအထိုက်အလျောက်လဲ ခရီးရောက်နေပြီ။

> သူများက ဘာပဲပြောပြော ဒီလမ်းဟာ သူတို့မသိလို့ပါဆိုပြီးတော့ ပြောင်းထားတာဟာ ခရီးကိုအတော်ရောက်နေပြီ၊ အထိုက်အလျောက် ခရီးရောက်တော့ကျေနပ်ပြီလားဆိုတော့ မဟုတ်ဘူး၊ ဒီသာသနာကြီးဟာဘယ်လိုပြုပြင်လို့ရှိယင် နိုင်ငံအကျိုးရှိတယ်၊ သာသနာ့ဝန်ထမ်းနေတဲ့ ရဟန်းသံဃာတော်များ အကျိုးရှိတယ်၊ သာသနာကျက်သရေရှိတယ်၊နိုင်ငံကို ကျက်သရေဆောင်နိုင်မယ်လို့ အဲဒီလမ်းတွေ မြင်ပြီးတော့ သာသနာပြုမယ်လို့ ကျောင်းတိုက်မှာ မကြာခဏ ပြောနေပါတယ်။

**ပြန်လွှတ်။** ။ဒါ့ကြောင့် ဒီလမ်းကိုပြန်ပြီးတော့ စဉ်းစားစမ်း ဘုရားအလောင်း ကဲအဲဒီလို ပြောဆိုပြီးတော့ နောက် အင်မတန်မိုးချုပ်ပြီ၊ နောက်မနက် လင်းလောက်ကျတော့ ဒီတရားတွေ ဘာတွေပြီးလို့ စကားတွေ ဘာတွေပြီးတော့ ဘုရားအလောင်းရော အရှင်အနန္ဒာအလောင်းရော ပြန်ဖို့ရန်စကားစမည် ပြောကြနှုတ်ဆက်ကြတော့ နောင်လဲပဲ တွေ့ပါရစေလို့ ဝမ်းမြောက်ဝမ်းသာ လွှမ်းလွှမ်း ဆွတ်ဆွတ်နဲ့ လေသာနန်းက နေပြီးတော့ ဘုရားအလောင်းကို သံယမမင်းကပွေ့လို့ လက်ပေါ်တင်လို့ အရှင်အာနန္ဒာအလောင်းကို ခေမာမိဖုရားက

ပွေ့လို့ လက်ပေါ်တင်လို့ လွှမ်းလွှမ်းဘွတ်ဆွတ်နဲ့ ပြန်ပြီးတော့ လွှတ်ကြရတယ်။

**သူတော်ကောင်းချင်းတွေ့။** ။ဒီတော့ဘုန်းကြီးက သံသရာထဲမှာ တွေ့တယ်ဆိုတဲ့ဥစ္စာ သူတော်ကောင်း သူတော်ကောင်းနဲ့တွေ့တာပဲ၊ ပါရမီဖြည့်ဖက်တွေဟာ တွေ့ကြတာပဲ၊ ဒီတော့ဘုန်းကြီးက ကျောင်းတိုက် သံဃာတွေကို ပြောတယ်၊ "မင်းတို့ ကောင်းကောင်းမနေချင် သွားပါ၊ နောက်တကြိမ် ပြန်တွေ့လို့ရှိယင် အညံ့စားတွေအဖြစ်နဲ့ ပြန်မတွေ့ချင်ဘူး၊ ကောင်းကောင်းမနေနိုင်ယင် သွားကြပါ၊ဒကာဒကာမတွေလဲ ရေစက်ဆိုင်တဲ့ ဒကာဒကာမတွေသာလာကြပါစေ၊မဆီမဆိုင်နဲ့ ဒကာဒကာမတွေ သူတို့ဟာတွေနဲ့သူတို့ နေကြပါစေ၊ မိမိဆီရောက်လာလို့ရှိယင်တော့ ပါရမီအနည်းဆုံး ဖြည့်နေတဲ့သူတွေဖြစ်မှကြိုက်တယ်" လို့အဲဒီလိုဘုန်းကြီးက ပြောနေပါတယ်။

အဲဒီလိုပြောနေတဲ့ဥစ္စာ ဒီဘာကိုကြည့်စမ်း၊ဘုရားအလောင်းရယ် အရှင်အာနန္ဒာ အလောင်းရယ်၊ အရှင်သာရိပုတ္တရာ အလောင်းရယ် ခေမာထေရီမ အလောင်းရယ် ပြီးတော့ ဆန္နအလောင်း ပါလိုက်သေးတယ်၊ ဆန္န အမတ်လောင်းကြောင့် သာလျှင် ဒီလိုရှောရှောရှုရှုနဲ့ မရိုက်နှက်ဖြစ်တဲ့အပြင် ခြေထောက်ကို တကတဲ မေတ္တာနဲ့ဆုပ်ပြီးတော့ ရေကလေးတွေနဲ့ဆုပ်ပြီးတော့ ချက်ချင်း အသားနုတက်အောင် လုပ်တာဟာ ဒီဆန္န အမတ်မို့လို့၊ ဒါ့ကြောင့် ဒီနေရာမှာ ဘာကိုရေးထားသလဲဆိုတော့—

## ပါရမီဖြည့်ဖက်

ဒွန္ဒ ဒွန္ဒာ သဥ္စရန္တိ၊ ပါရမီသဟာစာရိနော၊
ဒုက္ခိတေ ဒုက္ခိတာ ဟောန္တိ သုခိတေ သုခိတာ သဒါ။

ပါရမီ သဟာစာရိနော- ရှေးကြောင်းရေစက် မေတ္တာဆက်၍ နှစ်သက်ကြည်နူး ပါရမီဖြည့်ဖက် နှစ်ဦးတို့သည်၊ ဒွန္ဒ ဒွန္ဒာ- လူ့ဘုံ လည်းစုံ နတ်လည်းစုံ၍ ရွှေဘုံရိပ်စံ တိရစ္ဆာန်လဲ မောင်နှံတွဲကြ ကုန်လျက်၊ သဥ္စရန္တိ- တွေ့ရာဘုံလဲ ကြုံစမြဲမို့ မခွဲအတူ လှည့် လည်တော် မူကြလေကုန်၏၊ ဒုက္ခိတေ- ပါရမီဖြည့်ဖက် တယောက် ဒုက္ခရောက်သည်ရှိသော်၊ ဒုက္ခိတာဟောန္တိ- အလျှင်း မကွဲ အတင်းတွဲ၍- အညှဉ်းဆဲဒဏ် အဆင်းရဲ ခံကြလေကုန်၏၊ သုခိတေ- ပါရမီဖြည့်ဖက်တယောက် ချမ်းသာရောက်သည်ရှိ သော်၊ တဒါသုခိတာ- ကိုယ်စိတ်လန်းကာ စန်းပမာသို့ လျှမ်း ကာအတူ ချမ်းသာတော် မူကြလေကုန်သတည်း။

သာဓု....သာဓု....သာဓု....။

**ရှေးအဆက်။** ။ အဲဒီဘုန်းကြီးကတော့ ဒီလိုလေ ကျောင်း တိုက်မှာရှိတဲ့ ပရိသတ်တွေကိုလည်း "အို အလကားကံတော်ကံကြား ရောက်လာတာ" ဒီလိုမဟုတ် ပါဘူး၊ ရှေးအဆက်တွေနဲ့ ရောက်လာကြတာ၊ ကောင်း ကောင်းနေကြ၊ ကောင်းကောင်းနေကြ၊ ကောင်း ကောင်းမနေနိုင်ယင် ပြန်ထွက်ကြပါ၊ နောက်ဆက်ပါ လိမ့်ဦးမယ်၊ သံသရာထဲမှာ နိဗ္ဗာန်ကို ချက်ချင်း မရသေး

ပါဘူး၊ နောက်ဆက်ပါလိမ့်ဦးမယ်၊ ကျောင်းဒကာ ကျောင်းအမ ဒကာဒကာမတွေလဲပဲ ရှေးအဆက်ကြောင့် ရောက်လာကြတာ၊ ကောင်းကောင်း နေကြပါ၊ နောက်ကို ပြန်တွေ့ကြပါလိမ့်မယ်၊ ဒကာတို့လို သမီးခင်ပွန်းဆိုတဲ့ဥစ္စာတော့ မပြောနဲ့တော့၊ ဘုန်းကြီးက အဲဒါ လောက် တွေ့တာတောင်မှ ပါရမီဖြည့်ဖက်တွေ ဖြစ်ရမယ်လို့ ပြောနေတာ။

**တွေ့ခဲ့ကြ။** ။ အဲဒီတော့ ဒကာတို့လို အလှူဒကာ အလှူအမ တွေကျတော့ တယောက်မတော်တာ လုပ်လို့ ရှိယင် တယောက်ကတားလို့၊ တယောက်အပေါ် တယောက် ပိုပြီးတော့ ကျင်ကျင်နာနာ၊ ဒို့ရှေးဘဝက တွေ့ခဲ့ကြမှာ၊ ရှေးဘဝကတွေ့ခဲ့ကြလို့ ခုဘဝမှာအလုပ်လုပ်ကြတယ်၊ နေကြတယ်၊ ထိုင်ကြတယ်၊ စီးပွားအတူတူရှာကြတယ်၊ ကုသိုလ်တွေတခါပြု ကြတယ်၊ အတူပြုကြတယ်၊ နောက်နောက်ဘဝတွေ တွေ့ကြဦး မှာလို့ဆိုပြီးတော့ ကျင်ကျင်နာနာလဲ နေရတယ်၊ ယုယုယယလဲ နေရတယ်၊ စောင့်စောင့်ရှောက်ရှောက်လဲ နေရတယ်၊ ပြုပြုစုစုလဲ နေတယ်၊ ကုသိုလ်ပါရမီတွေကျတော့လဲ အပြစ်ကင်းတာတွေပြု ရတယ်။

**မကြိုက်။** ။ဒီလောကကြီးကို ကြည့်တာ ဘုန်းကြီးမကြိုက်ပါ ဘူး၊ဒီလောကကြီးမှာ ဘယ်အလှူတုန်းက ဘာလုပ် သွားတယ်ဆိုတဲ့ဥစ္စာတွေ ရှင်ဘုရင်ကစပြီးတော့ ဘုန်းကြီးမကြိုက် ပါဘူး၊အဲဒါတွေဟာ ခုနကပြောခဲ့တဲ့ ပါရမီဖြည့်ဖက်တွေရဲ့ လမ်း

စဉ်တွေနဲ့ ဖြောင့်ဖြောင့်ကြီးဆန့်ကျင်ဖက် ဖြစ်နေလို့မို့ ဘုန်းကြီးကအဲဒါတော့ကို အားမကျပါဘူး၊ "အားမကျကြနဲ့" လို့လဲ ပြောပါတယ်၊ ပြောလို့ရသလောက်သာ ရတယ်၊ မရသလောက်လဲ မရပါဘူး၊ ဒါတော့ အသိဉာဏ်ကိုလို့ အသိဉာဏ်ဒီလောက်ရှိတာ၊ ဒီလောက်ပဲရမှာပေါ့လို့ ဒီလိုနားလည်ထားရပါတယ်။ ဒါကြောင့် ဒီဂါထာကိုကြည့်ပြီးတော့ "ဒို့ပါရမီဖြည့်မယ်၊ ကြိုးစားမယ်၊ ပါရမီဖြစ်အောင် ကြိုးစားမယ်၊ ဒို့ဆွေ ဒို့မျိုးတွေ ဒို့နဲ့သဘောတူလို့ရှိယင် သူတို့လဲပါရမီ ဖြည့်စေမယ်၊ယခုလို ကလေးတွေဘာတွေလဲပဲ ပါရမီဖြည့်ဖက် ကလေးတွေမို့လို့ တွေ့လာတာ၊ သူတို့ သူတော်ကောင်းစေ့မယ်၊ မကောင်းဘူး၊ မကောင်းယင် တဘဝပြီးကြရောပေါ့လို့၊ ဘုန်းကြီး ဒီလိုတွေးထားတယ်။

## အားလုံးကြည်ညို

ဒန္တံ ဒန္တာ သဥ္စရန္တိ၊ ပါရမီသဟာစာရိနော၊
ဒုက္ခိတေ ဒုက္ခိတာ ဟောန္တိ၊ သုခိတေ သုခိတာ သဒါ။

ပါရမီ သဟာစာရိနော- ရှေးကြောင်းရေစက် မေတ္တာဆက်၍ နှစ်သက်ကြည်နူး ပါရမီဖြည့် နှစ်ဦးတို့သည်၊ ဒန္တံ ဒန္တာ- လူ၌လဲစိုး နတ်လဲစိုး၍ ရှေ့ဘုံရိပ်စံ တိရစ္ဆာန်လဲ မောင်နှံ တွဲကြကုန်လျက်။ သဥ္စရန္တိ၊ တွေ့ရာဘုံထဲ ကြုံစမြဲမို့ မခွဲအတူ လှည့်လည်တော်မူကြလေကုန်၏။ ဒုက္ခိတေ၊ ပါရမီဖြည့်ဘက်တယောက် ဒုက္ခရောက်သည်ရှိသော်—

(ဟိုခုနက သုမုခ သူ့ဘာမှ မထိပဲနဲ့ လာပြီးတော့ ဒုက္ခခံတယ်၊ သိပ်သဘောကျတာ ဘုန်းကြီးက၊ ဒါ့ကြောင့် ဘုရားဖြစ်တဲ့အခါ ဘုရားကြည်ညိုရုံတွင် မကဘူး၊ အရှင်အာနန္ဒာကို ကြည်ညိုတယ်၊ ဘုရားကြည်ညိုရုံတင်မကဘူး၊အရှင်သာရိပုတ္တရာကို ကြည်ညိုတယ်၊ ဘုရားကြည်ညိုရုံတင်မကဘူး၊ သာဝကကြီးတွေကို ကြည်ညိုတယ်၊ သာဝကကြီးတွေ ကြည်ညိုရုံတင်မကဘူး၊မိထွေးတော်ဂေါတမီတို့၊ ခေမာထေရီတို့၊ ဥပ္ပလဝဏ်ထေရီတို့၊ ယသောဓရာတို့ သူတို့ ပါရမီတွေ ဖြည့်လာခဲ့ကြတာ ဆိုပြီးတော့ ကြည်ညိုလိုက်တာလေ အားလုံးကြည်ညိုတယ်။

ခုနောက် ဘုန်းကြီးတို့ လက်ထက်ကျတဲ့အခါမှာ အဲဒီလို အလောင်းအလျာတွေ ဖြစ်စေချင်လိုက်တာလေ ဘုန်းကြီးက—

ဒုက္ခိတေ၊ ပါရမီ ဖြည့်ဘက်တယောက် ဒုက္ခရောက်သည်ရှိသော်၊ ဒုက္ခိတာဟောန္တိ- အလျင်းမကွဲအတင်းတွဲ၍ အညှဉ်းဆဲဒဏ် အဆင်းရဲခံကြလေကုန်၏။ သုခိတေ- ပါရမီ ဖြည့်ဘက်တယောက် ချမ်းသာရောက်သည်ရှိသော်။ သဒါသုခိတာ- ကိုယ်စိတ်လန်းကာ စန်းပမာသို့ လျှမ်းကာအတူ ချမ်းသာတော် မူကြလေကုန်သတည်း။

သာဓု.... သာဓု.... သာဓု....။

**ပါရမီကုသိုလ်။** ။ဒီတော့ အမောင်တို့ဟာ အရွယ်ကောင်းတုန်းရှိသေးတယ်၊ရှေ့ကိုပါရမီဖြည့်တဲ့ကုသိုလ်တွေသာပြုကြပါ၊ ပါရမီဆက်အကျိုးမပြုတဲ့ကုသိုလ်တွေကိုတော့

ရှောင်ကြပါ၊ ယခုကစပြီးတော့ ဒီမှာ အလှူအတန်း ဝါသနာ တော့ မြန်မာလူမျိုးတမျိုးလုံးလောက် ဝါသနာပါကြပါတယ်၊ မိမိတို့လဲဝါသနာပါတယ်၊ အဲဒီဝါသနာပါတဲ့ ပုဂ္ဂိုလ်တွေ လမ်း ကောင်းလမ်းမှန် ရောက်ဖို့ကတော့ ခုနကပြောခဲ့တဲ့ လမ်းစဉ်ကို ညွှန်ပြလိုပါတယ်။

**လူ့ဘဝ။** ။ဒါ့ကြောင့် မိမိတို့ရဲ့ ဒါန ဝါသနာပါတာကို အကြောင်းပြုပြီးသကာလ သီလလဲ ဝါသနာပါ ကြပါ၊ ဘာဝနာလဲပါကြပါ၊ မိမိတို့လူ့ဘဝဟာ အင်မတန် ကောင်းပါတယ်ဆိုတာကို သဘောထားပြီးတော့ ကြည့်လေ၊ အဆုံးနိဗ္ဗာန်ထိ အောင်မြင်နေတဲ့ လူ့ဘဝ၊ အဲဒီနောက်မှာ ငရဲ ရှိတယ်၊ တိရစ္ဆာန်ရှိတယ်၊ ပြိတ္တာရှိတယ်လို့ မြင်နေတဲ့ လူ့ဘဝ၊ နတ်ပြည်ဗြဟ္မာပြည်တွေ ရှိတယ်လို့မြင်နေတဲ့လူ့ဘဝ၊ ကံကောင်း တဲ့သူတွေ လူချမ်းသာဖြစ်တယ်၊ ကံမကောင်းတဲ့သူတွေ လူချမ်း သာမဖြစ်ဘူး၊ ကံဆိုပေမယ့် ကံချည်းမဟုတ်ဘူး၊ ဉာဏ်ဝီရိယ ပါတဲ့သူတွေ လူချမ်းသာဖြစ်တယ်၊ ဉာဏ်ဝီရိယသိပ်မပါတဲ့သူတွေ လူချမ်းသာမဖြစ်ဘူး။

ဒီလို စသည်အားဖြင့် အကြောင်းအကျိုးတွေ ပိုင်းပိုင်းပြီး မှန်မှန်ကြီး သိပြီးသကာလ—

မိမိတို့ကိုယ်တိုင် ပါရမီရှင်တွေဖြစ်အောင် ကိုယ်စီကိုယ်ငှ အားလုံးတရားနာတဲ့သူတွေပါ ကြိုးစား၍ အားထုတ်နိုင်ကြစေ ကုန်သတည်း။

သာဓု.... သာဓု .. သာဓု....။

# ပွဲကုန်း သိမ်ကျောင်းရေစက်ချ တရားတော်

၁၃၃၇-ခုနှစ် ဝါဆိုလဆန်း ၁၅-ရက်နေ့။

ကပ္ပိယကုဋီ။ ။ပထမ ရေစက်ချမယ်၊ ပြီးတော့မှ ဩဝါဒ ဆက်ပေးမယ်၊ ရေစက်ချတော့ စာတုဒ္ဒိသာ ဆိုတာ အရပ်လေးမျက်နှာ၊ အရပ်လေးမျက်နှာ၌ နေတော်မူကြတဲ့ သံဃာတော်များအား ဤကျောင်းတိုက်ကို ဤတိုက်သစ်ကို လှူပါ၏၊ ဘုရားအမှူးရှိတဲ့ သံဃာတော်များအား လှူပါ၏လို့ ရေစက်ချမယ်၊ ဒီတော့ကာ ဘုန်းကြီးတို့ကပ္ပိယကုဋီ ဆိုတာလုပ်ရတယ်၊ ကပ္ပိယကုဋီဆိုတာ ရဟန်းသံဃာတော်များ အပ်အပ်စပ်စပ်၊ ဆိုပါတော့ ထောပတ်ပုလင်းကလေး ဆွမ်းနဲ့ စားချင်လို့ နောင်တချိန်မှာ အဲဒီပုလင်းကလေးကို ဒီထဲထားယင် ထားကောင်းတယ်၊ ကပ္ပိယကုဋီဆိုယင်၊ဆိုပါတော့ ငှက်ပျောသီး ကလေး မနေ့ညကမှလာလှူလို့ ညသိပ်ယင် ထားကောင်းတယ်၊ ကပ္ပိယကုဋီဆိုယင်၊ ဒီသိုမဟုတ်ယင် မထားကောင်းဘူး၊ သံဃိက ကျောင်းက ဒီလောက်စည်းကမ်းကြီးတယ်၊ ဒီတော့—"ဤတိုက်သစ်ကို ကပ္ပိယကုဋီပြုဖို့ရန် ကပ္ပိယကုဋီအဖြစ်ဖြင့် ဘုရားအမှူးရှိသော အရပ်လေးမျက်နှာ၌ သီတင်းသုံးတော်မူသော သံဃာတော်အပေါင်းအား လှူပါ၏။"

နာယက အဆက်ဆက်။ ။ဒီတော့ "အရပ်လေးမျက်နှာ၌သီတင်း
သုံးသော"ဆိုတာ ဒီကျောင်း အကုန်
လုံးရောက်မလား၊ ရောက်တဲ့ပုဂ္ဂိုလ်လဲပါမယ်၊ ရောက်တဲ့ပုဂ္ဂိုလ်
လဲရောက်ကြမယ်၊ မရောက်တဲ့ပုဂ္ဂိုလ်လဲမရောက်လာဘူး၊ သိပ်နှိုး
တဲ့လူဒါနိုးနည်း၊ ဒီတိုက်သစ်ကို ရောက်ရောက် - မရောက်ရောက်
"အရပ်လေးမျက်နှာ၌ သီတင်းသုံးတော်မူသော ဘုရားအမှူးရှိ
သော သံဃာတော်အပေါင်းအား လှူပါ၏"လို့ ဆိုပြီးတဲ့နောက်
ဤကျောင်းတိုက်ကို ဆရာတော်အမှူးရှိသော နာယက အဆက်
ဆက်အား ထိန်းသိမ်းဖို့ရန် အပ်လှဲပါ၏၊ ဆရာတော် အမှူးရှိ
သော ဆရာတော်၏ ဩဝါဒကို လိုက်နာကြသော နာယက
သံဃာတော် အဆက်ဆက်အား ထိန်းသိမ်းဖို့ရန် အပ်လှဲပါ၏၊
ဆရာတော်အလိုကျ ထိန်းသိမ်းနိုင်မည့် နာယက အဆက်ဆက်
အား အပ်လှဲပါ၏။

ဘာပြုလို့တုန်းဆိုတော့ ဒီသံဃိကလို့ဆိုလိုက်တော့ အခုလုနေ
ကြပြီ၊ ဟိုမှာ ကျောင်းတွေဘာတွေ၊ ဒီလို ရေစက်ချတော့ မလု
ဘူးလားဆိုတော့၊ ဒါတော့ လုချင်လဲလုမှာပါပဲ၊ နောက်တော့
နောင်ရေးနောင်တာကျတော့ မစဉ်းစားနဲ့၊ မိမိတို့မျက်မှောက်
တသက်ကောင်းကောင်း သီတင်းသုံးကြဖို့ ဒါပဲစဉ်းစား၊ အပ်လှဲ
တော့ အပ်လှဲရမယ်၊ ပြီးတော့မှ သံဃိကကျောင်းနဲ့စပ်ပြီးတော့
ရှေးကဖြစ်စဉ် ဝတ္ထုကြောင်းတွေ ဟောပါမယ်၊ အခု တိုတို
ရေစက်ချရအောင်။

## သံဃိကကျောင်း ရေစက်ချလှူပုံ

**သံဃာအားလှူ။**　။"အရှင်ဘုရား ဘုရားတပည့်တော်တို့သည် ယခု ဆောက်လုပ်အပ်ပြီးသော မွမ်းမံခြယ်လှယ်ဖို့ရန် စီစဉ်နေသော ဤတိုက်ကျောင်းသစ်ကို ဘုရားအမှူးရှိသော ဤကျောင်းတိုက်သို့ရောက်လာမရောက်လာသော အရပ်လေးမျက်နှာ၌ နေထိုင်ကြသော သံဃာတော် အပေါင်းအားကပ္ပိယကုဋိပြုဖို့ရန် ကပ္ပိယကုဋိအဖြစ်ဖြင့်လှူဒါန်းပါကုန်၏ဘုရား"

ဣမံ ဝိဟာရံ ဗုဒ္ဓပ္ပမုခဿ အာဂတာနာဂတဿ စာတုဒ္ဒိသဿ သံဃဿ ကပ္ပိယကုဋိံ ကာတုံ ဒေမ၊ ဤတိုက်သစ်ကို ဤတိုက်သို့ ရောက်လာမရောက်လာသော အရပ်လေးမျက်နှာ၌ သီတင်းသုံးတော်မူသော ဘုရားအမှူးရှိသော သံဃာတော် အပေါင်းအားကပ္ပိယကုဋိပြုခြင်းငှာ ကပ္ပိယကုဋိအဖြစ်ဖြင့် ဝမ်းမြောက်ဝမ်းသာ လှူဒါန်းပါကုန်၏ဘုရား။

**လွှဲအပ်။**　။ဤသို့ လှူဒါန်းပြီး၍ ဤကျောင်းတိုက်၌ ဆရာတော်အမှူးရှိသော နာယကအဆက်ဆက်အား ဆရာတော်၏ အလိုကျ မပျက်မစီးအောင် ထိန်းသိမ်း စောင့်ရှောက်ဖို့ရန် အပ်လွှဲပါကုန်၏ဘုရား၊ ဤသို့ စာတုဒ္ဒိသာသံဃိက အဖြစ်ဖြင့်လှူဒါန်းပြီး၍ ဆရာတော် အမှူးရှိသော ဆရာတော် အလိုအတိုင်း စောင့်ရှောက်မည်ဖြစ်သော နာယကအဆက်ဆက်အား မပျက်မစီးအောင် စောင့်ရှောက်ဖို့ရန်လွှဲအပ်ပါကုန်၏ ဘုရား။

ဒီဟာကပြီးသွားရော၊ ပြီးတော့မှ အမျှဝေတို့ ဘာတို့ ပြီးမှ လုပ်ကြစို့။

ကျောင်းရေစက်ချပြီး၏။

**သူတော်ကောင်း အားလုံးပါ** သံဃိကကျောင်းဆိုတာ ဘယ်လောက်များ အကျိုးအာနိသင်ကြီးသလဲလို့ဆိုတော့ စဉ်းစားကြည့်ပါ၊ အခု သံဃာတော်များကလဲ စဉ်းစားကြည့်ပါ၊ ကျောင်းဒကာဆိုင်ရာ ဒကာ-ဒကာမများကလဲစဉ်းစားကြည့်ပါ၊ ဆိုပါတော့ ဘုန်းကြီးတပါးလှူလိုက်တယ်၊ ဘုန်းကြီးကြည်ညိုလို့၊ ယခုတော့တခါ ဘုန်းကြီးတပါးမဟုတ်ပြန်ဘူး၊ ဘုန်းကြီး အမူးရှိတဲ့ ဘုန်းကြီးလဲပါတဲ့ အရပ်လေးမျက်နှာ ဘယ်မှာသူတော်ကောင်းရှိတယ်၊ ပါပြန်တယ်၊ ဘယ်မှာအကျင့်ကောင်းရှိတဲ့ပုဂ္ဂိုလ်ပါတယ်၊ ဒီအထဲမှာ ရှေးတုန်းက ကွယ်လွန်ပြီးသား၊ ကွယ်လွန်ပြီးသားလဲပါတယ်၊ ဒီအထဲမှာ အရှင်သာရိပုတ္တရာတို့ အရှင်မဟာမောဂ္ဂလာန်တို့လဲ ပါတယ်၊ နောက်လာမယ့်သာသနာမကွယ်မချင်း၊ ပြီးတော့နောက်အဆက်ဆက်သံဃာတွေပါတယ်။

ဒီအထဲမှာ ဘယ်လောက်ကွာသွားသလဲ၊ ပုဂ္ဂလိကနဲ့ သံဃိကနဲ့၊ ဘုန်းကြီးလဲပါတယ်၊ ယခုဒီမှာရှိနေတဲ့ တာဝန်ဆောင်နေတဲ့ ပုဂ္ဂိုလ်တွေလဲ ပါတယ်၊ နာယကတွေ နောက်တခါလာမယ့် ပုဂ္ဂိုလ် အဆက်ဆက် ဘုရားသာသနာမကွယ်မချင်း ပါတယ်၊ ပြီးတော့ သံဃာအားလှူတယ်၊ သံဃာ့အဖွဲ့ကို လှူတယ်ဆိုတော့ အဲဒီအဖွဲ့ထဲမှာ ရှေးတုန်းကပါဝင်ဖူးတဲ့ ရဟန္တာကြီးတွေအကုန်လုံး ဒီတိုက်ကျောင်းကို လှူပါတယ်ဆိုတဲ့အထဲမှာသူတို့ပါတယ်၊ အဲဒီတော့ သံဃိကကဘယ်လောက်များကြီးကျယ်တုန်း၊ သံဃိက, က လှူရတာ ဘယ်လောက်ကြီးကျယ်တုန်း။

**သံဃိကကျောင်း။**　။သံဃိကကျောင်းဆိုတော့ သံဃိကလေ-သံဃိကကျောင်း၊သံဃိကပစ္စည်း၊ ဒီပေါ်မှာ ခြေထောက်ကိုမဆေးပဲနဲ့ ဒီပေါ်မှာတက်ကြည့်၊ သံဃိကကျောင်းမှာဖုံပေတယ်၊ သူ့ကပ်ပါလာတဲ့ဖုံလူးတယ်၊ ဒါအပြစ်ဘယ်လိုဆိုတာသိမယ်၊ သံဃိက ကျောင်းပေါ်မှာ လူတွေပေါ့ ပေါ့ဆဆ ဆေးလိပ်သောက် လက်ဖက်ရည် သောက်ကြတယ်၊ ကိုယ်တော်တွေကလဲ ဒီသံဃိကကျောင်းပေါ်မှာ ပေါ့ပေါ့ဆဆ နေကြတယ်၊ ဘယ်လိုဖြစ်တယ်ဆိုတာ သိမယ်၊ ဘာပြုလို့တုန်း အဆိပ်အင်မတန်ပြင်းတယ်၊ သံဃိကကျောင်းအကျိုးလဲ အင်မတန်ကြီးတယ်၊ ခုနက ဘုန်းကြီးတပါးလှူတာနဲ့ သံဃာတွေအားလုံး စာတုဒ္ဒိသာ အရပ်လေးမျက်နှာမှာ နေတဲ့ သံဃာများကို လှူတာနဲ့ စိတ်သဘောချင်းဘာမှ နှိုင်းလို့မရဘူး။

**သံယောဇဉ်မပါ။**　။ဘုန်းကြီးတပါး လှူတယ်ဆိုတော့ ဘုန်းကြီးအပေါ် သံယောဇဉ် ပါနေတယ်၊ အတ္တာပေါ့လေ၊ ဒါကစိတ်ကလေး ပါနေတယ်၊ ယခုတော့က စာတုဒ္ဒိသာ သံဃာလှူလိုက်ပါတယ်လို့ ဆိုတော့ သံယောဇဉ် စိတ် ဒီသံဃာတော်များလောက်လဲမရှိဘူး၊ အားလုံးသံဃာတော်တွေ၊ ပြီးတော့ဘုန်းကြီးပါပေမယ့်လို့ ဘုန်းကြီးလဲ ဒီမှာအစိတ်အပိုင်းတပါးအဖြစ်နဲ့ပါတာ၊ ဘာမှသံယောဇဉ် မကြီးနိုင်တော့ဘူး၊ ရှိတယ်ပဲထားဦးတော့ ဘာမှမကြီးကျယ်ဘူး၊ ဟိုမှာအားလုံးလှူတယ်၊ အင်မတန်စိတ်နေစိတ်ထားကွာတယ်၊ နားလည်ကြပါနော်၊ ငယ်ပေမယ့်နောက်တော့ ကိုယ်က ကျောင်း

ဒကာ ကျောင်းအမတွေဖြစ်နိုင်တယ်၊ ငယ်ပေမယ့်လို့ကိုယ်တော်တွေက ဆရာသမားဖြစ်နိုင်ပါတယ်။

**နန္ဒိယသဌေး။** ။ဒီတော့ကာ ဒီကျောင်းအတွက် အကျိုးရကိုကြည့်လို့ရှိယင် ဟိုဗုဒ္ဓမြတ်စွာ လက်ထက်တော်တုန်းက နန္ဒိယသတို့သားသဌေး၊ နန္ဒိယသဌေးငယ်ရွယ်စဉ်က လူ့သူတော်ကောင်း၊ အမေအဖေများက သူ့အရိပ်အကဲ ကြည့်ပြီးတော့နေကြရတယ်၊ အိမ်ထောင်ချမယ် လုပ်တော့ ဆွေထဲမျိုးထဲက တူမအရင်းနဲ့ အိမ်ထောင်ချချင်လို့ တူမအရင်းကိုပါ သင်ပေးနေရတယ်၊ "သူတော်ကောင်းလုပ်ပါ၊ သူတော်ကောင်းဖြစ်ပါ၊ အနေအထိုင်ကောင်းပါ"၊ ဒီလိုသင်ပေးပြီးတော့ သားကို ချော့ချော့ မော့မော့နဲ့ အိမ်ထောင်ချရတယ်၊ အဲတာနန္ဒိယသဌေးကမိဂဒါဝုန် ကျောင်းမှာ ကျောင်းဆောက်တယ် ထင်တယ်၊ ဘုန်းကြီးကသုံးခန်းပတ်လည်လောက်ဖြစ်ကောင်းဖြစ်လိမ့်မယ်လို့ ထင်တယ်။

**ဘုံပေါက်နေပြီ။** ။ဒီမှာလဲ ကျောင်းရေစက် ချပြီးရော ဟိုအထက်တာဝတိံသာမှာ ဘုံပေါ် နေပြီ၊ ဒါက်အကြောင်းပြုပြီးတော့ ဟိုမှာဘုံကပေါက်နေပြီ၊ နောင်တချိန် အရှင်မောဂ္ဂလာန်က တာဝတိံသာမှာကြွတော့ ဒီဘုံ ရှေးကမတွေ့ဖူးဘူး၊ ဒါနဲ့ အနီးအနားကိုမေးတော့ "ဒီဘုံ ဘယ်သူ့ဘုံတုန်း" "ဟာ....အရှင်ဘုရားများရဲ့ကျောင်းဒကာ နန္ဒိယရဲ့အတွက် ပေါ်ပေါက်နေတဲ့ဘုံပါ"

အရှင်မောဂ္ဂလာန်ကိုယ်တိုင် အံ့အားသင့်သလိုဖြစ်သွားတယ်၊ လူက ဟိုမှာ ကျန်းကျန်း မာမာကြီး၊ ဒီမှာ ဘုံကပေါက်နေပြီ၊ ဒါနဲ့ လူ့ပြည်လာရောက်တော့ မြတ်စွာဘုရားကိုလျှောက်တယ်၊ ထူးထူး ဆန်းဆန်း အံ့သြစရာ၊ "မြတ်စွာဘုရား....ကောင်းမှုရှင်က ဒီမှာရှိ တုန်း ဟိုမှာ ကုသိုလ်အကျိုးပေးမယ့်ဘုံက ဖြစ်နိုင်ရဲ့လား"လို့ လျှောက်တော့ "မောဂ္ဂလာန်-ငါ့ကိုမေးနေသေးရသလား၊ သင် ကိုယ်တိုင် တွေ့နေရပြီ မဟုတ်လား"လို့ အမိန့်တော်ရှိတော့ "ဟုတ်ပါဘုရား၊ နန္ဒိယအတွက်ဘုံ ဟိုမှာ ပေါက်နေပါပြီ" အဲဒီ လို လျှောက်တယ်။

**ပီပီသသ**။ ။ဒီတော့က သံဃိကကျောင်း ပီပီသသ၊ နေတဲ့ ပုဂ္ဂိုလ်တွေ သံဃိကကျောင်း ပီပီသသ၊ ကျောင်း ဒကာကျောင်းအမ များကလဲ သံဃိကကျောင်း ပီပီသသ၊ စိတ် ရှင်းရှင်းနဲ့ သံဃိကကျောင်း ရေစက်ချရတာဟာ အကျိုးအားဖြင့် ဘယ်လောက်ကြီးကျယ်သလဲ၊ တခါ အပြစ်အားဖြင့် ဘယ်လောက် ကြီးလေးသလဲ၊ အပြစ်အားဖြင့် ဆိုတာ ဒီကျောင်းဒကာမှာ ကျောင်းအမမှာဖြစ်တဲ့ အပြစ်မဟုတ်ဘူး၊ ဒီကျောင်းမှာ နေတဲ့ ပုဂ္ဂိုလ်များဟာ သံဃိကကျောင်းတိုက် ဘယ်လောက် လေးစား ရသတုန်းလို့ဆိုတာ၊ ဒါတွေမမှတ်ပဲ မဖြစ်ဘူးနော်၊ ဒါကိုရင်တွေ ဦးပဉ္စင်းတွေအကြီးရော အငယ်ရော မမှတ်လို့မဖြစ်ပါဘူး။

**သူစိလောမ နတ်ဘီလူး**။ ။ဘုန်းတော်ကြီး တပါး ယုတ်မာ ဆိုးဝါးလှတယ်တော့ မဟုတ်ဘူး၊ သူတော်ကောင်းပဲ အထိုက်အလျောက်၊ အထိုက်အလျောက်

မဟုတ်ပါဘူး၊ သူတော်ကောင်းပဲနဲ့ တူပါတယ်၊ ဟိုအဝေးက ပြန်လာတော့ ချေးတွေနဲ့ လှဲ့လိုက်မိတယ်၊ ဆိုပါတော့ ဒီလို ကျောင်းပေါ်မှာ အောက်ကအခင်းမပါဘူး၊ အောက်ကအခင်း မပါပဲနဲ့ လှဲ့လိုက်မိတာ ချေးက သံဃိကကျောင်းစိုသွားတယ်၊ အမှတ်တမဲ့ပါပဲ၊ သူကိုယ်တိုင် ဒီချေးတွေကို ပွတ်တိုက်ပြီးတော့ ဒီလိုလုပ်လိုက်လို့ ရှိယင်လဲပဲ ရှင်းတော့ ရှင်းသွားမှာ၊ သူကလဲ ပေချင်လဲ ပေပစေတော့ဆိုတဲ့ စိတ်လဲပါနေသလား မသိဘူး၊ ပျံတော်မူတဲ့ အခါကျတော့ အမွေးတွေက အပ်တွေလို ဖြစ်ပြီး တော့ "သူစိလောမ နတ်ဘီလူး" ဖြစ်သွားတယ်၊ နတ်တော့ နတ်မျိုးပဲ၊ ဘီလူးဖြစ်နေတယ်၊ ဒါပေမယ့် အမွေးတွေကသိပ်ပြီး ဒုက္ခပေးတာပဲ၊ အပ်တွေလိုကိုး၊ ဟိုနားထိလိုက်ယင် အမွေးနဲ့ ထိလိုက်ယင် သူ့စူးတယ်၊ ဒုက္ခတယ်ဖြစ်တယ်၊ ဒါဘုန်းကြီးဖက်က။

ခရလောမနတ်ဘီလူး။ ။ ဒကာဖက်က တဂနေ့တော့ ဥပါသကာ ဥပုသ်သည်နဲ့ တူတယ်၊ ကျောင်းလာ တယ်၊ အခုလိုနံရံတို့ဘာတို့ကို မှီလိုက်တယ်၊ သူ့အဝတ်ကလေး နောက်ကျောက ခံပြီးမှီယင်တော့ ကိစ္စမရှိဘူး၊ ယခုတော့ ဒီလိုလဲ မခံမိပဲနဲ့ မှီလိုက်မိတယ်၊ သူလဲလူကောင်းပဲ၊ သူတော်ကောင်းပဲ၊ အဲဒါကွယ်လွန်တော့ ခုနက သူစိလောမနတ်ဘီလူးနဲ့ အနီးအပါး မှာ အမွေးတွေ အင်မတန်ကြမ်းတဲ့ "ခရလောမ နတ်ဘီလူး" သွား ဖြစ်တယ်၊ သံဃိကကျောင်းဟာ အကျိုးပေးဟော့လဲ သိပ်မြင့် တယ်၊ သံဃိကကျောင်းကို အသုံးတဲ့အောင် မသုံးတော့လဲပဲ သိပ်ပြီးတော့ထိခိုက်တယ်၊ အပြစ်ကြီးတယ်။

**တရားနဲ့နေ။** ။ဒီတော့ ဘုန်းကြီးက ဘုန်းကြီးကျောင်းတွေကို သန့်သန့်ရှင်းရှင်း နေစေရတယ်၊ ဒီလိုဝတ္ထုတွေက ရှိလို့ ဒီကျောင်းပေါ်မှာ တရားနဲ့နေပြီးတော့ သုံးစွဲစေရတယ်၊ တချို့ဆရာတော် များက ရေစက်ချတော့လဲ အဲဒီလိုအပြစ်တွေ မရောက်ရအောင် "မဆေးသော ခြေများနဲ့ နင်းလဲပဲ အပြစ်မရှိအောင် ကိုယ်အစိတ်အပိုင်း ထိတွေ့ပြီးတော့ နေမိလဲ အပြစ်မရှိအောင် သံဃိကအဖြစ်ဖြင့် ရေစက်ချပါ၏"လို့ ဒီလိုဆရာများအဆက်ဆက်အချို့က ဒီလိုထည့်ပြီးတော့ ရေစက်ချကြတယ်၊ ဒါတော့ အလှူရှင်ကတော့ ကိုယ့်ဟာကိုယ် မေတ္တာ ကရုဏာနဲ့ပေါ့လေ၊ ချမ်းသာစွာ သုံးစွဲပါစေတော့လို့ သဘောထားပေါ့။

**မထည့်ဝံ့။** ။ဘုန်းကြီးကတော့ မထည့်ဝံ့ဘူး၊ ဘာပြုလို့ မထည့်ဝံ့တုန်းလို့ဆိုတော့ကာ စာထဲမှာ အာပတ်လို့တပ်ထားတယ်၊အမွေးတွေနဲ့ထိပြီးတော့ ချွေးတွေနဲ့ သုံးယင်အာပတ်လို့၊ ခြေကိုမဆေးပဲနဲ့ ကျောင်းထဲလာလို့ရှိယင် အာပတ်၊ခြေကိုဆေးပေမယ့်လို့ စိုထိုင်းထိုင်း စိုစိုကြီးနဲ့ ကျောင်းအတွင်း ဝင်လာလို့ရှိယင် အာပတ်လို့ စာက ဝိနည်းက ရှိနေတယ်၊ အဲဒီစာကို ဝိနည်းကိုချပြီးကထဲက ဘုန်းကြီးကတော့ ဒီဟာကို ထည့်ပြီးတော့ မချဝံ့တော့ဘူး၊ ဟာဝိနည်းကိုယ်တိုင်က အာပတ်တပ်ထားတဲ့ ဥစ္စာ မိမိတို့က ဒီအာပတ်မသင့်အောင် ဘယ်လိုနေပါစေ၊

ဒီဟာက သဘာဝမကျဘူး၊ ကောင်းကောင်းပဲ နေရမှာပဲလို့ အဲဒီလို တွေးပြီးတော့ ရေစက်ချတဲ့နေရာမှာ အဲဒီစကား မထည့်ဝံ့တော့ဘူး။

**ကျောင်းလင်္ကာ။** ။ဒီတော့ ကိုယ်တော်များက ကောင်းကောင်းနေရမယ်၊ ကျောင်းကို နေတဲ့အခါမှာ ဘယ်လိုနေရမလဲလို့- ဆိုစမ်းပါ၊ ကျောင်းလင်္ကာလေး ဆိုစမ်းပါ။

ချမ်းပူကိုဖျက် ခြင်မှက်လေနေ **ကင်းမြွေ**ဝေးမှု ဥတုဘေးဘျမ်း မသန်းကင်းစင် စိတ်ကြည်လင်ကြောင်း နေရာကျောင်းကို ကိန်းအောင်း မှီခိုပါသတည်း။

**ဘေးရန်ကာကွယ်။** ။ဘယ်လောက်သေချာတုန်း ချမ်းလို့ရှိယင်လဲ ကျောင်းထဲဝင်ယင် မချမ်းဘူး၊ နေတို့ဘာတို့သိပ်ပူတဲ့အခါ ကျောင်းထဲဝင် နေမပူဘူး၊ ဟာ ခြင် တွေ မှက်တွေ သိပ်ကိုက်နေလို့ရှိယင်လဲ တံခါးပိတ်ပြီးတော့ ကျောင်းထဲဝင်နေယင်လဲ ခြင်တို့မှက်တို့မကိုက်နိုင်ဘူး၊ လေတွေ သိပ်တိုက်တယ်၊ ကျောင်းပေါ်မှာဝင်နေယင် အဲဒီလေတွေ မိမိကိုမနှောင့်ယှက်နိုင်ဘူး၊ မြွေတို့ကင်းတို့ ကျောင်းပေါ်မှာ မတက်လာဘူး၊ ကျောင်းပေါ်မှာ နေလို့ရှိယင် တောထဲ တောကျောင်းတို့ ဘာတို့ဆိုလို့ရှိယင် ဒါတွေက ကြောက်ရတယ်၊ ဒီတော့ ဒီမှာလဲ တောခပ်ကျကျဆိုတော့ ကြောက်ရတယ်၊ ဒီတော့ အဲဒီလို ဘေးရန်အန္တရာယ်တို့ကို ကာကွယ်ဖို့ရန် ဒီကျောင်းကို မှီဝဲပါတယ်၊ တခါတခါ ဥတုပျက်လိုက်တာ ဟိုအောက်ပိုင်းမှာ လေကြီးများကျ

သလို အဲဒီလိုကျလို့ရှိယင် အင်မဘန်ခိုင်မြဲတဲ့နေရာမှာဝင်ပြီးတော့ နေရတယ်၊ ဥတုဘေးရန်တွေကိုလဲ ကာကွယ်ဖို့ရန် ဒီကျောင်းကို မှီဝဲပါတယ်၊ ဒီလိုနေ့တိုင်း ဆင်ခြင်ရတယ်၊ နေ့တိုင်းဆင်ခြင်မှ တာဝန်ကျေတယ်၊ ဒီတော့ ကျောင်းဟာ ပေါ့ခပေါ့ကလေး ဒီလို မနေရပါဘူး။

**စေတနာကြီးကျယ်။** ။လှူတဲ့ ကျောင်း ဒကာကလဲ ဘာပြုလို့ ဒီလောက်အကျိုးကြီးရ သတုန်းလို့ဆိုတဲ့ ဥစ္စာကို စဉ်းစားကြည့်ပေါ့၊ဒီကျောင်းဟာ ဘယ်လောက်တန်ဖိုးရှိသလဲ၊ဆိုပါတော့အခုဘယ်လောက်ကုန်တဲ့ ဥစ္စာဟာ မိမိမသေခင် သားရင်းသမီးရင်းပဲ ဖြစ်ဦးတော့ ပေးစမ်းပါဆိုယင် မပေးနိုင်သေးဘူး၊ အခုသေခါနီးမှ သေတော့မှ မင်းတို့ ကြည့်ယူကြ၊ အခုတော့မပေးနိုင်သေးဘူး၊ ဟိုကာဒီက ဆွေရင်းမျိုးချာအတွက် အင်မတန်ကြီးကျယ်တဲ့ ကိစ္စရှိလို့၊ "ဒီလောက် ကူညီစမ်းပါ" ဆိုယင်"ဟာ-မကူညီနိုင်ဘူး"၊ ယခု ဗုဒ္ဓမြတ်စွာရဲ့ သာသနာလို့ ဆိုတော့ ဒီလောက်များများကြီး စွန့်ကြဲနိုင်တယ် စွန့်ကြဲရက်တယ်၊ ဒီတော့ အင်မတန်ကြီးကျယ်တဲ့နေရာဌာနကြီး၊ သာသနာတော်ကြီးက အင်မတန် ကြီးကျယ်တဲ့ စိတ်စေတနာကြီး ဒီသာသနာတော် ပြုစုရတဲ့စေဘနာက ဒါကြောင့် မိမိတို့ဟာ သံဃိကအဖြစ်ဖြင့် ကျောင်းကိုလှူဒါန်းပါတယ်။

**မဟာကပ္ပိနမင်း။** ။အဲဒီလို လှူဒါန်းပြီးတဲ့နောက်ကို ရှေးက ဘုရားလက်ထက်မှာ ကျွတ်တန်းဝင်ကြတဲ့ မဟာကပ္ပိနမင်းတို့ အနောဇာဒေဝီတို့ ဟိုရှေးတုန်းကလဲ အိမ်ခြေ

တထောင်ရှိတဲ့ရွာမှာ ခေါင်းဆောင် ဖြစ်ခဲ့ကြတယ်၊ အားလုံး ရွာသားတွေကလဲ တယ်ညီညွတ်ကြတယ်၊ သံဃာတော်တထောင် လောက် ဝါတွင်းနေစရာမရှိလို့ သူတို့က ကျောင်းကလေး ဆောက်လို့ ဆွမ်းပါပြုစုလို့နေခဲ့ကြတယ်။

**သာသနာနဲ့ရင်းနှီး။** ။နောက်တခါ ဘုရားတဆူရဲ့ လက်ထက် ကျတော့ သူတို့ပဲ စုစုဝေးဝေး ဖြစ်ကြတယ်၊ ကျောင်းဆောက်ကြတယ်၊ သံဃိကကျောင်း ဆောက်ကြတယ်၊ ကျောင်းဆောက်ရုံတင် မဟုတ်ဘူး၊ သူတို့ဘုရားနဲ့ တရားနဲ့သံဃာနဲ့ အင်မတန်ရင်းနှီးနေကြတယ်၊ ရင်းနှီးတယ်ဆိုတဲ့ ဥစ္စာ ဟိုအနေရင်းနှီးတာမဟုတ်ဘူး၊ စိတ်ရင်းနှီးနေတာ ဘုရား အပေါ်မှာ၊ ဒီတော့ ဘဝများစွာသံသရာက ဒီလိုဘုရားနဲ့ရင်းနှီး ပြီးတော့ သာသနာနဲ့ရင်းနှီးလာခဲ့တဲ့ စိတ်ဓာတ်ဟာ နောက်ဆုံး ကျတော့ မဟာကပ္ပိနမင်း အနောဇာဒေဝီမိဖုရား အမတ် တထောင် အမတ်ကတော်တထောင်၊ ဟိုတုန်းက အိမ်ခြေ တထောင် ရွာတုန်းက အလှူရှင်တွေ နောက်ကို ကျောင်းဒကာ ကျောင်းအမအဖြစ်နဲ့ သာသနာနဲ့ရင်းနှီးလာကြတဲ့ သာသနာ့ ဒါယကာဒါယိကာမတွေ ဒီမှာ ရှင်ဘုရင် မိဖုရား အမတ်ကြီးတွေ အမတ်ကတော်တွေ ဖြစ်ကြတယ်။

**ဘုရားပွင့်တယ်ကြား။** ။ရှင်ဘုရင်ကနေ့စဉ် နားထောင်တဲ့ဥစ္စာ ဘုရားပွင့်တဲ့ဥစ္စာကို သူသိပ်ကြားချင်နေတယ်၊ နေ့စဉ်နားထောင်တယ်၊ သုံးယူဇနာလောက်အထိ မြင်းလျင်တော်တွေကို "သွားကြစမ်းဟေ့၊ ဘာများသတင်းထူး

ကြားတုန်း”လို့ ဒီလိုလွှတ်လေ့ရှိတယ်၊ တနေ့တော့ဥယျာဉ်ထဲမှာ အမတ်ဘစ်ထောင်နဲ့နေကြတယ်၊နေကြတော့ ဟိုအဝေးက ကုန်သည်လက္ခဏာရှိတဲ့လူတွေလာကြတော့“ခေါ်စမ်းဟေ့ ဟိုလူတွေ အဝေးကလာတာနဲ့တူတယ်”ခေါ်ကြတော့ “အမောင်တို့ ဘယ်ကတုန်း”၊“ကျွန်တော်တို့က သာဝတ္ထိကပါ”၊“မောင်တို့ဆီများ ဘာသတင်းထူးများရှိတုန်း”၊ “ဟာ သတင်းအထူးရယ်လို့တော့ မဟုတ်ပါဘူး၊ ကျွန်တော်တို့ဆီမှာ ဗုဒ္ဓဘုရား ပွင့်တော်မူနေပါပြီ”၊ သူကြားချင်တဲ့သတင်းဟာ ဒီသတင်းပဲ၊ ပြီးတော့ ကြားလိုက်တယ်ဆို ဝမ်းသာလိုက်တာ၊ ဗမာလို နားလည်အောင် ပြောရလို့ရှိယင် ပီတိဟော့ဖြစ်ပြီးတော့ တခါထဲမေ့သွားတာပဲ။

**ထူးခြားတဲ့တရား။** ။နောက်တော့ “ဒီပြင်များ ဘာသတင်းထူးရှိပါသေးတုန်း”ဆိုတော့“ဗုဒ္ဓမြတ်စွာ ပွင့်တော်မူလို့ ဗုဒ္ဓမြတ်စွာရဲ့ ထူးခြားတဲ့တရားတော်တွေ ထွန်းပေါ်နေပါပြီ” ဆိုပါတော့ မိမိတို့လေ့လာနေတဲ့ ဓမ္မစကြာတရားပဲကြည့်ဦးတော့ “ဇာတိပိဒုက္ခာ၊ ဇရာပိဒုက္ခာ၊ ဗျာဓိပိဒုက္ခော၊ မရဏံပိဒုက္ခံ=ပဋိသန္ဓေ နေရတာလဲဒုက္ခပဲ၊ အိုရတာ နာရတာ သေရတာလဲ ဒုက္ခပဲနဲ့ အားလုံးဒုက္ခတွေ စီကာစဉ်ကာ တလောကလုံး အများဖြစ်နေတဲ့ ဒုက္ခတွေကိုဟောပြီးတဲ့နောက် ဒီဒုက္ခတွေ ဘာ့ကြောင့်ဖြစ်တုန်း ဆိုလို့ရှိယင် တဏှာလောဘ သမုဒယကြောင့် ဖြစ်ရတာပဲလို့ ဒီလိုဟောတော်မူတယ်။

ဒီလိုတရားတွေကို ဘယ်တုန်းကမှ ဘယ်သူမှ မကြားဘူးသေးဘူး၊ အဲဒီခေတ်၊ အဲဒီခေတ်ရဲ့ရှေ့ကခေတ်၊ အတော်ကြာကြာ

ကြီးခေတ်၊ ဟိုကဿပမြတ်စွာဘုရားရဲ့ လက်ထက်တော်တုန်းက သာ ကြားဘူးတာ၊ ဘယ်သူမှ မကြားဖူးဘူး၊ သိပ်ထူးခြားတဲ့ တရားတော်တွေ ဒီမှာပေါ်နေပြီ။

**သစ္စာတရား။** ။ကောင်းပြီ ဒီဒုက္ခတွေ တဏှာလောဘ သမုဒယ တွေကြောင့် ဖြစ်တဲ့ဒုက္ခတွေကို ဒီအတိုင်းပဲ ကုန်းခံရတော့မှာလားလို့ဆိုတော့ ဟာ ဘာဟုတ်မလဲ၊ ဒုက္ခမှ လွတ်ရာဖြစ်တဲ့ နိရောဓနိဗ္ဗာန်ရှိသေးတယ်၊ ဟောတော်မူတယ်၊ အံမယ် ဒီနိရောဓကိုရောက်ဖို့ရာ လမ်းစဉ်ကော မရှိပါဘူးလားလို့ ဆိုတော့ မဂ္ဂင်ရှစ်ပါး မဂ္ဂသစ္စာဆိုတဲ့ လမ်းစဉ်ရှိတယ်လို့ ဒီသစ္စာ ၄-ပါးတရားဟာ ဘယ်လောက်ဆန်းတုန်း ဒါပဌမဆုံးတရားပဲ့။

နောက် ဒုတိယတရားမှာက အနတ္တလက္ခဏာ တရားတွေဟော တော်မူလိုက်တာ၊ ဒီလိုတရားတွေ ပေါ်နေပါတယ်လို့ဆိုတော့ တခါထဲ မေ့သွားပြန်တယ်၊ အင်မတန်ကြားချင်တဲ့ သတင်း ကောင်းကိုး။

နောက်တခါ သတိရလာလို့ "ဒီပြင် ဘာများပေါ်ပါသေး တုန်း" ဒီတရားတော်အတိုင်း ကျင့်ပြီးတော့ တရားထူးပေါက် နေတဲ့ အရိယာသံဃာတော်များလဲ ထွန်းပေါက်နေပါတယ်လို့ အဲဒီလို သံတော်ဦးတင်တော့ မေ့သွားပြန်တယ်၊ ဘုရားတရား သံဃာနဲ့ ဘယ်လောက်များရင်းနှီးနေတုန်း။

**ငွေသုံးသိန်း။** ။နောက်တော့ ကောင်းပြီ မောင်တို့အင်မတန် ထူးတဲ့သတင်းကို ပြောဖော်ရလို့ မောင်တို့ကို ပထမဘုရားအကြောင်းပြောဖော်ရတဲ့အတွက် အသပြာတစ်သိန်း

ဆုချပါ့မယ်၊ ဒုတိယတရားအကြောင်း ပြောဖော်ရတဲ့အတွက် အသပြာတစ်သိန်း၊ တတိယ သံဃာ့အကြောင်းကို ပြောဖော်ရတဲ့အတွက် (သံဃာဆိုတာ အရိယာသံဃာများနော်၊ ဒီလို ပုထုဇဉ်သံဃာမဟုတ်သေးဘူး) အသပြာတစ်သိန်း ဆုချပါ့မယ် ဆိုပြီးတော့ စာရေးပြီး မိဖုရားဆီလွှတ်လိုက်တယ်၊ အသပြာ သုံးသိန်း ဒီလူများကို ပေးလိုက်ပါ၊ မိမိတို့ကို ဘယ်သွား တုန်းလို့ဆိုလို့ရှိယင် အဲဒီဘုရား, တရား, သံဃာထွန်းပေါ်တဲ့ နေရာမှာ အမတ်တထောင်နဲ့အတူ သွားကြပါပြီလို့ အဲဒီလို သံတော်ဦးတင်ပါလို့ မှာပြီးတော့ လွှတ်လိုက်တယ်။

**ဘုရားအာရုံနဲ့ကူး။**   ။တခါထဲ နဂိုကလဲ မြင်းတွေနဲ့ ဥယျာဉ်ထဲ ထွက်လာ ကြတာမို့ မြင်းစီးပြီးတော့ သွားကြတာပဲ၊ လမ်းမှာ မြစ်တွေတွေ့တယ်၊ ဘာမှရေကူးစရာ ဖောင်တွေဘာတွေမရှိဘူး၊ ကဲ-ဘုရားကိုအာရုံပြုပြီးတော့ ဘုရား အာရုံနဲ့ကူးသွားတယ်၊ ဘာမှမဖြစ်ဘူး၊ သာမန်မြင်းခွါလောက် မြုပ်တဲ့ရေကလေးသွားရသလိုပဲ၊ နောက်တခါမြစ်တစင်း နောက် တခါမြစ်တစင်း ဘုရားအာရုံယူ၊ တရားအာရုံယူ၊ သံဃာ့အာရုံယူ ဒီလိုနဲ့ သွားလိုက်တာ မြတ်စွာဘုရားက အဆင်သင့်လာမယ်ဆိုတာ သိတော်မူလို့ ကြွပြီးတော့ သစ်ပင်အောက်ဟာထိုင်ပြီး စောင့်ဆိုင်း ကြိုဆိုတော်မူတယ်၊ အဲဒီတော့ မြတ်စွာဘုရားဆီရောက်တယ်။

ဆိုပါတော့ ဘုရားဆီတရားနာလို့ မြတ်စွာဘုရားက တရား ဟောလို့ ရဟန်းပြုကြတယ်၊သူတော်ကောင်းကြီးတွေ၊ ချက်ချင်း သောတာပန်ဖြစ်တယ်၊ နောက်တော့ ရဟန္တာဖြစ်ကြရော။

**ကိုးသိန်းဆုချ။** ။နောက်ခုနက သတင်းပို့သွားတဲ့ ကုန်သည်တွေက မိဖုရားဆီ ရောက်တော့ မိဖုရားက စကြည့်ပြီးတော့ "နေပါအုန်း မောင်တို့ကို သုံးသိန်းတောင် ဆုလာဘ်ပေးရအောင် ဘာများမောင်တို့က ကျေးဇူးပြုလို့တုန်း" လို့ဆိုတော့ အဲဒီမှာ "ဘုရားအကြောင်း သံတော်ဦးတင်" လို့ဆိုတော့ မိဖုရားကြီးက မေ့သွားတယ်၊ နောက် "တရားအကြောင်း သံတော်ဦးတင်" လို့ ပြောတော့လဲ မိဖုရားကြီး မေ့သွားတယ်၊ "သံဃာ့ အကြောင်း သံတော်ဦးတင်လို့ပါ" လို့ ပြောတော့လဲ မိဖုရားကြီးမေ့သွားတယ်။

ဒီတော့မိဖုရားကြီးက ဒီလောက်ကောင်းတဲ့သတင်းကိုကြားရတာဟာ မင်းတရားကြီးက တသိန်းစီသာ ဆုတော် လာဘ်တော်ပေးသနားတယ်တဲ့လား၊ ထိပ်ထားကတော့ သတင်း တပုဒ်အတွက် "သုံးသိန်း, သုံးသိန်း, သုံးသိန်း" ကိုးသိန်းပေါ့လေ၊ ဆုပေးသနားပါမယ်၊ "မင်းတရားများက ဒီသတင်းကြားလို့ ဘယ်လိုများလုပ်ကြတုန်း" လို့ဆိုတော့ အားလုံး ဘုရားရှိတဲ့နေရာကို အမတ်တစ်ထောင်နဲ့အတူသွားပါပြီ။

**အားလုံးလိုက်သွား။** ။ကောင်းပြီ ဆိုပြီးတော့ အမတ်ကတော်တွေကို ခေါ်တယ်၊ ဒီသတင်းကိုပြောပြတယ်၊ ပြောပြတော့ "ကဲ-ရှင်မတို့ ဘယ်လို လုပ်ကြမလဲ" မေးတော့ "သခင်မကော ဘယ်လိုလုပ်မလဲ" "အာ.... ကျုပ်ကတော့ သူတို့စွန့်ပစ်သွားတဲ့စည်းစိမ်ကို ဘာပြုလို့ထွေးတဲ့ တံတွေးကို ကောက်မျိုသလိုမျိုးရမလဲ၊ ဒီစည်းစိမ်ဘာလုပ်မလဲ၊

ဘာသုံးဖို့ရှိသေးသလဲ၊ ကျုပ်တို့သွားမယ်၊ ရှင်မတို့ ဘယ့်နှယ်တုန်း၊ "အာ....အားလုံးလိုက်မယ်"လို့ပြောကြတယ်၊ တခါထဲ အမတ်ကတော်တစ်ထောင်လဲ မြင်းယာဉ်စီးပြီးတော့ သွားကြတာပဲ၊ ခုနကမြစ်တွေ ကူးသွားတယ်၊ ဘုရားအာရုံ၊ တရားအာရုံ၊ သံဃာအာရုံနဲ့ ကူးသွားတာပဲ၊ ဟိုကျတော့ မြတ်စွာဘုရားနဲ့တွေ့တယ်၊ နောက်ဆုံးတော့ ဘိက္ခုနီမတွေဖြစ်ကြတယ်။

**ရှေးပါရမီ။** ။ဒီတော့ကာ ကျောင်းဆောက်တယ် ကျောင်းတိုက်တည်တယ်၊ တခါဒီလို ကျောင်းတိုက်တွေထဲ သံဃာအဖြစ်နဲ့ နေကြတယ်ဆိုတဲ့ အားလုံး အစုအရုံးဟာ ရှေးပါရမီမနဲ့ဘူးပါတယ်၊ အင်မတန် ကြီးကျယ်တဲ့ ပါရမီတွေလို့၊ နောက်ကိုပေါလေ ကျွတ်တန်းဝင်ဖို့ရန် အရည်အချင်းရှိကြလို့ရှိယင် ရှေးပါရမီဟာ အင်မတန် ကြီးကျယ်လာတယ်၊ ခုနကပြန်ပြီးတော့ အမတ်မင်းများရဲ့ ဝတ္ထုကိုကြည့်ယင် တချိန်တုန်းက သံဃာတထောင်ကို ပစ္စေကဗုဒ္ဓါတစ်ထောင်ကို ကျောင်းဆောက်ပြီးတော့ ဆွမ်းပြုစုခဲ့ကြတယ်၊ နောက်ကို ဘုရားလက်ထက်ကျတော့ ကျောင်းဆောက်ပြီးတော့ ဘုရားတရားတော်နဲ့ မွေ့လျော်ခဲ့ကြတယ်၊ ဒီခေတ်တွေဟာ နောက်ဆုံး ကျတော့ ဘုရားပွင့်တော်မူပြီတဲ့လို့ဆိုယင်ပဲ ဘာသတင်းနဲ့မှမတူဘူး၊ စိတ်ကိုဆို့ပြီးတော့သွားလောက်အောင် မြင့်မြတ်တဲ့သတင်းကြားတယ်။

**ကျွတ်တန်းဝင်ရမှာ။** ။ဒီတော့ကာ ဘုန်းကြီးက ခုကျောင်းဒကာတွေ ကျောင်းဆောက်တယ်၊ ဒီလိုကျောင်းကြီးပြီးသွားပြီ၊ ငါ့ကျောင်း သူများက သာဓုခေါ်

တာတော့ခေါ်ပါစေပေါ့၊ ကိုယ်ကသာယာပြီးတော့ ဒီလိုနေဖို့ မဟုတ်ဘူး၊ ဒီကျောင်းကြီးကို လာဝင်ကြည့်တိုင်း ဒီဝတ္ထုကို သတိရလို့ တချိန်ဒို့ကျွတ်တန်းဝင်ရမှာဆိုတဲ့ ဥစ္စာဟာ ဒီလို သူလို ငါလိုနေယင်ပဲ သူ့လို လောဘကလေးနဲ့ လောဘကြီးနဲ့ပေါ့လေ၊ လောဘကလေးကတော့ မကင်းဘူးပေါ့၊ သူ့လို ငါ့လို မာန်မာန တွေဒေါသတွေနဲ့ ဒီလိုနေလို့တော့ ဒို့က ဟိုနောက်ဆုံး ကျွတ်တန်း ဝင်ဖို့ရန် အဆင်ပြေချင်မှပြေမယ်၊ ဒီတော့ကာ ဒို့ဟာ ကြမ်းကြမ်း လောဘတွေ ဒို့ကလျှော့ရမယ်၊ ဘုရားအာရုံနဲ့ နေရမယ်၊ အကြမ်း ဗတမ်း လောဘတွေ ဒေါသတွေ မာနတွေမရှိစေရဘူး၊ ဘုရား အာရုံနဲ့ စီးပွားရှာလဲမေတ္တာနဲ့ ကရုဏာနဲ့ ချိုချိုသာသာကလေး တရားသဖြင့် ရှာရမယ်၊ ဒို့စီးပွားရှာနေပေမယ့်လို့ ဒို့ကျွတ်တန်းဝင် ရမှာ၊ ဒို့ ခုစီးပွားနဲ့နေပေမယ့် စီးပွားတွေ တားမြစ်ခဲ့ရမှာ၊ ဒို့ ကျွတ်တန်းဝင်ရမှာ။

ဘုရားအာရုံပြု။ ။ဒီလို ကျွတ်တန်းဝင်မယ့်နေ့ကို ကျွတ်တန်း ဝင်မယ့်အချိန်ကို မှန်းပြီးတော့ မှန်မှန်ဘုရား အာရုံပြုလို့၊ ရှေးကဗုဒ္ဓမြတ်စွာရဲ့ လက်ထက်က သူတော်ကောင်း တွေကို အာရုံပြုလို့၊ အားလုံး ဒီလို သူတော်ကောင်းတွေ မေတ္တာ ပို့လို့၊ သူတော်ကောင်းမဟုတ်လဲ မေတ္တာပို့လို့၊ ညတိုင်းမနက် တိုင်း မနက် မျက်နှာတို့ ဘာတို့ သစ်ပြီးပြီဆိုလို့ရှိယင် ဘုရား အာရုံပြုလို့၊ အားလုံးစုစုပေါင်းမှ ငါးမိနစ် ကြာချင်ကြာပစေ ဘုရားအာရုံယူလို့၊ မေတ္တာပို့လို့။

**ဝိပဿနာရှု။** ။အားလုံးအနိစ္စတွေ၊ တဘဝပြောင်းကြရမယ်၊ တဘဝ ပြောင်းကြရမယ်၊ အားလုံး အို၊ နာ၊ သေရေး ဒုက္ခတွေ ဘယ်သူမှမကင်းဘူး၊ တဘဝပြောင်းရမယ်၊ အဲဒီလို ဝိပဿနာရှုလို့ ကိုယ့်ကိုယ်ကို စိုက်ပြီးတော့ အနိစ္စ-ဒုက္ခ အနတ္တလို့ နေ့တိုင်း နေ့တိုင်း မနက်တိုင်း အနဲဆုံး ငါးမိနစ်၊ ညအိပ်ရာဝင်တိုင်း အနဲဆုံး ငါးမိနစ်၊ နေ့စီးပွား ရှာတိုင်း သတိရလို့၊ ဒါ ဘုရားသာသနာ ပြုစုခဲ့ရပြီ၊ ပြုစုခဲ့ရပြီ၊ ပြုစု နေတယ်၊ နောက် ဘုရားသာသနာ ဒို့ ကျွတ်တန်းဝင်တဲ့ အချိန်မှာ လွယ်လွယ်ကလေး ကျွတ်တန်းဝင်နိုင်အောင် အခု နေပါတယ်၊ ကိုယ့်ဆွေကိုယ့်မျိုးတွေလဲ မေတ္တာ ကရုဏာနဲ့ စကား ပြောလို့၊ မိတ်ဆွေတွေနဲ့လဲ မေတ္တာ ကရုဏာနဲ့စကားပြောလို့၊ ဆက်ဆံလို့၊အဲဒီလိုနေလို့ရှိယင် ဒီကျောင်းကြီးဟာ နောက်ဘဝ ကျတော့ ဘာဖြစ်မှာလဲ၊ သာယာလို့တော့မဟုတ်ဘူး၊ ဘုံဗိမာန် ကြီးတွေဖြစ်မယ်၊ နန္ဒိယသဌေးတို့လို ဘုံဗိမာန်ကြီးတွေ ဖြစ်မယ်။

**နိဗ္ဗာန်လာဖြစ်။** ။နောက်ဆုံး ဘဝကျတော့ ဒီကျောင်းကြီး ဟာ နိဗ္ဗာန်ကြီးလာလာဖြစ်မယ်၊ ဒီတော့ ပြုရတဲ့ကျောင်းကြီး ကြည့်ပြီးတော့ ဘဝသံသရာမှာ နေရာ ထိုင်ခင်းတွေဖြစ်မယ်၊ နောက်ဆုံးဘဝမှာ နိဗ္ဗာန်ကြီးဖြစ်မယ်၊ ဒီကျောင်းကြီးကို အကြောင်းပြုပြီးတော့နိဗ္ဗာန်ကို ဒို့မျက်မှောက် ပြုရမယ်၊ဒါရှေးတုန်းက ဒီလိုပဲ လမ်းစဉ်ရှိတယ်၊ ဒီလိုပဲ သူတော် ကောင်းတွေသွားခဲ့ကြတယ်၊ အနာထပိဏ်သူဌေးတို့ ဒီလိုပဲလာခဲ့ ကြတယ်၊ ဝိသာခါတို့ ဒီလိုပဲလာခဲ့ကြတယ်၊ မကြာမီက ဘုန်းကြီး

ဟောထားတဲ့ ဟိုသုမေဓာ ရှင်ဘုရင့်သမီးတို့ ဒီလိုပဲလာခဲ့ကြတယ်၊ သုမေဓာရှင်ဘုရင့်သမီးဟာ ရဟန္တာမကြီးဖြစ်လို့ ဒီလိုပဲ ပြောတယ်၊ ဒို့ဘဝပေါင်းများစွာ စည်းစိမ်အကြိမ်ကြိမ်ဟာ ဒီကျောင်းပဲ၊ ဒီကျောင်းကြီးဟာ ဘဝများစွာ စည်းစိမ်အကြိမ်ကြိမ်ဖြစ်လာတယ်၊ နောက်ဆုံးဘဝကျတော့ ဒီကျောင်းကြီးဟာ နိဗ္ဗာန်ဖြစ်လာတယ်၊ နိဗ္ဗာန်ကြီးပဲ၊ နိဗ္ဗာန်မြင်တာ ဒီကျောင်းကြီးပဲနဲ့ သုမေဓာ ရှင်ဘုရင့်သမီး ရဟန္တာမကလဲ သူက စကားပြောလဲကောင်းတယ်၊ စိတ်ထားလဲ ထက်တယ်၊ ရှင်ဘုရင့်သမီးလဲဖြစ်တယ်၊ အဲဒီလိုပြောတယ်။

**စိတ်ထားမြင့်။** ။ဒါ့ကြောင့် ဒကာတို့က ကျောင်းချည်းမပြီးပါနဲ့ စိတ်ထားတွေပါ မြင့်လိုက်ပါ၊ ကျောင်းချည်းမပြီးပါနဲ့၊ လောကရဲ့ဆက်ဆံရေးပါ အကုန်လုံးပြေအောင် ဖြင့်လိုက်ပါ၊ ဒီကျောင်းကြီးမပြီးပါနဲ့၊ ဒီကျောင်းဟာ ဘဝပေါင်းများစွာရဲ့အတွက် နေရာထိုင်ခင်းဖြစ်ရပါ့မယ်၊ ဖြစ်မှာပါ၊ နောက်ဆုံးဘဝ ကျွတ်တန်းဝင်ဖို့ရန်လဲ နိဗ္ဗာန်ဖြစ်မှာပါ၊ အဲဒီ နိဗ္ဗာန်ကို ရည်စူးပြီးတော့ ယခု ကျောင်းလှူပါတယ်လို့ ဒီလိုနှလုံးသွင်းကြ။

**အလုပ်လုပ်နေ။** ။ဘုန်းကြီးလို့ ဘုန်းကြီးတွေကလဲ ဘုန်းကြီးယခု အသက်ကြီးပြီ မဟုတ်လား၊ ကံအားလျော်စွာ အလုပ်လုပ်နိုင်သေးတယ်၊ လုပ်နေတဲ့ ဥစ္စာဟာ ဟိုလေးငါးဆယ်လောက်ကထက် မရော့သေးဘူး၊ အလုပ်လုပ်

နေတယ်၊ အဲဒီတုန်းကထက် တန့်ဖိုးရှိတယ်၊ ဒီတော့ဘုန်းကြီး က လုပ်ရပါမယ်၊ သက်သာနိုင်သမျှတော့လဲ သက်သာအောင် နေရပါမယ်၊ အရေးရှိလို့ရှိယင် မနက်ကဆိုယင် ဆိုပါတော့ မိုးရွာတယ်၊ အင်း ဒီမှာ ဘယ်လိုဖြစ်နေကြမယ်လေလို့ ဆိုပြီး တော့ လာကြည့်တယ်၊ ဘယ်လိုလုပ်ပါ၊ ဘယ်လိုဆွမ်းခံပါ၊ ပြီးဒီမှာလာပြီးတော့ တရားစကား ပြောတယ်၊ မနေ့ညကလဲ ပြောတယ်၊ ဒီတော့ သက်သာနိုင်သမျှတော့ သက်သာအောင် နေပါတယ်၊ အလုပ်လုပ်ရတာက ရှေးတုန်းက အလုပ်တွေထက် တန့်ဖိုးလဲရှိပါတယ်၊ ကြီးလဲကြီးကျယ်နေပါတယ်၊ အဲဒီ အလုပ် တွေကို နေ့တိုင်းလဲ လုပ်နေရပါတယ်။

ယခုမြင်နေ။ ။ဒါ့ကြောင့် ဘုန်းကြီးဘာကြောင့်လုပ်နေတုန်း၊ မြင်နေတာပဲ၊ ဘဝပေါင်းများစွာလဲ မြင်နေ တာပဲ၊ အာ....ဒို့ ဒီအလုပ်တွေဟာ နိဗ္ဗာန်ပဲ၊ ဘဝများစွာမှာ ဉာဏ်ပညာထက်ထက်နဲ့ အများကို စောင့်ရှောက်နိုင်မှာဟာ ဒီအလုပ်တွေပဲ၊ ဒါ့ကြောင့်မို့လို့ ယခုမြင်နေတယ်၊ ကျောင်း သံဃာတွေကို ပြင်နေတယ်၊ တကယ့် သူတော်ကောင်းအဖြစ်နဲ့ မနေနိုင်ကြယင် တခြားကို ရွှေ့ကြပါတော့၊ ဘုန်းကြီးကတော့ ရွှေ့လို့မဖြစ်ပါဘူး၊ ဒီလောက်ပြင်နေတဲ့ ဥစ္စာကို၊ ဘုန်းကြီး တပါးတည်း ကျန်သည်အထိ ဘုန်းကြီးက တင်းတင်းမာမာ လုပ်ရတော့မှာပါ၊ ဒီတော့ကာ တခြားကို ရွှေ့ကြပါတော့၊ ဒီကျောင်းမှာ နေမှာဖြင့်ယင် ဒီကျောင်းရဲ့ ဘုန်းကြီးစကား အတိုင်း နားထောင်ကြပါ။

မပေါ့ကြနဲ့။ ။အားလုံးကို ဘုန်းကြီး ထိန်းသိမ်းပြီးတော့ နေပြီ မဟုတ်လားလို့၊ ကျောင်းသံဃာတွေ မပေါ့ကြနဲ့၊ ကောင်းကောင်းနေကြပါ၊ ဒို့ဒီလိုအနေမျိုးဟာ ခုနှယ်ကသာ ကောင်းကောင်းနေလို့ရှိယင် ဘဝများစွာ သံသရာမှာ ပညာရှိနေတဲ့ ချမ်းသာတဲ့ ဘဝမျိုးဖြစ်မယ်၊ နောက်ဆုံးဘဝမှာ ဘုန်းကြီးတို့လို ပညာတွေ တိုးပြီးတော့ မဂ်ဖိုလ်နိဗ္ဗာန်ကြီး ဖြစ်လာမယ်လို့ ဒီလိုမြင်ပြီးတော့ကာ တကယ့် စေတနာနဲ့နေကြပါ၊ ပေါ့ပေါ့ဆဆနဲ့ နေလို့တော့ ဒီကျောင်းမှာ မနေပါနဲ့၊ တကယ်ပေါ့ဆမှန်းသိလို့ရှိယင် ဘုန်းကြီးက ထုတ်ကိုထုတ်ပြီးတော့ ပစ်ရပါ့မယ်၊ ဒါကြောင့် ပေါ့ပေါ့ ဆဆမနေနဲ့။

ကျောင်းဒကာများက ထပ်ပြီးတော့ပေါ့လေ ရေစက်အချောကလေးချပြီးတော့ အမျှဝေရအောင်။

## ရေစက်ချအမျှဝေ

လှူဒါန်း။ ။အရှင်ဘုရား ဘုရားတပည့်တော်တို့သည် ဤအုတ်တိုက်ကျောင်းကို ဤကျောင်းသို့ရောက်လာ မရောက်လာသော အရပ်လေးမျက်နှာ၌ သီတင်းသုံးတော်မူသော စာတုဒ္ဒိသာ သံဃာတော်အပေါင်းအားမြတ်စွာဘုရားကို အမှူးပြု၍ ကပ္ပိယကုဋ္ဌိအဖြစ်ဖြင့် လှူဒါန်းကြပါကုန်၏ ဘုရား။

## ဆုတောင်း

ဣဒံ မေ ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု—

ဤ ကောင်းမှုသည် ရောက်လေရာဘဝ၌ နိဗ္ဗာန်ရောက်ကြောင်း ကောင်းမှုပါရမီကို ဖြည့်ကျင့်ဖို့ရန် အထောက်အပံ့

ဖြစ်၍ ဘဝဆက်တိုင်း ပါရမီကို ဖြည့်ကျင့်ပြီးလျှင် နောက်ဆုံးဘဝ၌ မြတ်စွာဘုရားသည် ဟောပြတော်မူအပ်သော နိဗ္ဗာန်ဓာတ်ကို မိမိဉာဏ်ဖြင့် မျက်ဝါး ထင်ထင် မြင်နိုင်တဲ့ကိုယ် ဖြစ်ရပါလို၏ဘုရား။

**အမျှဝေ**။ ။ဣမံပုညပတ္တိံ၊ ဤကောင်းမှု၏အဖို့ကို။ဣမံပရိသံ၊ ဤကြွရောက်လာသော သံဃာတော် ပရိသတ် ဆွေမျိုး မိတ်ဆွေ ပရိသတ်ကို။ အာဒိံကတွာ၊ အစပြု၍။ သဗ္ဗသတ္တာနံ- အလုံးစုံသော အသက်အာ့းဖြင့် ထင်ရှား ရှိကြ မရှိကြသော အမိအဖ ဆရာသမား ဆွေမျိုးမိတ်ဆွေ ကိုယ်စောင့်နတ် ဤကျောင်းတိုက်စောင့်နတ် မိမိတို့၏နေရာ အဟောင်း အသစ်ဖြစ်သော အိမ်တိုတိုက်တို့၌ စောင့်ကြပ်၍ နေကြသော နတ်အပေါင်း ဘုမ္မစိုး ရုက္ခစိုး အာကာသစိုး ငရဲသေ၌နင်း ယမမင်း ဒေဝသေ၌နင်း သိကြားမင်းမှစ၍ သုံးဆယ့်တစ်ဘုံ၌ ကျင်လည်ကြကုန်သော သတ္တဝါအပေါင်းတို့အား။ ဘာဇေမ- အမျှ အမျှ အမျှ ပေးဝေပါကုန်၏။ အမျှရ၍ ချမ်းသာကြပါစေသော်—။

အမျှ အမျှ အမျှ ယူတော်မူကြပါခင်ဗျား။

သာဓု.... သာဓု.... သာဓု ...။

ပွဲကုန်းသိမ်ကျောင်း ရေစက်ချတရားတော် ပြီးပြီ။

# ဓမ္မရတနာ

၁။ ဗုဒ္ဓညွှန်ပြ မြတ်ဓမ္မ၌ သုတ္တ ဝိနည်း အဘိဓမ္မာ၊
လေးဆယ့်ငါးဝါ ဟောဖေါ်ငြားလည်း
သုံးပါးဤမျှ အချုပ်မှာ၊

ဝိနည်းဆိုတာ သံဃာများ၏ ဝတ်စားနေမှု ကောင်းဖို့ရာ၊
အဘိဓမ္မာ သဘာဝက ရုပ်နာမ်ညွှန်ပြ အစစ်သာ။

၂။ သုတ္တန်သည်ကား ဗိုလ်လူများ၏ စီးပွားသုခ
ညွှန်သည့်စာ၊
ဤဘဝဝယ်ချမ်းသာပေးလို့၊ နောင်ရေးသုခရဖို့ရာ၊
ဘဝလွတ်အောင် ဆောင်နိုင်ငြားသည့်၊
တရားထူးလည်းရှိသည်သာ၊
ထို့ကြောင့် ဗုဒ္ဓမြတ်ဓမ္မကို
မကွယ်ပဘို့ စောင့်ရတာ။

ဗုဒ္ဓဘာသာသင်ခန်းစာ

# စက်လေးပါးတရားတော်

**စက်လေးပါး။** ။ဒီနေ့ ပြောမဲ့ တရားက စက်လေးပါး အကြောင်း ပြောမယ်၊ စက်လေးပါး အကြောင်း ပြောတော့ကာ အများကြားဖူးနေတဲ့ မင်္ဂလသုတ်ထဲက "ပဋိရူပဒေသဝါသောစ-သင့်တင့်လျောက်ပတ် ကောင်းမြတ်သော အရပ်၌နေခြင်းသည်လည်းကောင်း၊ ပုဗ္ဗေ၊ ရှေးရှေးဘဝ၌၊ ကတပုညတာစ၊ ပြုအပ်ဖူးသော ကောင်းမှုရှိသူ၏ အဖြစ်သည် လည်းကောင်း၊ အတ္တသမ္မာပဏိဓိစ၊ မိမိကိုယ်မိမိ စိတ်ကို ကောင်းစွာထားနိုင်ခြင်းသည်လည်းကောင်း" အဲဒီမင်္ဂလသုတ်ထဲက မင်္ဂလာ ၃-ပါးဟာ စက် ၃-ပါးပဲ၊ နောက်ထပ် "သပ္ပုရိသူပနိဿယော-သူတော်ကောင်းမှီခိုရခြင်း"ဆိုတဲ့ စက်တပါးထပ်ထည့်ယင် စက် ၄-ပါးဖြစ်သွားမယ်၊ အလှူရှင်များကို အကြောင်းပြုပြီးတော့ ဟောနေတာ၊ အလှူရှင်များက ဟိုကိစ္စ ဒီကိစ္စများ ဗျာပါရများနေယင် တရား နားမလည်နိုင်ဘူး၊ ဗျာပါရမပွားနဲ့။

**ရှေးကကောင်းမှု။** ။အဲဒီ စက်လေးပါးထဲက ပုဗ္ဗေစ ကတပုညတာ၊ ရှေးကကုသိုလ် ကောင်းမှုပြုခဲ့ဖူးလို့ နောက်နောက်ကိစ္စတွေမှာ အကောင်းတွေ ရတာ။ ပုဗ္ဗေစကတပုညတာ၊ ရှေးကကုသိုလ်ကောင်းမှုပြုခဲ့လို့၊ ပြုခဲ့တဲ့ ကုသိုလ်ကလဲ အခွင့်သာလို့ပြုတော့ ပြုခဲ့ကြတယ်။ ယခု ဒီမှာ

ရောက်နေကြတဲ့ သံဃာများလဲ ရှေးက ကုသိုလ်ကောင်းမှု အမျိုးမျိုးပြုခဲ့ကြတယ်၊ သဒ္ဓေး သူကြွယ်ရှင်ဘုရင်ဖြစ်အောင်ပြုခဲ့ကြတယ်၊ ယခုရောက်နေကြတဲ့ ပရိသတ်တွေလဲ ရှေးက ကုသိုလ်ကောင်းမှု အမျိုးမျိုး ပြုခဲ့ကြတယ်၊ သဒ္ဓေးသူကြွယ် ရှင်ဘုရင်ဖြစ်အောင် ပြုခဲ့ကြတယ်၊ ဒါပေမယ့် အခွင့်တော့ သာချင်မှသာမယ်၊ အခွင့်မသာလို့ ရှိယင် ပြုခဲ့တဲ့ ကုသိုလ်တွေက မြုပ်နေတယ်၊ အခွင့်သာတဲ့အချိန်အထိ အခွင့်သာတဲ့ဘဝအထိ သူတို့အကျိုး မပေးနိုင်ဘူး၊ မရှိဘူးလို့ ဆိုတော့ရှိတယ်၊ နားလည်လား။

**သင့်တော်တဲ့အရပ်။** ။ရှေးကံကောင်းလို့ ရှိယင် ပဋိရူပဒေသ၊ သင့်တင့်လျောက်ပတ်တဲ့ အရပ်မှာ နေရတယ်၊ ဒါကံချည်း တာဝန်ပေးထားတာနော်၊ နောက်တော့ ကံချည်းမကတဲ့ဟာတွေ ပေါ်လာမယ်၊ ရှေးကံကောင်းလို့ ရှိယင် သင့်တော်သော အရပ်၌နေရတယ်၊ ဒါ "ပဋိရူပဒေသဝါသစက်" လို့ခေါ်တယ်၊ ရှေးက ကံကောင်းခြင်းတည်းဟူသော စက်က ပဋိရူပဒေသဝါသကို အခုဒကာတို့လုပ်နေတဲ့ စက်များလိုပဲ စက်ပတ်ကြိုးချင်း ဆက်သွယ်ပြီးတော့ လည်လာတယ်၊ ရှေးကံကောင်းလို့ သင့်တင့်လျောက်ပတ် ကောင်းမြတ်သော ပဋိရူပဒေသ၌နေကြရတယ်၊ ဒီစက်ဟာ လည်လာတယ်၊ ပုဗ္ဗေစကတပုညတာစက်က ပဋိရူပဒေသဝါသစက်ကို ရောက်လာတယ်၊ လည်လာတယ်၊ ဒီတော့ သင့်တင့်လျောက်ပတ် ကောင်းမြတ်တဲ့ အရပ်ကို ဘုန်းကြီးတို့က တွေ့ရပြီနော်။

**မြန်မာနိုင်ငံ။** ။မြန်မာနိုင်ငံလား၊ ဥရောပက နာမည်ကြီးနေတဲ့ နိုင်ငံတွေလား၊ ဘယ်နိုင်ငံလဲ၊ ဒီလိုစစ်ရမယ်၊ သင့်တင့်လျောက်ပတ်တဲ့အရပ်ဆိုတာ ဒါကိုစစ်တတ်ပါစေ၊ ကုသိုလ်ရေးနှင့်စပ်လာလို့ရှိယင်တော့ မြန်မာနိုင်ငံက ပဋိရူပဒေသ၊ သင့်တင့်လျောက်ပတ်တဲ့ အရပ်ပဲ၊ ကုသိုလ်ရေးနဲ့ ပြောတာနော်၊ ကုသိုလ်ရေးနဲ့ ပြောရလို့ရှိယင် မြန်မာနိုင်ငံက ဘုရား, တရား, ထွန်းကားနေသေးလို့ တရားတွေဘယ်လောက်ပဲလူတွေမှာ ဆိတ်နေပေမယ့် တရားစစ် တရားမှန်ကတော့ ရှိနေတာပဲ၊ တော်တော်ဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်တွေထဲမှာ ရှိနေသေးတာပဲ၊ ဒီတော့ တရားနဲ့ပြောမယ်၊ ကုသိုလ်ရေးနဲ့ ပြောမယ်ဆိုယင် ကုသိုလ်များများရတဲ့အရပ်ဟာ ပဋိရူပဒေသ သင့်တင့်လျောက်ပတ်တဲ့ အရပ်ပဲ၊ ဒါကိုမမေ့ပါနဲ့ ဒကာများက။

**နိုင်ငံခြား။** ။ဒီတော့ တခြားနိုင်ငံခြားက ကြီးကျယ်ပြီးတော့ နေတယ်၊ စီးပွားရှာလို့ တယ်ကောင်း၊ တချို့နိုင်ငံမှာ စည်းစိမ်တွေတယ်ကြီး၊ အသုံးအဆောင်တွေတယ်ကြီးကျယ်တယ်၊ ကုသိုလ်ပြုရတာလွယ်ရဲ့လားလို့ဆိုတော့ မလွယ်ဘူး၊ အင်မတန် ကျဉ်းမြောင်းသွားတယ်၊ နိုင်ငံခြားမှာ နေပြီးတော့ ပညာသင်ပေးတဲ့ ကုသိုလ်ပညာ အားပေးတဲ့ ကုသိုလ်ရပါတယ်၊ ဆေးရုံကြီးတွေအားပေးတဲ့ကုသိုလ်ရပါတယ်၊ ဒီပြင် ကုသိုလ်တွေကျတော့ နေ့တိုင်းပဲ အရနဲ့တဲ့အပြင် အကုသိုလ်တွေက သိပ်ပြီးတော့များနေတယ်၊ ဒီတော့ ဒါကို ယှဉ်ကြည့်ပါ၊ လောကအပြောနဲ့ ကြီးကျယ်ခမ်းနားတာကိုပြောယင်တော့ နိုင်ငံခြားက

အဆင့်အတန်းမြင့်တယ်၊ ပဋိရူပဒေသလို့ ဆိုရလိမ့်မယ်၊ ကုသိုလ်ရေးရာနဲ့ပြောလို့ရှိယင် မြန်မာနိုင်ငံကို မမှီဘူး၊ ဘုန်းကြီးကလဲ ဒီစိတ်မျိုးနဲ့ ကိုယ့်ဗမာနိုင်ငံကို မြင့်တင်နေတာ၊ မြန်မာနိုင်ငံက ကုသိုလ်ရေးရာနဲ့ အင်မတန်ကောင်းတယ်၊ ပဋိရူပဒေသဖြစ်တယ်၊ မင်္ဂလသုတ်ထဲက ပဋိရူပဒေသကို မှတ်ထားနော်၊ ပါဠိစကားကို သိပ်နားမလည်ယင် ပဋိရူပဒေသကို မှတ်ထားပါ။

သူတော်ကောင်းမှီ။ ။ပဋိရူပဒေသမှာ ရောက်လာတော့ ဘယ်လိုစက်နဲ့ တွေ့ပြန်တုန်းလို့ ဆိုတော့ သပ္ပုရိသူပနိဿယ ဒါကမင်္ဂလသုတ်ထဲမှာ မပါဘူး၊ မင်္ဂလသုတ်မှာ မပါတဲ့ သပ္ပုရိသူပနိဿယစက်၊ သူတော်ကောင်းကို တွေ့ရပြီ၊ သူတော်ကောင်းကို မှီခိုရပြီ၊ သူတော်ကောင်းကို မှီခိုရပြီ လို့ ဆိုတော့ကာ ယခုအလှူဒကာ အလှူအမများပဲ စဉ်းစားကြည့်ပါ၊ မိမိတို့စိတ်ဟာ ဒီစိတ်မျိုး ဖြစ်လာအောင် သူတော်ကောင်းအမှီမရပဲနဲ့ မဖြစ်နိုင်ဘူး၊ မိဘဆွေမျိုးယင်လဲဖြစ်ရမယ်၊ ရှေးကဖြစ်စေ နောက်မှဖြစ်စေ ဆရာသမားယင်လဲ ဖြစ်ရမယ်၊ ဒါကြောင့်သူတို့ဟာ သပ္ပုရိသ သူတော်ကောင်းတွေပဲ၊ အဲဒီသူတော်ကောင်းတွေမှီရလို့လှူချင်တယ်၊ ကလေးတွေလိမ္မာစေချင်တယ်၊ သားတွေ ဘုရားနဲ့တရားအကြောင်းသာသနာအကြောင်းကိုသိစေချင်တယ်၊ ဒီစိတ်တွေဖြစ်ပြီးတော့ ဒီအလှူ ထမြောက်လာတယ်၊ ဒါသူတော်တောင်းတွေကို မှီခဲ့ရလို့ဖြစ်တယ်၊သူတော်ကောင်းတွေမှီခဲ့ရလို့ မိဘကလဲကောင်းတယ်ဆိုယင် ယခုမိမိတို့ မိဘ အဖြစ်နဲ့ စဉ်းစားကြည့်ပါ၊ သားတွေကို ဘယ်လောက်

ကောင်းတာတွေပြောပေးနေတုန်း၊ မိမိတို့ မိဘများကလဲ ဒီလိုပဲ စွမ်းနိုင်သလောက် ပြောလိုက်မှာပဲ၊ ဒီက ဆရာသမားတွေက ရောက်လာတဲ့ရဟန်းလောင်း ရဟန်းသစ် ကိုရင်လောင်း ကိုရင်သစ်တွေကို စောင့်ရှောက် ပေးနေကြပြီ၊ ပြောပေးနေကြပြီ၊ ဒါဘာလဲ သပ္ပုရိသူပနိဿယ သူတော်ကောင်းတွေ မှီရလို့မို့ အဆုံးအမကောင်းတွေရကြတယ်၊ မိမိတို့လဲ ရခဲ့မှာပဲ။

**မိတ်ဆွေကောင်း။** ။ရခဲ့ရုံ မကဘူး၊ ရှေ့တော်တော်လေးကြီးမှပဲ မိတ်ဆွေကောင်းတွေနဲ့ဆက်သွယ်လို့ ဘယ်လိုနေရယင်ကောင်းတယ် ဘယ်လိုနေရယင် ကောင်းတယ်၊ အဲဒီလိုဟာတွေ ဖြစ်လာတာဟာ သူတော်ကောင်းတွေကိုမှီခဲ့ရလို့၊ သူတော်ကောင်းဆိုတဲ့ဥစ္စာ တကယ့် ဘုန်းကြီးသူတော်ကောင်းမှ မဟုတ်ဘူး၊ မိတ်ဆွေသူတော်ကောင်းလဲ ဖြစ်တာပဲ၊ ဒီလိုမိတ်ကောင်း ဆွေကောင်းတွေ မှီခဲ့ရလို့ "ဘယ်လိုပြုရတယ်၊ ဘယ်လိုနေရတယ်၊စိတ်ဘယ်လိုထားရတယ်" ဒီလိုနားလည်လာတယ်၊အဲဒီတော့ ပြန်ပြီးတော့ကာ စဉ်းစားလိုက်ယင် ရှေးက ကံကောင်းတဲ့ ပုဗ္ဗေစကတပုညတာကြောင့် ပဋိရူပဒေသ သင့်တင့်လျောက်ပတ်တဲ့ မြန်မာနိုင်ငံမှာ ရောက်လာကြရတယ်၊ သင့်တင့်လျောက်ပတ်တဲ့ မြန်မာနိုင်ငံ ရောက်လာတော့ ကုသိုလ်ရေးကို သင်ပြမယ့် သူတော်ကောင်း သပ္ပုရိသနဲ့တွေ့ရတယ်၊ ဘယ်သူတော်ကောင်းတွေတုန်း၊ မိဘကစပြီးကောင်းတယ်၊ အခုမိမိတို့ မိဘအနေနဲ့ စဉ်းစားကြည့် ကလေးတွေအပေါ်မှာ ဘယ့်လောက်ကောင်းတဲ့ လမ်းတွေကိုညွှန်ပြနေသလဲ၊ ဘယ့်လောက်ကောင်းတဲ့လမ်းဆိုတဲ့

ဥစ္စာ လိမ္မာအောင် ဘယ့်လောက်ညွှန်ပြနေသလဲ၊ လိမ္မာဆိုတာ ကုသိုလ်များများရအောင် ဘယ့်လောက်ညွှန်ပြနေသလဲ၊ အဲဒါ ကလေးတွေမှာ သပ္ပုရိသ သူတော်ကောင်းတွေကို မှီခိုရပြီ။

မိမိတို့လဲ မှီခိုခဲ့ရပြီ၊ အထိုက်အလျောက် ပတ်ဝန်းကျင်ပေါင်း သင်းဆက်ဆံတဲ့မိတ်ဆွေကောင်းတွေနဲ့ပြန်တွေ့တော့လဲ မိတ်ဆွေ တွေက ကောင်းတာတွေကို ညွှန်တယ်ဆိုယင် ဒီမိတ်ဆွေတွေလဲ သပ္ပုရိသ သူတော်ကောင်းပဲ။

**အဆုံးအမ။** ။ဒီတော့ ထပ်ပြီး နားလည်ပါနော်၊ ရှေးကံ ကောင်းတာက ပုဗ္ဗေစကတပုညတာ၊ ဒီဘဝ ကောင်းတဲ့ အရပ်မှာ ရောက်လာတာက ပဋိရူပ ဒေသဝါသ၊ ကောင်းတဲ့အရပ်ရောက်လာလို့ သူတော်ကောင်းတွေကို တွေ့ရ တာက သပ္ပုရိသူပနိဿယ၊ သူတော်ကောင်းတွေရဲ့ အဆုံးအမ တရားဓမ္မ နာရတာက သဒ္ဓမ္မဿဝန၊ ဒါလဲစက်ပဲ၊ ကြားစက် တစက်ပဲ၊ သူတော်ကောင်းတရားတွေ နာရတယ်၊ သူတော် ကောင်းတရားတွေနာရတော့ ဘာဖြစ်လာသလဲ၊ ယခု အလှူ့ ဒကာပဲစဉ်းစားကြည့်ပါ၊ "အင်း—သူတော်ကောင်းတရားတွေ ကြားရနာရ စဉ်းစားရ ဝေဖန်ရတယ်"။

**အလှူကြီးတွေ။** ။ဘယ့်နှယ်လဲ "အလှူ့ဒါနတွေက အလှူ ဒါနသဘာဆိုတာ အကုန်အကျတွေ များပြီး တော့ ကုသိုလ်အရနဲလှပါလား" ဒီမှာအတ္တသမ္မာပဏိဓိ-မိမိစိတ် ကို စဉ်းစားပြီး၊ မိမိစိတ်ကို ကောင်းအောင်ထားပြီး "ဘယ့်နှယ်လဲ ဒီမဏ္ဍပ်ကြီးတွေနဲ့ အလှူတွေပေးလိုက်ရတာ၊ ငွေအခြေအနေ

လိုက်ပြီးတော့ ထောင်ပေါင်းများစွာကုန်ရတယ်၊ ကုသိုလ်ဘယ်မှာလဲ၊ လူတွေကိုဖိတ်ပြီးတော့ အကျွေးတွေနဲ့ ဧည့်ခံရတာက ကုသိုလ်လား၊ အတ္တသမ္မာပဏိဓိ မိမိစိတ်ကို ကောင်းကောင်းထားတတ်ပြီလေ၊ စိတ်က စဉ်းစားတတ်လာပြီလေ၊ ဒါဘာပြုလို့လဲ အဆက်ဆက်စက်တွေကြောင့် မိမိစိတ်ကို မိမိစဉ်းစားတတ်လာပြီ ကောင်းကောင်းထားတတ်လာပြီ။

**သားရှင်ပြု။** ။ကုသိုလ်က ဒီလောက်ပစ္စည်းတွေအကုန်ခံပြီးတော့ သား ရှင်ပြုတယ်ဘာတယ် ဆိုကြတယ်၊ ရှင်ပြုတဲ့ သားကလဲ ဘယ်လောက်များ ကိုရင်ဘ၀နဲ့ ကောင်းကောင်းနေနိုင်သလဲ၊ ကိုရင်ဘ၀ ကောင်းကောင်းမနေနိုင်ပဲနဲ့ သင်္ကန်းဝတ်ပြီးတော့ ပေါ့ပေါ့ဆဆ နေလို့ရှိယင် ကုသိုလ်ရသလား၊ “ဟော—အတ္တသမ္မာပဏိဓိ၊ မိမိစိတ်ကိုမိမိ ကောင်းကောင်းထားတတ်လာပြီ၊ စဉ်းစားတတ်လာပြီ၊ ဘယ်လောက်များ ကျေးဇူးများသလဲ၊ သူတော်ကောင်းနဲ့တွေ့ရတာ ဘယ့်လောက်ကျေးဇူးများသလဲ၊ ပဋိရူပဒေသ ရောက်နေရတာ ဘယ့်လောက်များ ကျေးဇူးများသလဲ။

**သံဃာအလှူ။** ။ပြီးတခါ ကိုယ့်ကိုယ်ကို စဉ်းစားပြီးတော့ “ဒီလိုဆိုယင်တော့ ငါ့ရဲ့သား ရှင်ပြုကိစ္စမှာ ဘယ်လို နက်ဖြန်ဖြစ်မှာလဲ၊ သံဃာတော်များကို ဆွမ်းကပ်လို့ “သံဃဿဒေမ- သံဃာအားလှူပါ၏ သံဃာအား လှူပါ၏” သံဃိကဒါန ယခုလဲကျောင်းမှာ အသုံးကျနေတဲ့ ကျောင်းသန့်

ရှင်းတဲ့နေရာမှာ အသုံးကျနေတဲ့ ပေါက်တူး တူးရှင်း၊ ဓားကာ စပြီးတော့၊ "သံဃသဓေမ-သံဃာအားလှူပါ၏၊ သံဃာအားလှူပါ၏" ပြီးတော့ ကျောင်းတကျောင်း ပြင်ဆောက် ဆောက်တဲ့ နေရာမှာ နဂိုလဲ ဝတ္ထုလေးထောင် လှူပြီးပြီ၊ ယခုတထောင်ထပ်လှူတယ်၊ သံဃာအားလှူပါ၏၊ သံဃာအားလှူပါ၏၊ အဲဒီကျောင်းလဲ သံဃသဓေမ-သံဃာအားလှူပါ၏ "စောစောကနှောင်ကျလို့ရှိယင် ဆီအခက်အခဲတွေလိမ့်မယ်ဆိုပြီးတော့ ဆီပေပါကြီး ဝါဆိုဦးကထဲကပို့ထားတယ်၊ အလှူကျယင် လှူရအောင် သံဃသဓေမ-သံဃာအားလှူပါ၏"၊ တခါ ယခု ဆန်အိတ်တွေ သကင်္ကန်းတွေပါလာတယ်၊ "သံဃသဓေမ-သံဃာအား လှူပါ၏၊ သံဃာအားလှူပါ၏"။

ပုဂ္ဂိုလ်လှူယင်။ ။ဒီလို "သံဃသဓေမ-သံဃာအား လှူပါ၏" လို့ မဟုတ်ပဲနဲ့ ပုဂ္ဂိုလ်တပါးပါး ပင့်ပင့်ပြီးတော့ လှူလိုက်ရတာက ဆိုပါတော့ ဘုန်းကြီးပဲ လှူအုန်းတော့ ဘုန်းကြီးက တရားသဖြင့် အခုလှူတဲ့ဆန်မျိုးစုံဆီမျိုးစုံ တရားသဖြင့် ကိုယ့်ပရိသတ် သံဃာ့ပရိသတ်ရှိလို့ သံဃာအား ဝေငှသုံးစွဲပြီးတော့ အကျိုးများယင်တော့ သာသနာအကျိုး များတာပဲ၊ ဒီလိုမဟုတ်ပဲနဲ့ သူတပါးတည်း နှီးစပ်ရာကိုယ်တော်လေးတွေသာ ပေးယင်တော့၊ ဒီလိုများဆိုယင် သိပ်အကျိုးရနဲတာပဲ၊ သူကလဲ သာသနာ့အလုပ်မလုပ်တော့ယင် သံယောဇဉ်လေးတွေနဲ့ စားသောက်နေကြတယ်၊ ဒီလိုဆိုအကျိုးရသိပ်နဲတာပဲ၊ ဒီတော့ အခုဟာ "သံဃသဓေမ"ဘယ်သူမှ မရည်ရွယ်ဘူး။

**ဂိလာနစောင့်ရှောက်**။ ။တခါဘုန်းကြီးနဲ့ နဝကမ္မလို့ဆိုတယ်၊ ဘုန်းကြီးရဲ့နဝကမ္မကို လှူလှူ နေကြတာက ဘုန်းကြီးကအားလုံး စောင့်ရှောက်နေရတယ် ၊ စောင့်ရှောက်နေရတော့ တချို့ကိစ္စမှာ အားလုံးသံဃာနဲ့ဆိုင်တာတွေနဲ့ စောင့်ရှောက်လို့ မရဘူးဆိုပါတော့ နာလန်ထ ကိုယ်တော်လေးတွေ အားနဲလို့ရှိယင် နွားနို့သောက်ကြ၊ ဘုန်းကြီးရဲ့နဝကမ္မနဲ့ နွားနို့သောက်ကြ၊ တပါး ဆယ့်ငါးရက်လောက်သောက်ကြ၊ ဆယ့်ငါးရက်လောက်ဆိုတော့ အားရှိရောပေါ့၊အားမရှိသေးလို့ရှိယင် နောက်တကြိမ် လှဲသောက်၊ တလှဲစီ တနေ့တနေ့ ၂-ပါး၊ ၃-ပါး နွားနို့သောက်ကြ၊ ဒီလိုဟာတွေကို ဘုန်းကြီးလုပ်နေတာ သူတို့မြင်တော့ ဒီလိုဟာတွေသုံးရအောင်လို့ ဘုန်းကြီးရဲ့ နဝကမ္မကို လှူလှူနေကြတယ်။

**ကျောင်းပြင်**။ ။ဘယ်နားမှာ ကျောင်းတိုက် လိုနေတယ်၊ ဘုန်းကြီးက ဖြည့်ပြီးတော့ လုပ်ပေးရတယ်၊ မယ်မယ်ရရဒကာရှာလို့မဖြစ်ဘူး၊ ပြောလဲ မပြောကောင်းဘူး၊ ရှာလို့မဖြစ်ဘူး၊ ပြင်တာက တရာနှစ်ရာသုံးရာဆိုလဲ ဒီလောက်နဲ့ ပြီးမယ်၊ ၄၀၀-၅၀၀-ဆို ဒီလောက်နဲ့ပြင်လို့ပြီးမယ်၊ အဲဒါတွေကို သံဃာထဲက မတတ်သာမှသုံးတယ်၊ ဘုန်းကြီးမှာ ရှိတဲ့ နဝကမ္မတွေနဲ့ဒီလိုနေရာ သူတို့ကုသိုလ်ရကြပါစေတော့လို့ ဆုံပြီးတော့သုံးတယ်၊ ဒါကိုသိလို့ ဆရာတော်အလိုရှိရာ နဝကမ္မလို့ ဟောဒီလို သီးခြားလုပ်ပြီးလှူတယ်၊ ဘုန်းကြီးကလဲ ဒကာကြီးနဲ့ ဒကာမကြီးဆီမှာအပ်သော ပစ္စည်း ဘယ်လောက်ဆိုတဲ့ ဥစ္စာ သူလျှောက်ထားတာပဲရှိတယ်၊ ဘုန်းကြီးက မမှတ်ပါဘူး။

**အဆက်ဆက်ကောင်း။** ။ဒီတော့ ခုလဲ အတ္တသမ္မာပဏိဓိ-မိမိစိတ်ကို ကောင်းကောင်း ထားတတ်လာတာဟာ ဘာပြုလို့လဲဆိုတော့ သူတော်ကောင်းတွေကို မှီရလို့၊ သူတော်ကောင်းဘာလို့ မှီရတုန်း၊ ပဋိရူပဒေသ- သင့်တင့်လျောက်ပတ်တဲ့ အရပ်ကို ရောက်နေပြီ၊ သင့်တင့် လျောက်ပတ်တဲ့အရပ်ကို ဘာဖြစ်လို့ ရောက်ရတုန်း၊ ရှေးကကုသိုလ်ကံတွေ ပြုခဲ့လို့ ရောက်လာတာ၊ ဒီပြင်သူတွေလဲ ကုသိုလ်ကံတွေ မပြုဘူးလား၊ ဟိုနိုင်ငံခြားမှာ နေကြတဲ့သူတွေရော ကုသိုလ်ကံတွေ မပြုဘူးလား၊ ပြုတယ်လေ၊ အခါအခွင့်သင့်သလို အကျိုးပေးကြရတာ၊ သူတို့လဲပါပါတယ်၊ ကုသိုလ်ကံတွေ၊ ရှေးက ကုသိုလ်ကံတွေပြုခဲ့လို့ ယခု သင့်တင့်လျောက်ပတ်တဲ့အရပ်မှာ မိမိတို့ ရောက်လာကြတယ်၊ သင့်တင့် လျောက်ပတ်တဲ့ အရပ်ဆိုတာ တောင်မှ ဟိုတောထဲမှာ သံဃာမရှိဘာမရှိနဲ့ ဘာရွာတွေမှာနေရ ယင်လဲ ဒီလိုအလုပ်လုပ်လို့ မဖြစ်ပြန်ဘူး၊ တခါမြို့ကြီးပြကြီး ရန်ကုန်တို့လို အင်မတန်စည်ကားတဲ့နေရာကျပြန်တော့လဲ သိပ်မလွယ်ပြန်ဘူး၊ ဒီတော့ မန္တလေးဟာ သာသနာပြုလို့ အင်မတန်ကောင်းတဲ့နေရာ ဖြစ်နေတယ်။

**ရှေးကံကောင်း မကောင်း** အဲဒီနေရာမှာ တို့ရောက်လာတဲ့ ဥစ္စာ ပဋိရူပဒေသပဲ၊ ဘယ်က ပို့လိုက်တုန်း၊ ရှေးကံက ပို့လိုက်တာ၊ ပုဗ္ဗေစကတပုညတာကံက ပို့လိုက်တာ၊ ဒီလို မန္တလေးရောက်တိုင်း သူတော်ကောင်းတွေနဲ့ တွေ့ရပြီလားလို့ဆိုတော့ မတွေ့ရပါဘူး၊ အမေ အဖေတွေက ညံ့ညံ့နဲ့ ဆရာသမားတွေ ဖြစ်သလိုနဲ့

နေကြရပြန်ရော၊ အဲဒီလို ရှေးကံက ညှို့ယင်ညှို့သလို ဒေသ ကွာသွားပြန်ရော၊ ရှေးကံကကောင်းယင် ဆရာသမားကောင်း တွေနဲ့ တွေ့ရတယ်၊ မိကောင်းဖကောင်းတွေနဲ့ တွေ့ရတယ်၊ ဟောဒါ ရှေးကံ-ရှေးကံ၊ ဘယ်တော့မှ လက်မလွှတ်နဲ့။

တခါ မိမိစိတ်ထားတတ်တယ်ဆိုတဲ့ ဥစ္စာ ဒီဆရာသမားတွေ ရဲ့ တပည့် ဒကာဒကာမတွေတိုင်း ဒီလိုစိတ်မျိုးထားတတ် သလား၊ ဘယ်ဟုတ်မလဲ၊ တချို့ဂုဏ်ပကာသနတွေနဲ့ဒီကျောင်း ရောက်ခါမှ ဂုဏ်ပကာသနတွေနဲ့ သိပ်ပြီးတော့ လုပ်ချင်လာပြန် တယ်၊ ဒီတော့ကာ ရှေးကံကကောင်းလာမှလဲ ဆရာသမား ကောင်းရဲ့ ဩဝါဒကောင်းကို လိုက်နာနိုင်တယ်၊ ရှေးကံ မကောင်းလို့ရှိယင်၊ ဆရာသမားကောင်းတွေရဲ့ ဩဝါဒကောင်း တွေကို မလိုက်နာဖြစ်ဘူး၊ ဒီလိုဖြစ်နေတယ်။

**ကံရှိလို့ဉာဏ်ရှိ။**　　။ဒါ့ကြောင့် ရှေးကံဟာ တယ်တန်ဖိုးကြီး တယ်၊ ရှေးကံ အင်မတန် တန်ဖိုးကြီးတယ်၊ ရှေးကံ အင်မတန် တန်ဖိုးကြီးတာကို သိဖို့ သိပ်ခဲယဉ်းပါလား၊ ရှေးကံကောင်းဖို့ရန် မလွယ်လှဘူး၊ ရှေးကံကောင်းဖို့ဆိုတာ အပြေးကြည့်တော့ ကောင်းကြတာပဲ၊ ကောင်းပေမယ်လို့ သင့်တင့်လျောက်ပတ်တဲ့ အရပ်မျိုးပို့လိုက်တဲ့ ရှေးကံကတော့ မလွယ်ပြန်ဘူး၊ ဒီတင်ကိုယ့်ဟာကို ဝမ်းသာရမယ်၊ ငါ့ရဲ့ ရှေးကံကတော့ သင့်တင့် လျောက်ပတ်တဲ့ မန္တလေးတို့လို သာသနာရေးရှက်ဆောင်လို့ ကောင်းတဲ့နေရာမှာရောက်လာပြီ၊ ဒီတော့ ရှေးကံကောင်းလို့ ပဋိရူပဒေသပဲ၊ တခါ စီးပွားရှာ

လိုကော စီးပွားရှာလိုလဲ လောကအလိုက် မိမိတို့ဉာဏ်ရှိလို ရှိယင် ရှာလို့ဖြစ်ပါသေးရဲ့၊ ဉာဏ်ရှိလို့ရှိယင်ဆိုတာ ဉာဏ်က ဘယ်ကလာသလဲ၊ ရှေးကံကလာတယ်၊ ဒါ့ကြောင့် ရှေးကံကို လက်မလွှတ်ကြနဲ့၊ ရှေးကံကလာတော့ စဉ်းစားဉာဏ်ရှိလို့ စီးပွားရှာလို့ ရှာတတ်လာတယ်၊ ရှာစရာအခွင့်အလမ်းတွေ ရှာလို့ရတယ်၊ ဟောဒါ ရှေးကံ။

**စိတ်ထားတတ်လို့။** ။ဒါ့ကြောင့် ပဋိရူပဒေသမှာရောက်လာပြီး သူတော်ကောင်းတွေနဲ့ တွေ့ရပြီ၊ ဆရာမိဘ ဆွေမျိုးဉာတိ မိတ်ဆွေ သူတော်ကောင်းတွေနဲ့ တွေ့ရလို့မို့ ကောင်းရာ ပြောဆိုဆုံးမသြဝါဒကို နာရပြီ၊ ဒါရှေးကံ၊ ဒါဖြင့် အရှင်ဘုရား နာရတိုင်းကော လိုက်နာကြသလားဆို တော့ မလိုက်နာတတ်တဲ့ သူတွေ မလိုက်နာချင်တဲ့ သူတွေ အများကြီးရှိတယ်၊ ဒီတော့ မိမိတို့က စွမ်းနိုင်သမျှ လိုက်နာတတ်လာတယ်၊ စွမ်းနိုင်သမျှ လိုက်နာချင်လာတယ်၊ဒါ့ကြောင့် ဂုဏ်ပကာသနတွေ ရှောင်နိုင်သမျှရှောင်၊ လုံးလုံးမရှောင်နိုင် ပေမယ့် ရှောင်နိုင်သမျှရှောင်၊ နဲနဲနိုင်သမျှ နဲနဲနဲ့ ကုသိုလ် များများကြီးရတဲ့ အလုပ်ကို လုပ်မယ်လို့ အဲဒီလိုအနေမျိုး ရောက်လာတဲ့ဥစ္စာဟာ အတ္တသမ္မာပဏိဓိ-မိမိစိတ်ကို ကောင်း ကောင်းထားတတ်လို့ ဒီအခြေအနေရောက်လာတာဘဲ။

**နောက်ဘဝအတွက်။** ။ဒီတော့ အတ္တသမ္မာပဏိဓိနဲ့ ကုသိုလ် ဟူသမျှနှင့် ဒီဘဝအလုပ်တွေကြောင့် ဘာဖြစ်တာလဲ၊ နောက်ဘဝအတွက် ပုဗ္ဗေစကတပုညတာ သူတို့

လာဖြစ်မယ်၊ သိပ်အားရစရာ ကောင်းတယ်၊ နောက်ဘဝ အတွက် စက်တခါထပ်လည်ရမယ်လေ၊ လည်တော့ ဒီနေ့ပြုတဲ့ ကုသိုလ်တွေဟာ နောက်ဘဝက လှမ်းကြည့်လိုက်လို့ရှိယင် ဘာဖြစ်ပြန်သလဲဆိုယင် ပုဗ္ဗေစကတပုညတာ ဖြစ်ပြန်တယ်၊ ဒီနေ့ ကုသိုလ်ကောင်းသလောက် နောက်လာမယ့်ဘဝတွေမှာ သူတို့ အကျိုးပေးနေမယ်၊သူတို့ အကျိုးပေးလို့ အခွင့်သာယင် အဆင့်အတန်း မြင့်မြင့်နဲ့ ကောင်းတဲ့အရပ်ကို ရောက်မယ်၊ ကောင်းတဲ့ ဆရာမိတ်ဆွေတွေနဲ့ တွေ့ရမယ်၊ ကောင်းတဲ့ အဆုံးအမ ဩဝါဒတွေကြားရမယ်၊ ကောင်းတဲ့ အလုပ်တွေ လုပ်ဖြစ်သွားမယ်၊ ဒီဘဝကပြုတဲ့ ကံတွေက ဒီဘဝကပြုတဲ့ကံတွေဟာ နဲ့တဲ့ကံတွေလားလို့ဆိုဒါ။

**ကုသိုလ်စိတ်တွေ။** ။ယနေ့ပဲ ပြုတဲ့ကံတွေဟာ ဝါဆိုဦးက ဒီလိုစိတ်၊ နောက်တော့ ဘယ်လိုစိတ်၊ ယခု အလှူလှူခါနီးမှာ ဘယ်လိုစိတ်နဲ့ လှူတော့မယ်လို့ဆိုတော့ လှူတန်းဆဲဆဲမှာ ဘယ်လို စိတ်တွေဖြစ်လို၊ မေတ္တာစိတ်တွေ ကိုရင်လောင်းတွေ ဦးပဥ္စင်းလောင်းတွေကို နားလည်စေချင်တဲ့ မေတ္တာစိတ်တွေ ကရုဏာစိတ်တွေ၊ မိတ်ဆွေသင်္ဂဟတွေကို ဒီလို သံဃာတွေကြည့်ပြီးတော့ ဒီလို ရေစက်ချတာ မြင်စေချင်တဲ့ မေတ္တာစိတ်တွေ၊ ကရုဏာစိတ်တွေ ဒီကုသိုလ်တွေဟာ ကိုယ်ပြုတဲ့ ကုသိုလ်အပြင် သူများအတွက် အပိုရလိုက်တဲ့ကုသိုလ်တွေ မနဲဘူး။

## စက် ၄ ပါး

ဒီဟာ ပုဗ္ဗေစကတပုညတာပဲ၊ ဒီလိုဆိုရင် သူတပါးကို ကောင်းစားစေချင်တဲ့မေတ္တာစိတ်တွေဟာ ပုဗ္ဗေစကတပုညတာ အဖြစ်နဲ့ နောက်သံသရာ ဘယ်လိုအကျိုးပေးမလဲ၊ ကိုယ့်ကို ကောင်းစားစေချင်တဲ့ မိဘတွေနဲ့တွေ့မယ်၊ ကိုယ့်ကိုကောင်းစား စေချင်တဲ့ ဆရာကောင်း သမားကောင်းတွေနဲ့တွေ့မယ်၊ ဒီ အကြောင်းက အကျိုးတွေ သွားပြီးတော့ ပေါ်လာအုန်းမယ်၊ ဒီတော့ အင်မတန် ဝမ်းသာစရာကောင်းတယ်။

ဆွေမျိုးဘိုးဘွား။ ။ဘုန်းကြီး ဒီနည်းနဲ့ ဒီသာသနာကြီးကို တာဝန်ထမ်းနေတယ်၊ ငါ့မှာ ရှေးက ပုဗ္ဗေစကတပုညတာ၊ အင်မတန် ကောင်းတယ်၊ အင်မတန် ကောင်းလို့ဟုတ်ပါရဲ့ တောရွာ နေလာပေမဲ့ ဆွေတွေမျိုးတွေ ဩဝါဒပေးမဲ့ ဆွေတွေမျိုးတွေနဲ့ ဘိုးတွေဘွားတွေနဲ့ ဥပုသ် စောင့်နေတဲ့ အဖွားတွေနဲ့ တွေ့ရတယ်၊ ပုဗ္ဗေစကတပုညတာ ကြောင့် ပဋိရူပဒေသဝါသရောက်နေပြီ၊အဲဒီလို ဒေသရောက်တဲ့ အတွက်ကြောင့်ဆရာကောင်းသမားကောင်းကြီးတွေ ဘုန်းကြီး တို့ ဒုတိယ သာသနာပိုင်ဆိုတဲ့ မဟာဝိသုဒ္ဓါရုံ ဆရာတော်ကြီး ဆိုတာ ဆွေမကင်း မျိုးမကင်းဘုန်းကြီးတို့နယ်က ဘုန်းကြီးတို့ ရွာနဲ့ ကပ်နေတဲ့ရွာက ဘုန်းကြီးတို့ ရွာမှာနေတယ်၊ ဒီတော့ ဆရာသမားကြီးတွေနဲ့တွေ့လို့၊ တခါ ဆရာသမားကြီးတွေက ကောင်းတဲ့ အဆုံးအမတွေပေးလို့။

**ငယ်ရွယ်စဉ်က။** ။ဒါ မိမိစိတ်ကို ငယ်ငယ်ကတည်းက ဘိုးတွေ ဘွားတွေ မှိုမြိုးတော့ ဉပုသ်ကလေးများ စောင့်လို့ ကျောင်းသားဘဝ ထမင်းဆာလဲ ဉပုသ်မဖျက်ဘူး။ ဉပုသ်စောင့်လို့ ကုသိုလ်ပြုချိန်တန်မှာ ရေတို့ပန်းတို့လှူလို့ ဒီလိုနဲ့ နေလာခဲ့ရလို့ ငါ့မှာ ပုဗ္ဗေစကတပုညတာ သိပ်ကောင်းလာတယ်၊ သင့်တင့်လျော်ကပ်တဲ့အရပ်လဲ ငါဖြစ်ရတယ်၊ မိကောင်း-ဖကောင်း၊ ဆရာကောင်း၊ သမားကောင်း၊ ဖိုးကောင်း၊ ဖွားကောင်းတွေနဲ့တွေ့ရတယ်၊ အမိအဖထက် ဖိုးတွေဖွားတွေကသာ ကောင်းတယ်၊ အင်္ဂလိပ်မရောက်ခင် အင်္ဂလိပ်လက်ထက်မရောက်ခင် ဗမာပီပီ ဖိုးတွေဖွားတွေ တယ်သူတော်ကောင်းတွေ ဖြစ်ကြတယ်၊ အဲဒီဖိုးတွေဖွားတွေနဲ့ မှီခဲ့ရတယ်၊ ဆရာကောင်း သမားကောင်းတွေနဲ့ မှီခဲ့ရတယ်၊ မန္တလေးရောက်ပြန်တော့လဲ တကယ့်ဆရာသမားကြီးတွေနဲ့ တွေ့ရတယ်၊ နောက်တော့ ပခုက္ကူတို့ဘာတို့ သွားပြန်တော့ ဆရာတော်ကြီးတွေက သိပ်ပြီးတော့ အရေးပါ လိုက်ပြန်တယ်၊ အဲဒီတော့ ဘုန်းကြီးမှာလေ သပ္ပုရိသူပနိဿယ သိပ်ကြီးကျယ်တာပဲ။

**ဒီလမ်းသွားကြ။** ။သပ္ပုရိသူနိဿယကြောင့် စာတွေ ပေတွေ လိုက်စားတဲ့ အခါကျတော့ သဒ္ဓမ္မဿဝန-သူတော်ကောင်းတရားတွေကို သိပ်တွေ့ရတာပဲ၊ သိပ်တွေ့ရတော့ ဘုန်းကြီးဟာ ''ဒီသာသနာကြီးကို ငါထမ်းမှပဲ၊ သိပ်ထမ်းထိုက်တယ်'' ဆိုပြီးတော့ ဘုန်းကြီးကထမ်းတယ်လေ၊ အခုအလှူဒကာ အလှူအခမျာလဲ ဒီလမ်းနဲ့သွားကြ၊ ဘုန်းကြီးလမ်းနဲ့သွားကြ၊

သိပ်စိတ်အားထက်သန်တယ်၊ ဘုန်းကြီးက ဒကာတို့လဲ သိပ်စိတ်အားထက်သန်ကြ၊ ဂုဏ်ပကာသနတွေ ဘာတွေ ဆိုတဲ့ ဥစ္စာဟာ သူ့ဘာသာသူဖြစ်လာမှာ၊ ဂုဏ်တွေ သူ့ဘာသာသူ တက်လာမှာ၊ ပကာသနတွေလာဘ်လာဘတွေဆိုတာ သူ့ဘာသာသူတက်လာမှာ၊ ဒီက မှန်မှန်ကလေးသာ ကြိုးစားကြပါ။

စတုစက္ကံ ဝတ္တိဟာနံ၊ ယာနံ ဗလပရိဂ္ဂဟံ၊

ယာနာသယ အမတံပါရံ၊ ကသံ ပုရိသကာရိယံ ။

စတုစက္ကံ၊ သမ္ပတ္တိစက် ၄-ချက်စုပေါင်း စက်ခေါင်း ၄-ခုရှိထသော။ ဗလပရိဂ္ဂဟံ၊ ရန်ပေါင်းခွင်းခွင်းဖြို ငါးဦးဗိုလ်တို့ကိုယ်စီစောင့်ကြပ် အုပ်ချုပ်အပ်ထသော။ ယာနံ၊ အသွားလျင်လျင် အများတင်လည်း အားအင်ခိုင်ပြီးမဂ္ဂင်ယာဉ်ပျံတော်ကြီးကို။ ဝတ္တိယာနံ၊ မတိမ်းမစောင်း လည်စေကြောင်းဖြင့် ကောင်းစွာအစဉ် မောင်းကာနှင်၍။ အမတံခေမံ-ဤဖက်မှာနေ အားလုံးသေလျက် ဟိုပြည်ရောက်မှ ဘေးကင်းရမည့် အမတခေါ်နေပြည်တော်သို့။ ယာနာသယ၊ ကိလေသာဟု ရန်သူပစ်ဖောက် ဗုံးအမြောက်တို့ မကြောက်မနား အရောက်သွားခြင်းငှာ။ ပုရိသကာရိယံ၊ ယောကျ်ားမှန်က ပြုရဲရမည့်ကမ္ဘာ့လက်ရိုးလုလ္လမျိုးကို။ ကသံ၊ ငါးဦးဗိုလ်ချုပ် အဖော်လုပ်၍ မဆုတ်ရစေ ပြုလုပ်ပေအံ့သတည်း။

သာဓု... သာဓု.... သာဓု....။

**ယောကျ်ားပီသ။** ။"ပုရိသကာရိယံ- ယောကျ်ားမှန်က ပြုရဲရ၊ မည်သို့ ကမ္ဘာ့လက်ရှိး လုလ္လမျိုးကို" ဘုန်းကြီးတို့ယောကျ်ား၊ အလူ့ဒကာလဲ ယောကျ်ား၊ ယောကျ်ားဆိုလို့ ရှိယင် ဂုဏ်ကလေးလာဘ်ကလေးကို သူ့မှာတော့ လူဝတ်ကြောင်မို့ ပစ္စည်းရမယ့်လမ်း လိုက်ရတော့မှာပေါ့၊ ဘုန်းကြီးတို့ ဘုန်းကြီးတွေက ဘာလာဘ်မှမငဲ့နဲ့၊ သူ့ဘာသာသူ ဖြစ်ချင်တာဖြစ်ပါစေ "ယောကျ်ားဟာ မှန်ကန်တဲ့လမ်းကို လုလ္လဝီရိယ သန်သန်နဲ့ပြုမှ ယောကျ်ားပီသတယ်"လို့ ဘာပြုလို့တုန်း အကြောင်းတွေ အများကြီးစုံလို့ ဒီအခြေအနေ ရောက်လာကြတာ။

**နိုင်ငံကျေးဇူး။** ။စတုစက္ကံ၊ သော၊ ခုနက သမ္ပတ္တိစက်တွေပဲ၊ သိပ်ကောင်းတယ်၊ ဘုန်းကြီးက မြန်မာနိုင်ငံရောက်လာတဲ့ဥစ္စာ သိပ်ဝမ်းမြောက်တာပဲ၊ ဟိုနိုင်ငံကြီးတွေ မကြီးကျယ်ဘူးလား၊ ကြီးကျယ်ပါရဲ့၊ နိုင်ငံကြီးတွေမှာ ဝန်ကြီးချုပ်တွေ နန်းရင်းဝန်တွေ သမ္မတတွေဖြစ်တာ မကြီးကျယ်ဘူးလား၊ ကြီးကျယ်ပါရဲ့၊ သမ္မတတွေဖြစ်တော့ ဒီလိုကုသိုလ်တွေ ရမှာလား၊ ဝန်ကြီးချုပ်တွေဖြစ်တော့ ဒီလိုကုသိုလ်တွေ ရမှာလား၊ ဝန်ကြီးချုပ်တွေဖြစ်တော့ ဒီလို ကုသိုလ်တွေရမှာလား၊ ဒီတော့ ဘုန်းကြီးက ဒီနိုင်ငံဖြစ်ရတာ သိပ်ပြီးတော့ ဝမ်းမြောက်ဝမ်းသာ လက်ခံတယ်လေ၊ ပေါ့ပေါ့ဆဆမဟုတ်ဘူး၊ သိပ်လက်ခံတာပဲ။

စတုစက္ကံ၊ သမ္ပတ္တိစက် ၄-ချက် စုပေါင်းစက်ခေါင်း ၄-ခု ရှိသော-ဆိုတဲ့ ဥစ္စာဟာ ရှေးကံက ဘုန်းကြီးကို ဒီနိုင်ငံကိုအကျိုး

ပေးလိုက်တဲ့ဟာ သိပ်ဝမ်းမြောက်တာပဲ၊ သိပ်ကျေးဇူးတင်တာပဲ၊ ဘုန်းကြီးကတော့ ကြံကြံဖန်ဖန်ကျေးဇူးတင်တယ်လေ၊ ရှေးတုန်းက အတူဖြစ်ခဲ့ရတဲ့ ဆွေမျိုးဉာတိ မိဖ ဆရာသမားတွေရှိလိမ့်မယ်။

အဲဒီ ဆွေမျိုးဉာတိ မိဖဆရာသမားတွေဟာ ငါ့အပေါ်မှာ အင်မတန်ကျေးဇူးများခဲ့ပေလိမ့်မယ်၊ ဘာပြုလို့တုံး၊ ဒီမြန်မာနိုင်ငံ ပဋိရူပဒေသရောက်အောင် ရှေးကံကပို့လိုက်တဲ့ဥစ္စာဟာ အဲဒီ ဆရာမိဖတွေရဲ့ သင်ပြပေးတဲ့အတွက်ကြောင့် ရှေးကံကောင်းခဲ့ တာပဲ။

ရှေးကတွေ့ပြီ။ ။အဲဒီတော့ ဘုန်းကြီးကလေ "ကြံကြံဖန်ဖန် ယခုတွေ့တဲ့ ဒကာဒကာမတွေဟာ ရှေးကတွေ့ပြီးသားဖြစ်ချင်ဖြစ်မယ်" လို့ ဘုန်းကြီးကတွေးတယ်၊ တွေ့ပြီးသားဖြစ်လို့ရှိယင်တော့ ရှေးတုန်းကမဆပ်ရသေးတဲ့ ကျေးဇူးတွေကို ဆပ်တာပေါ့လို့ ဘုန်းကြီးကလေ၊ ကြံကြံဖန်ဖန်ပေါ့လေ၊ ရှေးက တွေ့ပြီးသားတွေဖြစ်လိမ့်မယ်၊ ဆွယ်တရားမဟောရဘူး၊ ဒီကျောင်းကဘာပြုလို့တုန်း ကံတွေကြောင့်တွေ့ပြီးသားတွေ ရောက်လာလိမ့်မယ်၊ တွေ့ပြီးသားမဟုတ်တဲ့သူတွေကတော့ နေပါစေ၊ သူ့လမ်းနဲ့သူသွားပါစေ၊ တွေ့ပြီးသား သူတွေကို ဟောရတာကို မနဲတာဝန်ကြီးတယ်၊ ပြီးတော့ ဆွယ်တရားဟောပြီးတော့ ဘယ်သဒ္ဓေးလာအောင် ဘယ်သူမှ မကြောင့်ကြကြနဲ့၊ သူ့ဘာသာသူ ကံရှိတဲ့သူတွေရောက်လာလိမ့်မယ်၊ ကိုယ့်ကံနဲ့ကိုယ် ရောက်လာတဲ့အခါကျတော့ ဘုန်းကြီးမှာ တာဝန်တွေသိပ်ကြီးတာပဲ၊ ဒါ့ကြောင့်မို့လို့ ကံပါပဲ၊ ရှေးကံပဲ။

**ဘုန်းကြီးရဲ့စက်**။　　။ဘုန်းကြီးရဲ့ ရှေးကံလဲ သိပ်ပြီးတော့ ဝမ်းမြောက်တယ်၊ ပဋိရူပဒေသ မြန်မာနိုင်ငံ ဘုန်းကြီးဖြစ်ရတာ ဒီဆွေဒီမျိုးတွေကြားမှာ သွားပြီးတော့ ဖြစ်ရတာ သိပ်ပြီးတော့ဝမ်းမြောက်တယ်၊ ဒါဘာပြုလို့တုန်း၊ ပဋိရူပဒေသရောက်နေလို့၊ သပ္ပုရိသ-သူတော်ကောင်းတွေကို သိပ်မှီခဲ့ရတယ်၊ အဲဒီတော့ ဘုန်းကြီးရဲ့စက်က သိပ်ပြီးတော့ လည်တာပဲ၊ သပ္ပုရိသတွေမှီခဲ့တော့ ဘုန်းကြီးကစာတွေသင် ဆရာသမားတွေက ကောင်းကောင်းသင်ပေး၊ လေးလေးစားစား ဘုန်းကြီးကိုအရေးပေးကြပါတယ်။

ဘုန်းကြီး ခြေဖျားထောက်ပြီးတော့ ကြွနေလို့ ရှိယင်တော့ အလကားဖြစ်မှာပေါ့၊ မဟုတ်ဘူး၊ ဒီစာတွေကို ဘုန်းကြီးက လေးလေးနက်နက် စဉ်းစားပြီးတော့ စိတ်တွေ တဆင့် တဆင့် တဆင့်တဆင့် ကောင်းအောင်ထားလို့၊ ကိုယ့်ပရိသတ်တွေကို တဆင့်တဆင့် တဆင့်တဆင့်ကောင်းအောင်ထားလို့ ကိုယ့်ဒကာဒကာမတွေကို တဆင့်တဆင့် ရင့်လာအောင် စိတ်နေစိတ်ထား ဖက်ကပြုပြင်လို့၊ အဲသလိုနေလာတာဖြစ်တော့ ဘုန်းကြီးရဲ့ တာဝန်က သိပ်ကြသွားတယ်၊ ဒါ့ကြောင့် ဘုန်းကြီးမှာ ရှေးကံကောင်းလို့ ပဋိရူပဒေသရောက်တယ်၊ ပဋိရူပဒေသရောက်လို့မို့ သူတော်ကောင်းတွေနဲ့တွေ့ရတယ်၊ သူတော်ကောင်းတွေနဲ့ တွေ့ရလို့တရားကောင်းတွေ အဆုံးအမကောင်းတွေရတယ်၊ အဆုံးအမကောင်းတွေရလို့ ကိုယ့်စိတ်ကို ကောင်းအောင်ထားတတ်တယ်၊ အဲဒီတော့ ဘုန်းကြီးရဲ့စက်သိပ်လည်တာပဲ။

နိဗ္ဗာန်တက်ဖို့။ ။ဒါ့ကြောင့် တေစက္ကုံ - သမ္ပတ္တိ လေးချက် စုပေါင်းစက်ခေါင်းလေးဖြာ တန်းဆာလည်း ပါရှိထသော၊ဘုန်းကြီးက နိဗ္ဗာန်ပျံတက်ဖို့လေ၊နိဗ္ဗာန်ဆန်တက်ဖို့ လေယာဉ်ပျံကြီးလုပ်နေတယ်၊ စိတ်ကူးနဲ့၊ ဒီတော့ ဘုန်းကြီးလေ ယာဉ်ပျံကြီး ဘယ်လောက် စက်ခေါင်းတွေပါတုန်းဆိုတော့ စက် ခေါင်းလေးခု ပါတယ်၊ အပျက်မခံဘူး၊ စက်ခေါင်းလေးခု ပါတယ်။

စတုစက္ကံ—သမ္ပတ္တိ လေးချက် စုပေါင်းစက်ခေါင်းလေးဖြာ တန်းဆာလည်း ပါရှိထသော၊ ဗလပရိဂ္ဂဟံ-ရန်ပေါင်းခွင်းဖြို ငါးဦးဗိုလ်တို့ ကိုယ်စီစောင့်ကြပ် အုပ်ချုပ်အင်ထသော၊ ဘုန်း ကြီးတို့စာထဲမှာ ဗိုလ်ငါးပါးရှိတယ်၊ သဒ္ဓါဗိုလ်တဲ့၊ ဝီရိယဗိုလ်၊ သတိဗိုလ်၊ သမာဓိဗိုလ်၊ ပညာဗိုလ်လို့ တရားထဲက ဗိုလ်တပ်နိုင်တဲ့ တရားငါးပါးရှိတယ်၊ ဗိုလ်ပဲ။

သဒ္ဓါဗိုလ်။ ။သဒ္ဓါဗိုလ်ကလဲ ယုံကြည်လိုက်တာပဲ၊ ကိုယ့်ကိုယ် ကိုမြှင့်တင်ထားပေါ့၊ ယခု အလှူ ဒကာ အလှူ့ အမများလဲယုံကြည်လိုက်တာ၊ အခု ဘုန်းကြီး ဟောယင်းပြော ယင်းကံနဲ့ ကံရဲ့အကျိုးတွေကို ယုံကြည်လိုက်တာ၊ဒါ သဒ္ဓါဗိုလ်ပဲ၊ ဖျက်လို့မရဘူး၊ ဒါ သူများဖျက်လို့မရဘူး၊ ဗိုလ်မှ ကြံ့ကြံ့ခံနိုင် တဲ့ဗိုလ်။

တချို့ဗိုလ်တွေက ရန်သူနဲ့မတွေ့တော့ ကြွားကြွားကြွားကြွား နေတာပဲ၊ ရန်သူနဲ့တွေ့တော့ ကုပ်ပြီးတော့ အမြီးကုပ်ပြီးတော့

ပြေးတာပဲ၊ အဲဒီလို ဗိုလ်မျိုးမဟုတ်ဘူး၊ ဒီဗိုလ်ဟာ တော်တော် သတ္တိကောင်းတဲ့ဗိုလ်၊ သဒ္ဓါဗိုလ်က သိပ်သတ္တိကောင်းတယ်။

**ပညာ သမာဓိ ဝီရိယ-သတိ** သဒ္ဓါဗိုလ် သတ္တိကောင်းသလိုပဲ ပညာဗိုလ်က သိလိုက်တာ၊ ယခု သိလိုက်တာ နိဗ္ဗာန်လမ်းကို ဖြောင့်ဖြောင့်ကြီးကို မြင်နေပြီ၊ ကာမဂုဏ်တွေဟာ ပုထုဇဉ်မို့လို့ မရှိဘူးမဟုတ်ဘူးရှိ တယ်၊ ဒါပေမယ့်လို့ ထိန်းထားတယ်၊ သမာဓိနဲ့ထိန်းထားတယ်၊ လုလ္လဝီရိယကလဲ ယခုအထိပေါ့လေ ကြိုးစားပြီးတော့ နေတယ်၊ ခန္ဓာကိုယ်က နိုင်သမျှ ကြိုးစားပြီးတော့နေတယ်၊ အဲဒီတော့ ဝီရိယဗိုလ်ကလဲ ကောင်းတယ်၊ သမာဓိဗိုလ်ကလဲ ကောင်းတယ်၊ အားလုံး သတိ ထားပြီးနေတဲ့ သတိဗိုလ်ကလဲ ကောင်းတယ်၊ အဲဒီတော့ ဘယ်ထိ အောင်ကောင်းတုန်း၊ နိဗ္ဗာန်ထိအောင်ကောင်းတဲ့ဗိုလ်တွေ။

စတုစက္ကံ = သမ္ပတ္တိစက် လေးချက်စုပေါင်း စက်ခေါင်း လေးဖြာ တန်းဆာလည်း ပါရှိထသော၊ ဗလပရိဂ္ဂဟံ-ရန်ပေါင်း ခွင်းဖြို ငါးဦးဗိုလ်တို့ ကိုယ်စီစောင့်ကြပ် အုပ်ချုပ်အပ်ထသော။

**စဉ်းစားကြည့်ကြ။** ။ကိုယ့်ကိုယ်ကိုလဲပဲ အလှူဒကာ အလှူ့ အမတွေ စဉ်းစားကြည့်ကြပါ၊ ငါ သဒ္ဓါတရားရှိတယ်၊ သဒ္ဓါဗိုလ်ရှိတယ်၊ အသိအလိမ္မာ စွမ်းနိုင် သမျှ ပညာဗိုလ်ရှိတယ်၊ ဒီကိစ္စတခုကို လုပ်မယ်ဆိုလို့ရှိယင် စိတ် ပင်စားတဲ့ သမာဓိဗိုလ်ရှိတယ်၊ လုလ္လဝီရိယဗိုလ်ရှိတယ်၊ အမြဲ သတိရနေတဲ့ သတိဗိုလ်ရှိတယ်၊ ငါ့မှာလဲပဲ ငါ့နည်း ငါ့ဟန်နဲ့ ဗိုလ်ငါးပါး ငါ့ သမ္ပတ္တိစက်မှာ ဗိုလ်ငါးပါး အုပ်ချုပ်ပြီးတော့

နေတဲ့ ယာဉ်ပျံကလဲ နိဗ္ဗာန်ထိအောင်တက်မှာပဲ၊ ဒီလိုနားလည်ထားပါ။

**အားရှိနေပြီ။** ။စတုစက္ကံ-သမ္ပတ္တိစက် လေးချက်စုံပေါင်း စက်ခေါင်းလေးခုလည်းတပ်ထားအပ်သော၊ ဗလပရိဂ္ဂဟံ- ရန်ပေါင်းခွင်းဖြို ငါးဦးဗိုလ်တို့ ကိုယ်စီစောင့်ကြပ် အုပ်ချုပ်အပ်ထသော၊ ယာနံ- အသွားလျင်လျင် အများတင်သည့် အားအင်ခိုင်ပြီး မဂ္ဂင်တည်းဟူသော ယာဉ်ပျံတော်ကြီးကို၊ ယာဉ်ဆိုတဲ့ ဥစ္စာဟာ ဘေးကယူနေရတာမဟုတ်ဘူး၊ ကိုယ့်စိတ်ပဲ ကိုယ့်စိတ်က ဘယ်လောက်ကောင်းတုန်း၊ အသွားလဲ လျင်လျင် မြန်မြန်သွားနေတယ်၊ နှေးတိနှေးကန်ကြီး မဟုတ်ဘူး၊ အများတင်နိုင်လောက်အောင်လဲ အားရှိတယ်၊ ယခုဆိုလျှင် ဘုန်းကြီးပေါ့လေ သံဃာတွေ ဒီလောက်များများ နေနိုင်လောက်အောင် ကျောင်းတွေရှိနေပြီ၊ ဒီလောက်များများ နံနက်ဆွမ်းဘုန်းပေးပြီးတော့ နေ့ဟင်းတို့ ဘာတို့ ချက်နိုင်လောက်အောင် ယခု အကူအညီတွေ ဘာတွေ ဘေးကရံနေပြီလေ၊ အားသိပ်ရှိနေပြီ။

**လာပါကောင်းကောင်းနေ။** ။ယခုဒီနှစ်လေးရာကျော်လောက် သံဃာရှိတယ်၊လာပါ ကောင်းကောင်းလာပါ၊ ကောင်းကောင်း နေမယ်ဆိုလို့ရှိယင် ဒီက အားကတော့ နဲမယ်လို့မထင်ဘူး၊ ဘုန်းကြီးက- လာပါ၊ ငါးရာခြောက်ရာ ဘယ်လောက်ရှိရှိ၊ ကောင်းကောင်းသာ နေပါ၊ သာသနာကြီးမှာ အများကြီး လုပ်စရာရှိတယ်၊ အဲဒီတော့ သာသနာတော်ကြီး ဖြန့်ပြီးတော့ နိုင်ငံတဝန်းလုံး ကောင်း

သထက် ကောင်းအောင် သာသနာ့ရဲ့ ကိစ္စတွေကို အချိုးအစား ကျအောင် ပြင်စရာတွေ အများကြီး ရှိသေးတယ်။

ဒီတော့ လုပ်စရာတွေ အများကြီးရှိတော့ လာပါလေ၊ ဘယ်လောက်လာလာ၊ နိဗ္ဗာန်သွားဖို့ရန် ယာဉ်ပျံတော်ကြီးထဲမှာ ဘယ်လောက် တက်စီးစီးနိုင်ပါတယ်၊ ဘုန်းကြီးက သာမန် ကလေးလိုပေါ့လေ၊ သံဃာတွေကို ထိန်းထားတာ မဟုတ်ဘူး၊ ဒီကိုယ်တော်တွေဟာ နိဗ္ဗာန်ထိအောင် သွားရမဲ့ ကိုယ်တော်တွေ၊ ပေါ့ပေါ့ဆဆသမားတွေ မလာပါစေနဲ့၊ ပေါ့ပေါ့ဆဆသမား တွေနေပြီးယင်လဲ ထွက်သွားပါစေ၊ ခုလဲ ထွက်သွားဖို့ရန်ကိုပဲ ရှာနေတာပဲ၊ ဘုန်းကြီးက ကောင်းတာကိုကြည့်တာလဲ တလမ်းပဲ မတော်တာတွေကိုလဲ ဘုန်းကြီးက သတိထားရက်ပဲ၊ ထွက်သွား ရမယ်၊ ဒီကျောင်းမှာ မနေပါနဲ့၊ နိဗ္ဗာန်ထိအောင်သွားမဲ့ ပုဂ္ဂိုလ်တွေကဒီလောက်ကလေးမှမထိန်းနိုင်လို့ရှိယင်မဖြစ်ပါဘူး။

အဲဒါ ထွက်သွားကြပါ၊ ဒီလိုလဲ ဘုန်းကြီးက အပြစ်ကို ရှာရက်ပဲ၊ ဒါကြောင့်လာပါ၊ ကောင်းကောင်းလာပါ၊ ကောင်း ကောင်းလာလို့ရှိယင် လာနိုင်ပါတယ်။

**ကိုယ့်ယာဉ်နဲ့ကိုယ်။** ။ယာနံ - အသွားလျင်လျင် အများတင် လည်း အားအင်ခိုင်ပြီး မင်္ဂင်တည်း ဟူသော ယာဉ်ပျံတော်ကြီးကို လို့ ဘုန်းကြီးကတင်တယ်လို့သာ ပြောတာ သူတို့လဲ သူတို့ယာဉ်ပျံနဲ့ တက်ရမှာ နိဗ္ဗာန်ကို၊ အခု အလှူဒကာ အလှူအမတွေကို ဘုန်းကြီးက တင်ခေါ်သွားတာ မဟုတ်ဘူး၊ ကိုယ့်ယာဉ်ပျံနဲ့ကိုယ် လိုက်ကြရမှာ၊ ဟိုသမုဒ္ဒရာ

ထဲမှာလေ သင်္ဘောကြီးတွေ သင်္ဘောကလေးတွေ တကာထဲ မော်တော်ဘုတ်တွေနဲ့ စီးပြီးတော့များ တက်သွားကြယင် ဘယ်လောက်ကြည့်ကောင်းမလဲ၊ နိဗ္ဗာန်လဲပဲပေါ့၊ ဆရာသမား တွေရော ဘေးက တပည့်တပန်းတွေရော ဒကာဒကာမတွေရော ကိုယ့်ယာဉ်ပုံနဲ့ ကိုယ်နဲ့ တက်သွားကြယင် ဘယ်လောက် ကြည့်ကောင်းမလဲ။

**အားလုံးမကောင်း။** ။ ယာန်-ကို၊ ဝတ္တိယာန်- မတိမ်းမစောင်း လည်စေကြောင်းဖြင့် ကောင်းစွာ အစဉ် မောင်းကာနှင်၍၊ အမတံပါရံ- ဤဖက်မှာနေ အားလုံးသေ၍ ဟိုပြေရောက်မှ အေးငြိမ်းရမည့် အမတခေါ်ညွန်း ခေမာကျွန်း သို့၊ ဒီဖက်မှာတော့ မကောင်းပါဘူး၊ အားလုံးစဉ်းစားကြည့် ပါလား၊ အိုကြတယ်၊ နာကြတယ်၊ သေကြတယ်၊ စိုးပူရွာ ရတယ်၊ ဒုက္ခတွေ များလိုက်တာ အားလုံးမကောင်းပါဘူး၊ ဒီဘဝတဘဝလား မဟုတ်ဘူး၊ ရှေးတုန်းကလဲ အလှူဒကာ အလှူ့အမတွေ အိုတယ်၊ နာတယ်၊ သေတယ်၊ စိုးပူရွာခဲ့ ရတယ်၊ စိုးပူရွာတာတွေ မတော်လို့မို့ ငရဲ, တိရစ္ဆာန်, ပြိတ္တာ ဖြစ်ခဲ့ရတယ်၊ ရှေးတုန်းကလဲ၊ နောင်လဲပဲ နိဗ္ဗာန် မရမချင်း အိုရမယ်၊နာရမယ်၊ သေရမယ်၊ဘဝတွေမှာတွေ့ရမယ်၊ အကယ်၍များ အရှာမတတ်လို့ မတရားစိုးပူရွာလို့ရှိယင် ငရဲ၊ တိရစ္ဆာန်၊ပြိတ္တာဘသွားကြရမယ်၊ ဒီတော့ ဒီဖက်မှာတော့အားလုံး မကောင်းပါဘူး၊ နေလို့သာနေရတယ်၊ ဒီဖက်မှာ အားလုံးမ ကောင်းဘူး၊ ဟိုနိဗ္ဗာန်ရောက်မှ အားလုံးကောင်းမယ်။

**ကိလေသာ**ရန်။ ။အမတံပါရုံ၊ ဤဖက်မှာနေ အားလုံးသေ၍ ဟိုပြေရောက်မှ ဘေးကင်းရမည့် အမတခေါ် ညွန်းနိဗ္ဗာန်ကျွန်းသို့၊ (သေတာတင် ဘယ်ကမှာလဲ အားလုံး အို၍၊ အိုတာတင် ဘယ်ကမှာလဲ အာလုံးနာ၍၊ နာတာတင် ဘယ်ကမှာလဲ အားလုံးအပါယ်လေးပါး တလှည့်စီသွား၍ သိပ် ကြောက်စရာကောင်းတယ်) အမတံပါရုံ-သို့၊ ယာနာယ-ကိလေ သာဟူ ရန်သူ ပစ်ဖောက် ဗုံးအမြောက်တို့ မကြောက်မနား အရောက်သွားခြင်းငှာ၊ သွားယင်းသွားယင်းလဲ လောဘဖြစ်စရာ တွေ့ပြည့်လို့၊ အဲဒီ လောဘ ကိလေသာတွေကြောင့် ဘယ်ချော လည့်ပတ်လှည့်ပြီးတော့ ယာဉ်ပျံကြီးက ကျသွားမယ်၊ ဒေါသ ဖြစ်စရာတွေပြည့်လို့၊ အဲဒီဒေါသကိလေသာတွေကြောင့် ချာလည် ပတ်လှည့်ပြီးတော့ ဒီယာဉ်ပျံကြီးဟာ ကျသွားမယ်၊ အဲဒါ ကြောင့် ဒီဗိုလ်ငါးပါးဟာ စောင့်ရမယ်၊ လောဘ, ဒေါသ, မော ဟတွေ ကိလေသာတွေ ဣဿာ မစ္ဆရိယ မနာလိုဝန်တိုတွေပြည့် လို့၊ အဲဒီလိုဖြစ်လာလို့ရှိယင် ဒီလေယာဉ်ပျံကြီးဟာ လည်ပြီး ပျက်ကျသွားမယ်၊ ဒါကြောင့်ဗိုလ်ငါးပါးက စောင့်ပြီးတော့ နေရတယ်။

စတုစက္ကံ—သမ္ပတ္တိစက်၊ လေးချက်စုပေါင်း စက်ခေါင်းလေး ခုလည်းတပ်ထားအပ်ထသော၊ ဗလပရိဂ္ဂဟံ- ရန်ပေါင်းခွင်းဖြိုငါး ဦးဗိုလ်တို့ ကိုယ်စီစောင့်ကြပ်အုပ်ချုပ်အပ်ထသော၊ယာနံ-အသွား လျှင်လျှင် အများတင်သည်း အားအင်ခိုင်ပြီး မဂ္ဂင်တည်းဟူသော ယာဉ်ပျံတော်ကြီးကို၊ ဝတ္တိယာန- မတိမ်းမစောင်း လည်စေ

ကြောင်းဖြင့် ကောင်းစွာအစဉ် မောင်းကာနှင်၍၊ အမတံပါရ်-ဤဖက်မှာနေ အားလုံးသေ၍ ဟိုပြေရောက်မှ ဘေးကင်းရမည့် အမတခေါ်ညွှန်း နိဗ္ဗာန်ကျွန်းသို့၊ ယာနာယ- ကိလေသာဟူ-ရန်သူပစ်ဖောက် ဗုံးအမြောက်တို့ မကြောက်မနား အရောက်သွားခြင်းငှာ၊ ပုရိသကာရိယံ- ယောကျ်ားမှန်က ပြုရဲရမည့် ကမ္ဘာ့လက်ရိုး လုလ္လမျိုးကို၊ ကဿံ- ငါးဦးဗိုလ်ချုပ် အပေါ်လုပ်၍ မဆုတ်ရစေ ပြုလုပ်ပေအံ့သတည်း။

## ရေစက်ချ

**နိဗ္ဗာန်မှန်း။** ။(ကဲ....ရေစက်ချမယ်၊ တိုတိုကလေး၊ ခုနကပြောပြီးပြီ၊ ကုသိုလ်တွေကို တိုတို ရေစက်ချရမယ်၊ အဲဒီကုသိုလ်တွေရယ်၊ ဒီနေ့သံဃိက ဆွမ်းလောင်းရတဲ့ နံနက်ဆွမ်း၊ နေ့ဆွမ်းကုသိုလ်တွေရယ်၊ အဲဒါတွေကို ရေစက်ချမယ်၊ အားလုံး အနိစ္စတွေ၊ ဒုက္ခတွေ၊ အနတ္တတွေ၊ ဒီလောကကြီးဟာ အို၊နာ၊သေရေးတွေနဲ့ နေရတဲ့လောကကြီးတွေ အနိစ္စတွေ၊ ဒုက္ခတွေ၊အနတ္တတွေ ဘာမှ မကောင်းဘူး၊ ''နိဗ္ဗာန်မှ ကောင်းတယ်''လို့ နိဗ္ဗာန်ကိုမှန်းပြီး ရေစက်ချရမယ်လိုက်ဆိုပါ။)

**ဒါနကုသိုလ်။** ။ဣဒံ မေ ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု။ အရှင်ဘုရား တပည့်တော်တို့သည် ရှေးကအားလျော်စွာ မိကောင်း, ဖကောင်း, ဆရာကောင်းတို့၏ နေထိုင်ရာဖြစ်သော အရပ်ကောင်း၌ နေကြရသည်ဖြစ်၍ ဆရာမိဘ, မိတ်ဆွေကောင်းတို့၏ သြဝါဒကို ငယ်စဉ်ကစ၍ ယနေ့

တိုင်အောင် နာကြားရပါကုန်၏၊ ဆရာ, မိဘ, မိတ်ဆွေကောင်းတို့၏ ဩဝါဒကို နာရသည့် အားလျော်စွာ မိမိတို့၏ စိတ်ကို ကောင်းသောအလုပ်၌ ထားနိုင်ကြပါကုန်၏။

ထို့ကြောင့် တပည့်တော်တို့သည် ဂုဏ်ပကာသနကို ပမာန မထားပဲ နိဗ္ဗာန်ရောက်ကြောင်း ကောင်းမှုပါရမီ ဖြစ်စေခြင်း အကျိုးငှာ၊ ဤကိစ္စ၌ မိမိတို့သာမက သားငယ်များလည်း အကျိုးရအောင် သာသနာတွင်းသို့ ရဟန်းအဖြစ် သာမဏေအဖြစ်ဖြင့် ထိုက်တန်သမျှ စွမ်းနိုင်သမျှ သာသနာ့တာဝန်ကိုဆောင်၍ သာသနာ့အကြောင်းကို ကောင်းကောင်းနားလည်ဖို့ရန် သွတ်သွင်းချီးမြှင့်ကြပါကုန်၏အရှင်ဘုရား၊ ဘုရားတပည့်တော်တို့သည် ဤကျောင်းတိုက်၌ သံဃာတော်များအား ကျေးဇူးများဖို့ရန် သာသနာ့တာဝန်ကိုဆောင်ရွက်ရာဝယ် အသုံးကျဖို့ရန် ပစ္စည်းအမျိုးမျိုးကိုလည်းကောင်း၊ ဆွမ်းဆေး၊ အစရှိသော ပစ္စည်းအမျိုးမျိုးကိုလည်းကောင်း၊ စွမ်းနိုင်သမျှ ထောက်ပံ့လှူဒါန်းကြပါကုန်၏၊ ပြင်လတံ့သောကျောင်းအတွက် နဝကမ္မငါးထောင်တန်ကို ဥပါသကာကြီးလက်၌ လွှဲအပ်၍ လှူဒါန်းကြပါကုန်၏ အရှင်ဘုရား၊ ယနေ့အဖို့၌ မိသားတစု သံဃိကဒါနဆွမ်းလောင်းရသည်မှစ၍ များစွာသော သာသနာရေးဆိုင်ရာ ဒါနကုသိုလ်ကိုပြုကြပါကုန်၏။

**ဘာဝနာကုသိုလ်။** ။ဘုရားတပည့်တော်တို့၏ ရုပ်နာမ်ခန္ဓာသည် မမြဲသောအနိစ္စသဘောဖြစ်၍ အချိန်ရှိတိုင်း ဖြစ်ပျက်နေသောအနိစ္စပါတကား၊ ဘုရားတပည့်တော်တို့၏ ရုပ်

နာမ်ခန္ဓာသည် အဖြစ်အပျက်ဒဏ်ကို အချိန်ရှိသရွေ့ ခံနေရပါ သောဒုက္ခပါတကား၊ ဘုရားတပည့်တော် တို့၏ ရုပ်နာမ် ခန္ဓာ အတွင်း၌ ခိုင်မြဲသော အနှစ်သာရဖြစ်သော အတ္တအကောင် အထည် တစုံတခုမျှမရှိသောကြောင့် အနတ္တ ခန္ဓာပါတကား။ ဘုရားတပည့်တော်တို့သည် ဤဘဝ၌ စွမ်းနိုင်သမျှ ဒါနသီလ ဘာဝနာကုသိုလ်ကို ပြုစုကြပါကုန်၏။

**ဆုတောင်း။** ။အမှာကံ- ဘုရားတပည့်တော်တို့၏၊ ဣဒံပုညံ- ဤယနေ့အဖို့၌ စောစောကပင် ကြိုတင်၍ပြု အပ်ခဲ့သော ကုသိုလ်အမျိုးမျိုးနှင့်တကွ ယနေ့အဖို့၌ သံဃိက အဖြစ်ဖြင့် လှူဒါန်းရသော ကုသိုလ်ကောင်းမှုအစုစုသည်၊ နိဗ္ဗာ နဿ- ဘုရားတပည့်တော်တို့၏ ရှေ့သွားဖြစ်သော သူတော် ကောင်းအများ၏ ကိန်းအောင်းရာဖြစ်သော နိဗ္ဗာန်တရားတော် ၏၊ ပစ္စယော- မိမိတို့ကိုယ်တိုင် ဖွေးသူတော်ကောင်း တို့ကဲ့သို့ သိမြင်နိုင်သော သိမြင်ဖို့ရန် အထောက်အပံ့သည်၊ ဟောတု- ဖြစ်ပါစေသတည်း။

**အမျှဝေ။** ။ဣမံပုညပတ္တိံ- ဤကောင်းမှုအဖို့ကို၊ ဣမံပရိသံ- ဤကြွရောက်လာသော သံဃာတော် ပရိသတ် ဆွေမျိုး မိတ်ဆွေ ပရိသတ်ကို၊ အာဒိံကတွာ-အစပြု၍၊ သဗ္ဗ- သတ္တာနံ အနီးအပါး၌ တရားနာနေကြပေသော ကိုယ်စောင့်နတ် ဤကျောင်းတိုက်စောင့်နတ် မိမိတို့၏ အိမ်ရာတိုက်တာ အလုပ်ရုံ တို့၌ စောင့်ရှောက်၍ နေကြပေသော နတ်အပေါင်းနှင့် တကွ

အမိအဖ ဆရာသမားဆွေမျိုးမိတ်ဆွေအစရှိသော အလုံးစုံသော သတ္တဝါ အပေါင်းတို့အား၊ ဘာဝနာ-အမျှအမျှ ပေးဝေပါကုန်၏၊ သုခိတာ-အမျှရသဖြင့် ချမ်းသာကြကုန်သည်၊ ဟောန္တု-ဖြစ်ကြပါစေသော်။

သာဓု.... သာဓု.... သာဓု....။

စက်လေးပါးတရားတော် ပြီးပြီ။

# သံဃာရတနာ

၁။ ရှင်တော်ဘုရား သားတော်များဟု မှတ်သားခေါ်ရ
သံဃာမည်၊
သံဃာဆိုတာ ၂-မျိုးရသည့် ပရမတ္ထ သမ္မုတိ၊
တရားသိကာရိယာမြတ်မှ ပရမတ္ထ ခေါ်ရသည်၊
သမ္မုတိဆို ထိုသံဃာ၌ ဆိုးကောင်းနှစ်ဝ ရှိကြသည်။

၂။ ပစ္စည်း ၄-ဖြာ လှူရှာကြသည့် ဗုဒ္ဓဝါဒ ဒို့တိုင်းပြည်၊
အကောင်းကိုသာ ကိုးကွယ်ကြဖို့ စိတ်က နှိစ့် ထား
ရမည်၊
အကောင်းတွေကား အသက်ပေးလို့ သာသနာရေး
ဆောင်သင့်ပြီ၊
မဆောင်နိုင်သော် ဘာသာပျက်၍ သာသနာသက်
ဆုံးလိမ့်မည်။

ဗုဒ္ဓဘာသာသင်ခန်းစာ

# ဆွမ်းအကျိုးငါးပါး တရားတော်

**အကျိုးငါးမျိုး။** ။"ဒီဘဝကြီး ဘယ်လို ဖြစ်လာကြသလဲ" ဒီလိုပါ "နောက်ဘဝ ဘယ့်နှယ်လုပ်ပြီး တော့ သွားရဦးမှာလဲ၊ သွားစရာတွေ ဘယ့်လောက်ရှိသလဲ" အဲဒါလဲသိပါ၊ သိတော့မှ အလုပ်လုပ်လို့ ဟယ်ကောင်းတယ်၊ ကုသိုလ်တွေလုပ်ရ တယ်ကောင်း တယ်အရသာရှိတယ်၊ အကုသိုလ် တွေရှောင်လို့ တယ်ကောင်းတယ်၊ တယ်ကြေကြေနပ်နပ် ရှောင် နိုင်တယ်၊ ဒါ့ကြောင့် မိမိအလုပ်တွေကို အကျိုးနဲ့အပြစ်နဲ့ ရှာ ကြည့်ဘတ်ရတယ်၊ ဆွမ်းအကျိုးက ဆုတောင်းလို့ဖြစ်တဲ့အကျိုး မဟုတ်ဘူး၊ သူ့အကြောင်းက ဘယ်လိုရှိလို့ အကျိုးဖြစ်တာ၊ ဆွမ်းအကျိုးက "အာယု-ဝဏ္ဏ-သုခ-ဗလ-ပဋိဘာန"လို့ အကျိုး ငါးပါး ပါဠိလို ရေးကသုံးထားတယ်၊ အာယု၊ ဆွမ်းလှူတဲ့ အတွက် အသက်ရှည်မယ်၊ ဝဏ္ဏ-ဆွမ်းလှူတဲ့အတွက် အဆင်းလှ မယ်။ သုခ၊ ဆွမ်းလှူတဲ့အတွက် ကိုယ်ချမ်းသာ စိတ်ချမ်းသာ ရှိမယ် အကျိုးပေးမယ်။ ဗလ၊ ဆွမ်းလှူတဲ့အတွက် ခွန်အား ကောင်းမယ်။ ပဋိဘာန၊ ဆွမ်းလှူတဲ့အတွက် ဉာဏ်ပညာတွေ ထက်လာမယ်၊ ဒါငါးပါး၊ ဒီတော့ ဘာဖြစ်လို့ ဒီငါးပါး အကျိုးပေးရတုန်း၊ လိုက်ရတယ်။

**သက်ရှည်။** ။အာယု-အသက်ရှည်တယ်ဆိုတာ တမင်းမစားရ ယင်ဆိုပါတော့ အစာ မစားခဲ့ယင် ဘယ်သူမှ အသက်မရှည်နိုင်ဘူး၊ အစာစားရမှ အသက်ရှည်နိုင်တယ်၊ဒီတော့

ကိုယ်က အစာကိုလှူတာလေ၊ အစာကိုလှူတော့ အသက်ရှည်စေတတ်တဲ့အစာကိုလှူလို့မို့ အကျိုးပေးတဲ့အခါကျတော့ အသက်ရှည်တဲ့အကျိုးကိုပေးတယ်၊ ဒါအကြောင်းနဲ့အကျိုးနဲ့ သိပ်သိုက်တာပဲ။

ဆင်းလှ။ ။ဝဏ္ဏ-အဆင်းလှတယ်၊ ထမင်းမစားရပဲနဲ့ ဆာပြီးတော့နေတဲ့အခါ သူ့ရုပ်ကိုယ့်ရုပ်ကို ကြည့်ပါ၊ နဂိုရှိတဲ့ရုပ်ညှိုးလို့၊ ဆိုပါတော့ အဆင်းဖောက်ပြန်လို့၊ မလှလို့ နဂိုလှသလောက်တောင် မလှဘူး၊ နောက်တော့ ထမင်းလေးစားလိုက်ရလို့ ဝသွားတယ်ဆိုယင် မျက်နှာတွေ ကြည်လို့ အသားအရေတွေလန်းလို့ ဒီတော့ သူ့ရဲ့အကြောင်းက အစာရဲ့အကြောင်း အဆင်းကိုလှစေတတ်လို့မို့ ဒီအစာကို လှူတဲ့သူဟာ အဆင်းလှတယ်။

ချမ်းသာ။ ။သုခ-အစာမစားရသေးဘူးလို့ဆိုယင်ပဲအားနဲ့လို့ စိတ်ဆင်းရဲလို့၊ စိတ်အားငယ်လို့အစာစားလိုက်ရတယ်ဆိုတော့ စိတ်တွေဘာတွေ လန်းပြီးတော့ ကိုယ်တွေလန်းပြီးတော့ ကိုယ်ရောစိတ်ရော ချမ်းသာလာတယ်၊ ဒါ့ကြောင့် အစာကိုပေးတဲ့သူဟာ ဒီအကျိုးကိုရတယ်၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းအကျိုးတို့ ရတယ်။

ခွန်အား။ ။ဗလ-အစာမစားရဘူးဆိုလို့ရှိယင် ဘာကလေးမှ မလုပ်ချင်ဘူး၊ မကိုင်ချင်ဘူး၊ အားတွေသိပ်နဲ့နေတာပဲ၊ နောက်အစာစားလိုက်ပြီဆိုတော့ အစာလေး ဘာလေး

တွေ ဝဝဖြိုးဖြိုးနဲ့ရှိတော့ အားတွေ တောင့်တောင့်တင်းတင်းနဲ့ ဘာအလုပ်ဖြစ်ဖြစ် သူနဲ့ဆိုင်တဲ့ အလုပ်ကိုလုပ်နိုင်တာပဲ၊ ဒီတော့ အမှန်က အကျိုးပေးတယ်ဆိုတာ အလကားသက်သက် မိုးပေါ်က ကျလာတဲ့ အကျိုးမျိုး မဟုတ်ဘူး၊ သူ့အကြောင်းကိုက ဒီအကျိုးတွေကို လက်ရှိပေးနေလို့ နောင်ဘဝသံသရာမှာဒီအလှူ ရှင်လာပြီး အကျိုးပေးရတယ်၊ ဒါလေးကို နဲနဲမကဘူး၊ များ များကြီး မှတ်ထားလိုက်ပါ၊ နဂိုမှတ်ပြီးသား ဆိုလို့ရှိယင်လဲ အကြောင်းနဲ့အကျိုးနဲ့ သေချာအောင်မှတ်လိုက်ပါ။

(ဆောင်) သက်ရှည်ဆင်းလှ ချမ်းသာရ ဗလ - ဉာဏ်ပညာ၊
　　ဆွမ်းလှူအကျိုး ဤငါးမျိုး တန်ခိုးကြီးလှစွာ-တဲ့။

**အစာနှစ်သက်**။ ။ဘယ်သူမဆို အစာမရှိပဲနဲ့ ဘယ်လောကမှ မနေနိုင်ဘူး၊ ဒီတစ်ခုတစ်ယောက်က အစာကို မနှစ်သက်ပါဘူး၊ အစာကို မတောင့်တပါဘူး ဆိုလို့ရှိယင် ကြွားတာ၊ အစာကိုလူတိုင်းနှစ်သက်တယ်၊ ဟိုအထက်ဗြဟ္မာ့ပြည် ရောက်တဲ့ပုဂ္ဂိုလ်တွေတောင် ပီတိဘက္ခ-ဒီလိုထမင်းတွေ ဟင်းတွေ စားတာမဟုတ်ဘူး၊ ပီတိကို အစာသဘောမျိုးနဲ့ပေါ့လေ ပီတိ ဖြစ်ပြီးတော့ နေတဲ့ဥစ္စာဟာ အစာလိုပဲ သူ့မှာအကုန်လုံးအကျိုး ပေးနိုင်တယ်၊ ဒါ့ကြောင့် ဗြဟ္မာတွေတောင်မှ ပီတိအစာရှိရသေး တယ်၊ ဒါ့ကြောင့် ဒိပြင်နတ်တွေ၊ ကာမာဝစရနတ်တွေ၊ လူတွေ၊ ဒိပြင်သတ္တဝါတွေ၊ တိရစ္ဆာန်တွေ၊ ပြိတ္တာတွေ အစာပဲလိုချင် တာပဲ။

အန္နမေဝါဘိနန္ဒန္တိ၊ ဥဘယေ ဒေဝမာနုသာ၊
အထကောနာမသောယက္ခော၊ ယံအန္နံနာဘိနန္ဒတိ။ [၁]

နတ်ရောလူရော နှစ်မျိုးစလုံးပဲ အန္နမေဝ-အစာကိုသာလျှင်၊ အဘိနန္ဒန္တိ-ခင်မင်နှစ်သက် တောင့်တကြကုန်၏၊ နှစ်သက်ခင်မင်လိုချင်တောင့်တကြကုန်၏၊ အစာပဲတောင့်တကြတာပဲ၊ နံနက်အိပ်ရာကထယင် စားစရာပဲတောင့်တတယ်၊ အစာပဲတောင့်တကြတယ်၊ လူတွေစီးပွားရှာနေကြတာ အစာမရှိမှာစိုးလို့ မိသားစုအစာမရမှာစိုးလို့ ကြိုးစားပြီးတော့ အလုပ် လုပ်နေကြတယ်၊ ဒါ့ကြောင့် အစာပဲ။

အလင်္ကာရကြွား။ ။ဥဘယေ- နှစ်ပါးကုန်သော၊ ဒေဝမာနုသာ- နတ်လူတို့သည်၊ အန္နမေဝ- အစာကိုသာ၊ အဘိနန္ဒန္တိ- လိုချင်နှစ်သက်ကြကုန်၏၊ တောင့်တခင်မင်လိုချင်နှစ်သက်ကြကုန်၏၊ (တောင့်တကြတယ်၊ ဒါပဲ လိုချင်နေကြတယ်) အထ- ထိုသို့ဖြစ်ပါလျက်၊ ယံ(ယောယက္ခော)-အကြင်နတ်သည်၊ အန္နံ- အစာကို၊ နာဘိနန္ဒတိ- မလိုချင်မတောင့်တ မတောင့်တ မခင်မင်မလိုချင်၊ သော-ထိုကဲ့သို့သောနတ်သည်၊ ကောနာမ- အဘယ်မည်သည့် နတ်ပါတဲ့နည်း။ အစာကို မတောင့်တပါဘူးဆိုတာ သူအလင်္ကာရကြွားတာ၊ ဘယ်နတ်မှမရှိဘူး၊ နတ်ရောလူရော အစာကိုတောင့်တရတယ်၊ ဒါသူကြွားတာ။

---

၁။ အန္နသုတ်အာဒိတ္တဝဂ်ဒေဝတာသံသုတ် သဂါထာဝဂ္ဂပါဠိ ၂၉။
သေဠိသုတ် နာနာတိတ္ထိယဝဂ် ဒေဝပုတ္တသံယုတ္တပါဠိ ၅၇။

**စိတ်ကကြည်လို့။** ။အဲဒီတော့ "အစာကို မတောင့်တတဲ့သူ ရှိသလား"ဆိုတော့ "ရှိရဲ့"တဲ့။

ယေ နံ ဒဒန္တိ သဒ္ဓါယ၊ ဝိပ္ပသန္နေန စေတသာ၊
တမေဝ အန္နံ ဘဇတိ၊ အသ္မိံ လောကေ ပရမှိ စ[၁]။

ယေ၊ အကြင်သူတို့သည်၊ သဒ္ဓါယ- သဒ္ဓါတရားသက်သက်ဖြင့်(ဘာကြောင့်မဟုတ်ဘူး၊ ဆွမ်းလှူချင်လို့၊ ဆွမ်းကပ်ချင်လို့၊ သဒ္ဓါသက်သက်ပဲ) သဒ္ဓါယ- သဒ္ဓါတရားသက်သက်ဖြင့်၊ နံ- (အန္နံ)၊ ထိုအစာကို၊ ဝိပ္ပသန္နေန- အထူးသဖြင့်စင်ကြယ်သော၊ စေတသာ- စိတ်ကောင်းစိတ်မြတ်ဖြင့်၊ ဒဒန္တိ- ပေးလှူကြကုန်၏၊ လှူဆိုတာသာမန်မဟုတ်ဘူး၊ စိတ်ကစင်ကြယ်လို့ စိတ်ကလဲကြည်လို့၊ ခုနကဆွမ်းလောင်းနေရတယ်၊ စိတ်ကကြည်လို့၊ ညိမ်ညိမ်သက်သက် ဆွမ်းဖုန်းပေးနေကြတာ တွေ့ရတယ်၊ စိတ်ကကြည်လို့၊ နဂိုကလဲ ကိုယ့်သဒ္ဓါတရားနဲ့ ကိုယ်နဲ့လာတာ၊ တကယ်လှူရတဲ့အခါကျတော့လဲ စိတ်ကကြည်လို့။

**မတောင့်တပဲရ**

တမေဝ အန္နံ ဘဇတိ၊ အသ္မိံ လောကေ ပရမှိ စ။

အသ္မိံ လောကေ- ဤလူ့လောက၌လည်းကောင်း၊ ပရမှိ စ- နောက်လောက၌လည်းကောင်း၊ တမေဝ- ထိုထမင်းအစာပေး

---

(၁) အန္နသုတ် အာဒိတ္တဝဂ် ဒေဝတာသံယုတ်၊ သဂါထာဝဂ္ဂသံယုတ်ပါဠိ ၃၀။
သေရီသုတ် နာနာတိတ္ထိယဝဂ် ဒေဝပုတ္တသံယုတ် သဂါထာဝဂ္ဂသံယုတ်ပါဠိ ၅၇-၀။

လှူတဲ့ပုဂ္ဂိုလ်သို့သာလျှင်၊ အန္န- အစာသည်၊ ဘဇတိ-ကပ်ရောက် ရှိလာ၏။

သူကတော့မတောင့်တဘူးတဲ့ ပြောစမ်းပါ အစာမတောင့်တ တဲ့သူ ဘယ်သူရှိတုန်းဆိုတော့ "ရှိတယ်"တဲ့၊ အစာမတောင့်တ ရပါဘူး၊ ဘယ်သူရှိတုန်း၊ ဆွမ်းလှူတဲ့သူလေ ထမင်းပေးတဲ့လူ လေ၊ ထမင်းပေးတဲ့သူဟာ သူကပေးနေတာ ဖြစ်နေတော့ "နောက် ဘဝသံသရာ ထမင်းကောင်းကောင်းရပါလို၏" လို့ မတောင့်တရပါဘူးတဲ့၊ ရကိုရတယ်၊ ရကိုရတယ်၊ နောက်ဘဝ သံသရာတောင်မဆိုင်းဘူးထင်တယ်၊ ဘုန်းကြီးက တကယ့်စေတ တနာသဒ္ဓါတရားတွေနဲ့ လုပ်ကြလို့ရှိယင် ဒီဘဝမှာကို ရကို ရတယ်၊ ဒီဘဝမှာမတောင့်တပဲနဲ့ရတယ်။

**စေတနာ။** ။အခုဘုန်းကြီးတို့ကျောင်းမှာ တကယ့်စေတနာနဲ့ လုပ်ကြတယ်၊ ဘုန်းကြီးစေတနာ အခု ဒကာ ကြီးတို့ကိုးကွယ်တဲ့ ဦးဣန္ဒြာကြီးတို့ရဲ့ စေတနာ ဒီပြင် စာချ ဘုန်းကြီးတွေရဲ့ စေတနာတွေ အများကြီး ရှိတယ်၊ နောက်ဆုံး ကိုရင် ဦးပဥ္စင်းလေးတောင်မှ သူ့မိဘများ တကတဲ့ လှူလိုက် တယ်ဆိုယင်၊ စေတနာသန့်သန့်နဲ့ သံဃာများဖို့ သံဃာများဖို့၊ သံဃာများဖုန်းပေးဖို့ ဆွမ်းလှူကြတယ်၊ ဆွမ်းဆန်တွေ ပါကြ တယ်၊ ပဲတွေပါကြတယ်၊ ဆီပါကြတယ်၊ ဒါသံဃာများဖို့၊ ဘုန်းကြီးတို့ကလဲ သံဃာများဖို့၊ သံဃာများဖို့။

**နံနက်ဆွမ်းကပ်။** ။ခုလောက် မရှိခင်တုန်းက ခုလို မပြည့်စုံခင်တုန်းက ဘုန်းကြီးတို့ နံနက် စောစော ဘုန်းကြီးကဆွမ်းစားရမှ နေနိုင်တယ်၊ လေထလို့၊ဒီတော့သံဃာများကို ပထမတော့ ဆန်ပြုတ်ကပ်နေတာ၊ နောက်တော့ "ကဲ.... လေကိုယ်ကဆွမ်းစားနေတာ သူတို့လဲစားကြပါစေတော့" လို့ ကဲ-ကြည့်စမ်း၊ ဘုန်းကြီးတို့ဘာအကျိုးမှ မျှော်တာမဟုတ်ဘူး၊ သူတို့အပေါ်သက်သက် ငဲ့ညှာတာ၊ အဲဒါနဲ့ ဆွမ်းချက် ဆွမ်းကပ်ဘယ်ကမှမရှိသေးဘူး၊ ဘယ်ကမှ မရှိသေးပဲနဲ့ ဆွမ်းချက် ဆွမ်းကပ် ဒီလိုလုပ်နေတယ်၊ နောက်တော့ တဖြေးဖြေး သံဃာတွေကများလာ၊ များလာတော့ ဆွမ်းချက် ဆွမ်းကပ် တာက တခါတခါ ဆန်ရှားတဲ့ အချိန်မှာ ဆန်တွေကုန်သွားတယ်၊ ကုန်သွားတော့ စောစောကစပါးပေးဆိုတဲ့အနေမျိုးနဲ့ ဆယ်ရွာတို့မှာသွားပြီးစပါးတွေဝယ်ထားရတယ်၊ နှမ်းတို့ဘာတို့ ဝယ်ထားရတယ်၊ ဒါဘာပြုလို့တုန်း၊ "နှစ်ပေါက် ဆွမ်းကပ်နိုင်ပါစေတော့"လို့ ဆိုပြီးတော့ ဒီလို လုပ်ကြရတယ်၊ ဆွမ်းတာဝန်ခံ အမလေးတို့က ဒီလိုလုပ်ကြရတယ်။

**အကျိုးမမျှော်။** ။ဒီတော့ ဘုန်းကြီးတို့ အဲဒီ အခါတုန်းက ဘာကိုမျှော်တယ်လို့မရှိပါဘူး၊ဘာအကျိုး မျှော်တယ်လို့မရှိပါဘူး၊ သူ့ဟာသူ ရောက်လာတဲ့ ကိုယ်တော်လေးတွေ ကိုယ့်လိုပဲ စားကြပါစေတော့၊ မဆင်းရဲကြပါစေနဲ့တော့လို့ ဒီလိုအနေမျိုးနဲ့ အားလုံးမျှပြီးတော့စားလာကြတယ်၊ နောက် ၄၀-၅၀-၆၀-၇၀-၉၀-၁၀၀-အဲဒီ မလောက်တော့

ဘူးဆိုတဲ့ဥစ္စာ တရာလောက် ရောက်တဲ့အခါဆိုယင် ဆန်က မလောက်တော့ဘူး၊ တကယ့်ဈေးကြီးထဲ ပြတ်သွားတယ်၊ အဲဒီ အခါမှာ ဈေးကြီးကြီးနဲ့ပေးဝယ်နေရတယ်၊အဲဒါကြောင့်မို့လို့ စပါးတွေစောစောကလှောင်ထားရတယ်၊ နှမ်းတို့ဘာတို့ ဆီတွေ ဘာတွေလှောင်ထားရတယ်၊ အဲဒါစားဖို့ပဲ၊ သူတို့ ဖုန်းပေးဖို့ပဲ၊ မိမိတို့ ကိုယ်ရေးကိုယ်တာလဲ မဟုတ်ဘူး။

ယေ နံ ဒဒန္တိ သဒ္ဓါယ၊ ဝိပ္ပသန္နေန စေတသာ။

ကဲ....တကယ့်သဒ္ဓါတရားစစ်စစ်နဲ့ ကျောင်းတိုက်ရောက်လာတဲ့ကိုယ်တော်တွေ မျှတအောင် စားနိုင်မှာပေါ့လို့ ဆိုပြီးတော့ သံဃာတရာလောက်အထိ ဒီလိုကြိုးစား လာခဲ့ရတယ်။

**သံဃာနှစ်ရာကျော်။** ။နောက် သံဃာ တရာလောက်ကျတော့ ကိုယ်ကကြိုးစားတာကလဲ ကြိုးစားရက်ပါပဲ၊ ဘေးကအလှူအတန်းတွေပေါ်လာပြီ၊ ပြီးတော့ သံဃာကများတော့ သူတို့ဆိုင်ရာလေးတွေက ဘာပို့လိုက် ညာပို့လိုက်နဲ့ ဒီတော့တော်တော်များများကြီးပေါ်လေ၊ဆန်တို့ဆီတို့ အဝယ်ရ စောစောစီးစီးက တင်ကြိုကပ်ထားတာ သက်သာသွားပြီ၊ လုံးလုံးတော့လွတ်ပုံမရသေးဘူး။

နောက်အဲသလိုနဲ့ တရာတရာက ဒီကျောင်းတိုက် သံဃာတွေကိုကြည်ညိုလှတယ်လို့ ဆိုပြီးတော့ ဦးနုက ''ရန်ကုန်မှာ ဒီကျောင်းမျိုးတကျောင်းလောက် ဖြစ်ချင်ပါတယ်''လို့ လျှောက်တော့

ကဲ....ရန်ကုန် တို့လိုသွားလို့ ရှိယင် နောက်ထပ် တရာလောက် ရှိမှ ဒီမှာ လဲပဲ အခြေအနေ မပျက်၊ ရန်ကုန်မှာလဲပဲ အရာထင်မယ် ဆိုပြီးတော့ ဘုန်းကြီးက လက်ခံကြတော့၊ အရင်တုန်းကတော့ အမျိုးမျိုးသော အကြောင်းကြောင့် ချွေတာပြီးတော့ လက်ခံနေရတာ၊ သိပ်အများကြီးလာတာကို လက်မခံနိုင်ဘူး၊ ခုနက ကြည့်လေ သံဃာတရာလောက်မှာပဲ ဆန်တွေဆီတွေ ကပ်ပို့နေရတာ ကြည့်တော့လေ၊ ဒါ့ကြောင့် နောက်တော့ ကိုင်း- ဒါဖြင့် လက်ခံကြတော့လို့ဆိုတော့ လက်ခံလိုက်တာ မကြာခင် သံဃာ နှစ်ရာလောက်ဖြစ်သွားတယ်၊ အဲဒီ ဝါတွင်းမှာ၊ နောက် ဝါ မရောက်ခင် နှစ်ရာလောက်ဖြစ်သွားတယ်၊ နှစ်ရာလောက်ဖြစ်သွားတော့ နောက် ဦးနုကလဲ သူတို့ ဒီလို ရာထူးက ပြောင်းသွားရတာဖြစ်တော့ မဖြစ်ဘူး၊ မဖြစ်တော့ ဘုန်းကြီးတို့မှာ ဒီသံဃာနှစ်ရာလောက် နှစ်ရာကျော်လောက်နဲ့ မနဲကြိုးစားရတယ်၊ မနဲကြိုးစားယင်း ကြိုးစားယင်းနဲ့ပဲ....

## အကျိုးပေးလာ

ယေ နံ ဒဒန္တိ သဒ္ဓါယ၊ ဝိပ္ပသန္နေန စေတသာ။
တမေဝ ဆန္နံ ဘဇတိ၊ အသ္မိံ လောကေ ပရမှိ စ။

ယေ-အကြင်သူတို့သည်၊ ဝိပ္ပသန္နေန-အထူးသဖြင့် ကြည်လင်သော၊ စေတသာ-စိတ်ကောင်းစိတ်မြတ်ဖြင့်၊ (ဘာမှတောင့်တလို့ မဟုတ်ဘူး၊ ဘယ်ဘဝသံသရာကြီးမှ ဘာဆုမှ တောင့်တလို့ မဟုတ်ဘူး ဒီဘဝမှာ သူတို့ ချမ်းသာကြပါစေတော့လို့ဆိုတဲ့ စိတ်မျိုးသက်သက်နဲ့) သဒ္ဓါယ - သဒ္ဓါတရား သက်သက်ဖြင့်၊

အန္နံ- အစာကို၊ ဒဒန္တိ- ပေးလှူကြကုန်၏၊ တမေဝ- ထိုစိတ်ကောင်းစိတ်မြတ်ဖြင့် အစာကို ပေးလှူတဲ့ ပုဂ္ဂိုလ်သို့သာလျှင်၊ အသ္မိံလောကေ - ဤလူ့လောက၌ လည်းကောင်း၊ ပရမှိစ- နောက်လောက၌လည်းကောင်း၊ အန္နံ-အစာသည်၊ ဘဇတိ- အလိုအလျောက် ကပ်ရောက်၍ လာ၏။

ကဲ....နောက်တော့ အကျိုးပေးလိုက်တာ သံဃာနှစ်ရာဆိုလဲ စားစရာတွေရလာတာပဲ၊ ဟိုက စပါးတို့ ဘာတို့ လှောင်တာဟာ စတိလောက် ရှိတော့တယ်၊ နောက်တော့ လှောင်တဲ့ စပါးလဲပဲ ပြန်ပြီးတော့ ထုတ်ပစ်ရတာပဲ၊ ဆီတော့ဖြင့် နှံနှံ ကပ်ပိုရသေးတယ်၊ ဆီကတော့ အခု နောက်ပိုင်းလဲ ကပ်ပိုရသေးတယ် တခါတခါ။

ညနေဖျော်ရည်။ ။ဒီတော့ ကျောင်းတိုက်ကလေ နဂိုက ကျွေးလာတာဖြစ်တော့ ကျွေးနိုင်တာပဲ၊ ကျွေးရအောင်လဲ ရောက်လာတာပဲ၊ညနေကျပြီဆိုယင် ဘုန်းကြီးက ဆာတတ်တယ်၊ ဆာတာမှ ဘုန်းကြီးဆာတာက နဲနဲမဟုတ်ဘူး၊ ဘာမှ မလုပ်ချင်အောင်ဆာတယ်၊ ဒါ့ကြောင့် ကိုယ်တော်လေးတွေကို ကိုယ်ချင်းစာပြီး ထန်းလျက်ရည် ကျိုပြီးတော့ တိုက်တယ်၊ နွေအခါမှာ မန်ကျည်းဖျော်ရည်တိုက်တယ်၊ အဲဒါ ဘာပြုလို့တုန်း၊ မဆာပါစေနဲ့တော့လို့၊ ဒါ့ကြောင့်မို့လို့ နဲနဲကလေး သတိထားကြည့်ကြစမ်း၊ ဒီကျောင်းက ကိုယ်တော်လေးတွေ ကျန်းမာရေးကောင်းလို့ အသားအရေတွေလန်းဆန်း

လို၊ ဒီကျောင်းမှာ အနေကြာလို့ရှိယင် ရုပ်တမျိုးပြောင်းလို၊ အဲဒါ ဘုန်းကြီးက ဒီလိုလုပ်ပေးနေတဲ့ ဥစ္စာက ကျန်းမာအောင်ရယ်၊ စိတ်ချမ်းသာအောင်ရယ်၊ ပြည့်စုံအောင်ရယ် အလုပ်လုပ်ပေးနေတယ်၊ အခုတော့ လာကြပြီ ဟိုက ဒီက။

**ဆွမ်းဆန်စိမ်းလောင်း။** ။ပထမဆုံး ရွာကြီးရွာက ဆိုတာ သံဃာတရာပင့်ပြီးတော့ ဆွမ်းဆန်စိမ်းလောင်းတယ်၊ ဟိုပစ္စည်း ဒီပစ္စည်းများထည့်၊ ပဲတို့ဘာတို့ ထည့်တယ်၊ အဲဒီဟာကပဲ အင်မတန် အထောက်အကူတွေရသွားပြီ၊ နောက်တော့ ဘုန်းကြီးတို့ရဲ့ ဝက်လက်တို့ သရိုင်တို့၊ အဲဒီနယ်က သံဃာတရာ ခုနစ်ဆယ်တို့ ပင့်ပြီးတော့ ဟံလင်းကြီးမြို့တိုက အဲဒီလို အနီးအပါးရွာတွေက ပင့်ပြီးတော့ ဆွမ်းဆန်စိမ်းလောင်းကြတယ်၊ ရကိုရလို့ ဖြစ်ကိုဖြစ်လို့။

ပြီးတခါ ရေဦးက ရေဦးနယ်က တနယ်လုံး ရေဦးနယ်တနယ်လုံး၊ အခုတော့ ပင့်နေကြပြီ နယ်ကျယ်ကျယ်က၊ ပင့်ပြီးတော့ ဆွမ်းဆန်စိမ်းလောင်းလို့ ခရီးဝေးလို့ များများမပင့်နိုင်ဘူး၊ ကားစရိတ်တွေကုန်ကျလို့၊ ဘုန်းကြီးက "မရချင်နေပေစေ၊ ရတဲ့အထဲက စရိတ်လုပ်၊ သံဃာများများ ကြည်ညိုရတာဟာ အင်မတန် အဖိုးတန်တယ်လို့ အဲဒီလို သတိပေးနေတယ်၊ ပြီးတော့ မရကန်ရွာဆိုလဲ ပတ်ဝန်းကျင်က ဆွမ်းဆန်စိမ်းလောင်းလို့၊ အခုတော့ တမေဝ အနွံ့ ဘဇတိ- သဒ္ဒါတရားနဲ့ ကျွေးလာတဲ့ အကျွေးဟာ ယခု ဟိုက ပြန်ရောက်လာပြီလို့။

**အားလုံးပြည့်စုံ။** ။အခု မြင်းခြံက ကြွပါအုန်းလို့ဆိုတဲ့ ဥစ္စာ မြင်းခြံက နဲနဲနှောင်းသွားပြီ၊ မိုးကြီးတွေ ဘာကြီးတွေ မိမှာစိုးလို့ မြင်းခြံကို ဒီနှစ်တော့ မလာသေးဘူးလို့ ပြောပါ၊ တောင်းပန်ပေးပါ၊ မေတ္တာရပ်ပါ၊ နောက်နှစ်ပင့်လို့ ရှိယင်တော့ သွားရတာပေါ့လို့၊ မြင်းခြံက တစ်ရာ၊ ပဌမတုန်းက သုံးဆယ်လောက် ပင့်သံကြားတယ်၊ သူတို့ နားမလယ်လို့ပါလို့၊ ဒီက မသွားရဘူးလို့ပြောထားတယ်၊ နောက်တော့ သူတို့ သံဃာ တစ်ရာ လှမ်းပင့်တယ်၊ တစ်ရာလှမ်းပင့်လဲ အချိန်နှောင်းသွားပြီ၊ သွားလို့ မဖြစ်ဘူး၊ ကျောင်းမှာပေါ့လေ အခု ပြည့်စုံနေတယ်၊ အားလုံးပြည့်စုံနေတယ်ဆိုပါတော့ပေါ့၊ ဘယ့်နှယ် အခု သံဃာ လေးရာပတ်ဝန်းကျင် ရှိမှာပဲ၊ အဲဒီ လေးရာပတ်ဝန်းကျင်ရှိတဲ့ နောက်ထပ် အဟောင်းတွေ ဘာတွေနဲ့ ငါးရာလောက်ဖြစ်သွားတယ်၊ ဒီကိုယ်တော်များ စားလောက်အောင် ဆန်, ဆီ, ပဲအမာခံ ပစ္စည်းတွေဟာ အပြည့်အစုံရှိနေပြီ၊ ပိုပိုလျှံလျှံပဲဖြစ်နေပြီ။

**မတောင့်တရ။** ။ဒီတော့ ဘုန်းကြီးက တရားကို နားလည်ကြစမ်းပါ၊ မြတ်စွာဘုရားကလေ "တောင့်တမနေရဘူးတဲ့ မတောင့်တရဘူး"တဲ့၊ မတောင့်တပဲ ရောက်လာတယ်လို့ဆိုလိုတယ်၊ "ဘယ်သူတုန်းတဲ့ အန္နကို မတောင့်တဘူးဆိုတာ ဘယ်နတ်တုန်းဟာ"တဲ့ အမေးက၊ ဘယ်နတ်တုန်းတဲ့၊ အားလုံး တောင့်တကြတယ်၊ အန္နကို မတောင့်တဘူးဆိုတဲ့ နတ်က ဘယ်နတ်တဲ့တုန်း"တဲ့။

ဒီတော့ ဗုဒ္ဓမြတ်စွာက"အန္န-အစာကို သဒ္ဓါတရားနဲ့ပေးပြီးဘော့ လှူဒါန်းတဲ့ပုဂ္ဂိုလ်တွေဟာ မတောင့်တ ရပါဘူး"တဲ့၊ ဤလောကမှာလဲပဲ မတောင့်တရပါဘူးတဲ့၊ယခုတော့ဤလောက မတောင့်တရတဲ့ အဖြစ်မျိုးကို တွေ့နေပြီ၊ နောက်လောကမှာ လဲပဲ မတောင့်တရပါဘူးတဲ့၊ နောက်လောကလဲ ဘုန်းကြီးတို့ တတွေက တောင့်တရမှာ မဟုတ်ဘူး။

**သီလစင်ကြယ်**။ ။ဒီတော့ ဘာဖြစ်တုန်း၊ သီလ စင်ကြယ် အောင်နေကြ၊ ကိုယ်တော်တို့ တောင့်တ ရမှာမဟုတ်ဘူး၊ ယခုစာချဘုန်းကြီးတွေ သီလစင်ကြယ်အောင် နေကြ၊ တာဝန်ဆောင်နေတဲ့ ဒုတိယပုဂ္ဂိုလ်တွေ သီလစင်ကြယ် အောင်နေကြ မတောင့်တရဘူး၊ ဒီစေတနာဟာ အခုအကျိုး ပေးနေပြီ၊ ဒီလောက်သံဃာတွေ တရွာစာလောက် စားနေတဲ့ ဥစ္စာကို ပိုပိုလျှံလျှံရှိနေပြီ၊ မတောင့်တရဘူး၊ နောက်လောကလဲ မတောင့်တရအောင်ဟာ ဒီက သီလကိုအခြေခံထားကြပါ၊ သီလ စင်ကြယ်အောင် လုပ်ကြပါ။

**သန့်သန့်ရှင်းရှင်းလှူ**။ ။ယခု ဆွမ်းလှူတဲ့ ဒါယကာမျာကလဲပဲ အဲဒီတရားကို သဘောပေါက်ပြီးတော့ တကယ့်စေတနာနဲ့လှူကြပါ၊ အခုလဲစေတနာနဲ့လှူတာပဲ၊ လှူလို့ ရှိယင် ဒို့ဒီလောကရော နောက်လောကရော မတောင့်တရဘူးလို့ တရားတော်ကဟောတယ်၊ ဒို့သန့်သန့်ရှင်းရှင်းနဲ့ လှူမယ် တန်းမယ်၊ ဂုဏ်ပကာသနတွေကို ဒို့မလိုက်ပဲနဲ့ အဲသလို နှလုံးထားပြီး တော့ သန့်သန့်ရှင်းရှင်းနဲ့လှူကြပါ၊ အဲသလိုလှူလို့ရှိယင် ဤဘဝ

နောက်ဘဝ မတောင့်တရပါဘူး၊ နောက်သံသရာမှာလဲပဲ မဂ်-ဖိုလ်-နိဗ္ဗာန်အထိ ကျေးဇူးပြုပါလိမ့်မယ်၊ဒါကြောင့်အာယု-ဝဏ္ဏ-သုခ-ဗလ-ပဋိဘာနဆိုတဲ့ ဆွမ်းအကျိုးငါးပါးဟာ မတောင့်တပဲနဲ့ရ ဆုမတောင်းပဲနဲ့ရတဲ့ အကျိုးတွေဖြစ်သောကြောင့် အဲဒီအကျိုးရရ မရရ ဒို့ဝတ္တရားအတိုင်း သာသနာပြုတာကို ယနေ့လာပြီးတော့ ပြုကြရတယ်လို့ ကိုယ်တိုင်ကိုယ်ကျ လောင်းလှူပြီးတော့ ဒီဩဝါဒကိုနာခံရတယ်လို့ အဲဒီလိုနှလုံးသွင်းပြီးတော့ စိတ်ချမ်းသာ ကိုယ်ချမ်းသာနဲ့ အပရစေတနာ ဒီကုသိုလ် စေတနာကို ထပ်ပြန်တလဲလဲ တိုးပွားအောင် ကြိုးစားနိုင်ကြစေကုန်သတည်း။

သာဓု... သာဓု.... သာဓု....။

## ဆွမ်း ရေစက်ချ

ဣဒံ မေ ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု။

အရှင်ဘုရား ဘုရားတပည့်တော်တို့သည် ဗုဒ္ဓမြတ်စွာ သာသနာတော်၏ စည်ပင်ပြန့်ပွား တိုးပွားခြင်းကို လိုလားပါကုန်သည်ဖြစ်၍ ဤကျောင်းတိုက်သို့ လာရောက်၍ သံဃာတော်များအား မွန်မြတ်သောနံနက်ဆွမ်းကို သံဃိကအဖြစ်ဖြင့် ဆက်ကပ်လှူဒါန်းကြပါကုန်၏အရှင်ဘုရား၊ဒါနကို ပြုသည့်အချိန်နှင့်တကွ နောက်နောက်အချိန်တို့၌ငါးပါးသီလကိုအထူးသဖြင့်လုံခြုံအောင်စောင့်ရှောက်ဖို့ရန် အဓိဋ္ဌာန်ပါ၏ဘုရား၊ထိုမှတပါး ဤရုပ်နာမ်တရားတို့

သည် မမြဲသော အနိစ္စပါတကား၊ အဖြစ်အပျက်ဒဏ်ကို ခံနေရသော ဒုက္ခပါတကား၊ ဤရုပ်နာမ်တို့၏ ချုပ်ငြိမ်းရာဖြစ်သော နိဗ္ဗာန်သည် သုခစင်စစ်ဖြစ်ပါပေသည် တကား၊ ဘုရားတပည့်တော်တို့သည် အနိစ္စ ဒုက္ခ အနတ္တဖြစ်သော ရုပ်နာမ်တို့၏ ကုန်ရာဖြစ်သော နိစ္စ-သုခ နိဗ္ဗာနဓာတ်ကို ရည်မှန်း၍ ဒါန-သီလ-ဘာဝနာကောင်းမှု ကုသိုလ်စုကို မပြတ်မလပ်ပြုပါကုန်၏ဘုရား၊ ဤကောင်းမှုများသည် နိဗ္ဗာန်၏ အထောက်အပံ့ ဖြစ်ပါစေသတည်း၊ ဤကောင်းမှု၏အဖို့ကို ကြွရောက်လာသော သံဃာတော်ပရိသတ်၊ ဆွေမျိုးမိတ်ဆွေ ပရိသတ်နှင့်တကွ ကိုယ်စောင့်နတ် ဤကျောင်းတိုက်စောင့်နတ် မိမိတို့၏ နေရာမြို့ရွာအိမ်ယာတို့၌ စောင့်ရှောက်ကြပေသော နတ်အပေါင်း အမိအဖ ဆရာသမား ဆွေမျိုးမိတ်ဆွေ အစရှိသော ပုဂ္ဂိုလ်အပေါင်းနှင့်တကွ ငရဲသေဌ်နှင်းယမမင်း ဒေဝသေဌ်နှင်းသိကြားမင်းမှစ၍သုံးဆယ့်တစ်ဘုံ၌ ကျင်လည် ကြကုန်သော သတ္တဝါ အပေါင်းတို့အား အမျှ အမျှပေးဝေပါ၏၊ အမျှရ၍ ချမ်းသာကြပါစေသော်—။

ကြားကြားသမျှ အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့။

သာဓု.... သာဓု.... သာဓု....။

ဆွမ်းအကျိုးငါးပါး တရားတော် ပြီးပြီ။

# ဂုဏ်ဖော်ကောင်းမှု သတိပြု

ပကာသနကုသိုလ်သည် အခွင့်သာသော ဘဝ၌ အကျိုးပေးလျှင် ထိုအကျိုးကြောင့် လောဘကြီးသူဖြစ်လတံ့၊ သို့မဟုတ် ဒေါသကြီးသူဖြစ်အောင် အကျိုးပေးလတံ့၊ ထိုလောဘဒေါသတွေ ခြံရံနေသော ကောင်းမှုသည် ထိုသူ့ကို သံသရာစဋ္ဋဝယ် တလည်လည် လည်နေစေမည်သာဖြစ်ရကား ထိုကောင်းမှုမျိုးသည် အရိယာဖြစ်အောင် မစွမ်းဆောင်နိုင်ပါ။ ထို့ကြောင့် မာတ်သတ္တိ ကူးစက်လိုက်ပါနေပုံကိုသဘောပေါက်နေသူမှန်လျှင် ဂုဏ်ဖော်ကောင်းမှုကို ကမ္ဘဋ္ဌာန်းဘာဝနာတိုင်အောင် မပြုမိဖို့ရန် သူများယောင်တိုင်းယောင်ရမ်းပြီး မလုပ်မိဖို့ရန် အမြဲသတိပြုသင့်ကြပါသတည်း။

(မိမိကုသိုလ်ကို မိမိသာယာမှု လောဘမျိုးကား ပုထုဇဉ်ကို မဆိုထားဘိ အနာဂါမ်တိုင်အောင် ရှိပါသေးသည်၊ ထိုလောဘမျိုးကို ဂုဏ်ဖော်လောဘနှင့် မရောပါနှင့်)

ဆရာတော်အရှင်ဇနကာဘိဝံသ၏

ဗုဒ္ဓဘာသာသင်ခန်းစာ (၂၇၆)

# ဗောဇ္ဈင်ခုနစ်ပါးတရားတော်

ဘုန်းကြီးဗောဇ္ဈင်တရားကို ဟောမယ်နော်၊ ဗောဇ္ဈင်ပရိတ် လဲရွယ်မယ်၊ ပြီးတော့ ဒကာမကြီး အားထုတ်ထားတဲ့ တရားလဲ နဲနဲလေး နှလုံးသွင်းထားနော်၊ အဲဒီ တရားနဲ့ပဲ ဆိုင်အောင် ဘုန်းကြီးတရားစကားလဲ ပြောပေးမယ်။

## ဘုရားဟောပြ

ဧကသ္မိံ သမယေ နာထော၊ မောဂ္ဂလ္လာနဉ္စကဿပံ။
ဂိလာနေ ဒုက္ခိတေ ဒိသွာ၊ ဗောဇ္ဈင်္ဂေ သတ္တ ဒေသယိ။

ဧကသ္မိံ သမယေ၊ အခါတပါး၌။ နာထော၊ ဒကာမကြီး တို့၏ ကိုးကွယ်ရာဖြစ်သော ဘုန်းကြီးတို့၏ ကိုးကွယ်ရာဖြစ်သော မြတ်စွာဘုရားသည်။ ဂိလာနေ၊ မကျန်းမမာကြကုန်သည်ဖြစ်၍။ ဒုက္ခိတေ၊ ဒုက္ခရောက်နေကြကုန်သော။ မောဂ္ဂလ္လာနဉ္စ၊ လက်ဝဲ တော်ရံအရှင်မောဂ္ဂလ္လာန် မထေရ်မြတ်ကိုလည်းကောင်း။ ကဿ ပဉ္စ၊ ရတ္တညုမဟတ္တတေဒဂ်ရသော ဓုတင်တေရသကို ဆောင်နိုင်တဲ့ အရှင်မဟာကဿပ မထေရ်မြတ်ကိုလည်းကောင်း။ ဒိသွာ၊ မြင် တော်မူရ၍။ သတ္တဗောဇ္ဈင်္ဂေ၊ ခုနစ်ပါးသော ဗောဇ္ဈင်တရား တို့ကို။ အဒေသယိ၊ ဟောပြတော်မူခဲ့လေပြီ။

မကျန်းမမာ။ ။ဒီရုပ်,ဒီနာမ်,ဒီခန္ဓာကြီးနဲ့နေတော့လေ ဘယ်သူကျန်းမာတယ်လို့ ဒီလို တသက်လုံးမဖြစ်နိုင်ဘူး၊ တခါတုန်းကအရှင်မောဂ္ဂလ္လာန်တန်ခိုးသိပ်ကြီးတာပဲ၊ တန်ခိုးသိပ်ကြီးပေမယ်လို့လေ ဟိုတောထဲမှာ ကမ္မဋ္ဌာန်းကျောင်းနဲ့နေယင်း သစ်ရွက်နံ့တွေ သစ်ပွင့်နံ့တွေ အဲဒီ အနံ့တွေကြောင့်မကျန်းမမာဖြစ်တယ်၊ ဖျားတယ်ပေါ့၊ အရှင်မဟာကဿပလဲဒီလိုပဲ တောထဲမှာသီတင်းသုံးနေတုန်း မကျန်းမမာ ဖြစ်လို့လေမြတ်စွာဘုရားကမြင်တော်မူတော့ ကြွလာတော်မူတယ်၊ ဘုရားကကြွလာတယ်၊ မှန်းကြည့်စမ်း၊ တန်ခိုး သိပ်ကြီးတဲ့ အရှင်မောဂ္ဂလ္လာန်ကြီးနေထိုင်မကောင်းလို့ ဓုတင်တရားဆောင်တဲ့အားအင် အင်မတန်ကောင်းတဲ့ အရှင်မဟာကဿပကြီး နေထိုင်မကောင်းလို့ ဘုရားရှင်ကြွလာတော်မူတယ်၊ ဒါကိုဒကာမကြီးမြင်မှာပေါ့နော်၊ စိတ်ထဲတွေးကြည့်ယင် ကြွလာပြီးတော့ ဗောဇ္ဈင်ခုနစ်ပါးတရားဟောတော်မူတယ်။

ကြည့်စမ်း၊ ဗောဇ္ဈင်ခုနစ်ပါးဟာ နေထိုင်မကောင်းလို့ရှိယင်အင်မတန် အားကိုးစရာ ကောင်းတယ်၊ အဲဒီ ဗောဇ္ဈင်ခုနစ်ပါးတရားကိုဟောတော်မူတယ်။

## ရောဂါမှ လွတ်မြောက်

တေ စ တံ အဘိနန္ဒိတွာ၊ ရောဂါ မုစ္စိံသု တင်္ခဏေ။

ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

တေစ၊ ထိုအရှင်မောဂ္ဂလ္လာန်မထေရ်မြတ် အရှင်မဟာကဿပမထေရ်မြတ်တို့သည်လည်း။ တံ-ဘုရားရှင် ဟောတော်မူအပ်တဲ့

ဗောဇ္ဈင်တရားတော်ကို၊ အဘိနန္ဒိတွာ- လွန်လွန်မင်းမင်းနှစ်သက်တော်မူလှခြင်းကြောင့်၊ (တရားတော့သ်ပြီးသားတွေပဲ၊ ထပ်နာရတော့လေ နှစ်သက်လိုက်တာတဲ့ စိတ်ချမ်းသာ လိုက်ကြတာတဲ့။) တခ်ကော- မြတ်စွာဘုရားတ ားဟောတော်မူရာ ထိုခဏ၌၊ ရောဂါ- မကျန်းမမာဖျားနာ၍ နေတဲ့ရောဂါမှ၊ မုစ္စိ သု- လွတ်မြောက်ကြရဖူးလေကုန်ပြီ။

အဲဒီဗောဇ္ဈင်တရားလဲဟောပြီးရော ဝမ်းမြောက်ဝမ်းသာဖြစ်လို့ ကျန်းကျန်းမာမာကြီး ဖြစ်သွားကြတယ်တဲ့။

ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

ဧတေန သစ္စဝဇ္ဇေန- ဤကဲ့သို့မှန်ကန်သော သစ္စာစကားကိုပြောဆိုရခြင်းကြောင့်၊တေ-မြတ်စွာဘုရားကို ယုံကြည်အားထား၍နေသော မြတ်စွာဘုရား၏ တရားတော်တွေကို ယုံကြည်အားထား၍နေသော မြတ်စွာဘုရား၏ သာဝက သံဃာ အရိယာဖြစ်ပြီးတဲ့ သံဃာတော်များကို ယုံကြည် ကြည်ညို၍ နေသော သင်ဥပါသိကာမကြီး၏၊ သောတ္ထိ- ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းသည်၊ ဟောတု- စင်စစ်မသွေ ဖြစ်ပါစေသတည်း။

သာဓု.... သာဓု.... သာဓု....။

ဘုရားရှင်မကျန်းမာ

ကေဒါ ဓမ္မရာဇာပိ၊ ဂေလညေနာပိ ပီဠိတော။
စုန္ဒတ္ထေရေန တံယေဝ၊ ဘဏာပေတွာန သာဒရံ။

ကေဒါ- တရံတခါ၌ အခါတပါး၌၊ ဓမ္မရာဇာပိ- တရားမင်းဘုရားသော်မှလည်း၊ ဂေလညေန- မကျန်းမမာ ဖျားနာခြင်းသည်၊ ပိဠိတော- နှိပ်စက်တော်မူအပ်သည်ဖြစ်၍၊ (ကဲ—ဒီရုပ်ဒိနာမ် ဒိခန္ဓာကိုယ်ကြီးနဲ့ ရလာတော့ ဘုရားကော ကျန်းမာနေတာချည်းလို့တခါထဲမဖြစ်ဘူးနော်၊ မြတ်စွာဘုရား မကျန်းမမာတော်မူပြီးတဲ့နောက် မကျန်းမမာတော့ မြတ်စွာဘုရားက စုန္ဒမထေရ်ကို "စုန္ဒ....ဗောဇ္ဈင်တရားတွေကို သင့်ဉာဏ်ထဲမှာ ထင်စေ" လို့ တိုက်တွန်းတော်မူတယ်။

ဗောဇ္ဈင်ကိုနာ။ ။ဒီဟာ ဗောဇ္ဈင်ခုနစ်ပါးတရားကို အရွတ်ခိုင်းတာပဲနော်၊ စုန္ဒထေရေန- အရှင်စုန္ဒထေရ်ကို၊ တံယေဝဗောဇ္ဈင်္ဂံ- ထိုဗောဇ္ဈင် ခုနစ်ပါးမြတ်တရားကိုပင်၊ သာဒရံ- ရိုသေလေးမြတ်စွာ၊ ဘဏာပေတွာန- မြတ်စွာဘုရားထံတော်ပါး၌ ဟောရွတ်စေပြီး၍- (ဘုရားက ကိုယ်တော်တိုင် မကျန်းမာတော့ ဗောဇ္ဈင်တရားနာတော်မူတာပဲ၊ ကိုယ်တော်တိုင် ဟောတော်မူတာပဲ၊ ကိုယ်တော်တိုင် ဟောတော်မူထားတဲ့တရား ပေမယ့်လို့လေ ဘုရားရှင်ကိုယ်တော်မြတ်က ပြန်ပြီးတော့နာတော်မူတယ်၊ နားထောင်တော် မူတယ်၊ ကဲ....နာတော်မူတယ်နော်။)

> သမ္မောဒိတွာန အာဗာဓာ၊ တမှာဝုဋ္ဌာသိ ဌာနသော။
> ဧတေနသစ္စဝဇ္ဇေန၊ သုဝတ္ထိတေ ဟောတု သဗ္ဗဒါ။

သမ္မောဒိတွာန - မြတ်စွာဘုရားကိုယ်တော်တိုင် ဝမ်းမြောက်တော်မူလှသည်ဖြစ်၍၊ (ဒီတရားနာရတော့ ဘုရားရှင်ကိုယ်တော်မြတ်ကလဲ ဝမ်းမြောက်လို့)

တမှာ အာဗာဓာ - ထိုမကျန်းမမာ ဖျားနာရင်းစွဲ ဖြစ်တဲ့ ရောဂါမှ၊ ဌာနသော- တခဏချင်းအားဖြင့်၊ ဝုဋ္ဌာသိ-ထမြောက် လွှတ်ကင်းတော်မူခဲ့လေပြီ။

(မြတ်စွာဘုရားကလဲ ဗောဇ္ဈင်တရားနာရလို့ ဝမ်းမြောက် ဝမ်းသာဖြစ်လို့၊တရားလဲပြီးရောကျန်းကျန်းမာမာကြီးဖြစ်လို့တဲ့ တော်တော်ဝမ်းမြောက်စရာကောင်းတဲ့ တရားတော်နော်။

**ချမ်းသာပါစေ။** ။တေန-သစ္စဝဇ္ဇေန-မြတ်စွာဘုရား မကျန်း မမာတော်မူသောအခါ ဗောဇ္ဈင် တရားကို အရှင်စုန္ဒမထေရ်က ဟောရွတ်၍ လျှောက်သောကြောင့် ဘုရား ရှင်ကိုယ်တော်မြတ် ဝမ်းမြောက်တော်မူလှသဖြင့်“တခဏချင်းပင် ထို မကျန်းမမာရောဂါမှ ထမြောက်လွှတ်ကင်းတော်မူ၏ ” ဟူ၍ မှန်ကန်တဲ့ သစ္စာစကားကို ပြောဆိုရခြင်းကြောင့်၊ တေ-မြတ်စွာ ဘုရားကို ယုံကြည်အားထား၍နေသော သင် ဥပါသိကာမကြီး ၏၊ တေ-မြတ်စွာဘုရား၏ တရားတော်ကို ယုံကြည်အားထား၍ ကိုယ်တိုင်ကြိုးစားအားထုတ်ခဲ့ဖူးသော သင် ဒါယိကာမကြီး၏၊ တေ-မြတ်စွာဘုရား၏ တရားတော်ကို အားထုတ်၍ တရားပေါက် ပြီးတဲ့ ရဟန္တာအရှင်မြတ်တို့ကို လွန်စွာလေးမြတ် ကြည်ညို ဆည်းကပ်၍နေသော သင် ဥပါသိကာမကြီး၏၊ သုဝတ္ထိ-ကိုယ်စိတ် နှစ်ဖြာ ချမ်းသာခြင်းသည်၊ ဟောတု-စင်စစ်မသွေ ဖြစ်ပါစေ သတည်း။

သာဓု....သာဓု....သာဓု....။

ဗောဇ္ဈင်အကျိုး။ ။ပြီးတော့ ဗောဇ္ဈင်ခုနစ်ပါး တရားတော်ကလေ မကျန်းမမာပြီဆိုရင် အားကိုးစရာ အင်မတန်ကောင်းတဲ့ တရားတော်နော်၊ ဒါ့ကြောင့် ဘုန်းကြီးကလေ ဒကာမကြီးကိုအခပွေါယ်ပြောပြီးတော့ ဗောဇ္ဈင်တရားရွတ်ပေးမယ်။

သတ္တိမေ ဥပါသိကေ ဗောဇ္ဈင်္ဂါ၊
ဘဂဝတာ သမ္မဒက္ခာတာ။
ဘာဝိတာ ဗဟုလီကတာ အဘိညာယ သမ္ဗောဓာယ
နိဗ္ဗာနာယ သံဝတ္တန္တိ။

ဥပါသိကေ-ဘုရား တရား အရိယာသံဃာ ရတနာ ၃-ပါးကို မပြတ်မလပ်ဆည်းကပ်၍နေသော ဥပါသိကာမကြီး၊ဘဂဝတာ-မြတ်စွာဘုရားသည်၊ သမ္မ(သမ္မာ) ရွှေညာဏ်တော်ဖြင့် ပိုင်းဖြတ်၍ အကောင်းမြတ်ဆုံး ဖြစ်ရလေအောင်၊ အက္ခာတာ- ဘုန်းကြီးတို့ အတွက် ဒကာမကြီးတို့အတွက် ဟောပြတော်မူအပ်ကုန်သော၊ သတ္တ - ခုနစ်ပါး ကုန်သော၊ ဣမေ ဗောဇ္ဈင်္ဂါ - ဤဗောဇ္ဈင် တရားတို့သည်၊ ဘာဝိတာ - ဒကာမကြီး သန္တာန်၌ဖြစ်စေ အပ်ကုန်သည်ရှိသော်၊ ဗဟုလီကတာ-အကြိမ်ဖန်များစွာ အလေ့ အလာ ပြုအပ်ကုန်သည်ရှိသော်၊ အဘိညာယ- သစ္စာ ၄-ပါး တရားကို ထူးသောညာဏ်ဖြင့် သိခြင်းငှါ၊ သမ္ဗောဓာယ-မဖောက် မပြန် အမှန်အတိုင်း သိခြင်းငှါ၊ နိဗ္ဗာနာယ- ရုပ်နာမ်ခပ်သိမ်း တို့၏အေးငြိမ်းရာ နိဗ္ဗာန်အကျိုးငှါ၊သံဝတ္တန္တိ-စင်စစ်ကေန် အမှန်ပင်ဖြစ်နိုင်ကြလေကုန်သတည်း။

သာဓု....သာဓု....သာဓု....။

သစ္စာသိမြင်။   ။ဘာဖြစ်လို့ ပေါဇ္ဈင် တရားတွေကလေ ဒီလောက်များ ကျန်းမာရေးရော ဘာရော ကောင်းပါသလဲလို့ဆိုတော့ "ဘာဝိတာ- ဘုန်းကြီးတို့သန္တာန် ဒကာမကြီးတို့သန္တာန်၌ ဖြစ်စေအပ်ကုန်သည်ရှိသော်" လို့ နှောင်လာမဲ့ တရားတွေလေ ဒကာမကြီးက တရားနာလို့၊ တရားနာပြီးတော့ တရားနှလုံး သွင်းလို့၊ အဲဒီ တရား နှလုံးသွင်းနေတဲ့ ဥစ္စာဟာ ကိုယ့်သန္တာန်ဖြစ်စေတာပဲ၊ ဖြစ်စေတော့ ဘယ့်လောက်များ ကောင်းသတုန်းလို့ဆိုတော့ "အဘိညာယ-သစ္စာ ၄ ပါးကို ထူးသောဉာဏ်ဖြင့် သိခြင်းငှါ" ဒီတရားနှလုံးသွင်းယင်း သွင်းယင်းပဲ သစ္စာ ၄ ပါးကို မြင်သွားတယ်၊ မြင်သွားတာမှ မှန်မှန်ကန်ကန်ကို မြင်သွားတယ်၊ သမ္ဗောဓာယ-မဖောက်မပြန် အမှန်အတိုင်း သိမြင်ခြင်းငှါ၊ နိဗ္ဗာနာယ- ဒုက္ခခပ်သိမ်း အေးငြိမ်းရာ နိဗ္ဗာန်အကျိုးငှါ၊ သံဝတ္တန္တိ-ဖြစ်နိုင်ကြပေကုန်၏။

နိဗ္ဗာန်မြင်သွားတယ်၊ သစ္စာလေးပါး မြင်တယ်ဆိုတော့ နိရောဓသစ္စာက နိဗ္ဗာန်ကို၊ အဲဒီ နိရောဓသစ္စာ နိဗ္ဗာန်ပါ မြင်သွားတယ်။

ဒုက္ခအမှန်။   ။စဉ်းစားကြည့်စမ်း၊ ဒီရုပ် ဒီနာမ် ဒီခန္ဓာကိုယ် ရတော့ ဘုရားလဲ မကျန်းမမာဘူးလို့ ဆိုခဲ့ပြီနော်၊ အရှင်မောဂ္ဂလာန် အရှင်မဟာကဿပတို့လဲ မကျန်းမာတာကို တွေ့ခဲ့ရပြီနော်၊ ဒီရုပ် ဒီနာမ် ဒီခန္ဓာကိုယ်၊ ဒါဖြင့် ဒီရုပ် ဒီနာမ် ဒီခန္ဓာကိုယ်ကြီးဟာ ဒုက္ခသစ္စာအမှန်ကြီးပေါ့၊ ဟုတ်ဘူးလား၊ မြတ်စွာဘုရားရဲ့ ရုပ်နာမ်ကြီးကို အာရုံပြုကြည့်ပါ၊

အော်— ဘုရားလဲ မကျန်းမမာရတဲ့ ဒုက္ခသစ္စာပဲ၊ အရှင်မောဂ္ဂလာန် အရှင်မဟာကဿပတို့ရဲ့ ရုပ်နာမ်တွေ ဒကာမကြီး မှန်းကြည့်ပါ၊ အော်.... အရှင်မောဂ္ဂလာန်ရဲ့ ရုပ်နာမ် အရှင်မဟာကဿပရဲ့ ရုပ်နာမ်လဲပဲ မကျန်းမမာရတဲ့ ဒုက္ခသစ္စာကြီးပဲ၊ ဒုက္ခအမှန်ကြီးပဲ၊ အဲဒီတော့ ဘုန်းကြီးနဲ့ ဒကာမကြီးပဲ စဉ်းစားကြည့်စမ်းပါ၊ ဘုန်းကြီးရဲ့ ရုပ်နာမ်လဲပဲ ခုပဲ အသံကပ်တယ်လို့ ဆိုနေတယ် မဟုတ်ဘူးလား၊ အဲဒါ ဒုက္ခပဲ မဟုတ်ဘူးလား၊ ဒုက္ခ သေသေချာချာ တွေ့နေရတာနော်၊ ဒီတော့ "ဒကာမကြီးရဲ့ ရုပ်နာမ် ဘုန်းကြီးရဲ့ရုပ်နာမ် အားလုံးရဲ့ ရုပ်နာမ်တွေဟာ အော် ဒုက္ခအမှန်ကြီးပါလား" ဟုတ်ပေဘူးလား နော်။

**လောဘကြောင့်ဖြစ်။** ။ဒီတော့ ဒီရုပ် ဒီနာမ်တွေကို ဒုက္ခမှန်း သိရက်သားနဲ့ ဘာဖြစ်လို့ လက်ရှိရနေကြတုန်းလို့၊ တဏှာ လောဘ သမုဒယက ခင်မင်တယ်မဟုတ်လား၊ ကိုယ့်ရုပ်ကိုယ့်နာမ်ကို၊ ဒီဘဝမှာ ခင်မင်တယ်ဆိုတော့ နောက်ဘဝကလေးလဲပဲ ဒီရုပ်ဒီနာမ်ကလေး လိုချင်နေပြန်ရော၊ ဒီတော့ ဘာလဲ၊ တဏှာလောဘပါနေတယ်၊ တဏှာလောဘက ဘာတုန်းဆိုတော့ သမုဒယခေါ်တဲ့ သစ္စာအမှန်ပဲ၊ ဒါသူ့ကြောင့် သူ့ကြောင့်၊ ဒကာမကြီးရော ဘုန်းကြီးရော တဏှာလောဘကိုသာ ကုန်အောင်သတ်နိုင်လို့ရှိယင် နောက်ထပ် ရုပ်နာမ်ဖြစ်မှာမဟုတ်ဘူး၊ အရှင်မောဂ္ဂလာန်လေ တဏှာလောဘ ကုန်အောင်သတ်ပြီးသားမို့လို့ လက်ရှိရုပ်နာမ်အတွက်သာ ဒုက္ခခံနေရတယ်၊ နောက်ထပ် ဖြစ်သေးသလား ဆိုတော့ မဖြစ်ဘူး၊

ဘာပြုလို့တုန်း၊ တဏှာလောဘတွေကို ပယ်နိုင်လို့နော်၊ အရှင်မဟာကဿပ လက်ရှိရုပ်နာမ်အတွက်သာ ဒုက္ခခံရတာ၊ နောက်ထပ် အရှင်မဟာကဿပ ဘဝသစ် ရုပ်နာမ် ဖြစ်သေးသလားလို့ဆိုတော့ မဖြစ်ဘူး၊ ဘာပြုလို့တုန်း တဏှာလောဘကို ပယ်နိုင်လို့။

ဒါဖြင့် ဒကာမကြီး ရနေတဲ့ရုပ်နာမ် ဘာကြောင့်ရ၊ တဏှာလောဘအရင်းခံခဲ့လို့ရ၊ ဘုန်းကြီး ရုပ်နာမ် ဘာလို့ရ၊ တဏှာလောဘအရင်းခံခဲ့လို့ရ၊ အားလုံးဒုက္ခတွေ ဘာကြောင့်ဖြစ်ရ၊ တဏှာလောဘအရင်းခံခဲ့လို့ရ၊ ဟော-ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာကိုမြင်လို့၊ ဟုတ်ကဲ့လား၊ ဒီပြင် တရားကို လိုက်စားပြီးတော့ တရားအာရုံပြုနေတယ်ဆိုလို့ရှိယင် "အော်....ဒါဒုက္ခပဲ" လက်တွေ့ဒုက္ခပဲ၊ အဲဒီဒုက္ခတွေဟာ တဏှာလောဘ သမုဒယ သစ္စာအရင်းခံတာပဲ ဟုတ်ပေဘူးလား။

## သတိထားကြည့်

၁။ သတိ သမ္ဗောဇ္ဈင်္ဂေါ ဓေါ ဥပါသိကေ ဘဂဝတာ<br>သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိ<br>ညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ဥပါသိကေ- ရတနာသုံးပါးကို ဆည်းကပ် မြတ်နိုး အားကိုးလေ့ရှိသော ဒါယိကာမကြီး၊ ဘဂဝတာ-သည်၊ သမ္မ (သမ္မာ)-ရွှေဉာဏ်တော်ဖြင့် ပိုင်းဖြတ်၍ အကောင်းမြတ်ဆုံး ဖြစ်ရလေအောင်၊အက္ခာတော-ဘုန်းကြီးတို့အတွက် ဒကာမကြီးတို့အတွက်

ဟောပြတော်မူအပ်ခဲ့သော၊ သတိ သမ္ဗောဇ္ဈင်္ဂေါ- မိမိရုပ်နာမ် ခန္ဓာအပေါ်၌ သတိထား၍ နေခြင်းဟူသော သမ္ဗောဇ္ဈင် တရားသည်-

ကဲ....သတိသမ္ဗောဇ္ဈင်တရားတဲ့ ပထမဆုံး ရောက်လာပြီနော် ဘယ်လိုလဲသတိထားကြည့်ပါတဲ့၊ ခုနက ရုပ်နာမ်သတိထားကြည့် ရုပ်နာမ်ဟာ ဘာကြောင့်ဖြစ်ပါသလဲ၊ တဏှာ လောဘ သမုဒယ ရှေးတုန်းကမောတ်ခံရှိနေလို့ ရုပ်နာမ် ခန္ဓာ ဒုက္ခသစ္စာဖြစ်တာပဲ၊ ဒါကို သတိထားကြည့်နေပါတဲ့၊ သတိမထားလို့ရှိယင် အမှတ် တမဲ့နဲ့ ခင်မင်စရာကြီးလို့ ထင်သွားတယ်၊ သတိထားကြည့်တော့ "အို....သုခထင်နေတဲ့ ရုပ်နာမ်ကို ငါကခင်မင်နေရတယ်" ဟုတ် ကဲ့မဟုတ်လား၊ ဒုက္ခပေးတဲ့ ရုပ်နာမ်ဟာ ခင်မင်စရာကိုမကောင်း ဘူး၊ ခင်မင်တော့ ဒီရုပ်နာမ်အကြောင်းပြုပြီးတော့ ဒုက္ခတွေက ဖြစ်ရရော၊ ခင်မင်တာက သမုဒယသစ္စာ ရုပ်နာမ်က ဒုက္ခသစ္စာ၊ အဲဒါကိုသတိထားပါတဲ့။

အကြိမ်များစွာ။ ။သတိသမ္ဗောဇ္ဈင်္ဂေါ-ဤ ရုပ်နာမ်ခန္ဓာအပေါ် ၌သတိထား၍ နေရခြင်းဟူသော သမ္ဗောဇ္ဈင် တရားသည်၊ ဘာဝိတော-ဒကာမကြီးသန္တာန်၌ ဖြစ်စေအပ်သည် ရှိသော်(ညာနေတာမဟုတ်ဘူး ဗောဇ္ဈင်တရားက ကိုယ့်သန္တာန် မှာဖြစ်အောင်နေရတာ ဖြစ်အောင်နေတော့ ဒကာမကြီး သတိ ထားလိုက်ပြီဆိုတော့ ဟော-သတိ သမ္ဗောဇ္ဈင်တရား ဖြစ်သွား ပြီးတော့ ဟောဗောဇ္ဈင်တရားကို အပြင်ဖက်က နာနေတာတင် မဟုတ်သေးဘူး၊ ဒကာမကြီး ရုပ်နာမ်သတိထားကြည့်လိုက်တယ်

ဆိုတော့ သတိသမ္ဗောဇ္ဈင်ဖြစ်သွားပြီ) ဗဟုလီကတော-အကြိမ်ဖန်များစွာအလေ့အလာပြုအပ်သည်ရှိသော် တရားက အင်မတန်သေချာတယ်လေ၊ တခါသိရုံနဲ့တော့ တရားပေါက်မယ်လို့မဆိုနိုင်ဘူး၊ အကြိမ်များစွာတဲ့ အကြိမ်ဘယ်လောက်များရမှာတုန်း၊ တမိနစ်အတွင်းလဲ ဒီသတိထားလို့၊ နှစ်မိနစ် အတွင်းလဲ ဒီသတိထားလို့၊ ဘေးကအသံတွေမကြားယင် သတိနဲ့ချည်း ကိုယ့်ရုပ်နာမ်အပေါ်မှာ စဉ်းစားပြီးတော့ ဒုက္ခ,ဒုက္ခ,ဒုက္ခ သစ္စာကြီး ရုပ်နာမ်ဟာ ဒုက္ခသစ္စာကြီး သတိထားလို့၊ တနာရီအတွင်းလဲ ဒါသတိထားလို့၊ နည်းနည်းပါးပါး ဟိုကိစ္စဒီကိစ္စတွေ ကိစ္စရှိတာရှက်ဆောင်ပြီးတော့ ဒီရုပ်နာမ်ပဲသတိထားနေတယ်၊ ဒါသတိသမ္ဗောဇ္ဈင် ဖြစ်နေတာ၊ ဗဟုလီကတော - အကြိမ်ဖန်များစွာအလေ့အလာ ပြုအပ်သည်ရှိသော်၊ ဘယ့်လောက် ကြာရမှာလဲ၊ အို ..တနာရီလဲမက နှစ်နာရီလဲမကပေါ့၊ တသက်လုံး အာရုံပြုနေနိုင်ယင် တသက်လုံးကောင်းတာပေါ့၊ အင်မတန် ကောင်းတယ်တဲ့၊ ဒီသတိသမ္ဗောဇ္ဈင်ဆိုတဲ့ တရားကို ကိုယ့်သန္တာန်မှာ ဖြစ်ပါစေ၊ တခါထဲ မကဘူး အကြိမ်များစွာဖြစ်ပါစေ။

မဂ္ဂသစ္စာ။ ။အဲဒီလိုဖြစ်တော့ ဘာများ အကျိုးရတုန်းလို့ဆိုတော့ "အဘိညာဏ-သစ္စာ ၄-ပါးကို ထူးသောဉာဏ်ဖြင့်သိခြင်းငှာ၊ ခုနက ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာကို သိပြီနော်။

ဒီရုပ်နာမ်ချုပ်သွားလို့ရှိယင် ဘာဖြစ်မလဲ၊ ရုပ်နာမ်ကိုအဆက်မရှိတော့ဘူးဆိုလို့ရှိယင် နိရောဓဆိုတဲ့ နိဗ္ဗာန်ဖြစ်မှာပေါ့၊ အဲဒီ

နိဗ္ဗာန်ရောက်ကြောင်းက ဘယ်ဟာတုန်းလို့ ဆိုလို့ရှိယင် "မဂ္ဂသစ္စာဆိုတဲ့ မဂ္ဂင်ရှစ်ပါးပဲ၊" တယ်ကောင်းတယ်၊ ဒီတရားဟာ ဘုရားပေးမှ ဒီတရားတွေ တွေ့ရတာ ဘုရားမပွင့်ယင် ဒီတရားတွေမတွေ့ပါဘူးနော်၊ မဂ္ဂသစ္စာဆိုတဲ့ ဉစ္စာထဲက တခုထဲစဉ်းစားကြည့်စမ်းပါ၊ သမ္မာဒိဋ္ဌိ အယူမှန်တာလေးတခုထဲနဲ့ပဲ သမ္မာဒိဋ္ဌိမဂ္ဂင်ဆိုတဲ့ မဂ္ဂင်သစ္စာဖြစ်ပြီ၊ ဒကာမကြီးကိုယ့်ကိုယ်ကို စဉ်းစားကြည့်ပါ "ငါ့အယူမှန်လိုက်တာမှ" ဟုတ်တယ် မဟုတ်လား၊ ဒုက္ခဖြစ်တဲ့ ရုပ်နာမ်ကို ဒုက္ခမှန်းသိတာ ဒါသိပ်အယူမှန်တာပေါ့၊ ဒီဒုက္ခဟာ ဘယ်ကလာတုန်းလို့ဆိုယင် တဏှာလောဘ သမုဒယက လာခဲ့တာလို့ သိဘာဟာ သိပ်အယူမှန်တာပဲ၊ ဒါသစ္စာ ၄-ပါးကိုသိမြင်နေတဲ့သမ္မာဒိဋ္ဌိဉာဏ်ပဲ၊ ဟောသမ္မာဒိဋ္ဌိ မဂ္ဂင်ဆိုတဲ့ မဂ္ဂင်သစ္စာဖြစ်တယ်။

**စိတ်ထဲမှာဖြစ်။** ။မဂ္ဂသစ္စာတခြားဖြစ်နေတာမဟုတ်ဘူး၊ဒကာမကြီးရဲ့ စိတ်ထဲမှာကိုဖြစ်နေတာ၊ အဲဒါလောကုတ္တရာဆိုတဲ့ အရိယမဂ္ဂသစ္စာမဖြစ်သေးတောင် လောကီမဂ္ဂသစ္စာဖြစ်နေပြီ၊ ဘုန်းကြီးလဲ ဟောယင်းပြောယင်း လောကီမဂ္ဂသစ္စာဖြစ်နေပြီ အဲဒီတော့ဒီရုပ်နာမ်သာချုပ်လို့ရှိယင် ဘုန်းကြီးတို့ နိဗ္ဗာန်ဆိုတဲ့ဘာရား ကေန္တဖြစ်ရတော့မှာပဲ။

သတိသမ္မောဇ္ဈင်္ဂေါ - သတိသမ္ဗောဇ္ဈင်သည်၊ ဘာဝိတော ကြိမ်ဖန်များစွာပွားများအပ်ကုန်သည်ရှိသော်၊ ဗဟုလီကတော ကြိမ်ဖန်များစွာ အလေ့အလာ ပြုအပ်ကုန်သည်ရှိသော်၊ တခါ သတိသမ္ဗောဇ္ဈင်ပြီးတော့ မြတ်စွာဘုရားကလေ—

၂။ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂေါခေါဉပါသိကာ၊ဘဂဝတာ သမ္မ ဒက္ခာတာ ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ဒီတရားတွေကို စဉ်းစားပြီးတော့နေတာ ဒကာမကြီးကလေ စိတ်နဲ့ ကမ္မဋ္ဌာန်းကျောင်းထဲမှာလို့ အောက်မေ့ထားနော်၊ ဒီအုတ် တိုက်ထဲမှာလို့ မအောက်မေ့ပဲနဲ့ ကမ္မဋ္ဌာန်းကျောင်းထဲမှာ ဒို့စဉ်း စားနေတာ ဘုန်းကြီးကလဲ ကမ္မဋ္ဌာန်းကျောင်းနားမှာ လာပြီး တော့ ဟောနေတာနော်၊ ဒီလိုမှ စဉ်းစားလို့ သာကောင်းတယ်၊ ဟုတ်ကဲ့လား "ဓမ္မဝိစယ" ဆိုတဲ့ ဉစ္စာတရားတွေကို စိစစ်နေတာ၊ ဒီရုပ်ခန္ဓာကြီး "မြဲသလား မမြဲဘူးလား" ဟော ဒကာမကြီးက ကမ္မဋ္ဌာန်းကျောင်းထဲမှာလေ၊ ဘုန်းကြီးကလဲမေးလို့ ဒကာမကြီး ကလဲ စဉ်းစားလို့။

**မကောင်းဒုက္ခ။** ။"ဒါတော့ မမြဲပေါင်ဘုရား" နော် "ရုပ် ခန္ဓာကြီးဟာ မမြဲတဲ့ အနိစ္စတရားကြီးပဲ" ကောင်းပြီ ဒကာမကြီးမမြဲလို့ ဖြစ်ပျက်ဖြစ်ပျက်နေတဲ့ အရာဝတ္ထု မှန်လို့ရှိယင် "အကောင်းလား မကောင်းလား" လို့ ဆိုယင်တော့ ဖြစ်ပျက်နေယင်တော့ မကောင်းချည်း နေမှာပေါ့ ဟုတ်ဘူး လား၊ ဆိုပါတော့ပေါ့ အဝတ်ကလေးပေးမယ်လို့ "စုတ်သွား တယ်ဆိုလို့ရှိယင် မကောင်းပဲနေမှာပေါ့" ဟုတ်ပေဘူးလား၊ ပြန်ချုပ်နေရတာကိုက ဒုက္ခများနေပြီ၊ ဟုတ်ပေဘူးလား၊ အဲဒီ တော့ ဖြစ်ပျက်နေတဲ့ ဒီရုပ်နာမ်ဟာ "အကောင်းလားမကောင်း

လား၊ သုခလားဒုက္ခလား”ပါဠိလိုပေါ့နော်၊ ဗမာလို“ကောင်း သလား မကောင်းဘူးလား” ဆိုလို့ရှိယင် ဒကာမကြီးကလဲ “မကောင်းပါဘူးဘုရား”ဟုတ်ပေဘူးလား၊ ဘုန်းကြီးကလဲ “ဒီ ရုပ်တရားကြီးမကောင်းပါဘူး”ဟုတ်ကဲ့မဟုတ်လား ဒကာမကြီး ကလဲ “မကောင်းပါဘူးဘုရား” “ဘုန်းကြီးကလဲ မကောင်းပါ ဘူးဒကာမကြီး”နော်၊ ဒီတော့ဒုက္ခကြီးပေါ့ ဟုတ်ပေဘူးလား၊ ဒီရုပ်ကြီးဟာဒီခန္ဓာကြီးဟာဒုက္ခကြီးပဲ၊ ဒါမမ္မဝိစယသမ္ဗောဇ္ဈင်နဲ့ စိစစ်နေတာနော်။

အတ္တမရှိ။ ။တရားတွေ စိစစ်နေတယ်ဆိုတာ ကိုယ့်ရုပ်နာမ် စိစစ်ရတာက အရင်းခံကျတယ်၊ စိစစ်ပြီးနေတယ် ဆိုလို့ရှိယင် အနှစ်ရှိယင်ခိုင်မြဲမှာပေါ့၊ ပျက်ပါ့မလား၊ အနှစ် မရှိလို့ပျက်တာ၊ ဒါဖြင့်မရှိလို့ရှိယင် အနှစ်သာရရှိတဲ့ အတ္တလား အနှစ်သာရမရှိတဲ့အနတ္တလား အနှစ်သာရမရှိတဲ့ ခန္ဓာကိုယ်ကြီး ပေါ့၊ အနတ္တကြီးနော်၊ တခါခိုင်မြဲအောင် စွမ်းနိုင်တဲ့ သတ္တိရှိတဲ့ အတ္တလား ခိုင်မြဲအောင်မစွမ်းနိုင်တဲ့ အနတ္တလား၊ ခိုင်မြဲအောင် မစွမ်းနိုင်လို့ရှိယင် ပျက်တာကို ကြည့်နေရတာပေါ့၊ ဒီတော့ ဘာမှ မစွမ်းနိုင်တဲ့ ခန္ဓာကိုယ်ကြီးထဲမှာ အတ္တမရှိပါဘူး အနတ္တ ကြီးပဲ၊ အတ္တမရှိပါဘူး အနတ္တကြီးပဲ၊ ဒကာမကြီးလဲ စစ်ပြီးနေ တယ် ဘုန်းကြီးကလဲ စစ်ပြီးတော့ မေးနေမယ်၊ ဘုန်းကြီးကလဲ မေးယင်း မေးယင်း စဉ်းစားတယ်လေ ဒကာမကြီးရဲ့ ရုပ်နာမ် အတွက်လဲ စဉ်းစားတယ်၊ဘုန်းကြီးရဲ့ရုပ်နာမ်အတွက်လဲ စဉ်းစား တယ်၊ အော်-ဒကာမကြီးရဲ့ ရုပ်နာမ်သာ ငါကမေးနေတယ်

ငါ့ရုပ်နာမ်ကလဲ အနိစ္စ ဒုက္ခ အနတ္တ ဒကာမကြီးရဲ့ ရုပ်နာမ်ကလဲ အနိစ္စ ဒုက္ခ အနတ္တ၊ ကမ္မဋ္ဌာန်းကျောင်းနားမှာလေ ကမ္မဋ္ဌာန်းကျောင်းနားမှာ၊ဘုန်းကြီးတို့ စဉ်းစားကြတာနော် ဓမ္မဝိစယနဲ့။

နိဗ္ဗာန်အကျိုး။ ။ဥပါသိကော-ရဇာနာ ၃-ရပ်ကို မပြတ်မလပ် ဆည်းကပ်မြတ်နိုး အားကိုးလေ့ ရှိသော ဒကာမကြီး၊ဘာဂဝတာ-သည်၊ သမ္မ(သမ္မာ)-အောင်၊ အက္ခာ-ဧတာ-သော၊ ဘုရားက ကိုယ်တော်တိုင် တရားရခဲ့ပြီးသား ကိုယ်တော်မြတ်အတွက်တော့ မလိုတော့ဘူး၊ ဒီဘုန်းကြီးတို့အတွက် ဟောပေးနေတာ ဒကာမကြီးတို့အတွက် ဟောပေးနေတာ၊ ဘုရားက ပရိနိဗ္ဗာန်စံသွားပေမယ့် ဘုရားတရားတော်က ရှိနေတော့ ဟော-ဒကာမကြီးနား လာဟော့နေသလို အကုန်လုံး ထင်ရှားနေသေးတယ်၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်ဂေါ - ရုပ်နာမ်တရားတို့ကို စိစစ်နေရခြင်းဟူသော ဓမ္မဝိစယသမ္ဗောဇ္ဈင်တရားသည်၊ ဘာဝိတော-သော်၊ ဗဟုလီကတော-သော်၊ အဘိညာယ-ငှာ၊ သမ္ဗောဓာယ-ငှာ၊ နိဗ္ဗာနာယ-ဒီရုပ်-ဒီနာမ်ဒီခန္ဓာတို့၏ ချုပ်ငြိမ်းအေးမြတဲ့ နိဗ္ဗာန်အကျိုးငှာ၊ သံဝတ္တတိ-စင်စစ်ကေန် အမှန်ပင်ဖြစ်နိုင်ပါပေသတည်း။

သာဓု.... သာဓု.... သာဓု....။

ဟောသလိုစိစစ်တော့ ရှေ့မပြစ်ရဘူးတဲ့၊ စိစစ်တဲ့ ဉာဏ်ကလေ စိစစ်တဲ့ ဉာဏ်က လျော့မပြစ်နဲ့တဲ့၊ ထပ်ခါထပ်ခါ စိစစ်လို့နေရတယ်တဲ့ ။

## ဝီရိယကြိုးစား

ဝီရိယသမ္ဗောဇ္ဈင်္ဂေါ ခေါ ဥပါသိကေ - ဘဂဝတာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိ- ညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ဥပါသိကေ- ကြီး၊ ဘဂဝတာ- သည်၊ သမ္မ (သမ္မာ) အောင်၊ အက္ခာတော - ဟောပြတော်မူအပ်သော၊ ဝီရိယ သမ္ဗောဇ္ဈင်္ဂေါ - ကြိုးစား အားထုတ်ခြင်းဆိုတဲ့ ဝီရိယသမ္ဗောဇ္ဈင် တရားသည်လို့- တရားသုံးပါးက သိပ်ကောင်းတယ် ပထမဆုံး သတိသွားတဲ့နေ့ဒ်” ဒုတိယတော့ ဉာဏ်နဲ့စဉ်းစားလေတဲ့ စိစစ် ကြည့်ပါလေတဲ့ ရုပ်နာမ်တွေကိုစိစစ်ကြည့်ပါတဲ့ အခုတတိယကို ကြိုးစားပါတဲ့၊ကဲကြိုးစားတဲ့ဥစ္စာ ငယ်ငယ်ကြိုးစားလဲ ကြိုးစား တာပဲ ကြီးကြီးကြိုးစားလဲ ကြိုးစားတာပဲ၊ ဒကာမကြီးက ဒီဟာ တွေကို ထပ်ထပ်-ထပ်ထပ်ပြီးတော့ စဉ်းစားနေတာလဲ ကြိုးစား တာပဲ ဟုတ်ပေဘူးလား၊ ကြိုးစားဆိုတဲ့ ဥစ္စာ အားနဲ့အင်နဲ့ ကြိုး စားမှ မဟုတ်ဘူး စိတ်နဲ့ ကြိုးစားနေလဲ ကြိုးစားတာပဲ ဝီရိယ နဲ့လေ။

ဘာဝိတော-သော်၊ ဗဟုလီကတော-သော်လို့ ဘုန်းကြီးလဲ ကြိုးစားလို့ ဒကာမကြီးလဲ ကြိုးစားလို့ ဟုတ်တယ်၊ ဒီရုပ်နာမ် ဟာလေ ဒုက္ခကြီး ဒီရုပ်နာမဟာ အနိစ္စကြီး ဒီရုပ်နာမ်ဟာ အနတ္တကြီး ဒါကို ထပ်ထပ် ထပ်ထပ်ပြီးတော့ ကြိုးစားပေးနေ တယ်၊ အဲဒါ ဝီရိယဖြစ်တာပဲ ဝီရိယ သမ္ဗောဇ္ဈင်ဖြစ်တာပဲ

ထပ်ထပ်ကြိုးစားပေးနေရတယ်၊ ပထမဆုံး သတိထား၊ဒုတိယက ဟုတ်သလား မဟုတ်သလား ဆိုဒါ စဉ်းစားစိစစ်ကြည့်၊ တတိယက ဟုတ်တယ်ဆိုလို့ရှိယင်ဖြင့် ဝီရိယကြိုးစားပေတော့ ကြိုးစားပါတဲ့။

**ရုပ်နာမ်ဒုက္ခ။** ။စိပ်ပုတီးစိပ်နေလဲ အနိစ္စခန္ဓာကိုယ်ကြီး ဒုက္ခခန္ဓာကိုယ်ကြီးအနှစ်သာရမရှိတဲ့အနတ္တခန္ဓာကိုယ်ကြီး၊ ဒါ ကြိုးစားနေတာ ဒါ ဝီရိယသမ္ဗောဇ္ဈင်ဖြစ်တာပဲ၊ ဝီရိယသမ္ဗောဇ္ဈင်က တရားနာရုံတင်မဟုတ်ဘူးဒကာမကြီး စိတ်ထဲမှာကို ဖြစ်နေတာပဲ၊ ဗောဇ္ဈင်တရားကို ဒကာမကြီးစိတ်ထဲမှာရနေတာပဲ၊ အဲသလို ရပြီဆိုလို့ရှိယင် ဒုက္ခပါပဲ တလောကလုံး ချထားပြီနော်၊ ဘဝသံသရာမှာ ဘဝတွေကလဲ ဒုက္ခတွေပါပဲ ဒီရုပ်နာမ်တွေက မဟုတ်ဘူးလား၊ အဲဒီတော့ ဒကာမကြီး ဘဝရုပ်နာမ်တွေဟာ တောင့်တစရာကောင်းသလားလို့ စဉ်းစားကြည့်တော့ မကောင်းဘူးနော်၊ တောင့်တစရာကောင်းတာက ဘဝငြိမ်းတဲ့ နိဗ္ဗာန်သာ တောင့်တစရာကောင်းတယ်၊ဒီလိုမဟုတ်လား နိဗ္ဗာန်ပဲ တောင့်တစရာကောင်း၊ ဘဝနဲ့ နေရတဲ့ ရုပ်နာမ်မှန်သမျှ ဇာတိ-ပဋိသန္ဓေ ဖြစ်ရတယ်မဟုတ်ပေဘူးလား၊ ဇရာ-အိုရတယ်၊ ဗျာဓိ-နာရတယ်၊ ဒါ ဘယ်သူမှ မလွတ်ဘူး၊ ဘုရားကောလွတ်ရဲ့သလား၊ ဘုရားလဲ မလွတ်ဘူး၊ အရှင်မောဂ္ဂလာန် အရှင်မဟာကဿပတို့လဲ မလွတ်ဘူး၊အရှင်သာရိပုတ္တရာတို့လဲ မလွတ်ခဲ့ဘူး၊ ဒါကြောင့် ဝီရိယနဲ့ ကြိုးစားရတယ်။

## ဘဝမှန်သမျှဘေး

ဘဝကို မနှစ်သက်ရဘူးလို့ မြတ်စွာဘုရားက

ဘဝေဝါဟံ ဘယံ ဒိသွာ၊ ဘဝဉ္စ ဝိဘဝေသိနံ။
ဘဝံ နာဘိဝဒိံ ကိဉ္စိ၊ နန္ဒိဉ္စ န ဥပါဒိယိံ။

အဟံ-သင်လိုထပ်တူ နတ်လူပြဟ္မာတို့၏ ဆရာစင်စစ်ဖြစ်တော်မူသော ငါဘုရားသည်၊ ဘဝေ - ဖြစ်လျှင်ပျက်မြဲ မလွဲတံထွာ သံသရာနှောင်အတွင်း ထောင်အကျဉ်း၌၊ ဘယံ- အိုနာသေရေး ဒုက္ခဘေးမှစ၍ ရန်စွယ် အန္တရာယ်ဟု ဘေးအစုကို၊ ဒိသွာ ဧဝ - ကောင်းစွာပိုင်နိုင်း သိမြင်တော်မူခြင်းကြောင့်သာလျှင်၊ ဘဝဉ္စ- ကာမ ရူပ အရူပဟု လောကသုံးဘုံ အလုံးစုံကိုလည်းကောင်း၊ ဝိဘဝေသိနံ - ဘဝကင်းရာ ရှာကြံပါလည်း သုံးဖြာဘဝ ကျင်လည်ရသည် များလှသောင်းသောင်း သတ္တဝါအပေါင်းကိုလည်းကောင်း၊ ဒိသွာ - ဆုံးစကုန်စင် သိမြင်တော်မူသည်ဖြစ်၍၊ ကိဉ္စိဘဝံ- လူ့ဘုံ နတ်ဘုံ ပြဟ္မာ့ဘုံဟု သုံးဘုံဌာန တစုံတခုသော ဘဝကို၊ နာဘိဝဒိံ - စုံစုံမက်မက် နှစ်သက်ခင်မင် လိုချင်တောင့်တတော်မမူ၊ နန္ဒိံ စ - လူ့ဘုံ နတ်ဘုံ ပြဟ္မာ့ဘုံဝယ် စုံစုံမက်မက် နှစ်သက်တွယ်တာ ဘဝတဏှာကိုလည်း၊ န ဥပါဒိယိံ - စွဲလမ်းလွှတ်ကင်း အမြစ်ရင်းက အလျှင်းပြတ်စေ ဖြတ်တောက်တော်မူခဲ့ပေသတည်း။

မြတ်စွာဘုရားကလေ ဘဝကိုစဉ်းစားစိစစ်တယ်၊ ဘဝတွေ- လူ့ဘဝတွေ နတ်ဘဝတွေ အံမယ်လေးကောင်းတယ်လို့ ပြောလိုက်

ကြတာ၊ ဖြဟ္မာ့ဘဝတွေ၊ ကောင်းတဲ့ဘဝတွေလို့၊ သုဂတိဘဝလို့၊ ပြောလိုက်ကြတာ၊ အဲဒီဘဝတွေကို စိစစ်ကြည့်တယ်၊ မမြဲဘူး၊ နတ်ဘဝလဲ နတ်ထုံးစံအတိုင်း စုတေရတာပဲ၊ ဗြဟ္မာဘဝလဲ ဗြဟ္မာထုံးစံအတိုင်း စုဘေရတာပဲ၊ မမြဲဘူး၊ ဒီတော့ မြတ်စွာဘုရားက ဘဝတိုင်း ဘဝတိုင်းမှာ ဘေးတွေ့ပဲလို့ မြင်နေတယ်။

**ဘဝပြန်ရောက်**။ ။ဘဝေ ဖြစ်လျှင်ပျက်မြဲ မလွဲတံထွာ သံသရာ နှောင်အတွင်း ထောင်အကျဉ်း၌၊ ဘယံ-အို-နာသေရေး ဒုက္ခဘေးမှု၍ ရန်စွယ်အန္တရာယ်ဟု ဘေးအစုကို၊ ဒိသွာဝေ-ဆုံးစကုန်စင် သိမြင်တော်မူခြင်းကြောင့် သာလျှင်၊ ဘဝဥ-လူ့ဘုံ နတ်ဘုံ ဗြဟ္မာ့ဘုံဟု ၃-ဘုံလောက ဘုံဘဝကိုလည်းကောင်း၊ ဝိဘဝေသိနံ - ဘဝကင်းရာ ရှာကြံပါလည်း သုံးဖြာဘဝ ကျင်လည်ရသည့်များလှသောင်းသောင်း သတ္တဝါ အပေါင်းကိုလည်းကောင်း။

တရားမရသေးလို့ရှိယင်တော့ တဏှာလောဘ မကုန်သေးလို့ရှိယင်တော့ ဘုန်းကြီးက ဘဝအပြစ် မြင်နေတယ်၊ ဘဝကင်းရာ နိဗ္ဗာန်ရှာနေတယ်၊ ဘယ်ပြန်ရောက်သလဲ၊ ဘဝပြန်ရောက်မှာပဲ၊ ဒကာမကြီးက ဘဝကင်းရာ နိဗ္ဗာန်ရှာနေ၊ တဏှာလောဘ မကုန်သေးလို့ရှိယင် ဘဝ ပြန်ရောက်မှာပဲ၊ အဲဒါ မြတ်စွာဘုရားက မြင်တော်မူတယ်ကိုး။

ဆေးစားနေရ။ ။ကိုဋ္ဌိဘဝ - ကာမ ရူပ အရူပဟု လောက ၃-ဘုံ၊ တစုံတခုသောဘဝကို၊ နာဘိဝဒိံ- စုံစုံမက်မက် နှစ်သက် တောင့်တတော်မမူတဲ့၊ မြတ်စွာဘုရား ကတော့ ဘယ်ဘဝမှ နှစ်သက်တော်မမူဘူး၊ ဘာပြုလို့တုန်း၊ တဏှာပြတ်နေပြီကို တဏှာလောဘကုန်နေပြီ။

ဘုန်းကြီးတို့ကတော့ အတွင်းဓာတ်ကုန်သွားအောင်ဆေးစား နေရတာ ဟုတ်ကဲ့ မဟုတ်လား၊ အတွင်းဓာတ်ဖြစ်တဲ့ တဏှာ လောဘပြတ်သွားအောင် ဆေးစားနေရတာ၊ ဘဝအဖြစ်တော့ မကုန်သေးဘူး၊ မကုန်သေးတော့ "ဘဝကင်းရာ နိဗ္ဗာန်လိုချင် ပါတယ်လေး လိုချင်ပါတယ်လေး" လို့ ရှာနေပေမယ်လို့ လယ် နေတာက ဘဝထဲ လည်လည်နေတယ်၊ အဲဒါ ဘာကြောင့် လည်တုန်းလို့ဆိုတော့။

နန္ဒိံ - နှစ်သက်ခင်မင် လိုချင်တောင့်တတတ်တဲ့ ဘဝတဏှာ ကိုလည်း၊ နုပါဒိယံ-စွဲလမ်းလွတ်ကင်း အမြစ်ရင်းက အလျှင်း မသွေ ဖြတ်တောက်တော်မူခဲ့ပေသတည်းတဲ့၊ မြတ်စွာဘုရားက တဏှာကို ဖြတ်နိုင်သွားပြီ၊ ဖြတ်နိုင်သွားတော့ ဘုရားမှာတော့ ဘဝမရှိတော့ဘူး။

ဘုန်းကြီးတို့ ဒကာမကြီးတို့ကတော့ အဲဒီ တဏှာလောဘ မကုန်သေးဘူး၊ ကုန်အောင်တော့ ကြိုးစားနေတာပဲ၊ မကုန် တတ်သေးဘူး၊ တရား အားထုတ်ပြီးတော့ကို နေ့စဉ်နဲ့ အမျှ ကြိုးစားနေမှ ကုန်ချင်ကုန်သွားမယ်၊ ကုန်တန်ယင်ကုန်သွားမယ်၊

အဲဒီလိုကုန်သွားတဲ့အခါကျတော့ ဒီရုပ်ဒီနာမ် ဒီဘဝတွေ မဖြစ်တော့ဘူး၊ ဒါ့ကြောင့်–

## ဘဝမနှစ်သက်

ဘဝေဝါဟံ ဘယံ ဒိသွာ၊ ဘဝဥ္စ ဝိဘဝေသိနံ၊
ဘဝံ နာဘိဝဒိံ ကိဉ္စိ၊ နန္ဒိဉ္စ န ဥပါဒိယိံ။

အဟံ- သင်လိုအပ်တူ နတ်, လူ, ဗြဟ္မာ သတ္တဝါတို့၏ ဆရာစင်စစ် ဖြစ်တော်မူသော ငါဘုရားသည်၊ ဘဝေ-ဖြစ်လျှင်ပျက်မြဲ မလွဲတံထွာ သံသရာနှောင်အတွင်း ထောင်အကျဉ်း၌(ကျဉ်းကြပ်လိုက်တာ ဘဝတွေကလေ၊ ဘဝတွေကချောင်ချောင်လည်လည်နဲ့ အမှတ်တမဲ့နေရတယ်လို့ အောက်မေ့တယ်၊ အို....အို, နာ, သေရေးတွေနဲ့ သိပ်ကျဉ်းကြပ်လိုက်တာဘဝတွေက) ဘယံ-အို, နာ,သေရေး ဒုက္ခဘေးမှစ၍ ရန်စွယ်အန္တရာယ်ဟု ဘေးအစုကို၊ ဒိသွာဝေ- ကောင်းစွာပိုင်နှင်း သိမြင်တော် မူခြင်းကြောင့်သာလျှင်၊ ဘဝဥ္စ-ကာမ ရူပ အရူပဟု လောကသုံးဘုံ အလုံးစုံကိုလည်းကောင်း၊ ဝိဘဝေသိနံ-ဘဝကင်းရာ ရှာကြံပါလည်း သုံးဖြာဘဝ ကျင်လည်ရသည် များလှသောင်းသောင်း သတ္တဝါအပေါင်းကိုလည်းကောင်း၊ ဒိသွာ- ဆုံးခန်းစင် သိမြင်တော်မူသည်ဖြစ်၍၊ ကိဉ္စိဘဝံ-လူ့ဘုံ, နတ်ဘုံ, ဗြဟ္မာ့ဘုံဟု သုံးဘုံဌာန တစုံတခုသော ဘဝကို၊ နာဘိဝဒိံ-စုံစုံခက်မက် နှစ်သက်ခင်မင် လိုချင်တောင့်တတော်မမူ၊ နန္ဒိဉ္စ စ-လူ့ဘုံ, နတ်ဘုံ, ဗြဟ္မာဘုံဝယ် စုံစုံမက်မက် နှစ်သက်တွယ်တာ ဘဝတဏှာကိုလည်း၊

နဥပါဒိယိ'၊ စွဲလမ်းလွတ်ကင်း အမြစ်ရင်းက အလျှင်းပြတ်စေ ဖြတ်တောက်တော်မူခဲ့ပေသတည်း။

သာဓု.... သာဓု... သာဓု....။

၂-ခုတည်းလည်နေတာ တဏှာလောဘနဲ့ ဒုက္ခဘဝ ရုပ်နာမ်နဲ့၊ ၂-ခုတည်းလည်နေတယ်၊ တဏှာလောဘသာပြတ်ယင် ဒုက္ခ ရုပ်နာမ်မဖြစ်တော့ဘူး၊ မြတ်စွာဘုရားကတော့ အဲဒီ တဏှာ လောဘဆိုတဲ့ အရင်းကို ဖြတ်လိုက်တဲ့ဥစ္စာ နောက်ဘဝတွေမှာ မြတ်စွာဘုရားမဖြစ်တော့ဘူး၊ နှစ်လည်းမနှစ်သက်တော့ဘူး။

ပီတိဖြစ်။ ။ဒီဟာကို သတိထားပြီးတော့ သတိသမ္ဗောဇ္ဈင်နဲ့ စဉ်းစားကြည့်ပေါ့၊ ဓမ္မဝိစယ သမ္ဗောဇ္ဈင်ဆိုတဲ့ ဉာဏ်နဲ့စဉ်းစားကြည့်ပေါ့၊ ဝီရိယသမ္ဗောဇ္ဈင်နဲ့ စိတ်အားရှိသမျှ စဉ်းစားကြည့်ပေါ့၊ အဲသလိုကြည့်တဲ့ အခါကျတော့ ဘာဖြစ် လာမယ်တုန်းဆိုတော့ သဘောကျပြီးတော့ နှစ်သက်ပြီးတော့ ပီတိသမ္ဗောဇ္ဈင်ဖြစ်လာတယ်လေ၊ ပီတိသမ္ဗောဇ္ဈင်ဖြစ်လို့ နှစ်သက် လာတော့ ဒီတရားတွေ နှလုံးမသွင်းပါနဲ့တော့လို့ ဆိုလို့တောင် မရဘူး၊ ပီတိဖြစ်ပြီး နှစ်သက်နေတယ်ကိုး။

၄။ ပီတိ သမ္ဗောဇ္ဈင်ေါ ခေါ ဥပါသိကေ ဘဂဝတာ သမ္မဒက္ခတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ကိုယ်စိတ်ငြိမ်းအေး။　　။ပီတိဖြစ်လို့နှစ်သက်လာတော့ ကိုယ်စိတ်တွေ ဘာတွေလန်းပြီး အေးနေတာပဲ၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်ဖြစ်တယ်။

၅။　ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂေါ ခေါ ဥပါသိကေ ဘဂဝတာ
သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိ
ညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

တရားကအင်မတန်ကောင်းတယ်၊ သိလား၊ ပီတိဖြစ်တော့ နှစ်သက်လို့ ကိုယ်စိတ်တွေဘာတွေအေးလို့၊ လူ့ကိုတော်တော်ကို နေသာထိုင်သာရှိလို့၊ ကျန်းမာလို့၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်ဖြစ်လို့၊ ဟို အရှင်မောဂ္ဂလ္လာန်တို့၊ ရှင်မဟာကဿပတို့၊ ချက်ချင်းတရားရသွားကြတယ်ဆိုတဲ့ဥစ္စာ ဒီသမ္ဗောဇ္ဈင်တရားတွေက ထင်နေလို့လေ တရားရလို့ ကိုယ်စိတ်တွေငြိမ်းအေးလို့ အဲသလို ဖြစ်ကြတယ်။

## စိတ်တည်ကြည်

၆။　သမာဓိ သမ္ဗောဇ္ဈင်္ဂေါခေါ ဥပါသိကေ ဘဂဝတာ
သမ္မာဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိ
ညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

အဲဒီလို ပီတိပဿဒ္ဓိဖြစ်တော့ စိတ်တည်ကြည်လို့၊ ကိုယ့်တရားနဲ့ကိုယ်ပျော်လာမှင့်ကို၊ စိတ်တွေတည်လို့ ကမ္မဋ္ဌာန်း ကျောင်းတွေ ဘာတွေထဲဝင်နေလဲ ကမ္မဋ္ဌာန်းကျောင်းက မထွက်ချင်ဘူး၊ စိတ်တွေတည်ကြည်လို့ အင်မတန်ကောင်းတယ်၊ အင်မတန်

ကောင်းတယ်၊ ကိုယ့်တရားကို နှလုံးသွင်းရတာ၊ ဟိုလူတွေကဒီလို နှလုံးမသွင်းကြတော့လေ၊ ဘယ်လောက် ထိအောင် ပြောပြော ပျင်းစရာလို့ထင်တယ်၊ ဒီလောက်ထိအောင် နေပျော်စရာ၊စိတ်ကို တည်ကြည်လို့ အဲဒီမှာသမာဓိရလို့။

**လစ်လျူရှု။** ။ကိုယ့်တရားနဲ့ကိုယ်နဲ့ပျော်နေတော့ ဒီခန္ဓာကိုယ်ကြီးပေါ် လစ်လျူရှု ဥပေက္ခာထားတယ်"ခန္ဓာကြီးကိုက ဒုက္ခတုံးကြီး၊ ငါ့တရားက တန်ဖိုးရှိလိုက်တာ ခန္ဓာကိုယ်ကြီး အရေးမစိုက်ပေါင်၊ တရားအရေးစိုက်မယ်၊ ဒီလိုဖြစ်လာတယ်၊ ခန္ဓာကိုယ်ကြီးကိုတော့ လစ်လျူရှုပစ်ထားတယ်၊ တရားပဲ နှစ်သက်လို့၊ တရားက ကောင်းလိုက်တာ၊ တရားက စဉ်းစားလို့ကောင်းလိုက်တာ၊ ခန္ဓာကိုယ်ကြီး ဒုက္ခတုံးကြီး ငါ မစဉ်းစားဘူး၊ ငါ့တရားငါစဉ်းစားမယ်ဆိုပြီးတော့လေ၊ ခန္ဓာကိုယ်ကြီးလစ်လျူရှုပြီးတော့ ဥပေက္ခာ ပစ်ထားလိုက်တယ်၊တယ်ပြီး ကိုယ့်တရားနဲ့ကိုယ်နဲ့ ပျော်မွေ့တယ်နော်။

၇။ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂေါ ခေါ ဥပါသိကေ ဘဂဝတာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ဥပေက္ခာထားတော့ စိတ်ကဘယ်ရောက်သွားတုန်း ဆိုတော့၊ "ခန္ဓာကိုယ်ကြီးမရှိတဲ့ နိဗ္ဗာန်ဆိုတာ ဘယ်လိုပါလိမ့်မတုန်း" လို့ ရှာကြံနေတယ်၊ နိဗ္ဗာန်ဆိုတာ ဒီရုပ်ဒီနာမ် ဒီခန္ဓာကိုယ်ကြီးရှိလို့ ရှိယင် ဒီအို၊ဒီနာတွေဖြစ်မှာပေါ့၊ ဟုတ်တယ်မဟုတ်လား၊ ဒီရုပ်

ဒီနာမ် ဒီခန္ဓာမရှိမှ ဒီအိုဟာတွေ ဒီနာတာတွေ မရှိမှာ၊ အဲဒီတော့ "အော်....နိဗ္ဗာန်တော့ တမျိုးဖြစ်လိမ့်မယ်"။

ပင်လယ်ကျေးငှက်။ ။ဘုန်းကြီးတို့ ရှေးတုန်းက ပင်လယ်ထဲသွားတဲ့ သူတွေမှာလေ၊ ပင်လယ်ထဲမှာ တကာတဲ လမ်းစတွေဘာတွေ မမြင်ပြီဆိုလို့ရှိယင်ဖြင့်၊ မိမိတို့က မသိနိုင်ဘော့၊ ကျေးငှက်ကလေးတကောင် ကျေးကန်းတကောင် ဖမ်းသွားကြတယ်၊ ကျေးကန်းကတော့ အဝေးပျံနိုင်တာကို၊ အဲဒီတော့ ကမ်းတို့ဘာတို့ ရှာမရတော့ဘူး၊ ဘယ်မှာ ကမ်းရှိမှန်း မသိတော့ဘူးလို့ မျောသွားလို့ လှေကအဲဒီလိုဖြစ်သွားတဲ့ အခါမှာ ကျေးကလေးကိုလွှတ်တယ်၊ ဟိုရွက်တိုင်ထိပ်ပေါ် တင်ပြီးတော့ ကျေးကလေးကိုလွှတ်တယ်၊ ကျေးကလေးကိုလွှတ်တယ်၊ ဟိုရွက်တိုင်ထိပ်ပေါ်တင်ပြီးတော့ ကျေးကလေးကို လွှတ်တယ်။

ကျေးကလေးက အရှေ့ပျံလိုက် ကမ်းမမြင်သေးလို့ ရှိယင် ရွက်တိုင်ပြန်နား၊ တောင်ပျံလိုက် ကမ်းမမြင်သေး ရွက်တိုင်ပြန်နား၊ အနောက်ပျံလိုက် ကမ်းမမြင်သေး ရွက်တိုင်ပြန်နား၊ မြောက်ပျံလိုက် ကမ်းမမြင်သေး ရွက်တိုင်ပြန်နား၊ နောက်တကြိမ်ကျတော့ ကမ်းမြင်လို့ ရွက်တိုင်မလာတော့ဘူး၊ တခါထဲ သူပျော်တဲ့နေရာ သွားတော့တာပဲ၊ ကမ်းရောက်အောင် သွားတော့တာပဲဟော့၊ အဲဒီလို "ကျေးကမ်းရောက်အောင်သွားသူကဟာ ဘယ်ပျံသွားတာ ပြန်မလာဘူးဟော့၊ ကမ်းဟိုဘက်နီးပြီ" ဆိုပြီးတော့ အဲဒီဘက်ကို လှေနဲ့လိုက်ကြရတယ် ရှေးတုန်းက ရှေးတုန်းက—

**နိဗ္ဗာန်ကိုရှာ။** ။အဲဒီလိုပဲ ဒကာမကြီး- ဝိပဿနာ ကမ္မဋ္ဌာန်း ဘာဝနာစိတ်ကလေး၊ရုပ်နာမ်တွေကို လစ်လျူ ရှုပြီးတော့ နိဗ္ဗာန်ကိုမှန်းပါ၊ ကျေးကလေး ကမ်းရှာသလိုလေ၊ နိဗ္ဗာန်ကိုရှာ၊ ရုပ်နာမ်ချုပ်တဲ့ နိဗ္ဗာန်ရှိရမယ်၊ ရုပ်နာမ် ခပ်သိမ်း အေးငြိမ်းတဲ့ နိဗ္ဗာန်ရှိရမယ်၊ အဲဒီနိဗ္ဗာန်ရှိလို့မို့ ဘုရားရှင်ကိုယ် တော်မြတ် နိဗ္ဗာန်မြင်လို့ ဒီရုပ်နာမ်နဲ့ဘာဝတွေကို ဘုရားရှင်ကိုယ် တော်မြတ် ထပ်ပြီးတော့မဖြစ်ရတော့ဘူး။

သာဝကကြီးတွေ ရဟန္တာကြီးတွေ ဒီနိဗ္ဗာန်မြင်လို့ ဒီနိဗ္ဗာန် ရှိလို့မို့ ဒီရုပ်နာမ်တွေရှုပ်နေတဲ့ လောကကြီးထဲကို ထပ်မဖြစ်ရ အောင် အဲဒီနိဗ္ဗာန်ဟာ ဒီရုပ်နာမ်ရဲ့ ဟိုဘက်ကမ်းပဲ၊ ရုပ်နာမ်က ဒီဘက်ကမ်း၊ နိဗ္ဗာန်ကရုပ်နာမ်ချုပ်တဲ့ ဟိုဘက်ကမ်း၊ အဲဒီ ဟိုဘက်ကမ်းကို ကျေးကလေးရှာသလို ငါရှာမယ်။

**နိဗ္ဗာန်သဘော။** ။နိဗ္ဗာန်ဟာ ဘယ်တရားလဲ၊ ဘယ်လိုတရားလဲ ရုပ်လားနာမ်လား၊ ရုပ်ဖြစ်လဲ ရုပ်လို အိုရ- နာရမယ်၊ နာမ်ဆိုလို့ရှိယင်လဲ နာမ်လိုဖြစ်ချည်ပျက်ချည် နေရ မယ်၊ မဖြစ်မပျက်ပဲနဲ့၊ နိစ္စဖြစ်တဲ့နိဗ္ဗာန်ဟာ ရုပ်နာမ်မှ တမျိုး ဖြစ်မယ်၊ ရုပ်နာမ်မဟုတ်ဘူး၊ ဒီရုပ်နာမ်မျိုးမဟုတ်ဘူး၊ ရုပ်နာမ် ကမမြဲဘူး၊ ရုပ်နာမ်မှတမျိုးဖြစ်မယ်၊ ရုပ်နာမ်မဟုတ်ဘူး၊ ဒီရုပ် နာမ်မျိုးမဟုတ်ဘူး၊ ရုပ်နာမ်ကမမြဲဘူး၊ ရုပ်နာမ်ရဲ့ ဟိုဘက်ကမ်း ဖြစ်နေတဲ့ နိဗ္ဗာန်ကမြဲတယ်၊ ရုပ်နာမ်ကဒုက္ခ၊ ရုပ်နာမ်ရဲ့ဟိုဘက် ကမ်းဖြစ်တဲ့ နိဗ္ဗာန်ကသုခ၊ ကေန်မုချနိဗ္ဗာန်ဟာ အလွန်ကောင်း မှာပဲလို့။

နိဗ္ဗာနံ ပရမံ သန္တံ သန္တသန္တေတိ ပဏ္ဍိတံ၊
ဒုက္ခိနော ဒုက္ခမာသန္နေ၊ တဿ ရသော ပကာသတော။

ပရမံသန္တံ-ဇာတိကွာကွင်း ဇရာရှင်း၍ နာခြင်းသေရေးအရွေ့ဝေးလျက် အခေါတ်တိုး မပြတ်သုံးဖို့ အမြတ်ဆုံးမှန်သည့် သန္တိလက္ခဏာ ငြိမ်သက်လှစွာသော၊နိဗ္ဗာန်-တဆယ့်တစ်သီးမီးအဆူဆူ အပူခါတ်ကိန်း တဇာတ်သိမ်း၍ ပြတ်ငြိမ်းရာမှန်နိဗ္ဗာန်ကြီးကို၊ သန္တသန္တေတိ-သူတော်သေတ္တု၊ အနှစ်စုသည့် ယခု ရှေးခေတ် ပညာရှိ အစစ်တို့သည်၊ ပဏ္ဍိတံ-လောကီဇာတ်ကျော ခါတ်သဘောကို ခပ်ပေါ့ပေါ့ထင်မြင်၍ ခင်မင်တောင့်တအပ်ခဲ့လေပြီ။

တောင့်တရှာတွေ့။ ။နိဗ္ဗာန်ဟာလေ၊ ဇာတိလဲမရှိဘူးတဲ့၊ဇရာ-ဗျာဓိ-မရဏတွေလဲမရှိဘူးတဲ့၊ အင်မတန်အေးချမ်းတဲ့တရားပဲလို့ဆိုတဲ့ နိဗ္ဗာန်ကိုလေကြည့်ပြီးတော့၊ ရုပ်နာမ်ကိုရှုလိုက်၊ လောကကို တဏှာနဲ့မတွယ်တာတဲ့ သူတော်ကောင်းအစစ်တွေဟာလေ တောင့်တလိုက်ကြတာ၊ တောင့်တပြီးတော့ ရှာလိုက်ကြတာ၊ ရှာလို့မို့လဲ ရလိုက်ကြတာတကထဲ၊ မြတ်စွာဘုရားလေ "ဒီရုပ်နာမ်က ဇာတိဇရာဗျာဓိမရဏနဲ့ မီးတဟုန်းဟုန်းတောက်နေတယ်၊ ဒီလိုဆိုလို့ရှိယင် ဇာတိဇရာဗျာဓိမရဏမီးတွေ မတောက်တဲ့ရုပ်နာမ်ရဲ့ လွတ်ရာဖြစ်တဲ့ တရားဟာကျန်ရှိလိမ့်မယ်" လို့ရှာလိုက်တာ၊ ရှာလို့တွေ့တာပဲ၊ တွေ့တော့အေးမြလိုက်တာ၊ မြတ်စွာဘုရား ကြီးကြီးကျယ်ကျယ် ဘာမှခမ်းခမ်းနားနား၊ မဟုတ်ပဲနဲ့ အင်မတန် ချမ်းသာတော်မူတယ်၊ သမာပတ်များ ဝင်စားပြီးတော့ နေလိုက်တာ သစ်ပင်အောက်

မှာလေ တယ်ချမ်းသာတော်မူကြတယ်၊ အဲဒီလို သူတော်ကောင်း အစစ်တွေဟာ ရှေးတုန်းက တောင့်တကြတယ်တဲ့။

**အရသာထင်ရှား။** ။ပရမံ သန္တံ - ဇာတိက္ခာကွင်း ဇရာရှင်း၍ နာခြင်းသေရေး အရှေဝေးလျက် အဇေ-ဓာတ်တုံး မပြတ်သုံးဖို့ အမြတ်ဆုံးမှန်သည့် သန္တိလက္ခဏာ-ငြိမ်သက်လှစွာသော၊ နိဗ္ဗာန်-တစ်ဆယ့်တစ်သီး မီးအဆူဆူ အပူဓာတ်ကိန်း တဇာတ်သိမ်း၍ ပြတ်ငြိမ်းရာမှန် နိဗ္ဗာန်ကြီးကို၊ သန္တသန္တေဟိ-သူတော်သေတ္တ၊ အနှစ်စုသည့် ယခု ရှေးခေတ်-ပညာရှိ အစစ်တို့သည်၊ ပတ္တိတံ-လောကီဇာတ်ကျော ခေတ်-သဘောကို ခပ်ပေါပေါထင်မြင်၍ ခင်မင်တောင့်တအပ်ခဲ့လေပြီ၊ ဒုက္ခိနော-တရံတခါ မခံသာအောင် ဖန်လာစုပုံ ဒုက္ခတွေကြုံ၍ နေသော ပုထုဇဉ်လူပြိန်းအား၊ ဒုက္ခမာသန္တေ-ဇာတိမကင်း အကြောင်းရင်းကြောင့် ပေါင်းသင်းရှုပ်ပြန် ရုပ်နာမ်ချင်းတွဲ ဆင်းရဲမှုချ ဒုက္ခ၏အနီးဥ္၊ဘုန်းကြီးတို့လေ၊ ဒီရုပ်နာမ်နဲ့တွေ့တော့ ဒုက္ခတွေတွေ့တော့ "အော်- ရုပ်နာမ်မရှိတာ ကောင်းမှာပဲလို့၊ အဲဒီတော်တော် သဘောကျသွားတယ်၊ ရုပ်နာမ်ရှိလို့ ဒုက္ခတွေ ရှိတာ၊ ရုပ်နာမ်မရှိရင် ဒုက္ခတွေမရှိဘူး၊ ရုပ်နာမ်ချုပ်ရာဖြစ်တဲ့ နိဗ္ဗာန်ဟာ အင်မတန်ကောင်းမြတ်လိမ့်မယ်လို့။

တဿရသော-ရုပ်နာမ်ခပ်သိမ်း အေးငြိမ်းရာဖြစ်တဲ့ထိုနိဗ္ဗာန်၏ အရသာသည်၊ ပကာသတေ- တတွေးတတွေး တရေးရေးနှင့်၊ တအေးအေးလမ်းပြသကဲ့သို့ မှန်းဆတိုင်း ထင်ရှားလေတော့ **သတည်း။**

သာဓု....သာဓု....သာဓု....။

**နိဗ္ဗာန်မှန်းကြိုးစား။** ။အဲဒီ ရုပ်နာမ်ရဲ့ ဟိုဘက် နိဗ္ဗာန်ကိုလေ မှန်းကြည့် နေနော်၊ ကောင်းတယ်၊ ကောင်းတယ်၊ ဒီရုပ်နာမ်ချုပ်ရာဖြစ်တဲ့ နိဗ္ဗာန်ဟာ အင်မတန် ကောင်းလိမ့်မယ်၊ ရှေးတုန်းကသူတော်ကောင်းကြီးတွေ ရုပ်နာမ် ခပ်သိမ်းချုပ်ငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ကို အမှန်တောင့်တကြတယ်၊ တောင့်တလို့ရှာတော့တွေ့တယ်၊ တွေ့တော့ အင်မတန် ချမ်းသာ ကြတယ်လို့။

အဲဒကာမကြီး ရုပ်နာမ်ရဲ့အဖြစ်တွေ စဉ်းစားပြီးတော့ သတိ သမ္ဗောဇ္ဈင်နဲ့ သတိထားကြည့်နော်၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်နဲ့ ရုပ် နာမ်ရဲ့အဖြစ်တွေ စဉ်းစားကြည့်နော်၊ ဝီရိယသမ္ဗောဇ္ဈင်နဲ့တတ်နိုင် သမျှ ကြိုးစားနော်၊ အဲဒီလို ကြိုးစားပြီးတော့ ရုပ်နာမ်ခပ်သိမ်း တို့ရဲ့ အေးငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ကို စိတ်ထဲမှာ အာရုံပြုပြီးတော့ ကောင်းလိမ့်မယ်၊ အင်မတန်ကောင်းလိမ့်မယ် အဲဒီနိဗ္ဗာန်ဟာ တော့ အင်မတန်ကောင်းလိမ့်မယ်လို့၊ စိတ်ထဲက ဟုတ်လား၊ ရုပ်နာမ်ခပ်သိမ်းတို့ရဲ့ ချုပ်ငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ဟာ ဇာတိဒုက္ခလဲ မရှိ၊ ဗျာဓိ ဒုက္ခလဲမရှိ၊ အင်မတန် ဒုက္ခခပ်သိမ်းအေးငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန် ဘုရားရှင်ကိုယ်တော်မြတ် မျက်မှောက်ပြုတဲ့ နိဗ္ဗာန်ကို "ငါ မျက်မှောက်ပြုချင်တယ်၊ ငါမျက်မှောက်ပြုပါရစေ၊ အရှင် သာရိပုတ္တရာအရှင်မဟာကဿပတို့ရဲ့ မျက်မှောက်ပြုတဲ့ တွေ့နေတဲ့ နိဗ္ဗာန်ကို ငါ တွေ့ပါရစေ"လို့ နိဗ္ဗာန်ကို မှန်းပြီးတော့၊ စိပ်ပုတီးစိပ်လဲ နိဗ္ဗာန်ပဲ၊ တရားနှလုံး သွင်းပြီးတော့နေလဲ နိဗ္ဗာန် အာရုံပြုပြီးတော့ နှလုံးသွင်းလို့ တို့ကျန်းမာရေးက

နဲနဲပါးပါးချတ်ယွင်းလာပြန်လဲ "....ရုပ်နာမ်ခပ်သိမ်းချုပ်ငြိမ်းရာ ဖြစ်တဲ့ နိဗ္ဗာန် မရသမျှ ဘယ်သူတော့ သက်သာတုန်း၊ ဘုရားလဲ မသက်သာခဲ့ဘူးပေါ့"လို့၊ ဟုတ်ကဲ့လား၊ လောကကြီးကို ငြီးငွေ့လို့ လောကက လွတ်ရာဖြစ်တဲ့ နိဗ္ဗာန်ကို အမြဲစိတ်မှန်းပြီးတော့ ကုသိုလ်တရားကို ဝီရိယ သမ္မောဇ္ဈင်နဲ့ ကြိုးစားနိုင်ပါစေ **သတည်း။**

သာဓု...သာဓု....သာဓု....။

ဗောဇ္ဈင်တရားတော် ပြီးပြီ။

(ဗောဇ္ဈင်္ဂ သုတ်တော်ကို ရွတ်ဘတ် ပူဇော်လိုသူများ မဟာဂန္ထာချုံ ဝတ်ရွတ်စဉ်တွင် ရှုပါ)

## ဆွမ်းအနုမောဒနာတရားတော်

**ဆရာတော့်အမေး။** ။ဒီနေ့ ဆွမ်းကပ်တာက စုပေါင်းကပ်တာလား၊တဦးတည်းလား၊ ဆွမ်းဒကာတွေ ဘယ့်နှယ်တော်တုန်း၊ ကျောင်းတိုက်နဲ့ စပ်ပြီးတော့ ဘယ့်နှယ်ဆက်တုန်း၊ ဒကာတွေ ကိုယ်တော့်ဒကာလား၊ မဟာမြိုင်ဒကာလဲဟုတ်၊ ကိုယ်တော့်ဒကာလဲဟုတ်၊ ပြီးတော့ ဟိုဦးနန္ဒာသဘာကြီးကလဲ ပါလာလို့ သူ့ဒကာလဲဟုတ်သလား၊ ဘယ့်နှယ်စပ်တုန်း''လို့ မေးတာပါ။

(''တောင်ငူက ဒကာတွေပါ ဘုရား'' ဦးနန္ဒာသဘာက လျှောက်ထားသည်။)

**သံဃာ့အဖွဲ့အစည်း။** အခုဆွမ်းဒကာများကဆွမ်းလောင်းရတာ ''သံဃာ ဒေမ- သံဃာအားလှူပါ၏'' ဒါကို စိတ်ရောကိုယ်ရောပေါ့လေ မှတ်ထားပါ၊ သံဃာလှူတယ်လို့ဆိုတာဟာ လက်ရှိ သံဃာတင်မကဘူး၊အသင်းအပင်း ဘုရားရဲ့ သာဝက အသင်းအပင်းကိုလှူတာ၊ အဲဒီတော့ အဲဒီသံဃာ အသင်းအပင်းက ခုဒီတိုက်ထဲကျမှ မဟုတ်ဘူး၊ ဒီဘက်က အထက်လျှောက်ပြီးတော့ လာခဲ့တယ်၊ အရှင်မဟာကဿပတို့ အထိ အရှင်သာရိပုတ္တရာ အရှင်မောဂ္ဂလာန်တို့အထိ ''သံဃာ ဒေမ- စိတ်ကို ကျယ်ကျယ်ပြန့်ပြန့် အာရုံပြုရမယ်။ အဲဒီသံဃာတော်များကို လှူပါ၏''လို့ မှန်းထားပါ။

**သံဃာရတနာပေါ်ဖို့ခဲယဉ်း။** ။ဒီလောက်ကြီးကျယ်တဲ့ သံဃာ့အစည်း အရုံး အဖွဲ့ ဆိုတာက ကမ္ဘာမှာပေါ်ဘို့ လွယ်လွယ်ကလေး မဟုတ်ဘူး၊ ကမ္ဘာမှာ အင်မတန်ခဲယဉ်းတယ်၊ ဘုရားတဆူတဆူ ပွင့်ပြီးတဲ့နောက် နဲနဲကလေးကြာမှ ဘုန်းကြီးတို့ သာသနာတော်မှာဆိုယင် ဓမ္မစကြာတရားဟောတော်မူမှ သံဃာတပါးလောက်ဆိုပါတော့၊ နောက် အနတ္တလက္ခဏာသုတ်ကို ဟောတော်မူမှ သံဃာငါးပါးလောက် အဲသလိုစုမိလာတာ၊ ဒီတော့ ဘုရားတဆူပွင့်ဖို့ရန် ခဲယဉ်းသလိုပဲ ဒီသံဃာများ စုမိဖို့ရန် သံဃာ့ရတနာ ဖြစ်ပေါ်လာဖို့ရန်လဲ အင်မတန်ခဲယဉ်းတယ်၊ ဒီတော့ ဒို့ရက်ပေါင်းများစွာ လပေါင်းများစွာက စုထားတဲ့ ဝတ္ထုကြေးငွေများကို သုံးပြီးတော့ ဆွမ်း, ဆွမ်းဟင်းဖြစ်ရတယ်၊ အဲဒီ ဆွမ်း, ဆွမ်းဟင်းများကို ဒီသံဃာတည်းဟူသော လယ်ယာမြေကောင်းမှာ မိမိတို့မျိုးစေ့ ကြဲသလို ကြဲချပါတယ်။

**အလှူခံမြေနဲ့တူ။** ။စာကဆိုတယ် "အလှူခံဆိုတာ မြေကြီးနဲ့တူတယ်တဲ့၊ အလှူခံမြေကကောင်းသလောက် ပထမတန်းမြေ ဒုတိယတန်းမြေ ဒီလိုကွာသလိုပဲ၊ အလှူခံမြေကောင်းသလောက် မျိုးစေ့တွေက အပင်ပေါက် အသီးသီးတယ်၊ ဒီတော့ သိပ်အရေးကြီးတာပဲ သံဃာများလှူရတာဟာ။

ဒီတော့ လက်တွေ့ မျက်မြင်အားဖြင့်လဲ ကိုယ့်စိတ်က မှန်းလို့ရတယ်။

"အော်....ဘုရားလက်ထက်က သံဃာတော်များဟာဒီအဆင့် အတန်းထက်မြင့်သော အဆင့်အတန်းနဲ့ သီတင်းသုံးတော်မူကြ ပေလိမ့်မယ်" လို့ မှန်းလို့၊ အဲဒီ"သံဃဿဒေမ"အလှူခံ သံဃာရဲ့ အင်မတန်ရခဲ့ဘယ်၊ အလှူခံက မြေနဲ့တူတယ်၊ လှူတဲ့သူများက အလှူရှင်များက အဲဒီမြေမှာ လယ်ယာလုပ်တဲ့ လယ်သမား ယာသမားများနဲ့တူတယ်တဲ့။

လှူဖွယ်ဝတ္ထုတွေကတော့ မျိုးစေ့နဲ့တူတယ်၊ အမှန်တော့ စေတနာက တူတာ၊ ထင်ရှားအောင်လို့ လှူဖွယ်ဝတ္ထုတွေကို မျိုးစေ့နဲ့တူအောင်လို့ ဟောတော်မူဟန်တူတယ်။

၁။ အလှူခံမှာ မြေမှာ လှူရှာသူများ လယ်သမား။
၂။ အများလှူဖွယ်မျိုးစေ့နှယ် နှောင်ဝယ်အသီးပွား။[၁]

လို့ လှူဖွယ်ဝတ္ထုတွေကတော့ မျိုးစေ့နဲ့တူတယ်။

**အလှူခံကိုရွေး။** ။ဒီတော့ မိမိတို့က ဒီအလေ့အထကလေးကို ကိုယ်လဲရ ကိုယ့်သားစဉ် မြေးဆက်လဲပြော ပါ၊ ဒီအလှူခံပုဂ္ဂိုလ်မရွေးရဘူးလို့ ဆိုတဲ့နေရာမှာ အများနဲ့ဆိုင် လာယင် ရွေးမနေနဲ့တော့ ကိုယ်တယောက်ထဲဆိုယင်တော့ ရွေး ကိုရွေးရမယ်၊ မရွေးလို့မဖြစ်ဘူး၊ ကိုယ့်တယောက်ထဲဆိုယင် အဲဒီ ကောင်းတယ်ဆိုတဲ့ အလှူခံပုဂ္ဂိုလ်တပါး ရွေးဖို့ကတော့ ပုထုဇဉ်တွေ ပုထုဇဉ်ကိုယ်တော်တွေဆိုတော့ကာ ခုကောင်းပေ

၁။ ခေတ္တူပမ ပေတဝတ္ထု ဥရဂဝဂ် ပေတဝတ္ထုပါဠိ-၁၂၇

မယ့် တော်တော်ကြာ ကောင်းချင်မှ ကောင်းမယ်၊ ဒီလိုဖြစ်နေတယ်၊ ဒီတော့ ပုထုဇဉ်ပုဂ္ဂိုလ်တွေကိုတော့ လူသင့် သလောက် လူရမှာပေါ့၊ နို့ပေမယ့် သံဃာဖြစ်အောင်လှူ၊ သံဃာအကျိုးရအောင်လှူ။

**အကျိုးရအောင်လှူ။** ။ကိုယ့်ပစ္စည်းကို ယခုလို ဆွမ်းကပ်တာပဲ ဖြစ်ဖြစ်၊ ကျောင်းဆောက်တာပဲ ဖြစ်ဖြစ်၊ သံဃာအကျိုးရအောင်ဆောက်၊ သံဃာ အကျိုးရအောင် မဟုတ်ပဲနဲ့ ကိုယ့်နာမည်ကြီးအောင်လုပ်နေတာက ခုခေတ်မနဲဘူး၊ အလှူဒကာ အလှူ့အမဆိုတဲ့ နာမည်နဲ့နေကြရအောင်က ခုခေတ်များနေတယ်။

အဲဒါမျိုးလုံးလုံးကြီးကိုမပါရအောင် အလှူ့ဒကာအလှူ့အမ ဆွမ်းဒကာ ဆွမ်းအမတွေဟာ အလေ့အထလုပ်ကြပါ၊ ဝတ္ထုရေးအတိုင်း ရုပ်ရှာထုံးစံအတိုင်းနွဲ့ခွဲခန့်လို့ ထည့်ဘာ့တော့ပြောမနေနဲ့၊ သူတို့ ရှေ့ဆောင် ရှေ့ရှုက်လုပ်တဲ့သူတွေအတိုင်း ကိုယ်တတ်နိုင်လောက် ကိုယ်မှန်းသလောက် ရုပ်ရှာနဲ့ မဆန့်ကျင်အောင်ထည့်၊ ကိုယ်ကလှူရတော့မယ်ဆိုယင် သံဃာကိုလှူပါ။

**ကြည်ညိုစရာဆိုတာ။** ။ပုဂ္ဂိုလ်တပါးလို့ဆိုယင်လဲ ရှိတယ်၊ ကြည်ညိုစရာ ကောင်းတာ ရွေးပါ၊ ကြည်ညိုစရာကောင်းတယ်ဆိုတာဟာ အပြောကောင်း အဟောကောင်း ဒီလိုမဟုတ်သေးဘူး၊ သီလ တယ်ကောင်းတယ်၊ သီလ မပျက်အောင်နေတယ်၊ သမာဓိ တယ်ကောင်းတယ်၊ တယ်တည်ကြည်တယ်၊ ကိုယ်ကဒီလောက်သမာဓိဆိုဘာကိုး၊ တယ်တည်ကြည်တယ်၊

ပြီးတော့ အသိဉာဏ်လဲမနဲ သူနဲ့တူရဲ၊ ဘာပြုလို့တုန်း၊ ဟောတဲ့ တရားတွေက "လှူတဲ့တန်းတဲ့" ဆိုတာမျိုးမဟုတ်ဘူး၊ ဉာဏ်ပေးတဲ့ တရားတွေဟောတယ်၊ ဒီတော့ အသိဉာဏ်လဲ ကိုယ်ကတော့မသိ ဘူးပေါ့၊ အသိဉာဏ်လဲနဲ့ပုံမရဘူး။

**ဒီလိုတရားဟော**။ ။ပြီးတော့ ဒကာ ဒကာမတွေကို ဟောတဲ့ ပြောတဲ့အခါမှာ လှူအောင်ရယ်လို့ မိမိတို့လှူအောင်ရယ်လို့ ဒီလိုမဟုတ်ဘူး၊ လှူတတ်အောင် ဟောတယ်၊ တရားကို ကျင့်တတ်အောင်ဟောတယ်၊ သီလကိုဆောက်တည်တတ်အောင်ဟောတယ်၊ ဒီလိုဟောတယ်၊ တချို့ကတော့ "ငါ့လှူ" တဲ့အနေမျိုး ရောက်အောင်ကိုဟောနေတာ၊ ဒီလိုမဟောဘူး။

**စဉ်းစားကြည့်**။ ။ပြီးတော့ နဲနဲရင်းနှီးလာလို့ စဉ်းစားကြည့်လိုက်တဲ့အခါ ပစ္စည်းကို သိမ်းသိမ်းဆည်းပြီး တယ်မထားဘူး စွန့်ကြတယ်၊ ပေးကမ်းတယ်၊ ပစ္စည်းရအောင်လဲ ဒကာဒကာမတွေကို မသွေးဆောင်ဘူး၊ "လှူသင့်မှလှူ" ဆိုတာမျိုးကိုပဲဟောတယ်၊ ဒီတော့ ပစ္စည်းလာဘ်လာဘနဲ့စပ်ပြီး တော့လောဘမကြီးဘူး၊ ဒို့ဘုန်းကြီး ဒို့ဦးပဥ္စင်း ဆိုပါတော့၊အဲဒီလိုကြည့်ပြီးတော့ ကြည်ညိုစရာရှေးတယ်၊ တချို့ကလဲ နဲနဲလှူတုန်းကတော့ "တော်ပါပြီတော်ပါပြီ" နဲ့ များများရတော့ လက်ခံတာရှိသေးတယ်၊ အဲဒါကတော့ နဂိုတော်ပါပြီကိုက မတရားဘူး၊ အဲဒါနဲ့လို့သူပြောတာ' အဲသလိုလဲကိုယ်က သူ့မှာအသုံးမတွေ့ပဲနဲ့မလှူနဲ့၊ယခုလှူနေသိုက်ကြတာက လူတွေကနောက်ဘ၀

ကောင်းကောင်းကြီး ခံစားရအောင်လို့ ရည်ရွယ်ဟန် တူတယ်။ သင်္ကန်းဖြင့်လဲကောင်းသထက်ကောင်းအောင်ကိုလှူကြပြီး။

**တက်ထရွှန်နဲ့အခန်းစိပ်သင်္ကန်း ဘုန်းကြီးမဝတ်**

တလောတုန်းက တိပိဋကဓရ ဘုန်းကြီးက သူ့တက်ထရွှန် အခန်းစိပ် သင်္ကန်းကြီးရလို့ သူကလဲ မှန်မှန်မြတ်မြတ်လာလှူတယ်၊ ဒါကြောင့်ဘုန်းကြီးက အဲသလိုသင်္ကန်းကြီးအစိပ်မပြောနဲ့၊ရိုးရိုးတက်ထရွှန်တောင်မဝတ် တတ်ပါဘူးလို့၊ ဘုန်းကြီးက ဝတ်မကြည့်ဘူးပါဘူးလို့၊ပြီးတော့ သင်္ကန်းကြီး အခန်းစိတ်တွေကိုလဲ ဟိုတုန်းကတော့ မပြော လိုက်ပါဘူး၊ "ဘာပြုလို့ ဒီအခန်းစိပ်တွေဘုရားလက်ထက်တော် တုန်းက အခန်းမရှိအောင် ခွင့်ပြုတုန်းဆိုတော့" "ခွင့်ပြုရတဲ့ သင်္ကန်းက စုတ်ပြတ်နေတာတွေ ချုပ်ရလို့" နားလယ်လား၊ ဒီလို အခန်းသေးသေးလေးတွေကို အလှချုပ်တာ မဟုတ်ဘူး၊ သင်္ကန်းက ဟိုကယူ ဒီကယူနဲ့၊ စုတ်ပြတ်နေတော့ "ဟာ- အခန်းသတ်နှတ်လို့မဖြစ်ဘူး၊ ဒို့အဝှါပေါ့၊ပံ့သကူသင်္ကန်းပေါ့၊" ပံသုကူလေယယာရစိ[၁] လားဘာလား၊ အခန်းတွေအများကြီး ဖြစ်ပြီး သင်္ကန်းအဝှာပြုလို့ မလောက်လို့ ဟိုကယူရ ဒီကယူရနဲ့၊ အဲဒါကြောင့် အခန်းတွေအများကြီးဖြစ်သွားတယ်။

**အခန်းစိပ်ဝတ်ယင်၊ ဂုဏ်ရှိတယ်လို့ထင်**

နဂိုတုန်းကတော့ အခန်းနဲနဲပဲ၊ ဒါပေမယ့် ခုနက သင်္ကန်း အခန်း စိပ်ကြီးတွေ ဝတ်လာတော့ "ဟာ- တော်တော် ဘုန်းကြီးတဲ့ ဘုန်းကြီးတဲ့ ဘုန်းကြီးပါလား၊ အခန်းကို ဘယ်

---

၁။ ဂါထာနံပါတ်-၄၅။ စီဝရနိဒ္ဒေသ ခုဒ္ဒသိက္ခာအဋ္ဌကထာ ၆။

လောက်ရှိမှန်းကိုမသိဘူး၊ သေးသေးလေးနဲ့”၊ အောင်မလေး ဘေးက မျက်စိကျပြီးတော့ ချီးမွမ်းနေလိုက်ကြတာ၊ သူကလဲ ပတ်ကောင်းလို့တော့မဟုတ်ဘူး၊ အဲဒီဘေးက မျက်စိကျတာနဲ့ ပိုက်ဆံများများကုန်တာ စောက်ပြီးတော့ သူကလဲ ဝတ်တယ် ခြုံတယ်၊ ကွက်စိပ်သင်္ကန်းကြီးခြုံလို့၊ တခါတုန်းက တောထွက် ကိုယ်တော်ကြီးက ကွက်စိပ်သင်္ကန်းကြီးခြုံလို့လာတယ်၊ ဘေးက ကိုယ်တော်က “တောက် လုရိုက်ပြီးတော့ သင်္ကန်းယူဖို့ကောင်း တယ်” လို့ပြောတယ်၊ အဲသလိုလောကကြီးက သူကလဲ တကထဲ သာသနာ့အလုပ်ကယ်လို့မဟုတ်ဘူး ဂုဏ်ရှိအောင် ဆိုပြီးတော့ သူကဝတ်တာ။

**သဒ္ဓါတရား မပျက်အောင်ခြုံရ** “အနို့ ဘုန်းကြီး ကွက်စိပ်သင်္ကန်းကြီး ခြုံပြီးနေတာ မြင်ပါလား” လို့ ဆိုတော့ မခြုံချင်လို့ကို ရှေ့တုန်းကတော့ လှူနေတာ၊ အခုအခုကတော့ အတင်းခြုံဖို့ပြောနေတာနဲ့၊ ကဲလေ သဒ္ဓါတရား ပျက်ရော့မယ် ဆိုပြီးတော့ ဆိုပြီးခြုံနေရတယ်၊ ကိုယ်သဘော ကျလို့မဟုတ်ဘူး၊ လှူတဲ့သူက အလွန်ပြောနေတာနဲ့မို့ တခြား တဆင့် မလှူတော့ဘူး၊ အဲဒါလောကကြီးက ပိုက်ဆံကုန်ယင် ကောင်းတယ်လို့ထင်တယ်။

**ဇုဒ္ဓခေတ်က ရဟန်းတော်များ** ဗာတဲများကျတော့ “ရာဇဂြိုဟ်သဌေးကြီး ထင်တယ်၊ နံနက်စောစောက မြို့ပြင်ထွက် စရာရှိလို့ ထွက်လာတယ်၊ ကိုယ်တော်တွေ ဆွမ်းခံ ဝင်လာလိုက်ကြဘော၊ တချို့က သစ်ပင်အောက်က

လာကြတယ်၊ တချို့က ကောက်ရိုးပုံကြီးကို အလယ်က နဲနဲ လှူနေသာရုံလေး ဆွဲထုတ်ပြီးတော့ အဲဒီထဲနေကြတယ်၊ တပါး တလေ၊ တချို့ကလဲ ခြုံဖုတ်အောက်နေကြတယ်၊ တချို့ကလဲ သုသာန်ထဲက ဆွမ်းခံဝင်လာကြတယ်၊ ကျောင်းမရှိသေးဘူး၊ ဒါနဲ့ "အရှင်ဘုရားတို့ နေစရာကျောင်းလေးများ လုပ်ပေးယင် နေကြမလား" လို့ဆိုတော့ ဘုရားကခွင့်မပြုသေးဘူး ပုဂ္ဂလိက ကျောင်းလေးတွေကို။

**ဗုဒ္ဓခေတ်ကကျောင်း။** ။ဒါနဲ့ မြတ်စွာဘုရားကို လျှောက်လို့ ခွင့်ပြုတော့၊ ကျောင်းဆောက်တယ်၊ တနေ့ထဲ ခြောက်ဆယ်တင်၊ တပြစ်ပီးအောင် ဆောက်တယ်၊ ပီးမှာပေါ့ တခန်းကျောင်းလေးတွေကို၊ မိုးလုံလေလုံဆိုတော့ ဖြစ်ပါလိမ့်မယ်၊ တခန်းကျောင်းလေးတွေ၊ အဲဒါသံဃာ ၆၀ လောက် နေရလောက်အောင် ပီးအောင်ဆောက်တာပဲ၊ အဲဒီ တော့ ရှေးတုန်းက ကြီးကျယ်တာမဟုတ်ဘူး၊ ဘာကြီးကျယ် လိမ့်မတုန်း၊ ခုခေတ်လိုကျောင်း ဘုန်းကြီးချင်းပြိုင်မှမပြိုင်တော့ပဲ နဲ့၊ သူလဲ ကမ္မဋ္ဌာန်းအားထုတ်တယ်၊ ကိုယ်လဲ ကမ္မဋ္ဌာန်းအားထုတ် တယ်၊ ကမ္မဋ္ဌာန်းအားထုတ်ယင်ပြီးတာပဲ၊ ကမ္မဋ္ဌာန်းအားထုတ် တာတောင်မှ တချို့က "ကျောင်းကို တင်ပလ္လင်ခွေပြီးတော့ ကမ္မဋ္ဌာန်းထိုင်နေတုန်းမှာ မိုးရွာလို့ရှိယင်တင်ပလ္လင်ခွေရဲ့ အဖျား ကိုမိုးမစွပ်ဘူး၊ အဲသလောက်ကျောင်းဆို တော်ပြီ" တဲ့။[1] ဘယ့်

၁။ သာရိပုတ္တတ္ထေရဂါထာ-၉၈၅။
တိံသနိပါတ်ထေရဂါထာပါဠိ-၃၄၄။

လောက်ကြီးကျယ်တုန်း၊ ထင်တယ် ၂-ပေလောက် ၃-ပေလောက်ပဲရှိမှာပဲထင်တယ်၊ အမိုးလေးကလဲအဲဒါလုံရုံလေးပဲ၊ အဲဒီလောက်ကျောင်းရယင် လုံလောက်တာပဲတဲ့၊ ဒီလောက်ထိအောင် ခြိုးခြံကြတယ်။

**တရားနဲ့နေချင်လို့ ထွက်လာကြ**

ခြိုးခြံမှာပေါ့၊ ဟိုက ထွက်လာတာက ဒီလိုကျောင်းတွေ ကံဟွှမရှိပဲနဲ့ ဒီလို တရားနဲ့နေချင်လွန်းလို့ကို ထွက်လာကြတာ၊ အဲဒီမှာ ပစ္စည်းရှိတဲ့မိဘတွေက အတင်းတားကြတယ်၊ "မဖြစ်ဘူး ငါ့သားမဖြစ်ဘူး၊ ငါ့သားက ချမ်းချမ်းသာသာကြီးလာတာ၊ ဘုန်းကြီးလုပ်တယ်ဆိုတဲ့ဥစ္စာက တောင်းစားရတာ၊ အအေးလိုချင်လဲ အပူရချင်ရ၊ အပူလိုချင်လဲ အအေးရချင်ရတယ်၊ ဒီတော့ ငါ့သားနဲ့မဖြစ်ဘူး၊ ဟော အထက်တန်းတွေက သိပ်တားတာပဲ ရဟန်းပြုမယ်ဆိုယင်၊ ဟုတ်တယ်ဖြစ်နိုင်လောက်တယ်၊ ဟိုမှာ ဆွမ်းခံစားရမယ်၊ ခုနက ကျောင်းကလေး မိုးလုံလေ့လုံလေးလောက်ပဲနေရမယ်၊ ဒီတော့ တရားနဲ့နေကြတာပဲ၊ သိပ်ကြည်ညိုစရာကောင်းတယ်။

**အရှင်မဟာကဿပနှင့် ကိုရင်နှစ်ပါး**

တခါတုန်းက အရှင်မဟာ ကဿပ တောကျောင်းလေးနေတယ်၊ ကိုရင်နှစ်ပါးရှိတယ်၊ တပါးက နဲနဲ စိတ်ကောင်းနှလုံးကောင်းမရှိဘူး၊ တပါးက စိတ်ကောင်း နှလုံးကောင်းရှိတယ်၊ ရေချိုးဖို့ဆိုယင် ရေနွေးကျို ဟိုတပါးက

ဟိုကိုရင်ကျိုနေတဲ့ ရေနွေးအိုးက အငွှာလေးအခိုးလေး ဘာလေးထွက်နေတာမြင်လို့ရှိယင် "ဟာ- ရေနွေးကျက်ပြီ" ဆိုပြီးတော့ သူက အရှင်မဟာကဿပဆီသွားပြီး "ရေနွေးအဆင်သင့်ပါပြီဘုရား၊ ရေသုံးသပ်တော်မူဖို့ရန်" အရှင်မဟာကဿပက ဘာမှမစဉ်းစားတော့ "အော်- ဒီကိုရင် ရေနွေးတယ်တာပဲကိုး" လို့ ဒီလိုပဲ မှတ်ပြီးတော့ ကြွလာတယ်၊ သူက အဲဒီရေထည့်ပေး၊ ရေသုံးသပ်တယ်။

**လူရိုးကိုရင် မခံချင်လာ။** ။နောက်တော့ ဟိုကိုရင်က မခံချင်လာဘူး၊ လူရိုးက "ဒီကောင့်ကိုတော့ တနေ့ချအနိုင်ယူမှပဲ" ဆိုပြီးတော့ သူကရေနွေးကျို၊ ကျိုပြီးတော့ရေနွေးတွေကို ဘေးဖယ်ထားတယ်၊ သူက အိပ်နေတာ ဟိုကိုရင်က ဘေးဖယ်ထားပြီးတော့ ရေနွေးလေးကို နဲနဲလေး အခိုးတွေထွက်အောင် လုပ်ထားတယ်၊ ဟိုကိုရင်က အိပ်ရာက ထလာတယ်၊ "ကိုရင်ရေနွေးကျက်ပြီလား" "ဟာ-ရေနွေးကျက်ပါပြီဘုရား" နဲ့ ဆိုပြီးတော့သွားတယ်၊ နောက်ရေနွေးထည့်မယ် လုပ်တော့ ရေနွေးကမရှိဘူး၊ ဒါနဲ့သူက ဟိုရှာဒီရှာနဲ့ လုပ်နေတယ်၊ အဲဒီတော့မှ အရှင်ကဿပက စဉ်းစားတယ်၊ "အရင်တုန်းကလဲ ဒီကိုရင်ဒီလိုလုပ်နေတာနဲ့တူတယ်၊ သူမလုပ်ပဲနဲ့ ခုမှ သိတယ်ကိုး၊ သိတော့ကိုရင်ကိုပြောတယ် "ကိုရင်ဆိုတဲ့ဥစ္စာ ကိုယ်မလုပ်ပဲနဲ့ ကိုယ်လုပ်တယ်ထင်အောင် မညာရဘူး ဘာဘာညာညာနဲ့သြဝါဒ" ပေးတယ်။

**အရှင်မဟာကဿပ၏ ကျောင်းကလေး** နက်ဖြန် အရှင်မဟာကဿပက ဆွမ်းခံကြွတော့ အရှင်မဟာကဿပ သီတင်းသုံးတဲ့ ကျောင်းကုဋ္ဌကလေးကို မီးရှို့ပြီးတော့ ထွက်ပြေးရော၊ ဒီတော့ မီးရှို့ပြီး ထွက်ပြေးလောက်အောင် ကျောင်းကလေးကသေးသေးလေး၊ ဒီလို နေရှာမှာပဲ၊ နေရှာမကုတ်ပါဘူးလေ၊ဒီလိုနေတော်မူမှာပဲ၊ "နေရှာ"ဆိုတော့ ကိုယ်ကပဲ ကြီးကျယ်ပြီးတော့ ဟိုသနားစရာကို စကားလုံးကမှားသွားတယ်၊ ရှေးတုန်းက သာသနာ အင်မတန်ကောင်းတယ်။

ဒကာတို့က ဘာသနာကို အရင်းရောက်အောင် ဒီလိုစဉ်းစားကြပါ၊ သာသနာ အရင်းခံက တယ်ဟုတ်ပါလား၊ အခုသာသနာအဖျားရောက်တော့ တယ်ကြီးကျယ်ပြီ ငွေကုန်တွေများလာတယ်။

ကျောင်းကြီးတွေ သက်န်းကြီးတွေ ဆွမ်းတွေနဲ့ တကတဲသူတို့က ဟင်းခွက်တွေ အမယ်မယ်နဲ့၊ ဆွမ်းတွေနဲ့။

**အရှင်သာရိပုတ္တရာလေနာ**[၁]။ ။ဟိုတုန်းက အရှင်သာရိပုတ္တရာလေနာတယ်၊ ရှင်မောဂ္ဂလာန်က ဘာနဲ့ပျောက်တုန်းလို့မေးတော့ လူတုန်းကတော့ ထောပတ်ပျားသကာတို့နှင့် ရော၍ ရေမရောသော နို့ရည်ဖြင့် ချက်သောဃနာထမင်းနဲ့ ပျောက်တယ်လို့ ပြောတယ်၊ ဒါကို နတ်ကကြားတယ်၊ နက်ဖြန်ခါလဲ ဆွမ်းခံမကြွနိုင်ဘူး၊အရှင်သာရိပုတ္တရာ

၁။ ဝိသုဒ္ဓိမဂ် သီလနိဒ္ဒေသ။

က လေက တော်တော်ထိုးနေတယ်၊ ဒါနဲ့ အရှင်မောဂ္ဂလာန်ရဲ့ ဒကာအိမ်ကို နတ်က ဃနာဆွမ်းရအောင် လှုံ့ဆော်ပေးတယ်၊ ဟိုက ဃနာဆွမ်းချက်တယ်၊ အရှင်မောဂ္ဂလာန် ကြွလာတာမြင်ယင်ပဲ ဃနာဆွမ်းလောင်းတယ်၊ အရှင်မောဂ္ဂလာန်ကလဲ နတ်လှုံ့ဆော်ဒါတော့ မစဉ်းစားဘူးလေ၊ ဃနာဆွမ်းရလာတဲ့ ဥစ္စာကိုပဲ ဝမ်းမြောက်ဝမ်းသာနဲ့ ဒီဟာကို ယူလာပြီး ပြန်လာတယ်၊ အရှင်သာရိပုတ္တရာကို ဃနာဆွမ်းနဲ့ ဆွမ်းကပ်ဘယ်ကိုး။

**နတ်လှုံ့ဆော်တဲ့ဃနာဆွမ်း အရှင်သာရိပုတ္တရာ မစား** အရှင် သာရိပုတ္တရာက "မနေ့က ဃနာဆွမ်းပြောလိုက်တယ်၊ကနေ့ ဃနာဆွမ်း ရလာတယ်၊ အရှင်မောဂ္ဂလာန်ကတော့ တောင်းမှာမဟုတ်ဘူး၊ ဘယ်လိုဖြစ်ပါလိမ့်မတုန်း"လို့ ကြည့်လိုက်တော့ နတ်ကလှုံ့ဆော်တာ၊ နတ်တွေက ဒီလိုပဲရှိတယ်၊ ကိုယ်ကြည်ညိုယင် လှုံ့ဆော်ကြတာပဲ၊ ဒါနဲ့ "ဟောဒီ ဝမ်းထဲကအူတွေ ထွက်ချင်ထွက်ကုန်ပါစေ၊ ဒီလိုတော့ ပရိယာယ်နဲ့ ဘေးကလာတဲ့ ဥစ္စာကို မစားဘူး" ဆိုပြီးတော့ ဖယ်ပစ်လိုက်တယ်၊ ပျောက်သွားတာပဲ၊ ဒီသတ္တိ- ဒီစိတ်ဓာတ် သတ္တိတွေကြောင့် ခုနလေနာလဲ ပျောက်သွားတာပဲ၊ မပေါ်ပါဘူး၊ ဟိုတုန်းက မပေါ်ပါဘူး။

**ဘုန်းကြီးတိုင်းအထင်မကြီးနဲ့။** ။ဒကာတို့ကကျောင်းကောင်းကြီး တွေ ကြည့်ပြီး တော့ "ဟာ ဒီဆရာတော်ကြီး တယ်ဘုန်းကြီးတယ်"ဆိုပြီး၊ အံမယ်လေး လက်အုပ်များချီမိုး ရှိခိုး၊ ခြေထောက်များဖက်ပြီးတော့

များ ရှိခိုးလို၊ "တယ်ဘုန်းကြီးတဲ့ ဘုန်းကြီး"တဲ့၊ "ဘာလုပ်တဲ့ ဘုန်းကြီးမှန်းလဲ သိတာမဟုတ်ပဲနဲ့"၊ သူ့ဟာနဲ့သူ ဘယ့်နှယ် လုပ်ပြီးတော့ ဘုန်းကြီးမှန်းမသိဘူး၊ ဘုန်းကြီးတယ်တဲ့၊ ဘုန်း ကြီးတာများသွားပြီး အထင် မကြီးကြလေနှင့်၊ သိပ်မဟုတ် လှဘူး၊ သိပ်မဟုတ်ဘူး၊ ဟိုတုန်းကဘုန်းမကြီးဘူး၊ ဒီလိုပဲနေ တယ်၊ ဒီလိုပဲနေတယ်။

**ယသောဓရာလေနာ။**　။တခါတုန်းက ယသောဓရာထေရီသူလဲ လေနာတယ်၊ ရှင်ရာဟုလာက ကိုရင် ရှိသေးတယ်၊ "ဘာပြုတုန်းမယ်တော်- ဘာပြုတုန်း" လေနာလို၊ "ဘာနဲ့ပျောက်တုန်း" ဟိုတုန်းကတော့ နန်းတော်ထဲမှာ သရက် သီးဖျော်ရည်၊ သရက်သီးနဲ့သကြားသီးနဲ့ ဖျော်ရည်လုပ်သောက် ပျောက်တာပဲ၊ အခုမရှိဘူး၊ ယသောဓရာသောက်ဖို့ရန် သရက် သီးဖျော်ရည်လုပ်ဖို့ရန် မရှိဘူး၊ ဒီလိုပဲ နေရှာတာပဲ၊ ဒါနဲ့ ရှင်ရာဟုလာလဲ မတတ်နိုင်လို့မှိုင်နေတယ်။

**ဆွမ်းရပ်သလိုရပ်။**　။အရှင်သာရိပုတ္တရာက "ရာဟုလာ ဘာလို့ မှိုင်နေတုန်း" လို့ဆိုတော့ "မယ်တော် ဘိက္ခုနီ ဒီလိုဖြစ်နေတယ်လို့" ဆိုဒါနဲ့ အရှင်သာရိပုတ္တရာက ညနေဖြစ်နေတော့ တခါထဲ သပိတ်ပိုက်ပြီးတော့ ကောသလ မင်းကြီးနန်းတော်ထဲ ဆွမ်းရပ်သလိုသွားရပ်ရတယ်၊ "ဟာ- ဘာ အလိုရှိလို့ပါတုန်း"လို့ဆိုတော့ "ယသောဓရာ ဘိက္ခုနီ ဒီလိုဖြစ် နေတယ်" လို့ဆိုတော့ "ဟာလုပ်ကြပါ လုပ်ကြပါ" ဆိုပြီး တခါထဲ သရက်သီးမြန်မြန်ရမှာပေါ့လေ၊ ဆွတ်ပြီးသားလဲ ရှိမှာ

ပေါ့လေ၊ အဲဒါနဲ့ ဖျော်ရည်လုပ်ပြီးတော့ပေးတယ်၊ နောက် "ယသောဓရာအတွက် လိုအပ်တဲ့ပစ္စည်းကို ဒကာတော်တာဝန် ယူပါ့မယ်"လို့ လျှောက်လိုက်တယ်၊ အဲဒီတော့ ယသောဓရာ တို့လိုဆိုတာ လူ့ဘောင်မှာနေယင် စကြာမင်းရဲ့မိဖုရား၊ ဘုရား လောင်းလဲ တောမထွက်ဘူးဆိုယင် ဒီလိုဖြစ်ရမှာ၊ ဒီလောက် အထက်တန်းကျတဲ့ ယသောဓရာတို့လို အမျိုးသမီးတောင်သရက် သီးဖျော်ရည်သောက်စရာမရှိဘူး၊ ဟိုတုန်းက ဒီလိုနေကြတာပဲ။

**ထန်းရွက်တဲ** ဒကာတို့ မှတ်ထားပါ၊ ဘုန်းကြီး **ဆွမ်းစားကျောင်း** တို့လဲနဂိုတုန်းကဟိုနားမှာ အခုညွှ ဇရပ်နေရာမှာ ဆွမ်းစားဖို့ရာ ထန်း ရွက်တဲနဲ့၊ ထန်းရွက်တောင် အလုံမကာနိုင်ဘူး၊ အောက် ပိုင်းလောက်တင်ကာတယ်၊ အပေါ်ကအမိုးနဲ့၊ထန်းရွက် တဲနဲ့ ဆွမ်းစားကျောင်းဆောက်တယ်၊ ဆရာတပည့်တွေ ဆောက်ကြတာပဲ။

**ထန်းရွက်ကုဋီ။** ။ပြီးတော့ကုဋီကျတော့ဒီလိုကုဋီမဟုတ် ဘူး၊ ထန်းရွက်မိုးတယ်၊ကြားထဲထန်း ရွက်ကလေး ၂-ရွက်၊ ၃-ရွက်လောက် ကာထားတယ် တခန်းတခန်းမှာ၊ ပြီးတော့ ထန်းသား တုံးကြီးတွေ အောက်ကထိုင်ဖို့ရန်လောက်တင် ခင်းတယ်၊ အကုန်လုံး အပြည့်မခင်းနိုင်ဘူး၊ ထိုင်ဖို့ရန်တင် ခင်းပြီးတော့ အဲဒီ ကုဋီလုပ်တယ်၊ ဒီဟာလဲ စာသင်လို့ဖြစ်တာပဲ၊ စာချ လို့ဖြစ်တာပဲ၊ နံနံတော့ ကသိကအောက်လေးတွေ

ရှိတော့ ရှိပါရဲ့ပေါ့လေ၊ ရှိပေမယ်လို့ဖြစ်တာပဲ၊ အဲဒါ ဘုန်းကြီးတို့ဆရာတပည့် ဒီလိုတက်လာကြတာပဲ။

**ဖဝေးသတိရ။** ။တခါတခါ ဟိုဖဝေးသွားပြီးတော့ သတိရတယ်၊ ဖဝေးကိုမင်းသမီးက "လိုက်ခဲ့ပါလို့" ပြောလို့ သူကလိုက်သွားတယ်၊ ထီးနဲ့နန်းနဲ့ ဗြဟ္မဒတ်မင်းက ဖမ်းတာကိုး၊ ဖမ်းတော့ "ဒို့မြေးအဖိုးမှာလ-လေ စည်းရိုး အလုံကာလို့ ဖရုံပါ ငြုတ်သခွားရယ်နဲ့ လုပ်စားရန်သူတမင်လာ" လို့နဲ့ ဟဲ ဟဲ ဟဲ....၊ "ဒို့မြေးအဖိုးမှာလ-လေ စည်းရိုး အလုံကာလို့" နောက်တော့ "ဖားကင်ခြောက်နဲ့ မြောက်ဥတွေဟာ အပင်းနဲ့" သူလဲရှိသမျှ ထုတ်ပြီးတော့ သဒ္ဒါတရားကောင်းကောင်းနဲ့ ကျွေးလိုက်သကိုး၊ ဖားကင်တွေမြောက်ဥတွေ ကျွေးလိုက်တယ်၊ ဒီလို လိုက်ခဲ့ပါဆိုလို့ လိုက်သွားလို့ ဟိုကျတော့ ဖမ်းထားလို့ "ငါ့-ဖားခြောက်နဲ့ မြောက်ဥတွေဟာအပင်း" နဲ့၊ အခုလဲဘုန်းကြီးတို့ စည်းရိုးအလုံကာသလိုပဲ ဒီလိုနေကြတာပဲ၊ ခုဟိုနားစည်းရိုးတွေ ရှိသေးတယ်။

**တံတိုင်းမလုပ်ရန်တားရ** တချို့က တံတိုင်းတွေဘာတွေ လုပ်ချင်တယ်လို့ပြောပါရဲ့ "အို-မလုပ်ပါနဲ့ တံတိုင်းလုပ်ရအောင် ဒီက အထဲမှာ ဘာမှရှိတာ မဟုတ်ပါဘူးလို့ တံတိုင်းမလုပ်ပါနဲ့" လို့ တားထားရတယ်။

"ကျောင်းအထိမ်းအမှတ်ပေါ့" တဲ့၊ "အခုလဲ ကျောင်းအထိမ်းအမှတ်ကာထားသားပဲ" လို့၊ "မလုပ်ပါနဲ့" လို့ တားပြီး

စည်းရိုးပဲကာထားတယ်၊ ဒါသိကြီးလေး ဘာလေး၊ ကာတဲ့ ဥစ္စာကို ကောင်လေးတွေကဖြုတ်တယ်၊ ယူတန်တာယူတယ်၊ "ယူကြပေါ့လေ"လို့ ဘုန်းကြီးက"တံတိုင်းတော့ မလုပ်ကြပါနဲ့"လို့ပြောရတယ်။

**ဘုန်းကြီးနေတဲ့ ကျောင်း လေး** ကျောင်းကြီးတွေ သူတို့ ကျောင်းဒကာတွေက ကောင်းကောင်း ဆောက်ချင်လို့ လျှောက်ကြတယ်၊ ဘုန်းကြီးက "သူတို့သဒ္ဓါတရားအတိုင်း လုပ်ပါစေတော့လေ"လို့ ကြည့်နေတာ၊ ဘုန်းကြီးနေတဲ့ကျောင်းတော့ ပြင်ချင်ကြတယ်၊ "မပြင်ပါနဲ့"လို့ တနေ့တုန်းကတော့ ခြတွေစားလို့ဘုန်းကြီးဟာဘုန်းကြီး ပြင်ရတယ်၊ ဘုန်းကြီးက ဒီကျောင်းအပြိုနဲ့ငါအသေနဲ့တော့ ကိုက်ပါလိမ့်မယ်ထင်ပါရဲ့"လို့၊ အခုနဲ့နဲ့ကျောင်းကို ခြစားတာက စောသွားတယ်၊ အခုပြင်ပြီးပြန်ပြီ၊ အတော်ကြာအောင်ခိုင်ဦးမှာပဲ။

**ရေချိုးခန်းထဲလဲ။** ။အဲ-လူကလဲမသေတာ မသေတာကို၊သေနာတော့ပေါ်နေပြီ၊တလောကလဲအဲ့ဒါထဲလဲထားတယ်၊ ရေချိုးခန်းထဲလဲတယ်၊ ကံကောင်းလို့ ပေါက်တော့ ထိပ်တောင်မှ ပေါက်သွားတယ်၊ "အံ့ဟာ.... အရှောင်ကောင်းလို့ နှာခေါင်းကိုတဲ့တဲ့မှန်"ဆိုတာလို အခုလဲကံကောင်းလို့ ကံကောင်းလို့ ထိပ်များတော့ ပေါက်သွားသေးတယ်၊ အင်း- အဲဒီဟာပြီးတော့ ဘာဖြစ်နေတုန်းဆိုတော့ လဲမလိုချည်းထင်ထင်နေတယ်၊ စိတ်ကတယ်မရဲဘူး၊ သွားရတာ လဲများလဲလိုက်ဦးမှာလား၊ ရေချိုးခန်းထဲလဲပဲ ကြမ်းတွေခင်းထားတယ်၊

လဲမျှားလဲဦးမလားလို့၊ "ဒီတခါလဲယင်တော့ အသေလဲပါ"လို့ ဘုန်းကြီးစိတ်က အောက်မေ့ထားတယ်။

**သံဃာတွေကို သာသနာရေးငဲ့ထိန်း** ကြီးလာလို့ ဒကာတို့ အခုဆွမ်းဒကာ ဆွမ်းအမတို့ ငယ်ငယ်တုန်းက ငယ်တဲ့ သတ္တိ ဘယ်လိုရှိဘယ်၊ နောက်တော့၊ အသက်ရှည်လို့ကြီးလာယင် ဘယ်လိုဆိုဒါ သိလိမ့်မယ်၊ ဘုန်းကြီးလဲ သံဃာတွေကို သာသနာရေးငဲ့ပြီးတော့သာ ထိန်းနေတာ၊ တခါတလေ ပြောလိုတယ်၊စည်းကမ်းနဲ့သိပ်မရလှဘူး။

တချို့ကိုယ်တော်လေးတွေဟာ နို့ပေမယ့်လို့ တခြားစာယင် တော်ပါရဲ့လို့ ဒီလိုကြည့်နေရတယ်၊ တဖြေးဖြေး ခေတ်ကြီးက ပျက်စီးလာတယ်၊ ပျက်စီးလာလို့ ဘုန်းကြီးက ခေတ်ကြီးပျက် ပေမယ်လို့ ပြင်လိုက်မယ်လို့ကြိုးစားတာ ဒီဟာပဲရသေးတယ်၊ ဘေးပြင်စရာတွေမရဘူး။

**ခတ်ကွင်းပြင်ရေး။** ။ဒီအားလုံးက ဝိုင်းပြီးတော့ ပြင်ကြလို့ ရှိယင် ဘုန်းကြီးက ကျေးရွာ ကျောင်းတွေကို ကလေးတွေကို ပညာသင်ပေး၊ ရပ်ကွက်လူတွေဘာသာ ရေးကိုထိန်း၊ ကလေးတွေကို အတန်းတော်တော်မျှားမျှားကြီး သင်ပေး၊ ပြီးတော့ ကိုယ်ကဝိနည်းကိုလေးစား၊ ဒီလိုလုပ်ဖို့လို့ ကြိုးစားတာ၊ ကြိုးစားပေမယ်လို့ "ခပ်ကွင်းပြင်တာနဲ့ ရွာသစ်ကြီးရောက်လာပြီလို့" ဆိုတာလို အခုလဲ ခတ်ကွင်းပြင်တာနဲ့ လဲ လဲ လဲပြီ၊ လဲမလိုလိုလဲကြောက်ရပြီ၊ အိုပြီးအိုနာတွေ။

## ခန္ဓာအိုကြီး

ဇိဏ္ဏာအင္ဂွစ နှာရူစ၊ ဂတ္တာနိ နဝဟန္တိမေ၊
ဇိဏ္ဏောဝ သကဋ္ဌောဘာရံ၊ သာယံလောကဿမမ္ဘတာ။[၁]

အရိုးတွေလဲ အိုပြီတဲ့၊ ရှေးအရိုးလိုမဟုတ်ဘူး၊ ဆတ်လာပြီ၊ တော်တော်လဲလိုက်ယင် သူကကျိုးမယ်၊ ကွဲမယ်၊ အရိုးတွေက ဆတ်လာပြီ။

နှာရုစ - အကြောတွေကလဲ ရှေးတုန်းကလို မဟုတ်ဘူး၊ အကြောတွေက တောင့်တင်းကုန်ပြီ၊ ဂတ္တာနိ နဝဟန္တိမေ- ခန္ဓာကိုယ် တကိုယ်လုံးကလဲ လဲမလိုလို လဲမလိုလို ထင်ရတယ်၊ ဇိဏ္ဏောဝ သကဋ္ဌောဘာရံ-သာယံလောကဿမမ္ဘတာ-လှည်းအိုကြီး ဝန်ကောင်းကောင်း တင်လို့မရဘူး၊ သိပ်မတင်လိုက်နဲ့၊ သိပ်တင်လို့ရှိယင် လှည်းကြီး ကျိုးသွားလိမ့်မယ်၊ အဲဒါလိုပဲ ခန္ဓာအိုကြီးဟာ သိပ်တင်လို့ မရဘူးနဲ့တူတယ်၊ ကျိုးသွားလိမ့်မယ်။

**နွားပျိုသန်လှ။** ။ဒါပေမယ့်လို့ ခုနောက် ကိုယ်တော်တွေက ဘုန်းကြီးလောက်ကို ခုအထိ၊ ခုအထိ အအိုကြီးမှုံအောင်ကိုသူတို့မလိုက်ကြသေးဘူး၊ တခါတခါ၊ "မင်းတို့

---

၁။ ဒုတိယရွှေကျင်သာသနာပိုင် မဟာဝိသုဒ္ဓါရုံဆရာတော် ဘုရားကြီး၏ သံဝေဂယုတ္တ ဥဒါန်းဂါထာတော်ဖြစ်သည်၊

(က) မဟာဝိသုဒ္ဓါရာမိက ထေရုပ္ပတ္တိဒီပဏီ စာမျက်နှာ-၂၄၂။

(ခ) ရွှေကျင်နိကာယ သာသနာဝင် စာမျက်နှာ-၂၇၂။

နွားပျိုသန်လှတယ်၊ နွားအိုပေါင်ကျိုးသလောက် ရှိအုန်းမှာပဲ” တခါတခါ ဒီလိုတွေးရတယ်၊ သူတို့သန်ပေမယ့် နွားအိုပေါင်ကျိုးသလောက်ပဲရှိနေသလားမသိဘူး၊ ဘုန်းကြီးကတော့ အဲဒီလိုပဲလုပ်ရတယ်၊ သေလဲသေပေါ့လေ၊ အခုလို အသက်ကလဲနဲ့လား၊ ဒီလိုနဲ့သေကြတာ၊ ခုနစ်ဆယ်နဲ့ရှစ်နှစ်(၇၈)ထဲမှာရောက်နေပြီ။

**ဆန်းကြယ်တဲ့ လက္ခဏာပေါ်နေ** ပြီးတော့ ဆန်းဆန်းကြယ်ကြယ် လက္ခဏာ တနေရာမှာ လက္ခဏာကြောင်းတခုပေါ်နေတယ်၊ ရှေးတုန်းကမရှိဘူး၊ ဘယ်လောက်ကြာကြာပေါ်မှာတော့မသိဘူး၊ လဲပြုပြီးပေါ့မှ မလဲခင်ကတဲကိုက စိတ်ကအများနဲ့တယ်မနေချင်ဘူး၊ အများလဲ တယ်မကြည့်ချင်ဘူး၊ ကိုယ့်ဘာသာကိုယ် တယောက်ထဲ ရှင်းရှင်း ကလေးဒါကိုသဘောကျနေတယ်၊ မလဲခင်ကတဲက၊ နောက်တော့လက္ခဏာကလဲပေါ်လာတယ်၊ လက္ခဏာကလဲ ဒီသဘောတဲ့၊ “ဟင်” အခုဟိုကပင့် ဒီကပင့်နဲ့ မလိုက်ချင်ပါဘူး၊ အင်း-အကြောင်းပြုပြီး ဟိုကပင့်ဒီကပင့်ယင် ဒူးနဲ့ပြီးစား ဒီလိုနေတဲ့ အရွယ်မျိုးမဟုတ်ဘူး၊ မလိုက်ချင်ဘူး၊ အေးအေးကလေး နေချင်တယ်။

**သူတော်ကောင်းတွေ။** ။နောက်တော့ တွေးကြည့်တယ်၊ရှေးတုန်းကသူတော်ကောင်းတွေ တောထွက်ကြတယ်ဆိုတာဟာ ဟုတ်မှာ၊ ဒီထီးထဲနန်းထဲနေလို့ကိုမဖြစ်ဘူး၊ မနေချင်လောက်အောင်ဖြစ်နေတယ်၊ ဒါနဲ့တောထဲရောက်

တော့ ဟင်းရွက်ပြုတ်ကလေး ဘာလေးများစားလို့၊ တယ်စိတ်ချမ်းသာတယ်၊ "ဟုတ်မှာလို ဘုန်းကြီးကဟုတ်မှာလို့" "အနို့ အရှင်ဘုရား ဟင်းရွက်ပြုတ်ကလေး ဘာကလေးစားနေပါ့လား" ဆိုတော့ "နေနိုင်မယ်မထင်ဘူးလို့၊ ဟင်းရွက်ပြုတ်ကလေးဘာလေးနဲ့စားပြီ တော့ နေနိုင်မယ်မထင်ဘူး" မပြောတတ်ဘူး၊ တခါတလေကပ္ပိယကြီးတယောက်နဲ့နွားနို့တို ပဲပြုတ်တို့ဘာတို့နဲ့၊ အဲဒီလိုတော့ နေနိုင်မှာပါ၊ နွားနို့လေးများလဲ သောက်ရ အုန်းမှ၊ သောက်ချင်လို့ အရသာခံချင်လို့မဟုတ်ဘူး၊ ခုနကအားအတွက်ကြောင့်ပါ၊ ကပ္ပိယကြီးတယောက်နဲ့ နွားနို့လေး သောက်ပြီးတော့ ဒီလိုတော့နေနိုင်ပါတယ်၊ ဟိုလို ဟင်းရွက်ပြုတ် စားဖို့တော့ စိတ်ကူးကူးကြည့်တယ်၊ နေနိုင်မယ်မထင်ဘူး။

**အခုလူတွေသီလပျက်နေ။** ။ဆွမ်းဒကာဒကာမတွေများ ငယ်ငယ်ရှိသေးတယ်၊ သီလ သီလ၊ နံ့ပါတ်ဘာစ်ကသီလ၊ ငါးပါးသီလကို သိပ်ပြီးတော့ လုံအောင်ထိန်းကြ၊ အခုလူတွေအရပ်ရပ် စာရိတ္တပျက်ဘယ်ဆိုတာဟာ ဒကာတို့အသိဆုံးပဲ၊ သီလပျက်နေတာ၊ မုသားလဲသူတို့ အရေးမစိုက်ကြတော့ဘူး၊ အဒိန္နာဒါနလဲ ဖြစ်သလို ထိန်းထားကြတယ်၊ ငါးပါးသီလကိုမလုံကြဘူး၊ သီလပျက်နေတာ၊ လောကကြီး ဗမာနိုင်ငံပျက်ဘယ်ဆိုတာ သီလပျက်တာ၊ နိုင်ငံခြားတွေပျက်တယ်ဆိုတာ သီလပျက်တာ၊ တယောက်ဘယောက် တိုက်ကြ ခိုက်ကြတယ်ဆိုတာ သီလပျက်ကြတာ။

**သီလလုံအောင်နေ။**　။အဲဒီတော့ ဒို့က သီလလုံအောင် နေမယ် ခေတ်မှိမှိမမှိမှိ သီလတော့လုံအောင်နေ မယ်၊ အာဇီဝဋ္ဌမက သီလ အသက်မွေးဝမ်းကျောင်းနဲ့စပ်တဲ့သီလ၊ မဘာရးသဖြင့် ငါအသက်မမွေးဘူး၊ တရားသဖြင့် အသက်မွေး မယ်၊အဲဒါကို စိတ်ထဲက နှစ်နှစ်ကာကာကြီး ထိန်းထားကြပါ။ တကမ္ဘာလုံး ပျက်ချင် ပျက်ပါစေ၊ အခု ဘုန်းကြီးတွေ ကြည့်ပါ လား၊ တနိုင်ငံလုံး သံဃာတွေ ဘယ်လိုနေတယ်ဆိုတာ ကြည့်ပါ လား၊ ဒို့သေရအုန်းမှာ၊ သေတော့ရဲ့ တိရစ္ဆာန် ပြိတ္တာလမ်းရှိ တယ်၊အဲဒီ မသွားရအောင် ဒို့ကြိုးစားမယ်၊ တနိုင်ငံလုံးပျက်တာ ပျက်ပါစေ ''ဒို့ကျောင်းက ပျက်လို့မဖြစ်ဘူး'' လို့ ဆိုပြီးတော့ အဲဒီ လို ထိန်းထားတယ်၊ဒကာတို့လဲပဲ ''တလောကလုံး ငါးပါးသီလ ပျက်ချင် ပျက်ပါစေ၊ ဒို့မပျက်ရအောင်၊ဒို့မိသားတစုမပျက်စေရ ဘူး'' အဲဒီလို ထိန်းထားကြပါ။

**ဘုရားအာရုံပြု။**　။ထိန်းထားပြီးတော့မှ ဘုရားကို ဩကာသ ဩကာသနဲ့ ရှိခိုးနေလို့မပြီးသေးဘူး၊ ဘုရား ဂုဏ်တော်တွေကို တပါးပြီးတပါး တပါးပြီးတပါးလေ့လာပါ၊ တရားဂုဏ်တော်တွေကို တပါးပြီးတပါး တပါးပြီးတပါး လေ့ လာပါ၊မြန်မြန် မလေ့လာနဲ့၊နှစ်ပေါင်းများစွာ ကြာချင်ကြာပါ စေ၊တပါးပြီးတပါး လေ့လာလို့သဘောကျတဲ့ ဂုဏ်တော်တွေကို ထပ်ကာထပ်ကာ အာရုံပြုပြီးတော့မှ ရှိခိုးတဲ့အခါ အာရုံယူ၊အဲဒါ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းဆိုတာဒါပဲ၊ ဩကာသ ဩကာသတင် လုပ်မနေနဲ့။

**ဝိပဿနာရှု။** ။ပြီးတော့မှ "အားလုံး အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ ဝိပဿနာရှုပါ၊ တမိနစ်လောက်ပါ၊ တမိနစ်လောက်ပါ အချိန်အကြာကြီး မဟုတ်ပါဘူး၊ အဲဒီလို နေပါ၊ ငါးပါးသီလလုံတယ်၊ ဘုရား တရား သံဃာ့ဂုဏ်တော်တွေကို သိတယ်၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ရှုတယ်၊ ဒီလိုဆိုယင်အပါယ် မကျဘူး၊ သေသေချာချာ သိလို့ရှိယင် ရဲရဲတင်းတင်းသာနေ၊ အပါယ်မကျဘူး၊ ဒါ့ကြောင့် အပါယ်မကျအောင် ပါရမီဖြစ်အောင်ကုသိုလ်တရားတွေကို ကြိုးစားနိုင်ကြစေကုန်သတည်း။

သာဓု.... သာဓု.... သာဓု....

**အမှာ။** ။ဤဆွမ်းအနုမောဒနာ တရားတော်သည် (မပုံ့လွန်မိ ၁-လ၊ ၄-ရက်အကြာ) ၁၃၃၉-ခု တန်ဆောင်မုန်း လဆန်း(၁၃)ရက် ၁၉၇၇-ခု၊ နိုဝင်ဘာလ(၂၃) ရက်၊ ဗုဒ္ဓဟူးနေ့တွင်ဟောသည်။

ဆွမ်းအနုမောဒနာ တရားတော် ပြီးပြီ။

# သံဃာ့ဂုဏ်ရည်တရားတော်

**သံဃာရှိလို့သိရ။** ။အရိယာ သံဃာတော်များက စပြီးတော့ ပုထုဇဉ် သံဃာတော်များ ကြည်ညိုစရာကောင်းပုံ ဒီနေ့ပြောရဦးမယ်၊ ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန် စံတော်မူပြီးတယ်ဆိုယင် ဘုရားအကြောင်းကို သိဖို့ရန် သံဃာတော်များရှိလို့သိရတယ်၊ သံဃာတော်များသာ မရှိယင် ဘုရားအကြောင်းကို မသိနိုင်ဘူး၊ ယခု ဒကာ ဒကာမများ ဘုရားအကြောင်းသိရတာက ယခုသာသနာ့ဝန်ကို ဆောင်နေတဲ့ သံဃာတော်များရှိနေလို့ ဘုရားအကြောင်းသိရတာ၊တခါ ဗုဒ္ဓမြတ်စွာရဲ့ တရားတော်မြတ်ကို အထိုက်အလျောက် ရဟန်းတော်များ သာမဏေများ ဒကာဒကာမများ သိကြရတာဟာ သံဃာတော်များကြောင့်သိရတာ၊ ပုထုဇဉ်သံဃာများရော အရိယာသံဃာတော်များရော သံဃာတွေ သံဃာတော်များက အဆက်ဆက် တရားတော်တွေကိုဆောင်ရွက်လာခဲ့လို့ စာချတဲ့ဆရာတော်များက စာချလို့၊စာသင်တဲ့ကိုယ်တော်များက စာသင်လို့၊ နောက်မိမိကြီးတဲ့အခါစာချလို့၊ အဲဒီလိုဆောင်ရွက်လာလို့ တရားတော်လဲ မကွယ်ဘူး၊ ဘုရားလဲပဲ ပရိနိဗ္ဗာန်သာစံသွားတယ်၊ ဘုရားအကြောင်းအရာတွေ အပြည့်အစုံ အများစုက ကြားရတယ်၊ ဗုဒ္ဓဘာသာအများစုကကြားရသိရတယ်။

**အရှင်မဟာကဿပ ကြောင့်ကြ** — အဲဒီတော့ သံဃာတော်များက သိပ်ကျေးဇူးများနေတယ်၊ နောက်ပိုင်းမှာ ဒီလိုပဲ ကျမ်းစာများကလဲဆိုကြတယ်[၁]

"နောက်ပိုင်းမှာ သံဃာတော်များ သိပ်ကျေးဇူးများတယ်" လို့၊ ကြည့်လေ ဘုရားပရိနိဗ္ဗာန်စံတော်မူတယ်ဆိုယင် အရှင်မဟာကဿပက ကြောင့်ကြ စိုက်တော်မူရပြီ၊ အရှင် သာရိပုတ္တရာ၊ အရှင်မောဂ္ဂလ္လာန်တို့က ပရိနိဗ္ဗာန်စံတော်မူကြပြီ၊အဲဒီတော့ အရှင်မဟာကဿပက ကြောင့်ကြ စိုက်တော်မူရတယ်၊ ဗုဒ္ဓမြတ်စွာရဲ့ ဝိနည်းတရားတော်ပဲဆိုအုံးတော့ ဟိုမြို့မှာပညတ်တော်မူ၊ အရှင်အာနန္ဒာတို့လိုက်မှတ်ထား ဆောင်ထား၊ ဒီမြို့မှာပညတ်တော်မူ၊ ဆောင်ထား မှတ်ထားတယ်၊ ယခုတွေ့ရသလို စီကာ စဉ်ကာ မဟုတ်ဘူး၊ အစီအစဉ်က အမျိုးမျိုး၊မကုံးတဲ့ပန်းတွေလို ဟိုတပွင့်၊ ဒီတပွင့်၊ ဒီလိုဖြစ်နေတယ်၊ ဒီလိုကြဲနေတယ်၊ ဒီတော့ သံဂါယနာဆိုတာကိုက "သံ-သဘောတူရာ စုပေါင်း၍၊ ဂါယနာ-ရဟန်းတော်ကြီးများ ပထမတင်တုန်းက ရဟန္တာကြီးများ ရွတ်ဆိုကြတာကို သံဂါယနာ"လို့ခေါ်တယ်။

**ငါးရာရွေးချယ်။** ။ဒီတော့အရှင်မဟာကဿပက တရားတော်တွေ ဟိုမြို့မှာဟောတော်မူ ဒီမြို့မှာ ဟောတော်မူ၊ တရားတော်တွေကလဲ သဘောတူရာ ပေါင်းစုမထားလို့ရှိယင် မတဲ့ကုံးပန်းတွေလို လွင့်ကုန်တော့မှာပဲ၊ တရားတော်

---

၁။ ဂန္ဓာရုမ္မကထာဝဏ္ဏနာ။ဝိနယပိဋကသာရတ္ထဒီပနီဋီကာ ၁၃။

တွေကို သဘောတူရာ စုပေါင်းပြီးတော့ တသန့်စီတသန့်စီ၊ နိကာယဆိုတာ အပေါင်းတပေါင်းစီ တစုစီ ဒီလိုထားဖို့ရန်လို့နေပြီ၊ တယ် အမြော်အမြင် ကြီးတော်မူပါပေတယ်၊ ရဟန္တာကြီးလဲ ရဟန္တာကြီးပေကိုး၊ အမြော်အမြင်အင်မတန် ကြီးတော်မူတယ်၊ ဒါနဲ့ရဟန်းတော် ၅၀၀(ငါးရာ) ရွေးတယ်၊ ဒီမြတ်စွာဘုရား တရားတော်များကို သဘောတူရာစုပေါင်းပြီးတော့ ရွတ်ကြဖို့ရန် သံဂါယနာတင်ကြဖို့ရန် ရဟန်းတော် (၅၀၀) ရွေးရတယ်၊ ရဟန်းတော် (၅၀၀)မှ တော်ပေ့ဆိုတဲ့ ရဟန်းတော် ထဲက အတော်ဆုံးတွေကို ရွေးလိုက်တာ ရဟန္တာကြီးတွေလဲ ဖြစ်တယ်၊ အရှင်အာနန္ဒာမှတပါး၊ နောက်တော့ အရှင်အာနန္ဒာလဲ သံဂါယနာမတင်ခင် ရဟန္တာဖြစ်တယ်၊ အဘိညာဏ်တွေရတယ်၊ ပဋိသမ္ဘိဒါတွေရတယ်၊ ထိပ်ထိပ်ကြဲတွေ ဟိုဘုန်းကြီးတို့ရဲ့ မြစ်ဖျားခံဆိုဒါလို အရင်းခံဖြစ်တဲ့ သာသနာတော်ကြီးက သိပ်ပြီးတော့ အားရစရာကောင်းတယ်။

**ခုခေတ်လိုမပေါ့။** ။ဒါနဲ့သံဂါယနာတင်တဲ့နေရာကိုရွေးတော့ အများစုဝင်ပြီးတော့ ဟိုတမျိုး ဒီတမျိုး ပြောကြမှာမြင်လို့ "အများ စုမနေရဘူး"လို့ ပညတ်ပြီးတော့ သံဃာငါးရာဝါကပ်ဖို့ရန် ဆွမ်းပြည့်စုံမယ်၊ ကျောင်းလဲပြည့်စုံမယ်လို့ဆိုလောက်တဲ့ ရာဇဂြိုဟ်မှာဝါကပ်ဖို့ရန် နေရာရွေးတော်မူကြတယ်၊ ယခုခေတ်လို ဆွမ်းဒကာတွေ ပေါနေတာမဟုတ်ဘူး၊ ယခုခေတ်လိုကျောင်းတွေ ပေါနေတာမဟုတ်ဘူး၊ သံဂါယနာတင်မယ်လို့ ဝါဆိုခါနီး ပြည့်ပြည့်စုံစုံ သံဃာငါးရာရောက်

လာတဲ့အချိန်မှာ တချို့ ကျောင်းကလေးတွေက မိုးယိုတယ်၊ အခုခေတ် သက်ကယ်မိုးမျိုးလိုနေမှာပေါ့၊ ဝါးကပ်မိုးလောက် တောင်ခိုင်ချင်မှခိုင်မှာ၊ ဘာပြုလို့တုန်း၊ သင်္ဂါယနာ တင်ချိန် မရောက်ခင် ဘုရားပရိနိဗ္ဗာန် စံတော်မူသတဲ့လို့ဆိုတော့ ဘုရား ပရိနိဗ္ဗာန် စံတော်မူတဲ့ နေရာမှာ အကုန်လုံး ကြွလာကြတယ်၊ ကျောင်းတွေ ပစ်ထားခဲ့ကြတယ်၊ အဲသလို ပစ်ထားလိုက်တာ ဘယ်လောက်ကြာတုန်းဆိုတော့ ၂-လပဲကြာတယ်၊ ဘုရား ပရိ နိဗ္ဗာန်စံတော်မူတာက ကဆုန်လပြည့်၊ သင်္ဂါယနာတင်ဖို့ ရောက် လာကြတာက ဝါဆိုလပြည့်အတွင်း၊ အဲဒီ ၂-လ လောက်မှာ ကျောင်းကလေးတွေ မိုးယိုတဲ့ကျောင်းက ယိုတယ်၊ ပေါက် ပေါက်ကျားကျားဖြစ်တဲ့ကျောင်းက ပေါက်ပေါက်ကျားကျား ဖြစ်တယ်။

**မှတ်တမ်းယူထား။** ။ကြမ်းတွေ ဘာတွေ ဖရို ဖရဲ ဖြစ်တဲ့ ကျောင်းက ဖြစ်တယ်လို့ ဆိုတော့ကာ ဝေဠုဝန်ကျောင်းကြီးတို့လို ကျောင်းကြီးတွေကသာ ခိုင်ခန့်တာ၊ ရာဇဂြိုဟ်မှာ ဒီပြင် ဒီပြင်ကျောင်းတွေက ယခုလိုမြင်ရတဲ့ကျောင်း ကြီးမျိုးလို ခိုင်ခိုင်ခန့်ခန့် ဟုတ်ပုံမရဘူး၊ ဒီတင်ဘုန်းကြီးတို့က ကျောင်းကြီးကန်ကြီးက သာသနာကို မဆောင်နိုင်ဘူး၊ ပုဂ္ဂိုလ် ကသာ သာသနာ့တာဝန် သာသနာကို အရှည်တည်အောင် ဆောင်နိုင်တယ်ဆိုတဲ့ မှတ်တမ်းကိုယူထားကြပါ၊ အလှူဒကာ ဒကာမတွေကလဲ ဒီလိုအခြေအနေ နားမလည်တော့ ပုဂ္ဂိုလ်ကို အားပေးရမှာထက် ကျောင်းကောင်းကောင်း ဆောက်ပေး ကြတယ်၊ ဒါ သာသနာမတည်နိုင်ဘူး။

**တလကျောင်းပြင်**။ ။ဒီတော့ အရှင်မြတ်များဟာ ပထမ တလပတ်လုံးကျောင်းတွေပြင်ရပါတယ်၊ နဲ့သလား တလလုံးလုံး ပြင်ယူရတဲ့ကျောင်းတွေ၊ ဒီသံဃာငါးရာ ကြီးကြီးကျယ်ကျယ် ရဟန္တာကြီးတွေဆိုလို့ လွတ်လွတ်လပ်လပ် ကြီးနေကြတာမဟုတ်ဘူး၊ အဇာတသတ်မင်းဆီမှာ လက်သမား များကို အလှူခံပြီးတော့ အဲဒီလက်သမားတွေနဲ့ရောပြီး ရဟန္တာ များ ကိုယ်တော်တိုင် ကျောင်းပြင်ရတယ်၊ ဘုန်းကြီးတို့က ဟိတ်ကြီးဟန်ကြီးနဲ့ ဒီလိုလုပ်နေဖို့ရန် သင့်ကိုမသင့်တာ၊ မိမိတို့ လဲပဲမိမိတို့အလိုက် ကျောင်းတွေကလဲ ပြည့်ပြည့်စုံစုံနဲ့ပြုပြင်ရမယ်၊ ထိန်းသိမ်းရမယ် စောင့်ရှောက်ရမယ်။

**သံဂါယနာတင်**။ ။အဲတင် တလလုံးလုံး ကျောင်းပြင်လို့ ပြီးတော့မှ ဝါခေါင်လ ဆိုပါတော့၊ အဲဒီဝါခေါင်လပြည့်ကျော် တရက်ကစပြီးတော့ သံဂါယနာတင် ကြရတယ်၊ သံဂါယနာတင်ဖို့ရန် နေရာတို့ဘာတို့ ဝေဘာရ တောင်ကမ္ဘားရန် စရည်းပင်ရှိတဲ့ လိုဏ်အနီးမှာ မဏ္ဍပ်ကြီး အဇာတသတ်မင်းက ဆောက်လုပ်လှူဒါန်းလို့ အဲဒီ မဏ္ဍပ်ကြီး ထဲမှာ အတော်တော့ ခန့်ခန့်ညားညားရှိပါတယ်၊ အဲဒီအထဲမှာ ရဟန္တာငါးရာ စုစုပေါင်းပြီးတော့ မရွတ်နိုင်သေးဘူး၊ ဆိုပါ တော့ ဝိနည်းဆိုလို့ရှိယင်ပဲ ပထမပါရာဇိက ဒီအကြောင်းကို မေးရဖြေရတယ်၊ တခါ ဒုတိယပါရာဇိက ဟိုတုန်းက ဟိုဟော ဒီဟော ဟောပေမယ့်၊ ဟိုပညတ်တော်မူ ဒီပညတ်တော်မူနဲ့ ပြော နေပေမယ်လို့၊ ဒီနေရာမှာ ဒုတိယပါရာဇိကကို ပထမပါရာဇိ ကနဲ့တွဲပြီးတော့ ယှဉ်ပေးရတယ်၊ ပေါင်းပေးရတယ်။

**ဝိနည်းငါးကျမ်း။** ။အဲသလိုပေါ့ ဝိနည်းငါးကျမ်း သူ့အပိုင်းနဲ့ သူ့အပိုင်းနဲ့ အဆင်ပြေအောင် ပေါင်းပြီးတော့မှ ရဟန်းတော်များ ရွတ်တော်မူကြစာယ်၊ ကြည့်ညို စရာ ကောင်းလိုက်တာ၊ ရဟန္တာကြီးတွေ ဝိနည်းငါးကျမ်းကို အကုန်လုံး ရပြီးသားတွေ၊ အကုန်လုံး ရပြီးသားတွေက စိကာ စဉ်ကာမဟုတ်သေးဘူး၊ ယခုတော့ စိကာစဉ်ကာ ပါရာဇိက အခန်းနဲ့၊ သံဃာဒိသေသ်အခန်းနဲ့၊ နိဿဂ္ဂိပါစိတ်အခန်းနဲ့၊ ဒီလို စိကာစဉ်ကာ တယ်ကြည့်ညိုစရာ ကောင်းတယ်၊ အလုပ်လုပ် နေပုံကို၊ အလုပ်လုပ်နေပုံကို နားလည်ကြပါ၊ ရဟန္တာ အရှင် မြတ်ကြီးတွေ။

**အရှင်ဥပါလိအပ်။** ။နောက်တခါ ဝိနည်းငါးကျမ်း ရွတ်ပြီး တော့ အရှင်ဥပါလိကိုအပ်တယ်၊ "အရှင် ဥပါလိ· အရှင်ဘုရားရဲ့သာဝကများကို ဝိနည်းငါးကျမ်းပို့ချ ပေးပါ"အဲဒီဟာပဲ အရေးကြီးတယ်၊ ပို့ချမပေးလို့ သံဂါယနာ တင်ယုံတင်ယင်ပြတ်သွားမှာ၊ ယခုအရှင်ဥပါလိက ဝိနည်းငါး ကျမ်းဆက်လာခဲ့ရတယ်၊ အရှင်ဥပါလိရဲ့ သာဝကအဆက်ဆက် တွေက ဆောင်လာခဲ့ရတယ်၊ စာပေရေးသားပြီးသား မရှိ သေးဘူး၊ နှုတ်ငုံဆောင်ပြီးတော့ လာခဲ့ကြရတယ်။

**ဒီဃနိကာယ်။** ။နောက်ဘခါ ဘုန်းကြီးတို့ သီလက္ခန်အစရှိတဲ့ ဒီဃနိကာယ်ကို သံဂါယနာတင်ကြရတယ်၊အရှင် မဟာကဿပကမေးလို့ . အရှင်အာနန္ဒာကဖြေလို့ သုတ်တွေ

တသုတ်ပြီးတသုတ်၊ သုတ္တန်တွေ စီကာစဉ်ကာ သံဂါယနာတင်ပြီးတဲ့နောက်၊ ဒီဃနိကာယ်ကို ရွတ်ကြရတယ်၊ စုပေါင်းပြီးတော့ ရွတ်ကြရတယ်၊ နဂိုရပြီးသားသုတ်တွေကို ယခုတော့ စီကာစဉ်ကာထားပြီးပြီ၊ အဲဒီမှ စုပေါင်းပြီးတော့ ရွတ်ကြရတယ်၊ ဒါသံဂါယနာရွတ်ကြရတယ်၊ရွတ်ပြီးတော့ကို "အရှင်အာနန္ဒာက ဒီဃနိကာယ် ပါဠိတော်ကြီးကို မိမိရဲ့ တပည့်အဆက်ဆက် ပို့ချပေးပါ"လို့ အပ်ရတယ်၊ဒီတုန်းကမပို့ချယင် ပျောက်သွားမယ်။

**မဇ္ဈိမနိကာယ်။** ။သံဂါယနာ တင်ပေမယ်လို့ ဒီတဆက်ထဲပဲ ရှိမယ်၊ နောက်အဆက်မရှိဘူး၊ ယခုတော့ အဆက် လုပ်ပေးထားတယ်၊ ဘုန်းကြီးက ကြည်ညိုလွန်းလို့ ကြည်ညိုလွန်းလို့၊ နောက်တခါ သံယုတ္တနိကာယ် သံဂါယနာတင်တယ်၊ အဲဒီသံယုတ္တနိကာယ် သံဂါယနာတင်ပြီးတော့ အရှင်သာရိပုတ္တရာရဲ့ တပည့်ကြီးတွေက ဒီသံဃာငါးရာထဲမှာ ပါနေသေးတယ်၊ အင်မတန်သတ္တိကောင်းတယ်၊ ဒီငါးရာထဲမှာ ပါနိုင်လောက်တဲ့ တပည့်ကြီးတွေ ကျန်နေသေးတယ်၊ အဲဒီတပည့်များကို "မဇ္ဈိမနိကာယ်ကို အဆက်ဆက်ဆောင်ကြပါလို့"မထေရ်ကြီးတွေ အကြီးကြီးတွေမဟုတ်လို့ ဆောင်ပါပို့ချပါ၊ ဆောင်ကြပါ၊ နောက်ကို သံယုတ္တနိကာယ် အင်္ဂုတ္တရနိကာယ်ကို သံဂါယနာတင်ပြီးတော့လဲ အရှင်မဟာကဿပက တပည့်အဆက်ဆက်ကိုပို့ချပါ၊သံယုတ္တနိကာယ်ကို အရှင်အနုရုဒ္ဓါက အင်္ဂုတ္တရနိကာယ်ကို တပည့်အဆက်ဆက်ကို ပို့ချပေးပါလို့ အပ်တယ်၊ ကြည်ညိုစရာကောင်းလွန်းလို့။

**စာချတွေတာဝန်ကျေ။** ။ဒီဘုန်းကြီးတို့ စာသင်တိုက်တွေနဲ့ စာချဘုန်းကြီးတွေ ဒီသာသနာမှာ အရင်းခံဝတ္တရားကျေလွန်းလို့၊ ဒီလိုသာ ပို့ချမည့်ပုဂ္ဂိုလ် မရှိလို့ ရှိယင်ကြာပါပြီ၊ ဒီ ပထမသံဂါယနာ တင်ပြီးတဲ့နောက် သိပ်အဆက်မများပါဘူး ကွယ်မှာပါ၊ ယခုတော့အဆက်ဆက် ပို့ချလာခဲ့ကြတယ်၊ ဥပမာ ဝိနည်းပို့ချလာလိုက်တာယခုအထိ၊ အရှင်ဥပါလိက ဆက်ပြီးတော့ တပည့်အဆက်ဆက်ဆရာလုပ်ပြီးတော့ ပို့ချလာခဲ့ကြတယ်၊ဘုန်းကြီးတို့ စာသင်တိုက်တွေ စာချဘုန်းကြီးတွေ ဘယ်လောက် တာဝန်ကျေတုန်း၊ ဒီစာသင်တိုက်တွေ၊ စာချဘုန်းကြီးတွေသာ မရှိလို့ ရှိယင် တရားချည့်ဟောနေတဲ့ ပုဂ္ဂိုလ်များအတွက် ဒီတရားတော် အဆက်မရနိုင်ဘူး၊ ခုခေတ် ချောင်ချောင်လယ်လယ် ပေါ့ပေါ့ဆဆ နေကြတဲ့ ပုဂ္ဂိုလ်တွေ အတွက် သူတို့မှာ တပည့်သာဝက အဆက်ဆက်မရဘူး၊ ဒီလို တရားတော်တွေကို ဆောင်နိုင်မယ့် သာဝကအဆက်ဆက် မရဘူး၊ သူတို့ပြီးယင် တဆက်နှစ်ဆက် အလွန်ဆုံးပဲ ပျောက်မှာပဲ။

**ဆရာတပည့်ကြိုးစား။** ။ယခုတော့ စာအုပ်တွေကလဲရှိ ပို့ချမဲ့ ပုဂ္ဂိုလ်တွေကလဲရှိတော့ သိပ်ပြီးတော့ အားတက်စရာကောင်းတယ်၊ အဲဒီဟာကြောင့်လဲ ဘုန်းကြီးတို့က ခုခေတ်စာသင်တိုက်ကြီးတွေ လုပ်နေ ပေမယ့် များစွာသော လူတွေက သဘော မပေါက်ကြလို့ အကျိုး ဘယ်လောက် ရှိတယ်ဆိုတာကိုမသိကြလို့ အရေးမယူပေမယ့်လို့ ဘုန်းကြီးတို့ ဆရာတပည့်တွေ ဖြစ်နိုင်တဲ့နည်းနဲ့ ကြိုးစားပြီးတော့ လာခဲ့ကြ

တယ်၊ ဘုန်းကြီးရှေ့က ဘုန်းကြီးရဲ့ဆရာများလဲ ဒီလိုပဲ ကြိုးစား လာတော်မူခဲ့ကြတယ်၊ ဒီလိုပဲကြိုးစားလာတော်မူကြလို့ အဘယာ ရာမဆရာတော်တို့ မြောင်းမြဆရာတော်တို့ တပည့်တွေနဲ့စာချပြီး တော့ ဝိနည်းသိက္ခာကို ကောင်းစွာထိန်းသိမ်းပြီး ကျမ်းစာတွေ ကို ထိန်းသိမ်းလာခဲ့ကြတယ်။

**ပခုက္ကူဆရာတော်များ။** ။ပခုက္ကူကဆရာတော်ကြီးတွေ ဘုန်း ကြီးစာဆိုလာတဲ့ ပထမ ဆရာတော် ကြီးရဲ့တပည့်ရင်းဖြစ်တဲ့ ဒုတိယဆရာတော်ကြီး ၃-ပါးထံ ဘုန်း ကြီးစာဆိုလာခဲ့တယ်၊ ဘုန်းကြီးနေတဲ့ အချိန်တုန်းက သံဃာ ပထမငါးရာ၊နောက်ကိုခြောက်ရာဖြစ်လာတယ်၊ဒီနောက်ကို ခုနစ် ရာ-ရှစ်ရာ-ကိုးရာ ဒီလိုဖြစ်သွားတယ်၊ ဒီဆရာတော်ကြီးတွေ လက် ထက်မှာ အဲဒီလိုဆောင်လာခဲ့ကြတယ်၊ဆောင်လာခဲ့တဲ့ ဆရာတော် တွေမှာ ခမ်းခမ်းနားနားကြီးစားလို့ သောက်လို့ နေလို့ ထိုင်လို့ လားမဟုတ်ပါဘူး၊ မှန်မှန်ကလေး၊ စားလို့ နေလို့ ထိုင်လို့ သောက်လို့ ဒီလိုနေပြီးတော့ဆောင်လာခဲ့ကြတယ်၊ ဘယ်လောက် သာသနာမှာ တာဝန်ကျေလာကြသလဲ။

**ငွေအလှူခံ။** ။ဒ်တော့ ပထမ သံဂါယနာ တင်ပြီးတဲ့နောက် သာသနာက အနှောင့်အယှက် ရှိမြဲပဲ၊ ရှိလာတာ ချည်းပဲ၊ ဒုတိယအချိန်ရောက်တော့ အနှစ်တရာလောက် အချိန် ရောက်တော့ သံဃာတွေထဲက နဲနဲကလေး အမြင် မတော်စရာ လေးတွေပေါ်လာတယ်၊ အမြင်မတော်စရာက တခြားမဟုတ် ဘူး၊ ဝေသာလီပြည် ဝဇ္ဇီတိုင်းမှာ ဝေသာလီမြို့မှာ ဆိုပါတော့

အဲဒီကရဟန်းတွေ ဥပုသ်နေ့တိုလိုကျယင် သံဃာ့အနီးအပါးမှာ ရွှေခွက်ကြီးထားလို့၊ ရွှေခွက်ကြီးလား ဘာလားပေါ့၊ ရွှေခွက်ကြီးထားလို့၊ "ကဲ... ကဲ....ဒကာဒကာမများ ဥပုသ်သည်တွေ ထည့်ကြထည့်ကြ တတ်နိုင်သလောက်ပေါ့၊ တစ်ကျပ် တတ်နိုင် တစ်ကျပ်၊ ငါးမူးတတ်နိုင် ငါးမူး၊ တစ်မတ်၊ တစ်မူး၊ တစ်ပဲ၊ ၂-ပြား တတ်နိုင်သမျှ ထည့်ကြ ထည့်ကြ၊ ဒီဟာနဲ့ပဲ သင်္ကန်းဝယ်ရမယ်၊ ဒါနဲ့ပဲဆွမ်းတို့ဘာတို့ ကပ္ပိရမယ်" ဒီလိုပြောပြီး ငွေအလှူခံနေတဲ့အတွင်းမှာ အရှင်မြတ်တပါးရောက်လာတယ်။

**အရှင်ယသ။** ။အရှင်ယသဆိုတဲ့အရှင်မြတ်(ရဟန္တာ)က အား-ဒကာတို့မလှူကြနဲ့ မလှူကောင်းဘူး၊ ငွေဟာအလှူခံတဲ့ပုဂ္ဂိုလ်မှာလဲအပြစ်ရှိတယ်၊ လှူတဲ့ ဒကာတွေမှာလဲပဲ အပြစ်မကင်းဘူး၊ မလှူကြနဲ့"လို့ပြောပေမယ့်လို့ လှူရိုးလှူစဉ် ဖြစ်နေတော့ လှူကြတာပဲ၊ လှူပြီးတော့ ညနေ ကျတော့ ရသမျှဝေကြတယ်ကိုး၊ ဝေတော့ကာ သံဃိကငွေဖြစ်နေတော့ အရှင်ယသကိုလဲဝေစုပေးတယ်၊ "အဲ....ကိုယ်တော့် အတွက်လဲပဲ ငွေဘယ်လောက်ရတယ်" "အား-တပည့်တော်အတွက် ငွေမရှိဘူး" လို့ပြောတော့ ဒီအရှင်ယသဟာ လူတွေကို သဒ္ဓါတရားပျက်အောင်လုပ်တယ်၊ ဒီအရှင်ယသကို လူတွေမြန်ပြီးတော့ရှင်းလင်းအောင်သူ့ကံပြုကြစို့ရဲ့"လို့ဆိုပြီးတော့ သူ့ကိုကံပြုကြတယ်။

**ဒကာတွေရှင်းပြ။** ။ဒါနဲ့အရှင်ယသက ဒီလိုကံပြုလို့ရှိယင်တော့ ဒကာတွေဆီသွားပြီး ရှင်းရမှာကိုး၊ "မိမိပြောတဲ့ဥစ္စာကို ဘယ်လိုဘယ်လို ပြောမိပါတယ်၊ မှားပါတယ်"

ဆိုတာကို ရှင်းရမှာ၊ အဲဒီတော့နောက်လိုက် တပါးပေးပါအုံး၊ ထုံးစံကလဲ ပေးရတယ်၊ ဒါနဲ့သူတို့အထဲက နောက်လိုက်တပါး ပေးလိုက်တယ်၊ ခေါ်သွားတယ်၊ ဟိုကျတော့ တော်တော်ခေါင်း ဆောင်နိုင်တဲ့ ဒကာတွေဆိုကို သူတို့ ဘုန်းကြီးက "ငွေကို မအပ် ပါဘူး၊ မလှူကောင်းပါဘူး၊ ငွေကိုမသုံးကောင်းပါဘူး" လို့ ပြောတဲ့ဥစ္စာကို အသင်ဒကာတို့ရဲ့ သဒ္ဓါတရားကို ဖျက်သတဲ့၊ ဘုန်းကြီးက ဘုန်းကြီးပြောပြမယ်ဆိုပြီးတော့ "ငွေဟာ ဝိနည်း နဲ့လဲပဲ အာပတ် သင့်တယ်၊ အလှူခံယင်ပဲ အလှူခံတုန်းက အာပတ်သင့်တယ်၊ အလှူခံပြီးတော့ လှူတာကိုခံယူပြီး ဝယ် ချမ်းစားယင် အဲဒီပစ္စည်းတွေလဲ စားတိုင်းစားတိုင်းအာပတ်သင့် တယ်၊ ကျောင်းဆောက်ယင်လဲ အဲဒီကျောင်းကြီးလဲ နေ့တိုင်း နေ့တိုင်း အာပတ် သင့်တယ်၊ အဲဒါကို ဝိနည်းနဲ့ မအပ်လို့မို့ မအပ်ပါဘူး" လို့ ပြောတယ်။

အရောင်မထွက်။ ။တခါသုတ္တန်နဲ့လဲပဲ ဗုဒ္ဓမြတ်စွာက "ငွေဟာတို နေမှာဆီးနှင်းတွေပိတ်နေသလို ရဟန်းတော် များမှာ ငွေလှူလိုက်ယင် ငွေရှိလို့ရှိယင် ငွေဆီးနှင်းတွေ ပိတ်နေ တာပဲ၊အရောင်မရှိဘူး၊အခုဘုန်းကြီးတွေ တန်ခိုးမရှိတာ၊ ဒီဟာ ပဲ၊ ငွေရှိနေကြလို့ တန်ခိုးမရှိတာ၊ အရောင်မရှိဘူး၊ ဆီးနှင်းကျ နေလို့ရှိယင် နေမှာ အရောင်မထွက်သလိုပဲ ငွေတည်းဟူသော ဆီးနှင်းဖုံးထားလို့မို့ ကိုယ်တော်တွေ အရောင် မထွက်ဘူး၊ သာသနာအရောင် မထွက်ဘူး၊ ဟုတ်တယ်၊ မကြည်ညိုဘူး၊ကြည် ညိုလဲပဲ လူလိုဆက်ဆံနေကြတာ တကယ့် လေးလေးစားစား ခု မကြည်ညိုဘူး၊အရောင်မထွက်ဘူး။

**ငွေသာအပ်ယင်။** ။အရောင်မထွက်ရှိသာ မကဘူး၊ ငွေသာရလို့ ခံထားလို့ရှိယင်ငွေနဲ့ဝယ်ပြီးတော့ ဘာမဆို လုပ်လို့ရတယ်၊ ရှုပါရုံလဲရှာလို့ရတယ်၊ ငွေနဲ့ဝယ်လို့ ရတယ်၊ သဒ္ဒါရုံအသံကောင်းတွေ ဝယ်လို့ရတယ်၊ ဂန္ဓာရုံ ဖောဋ္ဌဗ္ဗာရုံ နောက်ဆုံး မိန်းမတောင် ဝယ်လို့ရတယ်၊ ငွေရှိလို့ရှိယင်၊ အဲဒီ တော့ငွေအပ်လို့ရှိယင်တော့ ကာမဂုဏ်ငါးပါးလဲ အပ်တာပေါ့၊ ဘုရားက သုတ္တန်နည်းနဲ့ကျတော့ သိပ်ပြီးတော့ လေးနက်လာ တယ်၊ အဲဒီလိုဟောတော်မူတယ်ကိုး။

**ဒကာတွေနားလည်။** ။ဒါ့ကြောင့်မို့ ငွေမအပ် ပါဘူးလို့ ဘုန်းကြီးက ပြောတာကို အသင်တို့ သဒ္ဓါတရားပျက်အောင် ပြောသတဲ့လို့ ဆိုတော့မှ ဒကာသူတွေ နားလည်ပြီးတော့ "ဟာ....ဒီလိုဆိုယင်တော့ ဘုန်းကြီးက အရှင် ယသ တပါးရှိပါတော့လား ဒိပြင်ကိုယ်တော်တွေ ဘုန်းကြီး မဟုတ်တော့ ပါပဲလား" လို့ သူတို့က လှန်သွားတာပဲ၊ ဒါနဲ့ နောက်ပြန် သွားတော့ ဘယ့်နှယ်ပြောတုန်း၊ ဒကာတွေ သူက တောင်းပန်ခဲ့ပြီလားဆိုတော့ နောက်ကလိုက်သွားတဲ့ ကိုယ်တော် က ဘယ်ဟုတ်လိမ့်မတုန်း၊ ငွေမအပ်ကြောင်း ပြောချလိုက်တာ ဒကာတွေက "အရှင်ယသတပါးပဲ ဘုန်းကြီး ရှိတော့တယ်၊ ကိုယ်တော်တို့တစု ဘုန်းကြီး မဟုတ်တော့ဘူး" လို့ ပြောတော့ "ဟာ ဒီလောက် ယုတ်မာတဲ့သူတော့ ဒို့နှင်ထုတ်တဲ့ကံ ပဗ္ဗာ ဇနီယကံပြုရမယ်ဟ" လို့ ဆိုပြီးတော့ စုကြပြန်တာကိုး၊ စုတုန်း အရှင်မဟာယသက တခါထဲ ကောင်းကင်က ကြွသွားရော၊ သဘောကျလိုက်တာ၊ ဘုန်းကြီးက သဘောကျလိုက်တာ။

**ရဟန္တာကြီးတွေစု။** ။ခုနှယ်များ၊ ဘုန်းကြီးတို့ တတွေသာ စုယင်တော့ အရိုက်ခံရ တော့မှာပဲ၊ နား လည်သား၊ ဘယ်ကောင်းကင်ကမှလဲ ဒီကာလဲမပံ့နိုင်၊ မြေ့ များ ရှိုးမယ်ဆိုလဲ၊မြေမျိုယင်တော့ တော်သွားဦးမယ်၊ ဘယ်မှကောင်း ကင်က မပံ့နိုင်ဘူး၊ ကောင်းလိုက်တာ ကြည်ညိုလိုက်တာ ဘုန်း ကြီးက အရှင်မဟာ ယသကို၊ အဲဒီလိုမဖြစ်ဘူး၊ဒီအကြောင်းအရာ တွေကို သာသနာမှာ သန့်ရှင်းအောင် လုပ်ဦးမှပဲလို့ ဆိုပြီးတော့ လေ ငွေအလှူခံတာအကြောင်းပြုပြီးတော့ အရှင်ယသက ရဟန္တာ ကြီးတွေ၊ တကတဲသိပ်ပြီးတော့ တန်ခိုးကြီးတဲ့ သိက္ခာကြီးမားတဲ့ စာတတ်ပေတတ် ဝိနည်းကျွမ်းတဲ့ ဆရာတော်ကြီးတွေ ရဟန္တာ ကြီးတွေကရှိသေးတယ်ကိုး၊အဲဒါစုရတယ်၊တစုတဝေးကြီးတော့ မများလှဘူး၊စုရတယ်၊စုတော့ အရှင်ရေဝတတို့အရှင်သဘ္ဗာတို့ သက်တော်ကလဲကြီးပြီ၊ ပြီးတော့ အရှင်အာနန္ဒာရဲ့ တပည့်လို့ ဆိုတော့ ဘုရားလက်ထက်နဲ့ နဲနဲနီးစပ်တယ်၊ ဘုရားမှီလိုက်တယ်၊ အရှင်အာနန္ဒရဲ့ တပည့်ကြီးတွေ အသက်ကလဲ ကြီးကြတယ်ကိုး၊ သဗ္ဗကာမီဆိုတဲ့ မထေရ်ကြီးကတော့ သိက္ခာတော်ကိုပဲ ၁၂၀ ရှိ ပြီတဲ့၊ အံမယ်လေးသက်တော်သာဖြင့်(၁၄၀)လောက်ရှိမှာပေါ့၊ အဲဒီမထေရ်ကြီးတွေစုပြီးတော့ ဒီအကြောင်း ရှောက်တယ်ကိုး။

**ဒုတိယသံဂါယနာ။** ။ရှောက်တော့"ဟော ဒီလိုနေလို့ ဘယ် ဖြစ်မှာလဲ၊သံဂါယနာပြန်ပြီးတော့ တင် ရဦးမယ်၊ အဲဒီဝေသာလီပဲ အဓိကရုဏ်းဖြစ်တဲ့ နေရာမှာပဲ ဒီ အဓိ ကရုဏ်းကိုသွားပြီးတော့ ငြိမ်းစေရမယ်" ဆိုပြီးတော့ အဲဒီမှာပဲ

သွားပြီး သံဂါယနာတင်ဖို့ရန် စီမံကြရတယ်၊ ဒီ ဒုတိယ သံဂါယနာ၊ သဗ္ဗကာမီ မထေရ်ကြီးကြွလာတယ်၊သက်တော် (၁၄၀) လောက်၊ အံမယ်၊ ဘယ်သူက တွဲရတယ်၊ ဘာတယ်မပါဘူး၊ ကြည်ညိုလိုက်တာ မှန်းပြီးတော့လေ၊အထက်က မဟာထေရ်ကြီး ကိုမှီလိုက်တယ်၊ ဘုရားလက်ထက်က မထေရ်ကြီးကို ကောင်း ကောင်းမှီလိုက်တယ်၊ အဲဒီလိုပုဂ္ဂိုလ်ကြီးတွေ ခေါင်းဆောင်ပြီး တော့ ဒုတိယ သံဂါယနာတင်ခဲ့ရတယ်။

ဘုန်းကြီးတို့ရဲ့သာသနာကို စာနဲ့ပေနဲ့ ပုဂ္ဂိုလ်တွေ ဆောင်လာ ခဲ့တယ်၊ စာပေမရှိတဲ့ ပုဂ္ဂိုလ်တွေက ဒီသာသနာကို တာရှည် အောင် မဆောင်နိုင်ဘူး၊ စာပေလေ့လာတဲ့ ပုဂ္ဂိုလ်တွေ ဆောင် လာကြတယ်။

ခေါင်းဆောင်ရှာကြည့်။ ။ဒုတိယ သံဂါယနာ တင်ပြီးတဲ့ နောက် တတိယအချိန် အကောင်း ဆိုတဲ့ဥစ္စာ မကောင်းတာ ပါနေတာ ပါနေတာပဲ၊ တတိယ အချိန်မှာ ဒီလို ဘေးရန်မျိုးရှိယင် ခေါင်းဆောင်ပြီးတော့ ကာကွယ်မယ့်ပုဂ္ဂိုလ်ရှိပါရဲ့လား”လို့ ဒီလောက တလောကလုံး ကိုကြည့်တယ်၊ တတိယအချိန်ဆိုတော့ နှစ်ပေါင်း ၂၀၀၊၃၀၀ တို့ပေါ့လေ၊ အနာဂတံသ ဉာဏ်တော်ကြီးတွေနဲ့ကြည့်ကြတယ်၊ ဒီလောက်ကြီး တလောကလုံး တပါးမှမတွေ့ဘူး၊ နောင်ခေါင်း ဆောင်နိုင်မယ့် ပုဂ္ဂိုလ်မမွေးလာသေးဘူး၊ ဒီလောကကြီးတခု လုံးမှာ၊ နောက်တခါ နတ်ပြည်ခြောက်ထပ် ကြည့်ပြန်တော့လဲ သူ့ဟာနဲ့သူ တန်ခိုးကြီးပါရဲ့ သိကြားမင်းတွေ တန်ခိုးကြီးပါရဲ့၊

ဒါပေမယ်လို့ သာသနာကို ခေါင်းဆောင်နိုင်လောက်တဲ့ အရှိန်အဝါမရှိဘူး။

**တိဿဗြဟ္မာ။** ။ဒါနဲ့ ဗြဟ္မာ့ပြည် ဆက်ကြည့်တော့ တိဿဗြဟ္မာဆိုတဲ့ ဗြဟ္မာမင်းက အသက်တန်းစေ့လို့ စုတေခါနီးနေပြီ၊ ပြီးတော့ အထက် ဗြဟ္မာ့ပြည်တက်ဖို့ရန် ဈာန်ကလဲရပြီးသားဖြစ်နေတယ်၊ သူကတော့ အကယ်၍ လူ့ပြည်သာဆင်းပြီးတော့ လူဖြစ်လို့ရှိယင် ဒီသာသနာ့ဝန်ကို ဆောင်နိုင်မယ်၊ အဲဒါမြင်တော်မူကြလို့ မထေရ်မြတ်တွေ ဗြဟ္မာ့ပြည်တက်သွားကြတယ်၊ တိဿဗြဟ္မာကြီးဆီရောက်တော့ ဘာကိစ္စကြွလာကြပါတုန်း"ဆိုတော့ အကျိုးအကြောင်းပြောတာကိုး" ဒုတိယသံဂါယနာတင်ပြီးတဲ့ အကြောင်း၊ တတိယအချိန်မှာ ဘေးရန်ပေါ်လာလို့ရှိယင် ခေါင်းဆောင်ပုဂ္ဂိုလ် လူ့လောကထဲမှာ ကြည့်တော့လဲ တယောက်မှ မမြင်လာဘူး၊ မြင်မယ့် ပုဂ္ဂိုလ်မတွေ့ပါဘူး၊ နတ်လောက ကြည့်တော့လဲ နတ်ပြည် (၆) ထပ်မှာတယောက်မှမရှိပါဘူး၊ ဗြဟ္မာ့ပြည်ကိုကြည့်တော့ အရှင်ဗြဟ္မာကြီးကိုတွေ့ရပြန်တယ်၊ ဒါကြောင့် အရှင်ဗြဟ္မာကြီးက အထက်ဗြဟ္မာ့ပြည်ကို မတက်ပါနဲ့၊ လူ့ပြည်ကိုဆင်းပြီး ပဋိသန္ဓေယူပြီးတော့ ဖြစ်မယ့်ဘေးရန်ကို ကာကွယ်ပေးပါ၊ သာသနာကိုစောင့်ရှောက်ပေးပါ" ဒီလိုတိုက်တွန်းကြတော့ တိဿဗြဟ္မာမင်းက ဝမ်းသာလိုက်တာ "ငါကလေ သာသနာကို စောင့်ရှောက်ရမယ့်ပုဂ္ဂိုလ်ဆိုပါကလား"လို့ဆိုပြီးတော့ဝမ်းသာလိုက်တာတဲ့။

ဗြဟ္မာ့စည်းစိမ်နဲ့လဲ။ ။"ကောင်းပါပြီ၊ အထက် ဗြဟ္မာ့ပြည် မသွား ပါဘူး" ကြည့်စမ်း အထက် ဗြဟ္မာ့စည်းစိမ်နဲ့ သာသနာပြုစည်းစိမ်နဲ့လဲတယ်၊ အထက် ဗြဟ္မာ စည်းစိမ်နဲ့ သာသနာပြုရမယ့် တာဝန်တို့ လဲတယ်၊ ဘုန်းကြီးက ကြည်ညိုလွန်းလို့ ကြည်ညိုရုံတင်မကဘူး၊ ဘုန်းကြီးတို့ သာသနာ ဝန်ဆောင်နေရတဲ့ ဥစ္စာဟာ လမ်းမှန်လွန်းလို့၊ သိပ်ပြီးတော့ ဝမ်းသာအားရဖြစ်လွန်းလို့ ဒီတရားတွေကို ပြောနေတာ၊ ဒါနဲ့ တိဿဗြဟ္မာကြီးအချိန်ကျလို့ စုတေလာတဲ့ အချိန်မှာ နှစ်ပေါင်း က ခုနက တရာနဲ့ ပြန်တွက်လိုက်တော့ (၂၀၀) နှစ်ရာကျော် လာပြီ၊ တိဿဗြဟ္မာက မောဂ္ဂလိပုဏ္ဏားတို့အိမ်မှာ ပဋိသန္ဓေနေလို့ ဒီပုဂ္ဂိုလ်ကို "မောဂ္ဂလိပုတ္တ မောဂ္ဂလိပုဏ္ဏားရဲ့သား တိဿ"လို့ "မောဂ္ဂလိပုတ္တတိဿ"လို့ထင်ရှားပါတယ်။

**ရဟန်းတော် ၂-ပါး။** ။နောက်ကို ဒုတိယ သံဂါယနာတင် ရဟန်းတော်များခေတ်တုန်းကရဟန်း တော် ၂-ပါးရှိသေးတယ်၊ ရဟန်း ၂-ပါးကစဏ္ဍဝဇ္ဇီ၊ ဝိဂ္ဂဝတဲ့၊ သူတို့က မပါလှုပါ "မောဂ္ဂလိပုတ္တတိဿ" အိမ်မှာ ပဋိသန္ဓေနေ တော့ တပါးက ရဟန်းဖြစ်အောင် စောင့်ရှောက်ပေးပါ၊ တပါးက ရဟန်းဖြစ်တဲ့အခါမှာ ပညာသင်ပေးပါ"လို့ ဒီလို သူတို့ကို တာဝန်ပေးထားခဲ့တယ်၊ ဒီတော့က ဒီလိုဆိုယင် ဘုရားပရိနိဗ္ဗာန်စံတော်မူပြီးတဲ့နောက် ဟိုကတရာနဲ့ နောက်ထပ် တရာထက် သိပ်ကျော်မယ်မထင်ဘူး၊ ဒီပုဂ္ဂိုလ်များက စောင့် ရှောက်ပေးရဦးမှာ။

**မောဂ္ဂလိပုတ္တတိဿ။** ။ဒီတော့ ဒုတိယသံဂါယနာတင်မထေရ်များ ပရိနိဗ္ဗာန်စံပြီးတဲ့နောက် မောဂ္ဂလိပုတ္တတိဿဆိုတဲ့သတို့သားက ရဟန်းမပြုခင် သူတို့ဝေဒကျမ်းစာတွေကိုသင်တယ်၊ (၁၆) နှစ်လောက်ရောက်တော့ သိပ်ဘတ်တယ်၊ ပြဟ္မာ့ပြည်ကလဲလာတယ်၊ သန့်ရှင်းတဲ့သူလဲ ဖြစ်တယ်ဆိုတော့ သူ့နေရာကိုဘယ်သူမှ မထိုင်ရဘူး၊ သူအိပ်တဲ့ နေရာကို တခါထဲ အထက်မှာဆွဲထားတယ်၊ ကြိုးနဲ့ထောင်ပြီးတော့ ထားတယ်၊ ထားတော့ တနေ့တော့ ခုနကစဏ္ဍဝဇ္ဇီမထေရ်က သတို့သားစာသင်သွားတုန်းမှာ ဒီပြင်ထိုင်စရာမရှိအောင် တန်ခိုးနဲ့ ကွယ်ထားပြီးတော့ ဒီတခုတည်း ထိုင်စရာရှိအောင် လုပ်ထားတယ်၊ အဲဒီအိမ်ကလဲ စောစောကမကြည်ညိုသေးဘူး၊ နောက်တော့မှ ဒီမထေရ်မြတ်ရဲ့ အနေအထိုင် အချိုးအစားတွေ မြင်တော့မှ ကြည်ညိုလာတာ တော်တော်ကြာနေပြီ၊ ဒါနဲ့ကြွလာတော့၊ ခင်းစရာမရှိလို့ ဒီမောဂ္ဂလိပုတ္တတိဿရဲ့ ခုတင်ကိုပဲ ခင်းပေးရတယ်။

**ပြဿနာမေး။** ။ဟိုက ပြန်လာတော့ သူ့ခုတင် ရဟန်းထိုင်နေတာမြင်တော့ သူက မာနကြီး၊ ရှူးရှူးရှဲရှဲနဲ့ "ငါ့နေရာ ဘာသူခင်းပေးတုန်းဟ ဘာညာနဲ့" ဆိုပြီး ရဟန်းတော်ကိုလဲ တယ်ပြီးတော့မကျေနပ်ဘူး၊ သူ့နေရာ ထိုင်နေရမလားလို့ "ကိုယ်တော်ကို ပြဿနာမေးမယ်" "မေးပါလားသိယင်တော့ ဖြေရမှာပေါ့" လိုရင်းတော့ နှိမ်မလို့ပါပဲ၊ မေးလိုက်တယ်၊ သူလဲ ဒီအဓိပ္ပာယ်မရှင်းဘူး၊ အဲဒီလို ပြဿနာတွေမေးတာပဲ၊ ဒီက

ရဟန်းတော်က နဂိုကလဲ ဝေဒကျမ်းတတ်လဲဖြစ်နေတယ်၊ ပိဋက တော်တွေလဲ ကျွမ်းကျင်နေတယ်၊ အဘိညာဉ်လဲရတယ်၊ ရဟန္တာ ကြီးလဲဖြစ်တယ်၊ ဖြေလိုက်တာဘာမှ အဖုအထစ်မရှိဘူး၊ ဒီတင် သူတော်တော် အထင်ကြီးသွားပြီ။

**ဗုဒ္ဓမန္တန်။** ။ငါ့ရှင်က မေးတာတော့ရပြီ၊ ကဲ- ဘုန်းကြီးက မေးဦးမယ်၊ ဖြေမယ်လား''မေးပါ''သူကတော့ မဖြေနိုင်စရာတော့ မရှိဘူးထင်တာပေါ့ စိတ္တယမိုက်ထဲက တရား တော်တပုဒ်ကိုယူပြီးတော့ မေးလိုက်တာ သူဘာမှ မသိဘူး၊ ဘာဆိုဘာမှ စဉ်းစားလို့မရဘူး၊ ဒါက ဘာခေါ်တုန်း''လို့ ဆိုတော့ ''ဒါက ဗုဒ္ဓမန္တန်လို့ခေါ်တယ်'' ''ကျုပ်သင်ပေးစမ်း ပါ'' သူက ပညာသိပ်လိုချင်တာကို၊ ဒို့လို ဒီအဝတ်တွေ ဝတ်လို့ ရှိယင်တော့ သင်ပေးလို့ရပါတယ်၊ ဒါနဲ့မိဘတွေကိုပြောတယ်၊ ကျုပ်အင်မတန်ထူးဆန်းတဲ့ မန္တန်ရှိနေတယ်၊ ကျုပ်မန္တန်သင် ရအောင် ဒီလိုဝတ်ခွင့် ပြုပါလို့ဆိုတော့ ''အာ- ပြုတာပေါ့၊ ပြုတာပေါ့'' ဒါနဲ့ သင်္ကန်းဝတ်ပြီးတော့ မန္တန်တွေဆိုပြီးတော့ သင်လိုက်တာ ပိဋကတ်တော်တွေကို တနှစ်လောက်သင်တော့ အတော်ကြီး ကျွမ်းကျင်လာတယ်၊ နောက် ရဟန်းဖြစ်တယ်၊ နောက်တော့ ရဟန္တာကြီးဖြစ်လို့။

**တိတ္ထိဘုန်းကြီး။** ။တတိယ သံဂါယနာတင်ရမယ့် အချိန်ကျ တော့ ဓမ္မာသောကမင်းကပေါ်နေပြီ၊ ဓမ္မာ သောကမင်းက သာသနာတော်ကို သိပ်ချီးမြှောက်လိုက်တော့ အင်မတန်စားရေးသောက်ရေး ပြည့်စုံလုံလောက်နေတယ်၊ အဲဒီ

တင် တိတ္ထိတွေ ဘုန်းကြီးဝင်လုပ်တော့ အချောင်တိတ္ထိတွေ နဂိုတုန်းက တိတ္ထိအယူယူတာ၊ ယခုတော့ ဘုန်းကြီးဝတ်နဲ့ နေကြတယ်၊ ဘုန်းကြီးဝတ်နဲ့နေပြီးတော့ အဝတ်ကသာ ဘုန်းကြီးဝတ်၊ အယူကတော့ သူတို့အယူ သူတို့ယူတာပဲ၊ အဲဒီတင် သာသနာတော်ကြီးဟာ ရဟန်းအချင်းချင်း ပေါင်းသင်းဆက်ဆံလို့မရလို့ ဥပုသ်ပြုလို့မဖြစ်လို့ ဥပုသ်မပြုပဲနဲ့ကို နေခဲ့ရတယ်။

အဲသလိုဖြစ်ရာက (တိုတိုပြောကြစို့) နောက်တော့ ဒီဟာ မဖြစ်ဘူး၊ ဒီသာသနာတော်ကြီး သန့်ရှင်းအောင် လုပ်ဦးမှပဲလို့ စိုင်းပြင်းကြတဲ့အခါမှာ ဓမ္မာသောကမင်းက "ဘယ်သူများ တာဝန်ယူနိုင်ပါမတုန်း" လို့ လျှောက်တော့ဟိုမောဂ္ဂလိပုတ္တတိဿ မထေရ်ဆိုတာ အားလုံးကျွမ်းကျင်တယ်၊ ပိဋကတ်တော် ကျွမ်းကျင်တယ်၊ ရဟန္တာကြီးလဲဖြစ်နေတယ်၊ အဲဒီပုဂ္ဂိုလ်တော့ တာဝန်ယူနိုင်ပါလိမ့်မယ်လို့။

**တပါးတည်းခွဲနေ။** ။မောဂ္ဂလိပုတ္တတိဿ မထေရ်က ဒီမှာ သံဃာတွေမရှင်းမလင်း ဖြစ်နေကထဲကိုက အများနဲ့ရောနေလို့ရှိယင် နောင်တချိန်မှာ ဆုံးဖြတ်ဖို့ ခက်လိမ့်မယ်၊ အဲဒီတော့ ယခုနှယ်ကခွဲနေမှပဲဆိုပြီးတော့ တခါထဲ တပါးတည်းခွဲပြီးတော့ အဟောဂင်္ဂါမှာ ကြွပြီးနေတယ်၊ ဒါထုံးစံ နားလည်မှ သဘာဝကို အများနဲ့ရောနေလို့ရှိယင် ဆုံးဖြတ်လို့ မရဘူး၊ နားထောင်မှာမဟုတ်ဘူး၊ ယခုတော့ ဘယ်သူနဲ့မှ ဘယ်အသင်းထဲမှ မပါပဲနဲ့ တပါးတည်း ခွဲနေလိုက်တာ၊ ဟိုမှာကြွ၊ လိုက်ပင့်၊ ပင့်လို့ကြွလာ။

**တရားသင်ပေး။** ။ကြွလာလို့ ဓမ္မာသောကမင်းက ကြည်ညို၊ ကြည်ညိုလို့ ဓမ္မာသောကမင်းကို တရားတော်တွေကိုသင်ပေးနေတယ်၊ အတိုချုပ်၊ ဒီဟာတွေဒီပြဿနာတွေမရှင်းသေးဘူး၊ တရားတော်တွေသင်ပေးတယ်၊ ဒကာကိုယ်တိုင်က တရားတော်တွေနားလည်မှ ဟိုမှာ ဆုံးဖြတ်လို့ရမှာ၊ အဲဒါနဲ့ တရားတော်တွေကို ဘယ်လိုဟာကမှန်တယ်၊ဘယ်ဟာကမှားတယ်၊ ဘယ်လိုတရားမျိုးက မှန်တယ်နဲ့ သင်ပေးလိုက်တာ၊ သင်ပေးတဲ့ ဓမ္မာသောကမင်းကြီး အတော်ကလေး အဝါးဝလာတော့မှ "ကိုင်း.... သာသနာသန့်ရှင်းရမယ်"လို့ ဆိုတော့ အထူးသန့်ရှင်းနေရတာ မဟုတ်ဘူး။

**တိတ္ထိတွေစစ်ဆေး။** ။"ကိုယ်တော်တို့ အယူတူတဲ့ ကိုယ်တော်တွေ တစု တစုနေကြပါ၊အဲဒီတော့ နတ္ထိက အယူရှိတဲ့ပုဂ္ဂိုလ်တွေက နတ္ထိက အယူအတိုင်းတစု၊ အဟေတုက အယူရှိတဲ့ပုဂ္ဂိုလ်တွေက အဟေတုက၊ အကိရိယ အယူရှိတဲ့ပုဂ္ဂိုလ်တွေက အကိရိယ၊ မိစ္ဆာအယူရှိတဲ့ပုဂ္ဂိုလ်တွေကို သူ့အပိုင်းနဲ့ သူ့အပိုင်းနဲ့၊ ဗုဒ္ဓတရားတော်အယူရှိတဲ့ ပုဂ္ဂိုလ်တွေက တပိုင်းဖြစ်တယ်၊ အဲဒီတင်မှ တပါးချင်းခေါ်မေးတယ်၊ "ကိုယ်တော်ဘာအယူတုန်း" သူကသူသိတာပြောတာပဲ၊သူသိတာ သူပြောတော့ ဒါက ဘုန်းကြီးမဟုတ်ဘူး၊တိတ္ထိတွေကပြောင်းလာတာ၊ ဒါက ဘုန်းကြီးမဟုတ်ဘူး၊ ဘုန်းကြီးမဟုတ်ဘူးနဲ့ အကုန်လုံးစစ်ထုတ်လိုက်တော့ တိတ္ထိတွေအကုန်လုံးရလာတယ်၊ ခြောက်သောင်းလောက်ရလာတယ်၊ အဲဒါတွေအကုန်လုံး လူဝတ်လဲပစ်တာပဲ၊

လူဝတ်လဲပြီးတော့မှ သာသနာတော် သန့်ရှင်းပြီ ဆိုတော့မှ သံဃာတွေဥပုသ်ပြုကြတယ်၊ ဘယ့်လောက်ကောင်းတုန်း၊ အဲတင် ဥပုသ်ပြုပြီးတော့ တရားတော်တွေလဲ သံဂါယနာ တင်မှာပေါ့၊ သံဂါယနာ တင်ပြီးတော့ တရားတော်တွေလဲ သန့်ရှင်းပြီဆို တော့ပေးတယ်။

**ကျောင်းတိုက်တွေ။** ။နောက် တော့ ဓမ္မာသောက မင်းက ကျောင်းတိုက်ပေါင်း ရှစ်သောင်းလေး ထောင်မြတ်စွာဘုရားရဲ့ ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင်ရှိတယ် ဆိုလို့ ကျောင်းတိုက်ပေါင်း ရှစ်သောင်းလေးထောင် တည်ပြီး တော့ ဒီကျောင်းရေစက်ချတဲ့နေ့မှာ အတော်ပျော်နေတာကိုး၊ ကျောင်းတိုက်တွေ ကျောင်းတိုက်တိုင်းမှာ စေတီတော်တွေနဲ့အင် မတန်သာယာတယ်၊ အဲဒါတွေကို ရဟန်းတော်များကဓမ္မာသော ကမင်းကြီး မြင်ပါစေတော့လို့ လောကဝိဝရဏတန်ခိုးနဲ့ ဖွင့်ပြ လိုက်တာ အကုန်လုံးမြင်တယ်၊ သူဝမ်းသာလို့၊ ဒီဇမ္ဗူဒိပ်ကျွန်း မှာ သူ့ကျောင်းတွေပြည့်နေတာ။

**ကုဋေတရာ။** ။ဒီတင်မြတ်စွာဘုရားလက်ထက်တော်မှစ၍ "သာ သနာမှာ သူ့လောက်သာသနာတော်ကို စောင့် ရှောက်ထောက်ပံ့တဲ့သူ ရှိခဲ့ပါရဲ့လား" လို့မေးတော့ ပစ္စည်းလေး ပါးဖက်ကတော့ အသင်လောက် ထောက်ပံ့ခဲ့တဲ့သူ မရှိပါဘူး၊ ဓမ္မာသောကမင်းကြီးလောက် အကုန်မခံပါဘူး၊ ဝိသာခါတို့ အနာထပိဏ်တို့ကုန်တယ်ဆိုတာလဲ ဘယ်လောက်သာသိန်းပေါင်း ဘယ်လောက်သာ ကုန်တယ်၊ ဒီလိုရှိပါတယ်၊ အခု ဓမ္မာသောက

မင်းကြီးကုန်တာက ကုဋေဘရာပြည့်ဖို့ရန် လေးကုဋေသာလိုတော့ တယ်လို့ဆိုတယ်၊ အဲသလောက် အကုန်အကျခံပြီး ထောက်ပံ့တဲ့ ပုဂ္ဂိုလ်က "တပည့်တော် ဒီလိုဆိုယင်သာသနာတော်နဲ့ ဆွေမျိုးစပ် ပါပြီလား" လို့ သူက သာသနာတော်နဲ့ သိပ်ပြီးတော့ ရင်းနှီး ချင်တာ။

**သာသနာ့ဆွေမျိုး။** ။ဒီတော့ အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်က အနီးမှာထိုင်နေတဲ့ မဟိန္ဒမင်းသား ကိုမြင်တယ်၊ မဟိန္ဒမင်းက အိမ်ရှေ့မင်းသားက ရဟန်းပြုသွား တော့ သူ့အိမ်ရှေ့မင်းလုပ်ရမှာ၊ အဲဒါကိုမြင်တယ်၊ သာသနာ တော်ရောက်လာလို့ရှိယင် သာသနာတော်ရဲ့ တာဝန်ကို အများ ကြီးဆောင်မယ့် ပုဂ္ဂိုလ်လို့ဆိုတာ သိတော်မူတယ်၊ ဒါကြောင့် "ဒကာတော်...ပစ္စည်း ၄-ပါးဖက်က ပစ္စယဒါယကာ အဖြစ်နဲ့ သာဆိုနိုင်တယ်၊သာသနာနဲ့ ဆွေမျိုးစပ်ဖို့ဆိုတာကတော့ မိမိသွေး သားဖြစ်တဲ့ သားသမီးများ သာသနာအတွင်း ရောက်မှ မိမိက သားသမီးများ အကြောင်းပြုပြီးတော့ ဆွေမျိုးစပ်မယ်" လို့ အမိန့်တော်ရှိတော့—

မဟိန္ဒမင်းသားကို ကြည့်ပြီးတော့ "သားတော်ရဟန်း မပြုနိုင် ဘူးလား" လို့မေးတယ်၊သူကသာသနာတော်နဲ့ သိပ်ဆွေမျိုး စပ် ချင်နေတာကိုး၊ အိမ်ရှေ့မင်း စည်းစိမ်ထက်ကို ပိုပြီးတော့ မွန် မြတ်တယ်လို့ ယူဆထားတယ်၊ ဒါနဲ့ မဟိန္ဒကလဲ တကာထဲပြာ ဖုံးနေတဲ့ မီးခဲလေးလိုရဲနေတာ၊ "ဟာ....ရဟန်း ပြုနိုင်ပါတယ်" လို့ပြောပြီး ရဟန်းပြုတယ်၊ သံဃမိတ္တာဆိုတဲ့ သမီးတော်ကလဲ

ဘိက္ခုနီပြုတယ်၊ အဲဒီတင် သူ သာသနာတော်နဲ့ ဆွေမျိုးစပ်လို့ အင်မတန်ကြီးဝမ်းမြောက်သွားတယ်။

**သာသနာပြုလွှတ်။** ။နောက်တော့ အရှင် မဟိန္ဒ မထေရ်ပဲ ရဟန္တာကြီးဖြစ်လို့ ပိဋကတ်တော်တွေ ကျွမ်းကျင်လို့၊ တော်တော်လေး ကြာတော့ သီဟိုဠ်ကျွန်းကို သာသနာပြုလွှတ်တာပဲ၊ ကိုးတိုင်းကိုးဌာန သာသနာပြုလွှတ်တဲ့ အထဲက ကြာရှည်ခံမှာက သီဟိုဠ်ကျွန်းပဲ၊ ဒို့ပြင် ဟာတွေက ကြာရှည်မခံဘူး၊ အဲဒါ သီဟိုဠ်ကျွန်းကိုသာ သာသနာပြု အရှင် မဟိန္ဒကိုလွှတ်တာပဲ၊ အဲဒီကဆက်ပြီးတော့ နောက်မြန်မာနိုင်ငံတို့ ဘာတို့ပါ သာသနာတော် ပြန့်နေဟန်တူတယ်၊ သို့သော်လဲ သထုံ တို့ဘာတို့ကို "သုဝဏ္ဏဘူမိဂန္ဓာန" ဥစ္စာလဲပဲ အဲဒီတုန်းကလွှတ်တဲ့ အထဲမှာဖြစ်ပါတယ်၊ သထုံတို့ဘာတို့မှာ မြန်မာနိုင်ငံနဲ့ နီးစပ်တဲ့ အဆက်နေရာမှာ ရောက်နေဟန်တူတယ်၊ ဒါ့ကြောင့် မို့လို့ ဘုန်းကြီးတို့ ပုဂံကို သထုံကသာသနာတော် ဆက်လာတယ်ဆို တော့ကာ ဟိုကဆက်တာလဲအများကြီး ပါလိမ့်မယ်၊ သာသနာ ပြုလွှတ်တဲ့ကိုးဌာနထဲက အဆက်တွေလဲ အများကြီး ပါလိမ့် မယ်။

**သလုံးဆရာတော်။** ။ဒါကြောင့် ဘုန်းကြီးတို့ သာသနာဟာ ဘယ်လိုဆိုတာကို နဲနဲကလေး မှန်းလို့ရ တယ်၊ အဲဒီတော့သာသနာတော်ကြီးကို ဒီလို ဆောင်လာခဲ့ကြ တယ်၊ ဒီလိုဆောင်လာလို့ ဘုန်းကြီးတို့ ဒီဗမာ ရှင်ဘုရင်များ သက်ထက်ထိ အမျိုးမျိုးဆောင်လာခဲ့ကြတယ်၊ စာပေနဲ့ပို့ချပြီး

တော့လာခဲ့ကြတယ်၊ တရားကျင့်ပြီးတော့လာခဲ့ကြတယ်၊ တရားလဲကျင့်တယ်၊ စာပေလဲပို့ချတယ်ဆိုပါတော့၊ သလုံးဆရာတော်ဘုရားကြီးဆိုတဲ့ဥစ္စာ နောက်တော့ ရဟန္တာကြီး ဖြစ်တယ်လို့ ကျော်ကြားတယ်၊ စာပေလဲပို့ချတယ်၊ တရားလဲအမြဲအားထုတ်တယ်၊(သီလုံးဆရာတော်ဟု စာဖြင့်ရေးကြသည်)။

ရွှေကျင် ဆရာတော်တို့ ဗန်းမော်ဆရာတော်တို့ သင်္ဂဇာဆရာတော်တို့ အဲဒီသလုံးဆရာတော်ကြီးဆီမှာ စာသင်ခဲ့ကြဘူးတယ်၊ အတူတူလဲနေခဲ့ကြဘူးတယ်၊ ဝိနည်းသိက္ခာပုဒ်ကိုလည်း အင်မတန်လေးစားတော်မူကြတယ်၊ ရောက်လာတဲ့သံဃာတော်တွေကို ချက်ချင်းကျောင်းတိုက်အတွင်း မသွင်းသေးဘူး၊ ကျောင်းတိုက်ပြင်ဖက်ဇရပ်မှာ အာဂန္တု အဖြစ်နဲ့ ထားသေးတယ်၊ အာဂန္တုအဖြစ်နဲ့ထားတော့ နဲနဲကလေး အနေအထိုင်လေးဘာလေး တော်တယ်ဆိုတဲ့ ပုဂ္ဂိုလ်မှကျောင်းတိုက်ထဲသွင်းပြီးတော့ လက်ခံတယ်။

**ကွမ်းအစ်ကြီး။** ။ဒီအထဲ ဗန်းမော်ဆရာတော်က တော်တော်နဲ့ အတွင်းမရောက်သေးဘူး၊သူနဲ့အတူတူလာတဲ့ ခုနက သင်္ဂဇာဆရာတော်တို့က အတွင်းရောက်လာတယ်၊ "ကိုယ်တော်တို့ကတော့ အတွင်းရောက်သွားတယ် ကိုယ်တော်၊ တပည့်တော်တော့ ခုထက်ထိ အပြင်နေရသေးတယ်၊ တပည့်တော် ဘာပြုလို့ အတွင်းမရောက်သေး-တာတုန်း"၊ 'ကိုယ်တော် ကွမ်းအစ်ကြီးက ရှိနေတယ်၊ ကိုယ်တော့် ကွမ်းအစ်ကြီး'ဟုဆရာတော်ကြီးကတော့ ဘာမှမပြောဘူး၊ "အံမယ် ဒါလား‌တဲ့၊ ဒီလိုဆိုယင်တော့" ဆိုပြီးတော့-ကွမ်းအစ်ကြီး လယ်ခင်းထဲယူသွားပြီး

တော့ ခဲကြီးနဲ့ထုချလိုက်တာ "သွားရောဟဲ့"လို့ ဆိုပြီးတော့၊ ပစ်လိုက်တယ်တဲ့။

**မင်းတုန်းမင်းလက်ထက်။** ။အဲဒီနောက်တော့ ဗန်းမော်ဆရာတော်လဲ အတွင်းရောက်သွားရော၊ ဒါကြောင့် ဒီလို ဆရာတော်ကြီးတွေ သာသနာကို ဆက်လာခဲ့တာ၊ မင်းတုန်းမင်းကြီး လက်ထက်ကျတော့လဲ ဒီဆရာတော်ကြီးတွေ၊ သင်္ဂဇာဆရာတော်တို့ ဗန်းမော်ဆရာတော်တို့ ရွှေကျင်ဆရာတော်တို့—နောက် ဘုရားကြီးတိုက်က ဆရာတော်တို့၊ ဒီလို ထိပ်တန်းဆရာတော်ကြီးတွေ သာသနာကို ဆောင်ပြီးတော့ စာလဲချတယ်၊ တရားလဲကျင့်တယ်၊ စာလဲချတယ်၊ တရားလဲကျင့်တယ်၊ အဲဒီလိုလာခဲ့ကြတာ၊ ဒါကြောင့် သာသနာတော်ကြီးကို ဒိပြင် ပုဂ္ဂိုလ်တွေ မဆောင်နိုင်ဘူး၊ စာချဘုန်းကြီးတွေ သာသနာတော်ကို အဆက်မပြတ်အောင် ဆောင်နိုင်တယ်၊ စာသင်သားထဲက စာချဘုန်းကြီးဖြစ်မယ့် ပုဂ္ဂိုလ်တွေသာ အဆက်မပြတ်အောင် ဆောင်နိုင်ဖို့ရန်ဟာ ကိုယ်တိုင်ကိုယ်တိုင် ကြိုးစားကြပါ။

**သံဃာရှိခိုး။** ။သံဃာတော်ကို ရှိခိုးတဲ့ထဲမှာ — "သာသနံ-ကမ္ဘာ့ကမ္ဘာ ငွန်လေပါလည်း တခါတဖန် ကြုံရန်ခဲကပ် အမြတ်ရတနာ ဤသာသနာတော်မြတ်ကြီးကို၊ သာသနာက ကွယ်သွားပြီးတယ်ဆိုလို့ရှိယင် နောက်ထပ်အဆက် ရမှာမဟုတ်ဘူး၊ အရိမေတ္တေယျ မြတ်စွာဘုရား ပွင့်ဘာ်မူလာမှ ပေါ်မှာ၊ အရိမေတ္တေယျ မြတ်စွာဘုရား ပွင့်လာပြီးတဲ့နောက်

သာသနာတော်ကြီး ကွယ်သွားပြီဆိုလို့ရှိယင် နောက်ထပ်ကမ္ဘာပေါင်းများစွာ သုညကမ္ဘာကြီး ဖြစ်နေအုံးမှာ၊ ဘာမှ ဘုရားပွင့်မှာမဟုတ်ဘူး၊ ဒါကြောင့် "သာသနံ-ကမ္ဘာ့ကမ္ဘာလွန်လေပါလည်း တခါတဖန် ကြုံရန်ခဲကပ် အမြတ်ရတနာ ဤသာသနာတော်မြတ်ကြီးကို၊ စိရဓာတရံ-ဘုရားလက်ထက် အဆက်ဆက်မှ မပျက်ရအောင်-ပို့ချသင်ယူ ဆောင်ရွက်တော်မူလာပေထသော၊ "ဘုရားလက်ထက်ကစပြီးတော့ အရှင်ကဿပတို့ အရှင်အာနန္ဒာတို့ အရှင်ဥပါလိတို့ ကိုယ်တိုင်လဲ ပို့ချခဲ့ကြတယ်၊ နောက်ထပ်ပုဂ္ဂိုလ်တွေကလဲ-သင်ယူပြီးတော့ ပို့ချခဲ့ကြတယ်၊ ဒါကြောင့် စိရဓာတရံ-ဘုရားလက်ထက် အဆက်ဆက်မှ မပျက်ရအောင် ပို့ချသင်ယူ ဆောင်ရွက်တော်မူလာပေထသော၊ ဂဏံ-အတွင်းစိတ်ဓာတ်၊ မြင့်မြတ်ကြည်လင် သူတော်စင်ကောင်း အရိယာသံဃာအပေါင်းကို၊" လို့ ဒီသာသနာကို ဆောင်လာခဲ့တဲ့ ရဟန္တာကြီးတွေ အရိယာပုဂ္ဂိုလ်ကြီးတွေ အဲဒါကိုရှိခိုးရတယ်၊ ဒီသံဃာရှိခိုးဂါထာနဲ့ ရှိခိုးရတယ်။

**ပေါ့ပေါ့မနေနဲ့။** ။ဒါကြောင့်ဘုန်းကြီးတို့ ဦးပဥ္စင်းတို့ ကိုရင်တို့ ပေါ့ပေါ့ဆဆမနေကြနဲ့။ သာသနာတော်မှာ သီလစင်စင်ကြယ်ကြယ်နဲ့နေ၊ ယခုသတ္တိရှိတဲ့ပုဂ္ဂိုလ်ကလေးတွေ ရှိနေပြီ၊ ပေါ့ပေါ့ကလေးနဲ့ မနေကြနဲ့။ သာသနာမှာ စင်စင်ကြယ်ကြယ်နေရအောင် ဝိနည်းကိုလေးစားကြပါ၊ သာသနာကို စင်ကြယ်အောင် ကြိုးစားကြပါ၊ မိမိကိုယ်တိုင်က ဆောင်သွားလို့ရှိယင် ဘယ်လောက်ကြီး နောက်ထပ်ကြာကြာကြီး ခံမယ်ဆိုတာ မပြောနိုင်ဘူး၊ အတော်ကြာကြာ ခံနိုင်ပါတယ်၊

ဒါ့ကြောင့် သာသနာတော်ကို ကိုယ်တိုင်ကိုယ်ကျသင်ယူပို့ချပြီး တော့ ကောင်းကောင်းနေထိုင်လျက် ဆောင်ရွက်နိုင်ကြစေကုန် သတည်း။

သာဓု....သာဓု....သာဓု....။

## သံဃာ့ဂုဏ်ရည်

ဧဝံ နဝဟိ ဂုဏေဟိ၊ လောကမှိ ဝိဿုတံ ဂဏံ၊
သာသနံ စိရဓာတရံ၊ ဝန္ဒာမိ တိဟိ သာဒရံ။

ဧဝံ နဝဟိ ဂုဏေဟိ-ဤသုပ္ပဋိပန္နတာ အစလာသည့် ကိုးဖြာ သော ဂုဏ်တော်အပေါင်းတို့ဖြင့်၊ လောကမှိ-ဘဝဂ်ဆုံးအောင် ဘုံသုံးဆောင်၌၊ ဝိဿုတံ-တိတ္တိတို့ဘောင် လွန်မြားမြောင်သည့် ဟုန်ဆောင်သံဃာ အဖြာဖြာထက် အရာရာဖြင့် ဂုဏ်ရည်တင့်၍ ကြီးမြင့်ထင်ရှားပေထသော၊ သာသနံ-ကမ္ဘာ့ကမ္ဘာလွန်လေပါ လည်း တခါတဖန် ကြုံရန်ခဲကပ် အမြတ်ရတနာ ဤသာသနာ တော်မြတ်ကြီးကို၊ စိရဓာတရံ-ဘုရားလက်ထက် အဆက်ဆက်မှ မပျက်ရအောင် ပို့ချသင်ယူ ဆောင်ရွက်တော်မူလာပေထသော၊ ဂဏံ-အတွင်းစိတ်ဓာတ် မြင့်မြတ်ကြည်လင် သူတော်စင်ကောင်း အရိယာသံဃာတော်အပေါင်းကို၊ တိဟိ-လက်အုပ်အဉ္စလိ နှုတ်သံ ချီ၍ ရှင်ကြည်မနော သုံးပါးသောဒွါရတို့ဖြင့်၊ သာဒရံ-လေးမြတ် ကြည်ညို ရိုသေခြင်းရှိသည်ဖြစ်၍၊ ဝန္ဒာမိ - ဂုဏ်တော်ထုံမွမ်း ပုံတော်မှန်းလျက် ချီးမွမ်းထောမနာ-ပဏာညွတ်ကျိုး လက်စုံမိုး ၍ ရှိခိုးကန်တော့ပါ၏ ဘုရား....။

သံဃာ့ဂုဏ်ရည်တရားတော် ပြီးပြီ။

# ကျေးဇူးတော်ရှင် ဘုရားရှင်

ဘုရားရှင်တော် မပွင့်ပေါ်လျှင် လူတော်အများ စိတ်ကောင်းထားလည်း ဤကား ကုသိုလ် အကုသိုလ်နှင့် ထိုထို ဘုံဘဝ မသိရ၊ များလှအပြစ်တွေ။

ဘုရားရှင်တော် ပွင့်ထွန်းပေါ်၍ ဟောဖော် ညွှန်ကြား မြတ်တရားကြောင့် ဤကားကုသိုလ် အကုသိုလ်နှင့် ထိုထို ဘုံဘဝ, သိကြရ၊ များလှကျေးဇူးပေ။

ကျေးဇူးတော်ရှင် ဘုရားရှင်ကို ဦးတင်မပြတ် ကျေးဇူးဆပ်ဖို့ အမြတ်ရတနာ သာသနာ၏ နိုင်ရာဝန်ထမ်း ကိုယ်စီစွမ်း ကြိုးပမ်းကြပါလေ။

# တရားအားထုတ်ကြ

## တရားအားထုတ်နည်း

**ဘုရားသာသနာ တည်ဖို့ရာ**

သာသနာမှာ ကလေးတွေ ကြောက်တဲ့ အမြောက်ဆန်ကြီးလို မဖြစ်ပါစေနဲ့၊ လူကြီးကြောက်တဲ့ အဆန်ပါတဲ့ အမြောက်ဆန် ဖြစ်ပါစေ၊ ကိုယ်တော်တို့ မေတ္တာပို့ရတာ ဘုရားအာရုံပြုရတာဟာ ဘာမှမခက်ပါဘူး၊ ကောင်းတာတွေကို သိလျက်နဲ့ မလုပ်ချင်ကြဘူး၊ မေတ္တာဆိုတာမျိုးက ကောင်းတဲ့ ဆေးကိုတာရှည်စွာ စားသုံးသွားတဲ့အခါ၊ ရောဂါပျောက်သလိုပဲ မေတ္တာပို့ရတာ ဘုရားအာရုံပြု နေရတာလဲ ကိလေသာတည်း ဟူသော ရောဂါတွေ ပျောက်ပြီး ကိုယ်စိတ်ချမ်းသာမှု အများကြီးရပါတယ်။

လောကမှာ သူများတာဝန် ထမ်းဆောင်ရတဲ့ အထဲမှာ ဘုရားသာသနာ ထမ်းဆောင်ရတာက အကောင်းဆုံးပါ။

ဘုရားသာသနာ တည်တံ့ဖို့ရာဆိုတာ ဘုန်းကြီးတွေရဲ့ သိက္ခာရှိမှုအပေါ်မူတည်နေပါတယ်။

သာသနာ ပြုတယ်ဆိုတာ တပါးထဲခွဲပြုလို့ မဖြစ်ပါဘူး၊ ဘာ့ကြောင့်လဲဆိုတော့ ချဉ်ဖတ်အိုးထဲ ရောက်တော့ ချဉ်ဖတ်ဖြစ်သလို အများနဲ့ကျတော့ အများသဘောအတိုင်း ဖြစ်သွားတာပဲ၊ သာသနာပြုတယ်ဆိုတာ သဘောတူချင်းပြုမှဖြစ်တာ။

ဘုန်းကြီးတွေ ပုံ့ပျော်မှုတွဲ့အခါ ဘဝနတ်ထံပုံ့ပျော်မှုသတွဲ့၊ ပုံ့ပျော်မှုတာသာသိကြတာ၊ဘဝရဲလျှိုးတာတော့ မသိကြဘူး၊ ယခုဘဝဆိုတဲ့ မျိုးစေ့ကောင်းလေးတွေကို သိမ်းထားပြီး ရသမျှ စိုက်ပျိုးကြပါ၊ ရသမျှကလေးကို မြုပ်မစားကြပါနဲ့။

**ပရိသတ်ထိန်းတယ်ဆိုတာ** ပရိသတ် ထိန်းတယ်ဆိုတာ (၁) အဂတိ မလိုက်စားရဘူး၊ (၂) ကိုယ့်ရှိတဲ့ ပစ္စည်း မနှမြောရဘူး၊ (၃)အနေအထိုင် ကောင်း ရတယ်၊ (၄)မေတ္တာကရုဏာ ရှေးရှုရမယ်၊ (၅) စာပေဖက်ကလဲ ပြည့်စုံရမယ်၊ ပါရမီဖြည့်ယင်းနဲ့ ဘုရားသာသနာကို ထမ်းဆောင် ရမယ်၊ ခုဘဝကိုမဆိုလိုဘူး၊ နောက်ဘဝဆို ကောင်းကောင်း အကျိုးရမယ်။

အကုသိုလ်အမှုဆိုတာ မဖြစ်ခင်က ရှောင်ရပါတယ်၊လူတွေက ကြီးမှ တရားနဲ့ နေရမယ်တဲ့၊ မှားနေကြတယ်၊ ငယ်ငယ်ကမှ သူတော်မကောင်းယင် ကြီးတော့ ပိုမကောင်း တတ်တာပေါ့၊ ကိုယ်ကျိုးကိုနောက်မှလုပ်ပါ၊ သူကျိုးကိုအယင် ဆောင်ရွက်ပါ၊ ပရိသတ်မကြီးပွားတာက အဂတိလိုက်စားလို့ မကြီးပွားကြတာ၊ ဆရာသမား ဖြစ်ပေမယ့်၊ အဂတိလိုက်စားယင် ဘယ်တော့မှ မကြီးပွားဘူး၊ ဆရာသမားဆိုတာ တပည့်တယောက်ထဲ ကွက်ပြီး ပြုစုနေလို့ရှိယင် မကြီးပွားပါဘူး၊ ကမ္ဘာကျေသော်လဲ ဥဒါန်း မကျေဆိုတာလို သေသာသေရော မကြီးပွားပါဘူး။

**သာသနာမှာသဒ္ဓါမျိုးစေ့အရေးကြီး** သဒ္ဓါတရားဆိုတာလက်နဲ့တူတယ်၊ ဥစ္စာနဲ့လဲတူတယ်၊ မျိုးစေ့နဲ့လဲတူတယ်၊ မြတ်စွာဘုရားသာသနာတည်း ဟူသော လယ်ယာမြေ ကောင်းထဲမှာမျိုးစေ့ကောင်းတွေ ချထားကြပါ၊ သာသနာမှာ သဒ္ဓါမျိုးစေ့အရေးကြီးပါတယ်၊ သဒ္ဓါမျိုးစေ့ ညှံ့နေယင်အလကားပါပဲ၊ ကိုယ်တော်တို့ကို ဘုန်းကြီးက အထက်ရောက်အောင် ဆွဲတင်နေတာပါ၊ ဒါကိုအချို့က ကန့်လန့်ကန့်လန့်လုပ်နေကြတယ်၊ ဥပမာ- ဘာနဲ့ တူသလဲဆိုတော့ နွားရှင်က သူ့နွားတွေကို မြက်ကောင်းစားရအောင် ရေကောင်းသောက်ရအောင်ဆိုပြီး ဆွဲခေါ်တယ်၊ နွားက နွားသတ်ရုံ ဆွဲခေါ်တယ်ထင်ပြီး ကန့်လန့်ကန့်လန့် လုပ်နေတယ်၊ မလိုက်ချင်ဘူး၊ ခုလဲ ဘုန်းကြီးက ကိုယ်တော်တို့ကို မဂ်ဖိုလ်နိဗ္ဗာန် ဆိုက်အောင် ခေါ်နေပါတယ်၊ ကိုယ်တော်တို့ကရဲဆွဲခေါ်တယ် ထင်ပြီး ကန့်လန့်ကန့်လန့်လုပ်နေကြတယ်၊ လမ်းဖြောင့်ဖက်ကို မလိုက်ချင်ကြဘူး။

လူတယောက်မှာ ရာဂစတဲ့ တရားတွေထဲမှာ မောဟပြစ်ဟာ အကြီးဆုံးပါပဲ မောဟဆိုတဲ့ တရားဖုံးလွှမ်းပြီး အသိဉာဏ်တွေ ကင်းမဲ့နေကြလို့လဲ မကြီးပွားကြတာပဲ၊ လူတယောက် ကြီးပွားတယ်ဆိုတာကလဲ—

(၁) အရာရာမှာ စဉ်းစားဉာဏ်ရှိရမယ်။

(၂) ရှေးဘုန်း ရှေးကံရှိရမယ်။

(၃) ရဲရင့်တဲ့ သတ္တိရှိရမယ်၊ ဒီသုံးချက်နဲ့ ပြည့်စုံယင်ကြီးပွားတာပဲ၊ ကိုယ်တော်တို့ မသေထမင်း မသေဟင်းစားပြီး နေရန်

ကြိုးစားကြပါ၊ သုံးလူ့ထွတ်ထားမြတ်ဘုရားတို့ဟာ လူ့လောက နတ်လောကမှာ ကြီးကျယ်ပါတယ်ဆိုတဲ့ စည်းစိမ် ဥစ္စာရတနာတွေ မိဖုရားရတနာ စသည်တွေကို စွန့်လွှတ်ပြီး မနှစ်သက်ပဲရှိကြပါတယ်၊ ခုလောကကြီးကို နှစ်သက်နေကြသူတွေက ဘာမှ မကြီးကျယ်သေးပါဘူး၊ ဒီလိုနဲ့ပဲ တပေပေ သေသွားယင်တော့ အခက်ပဲ။

"တပေပေ သေလို့သွားလျှင်လှ
တဖွားဖွား အောက်မှာ
ယမနယ်ဘုံတန္တန်း
အကုန်လုံး ရောက်ရမည်သာ"

ဆိုတာလို ဘာမဟုတ်တဲ့ စည်းစိမ်လေးတွေ စွဲသေယင် ယမ ဘုံကတော့ သေချာပြီးသားပါ။

တရားအားထုတ်သူဆိုတာ—

(၁) ဆိတ်ငြိမ်ရာအရပ်မှာ ကပ်ရောက်နေရတယ်။
(၂) တင်ပလ္လင်ခွေထိုင်နေရတယ်။
(၃) ကိုယ်ကိုဖြောင့်စွာထားရမယ်။
(၄) မိမိနှစ်သက်ရာ တရားကို နှလုံးသွင်းရမယ်၊

ရှေးဦးစွာ ဘုရားဂုဏ်တော် ပွားများခြင်း၊ မေတ္တာပို့ခြင်းစတဲ့ ပုဗ္ဗကိစ္စတွေကိုပြုရတယ်၊ နောက်မှ အာနာပါန ကမ္မဋ္ဌာန်းကို နှာသီးဖျားကပ်ပြီး မှတ်နေရတယ်။

ဗုဒ္ဓါနုဿတိဘာဝနာကို ပွားများအားထုတ်တဲ့ ပုဂ္ဂိုလ်ဟာ ရှေးဦးစွာ ဘာတွေကို အားထုတ်ရမလဲဆိုတော့—

မိမိသီလကို စင်ကြယ်စွာ ထိန်းရမယ်၊

ဆိတ်ငြိမ်ရာ အရပ်ရောက်နေရမယ်၊

မြတ်စွာဘုရားရဲ့ သပ္ပာယ်တော်မူပုံ ဘဂဝါဂုဏ်တော်တွင် ပါဝင်သော သိရီဘုန်းတော်ကို အာရုံပြုရမယ်။

စိတ်တော် အစဉ်ကြည်လင်ပုံ အရဟံဂုဏ်တော်ကို အာရုံပြုရမယ်။

သဗ္ဗညုတဉာဏ်တော်၏ကြီးကျယ်ပုံ သမ္မာသမ္ဗုဒ္ဓဂုဏ်တော်ကို အာရုံပြုရမယ်။

ဝိဇ္ဇာသုံးပါး စရဏတဆယ့်ငါးပါးနဲ့ ပြည့်စုံသောဝိဇ္ဇာစရဏ သမ္ပန္နဂုဏ်တော်ကို အာရုံပြုရမယ်။

ဒီပင်္ကရာ မြတ်စွာဘုရားလက်ထက်တော်မှစ၍ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်းကာလပတ်လုံး ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူခဲ့ပုံ သုဂတဂုဏ်တော်ကို အာရုံပြုရမယ်။

ဒီလို အစဉ်အတိုင်း အာရုံပြုပြီး သမ္မာသမ္ဗုဒ္ဓဂုဏ်တော်ကို ဖြစ်စေ အရဟံဂုဏ်တော်ကိုဖြစ်စေ မိမိစိတ်၌ထင်လာသော အာရုံ တပါးပါးကို အာရုံပြုပွားများရမယ်၊ သက်တော် ထင်ရှား မြတ်စွာဘုရားကိုမှန်းပြီး အမြဲအာရုံပြုနေရမယ်။

တိဋ္ဌန္တေ နိဗ္ဗုတေ စာပိ၊
သမေ စိတ္တေ သမံဖလံ။
စေတောပဏိဓိ ဟေတုံ ဟိ၊
သတ္တာ ဂစ္ဆန္တိ သုဂ္ဂတိံ။

တိဋ္ဌန္တေစာပိ-သက်တော်ထင်ထင် တည်ရှိစဉ်ဝယ် ဖူးမြင်ရငြား မြတ်စွာဘုရား၌လည်းကောင်း၊ နိဗ္ဗုတေစာပိ-ရွှေပြည်နိဗ္ဗု စံတော်မူသည့် သုံးလူထွတ်ထား မြတ်ဘုရား၌လည်းကောင်း၊ စိတ္တေ-ဘုရားအာရုံ ကောင်းစွာထုံ၍ တထုံလဲလဲ မှိုဝဲစွဲသုံး စိတ်နှလုံးသည်၊ သမေ-သဒ္ဓါပညာ အရာရာဝယ် မကွာတန်းတူ ညီမျှပါမူကား၊ သမံဖလံ-အကျိုးပေးဟန် အတန်တန်လည်း ကေန်ညီမျှ တန်းတူရလေတော့၏၊ ဟိ-ထိုစကားလျှင် မမှားကေန် ယုတ္တိတန်လှပါပေ၏၊ သတ္တာ-ယုတ်မြတ်မဟူ သူငါကစ သတ္တဝါဟူသမျှတို့သည်၊ စေတောပဏိဓိ ဟေတုံ-စိတ်ရင်းစိတ်ထား ကြီးမားသန့်ရှင်း အကြောင်းရင်းကြောင့်၊ သုဂတိံ-လူ့ရွာနတ်ထံ နိဗ္ဗာန်အထိ ချမ်းသာရှိကြောင်း အကောင်းဆုံးဂတိသို့၊ ဂစ္ဆန္တိ-ပါရမီစွမ်းသလောက် စခန်းထောက်၍ လှမ်းရောက်တော် မူနိုင်ကြလေကုန်သတည်း။

**စိတ်ကောင်းဖို့ဆိုတာ။** ။ကိုယ့်ကိုယ်ကို တန်ဖိုးရှိအောင် ထားကြပါ၊ ပြင်တာနဲ့မပြင်တာ နောက်ဘဝအထိအောင်ကွာတတ်တယ်၊ ရဟန်းဝတ်မှတော့ ဘာဝနာလက်လွှတ်နေယင် မကောင်းပါဘူး၊ နာမည်ကြီးနေပေမယ့် နာမည်ကြီးကို ဘယ်သူကမှ လာမကြည့်ပါဘူး၊ စိတ်ကောင်းဖို့

ဆိုတာ ဘုရားအာရုံ၊ မေတ္တာလက်ကိုင်ရှိမှပါ၊ ထိုင်တာက ခါးကြီးတွေကို ကုန်းမထားပါနဲ့၊ မားမားမတ်မတ်နဲ့ ဆင်းတုတော်ရုပ်ကို ကြည်ညိုအတုယူပြီးထိုင်တတ်ရမယ်။

**ပြုံးစိစိမလုပ်ပါနဲ့။** ။နေရာတိုင်းမှာ သမာဓိရှိပါစေ၊ သမာဓိရှိတော့နေရာတိုင်းမှာ ကြည့်ကောင်းတယ်၊ ရဟန်းသာမဏေဆိုတာလူနဲ့ မတူရဘူး၊ မဟာဂန္ဓာရုံဆရာတော်ဂူကထွက်လာတော့ လူတွေက မျက်ကြောသေနေတယ်လို့ဆိုကြတယ်၊ ဆရာတော်က မျက်ကြောသေတာမဟုတ်ပါဘူး၊ စက္ခုန္ဒြေချလွန်းလို့ မျက်ခွံတွေ တွဲကျနေတာပါ၊ ကိုယ်တော်တို့လဲဣန္ဒြေရင့်ကျက်ပါစေ၊ ပြုံးစိစိမလုပ်ကြပါနဲ့။

သံဃိကပစ္စည်းဆိုတာ အလွဲသုံးစားမလုပ်ရဘူး၊ ဒကာဒကာမတို့ရဲ့အပေါ် စိတ်ကိုကစေတနာမေတ္တာရှိဖို့ မမေ့မလစ်ကြပါစေနဲ့၊ လူတွေရဲ့ ဝေယျာဝစ္စတွေကို မကူညီကြပါနဲ့၊ လူဆိုတော့ လူ့နည်းနဲ့တော်ရဲ့၊ ရဟန်းဘဝဆိုတာ မကူညီကောင်းဘူး၊ သံဃာကြီးက ဘယ်သူ့မှ ခွင့်မပေးဘူး၊ ကျန်းမာရေးကို ဂရုစိုက်ကြပါ၊ တသာသနာလုံး လူတွေရဲ့အမှုအရာတွေနဲ့ ဘာမှ မတူစေချင်ဘူး၊ နေရာတကာမှာအတွက်ဆိုတာရှိရတယ်၊ မြန်မာတွေက အတွက်မရှိဘူးလို့ပြောနေကြတယ်၊ ကိုယ့်နိုင်ငံ ကိုယ့်နယ်ကိုယ့်ရပ်မှာ ဆရာလုပ်ရမယ်လို့ မှန်းထားကြပါ၊ တွက်ထားကြပါ။

ဆရာသမားတွေက သက်တော်ထင်ရှား မြတ်စွာဘုရားရဲ့ သဗ္ဗညုတဉာဏ်တော် ဗောဓိမဏ္ဍိုင်ကိုမှန်းပြီး အာရုံပြုကြပါ၊ သဗ္ဗညုတဉာဏ်တော်နှင့်တကွ ဘုရားကိုမှန်းကြပါ၊ "သီသေပုထုဝိပုက္ခလေ" ဆိုတာ သဗ္ဗညုတဉာဏ်တော်ရရာဖြစ်တဲ့ အောင်မြေကို ဆိုလိုတယ်။

တကမ္ဘာလုံးက ဒီအချိန်မှာတယ်ပြီး ကုသိုလ်မရကြပါဘူး၊ ဒို့မှာ နံနက်ခင်းတိုင်း ဘုရားစကားတော် ဩဝါဒပေးတော်မူခဲ့တာတွေ ကြားနေရတယ်၊ သာသနာမှာ သူများထက်သာတဲ့ အချက်ကို ရွေးချယ်ထားကြပါ၊စည်းစိမ်တွေကိုမခံစားချင်ကြပါနဲ့၊ဘုရားသခင် ပရိနိဗ္ဗာန်စံသွားပါပြီ၊ ပရိနိဗ္ဗာန် စံတော်မူတယ် ဆိုတာ နောက်ထပ်ဖြစ်ခြင်းမရှိတာကိုဆိုလိုတယ်၊ တဘဝလေးကို ဘာမှ ဝမ်းနည်းမနေပါနဲ့၊ မချုပ်တာက အဝိဇ္ဇာနဲ့တဏှာက မချုပ်တာပါ၊ကိုယ်ကဘုရားဟောတရားတော်တွေကို သိပြီးနေမှ တော့ တကယ့်အထက်တန်းကို ရောက်နေပါပြီ၊အထက်ရောက်နေ့မှတော့ အောက်ကိုခုန်ဆင်းဖို့ရန် စိတ်မကူးကြပါနဲ့၊ ရှေ့တိုးတက်ဖို့ပြင်ထားကြပါ၊ အထက်ရောက်လေ ပျော်လေပဲ။

ဂါထာ ကောင်းလေးတွေ ကျက်ထားကြပါလို့ ဆိုတယ်၊ ကောင်းကောင်းမရတာနဲ့၊ မကျေတာနဲ့၊ တိတ်တိတ်နေတာနဲ့၊ မကြားဖူးတာနဲ့၊ ခုံတန်းပေါ်ကကိုယ်တော်တွေကခုံပေါ်ထိုင်နေပြီး နေရာမကျကြဘူး၊ အထက်လဲနေသေးရဲ့၊ ရလဲမရကြဘူး၊ ကိုယ်တော်တို့ သူတော်ကောင်း လုပ်ကြစမ်းပါ၊ ကံကောင်းတဲ့

ဘဝကို ရောက်လာတာ အားမလျော့ကြပါနဲ့၊ ဒီခန္ဓာကြီးငြီးငွေ့တယ်ဆိုတာက ကလေးဖွားတဲ့ မိန်းမတယောက်ဟာ မွေးယင်းသေယင်း မွေးယင်းသေယင်းနဲ့ ဖြစ်နေတော့ နောက်ထပ်ကလေးမလိုချင်သလို ခန္ဓာကိုယ်ကြီးလဲ တဘဝမက သေနေတာသိမြင်လာယင် နောက်ဘဝကို မလိုချင်တော့ပါဘူး။

မွေမျှဟာစာစောင် ရှင်မဟာသပေတ္တိတ၏ နံနက်ခင်းဩဝါဒများမှ၊

## ဆက်လက်တည်တန့်ပါစေသော်

ကိုယ်တည်းတယောက်၊ ချမ်းသာရောက်ဖို့၊ ခုလောက်ကြိုးကုတ်၊ အားမထုတ်ဘူး၊ ဗုဒ္ဓမြတ်စွာ၊ သာသနာ၏၊ ရှေးခါဘိုးဘ၊ လက်ထက်ကလျှင်၊ ရသည့်တန်ဖိုး၊ ထပ်မည်သိုးဘို့၊ အားကြိုးမာန်တက်၊ ငါဆောင်ရွက်သည်၊ ဆက်လက် တည်တန့်ပါစေသော်။

အမရပူရမြို့

မဟာဂန္ဓာရုံ ဆရာတော်

## အရှင်ဇနကာဘိဝံသ-၏

# တဘဝ သာသနာ

ဆရာတော်သည် နိုင်ငံတော်နှင့် မိမိအမျိုးသားများ အကျိုးစီးပွား ချမ်းသာကို အပြည့်အစုံရရှိစေရန် သာသနာတော်ကို ဘဝတသက်တာလုံး မနားမနေ ဆောင်ရွက်တော်မူခဲ့ပါသည်။

ဆောင်ရွက်မှုတို့သည် တိုင်းပြည်ကို ချစ်မြတ်နိုးသူများနှင့် သာသနာတော်ကို ကြည်ညိုသူများအတွက် အလွန်အားကျနည်းယူဖွယ်သာမက လူတိုင်း လူတိုင်း၏ အသိဉာဏ် အလိမ္မာ လုံ့လဝီရိယတို့ကိုလည်း တိုးတက်စေပါသည်။

ထို့ကြောင့် ဆရာတော်၏ တသက်တာ လှုပ်ရှားလုပ်ကိုင်နေသော အများသိပြီး အချက်အလက်များကိုလည်း ပိုမိုတိကျပြည့်စုံစေ၍ မသိရသေးသော အချက်များကိုလည်း စုမ်းနိုင်ရန် လက်လှမ်းမှီသမျှ ပြည့်စုံအောင် ရှာဖွေထည့်သွင်း ရိုက်နှိပ်ထားသော "တဘဝသာသနာ" စာအုပ်ကို မကြာမီ ထုတ်ဝေနိုင်ပါလိမ့်မည်။

# သာသနာပြု ဩဝါဒ တရားတော်များ


၁။ ကိုယ့်ကိုယ်ချစ်ယင် ကိုယ်ပြုပြင် တရားတော်၊

၂။ မလွဲတဲ့လမ်းလိုက်ကြ တရားတော်၊

၃။ ဗုဒ္ဓအလိုတော်ကျ သိမ် ကျောင်း ရေစက်ချ တရားတော်၊

၄။ စက်လေးပါး တရားတော်၊

၅။ ဆွမ်းအကျိုးငါးပါး တရားတော်၊

၆။ မောဇ္ဈင်ခုနစ်ပါး တရားတော်၊

၇။ ဆွမ်းအနုမောဒနာ တရားတော်၊

၈။ သံဃာ့ဂုဏ်ရည် တရားတော်၊

၉။ တရားအားထုတ်ကြ တရားတော်။



စာကြည့်ခန်း
၁၂၇၁